www.burmeseclassic.com



www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

## အချစ်ကျေးကျွန်
## သိုင်းကျေးကျွန်

ပထမပိုင်း၊

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၈၈၀၉၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၂၃၀၁၀၀၇

၂၀၀၇ - ခုနှစ်

ပထမအကြိမ် - အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၀၀၀/- ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့

ပုံနှိပ်သူ
ဦးသော်လွင်မြင့်၊ စန္ဒကူးပုံနှိပ်တိုက်
၅-H နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

မျက်နှာဖုံးရိုက်
ဦးဝင်းကျော်မိုး၊ မုံရွေးပုံနှိပ်တိုက်
အမှတ် ၁၄၀၊ ၄၅-လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

BURMESE CLASSIC .com

**နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော** — 

**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး၊
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁ )
## သံချပ်ဝတ်စုံနှင့်လူ

ဆယ့်နှစ်လ၊ တစ်ရက်နေ့၏နံနက်ခင်းချိန်ခါဖြစ်သည်။

အေးချမ်း၍ နှင်းပွင့်များက တဖွေးဖွေးကျဆင်းနေ၏။

စန်ကွန်းဆွေသည် မိုးမလင်းမီအချိန်ကတည်းက အိပ်ရာမှထပြီး အိမ်၏အနောက်ဘက် ပန်းခြံတစ်ခုတွင် သိုင်းပညာလေ့ကျင့်လျက် ရှိသည်။

ပသမဦးစွာ အတွင်းအားသိုင်းပညာကို လေ့ကျင့်ပြီးလျှင် ဒုတိယလက်နက်မဲ့သိုင်းကွက်များကို လေ့ကျင့်သည်။ နောက်ဆုံးကျမှ လှံရှည်တစ်ချောင်းဖြင့် လှံသိုင်းပညာကို လေ့ကျင့်၏။

စန်ကွန်းဆွေသည် အသက်အားဖြင့် ငါးဆယ့်ခုနစ်နှစ်ခန့် ရှိပြီ ဖြစ်သော်လည်း သူ၏ကျန်းမာရေးနှင့် ခွန်အားဗလတို့သည် လူငယ် လူရွယ်တစ်ယောက်နှင့် မခြားမနား သန်မာဆဲဖြစ်သည်။

သူ၏အတွင်းအားပညာနှင့် သိုင်းပညာတို့သည် အဆင့်မြင့် သိုင်းပညာရပ်များဖြစ်သောကြောင့် သူသည် ယခုတိုင် သန်စွမ်း ကျန်းမာနေခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



စန်ကွန်းဆွေ၏မိတ်ဆွေသူငယ်ချင်းနှင့် လက်အောက်ငယ်သားအပေါင်းတို့ကား စန်ကွန်းဆွေသည် သိုင်းပညာတတ်ကျွမ်းသော သိုင်းသမားဟုသာ သိရှိပါသည်။ သိုင်းပညာအရည်အချင်း မည်မျှမြင့်မားသည်ကိုတော့ မည်သူကမျှ မသိရှိခဲ့ကြပါ။

အမှန်စင်စစ် သူသည် အဆင့်မြင့်သော သိုင်းပညာရပ်ကို တတ်ကျွမ်းထားပါသည်။

စန်ကွန်းဆွေသည် ချမ်းသာကြွယ်ဝသော မျိုးရိုးမှ ဆင်းသက်လာသည့် သူဌေးသားတစ်ယောက်ဖြစ်သည်။

ငယ်စဉ်ကတည်းက ရှောင်လင်သိုင်းဂိုဏ်းအဖွဲ့တွင် သိုင်းပညာသင်ကြားလေ့ကျင့်ခဲ့ပြီး အသက်သုံးဆယ်ပြည့်မှ အောင်မြင်သော သိုင်းသမား တစ်ဦး ဖြစ်လာသည်။

ထိုအချိန်ကျမှ ရှောင်လင်ဂိုဏ်းအဖွဲ့မှထွက်ခွာပြီး သူ့ဖခင်၏ စီးပွားရေးလုပ်ငန်းကို ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

မျိုးရိုး၏ ချမ်းသာကြွယ်ဝမှု၊ သူ၏ဉာဏ်စွမ်းရည်ထက်မြက်မှုနှင့် စီးပွားရေးလုပ်ငန်း ကျွမ်းကျင်မှုတို့ကြောင့် သူသည် မြို့တော်တွင် နာမည်ကျော်ကြားသော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်လာသည်။

ဤကား နေပြည်တော်ရှိ မြို့မျက်နှာဖုံးသူဌေးသူကြွယ် လူကုံထံများက တစေ့တစောင်း သိရှိထားကြသည့်အချက်သာ ဖြစ်၏။

လူအများမမြင်သာသည့် ပုန်းကွယ်လျှိုးနေသောအရာကား မည်သည့်အရာနည်း။

ထိုအရာကား ...



'လုံဖေး'အမည်ရှိ ဉာဏ်အမြော်အမြင်ကြီးမားလှသည့် ပုဂ္ဂိုလ်ကြီးပင် ဖြစ်ပါ၏။

လုံဖေးဆိုသောပုဂ္ဂိုလ်ကြီးကား ယခုလက်ရှိ အုပ်ချုပ်နေသော ဘုရင်ဧကရာဇ်ကြီး၏ ဦးရီးတော်ပင် ဖြစ်၏။

လုံဖေးသည် ထိုင့်ဖိန်အန်းလို့ဝမ်ဟုခေါ်သော မြို့စားကြီးဘွဲ့ကို ခံယူထားသည်။

ဘုရင်ဧကရာဇ်ကြီးပြီးလျှင် လုံဖေးကသာ အာဏာအရှိဆုံးသူ ဖြစ်သည်။

ဘုရင်ဧကရာဇ်ကြီး၏ လုံခြုံရေးတာဝန်၊ တိုင်းရေးပြည်ရေးကိစ္စအဝဝတို့ကို ကိုင်ဆောင်ပြုလုပ်သူလို လုံဖေးသည် စန်ကွန်းဆွေအား ရာထူးတစ်နေရာပေးပြီး တိုင်းပြည်တာဝန် ထမ်းဆောင်ခိုင်းနိုင်သည်။ ခဲယဉ်းသောကိစ္စ မဟုတ်ပါ။

စန်ကွန်းဆွေကလည်း သူ့ဉာဏ်စွမ်းအရည်အချင်းနှင့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ပါသည်။

သို့သော် လုံဖေးက ဤကဲ့သို့ မပြုလုပ်ဘဲ စန်ကွန်းဆွေကို မြို့တော်နာမည်ကျော် သူဌေးတစ်ဦးဖြစ်လာအောင်သာ ဖန်တီးပေးခဲ့သည်။ ထိုမှတစ်ဆင့် တိုင်းပြည်တာဝန်ထမ်းဆောင်နေသော မှူးကြီးမတ်ကြီး မင်းမျိုးမင်းနွယ်များနှင့် ပေါင်းသင်းဆက်ဆံစေခိုင်းသည်။

ဤသို့ပြုလုပ်ရသော ရည်ရွယ်ချက်ကား ထိုမှူးကြီးမတ်ကြီး၊ မင်းမျိုးမင်းနွယ်တို့၏အတွင်းလျှို့ဝှက်ချက်များကို စုံစမ်းထောက်လှမ်းရန် ဖြစ်သတည်း။

www.burmeseclassic.com

www.burmeseclassic.com



လုံဖေးသည် ဘုရင်ကေရာဇ်၏ အထူးအာဏာပေးခံထားရသူတစ်ယောက်ဖြစ်၏။

အဘယ်ကြောင့် ဤသို့ အထူး အာဏာပေးထားရသနည်း။

*အကြောင်းမှာ ဘုရင်ကေရာဇ်ကြီး၏ အချုပ်အခြာအာဏာ* ကိုပုန်ကန်သောအဖွဲ့အစည်းတစ်ခုပေါ် ပေါက်နေသောကြောင့်တည်း။

☆

လုံဖေးအနေဖြင့် ထိုပုန်ကန်သူ အဖွဲ့အစည်းကို ရှင်းလင်းပေးရမည် ဖြစ်သည်။

ဘုရင်ကေရာဇ်ကြီးက ပေးအပ်ခဲ့သောတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သော လုံဖေးသည် ဘုရင်ကေရာဇ်ကြီး၏ မျှော်လင့်ချက်များကို မပျက်စီးစေဘဲ အောင်မြင်စွာ ထမ်းဆောင်ခဲ့ပါသည်။

ထို့အတူ လုံဖေး၏ မျှော်မှန်းချက်အတိုင်း စန်ကွန်းဆွေသည်လည်း မိမိ၏တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ပါသည်။

ဤမျှ ချမ်းသာကြွယ်ဝသော စန်ကွန်းဆွေကဲ့သို့ လူချမ်းသာသူဌေးကြီး၏ လျှို့ဝှက်ချက်ကို မည်မျှမသက်ာ သံသယမဖြစ်ပေါ်မိပါ။

စန်ကွန်းဆွေ၏ ချမ်းသာကြွယ်ဝမှုကြောင့် တစ်ကြောင်း၊ လိမ္မာပါးနပ်ပြီး ဉာဏ်စွမ်းရည်၊ နှလုံးရည်တို့တွင် အရည်အချင်းပြည့်ဝသောကြောင့်တစ်ကြောင်း စန်ကွန်းဆွေကို မှူးကြီးမတ်ကြီးများက



လူရင်းမိတ်ဆွေအဖြစ်အသိအမှတ်ပြုကာ ပေါင်းသင်းဆက်ဆံခဲ့ပါသည်။

ထို့အပြင် လုံဖေးသည် သူ၏မွေးစားသား သို့မဟုတ် လက်အောက်လက်ရွေးစင် သိုင်းသမားနှစ်ယောက်ကို စန်ကွန်းဆွေအဖြစ်ဖန်တီး စီမံခန့်ထားသည်။

စန်ကွန်းဆွေနှင့် မှူးကြီးမတ်ကြီး၊ မင်းညီမင်းသားများနှင့်ပေါင်းသင်းဆက်ဆံစေခိုင်းသည်။

အမတ်ကြီး၏သားများ၊ ဝန်ကြီးများ၏သားများနှင့် မင်းညီမင်းသားတို့သည်လည်း စန်ကွန်းဆွေ၏သားဆိုလျှင် ပေါင်းသင်းမိတ်ဆွေ လုပ်ချင်ကြစမြဲပင်။

သူတို့သည် အမြဲတမ်း ရောနှောနေထိုင်လေ့ရှိသည်။

မင်းညီမင်းသားများ၏ဂုဏ်အရှိန်ဝါသည် စန်ကွန်းဆွေ၏သားထက် ကြီးမားသော်လည်း စန်ကွန်းဆွေ၏သားများကဲ့သို့ကားငွေကို ဖောဖောသီသီ မသုံးစွဲနိုင်ကြပေ။

ထို့ကြောင့် သူတို့နှင့်ပေါင်းသင်းဆက်ဆံရာတွင် စန်ကွန်းဆွေ၏သားများက နေရာတကာ ငွေထုတ်ရသော အလှူ့ဒါယကာကြီး ဖြစ်ခဲ့ကြသည်။

ဤကဲ့သို့ ချမ်းသာကြွယ်ဝသော သူဌေးသားနှစ်ယောက်ကို မည်သူကမှ မပေါင်းသင်းမဆက်ဆံချင်ဘဲ ရှိပါအံ့နည်း။

စန်ကွန်းဆွေ၏ သားတို့သည် လက်ဖွာပြီး နေရာတကာတွင် ရက်ရက်ရောရော အသုံးပြုလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူတို့ကို မင်းညီမင်းသား၊ မှူးကြီးမတ်ကြီး၏ သားတော်များက နှစ်သက်ခင်မင်ကြကာ ဤသူငယ်ချင်းနှစ်ယောက်နှင့် ပတ်သက်၍လည်း ဂုဏ်ယူဝင့်ကြွားတတ်ကြသည်။

သူတို့အား အတွင်းသိ သွေးသောက်ရဲဘော်များအဖြစ် ပေါင်းသင်းဆက်ဆံကြသည်။ တခြားအကြောင်းမသိသော ဘေးလူများကတော့ စန်ကွန်းဆွေသည် သူ၏သားနှစ်ယောက်ရှေ့ရေးကို မျှော်ကိုး၍ လမ်းခင်းခြင်းသာ ဖြစ်သည်ဟု ယူဆကြသည်။

နောင်အခါ သူ၏သားနှစ်ယောက်အတွက် ခိုင်မြဲသော အခြေခံတစ်ခု ဖန်တီးပေးခြင်းသာဖြစ်သည်ဟု လူအများ စိတ်ထင်ကြသည်။ သို့သော် အမှန်စင်စစ်က စန်ကွန်းဆွေသား သို့မဟုတ် လုံဖေး၏ လက်ရွေးစင်သိုင်းသမား မွေးစားသားများကမူ မင်းညီမင်းသား၊ မှူးကြီးမတ်ကြီးတို့၏သားတော်များထံမှ သတင်းများကို နှိုက်ယူစုံစမ်းရန်အတွက် ပေါင်းသင်းမိတ်ဆွေ ပြုလုပ်ခြင်းသာ ဖြစ်၏။

ထိုသို့ပေါင်းသင်းခြင်းမှာ သူတို့အတွက် လွန်စွာအရေးကြီးလှ၏။ အကြောင်းမှာ အချို့သောအမတ်များသည် နန်းတော်တွင်းမှ သစ္စာဖောက်လောက်ကောင်များ ဖြစ်နေသောကြောင့်တည်း။

ထင်းတိထွေ ... ။

ထင်းတိထွေဆိုသည်ကား အဘယ်နည်း။

ထိုမှူးကြီးမတ်ကြီးများ၊ ဝန်ကြီးများတချို့တို့သည် ယခုအခါ ထင်းတိထွေဟုခေါ်သော အဖွဲ့အစည်းတစ်ခု၏ အဖွဲ့ဝင်ဘက်တော်သားများ ဖြစ်နေကြသည်။



ထင်းတိထွေဟူသော အဖွဲ့အစည်းသည် ဘုရင်ဧကရာဇ်၏ အချုပ်အခြာအာဏာပိုင်မှုကို ပုန်ကန်တော်လှန်ရန် တိတ်တဆိတ် ဖွဲ့စည်းတည်ထောင်ထားသော အဖွဲ့အစည်းကြီးတစ်ခုပင် ဖြစ်သည်။

ထိုအဖွဲ့အစည်းသည် တည်ထောင်ခဲ့သည်မှာ အချိန်အတော်ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း သူတို့၏ပုန်ကန်သောရည်ရွယ်ချက်က မအောင်မြင်သေးပါ။

ဉာဏ်စွမ်းရည် နှလုံးရည်နှင့် တိုက်ခိုက်ရည်ထက်မြက်သော လုံဖေး၏ဦးဆောင်မှုအောက်တွင် ထင်းတိထွေ၏ မဟာအကြံအစည်တို့သည် အညွှန့်အညောက် မတက်နိုင်ဘဲ ဖြစ်နေသည်။

စန်ကွန်းဆွေ၏သားနှစ်ယောက်သည် မင်းညီမင်းသားများထံမှ သတင်းနှိုက်ယူစုံစမ်းခြင်းသည် အလွန်အောင်မြင်ခဲ့သည်။

သူတို့၏စွမ်းရည်ကြောင့် ဘုရင်ဧကရာဇ်ကြီးကို သစ္စာဖောက်သော အမတ်ကြီးများ၊ ဝန်ကြီးများနှင့် တခြားသော ရာထူးကြီးနေရာ ခံယူထားသောပုဂ္ဂိုလ်များကို ဖော်ထုတ်နှိမ်နင်းနိုင်ခဲ့ခြင်းပင် ဖြစ်သည်။

လုံဖေး၏ မွေးစားသားနှစ်ယောက်ကား စန်ကွန်းကိုနှင့် စန်ကွန်းဖန်ဟူသော နာမည်နှင့် စန်ကွန်းဆွေ၏သားအဖြစ် အယောင်ဆောင်ခဲ့ကြသည်။

သို့သော် လောကကြီး၌ ထာဝရလျှို့ဝှက်ချက်မရှိဟူသော ဆိုရိုးစကားအတိုင်း ထိုလျှို့ဝှက်ချက်သည် တစ်နေ့သ၌ အမှတ်မထင် ပေါက်ကြားသွားသတည်း။

www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံးပေါက်ကြားခဲ့သည့် လျှို့ဝှက်ချက်ကား စန်ကွန်း တို့၏လျှို့ဝှက်ချက်ဝင် ဖြစ်သည်။

ထို့ကြောင့် စန်ကွန်းဆွေကို တာဝန်ထမ်းဆောင်ခြင်းမှ ခေတ္တ ရပ်ဆိုင်းခိုင်းလိုက်ရသည်။

ထို့အတူ စန်ကွန်းဆွေကို အသက်အန္တရာယ်မရှိစေရန် အနား ယူ နေထိုင်စေပြီး သက်တော်စောင့်သိုင်းသမားများကို စောင့်ရှောက် ရန် တာဝန်ပေးခဲ့ရပေ၏။

☆

ထိုအဖြစ်အပျက်အားလုံးသည် လွန်ခဲ့သော နှစ်လခန့်က ဖြစ်သော အဖြစ်အပျက်များ ဖြစ်ပါ၏။

ဤကာလအတောအတွင်း စန်ကွန်းဆွေသည်လည်း အိမ် ပြင် တစ်ဖဝါးမှမထွက်ဘဲ အနားယူနေထိုင်ခဲ့၏။

အကယ်စင်စစ် စန်ကွန်းဆွေသည် ဤကဲ့သို့ နေထိုင်လိုသော ဆန္ဒမရှိချေ။ မလွှဲမရှောင်သာ၍သာ ဤကဲ့သို့ နေထိုင်ခဲ့ရခြင်း ဖြစ် လေသည်။

ထို့အပြင် ထင်းတိထွေအဖွဲ့အစည်းကြီးလည်း သူ့ကို မည် သို့မျှ ရန်ရှာမည်မဟုတ်ဟု စန်ကွန်းဆွေက ယူဆထားသည်။ ထို့ပြင် သူ၏ လျှို့ဝှက်ချက်များ ပေါက်ကြားကုန်ပြီဖြစ်၍ ဘယ်မှူးကြီးမတ် ကြီးများကမျှ သူ့အား အပေါင်းအသင်းပြုလုပ်တော့မည် မဟုတ်ပါ။



ထိုသစ္စာဖောက်သော အမတ်ကြီးများ၊ ဝန်ကြီးများ၊ မင်းညီ မင်းသားများကို သွားတွေ့ရန်လည်း အကြောင်းမရှိတော့ပါ။

လုံဖေးသည်လည်း စန်ကွန်းဆွေကဲ့သို့သော အရည်အချင်းရှိ သော လက်အောက်ငယ်သားကို မဆုံးရှုံးချင်ပါ။

စန်ကွန်းဆွေ၏ နေအိမ်ဝတ်ဝန်းကျင်တွင် လုံဖေးက လက် အောက်သိုင်းသမားကိုယ်ရံတော် အထပ်ထပ်ချထားခဲ့၏။

စန်ကွန်းဆွေ၏ အသက်အန္တရာယ်ကို ကာကွယ်ပေးရန် ဤသို့ပြုလုပ်ရခြင်း ဖြစ်သည်။

စန်ကွန်းဆွေသည်လည်း **အနားယူရင်း** နောက်ကျရောက် လာမည့် တာဝန်ကို ထမ်းဆောင်ရန် စောင့်မျှော်လျက်ရှိ၏။

အမှန်စင်စစ် စန်ကွန်းဆွေသည် အဘက်ဘက်တွင် အရည် အချင်းပြည့်စုံသောလူတစ်ယောက် ဖြစ်ပါ သည်။

မြို့တော်တွင် သူဌေးကြီးအဖြစ် နာမည်ကျော်ကြားခဲ့ပြီး ဖြစ်၍ သူ့အား တခြားကိုယ်ယောင်တစ်ခုအဖြစ် ဖန်တီးပေးရန် အတော်ပင် ခက်ခဲလှသည်။

စန်ကွန်းဆွေ၏ သိုင်းပညာအရည်အချင်း မည်မျှမြင့်မား ကြောင်းကို လုံဖေး ကောင်းကောင်းသိပါသည်။

ယခုထက်တိုင် စန်ကွန်းဆွေသည် သိုင်းပညာကို နေ့စဉ် မပြတ် လေ့ကျင့်ကြောင်းကိုလည်း လုံဖေး သိသည်။

သို့သော် လုံဖေးသည် လက်အောက်ငယ်သားများကို ဉာဏ ဘာသနားတတ်သော ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်သဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အသက်အရွယ်ကြီးရင့်လာပြီဖြစ်သော စန်ကွန်းဆွေအား သွေးထွက်သံယိုမှုဖြစ်စေသော တိုက်ပွဲများတွင် အသုံးပြုရန် လုံဖေး မရည်ရွယ်တော့ချေ။

ထို့ပြင် လုံဖေး၏လက်အောက်တွင် အဆင့်မြင့်သိုင်းသမားအတော်များများရှိသေးသဖြင့် အသက်ကြီးပြီဖြစ်သော စန်ကွန်းဆွေကို အထူးကိုယ်ရံတော်သိုင်းသမားတစ်ယောက် ဖြစ်လာအောင် လေ့ကျင့်ပေးရန်လည်း မလိုအပ်တော့ချေ။

ထို့ကြောင့် လုံဖေးသည် သစ္စာရှိသော၊ တာဝန်ကျေပွန်သော လက်အောက်ငယ်သားဖြစ်သူ စန်ကွန်းဆွေကို မည်သို့သော တာဝန်မျှ မထမ်းဆောင်ခိုင်းတော့ဘဲ အေးအေးဆေးဆေး အနားယူစေခြင်းပင် ဖြစ်သည်။

စန်ကွန်းဆွေနည်းတူ လုံဖေးသည်လည်း ထင်းတိတွေအဖွဲ့အစည်းသည် စန်ကွန်းဆွေအား ရန်မူလိမ့်မည်မဟုတ်ဟု ယူဆထားသည်။

စန်ကွန်းဆွေအတွက် လုံခြုံရေးလည်း စိတ်ချလက်ချရှိ၏။ သူ၏စီမံချက်ဖြင့် ပြုလုပ်သော ကာကွယ်မှုအောက်တွင် စန်ကွန်းဆွေ၏ အသက်ဘေးအန္တရာယ်သည် လုံခြုံသည်။

သို့သော် လူတို့အားလုံး မစဉ်းစားမိသော အကြောင်းချက်တစ်ချက်ကား သံချပ်ဝတ်စုံနှင့်လူပေတည်း။

☆



စန်ကွန်းဆွေသည် လှံသိုင်းကွက်များ လေ့ကျင့်ပြီးသောအခါ လှံရှည်ကြီးကို လက်ပြန်လှန်ကာ မြေကြီးပေါ် စိုက်ချလိုက်၏။

အကယ်၍ လှံသိုင်းကွက်ကို လုံဖေးက တွေ့မြင်ရခွင့်ရှိလျှင် မည်သို့ခံစားရမည်နည်းဟု စဉ်းစားနေစဉ်

ဤကဲ့သို့ ကျေနပ်နှစ်သိမ့်စွာ စိတ်ကူးယဉ်နေစဉ် ရုတ်တရက် အလွန်ထူးဆန်းသော အသံတစ်ခုကို ကြား လိုက်ခြင်း

ချလွမ်း ...ချလွမ်းဟူသော သတ္တုပြားများ ရိုက်ခတ်ရာမှ ထွက်ပေါ်လာဟန်တူသောအသံတစ်သံကို အဆက်မပြတ် ကြားလိုက်ရသည်။

ထိုအသံသည် ဝင်းထရံအပြင်မှပေါ်လာသဖြင့် စန်ကွန်းဆွေသည် ဘာအသံနည်းဟု စဉ်းစားနေစဉ်မှာပင် အသံသည် ရပ်ဆိုင်းသွားလေသည်။ ထို့နောက် အုတ်နံရံသည် ဝုန်းခနဲ ပြိုကျသွား၏။

စန်ကွန်းဆွေသည် ထိတ်လန့်သွားကာ မြေပေါ်တွင် စိုက်ထားသော လှံရှည်ကြီးကို ဆတ်ခနဲ ဆွဲကိုင်လိုက်ပြီး အုတ်နံရံအပေါက်ကို လှမ်းကြည့်မိသည်။

ထိုအုတ်နံရံအပေါက်၌ ထူးဆန်းသောလူတစ်ယောက် ရပ်နေချေသည်တကား။

ထိုသူသည် ...

တစ်ကိုယ်လုံး မည်းနက်တောက်ပြောင်လှသော သံချပ်ကာဝတ်စုံကို ဝတ်ဆင်ထားသော လူတစ်ယောက်ပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသံချပ်ဝတ်စုံသည် တစ်လက်မပတ်လည်ခန့်ရှိသော သံပြားများဖြင့် ငါးကြေးခွံပုံသဏ္ဌာန် တစ်ချပ်နှင့်တစ်ချပ် ဆက်လုပ်ထားသည်ကို တွေ့ရ၏။

ငါးကြေးခွံကဲ့သို့ တစ်ထပ်ပြီးတစ်ထပ် ပြုလုပ်ထားသော သံချပ်ဝတ်စုံသည် လှုပ်ရှားလိုက်လျှင် လှိုင်းတွန့်များကဲ့သို့ တလှုပ်လှုပ်ခါနေလျက်ရှိသည်။

ထိုသံချပ်ဝတ်စုံနှင့်လူ၏လှုပ်ရှားမှုသည် သံချပ်ဝတ်စုံကြောင့် တစ်စုံတစ်ရာသော အဟန့်အတားအခက်အခဲမရှိကြောင်း တွေ့ရ၏။ သာမန်လူသားကဲ့သို့ လှုပ်ရှားချင်သလို စိတ်ကြိုက်လှုပ်ရှားနိုင်သည်။

ထို ချလွမ်း ... ချလွမ်းနှင့် ထူးဆန်းသောမြည်သံများသည် ထိုလူ၏လှုပ်ရှားမှုကြောင့် သံပြားချင်းပွတ်တိုက်ကာ မြည်ဟည်းလာသော အသံပင် ဖြစ်သည်။

ရုတ်တရက် ထိုသံချပ်ဝတ်စုံနှင့်လူကို တွေ့ရလျှင် ထူးဆန်းသော သတ္တဝါဆန်းဟု မှတ်လိမ့်မည်။

သို့သော် စန်ကွန်းဆွေကား ချက်ချင်းပင် လူတစ်ယောက်ဖြစ်ကြောင်းကို သိရှိလိုက်သည်။

ထိုထူးဆန်းသောသတ္တဝါကား သံချပ်ကာအင်္ကျီကို ဝတ်သော သံချပ်ဝတ်စုံနှင့်လူပင် ဖြစ်ချေတော့သည်။

✽ ☆ ✽



## အခန်း ( ၂ )
## တဖက်ပြိုင်သောထင်းတိတွေ

သံချပ်ဝတ်စုံနှင့်လူသည် ဝင်းထရံကိုဖြတ်၍ ဝန်းခြံထဲသို့ သုမ်းဝင်လိုက်၏။

သံချပ်ဝတ်စုံနှင့်လူ၏ မျက်စိအစုံနေရာတွင် ,မီးခိုးရောင် နှံသားကဲ့သို့သော ထုတ်ချင်းပေါက်မြင်နိုင်သည့် အရာဝတ္ထုတစ်မျိုးဖြင့် ဖုံးအုပ်ထားသည်ကို တွေ့ရ၏။

သံလက်နှစ်ဖက်တွင်မူ ကြေမွနေသော ကျောက်ခဲမှုန့်များက လက်ကြားထဲမှ တဖွဲဖွဲလျှောကျနေ၏။

စန်ကွန်းဆွေသည် ထိုသံချပ်ဝတ်စုံနှင့်လူ၏ မျက်လုံးအစုံကို ဖောက်ထွင်းမမြင်နိုင်သော်လည်း မိမိအား စူးစူးစိုက်စိုက် ကြည့်နေသည်ကိုမူ အလိုလိုခံစားသိရှိ၏။

သူက မာန်ပါပါ အော်၍မေးလိုက်၏။

"ဘယ်သူလဲ"

"မင်းကို လာသတ်တဲ့လူ"

အသံတစ်သံသည် သံချပ်ကာဝတ်စုံကို ဖောက်၍ထွက်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



လာသည်။ သူ၏အသံက အလွန်ထူးခြားသော အသံတစ်မျိုး ဖြစ်နေသည်။

စန်ကွန်းဆွေသည် ရုတ်တရက် ကြောင်သွားကာ ...

"ဘယ်သူ့ရဲ့စေခိုင်းချက်လဲ၊ ထင်းတိတွေလား"

"ရွှေ ... ရွှေသားလှံပေါင်း တစ်သောင်းတိတိ"

သံချပ်ကာဝတ်စုံနှင့်လူ၏အသံမှာ ခပ်အုပ်အုပ်ဖြစ်နေသော်လည်း စကားအဓိပ္ပာယ်ကိုမူ ကွဲကွဲပြားပြား သိရှိနိုင်လေသည်။

လျင်မြန်လှသော လူရိပ်များသည် ပန်းခြံထဲသို့ ချက်ချင်းလက်ငင်း ရောက်ရှိလာကြ၏။

သူတို့အားလုံးသည် လူငယ်သိုင်းသမားများ ဖြစ်ကြလေသည်။ ခုနစ်ယောက်သောသူက လုံဖေး၏လက်အောက် ကိုယ်ရံတော် သိုင်းသမားများဖြစ်ကြပြီး တစ်ယောက်ကား တစ်မူထူးခြားနေကြောင်း တွေ့ရ၏။

ထိုလူငယ်သည် တောက်ပြောင်လှသော သူဌေးသားဝတ်စုံနှင့် ရုပ်ဖြောင့်သော လူငယ်သိုင်းသမားတစ်ယောက် ဖြစ်လေသည်။

ထိုလူငယ်ကား လုံဖေး၏ဆဋ္ဌမမြောက်မွေးစားသား သို့မဟုတ် စန်ကွန်းဆွေ၏သားငယ် စန်ကွန်းဖန်ပေတည်း။

သူတို့အားလုံး သံချပ်ကာဝတ်စုံနှင့်လူကိုတွေ့သော် ရုတ်တရက် ကြောင်အမ်းအမ်းဖြစ်ကုန်ကြ၏။

သို့သော် ချက်ချင်းသတိဝင်လာပြီး လက်နက်အသီးသီး ထုတ်လိုက်သည်။



စန်ကွန်းဖန်က ဒေါသသံနှင့် အော်လိုက်၏။

"ပုန်းလျှိုးကွယ်လျှိုးလုပ်မနေနဲ့၊ မျက်နှာဖုံးချွတ်လိုက်စမ်း"

သံချပ်ဝတ်စုံနှင့်လူက ပြန်မပြောဘဲ စန်ကွန်းဆွေထံသို့သာ တစ်လှမ်းချင်းလျှောက်ဝင်လာ၏။

စန်ကွန်းဖန်က ခပ်အေးအေးပင် ပြောသည်။

"မင်းက သံချပ်ကာစတ်စုံ ဝတ်ထားတယ်ဆိုပြီး မင်းကို ဘာမှမလုပ်နိုင်ဘူး ထင်နေသလား"

သံချပ်ဝတ်စုံနှင့်လူက ဘာမျှပြန်မပြောချေ။ စန်ကွန်းဆွေထံသို့သာ တစ်လှမ်းချင်း ချဉ်းကပ်နေလေသည်။

စန်ကွန်းဆွေသည် မာန်ပါပါအသံတစ်ချက်အော်ကာ လှံရှည်ကြီးဖြင့် လျှပ်ပြက်သိုင်းကွက်ဖြင့် ဆတ်ခနဲ ထိုးလိုက်လေသည်။

သံချပ်ဝတ်စုံနှင့်လူက ညာလက်သီးဖြင့် ခိုက်လိုက်ရာ လှံချွန်ထိပ်နှင့် တည့်တည့်မတ်မတ်ထိ သွား၏။

လှံရှည်ကြီးသည် ရုတ်တရက် ဘေးတစ်ဖက်သို့ လွင့်ထွက်သွား၏။

စန်ကွန်းဆွေ၏လှုပ်ရှားမှုကလည်း မနှေးလှပါ။

ကိုယ်တစ်ပတ်လည်ပြီး လက်ထဲမှလှံရှည်ကြီးကလည်း လေထဲတွင် စက်ဝိုင်းတစ်ခုလှည့်ပတ်ပြီး သံချပ်ဝတ်စုံနှင့်လူ၏ကိုယ်ပေါ်သို့ ဆယ့်သုံးချက်တိတိ တိုက်ခိုက်လိုက်၏။

သံချပ်ဝတ်စုံနှင့်လူသည် ကာကွယ်ခြင်းလုံးဝမပြုဘဲ တုတ်တုတ်မလှုပ် မတ်တတ်ရပ်ကာ အတိုက်ခံ၏။

www.burmeseclassic.com

www.burmeseclassic.com



'ထောင်း ... ထောင်း ...ခလွမ်' ဟူသော အသံများသည် တစ်ခဏအတွင်း အဆက်မပြတ်ပေါ်ထွက်၏။

သို့သော် ...

သံချပ်ဝတ်စုံနှင့်လူ၌ မည်သည့်ဒဏ်ရာဒဏ်ချက်မျှ မရရှိပါ။

စန်ကွန်းဆွေ၏ တိုက်ကွက်ဆယ့်သုံးကွက်ကုန်မှ သံချပ်ဝတ်စုံနှင့်လူက ဘယ်ဘက်လက်ဖြင့် လှံရှည်ကြီးကို ဆတ်ခနဲ ဖမ်းကိုင်လိုက်၏။

စန်ကွန်းဆွေသည် အဖမ်းခံရသော လှံရှည်ကြီးကို အားနှင့် ပြန်ဆွဲ၏။

သံချပ်ဝတ်စုံနှင့် လူသည် လှံရှည်ကြီးကို ဆတ်ခနဲ ချိုးပစ်လိုက်၏။

တစ်ချောင်းလုံး သံသတ္တုနှင့် ပြုလုပ်ထားသော လှံရှည်ကြီးသည် သူ၏လက်ထဲမှာ ထက်ပိုင်းကျိုးပြတ်ထွက်သွား၏။

စန်ကွန်းဆွေသည် ပြတ်သွားသောလှံအပိုင်းဖြင့် ထိုလူကို ပစ်လိုက်ပြီး အနောက်ကိုဆုတ်ခွာလိုက်၏။

နောက်ကျောဘက်ရှိ သံချိတ်လှံရှည် တစ်ချောင်းကို ဆတ်ခနဲ ဆွဲယူလိုက်သည်။

သံချပ်ဝတ်စုံနှင့်လူက စန်ကွန်းဆွေ ပစ်ပေါက်လိုက်သော လှံအပိုင်းကို ဂရုပင်မစိုက်။

ဘယ်ဘက်လက်တွင်းမှ လှံချွန်ပိုင်းဖြင့် စန်ကွန်းဆွေကို ပြန်လည်ပစ်ပေါက်လိုက်၏။



စန်ကွန်းဆွေ၏လက်ထဲမှ သံချိတ်လှံသည် စက်ဝိုင်းကဲ့သို့ပင် တဝှီးဝှီးလည်ပတ်နေပြီး ပြေးဝင်လာသော လှံချွန်အပိုင်းကို ရိုက်ထုတ်ပစ်လိုက်၏။

ထိုစဉ် ဘေးဘက်မှ စန်ကွန်းဖန်သည် ဖုံးဖွဲနေသော ဓွန်ရဲ တစ်ကောင်ပမာ သံချပ်ဝတ်စုံနှင့်လူထံသို့ ခုန်ဖျတ်ဝင်ရောက်လာတာ ဓားရှည်ဖြင့် ထိုလူ၏မျက်လုံးကို တိုက်ခိုက်လိုက်လေသည်။

သံချပ်ဝတ်စုံနှင့်လူသည် ဘယ်ဘက်လက်ကို မြှောင့်လိုက်ရာ ဓားရှည်ကို ဖယ်ထုတ်လျက်သား ဖြစ်သွားသည်။

ညာဘက်ဖဝါးဖြင့် စန်ကွန်းဖန်၏မျက်နှာကို ရိုက်ချလိုက်ရာ စန်ကွန်းဖန်က ကိုယ်ကိုယိမ်းကာ ရိုပ်ခနဲရှောင်လိုက်ပြီး ထိုလူ၏ နောက်ကျောဘက်ကို ရောက်လာ၏။

သံချပ်ဝတ်စုံနှင့်လူ၏နောက်ကျောကို ဓားရှည်ဖြင့် သုံးချက်ထိုးလိုက်၏။

ထိုစဉ် ကိုယ်ရံတော်သိုင်းသမားသုံးယောက်လည်း အရပ်သုံးမျက်နှာမှ အသီးသီးခုန်ဝင်လာပြီး သံချိတ်လှံတစ်ချောင်း ဓားနှစ်လက်ဖြင့် ထိုလူကို ဝိုင်းတိုက်တော့၏။

သူတို့သည် သံချပ်ဝတ်စုံနှင့် ကိုယ်ပေါ်ရှိ အရေးကြီးသော နေရာအသီးသီးကို တိုက်ခိုက်သော်လည်း မည်သည့်ဒဏ်ရာမှ မပေးနိုင်ဘဲရှိ၏။

စန်ကွန်းဖန်၏ဓားရှည်သည် သံချပ်ဝတ်စုံနှင့်လူကိုထိသော် ချော်ထွက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့အတူ ...

ကိုယ်ရံတော်များ၏ သံချိတ်လုံနှင့် ဓားနှစ်လက်သည်လည်း သံချပ်ဝတ်စုံကိုထိသော် အသီးသီးချော်ထွက်သွားသည်။

ဘေးမှရပ်ကြည့်နေသော စန်ကွန်းဆွေက ရုတ်တရက် 'သတိထား' ဟုအော်လိုက်ရာ သူ၏အသံပင် မဆုံးသေးခင် သံချပ်ဝတ်စုံနှင့်လူ၏ လက်သီးတစ်လုံးသည် ကိုယ်ရံတော်တစ်ဦး၏ ရင်ဝဆီသို့ ဝင်ရောက်သွားသည်။

'ဝုန်း'

ကိုယ်ရံတော်၏ ရင်ဘတ်သည် ရုတ်တရက် ချိုင့်ဝင်သွားကာ ပါးစပ်နှင့်နှာခေါင်းများမှနေ၍ သွေးများ အန်ထွက်လာသည်။

ကိုယ်ရံတော်သည် လက်သီးချက်ကြောင့် အဝေးသို့ လွင့်စဉ်ထွက်သွားပြီး တစ်ချက်တည်းနှင့် သေဆုံးသွား၏။

☆

စန်ကွန်းဖန်က လျင်မြန်သောတိုက်ကွက် ခုနစ်ကွက် ဆက်တိုက် တိုက်ခိုက်သော်လည်း သံချပ်ဝတ်စုံနှင့်လူကို ထိခိုက်အောင် မတိုက်ခိုက်နိုင်ချေ။

သံချိတ်လုံကိုင်ထားသော ကိုယ်ရံတော်သိုင်းသမားကလည်း အဆက်မပြတ် ထိုလူကို ထိုးချိတ်လိုက်သော်လည်း သံချပ်ဝတ်စုံကြောင့် အချည်းနှီးသာ ဖြစ်နေတော့၏။



ထိုစဉ် သံချပ်ဝတ်စုံနှင့်လူသည် သံချိတ်လုံကို လက်ပြန်ဖမ်းလိုက်၏။ ကိုယ်ရံတော် သိုင်းသမားသည် သံချိတ်လုံကို စွန့်လွှတ်လိုက်ပြီး လေထဲတွင် တစ်ပတ်ကျွမ်းထိုးကာ ရှောင်တိမ်းလိုက်ရသည်။

တစ်ဆက်တည်းမှာပင် လက်နက်ပုန်း ဆယ့်ခြောက်ခုဖြင့် သံချပ်ဝတ်စုံနှင့်လူကို ပစ်ခတ်လိုက်၏။

'ထန်း ... ထန်း' ဟူသောအသံများ အဆက်မပြတ် ပေါ်လာသော်လည်း လက်နက်ပုန်းများ အဝေးသို့ အသီးသီး လွင့်စဉ်ထွက်ကုန်သည်။

သံချပ်ဝတ်စုံနှင့်လူသည် လက်ထဲမှ သံချိတ်လုံကို ထိုလူထံ ပစ်လွှတ်လိုက်၏။

သံချိတ်လုံသည် လေထုကိုခွင်းကာ ပြင်းထန်သော အရှိန်အဟုန်ဖြင့် ကိုယ်ရံတော်သိုင်းသမား၏ရင်ဘတ်ကို စိုက်ဝင်သွား၏။

သွေးများသည် ဖြူဆွတ်နေသော နှင်းပွင့်များပေါ်တွင် ရင်ကွက်စရာ ကောင်းကောင်းအောင် ခြင်းခြင်းနီရဲသွားစေတော့သည်။

ထိုအခါ လက်နက်ပုန်းများစွာသည် အရပ်ရှစ်မျက်နှာမှနေ၍ သံချပ်ဝတ်စုံနှင့် လူဆီကို အဆက်မပြတ် ပြေးဝင်လာသည်။

တစ်ခဏအတွင်း ထောင်း ...ထောင်း ... ထိန်းတန်း ... ထိန်တန်းစသော သတ္တုကိုထိခိုက်သောအသံများ အဆက်မပြတ် ပေါ်ပေါက်လာသည်။ သို့သော် ထိုလက်နက်ပုန်းများကို သံချပ်ဝတ်စုံနှင့်လူက လုံးဝဂရုမစိုက်။

မျက်စိနေရာကို လက်တစ်ဖက်နှင့် အသာအကွယ်ပြုကာ

www.burmeseclassic.com



စန်ကွန်းဆွေရှိရာသို့ ဆက်လက်ချဉ်းကပ်လျှောက်လှမ်းလာသည်။

ကိုယ်ရံတော်သိုင်းသမားနှစ်ယောက်က လျင်မြန်စွာ ကပ်လာပြီး ဓားဖြင့် ထိုလူ၏မျက်နှာကို တိုက်ခိုက်လိုက်၏။

စန်ကွန်းဆွေ၏ သံချိတ်လှံသည်လည်း ထိုလူ၏လည်မျိုရှိရာသို့ လျှပ်တစ်ပြက် ထိုးလိုက်၏။

သံချပ်ဝတ်စုံနှင့်လူသည် လက်နှစ်ဖက်ကိုမ,ကာ ဝင်လာသော ဓားနှစ်လက်ကို ဘယ်ညာအသီးသီး ဖမ်းမိလိုက်၏။

ပြီးလျှင် ရုတ်တရက် ဆောင့်ဆွဲလိုက်ရာ ကိုယ်ရံတော် နှစ်ယောက်သည် ယိမ်းယိုင်ကာ သူ၏ရင်ခွင်ထဲသို့ ဝင်ရောက်သွားသည်။

ထို့ကြောင့် ရန်သူ၏လည်မျိုကို ထိုးလိုက်သော စန်ကွန်းဆွေ၏ သံချိတ်လှံသည် ကိုယ်ရံတော်တစ်ယောက်၏ နောက်ကျောကို ထိုး စိုက်လိုက်သလို ဖြစ်သွား၏။

စန်ကွန်းဆွေက လျင်မြန်စွာ သံချိတ်လှံကို ရုတ်တရက် အရှိန်သတ်လိုက်သောကြောင့် ကိုယ်ရံတော်၏ နောက်ကျောကို မထိုးမိတော့ပါ။

ကိုယ်ရံတော်နောက်ကျောနှင့် တစ်လက်မခန့် အကွာတွင် သံချိတ်လှံသည် ဖျတ်ခနဲ ရပ်သွား၏။

သို့သော် ...

ကိုယ်ရံတော်သိုင်းသမားနှစ်ယောက်ကလည်း အသက်ချမ်းသာရာ မရရှိပါ။

သံချပ်ဝတ်စုံနှင့်လူသည် မိမိ၏ရင်ခွင်ထဲသို့ တိုးဝင်လာသော ကိုယ်ရံတော်နှစ်ယောက်၏ရင်ဝကို ဘယ်ညာလက်နှစ်ဖက်ဖြင့် ထိုးစိုက်လိုက်ရာ ကိုယ်ရံတော်နှစ်ယောက်သည် လုံးဝမရှောင်ရှားနိုင်ဘဲ စူးစူးရှားရှားအော်ဟစ်ကာ သေဆုံးသွားရတော့၏။



သံချပ်ဝတ်စုံနှင့်လူသည် ကိုယ်ရံတော်နှစ်ယောက်၏ အလောင်းကို ခါထုတ်လိုက်ရာ ခုန်ဝင်လာသော ကိုယ်ရံတော်သုံးယောက်ထံ အသီးသီး လွင့်စဉ်သွား၏။

ခုန်ဝင်လာသော ကိုယ်ရံတော်သုံးယောက်အသီးသီး ရှောင်ရှားလိုက်ပြီး ထိုလူထံ ထပ်မံခုန်ဝင်လာ၏။

ထိုစဉ် သံချပ်ဝတ်စုံနှင့်လူသည် စန်ကွန်းဆွေရှေ့ ရောက်ရှိလာ၏။

စန်ကွန်းဖန်သည် နောက်ကျောဘက်မှခုန်ဝင်ကာ တိုက်ကွက်ဆက်တိုက် တိုက်ခိုက်လိုက်လေ၏။

သံချပ်ဝတ်စုံနှင့်လူကို လုံးဝမဟန့်တားနိုင်ပါ။

သံချပ်ဝတ်စုံနှင့်လူလည်း ဂရုမစိုက်ဘဲ စန်ကွန်းဆွေထံသို့ ဆက်ဝင်လာ၏။

စန်ကွန်းဆွေသည် သံချိတ်လှံဖြင့် သိုင်းကွက်ဆယ့်သုံးကွက် ထပ်မံတိုက်ခိုက်သော်လည်း သံချပ်ကာဝတ်စုံ၏ ဘေးဘက်အသီးသီးသို့ ချော်ထွက်ကုန်သည်။

သူ၏ ထက်မြက်သောတိုက်ကွက်နှင့် အတွင်းအားများက သံချပ်ဝတ်စုံနှင့်လူကို ထိခိုက်ဒဏ်ရာရအောင် လုံးဝ မလုပ်နိုင်ပါချေ။

စန်ကွန်းဆွေသည် တိုက်ခိုက်ရင်းနှင့် အနောက်သို့ ခြေ ကိုး

www.burmeseclassic.com

www.burmeseclassic.com



ပြန်တက်လာတာပါ။ ကျွန်မ ထိန်းနိုင်ပါတယ်"

"စောစောက တစ်ခါတည်း သေသေချာချာလုပ်ရောပေါ့ စွမ်းစွမ်းရယ်"

ချန်ဖူဝါက အပြစ်တင်လိုက်၏။

ချန်ဖူဝါသည် အိတ်ထဲမှ ဆေးပုလင်းကိုထုတ်ကာ ...

"ဒီမှာ ဆေးဆယ်လုံး ကျန်သေးတယ်၊ အခု နှစ်လုံးထပ်သောက်လိုက်၊ ကျန်တာ ခင်ဗျားယူထား။ လိုရင် ထပ်သောက်ပေါ့"

စွမ်းစွမ်းက လက်မခံချေ။

"ဒီဆေးတွေ ဘယ်လောက်တန်ဖိုးရှိတယ်ဆိုတာ ရှင် မသိဘူးလား"

"ဆေးဆိုတာ လူကိုကယ်ဖို့ပဲ၊ အလုကြည့်ဖို့မှ မဟုတ်တာ"

စွမ်းစွမ်းသည် ဆေးနှစ်လုံးသောက်ချပြီး မြေပေါ်ထိုင်ကာ အတွင်းအားဖြင့် ကုသနေတော့၏။

"ဒီတစ်ခါ သေသေချာချာလုပ်နော်"

ချန်ဖူဝါက သတိပေးလိုက်၏။

ချန်ဖူဝါသည် မတ်တတ်ရပ်ရင်း စွမ်းစွမ်းဟူသော မိန်းကလေးအကြောင်းကို စဉ်းစားနေမိသည်။

သည်မိန်းကလေးသည် အဘယ်ကြောင့် ကြေးစားလူသတ်သမားတစ်ယောက် ဖြစ်လာရသနည်း။ တန့်လန့်ကာနောက်ကွယ်မှ ကြိုးကိုင်ဆရာကြီးကား မည်သူပေနည်း။

❀ ☆ ❀



အခန်း ( ၁၀ )

## ခြေရာခံလိုက်လာသော ရန်သူ

သုံးရက်ကြာအောင် ခရီးနှင်လာပြီးသော သူတို့နှစ်ယောက်သည် အဆိပ်ငါးမျိုးဂိုဏ်း၏ ပိုင်နက်ထဲမှ လွတ်မြောက်လာခဲ့ကြ၏။

ထိုသုံးရက်အတွင်း ရွာနှင့်အိမ်ခြေဆို၍ တစ်ခုမျှ မတွေ့ရှိခဲ့ကြချေ။ ထိုသုံးရက်အတွင်း စွမ်းစွမ်းသည် ချန်ဖူဝါအား မေးခွန်းပေါင်းစုံ မေးမြန်းခဲ့သည်။ စွမ်းစွမ်းသည် တကယ်ပင် မသိနားမလည်ကြောင်း ချန်ဖူဝါ သိသောကြောင့် စိတ်ရှည်လက်ရှည် ရှင်းပြတတ်၏။

ဤမျှ ဗဟုသုတနည်းရှာသော စွမ်းစွမ်းအား ချန်ဖူဝါက တကယ်ပင် သနားမိလေ၏။

စွမ်းစွမ်း၏ဆရာသမားသည် စွမ်းစွမ်းအား လူသတ်ပညာမှလွဲ၍ တခြားသိမှတ်ဖွယ်ပညာများကို လုံးဝသင်မပေးခဲ့ကြောင်း ချန်ဖူဝါ တွေ့ရှိခဲ့ရပေ၏။

စွမ်းစွမ်းသည် သူမ၏လျှို့ဝှက်ချက်ကို တစ်စုံတစ်ရာမျှ ဖွင့်မပြောခဲ့ချေ။ ထို့အပြင် သူမ၏သံချပ်ဝတ်စုံကိုလည်း လုံးဝမချွတ်ဘဲနှင့် ခရီးနှင်လာ၏။ ထို့ကြောင့် ချန်ဖူဝါမှာ သူမ၏လုပ်သော နှုတ်ခမ်းပါးလေးကိုသာ မြင်တွေ့ရသည်။ သူမ၏မျက်နှာကို ကြည့်ချင်သော်လည်း စွမ်းစွမ်းအား ခွင့်မတောင်းခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



လှမ်းကျော် ဆုတ်လာခဲ့သော်လည်း ရန်သူက ထက်ကြပ်မကွာ လိုက်ပါလျက်ရှိ၏။ သူနှင့် သုံးပေအကွာခန့်ရောက်လာသော သံချပ်ဝတ်စုံနှင့်လူသည် မြင်းထန်သောလက်သီးတစ်ချက် ထိုးထည့်လိုက်၏။

'ဝှီး'

သံချပ်ဝတ်စုံသည် ထိုလူအတွက် လေးလေးလံလံ ဖြစ်နေပုံမရပေ။ သူ့လက်သီးဝင်လာပုံမှာ လွန်စွာလျင်မြန်လှ၏။

စန်ကွေးဆွေ ငုံ့ရှောင်လည်း လွတ်သွား၏။

နောက်ထပ် လက်သီးတစ်လုံး ဝင်လာလျှင် ရှောင်တိမ်းရန်မလွယ်တော့ကြောင်း စန်ကွန်းဆွေ သိ၏။ ထို့ကြောင့် နောက်ဆုတ်သည်။

"ဘုရား ... ဘုရား"

စန်ကွန်းဆွေ ဘုရားတ,မိသည်။

အဘယ်မှာလျှင် ဘုရားမတ,ဘဲ ရှိပါအံ့နည်း။

သံချပ်ဝတ်စုံနှင့်လူ၏ ခံနိုင်ရည်ရှိမှုနှင့် လျင်မြန်မှုတို့က ကြောက်မက်ဖွယ်ကောင်းနေသည် မဟုတ်ပါလား။

ထိုသို့ ကြောက်မက်ဖွယ်ရာကောင်းနေချိန်တွင် သူသည် အဆောက်အအုံ၏နံရံသို့ ကျောကပ်မိသွားခဲ့ပေပြီ။

နောက်ထပ်ဆုတ်စရာနေရာ မရှိတော့ပေ။

'ဝုန်း ...'

စန်ကွန်းဆွေ ထိတ်လန့်နေစဉ်မှာပင် သံချပ်ဝတ်စုံနှင့်လူ၏ လက်သီးသည် သူ့ဆီသို့ ပြေးဝင်လာ၏။



သံချပ်ဝတ်စုံနှင့်လူ၏ မြင်းထန်သောလက်သီးချက်ကြောင့် သူ၏သံလက်သီးသည် စန်ကွန်းဆွေ၏ ရင်ဘတ်ထဲသို့ စိုက်ဝင်သွားသည်။

စိုက်ဝင်နေသော လက်သီးကို ဆွဲထုတ်လိုက်သောအခါ သွေးများ ပွက်ခနဲ ထွက်လာသည်။

စန်ကွန်းဆွေသည် နံရံကိုမှီလျက် သေဆုံးသွား၏။

ရင်ဘတ်ပေါင်းလောင်းနှင့် မြင်ကောင်းအောင်သေဆုံးသွားသော စန်ကွန်းဆွေကို တစ်ချက်ကြည့်ပြီး သံချပ်ဝတ်စုံနှင့်လူသည် နောက်လှည့်လိုက်၏။

ဝင်ရောက်လာသော စန်ကွန်းဖန်၏ဓားရှည်ကို လက်တစ်ဖက်ဖြင့်တားပြီး စန်ကွန်းဖန်အား ပေသုံးဆယ်ကျော်ကျော်အထိ အတွင်းအားဖြင့် ခါထုတ်ပစ်လိုက်သည်။

စန်ကွန်းဖန်သည် မျက်လုံးများနီရဲလာကာ ကျယ်လောင်စွာ အော်ဟစ်ရင်း ထိုလူကို သဲကြီးမဲကြီး ဝင်ရောက်တိုက်ခိုက်တော့သည်။

ကျန်ရှိသေးသော ကိုယ်ရံတော်သိုင်းသမားသုံးယောက်ကလည်း ဝိုင်း၍တိုက်ကြ၏။

ထိုစဉ် နောက်ထပ် ကိုယ်ရံတော်သိုင်းသမား ရှစ်ယောက်တို့သည် ထပ်မံရောက်ရှိလာလေ၏။

သံချပ်ဝတ်စုံနှင့်လူသည် စန်ကွန်းဖန်တို့၏ တိုက်ခိုက်မှုကို လုံးဝဂရုမစိုက်ချေ။ ပေါက်နေသော ဝင်းထရံရှိရာသို့ ဆက်လျှောက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စန်ကွန်းဖန်တို့က သဲသဲမဲမဲတိုက်ခိုက်သော်လည်း သံချပ်ဝတ်စုံနှင့်လူကိုမူ လုံးဝမဟန့်တားနိုင်သောကြောင့် ကြာသော် စိတ်မောတော်ကျလာ၏။

သူတို့၏ လက်နက်များက လက်နက်ဟောင်းများ ဖြစ်ပါသည်။ သို့သော် ထိုသံချပ်ဝတ်စုံကို အနည်းငယ်မျှပင် ပွန်းပဲ့အောင် မခုတ်နိုင်ဘဲ ရှိနေခဲ့သည် မဟုတ်ပါလား။

ထိုစဉ် သံချပ်ကာဝတ်စုံနှင့် လူသည် အပေါက်ဝသို့ ရောက်နေပေပြီ။

ဝင်းနံရံအပြင်သို့ရောက်စဉ် ကိုယ်ရံတော်သိုင်းသမား တစ်ယောက်က လျင်မြန်စွာလိုက်၍ တားဆီးသော်လည်း ထိုလူ၏ လက်သီးချက်မိကာ အနောက်သို့ လွင့်ထွက်သွားရပြန်သည်။

ထိုကိုယ်ရံတော်သည် ရှူးရှူးရှဲရှဲအော်ဟစ်ရင်း သေဆုံးသွားရှာသည်။

သံချပ်ဝတ်စုံနှင့်လူသည် မည်သို့မျှ ဖြိုဖျက်၍မရသော ကျောက်တောင်ကြီးပမာ မည်သူ့ကိုမျှ ဂရုမစိုက်ဘဲ အုတ်နံရံအပြင်သို့ ပြေးထွက်သွားတော့၏။

သံချပ်ဝတ်စုံ ဝတ်ဆင်ထားပါလျက် ဤမျှ ပေါ့ပါးစွာ ပြေးနိုင်ခြင်းအတွက် အားလုံးအံ့အားသင့်ကြရ၏။

စန်ကွန်းဖန်သည် သူ၏ဖခင်အဖြစ် ဟန်ဆောင်ထားသော စန်ကွန်းဆွေဆီသို့ ပြေးကြည့်နေသဖြင့် အခြားကိုယ်ရံတော်တပ်သားများသည်လည်း စန်ကွန်းဖန်နောက်သို့သာ ပြေးလိုက်ကြသည်။



စန်ကွန်းဆွေ သေဆုံးသွားပြီဖြစ်ကြောင်း သေချာသောအခါ စန်ကွန်းဖန်သည် သံချပ်ဝတ်စုံနှင့်လူ ပြေးထွက်ရာ ဝင်းနံရံသို့ ပြေးကြည့်သည်။

ဝင်းနံရံအပြင်ဘက်ရှိ ထူထဲသော နှင်းဖုံးထားသော လမ်းပေါ်တွင် ခြေထောက်ရာနှစ်ဖက်က ထင်ရှားစွာရှိသည်ကို တွေ့ရ၏။

ထိုခြေရာသည် အရှေ့ဘက်အရပ်မှလာသော ခြေရာဖြစ်ပြီး အနောက်ဘက်အရပ်သို့ကြည့်လိုက်သော် မညီညာသောခြေရာများသာ တွေ့ရပြီး ကျန် မည်သည့်အရာမျှ မတွေ့ရတော့။

အကယ်၍ အရှေ့ဘက်အရပ်မှ ခြေရာအတိုင်း သံချပ်ဝတ်စုံနှင့်လူက ဆုတ်ခွာသွားမည်သာဆိုလျှင် ဤသို့ လျင်မြန်စွာ ပျောက်ကွယ်နိုင်မည် မဟုတ်။

သို့သော် ... ရုတ်တရက် လျင်မြန်စွာ အရိပ်အယောင်ပင် မတွေ့ရအောင် ရန်သူသည် မည်ကဲ့သို့ထွက်ခွာသွားသည်ကို သူ မည်သို့မျှစဉ်းစား၍ မရပါ။

စန်ကွန်းဖန်သည် ကိုယ်ရံတော်အသီးသီးကို အရှေ့ အနောက် အရပ်အသီးသီးသို့ ခွဲပြီး လိုက်ခိုင်းလိုက်၏။

သူကိုယ်တိုင်ကတော့ မျက်နှာချင်းဆိုင်အရပ်ရှိ ဝင်းထရံ ပေါ်သို့ ကိုယ်ရံတော်နှစ်ယောက်နှင့် ခုန်တက်လိုက်၏။

ထိုဝင်းထရံအတွင်းရှိ ခြံနှင့်အိမ်သည် စန်ကွန်းဆွေပိုင်ဆိုင်သောနေရာဖြစ်၏။

ထိုအိမ်ထဲတွင်နေထိုင်သောသူအားလုံးသည် လုံဖေး၏လက်

www.burmeseclassic.com

www.burmeseclassic.com



အောက် ကိုယ်ရံတော်သိုင်းသမားများ ဖြစ်ကြ၏။

သူတို့၏ အဓိကတာဝန်မှာ စန်ကွန်းဆွေလုံခြုံရေးအတွက် အာရွယ်စောင့်ရှောက်ရန် ဖြစ်၏။

ထိုသံချပ်ဝတ်စုံနှင့်လူသတ်သမားသည် ဝင်းထရံကို ပြိုနေစဉ် ကိုယ်ရံတော်တို့သည် အသံကြားရလိမ့်မည်။

သို့သော် ယခုထက်တိုင် တစ်ဦးတစ်ယောက်မျှ ပေါ်လာခြင်း မရှိသေးပါ။

စန်ကွန်းဖန်သည် ဝင်းထရံအတွင်းရှိ အိမ်ထဲသို့ ဝင်သည့်အခါကျမှ အဖြေကို သိရတော့၏။

ဝင်းထရံအတွင်းရှိ အိပ်ဆောင်၏နောက်ဘက် ပန်းခြံထဲတွင် အသက်ကင်းမဲ့နေသော အလောင်းများကို တွေ့ရ၏။

ထိုအလောင်းများသည် ခြံဝင်းအတွင်း နေထိုင်ကြသော ကိုယ်ရံတော်သိုင်းသမားများ၏အလောင်းများ ဖြစ်ပါ၏။

ထိုသေဆုံးနေကြသော ကိုယ်ရံတော်သိုင်းသမားများသည် အသံကြားရသောကြောင့် အိမ်ပြင်သို့ ထွက်လာစဉ် လုပ်ကြံသတ်ဖြတ်ခံရခြင်း ဖြစ်၏။

သူတို့အားလုံးကို ယှဉ်ပြိုင်သတ်ဖြတ်နိုင်သူသည် အဆင့်မြင့်သိုင်းသမားတစ်ယောက်ဖြစ်ကြောင်း ယုံမှားသံသယဖြစ်စရာ မရှိ။

ထိုလူသတ်သမားသည် သံချပ်ဝတ်စုံလူသတ်သမားနှင့် အတူလိုက်ပါလာပြီး အထောက်အကူပေးသူ ဖြစ်ကြောင်း ထင်ရှားလှ၏။



အဘယ်ကြောင့်ဆိုသော် ...

ခြံဝင်းအတွင်း၌ သံချပ်ဝတ်စုံလူ၏ခြေရာ မရှိသောကြောင့်တည်း။

ခြံဝင်း၏ အခြားသောနေရာများတွင်လည်း အလားတူ ကိုယ်ရံတော်သိုင်းသမားများအလောင်းကို တွေ့ရ၏။

ထိုခြံဝင်းထဲတွင် စုစုပေါင်းကိုယ်ရံတော်သိုင်းသမား ဆယ့်နှစ်ယောက်တိတိရှိ၏။ ယခုတော့ သူတို့အားလုံးသည် လူသတ်သမား၏လက်ချက်ဖြင့် သေဆုံးကုန်နေပြီ။

မကြာမီ အရှေ့ဘက်အရပ်သို့ ထွက်ခွာသွားကြသော ကိုယ်ရံတော်သိုင်းသမားတစ်စု ပြန်ရောက်လာကြ၏။

သူတို့၏တွေ့ရှိချက်အရ ခြေရာနှင့် လှည်းဘီးများကလွဲ၍ ကျန် မည်သည့်သဲလွန်စမျှ မရရှိခဲ့ကြချေ။

မကြာမီ အနောက်ဘက်အရပ်သို့ ထွက်ခွာသွားကြသော ကိုယ်ရံတော်များလည်း ပြန်ရောက်လာကြ၏။

သူတို့၏ တွေ့ရှိချက်အရ လမ်းအဝတွင် ခြေရာအနည်းငယ်နှင့် လှည်းဘီးရာတစ်ခု တွေ့ရ၏။

ထိုလှည်းဘီးရာသည် ဆက်လက်၍ မြို့တွင်းရှိ တခြားသော လှည်းဘီးရာများနှင့် ရောယှက်သွားကာ ရှာမရအောင် အစအနပျောက်ဆုံးသွားခဲ့ကြောင်း စန်ကွန်းဖန်ကို အစီရင်ခံကြသည်။

သူတို့အားလုံး၏တွေ့ရှိချက်ကို ခြုံငုံသုံးသပ်သော် သံချပ်ကာဝတ်စုံနှင့် လူသတ်သမားသည် အရှေ့ဘက်အရပ်မှ မြင်းလှည်း

www.burmeseclassic.com

www.burmeseclassic.com



မြင့် ရောက်ရှိလာသည်။ လူသတ်ပြီးသော် အနောက်ဘက်အရပ်မှ မြင်းလှည်းဖြင့် ပြန်လည်ထွက်ခွာကြောင်း ထင်ရှားလှ၏။

ထိုမှတစ်ဖန် မြင်းလှည်းသည် လူစည်ကားသော မြို့တွင်းသို့ ဝင်ရောက်ကာ တခြားသောမြင်းလှည်းများနှင့် ရောနှောကာ ပျောက်ကွယ်သွားတော့၏။

ထို့ကြောင့် ခြေရာခံလိုက်သောသူများအဖို့ ဆက်လက်၍ ခြေရာခံမလိုက်နိုင်ခြင်းသာ ဖြစ်ရပေလိမ့်မည်။

သံချပ်ဝတ်စုံနှင့် လူသတ်သမားသည် လူသတ်ရန်အတွက် အသေးစိတ် စီမံချက်ရေးဆွဲထားကြောင်း ထင်ရှားလှ၏။

ထို့အတူ စန်ကွန်းဆွေနေထိုင်သော အိမ်၏အနေအထား၊ စန်ကွန်းဆွေ၏ အကျင့်စရိုက်၊ အလေ့အထစသည်တို့ကိုလည်း အသေအချာ စုံစမ်းသိရှိပြီးမှ အကြံအစည်ကို အကောင်အထည်ဖော်လိုက်ကြောင်း ထင်ရှားလှ၏။

ဤကဲ့သို့ အသေးစိတ်ကျကျ စီမံနိုင်စွမ်းရှိသူကား ထင်းတီထွေအဖွဲ့အစည်းတစ်ခုသာ ရှိ၏။

ထင်းတီထွေအဖွဲ့အစည်းသာ ဤသို့သော လူအင်အားနှင့် စွမ်းရည်ရှိပါ၏။

အမှန်စင်စစ်လည်း စန်ကွန်းဆွေသည် ထင်းတီထွေအဖွဲ့အစည်း၏ မဟာရန်သူတစ်ယောက်ပင် မဟုတ်လော။

✤ ☆ ✤



## အခန်း ( ၃ )
## အတုံ့အတင်

စန်ကွန်းဆွေ လုပ်ကြံသတ်ဖြတ်ခံရပုံ အသေးစိတ်သတင်းသည် 'ထိုင့်ဖိန်အန်းလို့ဝမ်' လုံဖေးစံမြန်းသော နန်းတော်သို့ ရောက်ရှိလာ၏။

ထိုသတင်းကိုကြားရလျှင် လုံဖေးသည် အလွန်အံ့အားသင့်သွား၏။ အလွန်တရာ ကြေကွဲဝမ်းနည်းသွား၏။

ထိုသတင်းကို ရရှိသည်နှင့်တစ်ပြိုင်နက် လုံဖေးသည် အမိန့်နှစ်ခု ချမှတ်လိုက်သည်။

ပထမအမိန့်ကား မြို့တော်နှင့်မိုင်တစ်ရာအတွင်းတွင် ရှိသော လက်အောက်ငယ်သားများအား သံချပ်ဝတ်စုံနှင့် လူသတ်သမား၏ သတင်းအစအနကို ရှာဖွေခိုင်း၏။

နောက်အမိန့်တစ်ခုကား သိုင်းလောကတွင် ရှိသမျှသော အညီကြီးသိုင်းသမားတို့၏ ကိုယ်ရေးရာဇဝင် အသေးစိတ်မှတ်တမ်း အချုပ်ကို ရှာဖွေခိုင်း၏။ ထိုကိုယ်ရေးရာဇဝင်မှတ်တမ်းထဲတွင် ဤ သံချပ်ဝတ်စုံနှင့် လူသတ်သမားအကြောင်း ရှိမရှိရှာဖွေရန် ဖြစ်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ စန်ကွန်းဖန်ပြုစုရေးသားသော လူသတ်မှုအစီရင်ခံစာက ရောက်ရှိလာ၏။ သတင်းလိုက်လံရှာဖွေနေသူများက တစ်စုံတစ်ရာမျှ မရရှိသေးပါ။

လုံဖေးသည် စည်းဝေးခန်းမဆောင်တွင်းရှိ ခုံတစ်လုံးပေါ်တွင်ထိုင်ကာ အစီရင်ခံစာ ကို ကြားနာလျက်ရှိ၏။

ထိုစဉ် သိုင်းလောကအတွင်းရှိ နာမည်ကျော်သိုင်းသမားတို့၏ ကိုယ်ရေးမှတ်တမ်းကို ထိန်းသိမ်းသော လုံဖေး၏လက်အောက် ရှန်ရန်ဖူသည် ရောက်ရှိလာ၏။

ခန်းမဆောင်ထဲတွင် လုံဖေးနှင့်အတူ သူ၏မွေးစားသားသမီး ခုနစ်ယောက်လည်း ရောက်ရှိလျက် ရှိ၏။

လုံဖေး၏မွေးစားသမီး ရှန်းယွင်သည် စားပွဲတစ်လုံးတွင်ထိုင်လျက် အစီရင်ခံစာများကို စီစစ်နေ၏။

ထိုအထဲမှ အရေးကြီးသော အချက်အလက်များကို သူမက မှတ်တမ်းတင်ပြီး အသေးစိတ် စုံစမ်းရှာဖွေရန်အတွက် ဖြစ်သည်။

ကျန်သော လုံဖေး၏မွေးစားသားသမီးကတော့ လုံဖေးအနားတွင်ရပ်လျက် အစီရင်ခံစာကို ကြားနာလျက်ရှိ၏။

လုံဖေးတွင် မွေးစားသားသမီးစုစုပေါင်း နှစ်ဆယ့်လေးယောက်ရှိသည့်အနက် သမီးရှန်းယွင်ကို အချစ်ဆုံးဖြစ်၏။

ရှန်းယွင်သည် ကိစ္စအဝဝတွင် လုံဖေးအား ကူညီကိုင်တွယ်ပေးတတ်သလို အကြံဉာဏ်များလည်း ပေးတတ်သော အမျိုးသမီးဉာဏ်ကြီးရှင်တစ်ဦးလည်း ဖြစ်၏။



ဉာဏ်စွမ်းရည်ထက်မြက်သော ရှန်းယွင်ကို လုံဖေးသည် အရာရာတွင် စိတ်ချပြီး အာဏာကုန်လွှဲအပ်ထားခဲ့၏။

စန်ကွန်းဖန်နှင့် ရှန်ရန်ဖူတို့၏အသေးစိတ်အစီရင်ခံစာကို ကြားနာပြီးသော် လုံဖေးက အားအကိုးရဆုံးသမီးဖြစ်သူအား လှမ်းမေးလိုက်သည်။

"သမီး ရှန်းယွင် … ဒီကိစ္စကို သမီးဘယ်လိုသဘောရသလဲ"

ရှန်းယွင်သည် စာရေးနေရာမှ ခေတ္တရပ်ပြီး …

"ကိုယ်ရံတော်သိုင်းသမား ဆယ့်နှစ်ယောက်ရဲ့သေဆုံးရတဲ့အော်ရာဟာ တစ်မျိုးတည်းဖြစ်တာကို တွေ့ရပါတယ်၊ နောက်ပြီး သမားတော်ကြီးတွေရဲ့ဆန်းစစ်ချက်အရ သူတို့သေဆုံးပုံဟာ တစ်ပုံစံတည်းဖြစ်တာကို တွေ့ရပါတယ်၊ ဒါကြောင့် သူတို့ ဆယ့်နှစ်ယောက်ဟာ ထင်းတိတွေအဖွဲ့အစည်းရဲ့ ခေါင်းဆောင် ဆဲမာခြို့ရဲ့လက်ချက်နဲ့ သေဆုံးသွားရတယ်ဆိုတာ ထင်ရှားပါတယ်၊ ဆဲမာခြို့က ဒီလိုဝင်သတ်တာဟာ သံချပ်ဝတ်စုံနဲ့လူသတ်သမားကို အထောက်အကူပြုပေးခြင်းသာ ဖြစ်ပါတယ်၊ သံချပ်ဝတ်စုံနဲ့လူသတ်သမားကို အောင်မြင်စွာ ဆုတ်ခွာနိုင်ဖို့ ကူညီပေးတာလို့ သမီးယူဆပါတယ်ရှင်"

လုံဖေးသည် ခေါင်းညိတ်ရင်း …

"အင်း … ဟုတ်တယ်၊ ဒီသံချပ်ဝတ်စုံနဲ့ လူသတ်သမားကိုတော့က ယိုခိုက်အောင် မတိုက်ခိုက်နိုင်ပေမယ့် ဒီလိုလွယ်လွယ်ကူကူ ကိုယ်လွတ်ရုန်းမယ်ဆို မလွယ်ပါဘူး၊ အကယ်၍ ဆဲမာခြို့က မကူညီခဲ့ရင် သူ့ကို ငါတို့က ဖြေရှာခံလိုက်နိုင်လိမ့်မယ်၊ အခုတော့ …"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ... ကျွန်မအထင်တော့ ဒီသံချပ်ဝတ်စုံနဲ့ လူသတ်သမားဟာ ဆဲမာခြုံရဲ့ လက်အောက်ငယ်သားတစ်ယောက် မဟုတ်ဘူးလို့ ကျွန်မထင်တယ်ရှင့်"

"ဖြစ်နိုင်တယ် ...သူဟာ ကြေးစားလူသတ်သမား တစ်ယောက်ပဲ"

"အများကြီးဖြစ်နိုင်ပါတယ် ဖေဖေ၊ ရွှေသားလှုံပေါင်း တစ်သောင်းဆိုတဲ့စကားဟာ ပြတ်ပြတ်သားသား ပြောခဲ့တဲ့စကားပဲ၊ သံချပ်ဝတ်စုံနဲ့လူဟာ ကြေးစားတစ်ယောက်ပဲ ဖြစ်ပါလိမ့်မယ်"

"သမီးပြောတဲ့အတိုင်းဆိုရင် ဆဲမာခြုံက သံချပ်ဝတ်စုံနဲ့ လူသတ်သမားကို ငှားရမ်းတာပဲ ဖြစ်ရမယ်ပေါ့"

"ဒီအတိုင်း သဘောရပါတယ် ဖေဖေ"

"သမီး တစ်ခုစဉ်းစားပါ ... ငွေကြေးနဲ့ငှားရမ်းပြီးတဲ့ လူတစ်ယောက်ကို ဘာကြောင့် ဆဲမာခြုံက လိုက်ပြီးကူညီနေရသလဲ"

"အဲဒါ စဉ်းစားစရာပါပဲ"

"ငါ့အယူအဆအရ ငွေကြေးနဲ့ ငှားရမ်းပြီးရင် ဆဲမာခြုံအဖို့ ဘာတာဝန်မှ မရှိတော့ဘူး၊ အခု သံချပ်ဝတ်စုံနဲ့လူကို လိုက်ပြီး ကူညီနေပုံကိုထောက်ရင် ဆဲမာခြုံဟာ ဒီလူသတ်သမားကို နောက်ထပ် အသုံးပြုစရာ ရှိနေသေးတယ်လို့ ယူဆနိုင်တယ်၊ အခု စန်ကွန်းခွေ သေဆုံးရ[illegible]အကြောင်းကိုစူးကြည့်ပါလား ... ကိုယ်ရံတော် ဆယ့်နှစ်ယောက် ဝင်ပြီးမတားနိုင်အောင် ဆဲမာခြုံက ရှင်းပစ်ခဲ့တဲ့အခြေအနေ သဲလွန်စ[illegible] နေရ[illegible]ယ်"



"ဟုတ်ပါတယ်၊ ဒီအတိုင်းဆို ဦးလေးကြီး စန်ကွန်းခွေဟာ အသတ်ခံရတဲ့ ပထမဦးဆုံးသူတစ်ယောက်ပဲ ဖြစ်ရမယ်၊ အကယ်၍ ကျွန်မတို့က ဒီသံချပ်ဝတ်စုံဝတ်ထားတဲ့ လူသတ်သမားကို မရှာဖွေ၊ မဖော်ထုတ်နိုင်ရင် ကျွန်မတို့လူတစ်ယောက် ထပ်မံအသတ်ခံရလိမ့်မယ်လို့ ကျွန်မထင်ပါတယ်၊ ဒါကြောင့် ဖေဖေက ချက်ချင်း ကျွန်မတို့ရဲ့ လူတွေကို သတိဝီရိယထားကြဖို့ အမိန့်ပေးသင့်တယ်လို့ ကျွန်မထင်ပါတယ်"

လုံဖေး ခေါင်းညိတ်၏။

"အင်း ... ဟုတ်တယ်"

လူငယ်တစ်ဦးအား လှမ်း၍အမိန့်ပေး၏။

"ချန်ဖုန်းရေ ... မင်းသွားလုပ်လိုက်စမ်း"

ထိုအခါ သူ၏ဘေးတွင် ရပ်နေသော လူငယ်လေးချန်ဖုန်း ထွက်ခွာသွား၏။

ချန်ဖုန်းသည် လုံဖေး၏ ဆဋ္ဌမမြောက် မွေးစားသားပင် ဖြစ် ၌၏။

ထိုအခါ ရှန်းယွင်သည် ဆက်လက်၍ ...

"ဖေဖေ ... ကျွန်မတို့အနေနဲ့ သံချပ်ဝတ်စုံနဲ့လူကို ကာကွယ်ဖို့ အထူးသီးသန့် သိုင်းသမား အဖွဲ့ တစ်ခု ဖွဲ့စည်းရပါမယ်၊ ဒီသံချပ်ဝတ်[illegible]နဲ့လူကို တိုက်ခိုက်နိုင်တဲ့ လက်နက်ကိုင်အဖွဲ့ဟာ နှေးညံ့မပြတ် သ[illegible] [illegible] ကင်းစောင့်သင့်ပါတယ်"

လုံဖေးက စန်ကွန်းဖန်ကိုကြည့်ပြီး ...

www.burmeseclassic.com

"လူလေးဖန်က သံချပ်ဝတ်စုံလူသတ်သမားနဲ့ တိုက်ခိုက်ဖူးတယ်ဆိုတော့ ဒီကိစ္စမှာ လူလေးဖန် တာဝန်ယူရမယ်"

"ဟုတ်ကဲ့ ... စိတ်ချပါ၊ ကျွန်တော် တာဝန်ယူပါ့မယ်"

စန်ကွန်းဖန်က တာဝန်ယူပြီး ထွက်ခွာသွား၏။

ထို့နောက် လုံဖေးက ရှန်ရန်ဖူကို လှမ်းလှည့်ပြီး မေးလေသည်။

"ကိုယ်ရေးရာဇဝင်မှတ်တမ်းအရ သံချပ်ဝတ်စုံနဲ့လူဟာ လွန်ခဲ့တဲ့ ကိုးလလောက်ကတည်းက ယူကျန်းရဲ့လို့ခေါ်တဲ့ မြစ်ကူးတံတားပေါ်မှာ ပေါ်ပေါက်ခဲ့တယ် မဟုတ်လား ... အပြည့်အစုံ ရှင်းပြစမ်းကွာ"

ရှန်ရန်ဖူက ရိုသေလေးစားစွာ ရှင်းပြ၏။

"ဟုတ်ပါတယ်ခင်ဗျာ ... ကျန်းရဲ့ မြစ်ကူးတံတားပေါ်မှာ စတင်ပေါ်ပေါက်ခဲ့တာပါ"

"ငါ နည်းနည်းပါးပါးတော့ သိပါတယ်၊ မင်းသိသလောက် ဆက်ပြောစမ်းပါဦးကွာ၊ ငါမေ့နေတာတွေများ ရှိနေသလား မသိဘူး"

ဤကား လုံဖေး၏အကျင့်ပေတည်း။

လုံဖေးသည် ပြည် နယ်အတော်များများ၌ ဖြစ်ပေါ်ခဲ့သော ထူးထူးဆန်းဆန်းအဖြစ်အပျက်များကို မသိတဲ့မရှိချေ။

သိသည်သာ ဖြစ်၏။

မှတ်ဉာဏ်လည်း ကောင်း၏။

သို့သော် သူသည် အမြဲတမ်း မသိဟန်ဆောင်တတ်၏။



သတိမေ့နေသယောင်ဟန်ဆောင်ပြီး ပြန်မေးတတ်၏။

ရှန်ရန်ဖူသည် သူတို့ဆရာကြီး၏အကျင့်စရိုက်ကို မသိသူ မဟုတ်ပါ။

သိသည်သာ ဖြစ်ပါ၏။

သို့သော် သူသည်လည်း ဤကိစ္စကို ဝယ်ပယ်နယ်နယ် သိထားပါသည်ဟု အကြောင်းပြလိုသဖြင့် အပြည့်အစုံရှင်းလင်းတင်ပြ၏။

"ကျန်းရဲ့မြစ်ကူးတံတားပေါ်မှာ စတင်ဖြစ်ပွားခဲ့တဲ့ကိစ္စက တော့ ဝါမေဂိုဏ်းနဲ့ ချင်းချန်ဂိုဏ်းရဲ့ ဂိုဏ်းသားနှစ်ဦး စိန်ခေါ်ယှဉ်ပြိုင်ခဲ့တဲ့ ကိစ္စပါပဲ"

လုံဖေးက ခေါင်းညိတ်၏။

"အင်း ... အင်း ငါနည်းနည်းသတိရလာပြီ၊ ဝါမေဂိုဏ်းက သိုင်းသမားနာမည်က ပိုးဆဲလား၊ ကိုးဆဲလား မသိဘူး"

"ပိုးဆဲပါ ဆရာကြီး"

"ချင်းချန်ဂိုဏ်းက သိုင်းသမားတွေကကော ကျန်းချဲ့ပါ"

"သူတို့ တိုက်ပွဲဖြစ်ကြရောလား"

"ချင်းချန်သိုင်းသမား ကျန်းချဲ့ရောက်မလာပါဘူး ခင်ဗျာ"

"ဟေ ... အဲဒီမှာ တိုက်ပွဲတော့ ဖြစ်တာပဲ မဟုတ်လား"

"ဟုတ်ပါတယ် ... ဖြစ်ပါတယ်၊ ဒါပေမဲ့ ကျန်းချဲ့တော့ ရောက်မလာပါဘူး၊ ကျန်းချဲ့ရဲ့ကိုယ်စား သံချပ်ဝတ်စုံနဲ့လူ ရောက်လာပါတယ် ဆရာကြီး"

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အင်း ... ဆက်ပြောကွာ"

"ငါ့ခေကာ ဗိုးဆဲဟာ သံချပ်ဝတ်စုံနဲ့သိုင်းသမားရဲ့ လက်ချက်နဲ့ ခိုင်ခိုင်ချုပ်ထားပါတယ်"

"အဲဒီ သံချပ်ဝတ်စုံဝတ်လာတဲ့လူဟာ ကျန်းချွဲပဲ မဟုတ်ဘူးလား"

"မဟုတ်ပါဘူး ခင်ဗျား၊ အဲဒီတံတားပေါ်တိုက်ပွဲကို လာကြည့်ကြတဲ့ လူတိုင်းဟာလည်း ကျန်းချွဲဟာ သံချပ်ဝတ်စုံကြီးကို ဝတ်လာတယ်လို့ ထင်ကြပါတယ်"

"နို့ ... ဟုတ်ကော မဟုတ်ဘူးလား"

"ဟုတ်လိမ့်မယ်၊ နို့မို့ဆိုရင် ဆဲမာချို့က အရင်တုန်းကတည်းက ဒီလူသတ်သမားကို အသုံးပြုခဲ့မှာပေါ့"

"ဟုတ်ပါတယ် ဖေဖေ၊ သူတို့ နောက်ပိုင်းမှ ဆက်ဆံမိကြတာလို့ပဲ ယူဆရပါတယ်"

"ထင်းတိထွေက ဘာကြောင့် ဒီလူသတ်သမားကို လက်အောက်အဖြစ် မသိမ်းသွင်းခဲ့ရတာလဲ"

"သံချပ်ကာဝတ်စုံရဲ့လူက ထင်းတိထွေအဖွဲ့ထဲ မဝင်ချင်တာပဲ ဖြစ်ရမယ်၊ ဦးလေးကြီးစန်ကွန်းဆွေကို သတ်ရတာကတော့ ရွှေသားလျှိုတစ်သောင်းတိတိကို လိုချင်လို့ သတ်တာပဲ ဖြစ်ရမယ်၊ တန်ဖိုးက နည်းနည်းနောနောမှ မဟုတ်တာဘဲ ဖေဖေ"

"ဟုတ်တယ်ကွ၊ သူ့လို အရည်အချင်းမျိုးရှိတဲ့လူက သူ့လက်အောက်ခံ လုပ်ချင်မှာလဲ"



"ဆဲမာချို့လို နာမည်ကြီးတဲ့လူစားက သူတစ်ပါးအားကိုးပြီး ကျွန်မတို့ကို လုပ်ကြံရတဲ့အဖြစ်အထိ ဖြစ်လာမှတော့ သူ့ရဲ့လက်အောက်အင်အားဟာ တော်တော် ချည့်နဲ့နေပြီလို့လည်း တစ်နည်းအဓိပ္ပာယ်ပေါက်လာတယ်၊ ကျွန်မကတော့ ထင်းတိထွေ့တွေကို သိပ်ပြီး အထင်မကြီးချင်တော့ဘူး"

"အေး ... ဟုတ်တယ်၊ ကိုးလပိုင်းလောက်က ငါတို့ရဲ့တိုက်ခိုက်မှုကြောင့် လို့ထန်မြို့က ဂူဖုံလိုတို့တစ်သိုက်ဟာ ပျက်စီးသွားခဲ့ပြီ၊ သူတို့ရဲ့ မြေအောက်ခန်းထဲမှာ ထင်းတိထွေ့တွေနဲ့ ပတ်သက်တဲ့ လျှို့ဝှက်အရေးကြီးတဲ့ စာရွက်စာတမ်းကို ငါတို့လူ ချန်ဖူးဟွားက အရယူခဲ့သေးတယ်၊ ဒါကြောင့် ထင်းတိထွေရဲ့ဌာနခွဲပေါင်း (၁၂၄) ခုကို ငါတို့အောင်မြင်စွာ ဖျက်ဆီးပစ်နိုင်ခဲ့တယ်၊ ဒါတင်မကသေးဘူး၊ မြို့တော်မှာရှိတဲ့ ထင်းတိထွေရဲ့ လျှို့ဝှက်ဌာနချုပ်ကိုတောင် ငါတို့ရှာဖွေတွေ့ရှိပြီး ဖျက်ဆီးပစ်ခဲ့တယ် မဟုတ်လား၊ အခုချိန်ထိတော့ ထင်းတိထွေရဲ့ အင်အားဟာ ငါးပုံတစ်ပုံလောက် ပျက်စီးဆုံးရှုံးသွားကုန်ပြီ၊ ကျန်သေးတဲ့ လူအင်အားက မလုံလောက်တော့တဲ့အတွက် ဆဲမာချို့ကလည်း တို့များနဲ့ ထိပ်တိုက်မရင်ဆိုင်ဝံ့ရဲဘူး၊ ဒါကြောင့် ခိုးကြောင်ခိုးဝှက်နဲ့ အလစ်ဖမ်းတိုက်ခိုက်နေတာပဲပေါ့"

လုံဖေးက အဝေးသို့ ငေးမျှော်ကြည့်ပြီး ခပ်ဖြည်းဖြည်း ဆက်ပြော၏။

"အခု ဆဲမာချို့ဟာ သူ့လက်အောက်သားတွေရဲ့စိတ်ဓာတ်မကျဆင်းရအောင် ဒီနည်းနဲ့ ငါတို့ကို ပြန်လည်တိုက်ခိုက်တာပေါ့

www.burmeseclassic.com



ငါတို့ကလည်း ထင်းတီတွေကို ဒီအချိန်မှာ အပြတ် ကျူပင်ခုတ် ကျူ
ငုတ်မကျန်စေရအောင် ရှင်းလင်းပစ်ရတော့မယ်"

ထိုအခါ ရှန်းယွင်က ...

"အခု ဆဲမာခြုံရဲ့ လုပ်ကြံမှု အောင်မြင်သွားပြီဆိုတော့ သူ့
လက်အောက်ငယ်သားတွေလည်း စိတ်ဓာတ်တက်ကြွလာမှာ သေချာ
တယ် ဖေဖေ၊ အခု စန်ကွန်းဆွေ အသတ်ခံရတဲ့ကိစ္စမှာ သံချပ်ဝတ်စုံ
နဲ့လူတစ်ယောက်တည်းရဲ့ လက်ချက်ချည်းမဟုတ်ပါဘူး၊ ဆဲမာခြုံ
ကိုယ်တိုင် ဝင်ကူပေးသေးတယ်ဆိုတော့ ဆဲမာခြုံရဲ့ အကြံအစည်ဟာ
ဦးလေးကြီးစန်ကွန်းဆွေ တစ်ယောက်တည်းတင် မဟုတ်ဘူးလို့
ကျွန်မ ထင်နေမိပါတယ်"

"ဟုတ်တယ် သမီး၊ ဒီလုပ်ကြံမှုကို အောင်မြင်ရမယ်လို့
ဆုံးဖြတ်ချက်ချပြီးမှ ဆဲမာခြုံက လုပ်ဆောင်ခြင်း ဖြစ်တယ်၊ နောက်
တစ်ချက်က ဒီသံချပ်ဝတ်စုံနဲ့ လူသတ်သမားကို နောက်ထပ်တစ်ဖန်
အသုံးချဖို့ အစီအစဉ်ရှိနေသေးတယ်ဆိုတာ သေချာတယ်၊ ဒါကို
ငါလည်း တွေးမိပါတယ်"

"အင်! ... ခက်တာက နောက်တစ်ယောက်ကို လုပ်ကြံဖို့
ကျွန်မတို့ ဘယ်လိုရှာဖွေစုံစမ်းရမလဲ၊ ကျွန်မ ထွက်ကြည့်လိုက်တော့
ထင်းတီတွေလုပ်ကြံချင်တဲ့ လူတွေဟာ အယောက်နှစ်ဆယ်ကျော်
ကျော် ရှိနေပါတယ်"

"ခက်တာတော့ ခက်တာပေါ့ သမီးရေ၊ ဘာဖြစ်ဖြစ် ဒီတစ်
ကြိမ်မှာတော့ သေသေချာချာကြီး ကာကွယ်မှုတွေ ပြုလုပ်ထားရ



မယ်၊ သံချပ်ဝတ်စုံနဲ့လူသတ်သမားကို ခြေရာခံမိအောင် ကြိုးစားကြ
ရမယ်၊ ငါ သံသယရှိနေတာက တာဖုန်းအာမခံဌာနပဲ၊ အဲဒီဌာနကို
မျက်စိဒေါက်ထောက်ပြီး စောင့်ကြည့်ကြစမ်း"

"ကျွန်မတို့ အခုတော့ ဖုန်းငွေကုန်သွယ်ရေးဌာနကို ဒီ
အတောအတွင်း ဘယ်သူဘယ်ဝါက သောင်းဂဏန်းရှိ ရွှေတန်ဖိုးအပ်
ခဲ့တယ်ဆိုတာ ဖေဖေ့အမိန့်အတိုင်း စုံစမ်းပါမယ်"

"အေး ... ရွှေသားလျှံ တစ်သောင်းအပ်သူကို မိအောင်
စုံစမ်းစမ်း"

"ဟုတ်ပါတယ် ဖေဖေ၊ ဒီကနေပြီးမှ နောက်တစ်ဆင့် ရွှေလျှံ
တစ်သောင်းကို အပ်နှံတဲ့သူကို စုံစမ်းမိရင် သံချပ်ဝတ်စုံနဲ့လူသတ်
သမားရဲ့ ခြေရာကို စုံစမ်းသိရမယ်လို့ ကျွန်မလည်း ယုံကြည်ပါတယ်"

ထိုအခါ ရှန်ရန်ဖူက ...

"ကျွန်တော်တို့ရဲ့ အသေးစိတ် စုံစမ်းသိရှိချက်အရ တာ့ဖုန်း
ငွေကုန်သွယ်ရေးဌာနမှာ ပါဝင်တဲ့ အစုရှယ်ယာဟာ အလွန်ကြီးမား
များပြားလှတယ် ခင်ဗျာ၊ ပါဝင်ကြတဲ့ သူဌေးကုန်သည်ကြီးတွေ
အားလုံးလည်း နာမည်ပျက်မရှိတဲ့ ပုဂ္ဂိုလ်တွေချည်းပါပဲ၊ သူတို့ဟာ
ကျွန်တော်တို့ကို ကူညီလိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်"

ရှန်းယွင်က ...

"ဆဲမာခြုံကလည်း ဒီတစ်ချက်ကို စဉ်းစားမိမလား ... စဉ်းစား
မိရင် ကြိုတင်ကာကွယ်ထားမှာ သေချာတယ်"

လုံဖေးက ...

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ဆီမှာ သံချပ်ဝတ်စုံနဲ့လူရဲ့ လှုပ်ရှားမှု မှတ်တမ်းတွေ ရှိမယ်ဆိုတာ ဆဲမာခြို သိချင်မှသိမှာ၊ နောက် သူက သံချပ်ဝတ်စုံနဲ့ လူအကြောင်းကိုကော ဘယ်လောက်အထိ သိသလဲဆိုတာ သိဖို့လို တယ်"

ရှန်းယွင်က ...

"သံချပ်ဝတ်စုံလူရဲ့ လှုပ်ရှားမှုဟာ နှစ်ကြိမ်တောင်မကဘူး ထင်တယ်၊ ကျွန်မတို့က သတိမထားမိတာကတစ်ကြောင်း ကျွန်မတို့က အချိန်ကုန်လူပင်ပန်းခံပြီး သူ့ရဲ့လှုပ်ရှားမှုကို လိုက်လံမစုံစမ်းနိုင်ခဲ့ဘူး၊ ကျွန်မတို့မှာ ဒီအဘက်ဘက်မှာ အခက်အခဲတွေရှိသလို ဆဲမာခြိုက သူ့အခက်အခဲနဲ့သူ လုံးပန်းနေမှာပဲ၊ ဒါကြောင့်သာ အခု သံချပ်ဝတ်စုံနဲ့လူသတ်သမားကို အဆက်အသွယ်ရပြီး အသုံးချနိုင်ခဲ့တယ်လို့ ကျွန်မ ထင်ပါတယ်၊ ဒါကြောင့် ဖေဖေပြောသလို ဆဲမာခြိုဟာ လူသတ်သမားအကြောင်းကို သိပ်သိတော့မှာ မဟုတ်ပါဘူး"

"အေး ... ကောင်းပြီ၊ ဒီကိစ္စကို စုံစမ်းထောက်လှမ်းဖို့ ရန်ဖူနဲ့ ဝမ်လီတို့နှစ်ယောက် တာဝန်ယူရမယ်"

လုံဖေးက အမိန့်ပေးလိုက်၏။

လုံဖေး၏မွေးစားသား ဝမ်လီနှင့်ရန်ဖူတို့က အမိန့်ရပြီး နောက် ဧည့်ခန်းဆောင်မှ ထွက်ခွာသွားကြ၏။

လုံဖေးက သမီးရှန်းယွင်အား ...

"သမီးရေ ...နောက်ထပ် ဘာဆက်လုပ်သင့်သေးတယ်လို့ ထင်သလဲ"



"ဘာမှမရှိတော့ဘူး ဖေဖေ၊ သံချပ်ဝတ်စုံနဲ့ လူသတ်သမား နောက်တစ်ကြိမ် ထပ်ပြီးပေါ်ပေါက်လာမှာကိုသာ စောင့်ဖို့ပဲ ရှိပါတော့တယ်"

လုံဖေးက သက်ပြင်းရှည်တစ်ချက်ချကာ စဉ်းစားနေ၏။

တကယ်တော့ ...

သူတို့၏တုံ့ပြန်လှုပ်ရှားမှုနှင့် သတင်းစုံစမ်းမှု စသည်တို့က အလွန်မြန်ဆန်လှသည်ဟု ဆိုရပေမည်။

သူတို့က လူအား၊ ငွေအားနှင့် အစွမ်းကုန်ကြိုးစားသော်လည်း သံချပ်ဝတ်စုံနှင့်လူ၏ လှုပ်ရှားတုံ့ပြန်မှုက ထင်သလောက် ပို၍မြန်ကြောင်း သူတို့မသိပါ။

သူတို့၏ အသေးစိတ်စီမံချက်များ ကြားထဲတွင် သူ၏လက် အောက် အကြီးအကဲတစ်ယောက် ထပ်မံ သေဆုံးသွားရ၏။

သံချပ်ဝတ်စုံနှင့်လူမှာ စန်ကွန်းဆွေကို လုပ်ကြံသတ်ဖြတ်ပြီး သည်နှင့် တစ်ပြိုင်တည်း ဒုတိယအကြိမ် လုပ်ကြံသတ်ဖြတ်မှုကို ဆက်၍လုပ်ခဲ့၏။

ထို ဒုတိယ လုပ်ကြံသတ်ဖြတ်ခံရမည့်သူကား ...

လုံဖေး၏ အားထားရသော လက်ထောက်တစ်ဦးဖြစ်သူ မြို့စားကြီး လီတုန်းယန်ပင် ဖြစ်ပါသတည်း။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၄ )
## နားစွင့်များသာနေသော ရန်သူ

မြို့စားကြီး လီတုန်းယန်မှာ တရားမျှတမှုရှိပြီး ဖြောင့်မတ်သော အမှုထမ်းကောင်းတစ်ဦး ဖြစ်၏။ အမှန်တရားကို လက်ကိုင်ထားရှိပြီး သစ္စာရှိသော မြို့စားကောင်းတစ်ဦး ဖြစ်၏။

သူက လုံဖေး၏ လက်အောက်ငယ်သားတစ်ဦး ဖြစ်သော်လည်း လုံဖေး၏မိတ်ဆွေ သူငယ်ချင်းကဲ့သို့ ပေါင်းသင်းခြင်းခံရသူတစ်ဦးလည်း ဖြစ်၏။

လုံဖေးက လီတုန်းယန်ကို အလွန်နှစ်သက်အားထားခြင်းမှာ လီတုန်းယန်၏ ဖြောင့်မတ်သောစိတ်ထားနှင့် အုပ်ချုပ်ရေး အရည်အချင်းကြောင့် ဖြစ်၏။ လီတုန်းယန်မှာ အသက်လေးဆယ်သာ ရှိသေးသော လူလတ်ပိုင်းတစ်ယောက်ဖြစ်၏။ ယခင်က ဆဲမာမြို့သည် လီတုန်းယန်ကို နှစ်ကြိမ်တိုင်တိုင် လုပ်ကြံသတ်ဖြတ်ရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ချေ။

သူ၏မျက်စိထဲတွင် လီတုန်းယန်မှာ အရာမရောက်သော အသေးအဖွဲလူသားတစ်ယောက်ဟုသာ ယခင်က ထင်မှတ်ခဲ့၏။



လီတုန်းယန်၏ အရည်အချင်းကို မယုံကြည်သောကြောင့် ယခင်က သူသည် လျစ်လျူရှုထားခဲ့၏။ သို့သော် ဆဲမာမြို့၏ ဘက်တော်သား မှူးကြီးမတ်ကြီးများက လီတုန်းယန်ကို အန္တရာယ်ရှိသော လူတစ်ယောက်ဟုပင် သတ်မှတ်ထား၏။

မှူးကြီးမတ်ကြီးတို့၏ မျက်စိထဲတွင် လီတုန်းယန်မှာ အုပ်ချုပ်ရေး ကျွမ်းကျင်သူ၊ တရားဖြောင့်မတ်သောသူတစ်ဦးဖြစ်သည်ဟု ထင်မှတ်ခဲ့သောကြောင့် သူတို့က မျက်စိစူးနေပြီး လီတုန်းယန်ကို သတ်ပစ်ချင်ကြ၏။ မှူးကြီးမတ်ကြီးများ၏ တိုက်တွန်းမှုကြောင့် ဆဲမာမြို့က မြို့စားကြီးလီတုန်းယန်ကို လုပ်ကြံသတ်ဖြတ်ခဲ့ရခြင်း ဖြစ်၏။

မြင်းလှည်းတစ်စီးသည် လီတုန်းယန်နေထိုင်သော အိမ်ခြံဝင်းအနောက်ဘက်ရှိ လမ်းကြားလေးတစ်ခုပေါ်သို့ ရောက်ရှိလာ၏။

သာမန်ရိုးရိုး မြင်းလှည်းတစ်စီး ဖြစ်ပြီး မြင်းလှည်းမောင်းကသုံထိုင်းသော၊ ခါးကုန်းနေသော အဘိုးအိုတစ်ယောက်ဖြစ်၏။

လမ်းကြားထဲသို့ရောက်လျှင် မြင်းလှည်းမောင်းသမားအဘိုးအို၏လက်ထဲမှ ကျာပွတ်က အမှတ်မထင် လွတ်ကျသွားသည်။

ထို့ကြောင့် မြင်းလှည်းကိုရပ်ထားလိုက်ရသည်ဟု ဘေးလူများက ထင်မှတ်ကြ၏။ ထိုအချိန်က လမ်းကြားထဲသို့ရောက်ရှိနေသော ခရီးသွားများက သိပ်မရှိလှပါ။ ခရီးသွားအပေါင်းတို့မှာ အေးချမ်းသော ရာသီဥတုနှင့် တိုက်ခတ်နေသော လေအေးတို့ကြောင့် ခေါင်းငုံ့ကာ ကိုယ့်လမ်းကိုယ် လျှောက်နေကြ၏။

ထိုမြင်းလှည်းနှင့်အဘိုးအိုကို မည်သူကမျှ ဂရုစိုက်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



နေခြင်း ခါကြေ

အဘိုးအိုက ကျသွားသောကျာပွတ်ကို ပြန်လည်ကောက်ယူပြီး မြင်းလှည်းမောင်းကာ လမ်းကြားလေးမှ ထွက်ခွာသွားသည်။

သူ့ကို မည်သူမျှ ဂရုမပြုမိပါ။ သို့သော် မြင်းနံရံဘေး၌ သံချပ်ဝတ်စုံနှင့်လူတစ်ယောက် ကျန်ရစ်ခဲ့၏။

ထိုအချက်ကိုလည်း မည်သူကမျှ သတိမပြုမိကြပါ။

သံချပ်ဝတ်စုံနှင့်လူမှာ မြင်းနောက်ဘက်ရှိ တံခါးလေးအနားသို့ ရောက်ရှိလာ၏။

သူလျှောက်လာသော လမ်းကြောင်းပေါ်တွင် ထင်ရှားသောခြေရာများ ကျန်ရစ်ခဲ့သလို လှုပ်ရှားမှုကြောင့် သံချပ်ဝတ်စုံပေါ်မှ ချွလွမ်း ... ချွလွမ်းဟူသော အသံများကလည်း မြည်ဟည်းနေ၏။

မြင်းနောက်၌ တပ်ဆင်ထားသော တံခါးရှေ့ရောက်လျှင် သံချပ်ဝတ်စုံနှင့်လူက လက်နှစ်ဖက်ဖြင့် တံခါးကို ထိုးလိုက်သည်။

တောင့်တင်းသော တံခါးမနှစ်ချပ်သည် သူ၏လက်ထဲတွင် စက္ကူများပမာ ပေါက်ပြဲ ကြေမွပျက်စီးသွား၏။ ပွင့်ဟနေသော တံခါးမှတစ်ဆင့် အထဲသို့ လှမ်းဝင်သွားလေ၏။

ထိုစဉ် ကိုယ်ရံတော်သိုင်းသမားလေးယောက် ပေါ်လာ၏။

ကိုယ်ရံတော်တစ်ယောက်က သံချပ်ဝတ်စုံနှင့်လူ၏ရှေ့၌ ဝိတ်ရပ်လိုက်ပြီး တားဆီးလိုက်၏။

"ဘယ်သူလဲ ရပ်စမ်း"

သံချပ်ဝတ်စုံနှင့်လူက လုံးဝဂရုမစိုက်ဘဲ ဆက်လျှောက်လာ



သောကြောင့် ဓားရှည်ကို ဆွဲထုတ်ကာ ရန်သူကို ဝင်ရောက်တိုက်ခိုက်ရတော့၏။ သံချပ်ဝတ်စုံနှင့်လူသည် ဝင်လာသောဓားရှည်ကို လက်တစ်ဖက် မ,မြှောက်ကာ ခုခံလိုက်၏။

ထောင်းခနဲအသံနှင့်အတူ ဓားရှည်သည် အဝေးသို့ လွင့်ထွက်သွား၏။ သံချပ်ဝတ်စုံနှင့်လူ၏ လက်သီးတစ်လုံးသည် ကိုယ်ရံတော်၏ ရင်ဘတ်ပေါ် ကျရောက်သွားသည်။

ကိုယ်ရံတော်မှာ စူးစူးရှရှအော်ဟစ်ရင်း အနောက်သို့ လွင့်စဉ်ထွက်သွား၏။ သွေးပွက်ပွက်အန်ရင်း ချက်ချင်းပင် သေဆုံးသွားလေသည်။ ကျန်ကိုယ်ရံတော်သုံးယောက်သည် အလွန်ထိတ်လန့်တုန်လှုပ်သွားသော်လည်း နောက်တွန့်ဆုတ်ခွာခြင်းမရှိဘဲ သံချပ်ဝတ်စုံနှင့်လူကို သုံးဘက်ညှပ်တိုက်တော့၏။

တစ်ခဏအတွင်း လက်နက်ပုန်း၊ သံချိတ်၊ လှံနှင့် ဓားရှည်တို့သည် သံချပ်ဝတ်စုံနှင့်လူပေါ်သို့ ကျရောက်လာ၏။

ကိုယ်ရံတော်နှစ်ယောက်တို့မှာ မည်သို့မျှမယုံနိုင်ဘဲ သေပွဲဝင်သွားရှာတော့သည်။ ထိုအခြေအနေဆိုးကြောင့် ကိုယ်ရံတော်ခြောက်ယောက် ထပ်မံရောက်ရှိလာပြီး ထိုလူကို ဟန့်တားသော်လည်း မအောင်မြင်ဘဲ ရှိနေ၏။

လီတုန်းယန်သည် စာကြည့်ခန်းထဲ၌ စာရွက်စာတမ်းများကို စော်ရှုလျက်ရှိ၏။ တရားဖြောင့်မတ်သော အမှုထမ်းကောင်းလီတုန်းယန်က ဆောင်းရာသီဖြစ်လင့်ကစား မိမိ၏တာဝန်ဝတ္တရားများကို လျက်မကွက်ဘဲ ကြိုးကြိုးစားစား လုပ်ကိုင်လျက်ရှိ၏။ အမှုထမ်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတစ်ယောက်ကား အသက်ဘေး ကြုံတွေ့ရတော့မည်။

လုံဖေးက လီတုန်းယန်အတွက် ကိုယ်ရံတော်သမားဆယ့်နှစ်ယောက်အပြင် အထူးလေ့ကျင့်ပေးထားသော အဆင့်မြင့်သိုင်းသမားနှစ်ယောက်ကိုပါ အစောင့်ချထားပေး၏။

ထိုသက်တော်စောင့် အဆင့်မြင့်သိုင်းသမားနှစ်ယောက်မှာ ကူစွမ်နှင့်ချောင်ရှိတို့ဖြစ်ကြသည်။ ကူစွမ်သည် ဓားသိုင်းကျွမ်းကျင်သူဖြစ်၏။ လက်ပြန်သိုင်းကွက်ဖြင့် နာမည်ကြီးသော သိုင်းသမား တစ်ယောက် ဖြစ်၏။ ချောင်ရှိသည် ကျာပွတ်သိုင်းကျွမ်းကျင်သူ သိုင်းသမားတစ်ယောက်ဖြစ်သည်။ သူ၏လက်ထဲမှ ကျာပွတ်ရှည်သည် အသက်ပေါင်းများစွာကို ဓိဝိနိခြွေခဲ့ပြီးပေပြီ။

ဤကဲ့သို့သောအဆင့်မြင့်သိုင်းသမားနှစ်ယောက်ကို လီတုန်းယန်၏ သက်တော်စောင့်ကိုယ်ရံတော်အဖြစ် လုံဖေးက ချပေးခဲ့၏။ ထိုသူတို့၏ သိုင်းပညာအရည်အချင်းနှင့် သစ္စာရှိမှုကို လုံဖေးက ယုံကြည်စိတ်ချသောကြောင့် လုံဖေးသည် လီတုန်းယန်၏ လုံခြုံရေးကို စိတ်မပူတော့ပေ။

မြို့တော်အတွင်းရှိ ထင်းတိထွေဌာနချုပ်ကို ဖျက်ဆီးပစ်ခဲ့သော်လည်း လုံဖေးသည် အစစအရာရာတွင်သတိမပျက်လျစ်လျူမရှုခဲ့ပါ။ မိမိလက်အောက်၏အသက်လုံခြုံရေးအတွက် နည်းနည်းမျှ သတိမဲ့ခြင်းမရှိ။ အစစအရာရာ လိုလေသေးမရှိအောင် စီမံပေးထားခဲ့၏။

သို့သော် ယခုရောက်ရှိလာသူ သံချပ်ဝတ်စုံနှင့်လူမှာ သာမန်သိုင်းသမားတစ်ယောက် မဟုတ်ပါ။ တိုက်ခိုက်ချေမှုန်းရန် အလွန်



ခဲယဉ်းသော အဆင့်မြင့်သိုင်းသမားတစ်ယောက် ဖြစ်နေ၏။

ငင်းသံချပ်ဝတ်စုံနှင့်လူသည် လီတုန်းယန်ထံ ရောက်ရှိလာခဲ့သော်ဟူသောအတွေးဖြင့် ဤသို့ ဘက်စုံထောင့်စုံ လုံခြုံရေးအပြည့်စီစဉ်ပေးခဲ့ခြင်း ဖြစ်ပေ၏။

စာကြည့်ခန်းထဲတွင် စာကြည့်နေသော လီတုန်းယန်သည် အခန်းအပြင်မှ အော်ဟစ်သတ်ပုတ်သံကို လုံးဝဂရုမစိုက်ချေ။

ဟန်မပျက် စာကြည့်နေဆဲပင်။

သူ့အတွက် အကာအကွယ်ပေးနေရသော ကိုယ်ရံတော်များ၏သိုင်းပညာအရည်အချင်းကို သူက လုံးဝယုံကြည်အားထားသည်။

အားမထား၍လည်း မဖြစ်ပါ။ သူကိုယ်တိုင် လုံးဝသိုင်းပညာမတတ်ဘဲ ရှိနေသည် မဟုတ်ပါလော။

ထိုစဉ် စာကြည့်ခန်း၏ တံခါးသည် ငုန်းခနဲပွင့်လာ၏။

လီတုန်းယန်သည် ရုတ်တရက်ဖြစ်သဖြင့် လန့်သွား၏။ စာရွက်စာတမ်းကို ခုံပေါ်သို့မချနိုင်ဘဲ မော်ကြည့်မိသည်။

ကိုယ်ရံတော်သိုင်းသမားကူစွမ်ကို တွေ့ရ၏။

ကူစွမ်က ရေးကြီးသုတ်ပျာဝင်လာ၏။

"မြို့စားကြီး ... ကျွန်တော်နဲ့အတူ ထွက်ပြေးဖို့ လိုက်ခဲ့ပါခင်ဗျာ"

လီတုန်းယန် စကားမပြောနိုင်မီ ဟူစွမ်က လီတုန်းယန်ကို ဆွဲမကာ ပြတင်းပေါက်အနီးသို့ ပြေး၏။

ထိုစဉ် တံခါးဝမှ လူတစ်ယောက်သည် ယိမ်းယိုင်သောခြေ

www.burmeseclassic.com

www.burmeseclassic.com



လှမ်းဖြင့် ဝင်လာ၏။ သူ၏ ရင်ဘတ်ပေါ်တွင် နက်ရှိုင်းစွာချိုင့်ဝင်နေပြီး ပါးစပ်မှသွေးများ အဆက်မပြတ် အန်ထုတ်နေ၏။

စာကြည့်ခန်းထဲရှိ စားပွဲတစ်လုံးနားရောက်လျှင် ဝုန်းခနဲ လဲကျသွားတော့သည်။

ကူစွမ်က ထိုလူကိုကြည့်လိုက်ရာ ချောင်ရှိဖြစ်နေကြောင်း တွေ့ရ၏။ ချောင်ရှိသည် စားပွဲပေါ်လဲကျကာ သေဆုံးသွားသည်။

ကူစွမ်သည် သူ၏ရဲဘော်သေဆုံးသည်ကို မြင်ရသောအခါ လွန်စွာ စိတ်ထိခိုက်သွား၏။ လီတုန်းယန်အား ဆွဲခေါ်ပြေးရန်ကိုပင် မေ့လျော့သွား၏။

ထိုတဒင်္ဂအတွင်းမှာပင် တချွမ်ချွမ်မြည်သံများ ကြားလာရပြီး တံခါးဝ၌ သံချပ်ဝတ်စုံနှင့်လူ ပေါ်လာ၏။

ကျာပွတ်ရှည် ရစ်ပတ်လျက် တွေ့ရ၏။

ကူစွမ်က သူ၏ဓားရှည်ကိုဆွဲ ထုတ်ပြီး သံချပ်ဝတ်စုံနှင့်လူကို ရင်ဆိုင်လိုက်၏။ လီတုန်းယန်ကိုလည်း အရေးတကြီးလှမ်းပြော၏။

"မြို့စားကြီး လွတ်အောင်ပြေးတော့၊ ကျွန်တော် ခုခံကာကွယ်နေရစ်မယ်"

လီတုန်းယန်မှာ ပြတင်းပေါက်ကို ကျော်တက်ထွက်ပြေးရန် အပြုတွင် ရုတ်တရက် ကျာပွတ်ရှည်တစ်ချောင်းက သူ၏ခြေနစ်ဖက်ကို လာရောက်ရစ်ပတ်ခံရတော့၏။

သံချပ်ဝတ်စုံနှင့်လူက ကျာပွတ် ဖြင့် လှမ်းဆွဲလိုက်ခြင်းပင်။

လီတုန်းယန်အဖို့ ထိုကျာပွတ်ရှည်ကို မည်သို့မျှမရှောင်နိုင်



ပါ။ ထိုလူက ကျာပွတ်ကိုဆောင့်ဆွဲလိုက်ရာ လီတုန်းယန်မှာ ခြေလက်ကားကားယားယားနှင့် ကြမ်းပြင်ပေါ်သို့ ပြန်ကျလာ၏။

ကူစွမ်က သံချပ်ဝတ်စုံနှင့်လူကို အပြင်းအထန် ဝင်ရောက်တိုက်ခိုက်တော့၏။

သူ၏တိုက်ကွက်က လျှပ်တစ်ပြက်အတွင်း နှစ်ဆယ့်ခုနစ်ကွက် တိုက်ခိုက်လိုက်သော်လည်း ရန်သူ၏သံချပ်ကာဝတ်စုံကြောင့် သူ၏ဓားရှည်သည် သံချပ်ကာဝတ်စုံဘေးသို့ ချော်ထွက်ကုန်တော့၏။

သံချပ်ဝတ်စုံနှင့်လူက ရုတ်တရက် ဘယ်ဘက်လက်ဖြင့် ကူစွမ်၏ဓားရှည်ကို ဖမ်းလိုက်၏။ ကူစွမ်က အတင်းဆွဲထုတ်ရန် ကြိုးစားသော်လည်း ရန်သူ့လက်ထဲမှဓားက လွတ်ထွက်မလာပါချေ။

သံချပ်ဝတ်စုံနှင့် လက်ပေါ်ရှိ သံချပ်ကာများသည် အထူးစီမံထားသော လက်နက်တစ်မျိုးပင်ဖြစ်၏။ ထိုလက်က ဆုပ်ကိုင်ဖမ်းမိလျှင် လွယ်လွယ်နှင့်မလွတ်နိုင်တော့။

ထို့ကြောင့် ကူစွမ်က မည်မျှကြိုးစားသော်လည်း အဖမ်းခံရသော ဓားရှည်ကို ဆွဲထုတ်၍မရနိုင်ခြင်းဖြစ်၏။

နောက်ဆုံးတော့ ကူစွမ်လည်း ဓားရှည်ကို လက်လွှတ်လိုက်ပြီး လီတုန်းယန်ရှိရာကို ခုန်ဝင်လိုက်သည်။

လီတုန်းယန်ကိုပတ်ကာ မချီတော့မည်အပြုတွင် သံချပ်ဝတ်စုံနှင့်လူ၏လက်ထဲမှ ဓားရှည်က ရုတ်တရက် ပျံထွက်လာပြီး ကူစွမ်၏လက်ပြင်ကို ဖောက်ထွင်းဝင်ရောက်သွားတော့သည်။

"အား"

www.burmeseclassic.com

www.burmeseclassic.com



ကူစွမ်က နာကျင်စွာအော်ဟစ်လိုက်စဉ်မှာပင် သံချပ်ဝတ်စုံနှင့်လူက အနီးသို့ရောက်ရှိလာပြီး ကူစွမ်၏နားထင်ကို သံချပ်လက်ဝါးဖြင့် ရိုက်ချလိုက်၏။ ကူစွမ်မှာ ရှန်းကန်လွင့်စဉ်သွားတော့သည်။

လီတုန်းယန်သည် မတ်တတ်ရပ်ပြီး သံချပ်ဝတ်စုံနှင့်လူကို မျက်လုံးပြူးကာ စိုက်ကြည့်လိုက်၏။ မာန်ပါပြီး ဩဇာအာဏာညောင်းသောအကြည့်ကြောင့် ထိုလူ၏မြှောက်နေသော လက်တစ်ဖက်က လေထဲတွင် တွဲခနဲ ရပ်သွား၏။

ထိုစဉ် တံခါးဝသို့ ကိုယ်ရံတော်များ ရောက်ရှိလာကြလေ၏။

လီတုန်းယန်က မာန်ပါပါအမိန့်ပေးလိုက်၏။

"ဟော့တောင် ... အဖမ်းခံစမ်း"

သံချပ်ဝတ်စုံနှင့်လူက မခိုးမခန့် ရယ်မောကာ ...

"သေခါနီးတောင် အာဏာပြချင်သေးသလား"

သံချပ်ဝတ်စုံနှင့်လူက လီတုန်းယန်၏ရင်ဘတ်ကို လက်သီးတစ်လုံး ထိုးထည့်လိုက်၏။ 'ဝုန်း' ခနဲအသံနှင့်အတူ လီတုန်းယန်သည် အရှိန်ပြင်းစွာ အနောက်ဘက်ရှိထရံကို ဝင်ဆောင့်လိုက်၏။

စာကြည့်ခန်းတစ်ခန်းလုံး တုန်ခါသွား၏။

လီတုန်းယန်မှာ ရင်ညွန့်ရိုး ကျိုးခြင်း၊ အသည်းနှလုံးများ ကြေမွပျက်စီးခြင်းများခံစားကာ သွေးအန်လျက် သေဆုံးသွားလေ၏။

သံချပ်ဝတ်စုံနှင့်လူက ၎င်းဝဂရုမစိုက်ဘဲ ရှေ့သို့လျှောက်လှမ်းကာ လက်သီးနှစ်ဖက်ဖြင့် ရှေ့မှထရံကို ထိုးထည့်လိုက်လေ၏။

ဝုန်းဝုန်းအသံနှင့်အတူ ထရံကြီး ပြိုလဲကျသွား၏။



ဖုန်မှုန့်များ၊ မြေဖြူမှုန့်များ တထောင်းထောင်းထ,နေစဉ် သံချပ်ဝတ်စုံနှင့်လူက ထရံပေါက်ကိုဖြတ်ကာ စာကြည့်ခန်းအပြင်ဘက်သို့ ရောက်ရှိသွား၏။

ထို့နောက် သံချပ်ဝတ်စုံနှင့်လူက အပြင်ဘက်ခြံဝန်းသို့ ရောက်လာပြီး ခြံဝင်းထရံကို လက်သီးနှစ်ဖက်ဖြင့် ထိုးထည့်လိုက်ပြန်၏။ သူ၏လက်သီးအောက်တွင် အုတ်ထရံမှာ သစ်သားဆွေးပမာ ကြေမွပြီး ပွင့်သွားပြန်၏။

ထိုစဉ် ကိုယ်ရံတော်နှစ်ယောက်က ဝင်ရောက်ဟိုက်ခိုက်ကြလေ၏။ သံချပ်ဝတ်စုံနှင့်လူက ကြည့်ပင်မကြည့်၊ ဘယ်ညာ လက်နှစ်ဖက် ဝှေ့ယမ်းလိုက်သည်နှင့် ကိုယ်ရံတော်နှစ်ယောက်မှာ လွင့်စဉ်ထွက်သွားတော့၏။

သံချပ်ဝတ်စုံနှင့်လူက အေးဆေးစွာ ဝင်းထရံအပြင်သို့ လှမ်းလိုက်၏။ လမ်းကြောထိပ်တွင် မြင်းလှည်းတစ်စီး အဆင်သင့်စောင့်ဆိုင်းနေသည်ကို တွေ့ရ၏။ သံချပ်ဝတ်စုံနှင့်လူမှာ မြင်းလှည်းရှိရာသို့ လျှောက်သွားပြီး တံခါးဖွင့်ကာ မြင်းလှည်းပေါ်တက်လိုက်၏။

မြင်းလှည်းလည်း လျင်မြန်စွာ ထွက်ခွာသွားတော့၏။

သူ့လုပ်ငန်းကား အောင်မြင်သွားပြန်လေပြီ။

မကြာမီ ကိုယ်ရံတော်များသည် မြင်းဇောင်းမှမြင်းများကို ဆွဲထုတ်လာကြလေ၏။ မြင်းသည်တော်သုံးယောက်သည် ခွာသံများမွှတ်လျက် မြင်းလှည်းနောက်သို့ လျင်မြန်စွာလိုက်သွားကြ၏။

ထိုဒေသတစ်ဝိုက်သည် လူသူကင်းရှင်းသောဒေသဖြစ်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



နံနက်အချိန်စောစောဖြစ်ခြင်း၊ လမ်းမကြီးပေါ်တွင် ထိုမြင်းလှည်း တစ်စီးသာ ထင်ထင်ရှားရှား မောင်းနှင်ပြေးလွှားနေခြင်း စသော အချက်များကြောင့် ကိုယ်ရံတော်များ မျက်ခြည်မပြတ်လိုက်နိုင်ကြ၏။

လိုက်ပါလာသော လမ်းတစ်လျှောက်တွင် သူတို့ အမှတ်အသားများ ချခဲ့၏။ ထိုအမှတ်အသားများက စက္ကူနီများဖြင့် ပြုလုပ်ထားသော ပန်းပွင့်များပင်ဖြစ်၏။

ဖြူဖွေးနေသောနှင်းပွင့်များ ဖုံးအုပ်ထားသော လမ်းပေါ်တွင် ပန်းပွင့်နီများကို ထင်ရှားစွာ တွေ့ရှိနိုင်ပေ၏။

ထိုကိုယ်ရံတော်သုံးယောက်သည် မြင်းလှည်းနောက် လိုက်ရင်း ခရာသံများကို အဆက်မပြတ်မှုတ်နေကြ၏။

သူတို့၏ခရာသံကိုကြားရသော လုံဖေး၏လက်အောက် ကိုယ်ရံတော်များသည် ခရာသံနောက်သို့ အပြင်းလိုက်ပါလာကြ၏။

လုံဖေးသည် မြို့တော်ရှိ နေရာအနှံ့အပြားတွင် ကင်းပုန်းများ ချထား၏။ အရေးပေါ်ကိစ္စပေါ်လာလျှင် ခရာသံမှုတ်ကာ အကူအညီ တောင်းနိုင်အောင် စီမံထားခြင်းဖြစ်ပေ၏။

ဤသို့ဖြင့် မြို့တွင်းတစ်နေရာရှိ လမ်းခွဆုံသော လမ်းဆုံတစ်နေရာကို ရောက်သော် ကိုယ်ရံတော်သုံးဦးသည် အသီးသီး ခွဲထွက်သွားကြ၏။ မြင်းလှည်းနောက်သို့ ကိုယ်ရံတော်တစ်ဦးတည်းသာ ဆက်လက်လိုက်ပါသွားပြီး ကျန်နှစ်ယောက်သည် အခြားလမ်းနှစ်ဘက်ဆီ ထွက်သွားကြ၏။ သူတို့ချထားသော ကင်းပုန်းများကို စုစည်းခေါ်ဆောင်ရန် ဖြစ်၏။ သူတို့စုစည်းမိလျှင် မြင်းလှည်းကို ဝိုင်းရံ



နိုင်သော အနေအထားမျိုး ဖြစ်ပေါ်လာမည်။

အကယ်၍ မြင်းလှည်းက သူတို့ကိုလွတ်အောင် မရှောင်ပြေးနိုင်ပါက သူတို့၏ဝိုင်းရံမှု ခံရတော့မည်။

သူတို့ကို လွတ်အောင်ရှောင်ရန်ကား မလွယ်ကူပါ။

သို့သော် ဆဲမာခြိုတစ်ယောက် ကျန်ပါသေး၏။

ဆဲမာခြိုက ရုတ်တရက် ပေါ်ပေါက်လာလျှင် အခြေအနေတစ်မျိုးတစ်ဖုံ ပြောင်းလဲသွားနိုင်ပါ၏။

လမ်းသုံးခွဆုံမှနေ၍ ညာဘက်လမ်းထဲသို့ ပြေးဝင်လာသော ကိုယ်ရံတော်မှာ ရုတ်တရက် လမ်းကြားတစ်ခုထဲမှ ပေါ်ပေါက်လာသော ဆဲမာခြိုနှင့် တွေ့ဆုံမိလေ၏။ ဆဲမာခြိုသည် အမည်းရောင်ဝတ်ရုံလွှားထားပြီး မျက်နှာကို ပဝါတစ်စဖြင့် ဖုံးအုပ်ထား၏။ ဓားသွားပမာ စူးရှလှသော မျက်လုံးတစ်စုံကိုသာ တွေ့ရှိရလေ၏။

ဆဲမာခြိုသည် ကိုယ်ရံတော်၏မြင်းရှိရာကို လွှားခနဲ ခုန်အုပ်လိုက်၏။ ကိုယ်ရံတော်သည် မိမိ၏နောက်ကျောသို့ ခုန်ဝင်လာသော ဆဲမာခြိုကို လက်ပြန်ဓားသိုင်းကွက်ဖြင့် ချိုင်းအောက်မှနေ၍ ထိုးလိုက်၏။

သူ၏ဓားရှည်က ဆဲမာခြိုထံမရောက်မီ သူ၏ပခုံးနှစ်ဖက်ကို ဆဲမာခြိုက ချုပ်ကိုင်ပြီး ဖြစ်နေ၏။ ထို့ကြောင့် ကိုယ်ရံတော်၏ လက်နှစ်ဖက်မှာ မလှုပ်ရှားနိုင်တော့ပေ။

အဝေးသို့လွှင့်ထွက်သွားသော ကိုယ်ရံတော်မှာ မြေပြင်ပေါ်သို့ ဝုန်းခနဲကျလာသော သေဆုံးသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆဲမာချြိုက ကိုယ်ရံတော်၏မြင်းကိုစီး၍ အပြေးထွက်သွားတော့၏။ ကျွန်ရစ်ခဲ့သောအလောင်းကို လှည့်၍ပင် ပြန်မကြည့်တော့ချေ။

အထက်လမ်းကြောင်းအတိုင်း မြင်းလှည်းနောက်လိုက်ပါလာသော ကိုယ်ရံတော်မှာ ရုတ်တရက် လမ်းကြားတစ်ခုမှ ပြေးထွက်လာသော မြင်းသည်တော်ကို တွေ့လိုက်ရ၏။ ကြည့်လိုက်သောအခါ မိမိ၏ရဲဘော်မဟုတ်ကြောင်း သိလိုက်သည်နှင့် လက်ထဲမှ သံချိတ်လှံနှင့် ရန်သူကို တိုက်ခိုက်၏။

ရုတ်တရက်ပေါ်လာသူက ဆဲမာချြိုပင်တည်း။

☆

ကိုယ်ရံတော်သည် မာန်သွင်းအော်ဟစ်ရင်း လက်ထဲမှ သံချိတ်လှံဖြင့် ဆဲမာချြိုအား ပစ်ထည့်လိုက်၏။

ဆဲမာချြိုက ထိုသံချိတ်လှံကို အသာအယာပင် ဖမ်းယူလိုက်ပြီး နီးကပ်လာသော ကိုယ်ရံတော်၏ရင်ဘတ်ကို ဆတ်ခနဲ ထိုးစိုက်လိုက်၏။ သိုင်းပညာအဆင့် အလွန်ကွာခြားနေသောကြောင့် ကိုယ်ရံတော်သည် မရှောင်နိုင်ဘဲ သေပွဲဝင်သွားရလေ၏။

တစ်ချိန်တည်းမှာပင် လမ်းကြားတစ်ခုမှ ကိုယ်ရံတော်နှစ်ယောက် ပြေးဝင်လာ၏။ ဆဲမာချြိုရှိရာသို့ လက်နက်ပုန်းအမျိုးမျိုးဖြင့် ပြိုင်တူပစ်ခတ်တိုက်ခိုက်ကြ၏။



ဆဲမာချြိုက သူ၏ အမည်းရောင်ဝတ်ရုံကြီးကို တစ်ဖျန်းဖျန်း ခါပြီး လက်နက်ပုန်းများကို ရိုက်ထုတ်ပစ်၏။ ထို့နောက် ကိုယ်ရံတော်နှစ်ယောက်ကြားသို့ လွှားခနဲ ခုန်ချလိုက်လေတော့၏။

ကိုယ်ရံတော်နှစ်ယောက်လည်း ဓားရှည်ကို အသီးသီး လျှင်မြန်စွာ ထုတ်ယူလိုက်ကြ၏။ ဆဲမာချြိုသည် ဓားရှည်ကို ရိပ်ခနဲ ရှောင်လိုက်ပြီး ညာဘက်ရှိ ကိုယ်ရံတော်ကို ရုတ်တရက် လက်သီးဖြင့် ထိုးလိုက်၏။

ရုတ်ချည်းပင် လက်သီးမှလက်ဝါးအဖြစ်သို့ ပြောင်းလဲကာ ထိုကိုယ်ရံတော်၏နံရိုးအောက်ကို လက်ထိပ်ဖြင့် သုံးချက်စိုက်ထိုးလိုက်၏။ ကိုယ်ရံတော်သည် စူးရှစွာအော်ဟစ်ရင်း နောက်သို့ ဆုတ်ခွာသွား၏။ ဝေါခနဲပါးစပ်မှသွေးအန်ကာ လဲကျသေဆုံးသွားတော့၏။

ကိုယ်ရံတော်တစ်ယောက်ကို ရှင်းပြီးသော် ဆဲမာချြို၏ ကိုယ်ခန္ဓာသည် တစ်ပတ်လည်ပတ်လိုက်ပြီး အခြားကိုယ်ရံတော်တစ်ယောက်၏ဓားရှည်ကို လက်ဝါးနှစ်ဖက်နှင့် ညှပ်ဖမ်းလိုက်၏။

ကိုယ်ရံတော်က ဓားရှည်ကို ချက်ချင်းလက်လွှတ်လိုက်ပြီး ဓားမြှောင်နှစ်ချောင်းကို လျှင်မြန်စွာဆွဲထုတ်လိုက်၏။

ဆဲမာချြိုက သူ့ထက်ပိုပြီး မြန်၏။ ဓားမြှောင်နှစ်ချောင်း မပစ်နိုင်မီ ဓားရှည်က ကိုယ်ရံတော်၏ ရင်ဝသို့ စူးဝင်သွားလေ၏။

ဆဲမာချြိုသည် ပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်၏။ သူတောင်းစားအဘိုးအိုတစ်ဦးကို တွေ့လိုက်ရသည်။

သူက သူတောင်းစားအဘိုးအိုကို လက်[illegible]

www.burmeseclassic.com



သတ်ဖြတ်လိုက်၏။ သူတောင်းစားအဘိုးအိုမှာ မဆီမဆိုင် အသား လွတ် သေပွဲဝင်ရရှာ၏။

ဆဲမာခြူက အဘိုးအိုမှာ မဆိုင်သောလူဖြစ်မှန်းသိလျက်နှင့် နှုတ်ပိတ်သတ်လိုက်ခြင်း ဖြစ်ပါသည်။

ဆဲမာခြူက ဤဒေသ၏ပတ်ဝန်းကျင်အနေအထားကို နော ကျေနေပြီဖြစ်သောကြောင့် လမ်းကြားထိပ်ရောက်သော် လျင်မြန်စွာ ဘယ်ဘက်ချိုးကွေ့ဝင်လိုက်၏။

လမ်းဆုံမှ ဘယ်ဘက်လမ်းမပေါ်သို့ ပြေးသွားသော ကိုယ် ရံတော်က မိမိ၏ရဲဘော်များ သေဆုံးသွားပြီဖြစ်ကြောင်း မသိရှာပါ။ လမ်းမကြီးအတိုင်း မြင်းလှည်းထွက်ခွာရာ လမ်းကိုကွေ့ပတ်ကာ အ ဖော်များနှင့် ပြန်ဆုံရန် ချိန်းဆိုသည့်အတိုင်း ထွက်ခွာလာလျက်ရှိ၏။

သူ၏နောက်မှ ကိုယ်ရံတော်ရှစ်ယောက်တို့ လိုက်ပါလျက် ရှိနေပါပြီ။

လမ်းမကြီးပေါ်သို့ရောက်လျှင် မြင်းလှည်းတစ်စီးက လျင် မြန်သောအရှိန်အဟုန်ဖြင့် ပြေးလွှားသွားသည်ကို သူတို့တွေ့လိုက်၏။

သို့သော် မြင်းလှည်းပေါ်တွင် မောင်းနှင်သောမြင်းလှည်း သမားကိုတော့ မတွေ့ရချေ။ ထိပ်ဆုံးမှကိုယ်ရံတော်မှာ ထိုမြင်ကွင်း ကြောင့် အံ့အားသင့်သွား၏။ အဘယ်ကြောင့် လှည်းဦးစီးမပါဘဲ မြင်း လှည်းပြေးလွှားနေရသနည်း။

သူက မြင်းကုန်းနှီးဘေးမှ လုံနှစ်ချောင်းကိုယူပြီး တစ် ချောင်းပြီးတစ်ချောင်း ပစ်လွှတ်လိုက်၏။



ထိုလုံနှစ်ချောင်းမှာ အရှိန်ကုန်ပြေးလွှားနေသော မြင်း နှစ်ကောင်၏ခြေထောက်ကြားသို့ တန်းတန်းမတ်မတ်ဝင်သွားပြီး မြင်း လှည်းကွေ့ စောင်းကာ မှောက်ကျသွားတော့၏။

မြင်းနှစ်ကောင်စလုံး ခြေကျိုးသွား၏။ သို့သော် မြင်းလှည်း ထဲမှ မည်သည့်လူသားမျှ ထွက်မလာပါချေ။ မှောက်သွားသော မြင်း လှည်းအနီးသို့ ကိုယ်ရံတော်များ လျင်မြန်စွာရောက်ရှိလာကြ၏။

လူတစ်ယောက်မျှ မတွေ့ရသောကြောင့် မြင်းလှည်းကို ကြောင်အမ်းအမ်းနှင့် ကြည့်နေမိ၏။ နောက်မှကိုယ်ရံတော် တစ် ယောက်က ရှေ့တိုးလာကာ မြင်းလှည်းကို သေချာစွာစစ်ကြည့်ပြီးမှ သူ၏အဖော်ကို မေးလိုက်၏။

"မင်းတွေ့တာ ဒီမြင်းလှည်းဆိုတာ သေချာရဲ့လား"

"သေချာပါတယ်၊ လုံးဝမမှားနိုင်ပါဘူး"

ဦးဆောင်သောကိုယ်ရံတော်က ဖြေလိုက်၏။

"ဒါဆိုရင် သူတို့ဟာ မြင်းလှည်းကိုစွန့်ပြီး ထွက်ပြေးသွားပြီ ထင်တယ်"

"မြင်းကိုမမောင်းနှင်ဘဲနဲ့ ဒီအထိရောက်မလာနိုင်ဘူး၊ သူ တို့က လမ်းကြားထောင့်ကနေ မြင်းလှည်းကိုစွန့်ခွာသွားတာပဲ ဖြစ်ရ မယ်"

"မြင်းလှည်းနောက်ကို ခြေရာခံလိုက်တဲ့လူကိုကော မတွေ့ ဘူးလား"

"အင်း သူတို့တော့ အသက်အန္တရာယ် ကြုံနေပြီထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဦးဆောင်သော ကိုယ်ရံတော်က စဉ်းစဉ်းစားစား ပြောပြီးမှ

— "ဒီမှာ နှစ်ယောက်နေခဲ့၊ ကျန်တဲ့လူတွေ ငါနဲ့အတူ မြင်းရည်ရဲ့လာလမ်းအတိုင်း သွားရှာကြမယ်"

ဟုဆိုကာ မြင်းပေါ်ခုန်တက်လိုက်၏။

ကိုယ်ရံတော်ခြောက်ဦးကလည်း သူ့နောက်ကို လျင်မြန်စွာ လိုက်ကြ၏။

မြင်းလှည်းကို စောင့်ကျန်ရစ်ခဲ့သော ကိုယ်ရံတော်နှစ်ဦးကမူ သဲလွန်စများကို သေချာစွာ ရှာဖွေနေကြ၏။

သို့သော် မြင်းလှည်းထဲတွင် မည်သည့်သဲလွန်စမျှ မတွေ့ရ။

ထို့အတူ မြင်းလှည်းပတ်ဝန်းကျင်တစ်ဝိုက်တွင်လည်း မည်သည့်သဲလွန်စမှ မတွေ့ရချေ။

ထိုအနီးတစ်ဝိုက်တွင်ရှိလူများကို စုံစမ်းမေးမြန်းသော်လည်း မည်သူကမျှ သံချပ်ဝတ်စုံနှင့်လူကို တွေ့ရှိလိုက်ရကြောင်း မပြောကြပေ။ နောက်ဆုံး၌ ထိုသတင်းသည် လုံဖေးထံသို့ ရောက်ရှိသွားသည်။

လုံဖေးက သံချပ်ဝတ်စုံနှင့်လူနှင့် မြင်းရထားကိစ္စအတွက် ခေါင်းခဲနေ၏။

လေးလံသော သံချပ်ဝတ်စုံကို ဝတ်ဆင်ထားသော လူတစ်ယောက်က နှင်းထူသောလမ်းပေါ်တွင် အဘယ်သို့သောနည်းဖြင့် ခြေရာမပေါ်အောင် လမ်းလျှောက်နိုင်သနည်း။

မြင်းရထားပေါ်မှ အဘယ်သို့ ခြေရာပျောက်သွားသနည်း။ လမ်းကြားထဲတွင် အသတ်ခံရသော ကိုယ်ရံတော်များနှင့်



သူတောင်းစားအဘိုးအိုတို့သည် ဆဲမာခြို၏လက်ချက်နှင့် သေဆုံးမည်မှာ သေချာ၏။

သံချပ်ဝတ်စုံနှင့်လူသည် ဆဲမာခြိုနှင့် တစ်ယောက်စီဖြစ်သလော။ သို့မဟုတ် သံချပ်ဝတ်စုံနှင့်လူသည် ဆဲမာခြိုကိုယ်တိုင်ပင် ဖြစ်သလော။

အကယ်၍ ဆဲမာခြိုမှာ သံချပ်ဝတ်စုံနှင့်လူဖြစ်ပါက အခြေအနေက မတွေးဝံ့စရာပင်။

ဆဲမာခြို၏ သိုင်းပညာအရည်အချင်းက အလွန်မြင့်၏။

သံချပ်ဝတ်စုံသာ ဆဲမာခြို ရရှိသွားပါက ကြီးမားလှသော အန္တရာယ်နှင့် ကြုံရတော့မည်ဖြစ်ကြောင်း လုံဖေး စဉ်းစားနေမိ၏။

"ဟင်း ... ဒီတစ်ကြိမ်မှာတော့ ဆဲမာခြိုဟာ ငါ့ထက်တစ်ကွက်ကြောနေပြီ၊ ဒီတစ်ကွက်ကို ပြန်မကြောနိုင်ရင် ငါတို့ရှုံးလိမ့်မယ်"

လုံဖေးက စိတ်ထဲမှပြောမိ၏။

သို့သော် အခြေအနေက သူထင်သလောက် မဆိုး။

သူ့လူများက လိုအပ်သောသတင်းများကို ရအောင် စုဆောင်းနိုင်ခဲ့ကြပါသည်။ တာ့ဖုန်းအာမခံဌာနကို စုံစမ်းရရှိသော သတင်းများ မကြာမီ ရောက်ရှိလာ၏။

ထိုသတင်းကား လွန်ခဲ့သောခြောက်လအတွင်း တာ့ဖုန်းအာမခံဌာနတွင် တန်ဖိုးအားဖြင့် သောင်းဂဏန်းရှိသော ရွှေများကို အပ်နှံခဲ့သူမှာ တစ်ယောက်တည်းသာရှိကြောင်း၊ ထိုလူသည် သုံးကြိမ်တိုင်တိုင် အပ်နှံခဲ့ကြောင်း သတင်းရရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမအကြိမ်တွင် ရွှေသားလျှံပေါင် တစ်သောင်းတိတိ၊ ဒုတိယအကြိမ်သည် ရွှေသားလျှံပေါင်း တစ်သောင်းတိတိနှင့် တတိယအကြိမ်တွင် ရွှေသားလျှံပေါင်း သုံးသောင်းတိတိကို အပ်နှံခဲ့ကြောင်း သတင်းရခဲ့သည်။

ထို့ကြောင့် … စန်ကွန်းဆွေနှင့် လီတုန်းယန်ကို လုပ်ကြံသတ်ဖြတ်ခဲ့ခြင်းကိစ္စ၌ ရွှေသားလျှံပေါင်း တစ်သောင်းတိတိစီ အသီးသီး ကုန်ကျခဲ့ကြောင်း လုံဖေးသိရ၏။

အသတ်ခံရသော လူပေါ်တွင် မူတည်၍ ငွားခတန်ဖိုးသည် ခက်လျှင်ခက်သလို တိုးတိုးလာကြောင်း ခန့်မှန်းသိရှိနိုင်၏။

စန်ကွန်းဆွေနှင့် လီတုန်းယန်တို့သည် လုံဖေး၏ အားထားရသော လက်အောက်အမှုထမ်းများဖြစ်ကြသောကြောင့် တန်ဖိုးကြေးငွေက အတူတူဖြစ်၏။

သို့သော် ကျန်ရှိသော လျှံပေါင်းသုံးသောင်းတိတိရွှေသားက မည်သူ့ကိုသတ်ရန်နည်း။ စန်ကွန်းဆွေနှင့် လီတုန်းယန်ထက် တန်ဖိုးကြီးသော လုံဖေး၏လက်အောက်ငယ်သား မည်သူဖြစ်သည်ကို လုံဖေးကိုယ်တိုင် မသိဘဲဖြစ်နေ၏။ မစဉ်းစားနိုင်ဘဲ ဖြစ်နေ၏။

ထို့ကြောင့် …

မိမိလက်အောက်ရှိ အရေးပါ အရာရောက်သော ပုဂ္ဂိုလ်များအားလုံး၏ကာကွယ်မှုကို တိုးမြှင့်ရန်ကို လုံဖေးက အမိန့်ချလိုက်၏။



## အခန်း (၅)
## သဲလွန်စ

ထိုရွှေသားလျှံပေါင်းသောင်းတိတိကို အလွှဲခံရသူ၌ အပ်နှံခဲ့သူမှာ ဝမ်ကျိုဆိုသူပင်ဖြစ်ကြောင်း သိရှိရ၏။

လုံဖေးအဖို့ ဝမ်ကျိုသည် သူစိမ်းတစ်ယောက်မဟုတ်ပေ။ သူသိသော လူတစ်ယောက်တွင် ဖြစ်၏။

ထိုသူကား ကျိုကွမ်ရယ်၏ယောက်ဖပင် ဖြစ်၏။

ကျိုကွမ်ရယ်သည် ဘုရင်ဧကရာဇ်ကြီး၏ နန်းမမြောက်ညီတော် ဖြစ်၏။

ထင်းတော်ဆွေနှင့် တိုက်ခိုက်အဆက်အသွယ်ရှိနေ၍ ဖြစ်၏ ဘုရင်ဧကရာဇ်၏ အချုပ်အခြာအာဏာပိုင်မှုကို ပုန်ကန်ရန် ကြံစည်ရှိသူတစ်ယောက်သည်း ဖြစ်၏။

နောင်တော်ဘုရင်ဧကရာဇ်ကြီးကိုဖြုတ်ချ၍ ထိုနေရာ ဆန္ဒရှိသောကြောင့် ထင်းတော်ဆွေခေါင်းဆောင်သော ကျိုကွမ်ရယ်သည် အဆက်အသွယ်ပြုလုပ်ထားကြသည်ဟု သတင်းရသော၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏အကြံအစည်တို့က ပိရိလှသောကြောင့် ခိုင်လုံသော အထောက်အထားတစ်ခုတလေမျှ လုံဖေး မရရှိသေးပေ။

သူတို့တွင် ယုတ်မာသောအကြံအစည်ရှိပြီး တိုက်တဆိတ်လျှို့ဝှက်စွာ အဆက်အသွယ်ရှိကြောင်းကို လုံဖေးက စုစမ်းသိရှိထားသော်လည်း ခိုင်လုံသောသက်သေအထောက်အထားများကို လက်ဆုပ်လက်ကိုင် မရှိသေးသောကြောင့် လုံဖေးအနေဖြင့် မည်သို့မျှ အရေးမယူနိုင်ဘဲ ရှိနေရ၏။

ယခု တဘုမ့န်းအာမခံဌာနသို့ ရွှေသားလျှံ့ငါးသောင်းအပ်ထားသည်ကို သိရုံမျှနှင့် ဝမ်ကျိုကိုလည်းကောင်း၊ ကျိုကွမ်ရယ်ကိုလည်းကောင်း အရေးမယူနိုင်သေးပေ။

ပထမလျှံ့နှစ်သောင်းသည် စန်ကွန်းချေ့နှင့် လီတုန်းယန်တို့ကို သတ်ရန် ငှားရမ်းသည့်ငွေကြေးဖြစ်ကြောင်း လုံဖေးအနေဖြင့် မည်သို့သက်သေပြနိုင်မည်နည်း။

နောက်ထပ် လျှံ့သုံးသောင်းအတွက် သေလူမှာ မည်သူမှန်း မသိသေးပေ။

ထိုလျှံ့သုံးသောင်းအပ်သည့်ကိစ္စအတွက် မည်သို့အရေးယူမည်နည်း။

တစ်ခုတော့ ရှိ၏။ ဆဲမာမြို့နှင့် သံချပ်ဝတ်စုံနှင့်လူကို သဲလွန်စရှာ ခြေရာခံ ရန်အတွက်မူ ဤကိစ္စသည် အရာရောက်သည်။

မကြာမီ ရန်ဖူနှင့် ဝမ်လီတို့သည် ကျိုကွမ်ရယ်နှင့် ပတ်သက်သမျှ ရာဇဝင်အသေးစိတ်မှတ်တမ်းကို ယူဆောင်လာသည်။



လုံဖေးသည် ထိုရာဇဝင်မှတ်တမ်းကို ထပ်မံလေ့လာရပြန်တော့၏။

သူပတ်လည်တွင် သူ၏မွေးစားသားသမီးများက ငြိမ်သက်စွာ စောင့်နေကြ၏။

ထိုစဉ် သံချပ်ဝတ်စုံနှင့်လူသတ်သမားကို လိုက်လံရှာဖွေနေသော သတင်းများ ရောက်ရှိလာ၏။

ထိုလူသတ်သမားများကို ယခုထက်တိုင် ခြေရာခံခြင်းမရှိသေးကြောင်း အစီရင်ခံခြင်းသာ ဖြစ်၏။

နေလည်မွန်းတည့်ချိန်သို့သာ ရောက်ရှိလာသည် ... ထူးခြားသော မည်သည့်သတင်းအစအနမျှ မရှိပေ။

သံချပ်ဝတ်စုံနှင့် လူသတ်သမား၏ ဒုတိယမြောက်လုပ်ကြံသတ်ဖြတ်မည့်သူကိုလည်း၊ ယခုထက်တိုင် စဉ်းစား၍ အဖြေမရသေး၍ လုံဖေး ဦးနှောက်ခြောက်လာ၏။

သူသည် မှတ်တမ်းများကို သူ့ရှေ့ချပြီး ထေးနေရာမှ ဦးနှောက်ထဲ၌ အသိဉာဏ် ထက်ခနဲ ဖြစ်သွား၏။ ထို့ကြောင့် သူ၏မွေးစားသမီးများအား လှမ်း၍ပြောလိုက်၏။

"သံချပ်ဝတ်စုံနဲ့ လူသတ်သမားရဲ့ နောက်ကျန်သေးတဲ့လုပ်ကြံမယ့်သူဟာ တော်တော်အရေးကြီးတဲ့လူတစ်ယောက် ဖြစ်နိုင်မယ်လို့ ယုံမှားစရာမရှိဘူး။ ဒီလူဟာ ငါ ဖြစ်လိမ့်မယ်"

သူ၏စကားကို ကြားရသော လုံဖေး၏မွေးစားသားသမီးတို့သည် အလွန်တုန်လှုပ်သွား၏။ ရုန်းမွှေ့င်က ...

www.burmeseclassic.com

"ဖေဖေဟာ … ရွှေသားလုံး သုံးဆောင်းပဲ တန်တယ် … ဟုတ်လား"

လုံဖေးက ပြုံးရယ်ရင်း …

ဆံမာခြူရဲ့ မျက်စိထဲမှာတော့ ငါဟာ ဒီထက် [illegible] ရှိတာပေါ့၊ ဒါပေမဲ့ သံချပ်ဝတ်စုံနဲ့လူက သိချင်မှသိမှာ၊ ဆံမာခြူကလည်း သူ့ကို ပြောပြလိမ့်မယ်မဟုတ်ဘူး၊ သူပြောမှ သူ လေ့လာ [illegible] လူ ရှိပါဦးမလား"

ရှိန်းယွင်က …

"ဒီနေရာမှာ အဆင့်မြင့်သိုင်းသမားတွေ အများကြီး စောင့်ကြပ်နေတယ်ဆိုတာ ဆံမာခြူသိမှာပေါ့၊ သံချပ်ဝတ်စုံနဲ့ သိုင်းသမားများဟာ ဒီမြင့်နေရာမှာ လွယ်ချင်လွယ်မယ်၊ ဒီနေရာမှာတော့ လွယ်မှာမဟုတ်ပါဘူး ဖေဖေရယ်"

"ဒါက သမီးရဲ့ အယူအဆကိုပဲ ဆံမာခြူက ကြည့်ရှုတွေးဖို့ လုပ်သင့်တဲ့ကိစ္စပဲ"

"မအောင်မြင်နိုင်တဲ့ကိစ္စကို လုပ်သင့်သလား ဖေဖေ"

"မအောင်မြင်ဘူးလို့ ဘယ်သူက အတတ်ပြောနိုင်မလဲ၊ ဒါက စမ်းလိုက်တာပဲ၊ အောင်မြင်ရင်အမြတ်ပဲ၊ မအောင်မြင်လို့လည်း ဆံမာခြူအတွက် အဆုံးအရှုံးမရှိဘူး၊ သူ့ အဖို့ လုံးသုံးဆောင်းဟာ အရေးမကြီးလှပါဘူး၊ ရွှေမရှိရင် သံချပ်ဝတ်စုံနဲ့လူပဲ ရွှေမယ်ဟာ လေ"

ဒါပေမဲ့ ကျွန်မစိတ်ထဲမှာတော့ သံချပ်ဝတ်စုံနဲ့လူဟာ ဒီကို [illegible]



လာရဲမယ်လို့ မထင်ဘူး"

"သမီးမှာ အကြောင်းပြချက်ရှိလို့လား"

ပထမနှစ်ယောက်တော့ ကျွန်မတို့ဘက်က ဆုံးရှုံးခဲ့ပြီးပြီ နောက်ထပ်တစ်ယောက်ကို လွယ်လွယ်နဲ့ မသတ်နိုင်တော့ဘူးဆိုတာ သူသိမှာပေါ့၊ အစောင့်အကြပ်တွေ ဆယ်ဆတိုးပြီး စောင့်ကြပ်နေမယ်ဆိုတာ သူရိပ်မိမှာပေါ့"

လုံဖေးက တဟဲဟဲရယ်လိုက်၏။

"ဒါက ဘာဆန်းသလဲ၊ ကြေးစားဆိုတာ ဒီက အစောင့်အကြပ်တွေကို ကြောက်နေတာ မဟုတ်ဘူး၊ ဒီအစောင့်အကြပ်တွေကို ဘယ်လိုဖြတ်ကျော်ရမလဲဆိုတာပဲ စဉ်းစားတတ်ကြတယ်"

လုံဖေးသည် သက်ပြင်းတစ်ချက်ချကာ …

"ဟင်း … ဟိုသံချပ်ဝတ်စုံနဲ့ လူသတ်မယ့်လူဟာ ငါပဲဖြစ်ပါစေလို့ ငါ့စိတ်ထဲမှာ ဆုတောင်းနေမိပါတယ် သမီးရယ်"

ဖေဖေ့အနေနဲ့ ဟိုလူသတ်သမားကို အပိုင်ချုပ်ကိုင်နိုင်တဲ့ စွမ်းရည်ရှိတယ်ဆိုတာ သမီးတို့ သိပါတယ်၊ သူသာ တကယ်လာရင်တော့ ကောင်းတာပေါ့၊ မဟုတ်ရင် ပြဿနာကို ကျွန်မတို့ တော်တော် ရှင်းနိုင်မှာမဟုတ်ပါဘူး"

လုံဖေးက ခပ်တိုးတိုးတိုးတိုး ပြော၏။

"ယခုလက်ရှိမြို့တော်ထဲမှာ ထင်းတို့တွေ သတ်ခဲ့တဲ့လူတွေ အများကြီးရှိသေးတယ်၊ ဒီရွှေသားလုံးသုံးဆောင်းတိတိဟာ ငါတို့ထက် အောက်သုံးယောက်ကိုသတ်မယ့် ငွေတန်ဖိုးဆိုတာလည်း [illegible]

www.burmeseclassic.com



သေတာယ် ဟုတ်လား"

ထိုအခါ ရန်ဖူက ဝင်၍ပြောဆို၏။

"ကျွန်တော့်အထင်တော့ စောင့်နေမယ့်အစား တစ်ခုခု လှုပ်ဆောင်တာက ကောင်းမယ်ခင်ဗျာ"

"အင်း ... မင်းဆိုလိုချင်တဲ့သဘောက ..."

"ကျွန်တော်တို့ဟာ ဝမ်ကျီဆိုတဲ့လူကို ခြေရာ ခံစုံစမ်းထောက်လှမ်းရင် မကောင်းဘူးလား"

"ဝမ်ကျီ ဘယ်မှာနေတယ်ဆိုတာ သိလား"

"ကျိုကွမ်ရယ်နဲ့ နန်းဆောင်မှာနေတယ် ခင်ဗျာ"

ဟုဆိုကာ ခေါင်းငုံ့နေလိုက်တော့သည်။

☆

လုံဖေးသည် ရန်ဖူကိုကြည့်ပြီး သက်ပြင်းတစ်ချက်ချကာ ပြောသည်။

"ငါတို့ဆီမှာ နိုင်လုံတဲ့ အထောက်အထားသက်သေ မရှိဘူး နောက် ကျိုကွမ်ရယ်ရဲ့ နန်းတော်ထဲမှာ အစောင့်အကြပ်တွေ ထူထပ်စွာ ချထားသေးတယ်၊ အခုထက်တိုင် သူတို့ဆီကို သူလျှိုလုပ်ဖို့ ငါတို့လူ တစ်ယောက်မှ တိုးဝင်လို့မရနိုင်သေးဘူး"

လုံဖေးသည် မှတ်တမ်းစာရွက်များကို ရှန်ဖေလှာကြည့်ပြီး ဆက်ပြော၏။



"ငါတို့ဆီမှာရှိတာက နန်းတော်ရဲ့ မြေပုံတစ်စောင်ပဲ ရှိတယ်"

ရန်ဖူက ရိုသေစွာ ပြောသည်။

"ဟုတ်ကဲ့ ... ဒီမြေပုံဟာ မြေပုံအတုလို့ မသင်္ကာစရာတော့ မရှိနိုင်ဘူး မဟုတ်လား ခင်ဗျာ"

"အင်း ... ဟုတ်တယ်၊ ဒီမြေပုံဟာ တိဗက်က အိမ်ဆောက်တဲ့ ဗိသုကာဆရာကြီး လို့ ဖုက်ထိမ်ချန်ခဲ့တဲ့ မြေပုံပဲ"

လုံဖေး၏ မွေးစားသားက ဝင်ပြောသည်။

"ကျိုကွမ်ရယ်ဟာ အတော်လည်း ရက်စက်တဲ့လူပဲ ခင်ဗျ သူ့နန်းတော်ကို တည်ဆောက်ပေးခဲ့တဲ့ ဗိသုကာဆရာကြီးနဲ့ အလုပ်သမားတွေအားလုံးကို နန်းတော်တည်ဆောက်ပြီးတဲ့နောက်ပိုင်းမှာ တစ်ယောက်မကျန် အကုန် နှုတ်ပိတ်သတ်ဖြတ်ခဲ့တယ်လေ၊ ကံကောင်းချင်လို့သာ ကျွန်တော်တို့က ဒီမြေပုံကို အမှတ်မထင် ရလိုက်တာပါ"

"အခု ဒီမြေပုံဟာ ငါတို့အတွက် အသုံးဝင်သွားပြီကွယ့်"

ထိုအခါ ရှန်းယွင်က ...

"ဖေဖေက ဘယ်သူ့ကိုရွေးပြီး စုံစမ်းခိုင်းမလို့လဲ"

"ဒီလူဟာ ဉာဏ်ထက်ရည်၊ နှလုံးရည် အဘက်ဘက်မှာ အရည်အချင်းပြည့်ဝတဲ့လူ ဖြစ်ရမယ်၊ သစ္စာရှိတဲ့လူတစ်ယောက်လည်း ဖြစ်ရမယ်၊ အကယ်၍ မအောင်မြင်ရင် ငါတို့ကို အနှောင့်အယှက်မပေးနိုင်တဲ့လူလည်း ဖြစ်ရမယ်"

အားလုံး ငြိမ်သက်သွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



လုံဖေးက ထောက်ပေးလိုက်သည်။

“တွေ့သိမှုတစ်ယောက်ရှိတယ်လေ”

ထိုစကားကြောင့် ရှန်းယွင်၏အသိဉာဏ် ပွင့်လက်သွားသည်။

“အစ်ကိုကြီး ချန် ... ချန်မှုဝါ မဟုတ်လား”

“ဟုတ်တယ် ... အသင့်တော်ဆုံးသူဟာ ချန်မှုဝါပဲ၊ ဒါပေမဲ့ ဒီအန္တရာယ်များတဲ့ကိစ္စ ငါလည်း သိပ်စိတ်မချဘူး၊ ဒီလိုအရည်အချင်းပြည့်ဝတဲ့ လူတစ်ယောက် ဆုံးရှုံးသွားရင် သိပ်နှစ်နာမယ်”

ရှန်းယွင် စကားကိုဆက်မပြောတော့ဘဲ ခေါင်းငုံ့သွားသည်။ ရှန်းယွင်ငြိမ်သက်သွားခြင်းက ချန်မှုဝါဟူသောအမည်၏ စွမ်းအားကို အထူးပြုလိုက်သလို ဖြစ်သွား၏။

ချန်မှုဝါဆိုသည်မှာ မည်ကဲ့သို့သော လူစားမျိုးနည်း။

သို့သော် မည်သူကမျှ ချန်မှုဝါ အကြောင်း ထပ်မံ၍ စကားမပြောတော့ပေ။

ထိုစဉ် လုံဖေးက ဆက်၍ ပြောလေ၏။

“မြို့တော်တစ်ခုလုံးမှာ ကျွန်ုပ်ရဲ့နန်းတော်ကို စုံစမ်းဖို့ဆိုဘာ ငါတို့အဖို့ အခက်ခဲဆုံးပဲ၊ အကယ်၍ ဒီအတော်အတွင်း နန်းတော်အစောင့်အထားတွေ ပြောင်းလဲခဲ့ရင် မြေပုံအားကိုးနဲ့ ဝင်သွားတဲ့လူဟာ အသက်အန္တရာယ်နဲ့ တွေ့ကြုံရလိမ့်မယ်ကွယ်”

စက်ရာဇ်ကြီးပေါ်ထိုင်နန်းနှင့် အသက်လုံခြုံရေးကို တာဝန်ယူထားရသည့် လုံဖေးက စဉ်းစားဉာဏ်ကြီးမားသူဖြစ်သည်။



လက်ထဲ၌ရောက်ရှိနေသည့် ဗိသုကာပုံစံမြေပုံကိုပင် အလွန်းကာရော မယုံကြည်ချေ။

ပြောင်းလဲနိုင်သည့် အချက်များကို ထည့်သွင်းစဉ်းစားခဲ့သည်။ ဤသို့ ထည့်သွင်းစဉ်းစားခြင်းမှာလည်း ချန်မှုဝါကဲ့သို့သော အလွန်တော် အစွမ်းထက်လှသည့် သူရဲကောင်းမျိုးကို ဆုံးရှုံးသွားမှာ စိုးရိမ်၍ ဖြစ်ပေ၏။

ရှန်းယွင်က တိုးတိုးလေးဝင်ပြော၏။

“ဖေဖေ ... ကျွန်မတို့အနေနဲ့ ဦးရီးတော်ကို တွေ့ရမယ်ရဲ့ နန်းတော်ထဲ ဝင်စုံစမ်းဖို့ကိစ္စဟာ မလုပ်မဖြစ် လုပ်ရမယ့်ကိစ္စပဲ မဟုတ်လား”

လုံဖေးက ခေါင်းညိတ်၏။

“မလုပ်လို့ ဘယ်ဖြစ်တော့မလဲ၊ ခြေရာတွေ နေ့လို့မှ ခြေရာနောက်မလိုက်ရင် ငါတို့လောက် မိုက်တဲ့လူ ဘယ်မှာရှိတော့မှာလဲ ...”

“ဒါဆိုရင် အစ်ကိုကြီးချန်မှုဝါကို တာဝန်ပေးလိုက်ရုံပေါ့ ... ဖေဖေရယ်”

“ပေးတာတော့ ပေးမှာပါ၊ ဒါပေမဲ့ အန္တရာယ်ကိုလည်း ထည့်တွက်ရသေးတယ်၊ ငါးစာကိုသာမြင်ပြီး ငါးမျှားချိတ်မမြင်ရင် ဖေဖေတို့ အနေနဲ့ ချန်မှုဝါ ဆုံးရှုံးသွားနိုင်တယ်”

“ဟင့်အင်း ... သမီးကတော့ ဒီလိုမထင်ဘူး။ ဒီမြို့တော်မှာ အစ်ကိုချန်မှုဝါထက် ပိုပြီး သင့်လျော်တဲ့လူ မရှိတော့ပါဘူး။ အစ်ကိုကြီးသာ ဒီကိစ္စကို အောင်မြင်အောင်မဆောင်ရွက်နိုင်ရင် တခြား ဘယ်သူ

www.burmeseclassic.com

www.burmeseclassic.com



မှ ဆောင်ရွက်နိုင်မှာ မဟုတ်တော့ပါဘူး"

"သမီးပြောတာ မှန်တယ်၊ ဒီကိစ္စကို စွန့်စားပြီးဆောင်ရွက်ရမှာပဲ"

"ဆောင်ရွက်ပါ ဖေဖေ၊ အစ်ကိုကြီးဟာ မုချအောင်မြင်မှာပါ"

လုံဖေးက အနည်းငယ်စဉ်းစားပြီး ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ ... အခု ချန်ဖူဝါ ဘယ်မှာရှိနိုင်သလဲ"

"လျှို့ဝှက်မြေအောက်ခန်းမှာ ရှိပါတယ် ဖေဖေ၊ ဒီထိုင်ဗိန်အန်းလို့ဝမ်နန်းတော်ရဲ့ မြေအောက်ခန်းမှာပဲ ရှိနေပါတယ်"

"ဟော ..."

လုံဖေးမှာ အကြီးအကျယ်အံ့ဩသွား၏။

အဘယ်ကြောင့် ဆိုသော် ချန်ဖူဝါသည် သူနှင့် နီးနီးကပ်ကပ်နေလေ့မရှိသူ ဖြစ်သောကြောင့်တည်း။

ချန်ဖူဝါသည် စိတ်လွတ်ကိုယ်လွတ် ပျော်ပျော်နေတတ်သူဖြစ်ပြီး သူတစ်ပါးကို ကူညီတတ်သူလည်း ဖြစ်၏။

လုံဖေးက ...

"မြေအောက်ခန်းထဲမှာ သူ ဘာလာလုပ်နေသလဲ"

"လက်ရွေးစင်ကိုယ်ရံတော်ကြီးနှစ်ဦးက သိုင်းပညာသင်ပေးနေတာပါ"

✪ ☆ ✪



## အခန်း ( ၆ )
## ငုပ်ကောင်

ထိုင်ဗိန်အန်းလို့ဝမ်နန်းတော်တွင် လျှို့ဝှက်သောမြေအောက်ခန်း အတော်များများ ရှိ၏။

တချို့အခန်းသည် ရွှေငွေရတနာအခန်းဖြစ်ပြီး တချို့က အရေးကြီးသော စာရွက်စာတမ်းများ သိမ်းဆည်းသောအခန်း ဖြစ်၏။

တချို့က လျှို့ဝှက်စည်းဝေးသောအခန်း။ တချို့က သိုင်းလေ့ကျင့်ရန် အထူးစီမံထားသောအခန်းများ ဖြစ်ကြပေ၏။

ယခု ချန်ဖူဝါသည် သိုင်းလေ့ကျင့်ခန်းသုံးခန်းအနက် အကြီးဆုံးသောအခန်းထဲတွင် ရောက်ရှိနေ၏။

အထူးစီမံပြုလုပ်ထားသောမြေအောက်ခန်းဖြစ်သောကြောင့် လင်းထိန်နေပြီး သန့်ရှင်းသောလေ အဝင်အထွက်လည်း ရှိ၏။

သို့သော် ... ယခု ချန်ဖူဝါ၏အခန်းကိုမူ အမှောင်ချထားကြောင်း၊ တွေ့ရ၏။ အခြားသောအခန်းနှစ်ခန်းစလုံး လင်းလင်းချင်းချင်း ရှိပါလျက် ဤအခန်းတချို့မှ မှောင်နေခြင်းမှာ ထူးခြားသလို ဖြစ်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ခင်စစ်တွင်မူ အခန်းကို တမင်အမှောင်ချထားခြင်းသာ ဖြစ်ပေမည်။

မှောင်ပိန်းနေသော မြေအောက်ခန်းတွင်းဝယ် အလွန်အရေးကြီးသော ပင့်ကူအိမ်ပုံသဏ္ဍာန် ပိုက်ကွန်ကြီးတစ်ခု ဆင်ထားကြောင်း ရေးရေးလေး တွေ့ရှိလိုက်သည်။ ချန်ဖူဝါသည် ထိုပိုက်ကွန်ပေါ်တွင် လျှင်မြန်စွာလှုပ်ရှားနေ၏။

သူ့ထံသို့ ဝင်ရောက်လာသော လက်နက်ပုန်းမျိုးစုံကို ရှောင်[illegible] အမျိုးမျိုး လှေ့ကျင့်နေသည်။ သူ့ထံပျံဝဲလာသော [illegible] ပေါ်လာသော [illegible] အသံကို နား[illegible] ဆုံးဖြတ် ရ၏။ ထိုမှတစ်ဆင့် [illegible] မိသည်။

[illegible]

ပညာဒရည်အချင်းသည် နည်းနည်းနောနောအဆင့် မဟုတ်ကြောင်း



[illegible]သော ပင့်ကူအိမ်[illegible]

[illegible]

အော်ဟစ်သံနှင့်အတူ လေထုကိုခွင်းသောအသံများ ရုတ်တ[illegible]

[illegible]

[illegible]တ်သွားသည်။

ထို့နောက် မီးရောင်များ [illegible] ခန်း၏ [illegible] နေ[illegible]သည်ကို တွေ့ရ၏။ ထိုလက်နက်ပုန်းများ[illegible]

[illegible]

[illegible]ပစ်ခတ်မှုကြောင့် ပြတ်တောက်နေကြောင်း တွေ့[illegible]

ချန်ဖူဝါမှာတော့ [illegible]

www.burmeseclassic.com

www.burmeseclassic.com



မြေအောက်ခန်း၏ ဘယ်ဘက်ထောင့်တစ်နေရာတွင် ထွဲလောင်းနိုင်နေ၏။ သူ့လက်ထဲမှဓားက အခန်းထရံထဲသို့ စိုက်ဝင်နစ်မြုပ်နေပြီး ထိုဓားကို အားပြု၍ လေထဲတွင် တွဲလောင်းခိုနေခြင်းဖြစ်၏။

ထိုစဉ် မြေအောက်ခန်း၏ လျှို့ဝှက်တံခါးတစ်ချပ် ပွင့်လာပြီး ဘုရင်ကေရာစ်ကြီးနှင့်အတူ အလွန်အရပ်မြင့်ပြီး တောင့်တင်းသော ကိုယ်ခန္ဓာရှိသော အဘိုးအိုတစ်ဦးသည် မြေအောက်ခန်းထဲသို့ ဝင်လာကြ၏။

မြေအောက်ခန်းတွင်းဝယ် ချန်ဖူဝါအပြင် အခြားလူတစ်ယောက် ရှိနေသေး၏။ ထိုသူမှာ သေးကွေးသောကိုယ်ခန္ဓာနှင့် အရပ်ပုပုအဘိုးအိုတစ်ယောက် ဖြစ်၏။ အရပ်ပုသော်လည်း အဘိုးအို၏ လက်နှစ်ဖက်မှာ အလွန်ရှည်လှ၏။

အဘိုးအိုသည် ငွေချည်အင်္ကျီကို ဝတ်ဆင်ထားပြီး သူ၏ အင်္ကျီပေါ်တွင် အိတ်အပေါက်များများ ရှိနေ၏။

ထိုအိတ်များထဲမှ လက်နက်ပုန်းများသည် မီးရောင်အောက်တွင် တလက်လက် တောက်ပြောင်နေ၏။

အဘိုးအို၏မျက်နှာသည် ဖြူဖွေးနေပြီး မျက်လုံးများက တဖိတ်ဖိတ်တောက်ပနေ၏။

ထိုအရပ်ပုပုနှင့်အဘိုးအိုကား စီးချွမ်နယ် သိုင်းလောကတွင် နာမည်ကြီးသော မျိုးရိုးစဉ်ဆက်၏ အသက်အကြီးဆုံး၊ ဝါအကြီးဆုံးသူ ဖြစ်သည်။

သူ၏နာမည်က ထန်ပိုင်ချွမ်ဟု ခေါ်၏။



စီးချွမ်နယ်မှ ထန်မျိုးစဉ်မျိုးဆက်သည် သိုင်းလောကထဲတွင် ဖိန့်ဖိန့်တုန်အောင် နာမည်ကြီးသော မျိုးဆက်တစ်ခု ဖြစ်သည်။

ထန်မျိုးရိုးမှ သိုင်းသမားများသည် အဆိပ်လက်နက်ပုန်းနှင့် အဆိပ်အမျိုးမျိုးဖြင့် သိုင်းလောကတွင် နာမည်ကြီးခဲ့၏။

ထန်မျိုးစဉ်မျိုးဆက်ထဲတွင် ထန်ပိုင်ချွမ်သည် အသက်အကြီးဆုံး၊ ဝါအကြီးဆုံး၊ သိုင်းပညာ အကောင်းဆုံးဖြစ်သဖြင့် သိုင်းလောကတွင် မသိသူမရှိလောက်အောင် နာမည်ကျော်ကြားထင်ရှားသူ ဖြစ်ပေ၏။

ယခုလက်ရှိ ထန်မျိုးရိုး၏ ဂိုဏ်းချုပ်ထန်လောင်ရဲမှာ ထန်ပိုင်ချွမ်းထက် ဝါငယ်သူ ဖြစ်သည်။

သိုင်းလောကထဲမှ အနားယူသွားခဲ့သည်မှာ ဆယ်နှစ်ကျော်ခဲ့ပြီ။ သို့သော် ထန်မျိုးရိုး၏ ဂိုဏ်းချုပ်ကြီး ထန်လောင်ရဲနှင့် လုံဖေး ခင်မင်ကြားမှုကြောင့် ဘုရင်ကေရာစ်ကြီး၏ သက်တော်စောင့် ကိုယ်ရံတော်အဖြစ် တာဝန်ထမ်းဆောင်နေခဲ့ခြင်း ဖြစ်ပေသည်။

ထန်ပိုင်ချွမ်းတစ်ယောက် ဤကဲ့သို့ ဘုရင်ကေရာစ်ကြီး ထံ အမှုထမ်းရခြင်းမှာ လုံဖေးနှင့် ပတ်သက်လာခြင်းကြောင့်ဟု ဆိုလျှင်လည်း မမှားပေ။

အဘယ်ကြောင့်ဆိုသော် လုံဖေး၏ ဆရာသခင်မှာ ထန်ပိုင်ချွမ်၏ သွေးသောက်ညီအစ်ကို ဖြစ်နေသောကြောင့်တည်း။

☆

www.burmeseclassic.com

www.burmeseclassic.com



ယခုလက်ရှိ ထန်မျိုးရိုး၏ ဂိုဏ်းချုပ်ကြီး ထန်လောင်ရှက ကိုယ်ရံတော်သိုင်းသမားများကို လေ့ကျင့်သင်ကြားပေးသော နည်းပြဆရာတာဝန်ကို ထမ်းဆောင်လျက်ရှိ၏။

ဘုရင်ဧကရာဇ်ကြီး၏ ကိုယ်ရံတော်များကို လေ့ကျင့်ပေးသော နည်းပြဆရာ ထန်လောင်ရှသည် ဦးလေးဖြစ်သူ ထန်ပိုင်ချွမ်းကို ဘုရင်ဧကရာဇ်ထံ အမှုထမ်းရန် တိုက်တွန်းခြင်းကြောင့် ထန်ပိုင်ချွမ်းမှာ ယခုကဲ့သို့ ဘုရင်ဧကရာဇ်ကြီး၏ သက်တော်စောင့် ဖြစ်လာရပေ၏။

ဘုရင်ဧကရာဇ်ကြီးနှင့်အတူ မြေအောက်ခန်းထဲသို့ ဝင်လာသော အလွန်အရပ်ရှည်သည့် အဘိုးအိုမှာ ပို့ချမ်ဖြစ်သည်။ သူကား ဝါဆန်းသိုင်းဂိုဏ်း၏ ဂိုဏ်းချုပ်ကြီးဖြစ်၏။ သိုင်းလောကကြီးကို ဖိနှိပ်ထားနိုင်အောင် နာမည်ကြီးသော သိုင်းဆရာ သိုင်းထိပ်သီးတစ်ဦးဖြစ်၏။

ဝါဆန်းဂိုဏ်းချုပ် ပို့ချမ်သည် တုတ်ပြီးဓားပြီး သိုင်းသမားလည်း ဖြစ်၏။ သူလေ့ကျင့်သော သိုင်းပညာသည် ဆယ့်ဆန်းထိုင့်ပေါင်ဟုခေါ်သော အမာသိုင်းပညာမျိုး ဖြစ်၏။

သူ၏ ဆယ့်ဆန်းထိုင့်ပေါင်သိုင်းပညာသည် သိုင်းလောကတွင် ယှဉ်ပြိုင်နိုင်သူမရှိသောအဆင့်ထိ ရောက်ရှိနေ၏။ ဤအမာသိုင်းပညာကို ပြိုင်ဘက်ကင်းသော ပို့ချမ်ကို သိုင်းလောကသားတို့က ကြင်းကန်း (သို့) သံမဏိသိုင်းသမားဟု တင်စားခေါ်ဝေါ်ခဲ့ကြပေ၏။

ယခုလက်ရှိ သိုင်းလောကထဲတွင် ပို့ချမ်ကဲ့သို့ ဆယ့်ဆန်း



ထိုင့်ပေါင်အမာသိုင်းပညာကို လေ့ကျင့်သော သိုင်းသမားများ ရှိသော်လည်း ပို့ချမ်ထက်ပို၍အဆင့်မြင့်သောသိုင်းသမား တစ်ယောက်မျှ မရှိ ချေ။

ဆယ့်ဆန်းထိုင့်ပေါင် အမာသိုင်းပညာ၏ ထိပ်သီးသိုင်းဆရာပို့ချမ်သည် ထန်ပိုင်ချွမ်းနှင့် မိတ်ဆွေသူငယ်ချင်းဖြစ်ပြီး ထန်ပိုင်ချွမ်း၏ တိုက်တွန်းဖိတ်ခေါ်မှုကြောင့် ဘုရင်ဧကရာဇ်ကြီး၏ သက်တော်စောင့်ကိုယ်ရံတော်အဖြစ် ဝင်ရောက်တာဝန်ထမ်းဆောင်ခြင်း ဖြစ်ပေသည်။ စင်စစ် တစ်နှယ်ငင် တစ်စင်ပါကြခြင်း ဖြစ်သာတည်း။

ထန်ပိုင်ချွမ်း၊ ပို့ချမ်တို့သည် တစ်ဦးနှင့်တစ်ဦး အနိုင်မခံ အရှုံးမပေးသော သိုင်းပညာပြိုင်ဘက်များ ဖြစ်ခဲ့ဖူးသည်။ တစ်ဦးကိုတစ်ဦး မည်သို့မျှ မနိုင်သောအခါမှ တစ်ဦးကိုတစ်ဦး ရိုသေလေးစားပြီး ပြိုင်ဘက်ဘဝမှ မိတ်ကောင်းဆွေကောင်း ဖြစ်လာရ၏။

ထန်ပိုင်ချွမ်းနှင့် ပို့ချမ်တို့နှစ်ယောက် ဘုရင်ဧကရာဇ်ကြီး၏ သက်တော်စောင့်ကိုယ်ရံတော် ဖြစ်လာချိန်တွင် ထင်းတိထွေအဖွဲ့အစည်းမှ လူသတ်သမားများသည် ဘုရင်ကြီးကို သုံးကြိမ်တိုင်တိုင် ဝင်ရောက်လုပ်ကြံကြ၏။

သို့သော် သူတို့နှစ်ယောက်၏အကာအကွယ်ပေးမှုကြောင့် ဘုရင်ဧကရာဇ်ကြီးသည် ဘေးမသီရန်မခဘဲ အန္တရာယ်ဘေးမှ လွတ်မြောက်ခဲ့၏။

နန်းတော်ကြီးထဲတွင် သူတို့သည် ဝါအကြီးဆုံးဖြစ်သလို ပညာအဆင့်ကလည်း အဆင့်မြင့်မားဆုံး ဖြစ်သောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



လုံဖေးကိုယ်တိုင်ကပင် သူတို့ကို အလွန်လေးစားရှိသေရလေသည်။

သူတို့ကဲ့သို့သော အဆင့်မြင့် သိုင်းသမားနှစ်ယောက်၏ ကာကွယ်စောင့်ရှောက်မှုကြောင့် လုံဖေးအနေဖြင့် ဧကရာဇ်ကြီး၏ လုံခြုံရေးအတွက် စိတ်သောက မရောက်ရတော့ဘဲ အခြားကိစ္စများကို အာရုံစိုက်ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ပေ၏။

ထန်ပိုင်ချွမ်းနှင့် ပို့ချမ်တို့သည် စည်းစိမ်ဥစ္စာကိုမက်မော၍ တာဝန်ထမ်းဆောင်ကြခြင်း မဟုတ်ပေ။ သူတို့သည် မျိုးချစ်စိတ်ကြောင့် ဘုရင်ဧကရာဇ်ကြီးထံ အမှုထမ်းကြခြင်းဖြစ်၏။

ထို့ကြောင့် ဧကရာဇ်ကြီးအား ကာကွယ်ရာတွင် သက်စွန့်ဆံဖျား ကာကွယ်ကြခြင်း ဖြစ်ပေ၏။

"တယ်ကောင်းတဲ့ ပညာပဲ"

ဧကရာဇ်ကြီး၏ ဩဇာသံပါလှသော ချီးကျူးသံသည် အခန်းထဲ၌ ပဲ့တင်ထပ်သလို တုန်ဟည်းသွား၏။

ထန်ပိုင်ချွမ်း၏မျက်နှာတွင် ပြုံးယောင်သမ်းလာ၏။

"မှန်ပါ့ဘုရား ... ကျွန်တော်မျိုး ဒီတစ်သက်မှာ ဒီလောက်စွမ်းရည်ထက်မြက်တဲ့ လူငယ်သိုင်းသမားကို တစ်ခါမှမတွေ့ခဲ့သေးပါဘူး ဘုရား၊ အမှောင်ထဲမှာ ကျွန်တော့်ရဲ့ လက်နက်ပုန်းကို ဖမ်းနိုင်ရှောင်နိုင်တဲ့အဆင့်ဟာ နည်းနည်းနောနောအဆင့် မဟုတ်ပါဘူး"

ထန်ပိုင်ချွမ်းသည် လူတစ်ဦးတစ်ယောက်ကို တော်ရုံတန်ရုံ ချီးကျူးခဲလှ၏။ ထို့ကြောင့် သူကိုယ်တိုင်ချီးကျူးသောသူသည် တကယ် ပင် အစစအရာရာ စွမ်းရည်ထက်မြက်သောသူတစ်ယောက်



ဖြစ်ရမည်။ သို့သော် တစ်ဖက်မှ ပို့ချမ်ကတော့ ခေါင်းခါ၏။

"ဒီအသေးအမွှားပညာလေးဟာ မချီးကျူးလောက်ပါဘူး"

ထန်ပိုင်ချွမ်းက ရယ်မောရင်း ဝင်ပြော၏။

"ဘာလဲ ... ခင်ဗျားလို ကြမ်းကြမ်းတမ်းတမ်းနဲ့ တိုက်နိုက်မှ ချီးကျူးလောက်တယ်လို့ ဆိုချင်တာလား"

ပို့ချမ်က တဟားဟားနှင့် ...

"ခင်ဗျားမယုံရင် ကျွန်တော်နဲ့ စမ်းနိုင်းကြည့်ပါလား"

ဟု ဆိုသည်။

သူ၏စကားသံသည် အတွင်းအားဖြင့် ပြည့်ဝနေပြီး ရယ်သံက မိုးခြိမ်းသံပမာ လေထုတွင် မြည်ဟည်းနေ၏။

မြေအောက်ခန်းထဲတွင် သူ၏ရယ်သံက အတော်ကြာကြာ ကျောက်ကွယ်သေးဘဲ ဆက်လက်မြည်ဟည်းနေ၏။

ထန်ပိုင်ချွမ်းက လှမ်းမေးလိုက်၏။

"ဟေ့ ... ချာတိတ် ... ဆင်းခဲ့တော့လေကွာ"

ချုန်ဖူဝါက ...

"ဒီအပေါ်မှာနေရတာ ဆရာကြီး ပို့ချမ်ရဲ့အထက်မှာ နေနေသလို ဖြစ်နေပါတယ်၊ တကယ်လို့ ရှောင်တိမ်းရရင်လည်း ပိုပြီး လွယ်ကူခင်ပြေတာပေါ့ဗျာ"

ပို့ချမ်က တဟားဟားရယ်မောလေတော့၏။

"ကဲ ... သူငယ်ချင်း ... ကြားတယ်မဟုတ်လား ... ပြိုင်ပွဲစတင် မပြိုင်ရသေးဘူး၊ ခင်ဗျားတပည့်က ကျုပ်ကို ကြောက်နေပြီ

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် အသေးအမွှားပညာတတ်တဲ့သူဟာ သတ္တိမရှိဘူးလို့ ကျွန်တော် ပြောတာဗျ"

"ခင်ဗျား မှားနေပြီဗျ၊ ချာတိတ်ဆိုလိုတဲ့သဘောကို ခင်ဗျား နားမလည်ဘူးလား၊ ခင်ဗျားကိုယ်ခန္ဓာကြီးဟာ လေးပြီး ထိုင်းနေတယ်လို့ ဆိုလိုတာဗျ ... ခင်ဗျား သဘောပေါက်ပြီလား"

ထန်ပိုင်ချွမ်းနှင့် ပို့ချမ်တို့သည် မိတ်ဆွေအဖြစ် ပေါင်းသင်းလာကြသည်မှာ ဆယ်နှစ်ကျော်ရှိခဲ့ပြီ။

သို့သော် သူတို့စကားပြောဆိုရာတွင်မူ တစ်ယောက်ကိုတစ်ယောက်အရှုံးမပေးဘဲပြောတတ်ကြ၏။ တစ်ယောက်ကိုတစ်ယောက် စကားနိုင်လုပြောလေ့ရှိသော် လည်း ခိုက်ရန်ဒေါသဖြစ်ခြင်း မရှိခဲ့ပေ။

ပို့ချမ်သည် စိတ်တိုပြီး ဒေါသကြီးသောကြောင့် စကားနိုင်လုရာတွင် အမြဲတမ်းရှုံးတတ်သည်။

စကားနိုင်လုသည်နှင့် သူက အရင်ဒေါသထွက်တတ်၏။

ယခုလည်း ချန်ဖူဝါကို ပို့ချမ်က လှမ်းအော်မေး၏။

"ဟေ့ကောင်လေး ... မင်းက အဲဒီလိုပြောတာလား"

ချန်ဖူဝါက ထိုသို့ပြောခြင်းမဟုတ်ကြောင်း ရှင်းပြရန်ဟန်ပြင်လိုက်၏။ သို့သော် ...

ချန်ဖူဝါပင် ပါးစပ်မဟရသေး၊ ပို့ချမ်က ချန်ဖူဝါအနီးသို့ ခုန်ဝင်သွား၏။ ထို့နောက် လက်သီးဖြင့် ဝုန်းခနဲနရံကို ထိုးလိုက်၏။

သူ၏ပြင်းထန်သောလက်သီးကြောင့် မြေအောက်တစ်ခန်းလုံး တုန်ခါသွားတော့သည်။



ချန်ဖူဝါသည် တွဲလောင်းခိုနေရာမှ လက်ကို လွှတ်လိုက်ပြီး အောက်ကျလာ၏။

ပို့ချမ်က ရယ်မောကာ ...

"လာ ... ချာတိတ် ... ပညာပြိုင်ကြရအောင်"

ချန်ဖူဝါသည် အရပ်မြင့်မားသူဖြစ်သော်လည်း ပို့ချမ်နှင့်နှိုင်းလျှင် ခေါင်းတစ်လုံးနိမ့်နေသေး၏။

ချန်ဖူဝါသည် ပို့ချမ်အား ဂါရဝပြုလိုက်၏။

"ဆရာကြီးဆီကပညာကို ကျွန်တော်ဆည်းပူးပါ့မယ်ခင်ဗျာ"

သူသည် လက်နှစ်ဖက်ကိုဖြန့်ကာ တာ့ဝန်ကျည်ချည်သိုင်းကွက်ဖြင့် ပို့ချမ်၏အတိုက်ကို စောင့်ဆိုင်းနေ၏။

ပို့ချမ်က တဟားဟားရယ်မောရင်း လက်သီးဖြင့် အသာလေးထိုးလိုက်သည်။ ချန်ဖူဝါသည် လက်နှစ်ဖက်ဖြင့် ဝင်လာသောလက်သီးကို လက်ဝါးဖြင့်ကာရန် ဟန်ပြင်၏။

ဘေးမှရပ်ကြည့်နေသော ကေရာဇ်ကြီးက အော်၍သတိပေးလိုက်၏။ ပို့ချမ်၏လက်သီးနှင့် အတွင်းအားသည် မည်မျှပြင်းထန်သည်ကို ဘုရင်ကြီး ကောင်းကောင်းသိသည်။

ချန်ဖူဝါ၏အင်အား၊ အတွင်းအားဖြင့် ပို့ချမ်၏လက်သီးကို မည်သို့မျှ ထိပ်တိုက်မရင်ဆိုင်နိုင်ကြောင်း ဘုရင်ကြီးသိနေ၏။

ထန်ပိုင်ချွမ်းကတော့ ဣန္ဒြေမပျက် လက်ပိုက်ကြည့်နေသော

လက်သီးလေးလုံးတို့ ထိလုနီးပါးအချိန်တွင် ချန်ဖူဝါက

www.burmeseclassic.com

www.burmeseclassic.com



ပို့ချမ်၏လက်သီးကို သိသိလေး ရှောင်လိုက်ကာ ပို့ချမ်၏ လ…
အောက်ဝတ်နှစ်ဖက်ကို ဖမ်းလိုက်၏။

ပို့ချမ်၏ လက်ကောက်ဝတ်နှစ်ဖက်တွင် သံကွင်းလ…
ကောက်ကြီး အသီးသီး စွပ်ထားသည်။

လက်ကောက်မရှိသည့်တိုင် သူ၏လက်ကောက်ဝတ်ကို ချ…
ဖူဝါ ဖမ်းမိလည်း မည်သို့မျှ ပြုလုပ်နိုင်လိမ့်မည် မဟုတ်ပါ။

ပို့ချမ်ကဲ့သို့သော အဆင့်မြင့် သိုင်းသမားတစ်ယောက်…
မိမိ၏လက်ကောက်ဝတ်တစ်ဖက် ရန်သူအား မည်သည့်အခါမှ အ…
ခံလိမ့်မည် မဟုတ်သောကြောင့်တည်း။ တကယ်တော့ ...

ချန်ဖူဝါကလည်း ပို့ချမ်၏ လက်ကောက်ဝတ်ကို ဖမ်းရ…
ချင်၍ မဟုတ်ပါ။ ဟန်ပြတိုက်ကွက် ထုတ်ပြန်ခြင်းသာ ဖြစ်ပါသည်…

သူ၏ကိုယ်ခန္ဓာသည် ရိပ်ခနဲ ပို့ချမ်ထံသို့ ယိမ်းဝင်ကာ …
ထောက်နှစ်ဖက်မှာ ခုနစ်စဉ်ကြယ်ခြေသိုင်းကွက်နင်းကာ ပို့ချ…
အောက်ပိုင်းကို တိုက်ခိုက်လိုက်၏။

ပို့ချမ်သည် တဟားဟားရယ်မောရင်း ချန်ဖူဝါ၏ကိုယ်အ…
အလားပျက်အောင် လက်သီးတစ်ချက် ထပ်တိုးသည်။

ချန်ဖူဝါအသုံးပြုသော သိုင်းပညာသည် အားနည်းနည်း…
ရန်သူ၏အားကို အသုံးပြုသောနည်းစနစ်မျိုး ဖြစ်၏။

တစ်နည်းအားဖြင့်ဆိုလျှင် ရန်သူ့အားဖြင့် ရန်သူကို တ…
ခိုက်သော သိုင်းပညာမျိုး ဖြစ်သည်။ သို့သော် ...

ပို့ချမ်ကို ထိုပညာမျိုးဖြင့် တိုက်ခိုက်၍ မအောင်မြင်…



တစ်ချိတွင် ပို့ချမ်က လက်နှစ်ဖက်ဖြင့် ခါယမ်းလိုက်သော အခါ ချန်ဖူဝါသည် ပြင်းထန်သောအရှိန်ဖြင့် ထရံရှိရာသို့ လွင့်ထွက်သွားတော့၏။ ထရံနှင့်ထိလုနီးပါးအချိန်တွင် ချန်ဖူဝါသည် ရုတ်တရက် ကိုယ်ကိုကွေးကာ ထရံကို ခြေစုံကန်လိုက်ပြီး

သူ၏ခန္ဓာကိုယ်သည် လေးညို့မှထွက်သော မြှားကဲ့သို့ ပြင်းထန်သောအရှိန်ဖြင့် ပို့ချမ်ထံသို့ ပြန်လည်ရောက်ရှိသွား၏။

ပို့ချမ်သည် ချိုလိန်မာမြင်းထိုင်အနေအထားဖြင့် ချန်ဖူဝါ၏ လက်ကို ဖမ်းကိုင်လိုက်၏။

သူ၏ကိုယ်ခန္ဓာသည် ထွားကျိုင်းကြီးမားသလောက် သိုင်းကွက်အပြောင်းအလဲများက လျင်မြန်ဖျတ်လတ်နေသည်။

သို့သော် ... ချန်ဖူဝါ၏ ကိုယ်ခန္ဓာလှုပ်ရှားမှုက အံ့သြစဖွယ် ကောင်းလောက်အောင် ပို၍ လျင်မြန်ဖျတ်လတ်နေသည်။

သူ၏လက်နှင့် ပို့ချမ်၏လက်နှစ်ဖက်တို့ ထိတွေ့လိုက်သည်နှင့်တစ်ပြိုင်နက် ထိုတဒင်္ဂအထိကို အားပြုကာ လေထဲတွင် ခါးကို ကော့ကာ တစ်ပတ်ကျွမ်းထိုးလိုက်၏။

ထို့နောက် ...ပို့ချမ်၏ ခေါင်းပေါ်မှကျော်၍ နောက်ကျောဘက်သို့ ရောက်ရှိသွားတော့သည်။

သူ၏ လက်နှစ်ဖက်က ပို့ချမ်၏ပခုံးနှစ်ဖက်ကို ဖမ်းမိပြီး ပို့ချမ်းအား ကိုင်ပေါက်ရန် ဟန်ပြင်လိုက်သည်။

ပို့ချမ်သည် တဟားဟားရယ်မောကာ အတွင်းအားဖြင့် ပခုံးပေါ်ရှိ ကြွက်သားများကို ရုတ်တရက် ညှစ်ထုတ်လိုက်လေ၏။

www.burmeseclassic.com



ချန်ဖူဝါ၏ လက်နှစ်ဖက်က မချုပ်ကိုင်နိုင်မီ ဖုတက်လာသော ပို့ချမ်၏ ကြွက်သားကြောင့် သူ့လက်များ ကန်တက်သွား၏။

ပို့ချမ်သည် ကိုယ်တစ်ပတ်လှည့်ကာ လက်သီးတစ်လုံး ထိုးသည့်လိုက်သည်။

ချန်ဖူဝါသည်လည်း ဝင်လာသော လက်သီးကို ကပ်ရှောင်ရင်း ပို့ချမ်၏ချိုင်းအောက်သို့ ဝင်လာ၏။

ပို့ချမ်က လျင်မြန်စွာ ရှောင်ထွက်လိုက်ပြီး ပြင်းထန်သော လက်သီးဖြင့် ချန်ဖူဝါအား ဆယ့်ခုနစ်ချက်တိတိ ထိုးနက်လိုက်သည်။

လက်သီးထိုးသံက လေထဲ၌ တဝှီးဝှီးမြည်နေ၏။

ပို့ချမ်၏ပြင်းထန်သော လက်သီးကို ယောကျ်ားကြီး ဆယ်ယောက်ပင် ခံနိုင်မည်မဟုတ်ပေ။

ထို့ကြောင့် ...

ချန်ဖူဝါက ထိပ်တိုက်ရင်မဆိုင်ရဲတော့ဘဲ ပို့ချမ်၏လက်သီးများကို ဂရုတစိုက်ရှောင်နေရတော့၏။

သူ၏ကိုယ်ခန္ဓာမှာ ရှဉ့်တစ်ကောင်ပမာ လျှောခနဲ လျှောခနဲ လွတ်ထွက်နေ၏။

ပို့ချမ်က ချန်ဖူဝါ၏ ရှောင်တိမ်းနိုင်စွမ်းကို လွန်စွာ သဘောကျသွား၏။

ချန်ဖူဝါက ပို့ချမ်၏တံတောင်ဆစ်နှင့် လက်မောင်းကို နည်းအမျိုးမျိုးနှင့် ချုပ်ကိုင်ပြီး ပို့ချမ်အား ကိုင်ပေါက်ရန် ကြိုးစား၏။

ချန်ဖူဝါက အပြောင်းအလဲ ဆယ့်ရှစ်ကွက်တိုင်တိုင်ပင်



ပြောင်းလဲကာ ကိုင်ပေါက်ရန် ကြိုးစားခဲ့သော်လည်း တစ်ခါမျှ အောင်မြင်ခြင်းမရှိပေ။

ချန်ဖူဝါ အသုံးပြုသော သိုင်းကွက်ကား ကျန်းယီးဆယ့်ပတ္တဲ့ ဟုခေါ်သော ရန်သူ့အားကိုအသုံးပြုပြီး ရန်သူ၏ကိုယ်ကို ကိုင်ပေါက်နိုင်သော သိုင်းပညာဖြစ်၏။

☆

ပို့ချမ်က တဟားဟားရယ်မောရင်း ...

"မင်းရဲ့ ကျန်းယီးဆယ့်ပတ္တဲ့သိုင်းပညာက မဆိုးပါဘူး၊ ဒါပေမဲ့ ငါ့ကို ဘယ်လိုမှ ကိုင်မပေါက်နိုင်ပါဘူး ... ဟား ... ဟား ... ဟား"

ထိုစဉ် ... ထန်ပိုင်ချွမ်းက ဝင်၍ပြောသည်။

ချန်ဖူဝါအတွက် လမ်းညွှန်ပေးခြင်း ဖြစ်၏။

"ဆယ့်လှုံတို့ချဲကျင်း၊ ကျန်းယီဆယ်ပတ္တဲ့ စတဲ့သိုင်းပညာဟာ အားနည်းသူက အားကြီးသူကိုတိုက်ခိုက်တဲ့ သိုင်းပညာတစ်မျိုးပဲ၊ ပို့ချမ်လို သမဏကိုယ်ခန္ဓာကို တိုက်ခိုက်နိုင်ဖို့ တစ်နည်းပဲ ရှိတယ်၊ အပျော့သိုင်းပညာကို အသုံးပြုရင် အောင်နိုင်လိမ့်မယ်"

ပို့ချမ်က ...

"ဟား ... ဟား ... ဟား ဒီကောင် ငါ့ကို ဒီလိုနည်းနဲ့ နိုင်ပါ့မလားကွ"

www.burmeseclassic.com

www.burmeseclassic.com



ထန်ပိုင်ချွမ်းက ...

"ခင်ဗျားကို ဖင်ထိုင်လျက်ကျအောင် ဖန်တီးရတာ မခက်ပါဘူး"

ထို့နောက် ချန်ဖူဝါကို လှမ်းပြော၏။

"ဟေ့ ... ချာတိတ် ... ဘယ်လိုလုပ်ရမယ်ဆိုတာ မင်းနားလည်ပြီလား"

"ဟုတ်ကဲ့ ... ဆရာကြီးကို ကျေးဇူးတင်ပါတယ်ခင်ဗျ"

ချန်ဖူဝါက စကားဆုံးသည်နှင့် လေထဲတွင် တစ်ပတ်ကျွမ်းထိုးကာ ပို့ချမ်ခေါင်းပေါ်မှကျော်ပြီး ပို့ချမ်၏လက်မောင်းနှစ်ဖက်ကို ချုပ်ကိုင်လိုက်၏။

ပို့ချမ်က 'ကွီဟိုလျောင်ထင်' သိုင်းကွက်ဖြင့် ဝှေ့ယမ်းလိုက်၏။ သူ၏လက်နှစ်ဖက် မြှောက်လိုက်သည်နှင့် ချန်ဖူဝါသည် လက်နှစ်ဖက်ကို ရုတ်တရက် ရုပ်သိမ်းလိုက်ပြီး ပို့ချမ်၏နောက်ကျောဘက်သို့ လိမ့်ထွက်လိုက်၏။

ကြမ်းပြင်မှ ထနိုင်သည်နှင့် ပို့ချမ်အား ခုန်ကန်၏။ ထိုစဉ် မာန်ပါသောအော်သံတစ်ခု ပေါ်ပေါက်လာသည်။

"ဖူဝါ ... လူကြီးကို မရိုမသေ မလုပ်ရဘူး"

ချန်ဖူဝါ၏ လှုပ်ရှားမှုကလည်း လျင်မြန်ဖျတ်လတ်လှ၏။ အော်သံကြားလိုက်ရသည်နှင့် အရှိန်နှင့်ဝင်သွားသော ကိုယ်ခန္ဓာကို လက်ယာဘက်သို့ ရိုပ်ခနဲ ရှောင်ထွက်လိုက်၏။

အော်လိုက်သူကား လုံဖေးပင်တည်း။ အော်သံနှင့်အတူ



အခန်းထဲသို့ လုံဖေးနှင့်ရှုန်းယွင် ဝင်ရောက်လာသည်ကို တွေ့ရသည်။

လုံဖေးက ...

"ချန်ဖူဝါ ... ဆရာကြီးကို တောင်းပန်လိုက်စမ်း"

ချန်ဖူဝါက ကိုယ်ရှိန်သတ်ကာ ပို့ချမ်ရှေ့ကို ရောက်လာပြီး လက်သီးဆုပ်ကာ တောင်းပန်၏။ ပို့ချမ်ကတော့ ရယ်မောရင်း ...

"ကောင်းတယ် ... ပါးနပ်လိုက်တဲ့ ချာတိတ်၊ အရိပ်ပြရင် အကောင်ထင်နိုင်တဲ့ မင်းရဲ့ဉာဏ်စွမ်းကို ငါချီးကျူးပါတယ်၊ ကဲ ... မင်းကို လုံဖေးကသာ မဟန့်တားရင် ငါဟာ ဖင်ထိုင်လျက်ကျသွားမှာ သေချာတယ်"

ထန်ပိုင်ချွမ်းက ရယ်ရင်းပြောသည်။

"ငါ့ရဲ့တတ်ကျွမ်းသမျှ လက်နက်ပုန်းပညာတွေလည်း ကုန်ခန်းလုနီးပါးဖြစ်နေပြီ၊ ပို့ချမ်ရဲ့ပညာကို ပိုင်ပိုင်နိုင်နိုင်ရဖို့ကြိုးစားထားဦး၊ ဒါပေမဲ့ ... ဟီး ... ဟီး ... မသင်ချင်လည်း ရပါတယ်၊ ပို့ချမ်ရဲ့ သိုင်းပညာဟာ အခြေခံရမယ့် အခံပညာမျိုးဆိုတော့ မသင်ရင် ပိုကောင်းလိမ့်မယ်"

ပို့ချမ်က ဒေါနှင့်မောနှင့် ပြန်ပြောသည်။

"ကျုပ်လေ့ကျင့်တဲ့သိုင်းပညာဟာ ကြင်းကန်းအတွင်းအား သိုင်းပညာဗျ။ ကျုပ်ရဲ့ ကြင်းကန်းအတွင်းအားကို လေ့လာတတ်မြောက်လာရင် ဘယ်လက်နက်မျိုးကိုမှ မကြောက်ရဘူး ... ရန်သူက တိုက်ခိုက်လာရင်လည်း ခုခံစရာမလိုဘူး၊ ကဲ ... ချာတိတ် ... မင်း စဉ်းစား ကြည့်စမ်း ... ဒီလောက်အဆင့်မြင့်တဲ့ သိုင်းပညာဟာ အခြေခံရ

www.burmeseclassic.com

www.burmeseclassic.com



မယ့် သိုင်းပညာဆိုတာ ဟုတ်လား"

ထန်ပိုင်ချွမ်းက ရယ်မောကာ ...

"ဘာပြောပြော ကျုပ်ရဲ့မျက်စိထဲမှာတော့ အဆော်ခံရမယ့် သိုင်းပညာမျိုးကို မလေ့ကျင့်စေချင်ပါဘူးဗျာ၊ ချာတိတ်ရေ ... စဉ်းစားပြီးမှ လုပ်နော်"

ပို့ချမ်က ချန်ဖူဝါအား ရုတ်တရက်မေးလေ၏။

"ဟေ့ကောင် ချာတိတ် ... မင်း ငါ့ရဲ့ ကြင်းကန်းအတွင်းအား သိုင်းပညာ သင်ချင်လား၊ မသင်ချင်ဘူးလား ... ပြောစမ်း"

ချန်ဖူဝါက ချက်ချင်းဖြေသည်။

"ဆရာကြီး သင်ပေးမယ်ဆိုရင် ကျွန်တော် ဘယ်ငြင်းပါ့မလဲ ခင်ဗျာ"

ထိုအခါ ထန်ပိုင်ချွမ်းက လျင်မြန်စွာဝင်၍ ...

"ဒါဆို မင်း မြန်မြန်ဒူးထောက်ပြီး ဆရာသမားကို ဦးချတော့လေ"

ချန်ဖူဝါသည် ဒူးထောက်ပြီး ဆရာသမားကို ဦးချကန်တော့လိုက်၏။ ပို့ချမ်က လက်ကာသည်။

"နေဦး ... ငါ ဒီအသက်အရွယ်ထိ တပည့်တစ်ယောက်မှ မရှိသေးဘူး၊ အခုလည်း မထားချင်သေးဘူး"

ထန်ပိုင်ချွမ်းက ရယ်မောကာ ...

"ဟော တွေ့လား၊ ဒီလူက စကားကတိ မတည်ပါလားဗျာ"

"ဟေ့လူ ... ခင်ဗျား ဒီလိုမပြောနဲ့ တပည့်တစ်ယောက်



သိမ်းသွင်းတယ်ဆိုတာက လွယ်တာမှမဟုတ်တာ၊ ကျုပ်လည်း ဒီလို အချိန်မပေးနိုင်ဘူး၊ နောက် ဒီချာတိတ်ရဲ့ ကိုယ်ခန္ဓာအချိုးအစားဟာ ကျုပ်ရဲ့ပညာနဲ့ သိပ်ပြီးမအပ်စပ်ဘူးဗျာ"

"ဩော် ... ဩော် ... သနားစရာပါလား၊ ခင်ဗျားက အသက်ငယ်စဉ်ကတော့ တပည့်သိမ်းသွင်းဖို့ စိတ်ကူးခဲ့ဘူး၊ အသက်ကြီးပြန်တော့ စိတ်တိုင်းကျတပည့်ကို မတွေ့ရဘူး၊ ခင်ဗျားက တကယ်လည်း အဖြစ်ဆိုးတာကိုးဗျာ"

"အေး ... ကျုပ်ပညာကို ဆက်ခံဖို့ စိတ်တိုင်းကျလူငယ်တစ်ယောက်မှ မတွေ့ရတာ ခင်ဗျားအဖို့ ကံကောင်းတယ်မှတ်၊ နို့မို့ဆိုရင် ကျုပ်တပည့်နဲ့ ခင်ဗျားတပည့်ဟာ ပညာပြိုင်ဘက် ဖြစ်လာမှာဗျ ...ဟား ... ဟား ... ဟား"

သို့သော် ပို့ချမ်သည် ချန်ဖူဝါအား ဆိတ်သားရေဖြင့် ချုပ်လုပ်ထားသော စာအုပ်တစ်အုပ်ထုတ်ပေးကာ ...

"ရော့ ... ချာတိတ် ... အဲဒီဟာက ကြင်းကန်းအတွင်းအား သိုင်းပညာလေ့ကျင့်တဲ့ သိုင်းစာအုပ်၊ မင်းရဲ့ဉာဏ်စွမ်းမိုးနဲ့ဆို တစ်လအတွင်း တတ်မြောက်လိမ့်မယ်လို့ ငါထင်တယ်၊ မင်း ယူထားလိုက်၊ မရှင်းတဲ့နေရာရှိရင် ငါ့ကို လာမေးနိုင်တယ်"

ချန်ဖူဝါသည် ဒူးထောက်ထိုင်နေရာမှ သိုင်းကျမ်းကို ပျာယာသလဲ လက်ခံရယူလိုက်သည်။

✿ ☆ ✿

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၇ )
## ထိုးဖောက်ဝင်ရောက်သူ

"ကြွင်းကန်းအတွင်းအားသိုင်းပညာဟာ သိုင်းလောကထဲမှာ ကွယ်ပျောက်နေခဲ့တာ အတော်ကြာပါပြီ၊ ဆရာကြီးပို့ချမ်ကိုယ်တိုင် တရုတ်ပြည်တစ်ပြည်လုံး အနှံ့ လိုက်ရှာဖွေခဲ့ရတယ်၊ ထန်ဆန်းတောင်ပေါ်က ထပ်ဟယ်ဘုန်းတော်ကြီးဆီမှာ ဒီသိုင်းကျမ်းစာအုပ် တစ်ဝက်ရခဲ့ပြီး ကျန်တစ်ဝက်ကို တိဗက်ပြည်နယ်က ပုတဲ့လားကုန်း ဘုန်းတော်ကြီးကျောင်းမှာ ရှာဖွေရရှိခဲ့တယ်၊ ဒီသိုင်းကျမ်းစာအုပ်ရဖို့ ဆယ်နှစ်တိတိ အချိန်ကုန်ခံခဲ့ရတယ်၊ ဆရာကြီးပို့ချမ်ရဲ့ ကြီးမားတဲ့မေတ္တာကရုဏာကို တုံ့ပြန်တဲ့အနေနဲ့ မင်းက ကြိုးကြိုးစားစား သင်ကြားပါမယ်လို့ ကတိသစ္စာပြုလိုက်စမ်းပါ"

ချန်ဖူဝါသည် လုံဖေး၏ ဆုံးမသြဝါဒကို ရိုသေစွာနာယူပြီးလျှင် ပို့ချမ်အား ဦးချကန်တော့လေသည်။

"ဆရာကြီးခင်ဗျာ ... ဒီသိုင်းပညာကို ကျွန်တော် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ လေ့ကျင့်သင်ကြားပါ့မယ် ခင်ဗျာ"

ပို့ချမ်က သဘောကျစွာရယ်မောရင်း ...



"လုံဖေး ... မင်း ငါနဲ့ အလောင်းအစား လုပ်ရဲသလား"

"ဟုတ်ကဲ့ ... ကျွန်တော် ယုံကြည်ပါတယ်၊ ဒါပေမဲ့ လောလောဆယ်မှာတော့ သူ့မှာ တာဝန်တစ်ခု ထမ်းဆောင်ဖို့ ရှိနေပါသေးတယ်ခင်ဗျာ"

ပို့ချမ်မှာ ပြင်ပအရေးအခင်းများကို စိတ်ဝင်စားသူ မဟုတ်၍ အရေးပေါ်ကိစ္စအကြောင်း လုံးဝသိသူမဟုတ်ပေ။

"ဘယ်လောက်များ အရေးကြီးတဲ့ကိစ္စလဲကွ"

"သိပ်အရေးကြီးပါတယ်၊ ကျွန်တော့်ကိစ္စ ဆောင်ရွက်ပြီးစီးတဲ့အခါ ချန်ဖူဝါကို ဆရာကြီးဆီ ပြန်လာအပ်ပါ့မယ်"

လုံဖေးက သာမန်မျှသာ ရှင်းပြပြီး ကေရာဇ်ကြီးအား ရှိခိုးကန်တော့သည်။

ကေရာဇ်ကြီးသည် လုံဖေး၏ လျှို့ဝှက်တတ်သောသဘောကို သိပြီးဖြစ်၍ ထွက်ခွာသွားလိုပါက သွားပါဟူသောသဘောဖြင့် လက်တစ်ဖက်ကို မသိမသာ မြှောက်ပြလေ၏။

လုံဖေးသည် ချန်ဖူဝါကိုခေါ်ကာ အခန်းတွင်းမှ ထွက်ခွာလာခဲ့လေ၏။

မြေပုံကြီးတစ်ချပ်သည် စားပွဲပေါ်တွင် ဖြန့်လျက်ရှိ၏။

မည်သည့်နေရာတွင် ထောင်ချောက် ရှိသည်၊ မည်သို့သော အမျိုးအစားထောင်ချောက် ဖြစ်သည်၊ မည်သည့်နေရာတွင် မြေအောက်လျှို့ဝှက်ခန်း ရှိသည်၊ မည်သည့်နေရာမှဝင်ရသည် စသည်ဖြင့် အသေးစိတ်ဖော်ပြသော မြေပုံတစ်ချပ် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးချုပ်သွားသည်အထိ ချန်ဖူဝါသည် မြေပုံရှေ့၌ ရပ်၍ မှတ်သားနေမိသည်။ သူ စတင်လှုပ်ရှားမည့်အချိန်ရောက်သော် သူ၏ဦးနှောက်ထဲတွင် ပုံတူရိုက်နှိပ်ထားသလို မှတ်သားမိသွားတော့၏။

နောက်ဆုံးအချိန်၌ လုံဖေးက သတိပေးသည်။

"ငါတို့ရဲ့ နောက်ဆုံး စုံစမ်းသိရှိချက်အရဆိုရင် ကျိုကွမ်ရယ်ရဲ့ နန်းတော်ဟာ တည်ဆောက်ပြီးကတည်းက နောက်ထပ်ပြုပြင်မွမ်းမံခြင်း မရှိခဲ့ဘူးလို့ သိရှိရတယ်၊ ဒီမြေပုံဟာ တိဗက်ကဗိသုကာကြီး လျို့ဝှက်ထိမ်ချန်ခဲ့တဲ့ မြေပုံတစ်ပုံပဲ ဖြစ်တယ်၊ ဒါကြောင့် နန်းတော်ကြီးရဲ့ အနေအထားအားလုံးဟာ မြေပုံအတိုင်း ပြောင်းလဲမှုမရှိဘူးလို့ ငါတို့ယုံကြည်တယ်၊ ဒါပေမဲ့ အတိအကျ မပြောနိုင်ဘူး။ ဘာပြောပြော မင်းဝင်သွားရင် သတိနဲ့သွားပါ"

"ဟုတ်ကဲ့ ... ကျွန်တော်သိပါတယ် ခင်ဗျာ"

"မင်းကို နန်းတော်အပြင်အထိ ပို့ပေးမယ်၊ အထဲဝင်ဖို့က မင်းတာဝန်၊ အထဲမှာ မင်းကို ဘယ်သူမှလည်း မကူနိုင်ဘူး"

"ဟုတ်ကဲ့ ... ကျွန်တော့်အတွက် စိတ်ချပါ ခင်ဗျာ"

လုံဖေးသည် ကျေနပ်နှစ်သိမ့်စွာဖြင့် ချန်ဖူဝါ၏ပခုံးကို အသာအယာပုတ်လိုက်၏။

ရှန်းယွင်တစ်ယောက်မှာတော့ စကားမပြောနိုင်ဘဲ ခေါင်းငုံ့နေ၏။

ချန်ဖူဝါ မတ်တတ်ရပ်လိုက်သောအခါမှ ရှန်းယွင်က ချန်ဖူဝါကို လှမ်းကြည့်လိုက်၏။



သူမ၏မျက်လုံးထဲတွင် အချစ်အငိုပ်အရောင်များ ယှက်သန်းနေလေ၏။

☆

ချန်ဖူဝါ၏လှုပ်ရှားမှုအားလုံးသည် လျှို့ဝှက်ပိရိလှ၏။

သတင်းအစအနမပေါက်ကြားစေရန် သေသေချာချာ လုံခြုံစွာ ပြုလုပ်ထား၏။

ချန်ဖူဝါသည် လျှို့ဝှက်လိုဏ်ခေါင်း မြေအောက်လမ်းကြောင်းတစ်ခုမှနေ၍ ထိုင့်ဖိန်အန်းလို့ဝမ်နန်းတော်မှ လျှို့ဝှက်စွာထွက်ခွာလာ၏။

ထိုလျှို့ဝှက်မြေအောက်လမ်းကြောင်း၏ထွက်ပေါက်သည် အိမ်နံဘေးရှိ ခြံဝင်းတစ်ခု၏နောက်ကျောဘက်တွင် တည်ရှိနေ၏။

ထိုနေရာတွင် မြင်းလှည်းတစ်စီးစောင့်ဆိုင်းနေပြီး ချန်ဖူဝါရောက်လာသည်နှင့် ချက်ချင်းပင် ခြံဝင်းနားမှထွက်ခွာလာပြီး လူစည်ကားသောလမ်းမပေါ်သို့ ရောက်လာ၏။

ကျိုကွမ်ရယ်၏နန်းတော်ခြံဝင်းသည် လေးထောင့်ပုံသဏ္ဌာန်ရှိ၏။

မြင့်မားသောခြံဝင်းဖြင့် အိမ်ဂေဟာကို ဝိုင်းရံထားပြီး လျှင်ကျွန်သုံးမျက်နှာဝင်းထရံအောက်တွင် လူဝင်လူထွက်ပြုလုပ်ရန် တံခါးတစ်ခုစီ ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ချန်ဖူဝါ လိုက်ပါလာသော မြင်းလှည်းသည် မနေ့လွန်း မြန်လွန်းသော အရှိန်ဖြင့် ကျိုကွမ်ရယ်၏အိမ်ရှေ့တံခါးမကြီးကို ဖြတ်ကျော်လာသည်။

တံခါးမကြီးကို ဖြတ်ကျော်ပြီးသည်နှင့် တစ်ကိုယ်လုံး အဖြူရောင်ဝတ်ဆင်ထားသော သိုင်းသမားစတ်စုံနှင့် ချန်ဖူဝါသည် အသင့်အနေအထား ပြင်ထား၏။

လူသူကင်းရှင်းသော နေရာရောက်သည်နှင့် ချန်ဖူဝါသည် လှည်းထဲမှ ခုန်ဆင်းလိုက်၏။

ဘယ်ဘက်လက်တွင်တပ်ထားသော ကြေးပိုက်ဝိုင်းတစ်ခုထဲမှ သံချိတ်ပါသော ကြိုးတစ်ချောင်းသည် မြားတစ်စင်းပမာ ထွက်လာပြီး ဝင်းနံရံပေါ် ချိတ်မိသွား၏။ ထိုကြိုး၏ အထောက်အကူဖြင့် ချန်ဖူဝါသည် ဝင်းနံရံပေါ် ရောက်သွားသည်။

လမ်းမပေါ်တွင် လူသွားလူလာတစ်ယောက်မျှ မတွေ့ရပါ။

ပတ်ဝန်းကျင်ရှိ အိမ်ခြေများသည် တံခါး၊ ပြတင်းပေါက်များအားလုံး ပိတ်ထားသည်ကို တွေ့ရ၏။

နှင်းပွင့်များကျဆင်းမှု ရပ်ဆိုင်းသွားသော်လည်း ရာသီဥတုက ပို၍ချမ်းအေးလာ၏။ ရာသီဥတုက အေးလေ လမ်းမပေါ်သို့ လူထွက်နည်းလေ ဖြစ်သဖြင့် ချန်ဖူဝါအတွက် ပို၍အဆင်ပြေသွားသည်။

ဝင်းထရံကြီးသည် ဆေးဖြူသုတ်ထားသလို ထရံပေါ်တွင် နှင်းပွင့်ဖွေးဖွေးများဖြင့် ဖုံးအုပ်နေပါ၏။ ထို့ကြောင့် အဖြူရောင်သိုင် ...မားဝတ်စုံနှင့် ချန်ဖူဝါကို တွေ့ မြင်နိုင်ရန် ခဲယဉ်းသွား၏။



ချန်ဖူဝါသည် ထရံပေါ်တွင် ဝပ်ကာ ခြံဝင်းထဲကို အကဲခတ်လိုက်၏။ ကျယ်ပြန့်သော မြေကွက်လပ်တစ်ခုပေါ်တွင် သစ်ပင်များ အနည်းငယ် ပေါက်နေသည်ကို တွေ့ရ၏။

သစ်ပင်ရော မြေပြင်ပါ နှင်းပွင့်များ ဖုံးအုပ်နေသောကြောင့် အားလုံး ဖြူဖွေးနေပါ၏။

အတော်အလှမ်းကွာသောနေရာတွင် အဆောင်များရှိလေသည်။ ကိုယ်ရံတော်တပ်သားအချို့ ကင်းလှည့်နေသည်ကို တွေ့ရသည်။ ကိုယ်ရံတော်တို့လှုပ်ရှားမှုမှတစ်ပါး အိမ်ဂေဟာတစ်ခုလုံးသည် သေဆုံးကုန်သည့်အလား ငြိမ်သက်တိတ်ဆိတ်နေသည်။

ဝင်းနံရံပေါ်မှ ချန်ဖူဝါသည် တွားသွားသတ္တဝါတစ်ကောင်ပမာ ရွေ့လျားနေ၏။

မှန်းဆထားသောနေရာကိုရောက်မှ နံရံပေါ်မှ လိမ့်ချလိုက်၏။ မြေပြင်ပေါ်ရှိ နှင်းတောထဲသို့ နစ်ဝင်သွား၏။

သူသည် ပတ်ဝန်းကျင်မှအသံများကို အသာနားစွင့်ရင်း အိမ်ဆောင်များ၏အနေအထားကို အကဲခတ်ကြည့်၏။

အိမ်ဆောင်များ၏ တည်ဆောက်ထားပုံသည် မြေပုံတွင် ဖော်ပြထားသည့်အတိုင်း အပြောင်းအလဲမရှိကြောင်း တွေ့ရ၏။

ချန်ဖူဝါသည် ထူးကဲစွာဖြူဖွေးနေသော နှင်းထုအကာအကွယ်ကိုယူကာ တဖြည်းဖြည်း အိမ်ဆောင်တစ်ခုသို့ ချဉ်းကပ်လာလေ၏။

ချန်ဖူဝါသည် မှောင်ရိပ်မရှိသော ပြောင်ကျကျလမ်းသို့ ရှောင်ကွယ်ပြီး ချဉ်းကပ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ဆိုသော် ...

တိတ်ဆိတ်ပြီး "အမှောင်ထုဖုံးလွှမ်းသောလမ်းသည် အန္တရာယ်များပြီး မလုံခြုံသောလမ်း ဖြစ်နေတတ်ကြောင်းကို ချန်ဖူ အနေဖြင့် မကြာခဏကြုံခဲ့ရဖူးသောကြောင့်ပေတည်း။

☆

ဤသို့ လျှောက်လာရင်းနှင့် ကင်းလှည့်တပ်ဖွဲ့ သုံးဖွဲ့နှင့် သုံး ကြိမ် ဆုံဆည်းခဲ့၏။

သို့သော် လိမ္မာပါးနပ်သော ချန်ဖူဝါက ကင်းလှည့် တပ်ဖွဲ့ မတွေ့အောင် ရှောင်ရှားနိုင်ခဲ့၏။

ထိုမှတစ်ဆင့် ကျိုကွမ်ရယ်ကိုယ်တော်ကြီး၏ စာကြည့်ခန်း ရှိရာသို့ လွတ်လွတ်ကျွတ်ကျွတ် ချဉ်းကပ်နိုင်ခဲ့၏။

လုံဖေး၏မြေပုံအရ စာကြည့်ခန်းအောက်တွင် လျှို့ဝှက် မြေ အောက်ခန်းတစ်ခန်းရှိ၏။ ထိုမြေအောက်ခန်းမှတစ်ဆင့် ကျိုကွမ်ရယ ၏အိပ်ခန်းနှင့် လျှို့ဝှက်အစည်းအဝေးခန်းတို့ကို ဆက်သွယ်ထား ကြောင်း မြေပုံပေါ်တွင် ဖော်ပြထားသည်။

ထိုအခန်းသုံးခန်းသည် ကျိုကွမ်ရယ်အတွက် အလွန်အရေး ကြီးသော အခန်းများပင် ဖြစ်၏။

ထိုအခန်းများတွင် စုစုပေါင်း အတွင်းနှင့်အပြင် လျှို့ဝှ ‹ ‹ ာင်ချောက်ခလုတ်ဆယ့်သုံးခု တပ်ဆင်ထားသည်။



ချန်ဖူဝါက ပန်းခြံအတွင်းရှိ သစ်ပင်များကို အကာအကွယ် ယူကာ ကျောက်တောင်တစ်ခုနားသို့ ချဉ်းကပ်လာ၏။

ကျောက်တောင်ထဲမှ ကင်းစောင့်နေသော တပ်သားများ၏ အသက်ရှူသံကို ကောင်းစွာကြားရ၏။

ချန်ဖူဝါက ထိုကင်းစခန်းများကို ရှောင်ကာ သူတို့မမြင်နိုင် သော ရှုထောင့်တစ်နေရာမှ စာကြည့်ခန်းအောက်သို့ လိမ့်ဝင်သွား၏။

စာကြည့်ခန်းအောက်သို့ ရောက်နေပြီဖြစ်သော ချန်ဖူဝါ သည် အပေါ်မှ လမ်းလျှောက်လာသော ခြေသံများကို ကြားလိုက် ၏။

သူက လျှို့ဝှက်အပေါက်မှနေ၍ စာကြည့်ခန်းအတွင်းသို့ ချောက်အောင် ကြိုးစားလိုက်ရ၏။ သူ့ပုန်းကွယ်နေရာမှ ဝင်လာသူ ယောက်ကို ကောင်းစွာ တွေ့နိုင်၏။

ဆဲမာခြုံကို မမြင်ဖူးသဖြင့် တစ်ယောက်ကို ဆဲမာခြုံမှန်း သိဘဲ ဖြစ်နေ၏။

သို့သော် ရယ်သံအရမူ ထိုလူသည် အင်မတန် နက်ရှိုင်းသော တွင်းအားပိုင်ရှင်တစ်ယောက်ဖြစ်ကြောင်း ခန့်မှန်းသိရှိလိုက်၏။

ထိုလူ၏နောက်မှ လိုက်ပါလာသူကား လုံဖေးနှင့် အသက် ယ် သိပ်မကွာခြားလှချေ။ ဥပဓိရုပ်ခန့်ညားတည်ကြည်သော လူ ယောက်ဖြစ်၏။ လုပခန့်ညားသော တန်ဖိုးကြီးသော အဝတ် အစားကို ဝတ်ဆင်ထားခြင်းကို ကြည့်ရခြင်းအားဖြင့် ကျိုကွမ်ရယ် ကိုယ်တော်ကြီးဖြစ်ကြောင်း ခန့်မှန်းသိရှိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဆဲမာခြံက … "ကိုယ်တော်ကြီး ပြန်တော့လေဗျာ"

"နေပါစေ၊ ကျုပ် ခင်ဗျားကို ခရီးတစ်ထောက်လိုက်ပို့ပါရစေ"

ကျိုကွမ်ရယ်ကိုယ်တော်ကြီးဟု ထင်ရသူက ဆဲမာခြံကို ပန်းခြံအပြင်သို့ လိုက်လံပို့တော့သည်။

ချန်ဖူဝါက စာကြည့်ခန်းကို အကဲခတ်လိုက်ရာ မိမိမှာ စာကြည့်ခန်းအနောက်ရှိ အကာအရံတစ်ခုနောက်တွင် ရောက်ရှိနေကြောင်း သိလိုက်သည်။

စာကြည့်ခန်းတစ်ခုလုံးသည် မီးရောင်ဖြင့် ထိန်ထိန်လင်းလျက်ရှိပြီး သားနားခန့်ညားစွာ တည်ဆောက်ထားကြောင်း တွေ့ရ၏။ စာကြည့်ခန်းနှင့်လုံးဝမတူဘဲ ဓိမ်ခံသောအခန်းဟုဆိုလျှင် ပို၍မှန်ကန်မည်။ ဖန်လုံးများဖြင့် ပြုလုပ်ထားသော ကန့်လန့်ကာတစ်ခုက တွဲလောင်းကျနေပြီး အရောင်တဖိတ်ဖိတ် တောက်ပနေသည်။

ချန်ဖူဝါသည် ကိုယ်ကို ထိုကန့်လန့်ကာအောက်မှ လိုမ့်ထွက်လိုက်သည်။

စာကြည့်ခန်း၏ တည်ဆောက်ပုံနှင့် ထောင်ချောက်ခလုတ်တည်ရှိပုံတို့ကို ချန်ဖူဝါ သေချာစွာ မှတ်သားထားပြီးဖြစ်သောကြောင့် သတိထားကာ ထောင်ချောက်ခလုတ် မထိအောင် ရှောင်ရှားရသည်။

ဖန်သီးဖြင့် ပြုလုပ်ထားသော ကန့်လန့်ကာနှစ်ထပ်ရှိပြီး ထိုကန့်လန့်ကာအပြင်ဆုံးတွင် ပါးလွှာသော ပိုးချည်ကန့်လန့်ကာ တစ်ထပ်ရှိသေးသည်။ ထိုကန့်လန့်ကာအုသီးသီးကို ဖြတ်ကျော်ပြီးသော် ခုံရှည်ကြီးတစ်လုံးနားသို့ ရောက်ရှိလာသည်။



စားပွဲခုံကြီးပေါ်တွင် စာရွက်စာတမ်းများရှိသည်။

အလယ်တည့်တည့်တွင် ပိုးချည်ဖြင့်ပြုလုပ်ထားသော ပျော့ပျောင်းသော ပိတ်တစ်ချပ်ရှိရာ ကျောက်စိမ်းခြသေ့ရုပ်တုတစ်လုံးဖြင့် ဖိထားသည်။

ထိုပိုးချည်ပိတ်စပေါ်တွင် စာလုံးများ ရေးသားထားသဖြင့် ချန်ဖူဝါက အနီးကပ်ယူကြည့်လိုက်မိ၏။

ထိုအခါ ချန်ဖူဝါ၏မျက်နှာမှာ ဖြူဖတ်ဖြူရော် ဖြစ်သွားတော့သည်။ ထိုပေါ်တွင် ရေးသားထားသော စာများကား…

*စန်ကွန်းဆွေ … ရွှေသားလျှံပေါင်း တစ်သောင်းတိတိ၊*

*ဆယ့်နှစ်လ၊ … ရက်ချိန်း နံနက်ခင်း။*

*လီတုန်းယန် … ရွှေထားလျှံပေါင်း တစ်သောင်းတိတိ၊*

*ဆယ့်နှစ်လ၊ … ရက်ချိန်းနံနက်ခင်း။*

*လုံဖေး … ရွှေသားလျှံပေါင်း သုံးသောင်းတိတိ၊*

*ဆယ့်နှစ်လ၊ … ရက်ချိန်း ညဥ့်နက်သန်းခေါင်ယံ။*

လူသတ်စာရင်းပေတည်း။

ရွှေများကို ကျိုကွမ်ရယ်ကပေးပြီး သံချပ်ဝတ်စုံနှင့်လူသတ်သမားက လူသတ်ပေးကြောင်း ထင်ရှားလှ၏။

စန်ကွန်းဆွေနှင့် လီတုန်းယန်၏နာမည်အောက်တွင် ဆေးနီဖြင့် ကြက်ခြေခတ်တစ်ခုစီ ရေးဆွဲထား၏။

ထိုသဘောကို ချန်ဖူဝါ နားလည်ပါသည်။ ရှင်းပြီးပြီဟု ဆိုလိုခြင်း ဖြစ်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



**နောက်ထပ်** သတ်ဖြတ်ရန် ကျန်သေးသူက လုံဖေးဖြစ်၏။

**လုံဖေး၏** မှန်းဆချက်သည် ဒက်ထိမှန်ကန်နေပေပြီ။

**လုံဖေးအား** လုပ်ကြံသတ်ဖြတ်မည့်အချိန်မှာ ယနေ့ည ညဥ့်နက်သန်းခေါင်ယံအချိန်ပင် ဖြစ်သည်။

ယခု သန်းခေါင်ရောက်ရန် အချိန်သိပ်မလိုတော့ကြောင်း ချန်ဖူဝါ တွက်ဆမိသည်။

လုံဖေးခမျာ ဤသတင်းကို မရရှိသေးဘဲ မိမိ၏သတင်းကို စောင့်မျှော်နေကြောင်း ချန်ဖူဝါ စဉ်းစားမိသော် ကြက်သီးဖျန်းဖျန်း ထလာသည်။

အန္တရာယ်သည် မျက်ခုံးနားရောက်နေပြီ မဟုတ်ပါလား။

အမှန်စင်စစ် သံချပ်ဝတ်စုံနှင့် လူသတ်သမား၏ ပစ်မှတ်သည် မိမိပင်ဖြစ်ကြောင်း လုံဖေးကသာ ဆိုခဲ့ပါသည်။ အကာအကွယ်များ ကြိုတင်ပြုလုပ်ထားခြင်း ရှိမရှိ ချန်ဖူဝါ မသိပါ။ သို့သော် ထိုင့်ဖိန်အန်လို့ဝမ်၏ဂေဟာတွင် အဆင့်မြင့်သိုင်းသမား ကိုယ်ရံတော်များ အထပ်ထပ်ချထားသောကြောင့် သံချပ်ဝတ်စုံနှင့် လူသတ်သမားသည် လုံဖေးအား လုပ်ကြံသတ်ဖြတ်ရန် သိပ်မလွယ်ကူလှပါ။

ထို့ပြင် ...

လုံဖေးကိုယ်တိုင်ကလည်း သာမန်သိုင်းသမားတစ်ယောက် မဟုတ်။ အလွန်အဆင့်မြင့်သော သိုင်းပညာသည်ပင် ဖြစ်ပါ၏။

သံချပ်ဝတ်စုံနှင့် လူသတ်သမားသည် ဓားလုံများကို ဂရုမစိုက်သော်လည်း လူအင်အားအများနှင့် ရင်ဆိုင်ရလျှင် တစ်ချိန်ချိန်



တွင် အင်အားကုန်ခန်းကာ လက်ပန်းကျလာနိုင်ပါ၏။

ထို့ကြောင့် စန်ကွန်းဆွေနှင့် လီတုန်းယန်တို့ကို လုပ်ကြံသတ်ဖြတ်စဉ်က ဆဲမာခြုံက သံချပ်ဝတ်စုံနှင့်လူကို အကူအညီပေးကာကွယ်စောင့်ရှောက်ရခြင်းပင် ဖြစ်ပါသည်။

အမှန်တော့ ဆဲမာခြုံကဲ့သို့သော အဖွဲ့အစည်းတစ်ခု၏ ခေါင်းဆောင်ကြီးက ကိုယ်တိုင်ဝင်ရောက်လုပ်ကိုင်စရာမလိုပါ။

သို့သော် သူက ဤသို့မဟုတ်ဘဲ ကိုယ်တိုင်ပါဝင် ကူညီခဲ့သေးသည်။

ဤပုံကိုကြည့်ခြင်းအားဖြင့် ဆဲမာခြုံသည် ငွေကြေးပေးကာ ငှားရမ်းထားရသော လူသတ်သမားကို အစွမ်းကုန် အသုံးချသည် ဖြစ်ကြောင်း သေချာလှပါသည်။

ထို့ကြောင့် လုံဖေးအပါအဝင် အားလုံးသော သူတို့သည် ဤကဲ့သို့ ထင်မြင်တွက်ဆကြသည်။

ဆဲမာခြုံသည် ကြေးစားလူသတ်သမား သံချပ်ဝတ်စုံနှင့် သူကို ငှားရမ်းကာ စန်ကွန်းဆွေနှင့် လီတုန်းယန်တို့ကဲ့သို့သော လုံဖေး၏ အားကိုးရလောက်သော လက်အောက်အရာရှိကြီးများကို လုပ်ကြံသတ်ဖြတ်သည်ဟု လုံဖေးတို့က ဤသို့ ထင်မှတ်ကြသည်။

သို့သော် ဆဲမာခြုံ၏ အကြံအစည်က ဤမျှတင်မကပါ။ ထိုထက်ပို၍ ပို၍ ကြီးမားသော အကြံအစည်တစ်ခု ကျန်ပါသေးသည်။

သူ၏အကြံအစည်ထဲတွင် သံချပ်ဝတ်စုံနှင့် လူသတ်သမားသည် အရေးပါသော ကွင်းဆက်တစ်ခုမျှသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဓာဆဲချို၏ မဟာအကြံအစည်ကို မည်သူမျှ မရိပ်မိနိုင်ပါ။ လုံဖေးအပါအဝင် ချန်ဖူဝါပါ ဆဲမာချို၏ အကြံအစည်ကို မသိပါချေ။

လူသတ်စာရင်းကိုတွေ့ရသော ချန်ဖူဝါသည် အလွန် ထိတ်လန့်တုန်လှုပ်သွားပြီး ထိုသတင်းကို လုံဖေးထံ အလျင်အမြန် ရောက်အောင်ပို့ရတော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်သည်။

ထိုစဉ်၌ပင် ...

ချန်ဖူဝါသည် အလွန်အေးစက်မာကျောသော အသံတစ်ခုကို ကြားလိုက်ရသည်။

"ချထားလိုက်စမ်း"

အေးစက်သောလေသံကြောင့် ချန်ဖူဝါမှာ ဟင်ခနဲ ဖြစ်သွားမိသည်။

ကျိုကွမ်ရယ်၏အသံသာတည်း။ သူ၏ခြေသံကို ချန်ဖူဝါ လုံးဝမကြားရပါ။

လုံဖေး၏ကိုယ်ရေးရာဇဝင်မှတ်တမ်းတွင် ကျိုကွမ်ရယ်သည် အသတ်အပုတ်အတိုက်အခိုက် ကျွမ်းကျင်သောပုဂ္ဂိုလ်ဖြစ်ကြောင်း မှတ်သားထား၏။

'မိကြိုးသိုင်းဂိုဏ်း' ၏ သိုင်းပညာကို တတ်ကျွမ်းသည်ဟု မှတ်တမ်းတင်ထား၏။

အမှန်စင်စစ် သိုင်းလောကတွင် မိကြိုးသိုင်းဂိုဏ်းအဖွဲ့သည် အလွန်လျှို့ဝှက်သောအဖွဲ့တစ်ဖွဲ့ ဖြစ်ပါ၏။



တရုတ်ပြည်ပြည်မတွင် သိုင်းလောကသားတို့ အသိနည်းသော သိုင်းအဖွဲ့တစ်ဖွဲ့ဖြစ်သောကြောင့် သိုင်းလောကသားအပေါင်းတို့ လျစ်လျူရှုထားသောအဖွဲ့လည်း ဖြစ်ပါ၏။

မိကြိုးသိုင်းဂိုဏ်း၏ သိုင်းပညာအကြောင်းကို သိုင်းလောကသားတို့က အတွေ့နည်းသလို မည်သည့်ပုံစံ သိုင်းကွက်ဖြစ်ကြောင်း မည်သူမျှ မသိရှာပါ။ လုံဖေး၏စုံစမ်းမှုကြောင့်သာ မိကြိုးသိုင်းအဖွဲ့အကြောင်းကို အနည်းငယ်သာ သိရှိခွင့်ရခဲ့ခြင်း ဖြစ်ပါ၏။

ကျိုကွမ်ရယ်ကိုယ်တော်ကြီးသည်လည်း လုံဖေးရှေ့တွင် တစ်ခါမှ သိုင်းပညာပြသတိုက်ခိုက်ခြင်း မပြုလုပ်ခဲ့ပါ။

ထို့ကြောင့် သူ၏သိုင်းပညာသည် မည်သည့်အဆင့်ထိ ခြင့်မားသည်ကို လုံဖေးအပါအဝင် မည်သူမျှ မသိရှိခဲ့ခြင်း ဖြစ်ပါ၏။

ယခုတော့ ကျိုကွမ်ရယ်၏ သိုင်းပညာအရည်အချင်းကို သိရှိခွင့် ကြုံလာပါပြီ။ သို့သော် ချန်ဖူဝါက စိတ်မဝင်စားပါ။ လုံဖေးထံသို့ လူသတ်စာရင်းနှင့်ပတ်သက်၍ အမြန်ဆုံး သတင်းပေးပို့ရန်သာ စိတ်စောနေပါ၏။

ထို့ကြောင့် ချန်ဖူဝါသည် လေထဲသို့ ခုန်ပျံတက်ကာ လက်ထဲမှဓားဖြင့် ကျိုကွမ်ရယ်အား တိုက်ခိုက်လိုက်၏။

ကျိုကွမ်ရယ်က သူ့ရှေ့တွင် ရှိနေသော ဖန်သီးကန့်လန့်ကာဖြင့် ချန်ဖူဝါ၏ မျက်နှာကို လွှဲရိုက်လိုက်၏။

မီးရောင်အောက်တွင် တဖိတ်ဖိတ်တောက်ပနေသော ဖန်သီးကန့်လန့်ကာသည် ချန်ဖူဝါ၏မျက်နှာကို တိုက်ခိုက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



အကယ်စင်စစ် ...

ကိုကွမ်ရယ်က ချန်ဖူဝါအား တိုက်ခိုက်ခြင်းမှာ တကယ်တိုက်ခိုက်ခြင်းမဟုတ်။ အယောင်ပြသောသဘောသာ ဖြစ်၏။

သူ၏ တကယ့်တိုက်ကွက်ကား သူ၏အင်္ကျီလက်ထဲရှိ ဓားတိုလေးနှစ်ချောင်းပင် ဖြစ်၏။

ချန်ဖူဝါ၏အာရုံကို ပြောင်းလွဲစေပြီး ကိုကွမ်ရယ်၏ဓားတိုနှစ်ချောင်းသည် လျှပ်တစ်ပြက် လျင်မြန်စွာ ကန့်လန့်ကာကို ဖောက်၍ ချန်ဖူဝါထံ ပြေးဝင်လာကြ၏။

ဓားတိုနှစ်ချောင်းနောက်တွင် ငွေရောင်ချည်မျှင်နှစ်ချောင်းနှင့် ဆက်သွယ်ထားသည်ကို တွေ့ရ၏။

ဓားတိုများသည် ထက်မြက်ပါးလွှာလှ၏။

မီးရောင်အောက်တွင် ဓားသွားများသည် ငွေရောင်တလက်လက် တောက်ပနေ၏။ လေထဲကိုခုန်တက်သွားသော ချန်ဖူဝါသည်လည်း တုံ့ပြန်တိုက်ခိုက်ခြင်းသာ ဖြစ်၏။

မြွေမြွေချင်း ခြေမြင်ကြခြင်းပေတည်း။

ကိုယ်ကိုကွေးကာ မြေပေါ်သို့ ရုတ်တရက် လိမ့်ချလိုက်သည်။

ကိုကွမ်ရယ်သည် မိမိ၏ဓားတိုနှစ်ချောင်းကို ရုပ်သိမ်းလိုက်၏။

မြေပေါ်လိမ့်နေသော ချန်ဖူဝါကိုလိုက်၍ တိုက်ကွက် ဆယ့်ခုနစ်ကွက်တိတိ ဓားတိုဖြင့် ပစ်ခတ်တိုက်ခိုက်လေသည်။



ဒုတ်ဒုတ်ဟူသော အသံဆယ့်ခုနစ်ချက်ပေါ်လာသော်လည်း ချန်ဖူဝါအား တစ်ချက်မျှမထိချေ။

ချန်ဖူဝါကဲ့သို့ လျင်မြန်ဖျတ်လတ်သော သိုင်းသမားမို့သာ ကိုကွမ်ရယ်၏ တိုက်ကွက်ဆယ့်ခုနစ်ကွက်ကို ရှောင်နိုင်ခြင်း ဖြစ်၏။

အကယ်၍ အခြားအဆင့်မြင့်သိုင်းသမားသာဆိုလျှင် ဤသို့ ရှောင်နိုင်လိမ့်မည် မဟုတ်ချေ။

ချန်ဖူဝါသည် လိမ့်ပတ်ရှောင်ရှားရင်း အကာအကွယ်နောက်ကို ရောက်သွား၏။

ကိုကွမ်ရယ်၏ ဓားတိုနှစ်လက်က အကာအကွယ်ကို ခုနစ်ချက်တိတိ ထိုးစိုက်ဝင်ခဲ့၏။ အကာရုံပေါ်တွင် အပေါက်ခုနစ်ပေါက် ဖောက်ထွင်းသွား သော်လည်း ချန်ဖူဝါကို လုံးဝမထိခိုက်ချေ။

အကာအရံနောက်မှ ချန်ဖူဝါသည် မိမိဝင်လာခဲ့သည့် လိုဏ်ဂူဝက်ဝင်ပေါက်မှ အောက်ဘက်သို့ လိမ့်ချသွားတော့၏။

ကိုကွမ်ရယ်သည် ထရံတွင် ထောင်ထားသော လှံရှည်ကြီးတစ်ချောင်းကို ဆွဲယူလိုက်ပြီး အပေါက်ကို ထိုးစိုက်လိုက်၏။

လှံရှည်ကြီး ချန်ဖူဝါကို လုံးဝမထိချေ။

ကိုကွမ်ရယ်သည် နောက်ဆုံး၌ ထရံပေါ်ရှိ ကြေးကွင်းကို ရုတ်တရက် ဆောင့်ဆွဲလိုက်၏။ တစ်ခဏအတွင်း အချက်ပေး ခေါင်းလောင်းသံများ အဆက်မပြတ် ပေါ်ပေါက်လာတော့၏။

www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၈ )

## လက်လှည့်လော••မျက်လှည့်လော

စာကြည့်ခန်းအောက်မှ ချန်ဖူဝါပေါ်ထွက်လာသည်နှင့် ကိုယ်ရံတော်နှစ်ယောက်သည် ဓားရှည်ကိုယ်စီဖြင့် တိုက်ခိုက်ကြတော့၏။

ချန်ဖူဝါသည် အချိန်မဖြုန်းနေချေ။

မျက်နှာချင်းဆိုင်အရပ်မှ ဝင်လာသော ကိုယ်ရံတော်တစ်ယောက်ကို လက်နက်ပုန်းဖြင့် ပစ်လိုက်ရာ ကိုယ်ရံတော်၏လည်မျိုကို ဖောက်ထွင်းဝင်ရောက်သွားပြီး ချက်ချင်း လဲကျသေဆုံးသွားလေ၏။

ချန်ဖူဝါသည် ကျောက်တောင်အတုတစ်လုံးပေါ်သို့ ခုန်တက်သွား၏။ ကျောက်တောင်အတုနောက်ကွယ်မှ လှံရှည်တစ်ချောင်းက ရုတ်တရက် ထိုးဝင်လာ၏။

သို့သော် ချန်ဖူဝါ၏ကိုယ်ခန္ဓာသည် ကျောက်တောင်ပေါ်တွင် မရှိတော့ဘဲ နံဘေးရှိ ထင်းရှူးပင်တစ်ပင်ပေါ်သို့ ရောက်သွားပြန်၏။

ထင်းရှူးပင်အောက် ဝိုင်းရံထားသော ကိုယ်ရံတော်များသည် သစ်ပင်ပေါ်တက်သွားသော ချန်ဖူဝါကို နားမလည်သော



သဘောနှင့် ကြောင်ကြည့်နေကြ၏။

သစ်ပင်ထိပ်ဖျားသို့ ရောက်ရှိနေသော ချန်ဖူဝါသည် သာယာလှသော ချိုးကူသံကဲ့သို့သောအသံပြုလိုက်၏။ အောက်မှ အစောင့်များသည် ချန်ဖူဝါ၏အပြုအမူကို လုံးဝနားမလည်ကြချေ။

မကြာမီ အတောင်တဖျပ်ဖျပ်အသံကြားရပြီးနောက် ဖြူဆွတ်သော ခိုငှက်ကလေးတစ်ကောင်သည် ထင်ရှူးပင်ထိပ်ဖျားရှိ ချန်ဖူဝါထံသို့ ပျံသန်းသွားကြောင်း အစောင့်များက တွေ့လိုက်၏။

ထိုအမျိုးအစားခိုကို ချဲ့လီဝှမ်ခို အမျိုးအစားဟုခေါ်ပြီး သာမန်ရိုးရိုးခိုထက် အဆမတန်ဝေးလံသောအရပ်ထိ ပျံသန်းနိုင်စွမ်း ရှိ၏။

ထို့အပြင် မိမိတို့သွားလိုသော လားရာဘက်အရပ်ကို ခွဲခြားသိနိုင်စွမ်းလည်း ရှိ၏။ ချဲ့လီဝှမ်ခိုအမျိုးအစားသည် သတင်းပို့ဆောင်ရန်သက်သက် မွေးမြူထားသော ခိုအမျိုးအစားပင်ဖြစ်ပါ၏။

ချန်ဖူဝါသည် ခို၏ခြေထောက်တွင်ရှိသော ဝါးကျည်တောက်ကလေးအတွင်းသို့ ထိုလူသတ်စာရင်းကို လှို့ဝှက်စွာဖြင့် ရေးထိုးပြီး ထည့်လိုက်၏။

ခိုဖြူကို ကောင်းကင်ပေါ်သို့ လွှတ်လိုက်၏။ ခိုဖြူလေးသည် မြင်းထန်သောအရှိန်ဖြင့် ကောင်းကင်ပေါ်သို့ ထိုးတက်သွားလေ၏။

ထင်းရှူးပင်အောက်မှ ကိုယ်ရံတော်များသည် ထိုအခြင်းအရာကို မြင်သောပေါက်သွားကြ၏။ သို့သော် ထိုခိုဖြူကို သူတို့ မဟန့်တားနိုင်တော့ပါ။ ခိုဖြူကလေးမှာ အဝေးသို့ ရောက်ရှိသွားပါပြီ။

ထိုစဉ် လေးသည်တော် အဖွဲ့တစ်ဖွဲ့ ရောက်လာပြီး ထင်းရှူး

www.burmeseclassic.com

www.burmeseclassic.com



ပင်ပေါ်သို့ မြားဆယ့်နှစ်စင်း ပစ်လွှတ်လိုက်၏။

ချန်ဖူဝါသည် ထင်းရှူးပင်ပေါ်မှ စာကြည့်ခန်း၏ အိမ်အမိုးကို ဦးတည်၍ ခုန်လွှားလိုက်၏။

အကွာအဝေးမှာ ပေနှစ်ဆယ်ခန့်ရှိသဖြင့် တစ်ချက်တည်းနှင့် အိမ်အမိုးပေါ်ရောက်အောင် မည်သူမျှ မခုန်နိုင်ပါ။

အမှန်စင်စစ် ချန်ဖူဝါသည် သတ္တုချိတ်ပါသော ကြိုးကို စာကြည့်ခန်း၏ အိမ်အပေါ် ပစ်ချိတ်လိုက်ခြင်း ဖြစ်၏။

ထိုမှတစ်ဆင့် ကြိုးကို အားပြုဆွဲလွဲပြီး အိမ်အမိုးပေါ်သို့ ဘေးမသိရန်မခ ရောက်လာခြင်း ဖြစ်ပါ၏။ အိမ်အမိုးပေါ်ရောက်သည့် ချန်ဖူဝါသည် အောက်သို့ လှဲချလိုက်၏။ ထိုစဉ်မှာပင် ... သူ၏ ဦးခေါင်းပေါ်မှ မြားဆယ့်နှစ်စင်းက ကျော်ဖြတ်သွားသည်။

လျင်မြန်ဖျတ်လတ်လှသော ချန်ဖူဝါ၏လှုပ်ရှားမှုကိုကြည့်ပြီး ကိုယ်ရံတော်များသည် အလွန်အံ့သြချီးကျူးမိကြ၏။

ဤမျှလျင်မြန်သော လူသားကို ယခင်က သူတို့အနေဖြင့် တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးခဲ့ကြပေ။

ချန်ဖူဝါသည် လက်ထဲရှိသံချိတ်နှင့်ကြိုးကို အသုံးပြု၍ သစ်ပင်တစ်ပင်ပြီးတစ်ပင် ခုန်ကူးကာ ကျိုကွမ်ရယ်၏အိမ်ဂေဟာ အနောက်ဘက်ရှိ ဝင်းထရံမြင့်နားရောက်လာ၏။

ကိုယ်ရံတော်များက သစ်ပင်အောက်မှနေ၍ ချန်ဖူဝါ၏ နောက်ကို ပြေး၍လိုက်လာကြတော့၏။ သို့သော် ချန်ဖူဝါကို မည်သူမျှ မီအောင် မလိုက်နိုင်ချေ။



ချန်ဖူဝါသည် ဝင်းထရံမြင့်ကိုကျော်ကာ မြေပြင်ပေါ်သို့ လွှားခနဲခုန်ချလိုက်သည်။ သူ၏ရှေ့သိပ်မဝေးကွာသောနေရာတွင် ကြီးမားသော ရေကန်တစ်ကန်ရှိပြီး ယခုအခါ ရေများက အေးခဲနေသောကြောင့် ရေကန်မျက်နှာပြင်က ပြောင်ချောနေ၏။ ရေခဲမျက်နှာပြင်မှာ တဖိတ်ဖိတ်လက်နေသည်ကို တွေ့ရသည်။

ကန်ကြီး၏နံဘေး တစ်ဖက်တစ်ချက်တွင် သစ်ပင်ကြီးများ ပေါက်ရောက်နေပြီး နှင်းပွင့်များဖြင့် ဖုံးအုပ်နေသည်ကို တွေ့ရ၏။ သစ်ပင်ကြီးများက ထွားကျိုင်းမြင့်မားလှပြီး သစ်ရွက်များ ထူထပ်စွာ ပေါက်ရောက်နေသည်။

သစ်ရွက်ပေါ်တွင် နှင်းပွင့်က ထပ်မံ၍ ဖုံးအုပ်ထားသောကြောင့် ရုတ်တရက်ကြည့်လျှင် ဘာမျှမတွေ့နိုင်ချေ။ ပုန်းအောင်းရန် အလွန်ကောင်း၏။

သို့သော် ချန်ဖူဝါက သစ်ပင်ကြီးပေါ်သို့ တက်ပြေးခြင်း မပြုဘဲ အရှေ့ကို ဆက်၍ပြေး၏။ နောက်ဆုံး၌ ကန်ကြီး၏တစ်ဖက်ကမ်းသို့ ရောက်ရှိသွားတော့၏။

☆

ချန်ဖူဝါသည် မကြာမီ နှင်းတောထဲသို့ ရောနှောဝင်ရောက်သွားပြီး ပျောက်ကွယ်သွားတော့သည်။

ကျိုကွမ်ရယ်၏ အိမ်ဂေဟာနောက်ဖေးတံခါးပွင့်လာပြီး

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရံတော်တပ်သားများ စုပြုံပေါ်ထွက်လာ၏။ လူနှစ်စုခွဲကာ ချုန် ဖူဝါ့ခြေရာသို့ မှန်းဆ၍ လိုက်လာကြ၏။ မကြာမီ ချုန်ဖူဝါ၏ခြေ ရာကိုတွေ့ရှိသဖြင့် ရေကန်ကြီးဘေးရှိ တောအုပ်သို့ရောက်လာ၏။

သစ်ပင်တစ်ပင်အောက်အရောက်တွင် ချုန်ဖူဝါ၏ခြေရာများ ရုတ်တရက်ပျောက်ကွယ်သွားသဖြင့် သစ်ပင်ကို ဝိုင်းရံထားလိုက်ကြ တော့သည်။

အမှန်စင်စစ် ချုန်ဖူဝါသည် ထိုသစ်ပင်အောက်ရောက်သည် အထိ ခြေနှစ်ချောင်းဖြင့် လျှောက်လှမ်းခဲ့၏။ ထိုသစ်ပင်ကို ကျော် သောအခါ ခြေနှစ်ချောင်းသည် မြေပြင်ကိုမထိဘဲ ဓားနှင့်ဓားအိမ်ကို နှင်းခဲပြင်ပေါ်ထောက်၍ ပြေးသွားခြင်းဖြစ်၏။

ထို့ကြောင့် သစ်ပင်အထိသာ သူ့ခြေရာကိုတွေ့ရခြင်းဖြစ်၏။ ချုန်ဖူဝါ၏ခြေရာများ သစ်ပင်အောက်တွင် ပျောက်ကွယ်သွားပြီဖြစ်၍ ချုန်ဖူဝါမှာ သစ်ပင်ပေါ်တွင် တက်ရောက်ပုန်းအောင်းနေသည်ဟု ထင်ကြတော့သည်။ ချုန်ဖူဝါကဲ့သို့သော သိုင်းသမားတစ်ယောက်၏ ကိုယ်ဖော့ပညာက အဆင့်မြင့်သည် မဟုတ်လော။

ထို့ကြောင့် သစ်ပင်ထိပ်ဖျားတွင် ပုန်းအောင်းနေလိမ့်မည် ဟု ယူဆကာ ထိုသစ်ပင်ကိုသာ သဲသဲမဲမဲဝိုင်းကြတော့၏။

ထို့အပြင် သူတို့ထဲမှ သိုင်းပညာ အဆင့်မြင့်သော၊ ကိုယ် ဖော့ပညာအဆင့်မြင့်သော သိုင်းသမားကိုယ်ရံတော်လေးဦးက သစ်ပင်ပေါ် တက်ရှာတော့၏။ ကျန်ကိုယ်ရံတော် အယောက်တစ်ရာ တို့က မီးပုံးများ ကိုယ်စီကိုင်လျက် ချုန်ဖူဝါကို ရှာဖွေကြ၏။



ဤသို့သောအချိန်အခါမျိုးတွင် ဖျတ်လတ်လျင်မြန်သော […]န်ဖူဝါကဲ့သို့သိုင်းသမားတစ်ယောက်ကို တွေ့အောင်ရှာဖွေရန်မလွယ် […]ကြောင်း ကိုယ်ရံတော်များ နားလည်သဘောပေါက်ပါသည်။

သို့သော်လည်း အထက်မှကျလာသော အမိန့်ကို မည်သူမျှ […]လွန်ဆန်ဝံ့ရဲပါ။ အမိန့်အတိုင်းသာ လုပ်ရ၏။ မျှော်လင့်ချက်မရှိမှန်း […]တော့ နားလည်ကြ၏။ ထို့ကြောင့် သူတို့မှာ မျှော်လင့်ချက်မရှိမှန်း […]သော်လည်း ကြိုးစားရှာဖွေဆဲပင် ဖြစ်၏။

နောက်ဆုံးတော့ အချိန်ကုန် လူပန်းသည်မှလွဲ၍ မည်သည့် […]လာဒ်မျှ မရရှိပါ။

ရေကန်ကြီး၏တစ်ဖက်ကမ်းသို့ ရောက်နေသော ချုန်ဖူဝါ […]သည် တစ်ဖက်ကမ်း၌ ကျန်ရစ်ခဲ့သော ကိုယ်ရံတော်များ၏ ဆူညံ […]သာ အော်ဟစ်သံကို ခပ်သဲ့သဲ့ကြားရ၏။

မကြာမီ တောအုပ်လေးတစ်အုပ်သို့ ရောက်ရှိလာ၏။

ချုန်ဖူဝါက ထိုင့်ဖိန်အန်းလို့ဝမ် အိမ်ဂေဟာရှိရာသို့ ဦးတည် […] ဆက်လက် ထွက်ခွာလာ၏။

သတင်းပို့ဆောင်သောခိုတစ်ကောင်လွှတ်ကာ သတင်းပို့ခဲ့ […]ဖြစ်သော်လည်း လုံဖေးအတွက် စိုးရိမ်နေဆဲပင် ဖြစ်လေသည်။

မတော်တဆ တစ်စုံတစ်ခု လွဲချော်သွားပါက လုံဖေး၏ […]သက်ကို အန္တရာယ်ကြုံတွေ့လာရမည်ဖြစ်၍ ချုန်ဖူဝါသည် လုံး[…] […]တ်မချရဲဘဲ ကိုယ်တိုင်ပါဝင်စောင့်ရှောက်ရန် ဤသို့ အပြေးလာခြင်း […]၏။

www.burmeseclassic.com

www.burmeseclassic.com



တောအုပ်လေး၏ရှေ့တွင် အလွန်ကျယ်ပြန့်သော မြေပြန့်ကွင်းပြင်ကြီးတစ်ခု ဖြစ်နေသည်။ ချန်ဖူဝါသည် တောအုပ်လေးထဲတွင် ပေသုံးဆယ်ကျော်ကျော် ပြေးလွှားလာပြီးသော် ရုတ်တရက် ရပ်တန့်သွား၏။

သူ၏အရှေ့တည့်တည့်တွင်ရှိသော သစ်ပင်တစ်ပင်နောက်ကွယ်မှ မီးထွန်းထားသော မီးပုံးတစ်လုံး ရုတ်တရက် ပေါ်လာသောကြောင့်တည်း။

ထိုလုပထည်ဝါသော ပိုးသားအင်္ကျီရှည်နှင့်လူကား ကျိုကွမ်ရယ်ပင် ဖြစ်တော့သည်။

☆

ကျိုကွမ်ရယ်ကို မမျှော်လင့်ဘဲ တွေ့မြင်လိုက်ရသောကြောင့် ချန်ဖူဝါမှာ လွန်စွာအံ့အားသင့်သွား၏။

ကျိုကွမ်ရယ်က ချန်ဖူဝါကို ကြည့်ကာ ရယ်ပြုံးရင်း ...

"မင်းက တကယ်လည်း မခေလှဘဲကိုး"

"ဟုတ်ကဲ့"

ချန်ဖူဝါက ပြောလိုက်သော်လည်း ဇဝေဇဝါ ဖြစ်နေ၏။

အဘယ်ကြောင့်ဆိုသော် ကျိုကွမ်ရယ်နှင့် အနည်းငယ်ကွဲပြားနေသည်ဟု ချန်ဖူဝါစိတ်ထဲတွင် တွေးထင်နေသောကြောင့် ဖြစ်၏။



မတူ သောအချက်များကား ပထမအနေနှင့် ရယ်ပြုံးသောဟန်မူရာ၊ ဒုတိယအနေဖြင့် စကားပြောသံ၊ တတိယအနေဖြင့် မျက်လုံးအစုံ စသည်တို့ဖြစ်ပေ၏။

စောစောကတွေ့ခဲ့သော ကျိုကွမ်ရယ်သည် ရေခဲပြင်ပမာ အေးစက်မာကျောသော မျက်နှာထားရှိပြီး စကားပြောသံက ငရဲပြည်မှလာသော အသံပမာ အေးစက်လှပေသည်။ မျက်လုံးအစုံ၏ အေးစက်မှုကား အဆိုးဆုံးဖြစ်ပေ၏။

သို့သော် ယခုတွေ့ရသော ကျိုကွမ်ရယ်မှာ ပြုံးရွှင်နေပြီး လေသံကလည်း နူးညံ့သာလှပေသည်။ မျက်လုံးအစုံကလည်း ကြည်လင်အေးမြလှပြီး ခင်မင်စရာ ကောင်းလှ၏။

ထို့ကြောင့် ချန်ဖူဝါမှာ ဇဝေဇဝါနှင့် စဉ်းစား၍မရအောင် ဖြစ်နေ၏။ ကျိုကွမ်ရယ်က ရယ်မောရင်း ...

"ကျုပ်ရဲ့အမိန့်မရှိဘဲနဲ့ ကျုပ်ရဲ့နန်းတော်ထဲကို ဝင်ချင်သလိုဝင်၊ ထွက်ချင်သလိုထွက် စိတ်ကြိုက်ပြုလုပ်ရဲတဲ့လူဆိုလို့ မင်းတစ်ယောက်တည်းပဲရှိတယ်"

"ဪ ... ဟုတ်လား"

ချန်ဖူဝါက စိတ်မပါတပါ ဖြေလိုက်၏။

"ဒါကတော့ မင်းရဲ့ ပညာအရည်အချင်းကြောင့်ပေါ့"

"ဒါဖြင့် ကိုယ်တော်ကြီးက ကျွန်တော့်ကို ဘယ်လိုဖြစ်စေချင်သလဲ"

"စာရေးထားတဲ့ ပိုးချည်ပိတ်စကော၊ ကျုပ်ကိုပြန်ပေးစမ်း"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သတင်းပို့ဆောင်တဲ့ခိုတစ်ကောင်နဲ့ သတင်း
လိုက်ပြီ ခင်ဗျာ"

ကျိုကွမ်ရယ်က ရယ်မောရင်း ပြော၏။

"ဒီပိတ်စကြီးကို ခိုနဲ့ပို့တယ်ဆိုတာ မဖြစ်နိုင်ဘူး၊ ပို့ပြီးပြီဆို
လည်း မင်းက ဘာဖြစ်လို့ ရေးကြီးသုတ်ပျာနဲ့ ပြေးရတာလဲ"

ချန်ဖူဝါ ရယ်မောမိသည်။

"ကျွန်တော့်အသက်အတွက် ထွက်ပြေးတာပေါ့ဗျာ"

"ဪ ... ဒီလိုလား၊ ဒီလိုဆိုတော့ မင်းလည်း သေ
တော့ ကြောက်သားပါပဲလား"

"ကိုယ်တော်ကြီးကော ဒီအထိလိုက်လာတာ ဘာကိစ္စ
လဲ ခင်ဗျာ"

"ကျုပ်က ရွှေသားလျှံသုံးသောင်းနဲ့ သံချပ်ဝတ်စုံနဲ့လူသ
သမားကို ဘာကြောင့် ငှားရမ်းခဲ့တယ်ဆိုတာ မင်းသိလား"

"သိပါတယ်၊ ထိုင့်ဖိန်အန်းလို့ဝမ်လုံဖေးကို လုပ်ကြံသ
ဖြတ်ဖို့ပါပဲ ခင်ဗျာ"

ကျိုကွမ်ရယ်က ချန်ဖူဝါကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး

"မင်းရဲ့ခိုက ပျံသန်းထွက်ခွာသွားဆိုတော့ ကျုပ်လ
လိုက်လို့မမီတော့ပါဘူး၊ ဒါဟာ မင်းရဲ့ ပရိယာယ်ဖြစ်ချင်လည်း
နိုင်တယ်၊ ဒါကြောင့် ကျုပ်က လူကိုယ်တိုင်ဟန့်တားပြီး မေးရတာ

"ကိုယ်တော်ကြီးက လမ်းမဖယ်ရင်တော့ ကျုပ်က ဖြ
မိတော့မယ်ဗျာ"



ကျိုကွမ်ရယ်က ပြုံးရင်း ...

"ကောင်းတယ် ... မင်းရဲ့သတ္တိကိုတော့ ငါချီးကျူးတယ်၊
လုံဖေးဆီမှာ မင်းလိုသတ္တိရှိတဲ့လူရှိခြင်းကြောင့် လုံဖေးဟာ အင်မ
တန် ကံကောင်းတဲ့လူလို့ ဆိုရမယ်"

"ဟုတ်ပါတယ် ... ထို့နည်းတူ ကျွန်တော်လည်း အမြဲကံ
ကောင်းတဲ့လူတစ်ယောက်ပါပဲ ခင်ဗျာ"

"ဒါကြောင့် မင်း အခုထိ အသက်ရှင်နေလျက်ပေါ့"

ကျိုကွမ်ရယ်သည် ပြောရင်းနှင့် မျက်လုံးအစုံက ချန်ဖူဝါအား
မျက်တောင်မခတ် စိုက်ကြည့်နေ၏။

သူ၏မျက်လုံးများအာ ယခင်ထက်ပို၍ တောက်ပလာပြီး ချန်
ဖူဝါအား ပြောသည်။

"လုံဖေးလက်အောက်မှာ အင်မတန်အားထားရတဲ့ လူငယ်
သိုင်းသမားတစ်ယောက် ရှိတယ်ဆိုတာ ကျုပ်ကြားဖူးတယ်၊ သိုင်း
လောကထဲမှာလည်း အတော် နာမည်ကျော်ကြားခဲ့တဲ့ ပန်းဂေဟာရဲ့
ပိုင်ရှင်လည်း ဖြစ်သတဲ့၊ သူ့နာမည်က ချန်ဖူဝါလို့ခေါ်တယ်၊ အဲဒီ
လူငယ် ချန်ဖူဝါဆိုတာ မင်းလား"

"ဟုတ်ပါတယ် ... ကျွန်တော်ပါ ခင်ဗျာ"

ချန်ဖူဝါသည် စိုက်ကြည့်နေသော ကျိုကွမ်ရယ်၏ မျက်လုံး
နှင့် လမ်းကြောင်းလွှဲပစ်ရန် စိတ်ကူးလိုက်၏။

"ဟိုက် ..."

မိမိ၏မျက်စိသည် ကျိုကွမ်ရယ်၏ မျက်စိလမ်းကြောင်းမှ

www.burmeseclassic.com

www.burmeseclassic.com



လွဲဖယ်ရန် ရေရှိဘဲရှိနေကြောင်း ချန်ဖူဝါ သိလိုက်မိ၏။

ချန်ဖူဝါ၏စိတ်ထဲတွင် ကိုကွမ်ရယ်အား မကြည့်ရန် စဉ်းစားမိသော်လည်း မိမိ၏အာရုံကြောကို ဦးနှောက်က မစေခိုင်းနိုင်ကြောင်း ရုတ်တရက်သိလာသည်။

"အေး ... ကောင်းလိုက်တဲ့ လူငယ်လေးပဲ"

ကိုကွမ်ရယ်က ပြောဆိုရင်း လက်ထဲမှ မီးပုံးကို လွှတ်ချလိုက်၏။

လက်နှစ်ဖက် ရုတ်တရက်မြှောက်တက်လာပြီး ဦးခေါင်းပေါ်ရှိ ဆံပင်ကိုစည်းထားသော ရွှေရောင်သရဖူကို ဖြုတ်ယူလိုက်၏။

သရဖူကို ဘယ်ဘက်လက်ဝါးပေါ်တင်လိုက်ပြီး ခေါင်းကို ခါယမ်းလိုက်သောအခါ စည်းထားသော ဆံပင်များသည် ပခုံးပေါ်သို့ ပြန့်ကျလာကြ၏။

ချန်ဖူဝါသည် မျက်စိအာရုံလွှဲပြောင်းပစ်ရန်ပင် မေ့လျော့နေတော့သည်။

ကိုကွမ်ရယ်သည် ဓားရှည်ကို ဆွဲထုတ်လိုက်သည်။ သူ၏ဓားရှည်သည် သုံးပေခန့်ရှည်လျားကြောင်း တွေ့ရ၏။

ဓားရှည်ပေါ်တွင် ကြယ်ပုံသဏ္ဍာန် အစက်ခုနစ်စက်ပါပြီး တဖိတ်ဖိတ်လက်နေ၏။

မြေပြင်ပေါ်သို့ ကျရောက်သွားသော မီးပုံးသည် လောင်ကျွမ်းနေ၏။ ခဏကြာသော် လောင်ကျွမ်းနေသော မီးတောက်သည် တဖြည်းဖြည်း ကြီးမားလာ၏။



ရုတ်တရက် မီးတောက်ကြီးသည် လေထဲသို့ ခုန်ပျံတက်လာပြီး ကိုကွမ်ရယ်၏ ဘယ်ဘက်လက်ဝါးပေါ်သို့ ကျရောက်လာသည်။

ကိုကွမ်ရယ်က မီးတောက်ကို လက်ဝါးပေါ်တင်သည်။ မီးတောက်က သူ၏လက်ဝါးပေါ်တွင် ဆက်လက်တောက်လောင်နေပါသည်။ ထိုတစ်ချိန်တည်းမှာပင် ရွှေရောင်သရဖူသည် ကိုကွမ်ရယ်၏လက်ဝါးပေါ်မှ ပျံတက်ကာ မီးတောက်ထဲသို့ ဝင်သွားတော့သည်။

"ဒါက ဘာပညာလဲ"

ချန်ဖူဝါ စဉ်းစား၍မရ ဖြစ်နေ၏။

ဓားရှည်ကို ရင်ဘတ်ပေါ် တွင် ကန့်လန့်ထားပြီး ကိုကွမ်ရယ်၏ တိုက်ခိုက်မှုကို စောင့်ဆိုင်းနေ၏။ မျက်စိကိုလွှဲဖယ်မရသော်လည်း သတိမလစ်အောင်မူ ကြိုးစားနေရသည်။

ကိုကွမ်ရယ်သည် ဘယ်ဘက်လက်ဝါးကို အပေါ်အောက် လှည့်ပတ်လှုပ်ရှားလိုက်သည်။ တောက်လောင်နေသော မီးတောက်ထဲမှ သရဖူသည် သူ၏လက်ဝါးလှုပ်ရှားမှုကိုလိုက်၍ လည်ပတ်လှုပ်ရှားနေသည်ကို တွေ့ရသည်။

ကိုကွမ်ရယ်သည် ဘယ်ဘက်လက်ဝါးကို ချန်ဖူဝါထံသို့ ချိန်လိုက်၏။ လက်ထဲက မီးတောက်သည် ရှည်လျားသော မီးနဂါး တစ်ကောင်ပမာ ချန်ဖူဝါ၏မျက်နှာသို့ ပျံဝဲရောက်လာလေ၏။

ချန်ဖူဝါ၏ စိတ်ထဲ၌ ထိတ်ခနဲ ဖြစ်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၉ )
## ဝက်ပါထောင်ချောက်မှ လွတ်မြောက်ခြင်း

ချန်ဖူဝါသည် မျက်စိကို မလွဲဖယ်နိုင်သော်လည်း သတိတော့ မပြတ်ပေ။ ခါးကိုကော့ကာ လေထဲတွင် တစ်ပတ်ကျွမ်းထိုး၍ ရှောင်လိုက်၏။ ကိုယ်ခန္ဓာက မြေပေါ်သို့ရောက်လျှင်ရောက်ချင်း လျှင်မြန်စွာ လိမ့်လိုက်၏။

မီးတောက်ကြီးသည် ချန်ဖူဝါထံ ပျံ့ဝဲမြဲ ပျံ့ဝဲလာသည်။ ချန်ဖူဝါသည် ဘယ်ဘက်လက်ဖြင့် မြေပြင်ထဲ ထိုးစိုက်လိုက်ကာ နှင်းပွင့်များဖြင့် မီးတောက်ကို ပက်ဖျန်းလိုက်လေတော့သည်။

ရှဲရှဲဟူသောအသံနှင့်အတူ မီးခိုးဖြူများ ပေါ်ထွက်လာပြီး မီးတောက်ကြီးလည်း မြေပြင်ပေါ်သို့ ပြုတ်ကျသွားလေသည်။ မြေပြင်ပေါ်ရောက်သောအခါ မီးတောက်မှာ သေငြိမ်းသွားတော့၏။

ထိုတစ်ချိန်တည်းမှာပင် ချန်ဖူဝါသည် အနောက်ဘက်သို့ ဆယ်ပေကျော်ကျော် နောက်ဆုတ်ခုန်ထွက်လိုက်၏။

ကျိုကွမ်ရယ်သည် လေဟုန်စီးသကဲ့သို့ လိုက်ပါလာသည်ကို တွေ့ရ၏။ ချန်ဖူဝါသည် လေထဲသို့ ခုန်တက်ကာ ဓားရှည်ဖြင့် ဖြတ်



လိုက်၏။ ကျိုကွမ်ရယ်က မခုခံ မကာကွယ်ချေ။

"ဟင် ... ဘာပညာလဲ ... မှော်ပညာလား"

ချန်ဖူဝါသည် တစ်ကိုယ်လုံး တုန်ခါသွားမတတ် ကြောက်လန့်ထိတ်လန့်သွားသည်။

မြေပြင်ပေါ်သို့ ပြန်ကျလာပြီး ဝတ်ငန်းကျင်ကို တစ်ပတ်လည်ကာ ကြည့်လိုက်သော် ကျိုကွမ်ရယ်ကို မတွေ့ရတော့ချေ။ တစ်ချိန်တည်းမှာပင် ကျယ်လောင်သော ရယ်မောသံတစ်ခု ပေါ်လာ၏။ ရယ်သံသည် အေးစက်ပြီး အလွန်ထူးဆန်းသော ရယ်သံမျိုး ဖြစ်၏။

သရဲတစ္ဆေများ၏ ရယ်သံလိုလို မြေကြီးထဲမှ ပေါ်ပေါက်လာသည်ဟုထင်ရ၏။ မြေကြီးတစ်ခုလုံးလည်း ရယ်သံကြောင့်တုန်ခါနေ၏။

ချန်ဖူဝါ အောက်ငုံ့ကြည့်လိုက်သောအခါ မြေပြင်ပေါ်မှ နှင်းပွင့်ထုကြီးသည် မညီမညာနှင့် ဖောင်းလိုက်ချိုင့်လိုက် ဖြစ်နေသည်ကို တွေ့ရ၏။ တဖြည်းဖြည်းနှင့် မြေပြင်ပေါ်တွင် ကြီးမားသော လူတစ်ယောက်၏ မျက်နှာတစ်ချက်အဖြစ်သို့ ပြောင်းလဲလာလေသည်။

သေချာစွာကြည့်လိုက်သော် ကျိုကွမ်ရယ်၏ မျက်နှာနှင့် တစ်ထေရာတည်းရုပ်တူသော မျက်နှာဖြစ်ကြောင်း တွေ့ရလေသည်။

ထိုမျက်နှာကြီး၏နှုတ်ခမ်းနှစ်ခုသည် တလှုပ်လှုပ်နှင့် လှုပ်ရှားနေပြီး ထိုရယ်မောသံသည် ၎င်းပါးစပ်မှ ပေါ်ပေါက်လာသည့်လို ထင်ရ၏။ ထိုအခြင်းအရာကို မြင်ရသော ချန်ဖူဝါသည် ထိတ်လန့်တုန်လှုပ်သွားပြီး ... "အောက်လမ်းပညာ" ဟု ရေရွတ်မိသည်။ သူသည် သူ့ကိုယ်သူ သတိပေးပြီး စိတ်အာရုံကို ထိန်းသိမ်းထားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် မြေပြင်ပေါ်ရှိ မျက်နှာကြီး၏အလယ်ဗဟိုနေရာမှ အစိတ်စိတ်အမြွှာမြွှာ ကွဲအက်သွားကာ ကြီးမားသောချိုင့်ကြီးတစ်ခု အဖြစ်သို့ ပြောင်းလဲသွားတော့သည်။

☆

မြေကြီးသည်လည်းရုတ်တရက် ကြီးမားသောအက်ကြောင်း တစ်ခုပေါ်လာပြီ ချန်ဖူဝါရပ်နေရာသို့ လိုက်၍ ကွဲအက်လာ၏။

ချန်ဖူဝါက နောက်ဆုတ်ပေးနေသော်လည်း အက်ရာကြီးက လျင်မြန်စွာလိုက်လာပြီး ဆက်လက်၍ ကွဲအက်နေသည်ကိုတွေ့ရ၏။

ချန်ဖူဝါက ထိတ်လန့်တုန်လှုပ်စွာ အော်ဟစ်ရင်း အက်ကြောင်းနှင့် လွတ်ရာသို့ ခုန်ထွက်လိုက်သည်။ သို့သော် သူက ခေါင်းငုံ့ကြည့်လိုက်သော် မိမိအောက်ရှိ မြေကြီးပေါ်တွင် ကြီးမားနက်ရှိုင်းသော တွင်းနက်ကြီးတစ်ခုကို တွေ့လိုက်ရသည်။

ချန်ဖူဝါက ထိုတွင်းနက်ကြီးထဲသို့ မကျစေရန် ကြိုးစားသော်လည်း မအောင်မြင်ချေ။ သူ၏ကိုယ်ခန္ဓာသည် တွင်းနက်ထဲသို့ ပြုတ်ကျသွား၏။ အလွန်နက်ရှိုင်းသော ချောက်ကမ်းပါးထဲသို့ ကျသွားသည့်ပမာ ရုတ်တရက် လောကကြီးတစ်ခုလုံး မှောင်ပိန်းသွားသည်။

မိမိသည် မည်မျှအနက်အထိ ကျဆင်းလာသည်ကို ချန်ဖူဝါ လုံးဝမခန့်မှန်းနိုင်ပါ။ မကြာမီ သူ သတိရ၍ ကြည့်လိုက်သောအခါ သူ၏နံဘေးတွင် နီရဲသော ကျောက်စိုင်ကျောက်ခဲများ ပိုင်းရံလျက်ရှိသည်ကို တွေ့ရပြီး မီးတောက်များက ထိုကျောက်ဆောင်များကြားမှ အဆက်မပြတ်ပေါ်ထွက်လာသည်ကို တွေ့လိုက်ရ၏။



မီးတောက်များသည် လောင်ကျွမ်းနေသော မီးနဂါးများ ပမာ ချန်ဖူဝါထံသို့ ဝင်တောက်လောင်လာ၏။ ထိုစဉ်မှာပင် ...

ကျယ်လောင်သော အက်ကွဲသံပေါ်လာပြီး ကျောက်ဆောင် တစ်လုံးသည် မိုးကြိုးပစ်ခံရသည့်ပမာ ထက်ခြမ်းကွဲအက်သွား၏။

အက်ကြောင်းအတွင်းမှနေ၍ လျှပ်စီးလက်သလို တောက်ပသော ရောင်ခြည်တစ်ခုသည် ကျောက်ဆောင်ကို ဖောက်ထွင်း၍ ချန်ဖူဝါရှိရာသို့ လျှပ်တစ်ပြက် ဝင်ရောက်လာ၏။ ချန်ဖူဝါ၏တုံ့ပြန်မှု လျင်မြန်လှပြီး စိတ်ဓာတ်သည်လည်း သံမဏိပမာ ကြံ့ခိုင်လှသည်မို့ ထိုရောင်ခြည်ကို အချိန်မီ ရှောင်ရှားလိုက်နိုင်၏။

လုံဖေး၏ လက်အောက်နည်းပြဆရာများ၊ သိုင်းဆရာကြီး များ၏ စနစ်တကျသင်ကြားလေ့ကျင့်ပေးခဲ့သောကြောင့် ချန်ဖူဝါ သည် တခြားသိုင်းသမားနှင့် မတူ။ ကြံ့ခိုင်သည့်စိတ်ဓာတ်၊ လျင်မြန် ဖျတ်လတ်သော တုံ့ပြန်မှုများ ရှိပါသည်။

ချန်ဖူဝါသည် ကိုယ်ခန္ဓာကို ရုတ်တရက် လဲလျောင်းလိုက် ကာ ကျောက်ဆောင်များထဲသို့ လိမ့်ဝင်လိုက်သည်။ သူ လိမ့်ဝင်လိုက် သည်နှင့် ... တောက်လောင်နေသော မီးတောက်နှင့် ကျောက်ဆောင် များသည် ရုတ်တရက် ပျောက်ကွယ်သွားလေ၏။

ချန်ဖူဝါသည် ရုတ်တရက် တစ်ကိုယ်လုံးအေးစိမ့်သွားပြီး အအေးဓာတ်ကြောင့် ဦးနှောက်အာရုံကြောများလည်း ရှင်းရှင်း ကြည်လင်သွားတော့၏။ ပတ်ဝန်းကျင်ကို အသေအချာ ကြည့် လိုက်သော် မိမိသည် နှင်းပွင့်ထူများပေါ်တွင် ပြန်လည် ...

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း တွေ့လိုက်ရ၏။ စောစောက ပတ်ဝန်းကျင်တွင် ဖြစ်ပေါ်ခဲ့သော အက်ကွဲကြောင်းကြီးနှင့် နီရဲနေသော ကျောက်ဆောင်ကျောက်ခဲများကို တစ်ခုမျှ မတွေ့ရတော့ချေ။

ကိုကွမ်ရယ်သည် ချန်ဖူဝါနှင့် မဝေးသောအကွာအဝေးတွင်ရပ်လျက် ဓားရှည်ကို ကိုင်ဆောင်ထား၏။

သူ၏ရှေ့တွင်ရှိသော နှင်းထုကြီးပေါ်တွင် ဓားဖြင့်ခုတ်ထားသော အက်ရာကြီးတစ်ခု ရှိသည်ကို တွေ့ရ၏။

ချန်ဖူဝါသည် ကိုယ်ကို တစ်ပတ်လိမ့်ကာ မတ်တတ်ရပ်လိုက်၏။ ဓားရှည်ကို ရင်ဘတ်ပေါ်တွင် ကန့်လန့်ထားပြီး ...

"ကျုပ်ထင်တဲ့အတိုင်း မှော်ပညာကို။ အားလုံးသောအရာတွေဟာ အရိပ်အယောင်တွေပဲကိုး"

ကိုကွမ်ရယ်က တစ်စုံတစ်ရာမျှ မပြုလုပ်ပါ။ စောစောက အခြေအနေမျိုး၌ပင် ချန်ဖူဝါအား ထိခိုက်နိုင်အောင် မတိုက်ခိုက်နိုင်ဘဲ ရှိခဲ့သည်မဟုတ်ပါလော။ ထို့ကြောင့် ယခုအခြေအနေမျိုးတွင်လည်း အောင်မြင်ရန် အခွင့်အရေး မရှိကြောင်း သူသိနေပါ၏။

ကိုကွမ်ရယ်သည် မရယ်ချင့်ရယ်ချင်နှင့် ရယ်ကာ ...

"ကောင်းတယ် ... ချီးကျူးပါတယ်"

"အစကတည်းက ကျွန်တော်ဟာ ခင်ဗျားရဲ့မျက်စိအာရုံကို မစိုက်ကြည့်သင့်ပါဘူး"

"မင်းက ... ငါ့ကိုကြည့်နေရင် ငါ့ရဲ့တိုက်ကွက်ကို ဘယ်လိုရှောင်ရမှာလဲ"



မှန်ပါ၏ ... ကိုကွမ်ရယ်ကို မကြည့်၍ မဖြစ်ပါ။

သတိထားသည်ဆိုကတည်းက ကိုကွမ်ရယ်၏လှုပ်ရှားမှုကို မျက်တောင်မခတ် စိုက်ကြည့်နေရပေမည်။ အဘယ်ကြောင့်ဆိုသော် ... လူသားတို့သည် တစ်ခုခု လုပ်ဆောင်တော့မည်ဆိုလျှင် မျက်စိထဲမှ အရိပ်အယောင် ပြသစမြဲပင် မဟုတ်ပါလော။

စကားပြောနေစဉ် ကိုကွမ်ရယ်သည် ရုတ်တရက် ဘယ်ဘက်လက်ဝါးဖြင့် လေထဲသို့ နှင်းပွင့်နှင်းပတ်များကို ဝက်ဖွန်းလိုက်ရာ ကြီးမားသောရေခဲတိုင်ကြီးများ ပေါ်ပေါက်လာလေတော့၏။

ကိုကွမ်ရယ်သည် သူ၏အောက်လမ်းအတတ်နှင့် မျက်လှည့်အတတ်ကို အသုံးပြုပြန်သည်ဟု ချန်ဖူဝါနားလည်လိုက်သောကြောင့် လေတစ်ချက်အရှူလိုက်ကာ တစ်ကိုယ်လုံးသို့ အတွင်းအားကို ဖြန့်ထားလိုက်၏။ စိတ်အာရုံကို အတတ်နိုင်ဆုံး ကြည်လင်လာအောင် ထိန်းချုပ်လိုက်ပြီး ရင်ဆိုင်ရန် အသင့်ပြင်ထားလိုက်၏။

"ခင်ဗျား ချန်ဖူဝါရဲ့ မျက်လှည့်ပညာက လူကို ချောက်ချားစေပေမယ့်လူကို မထိခိုက်နိုင်ပါလားဗျာ"

"ငါ့ရဲ့ ရည်ရွယ်ချက်က မင်းကို နှင်းခဲတောထဲ ချုပ်ထိန်းထားနိုင်ဖို့ပဲကွ"

ကိုကွမ်ရယ်က အေးအေးဆေးဆေးပင် ပြော၏။

"ကျွန်တော့်ရဲ့ ကိုယ်ဖော့ပညာနဲ့ နှင်းခဲတောထဲမှ လွတ်အောင် ပြေးနိုင်တယ်ဗျ"

"အေး ... ငါ့ရဲ့ကိုယ်ဖော့ပညာနဲ့ ထက်ကြပ်မကွာလိုက်နိုင်

www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာလည်း မေ့မထားနဲ့ဦး”

ကျိုကွမ်ရယ်က အားတျမခံပြန်ပြော၏။

“အဖြင့် ဘယ်သူမြန်တယ်ဆိုတာပြိုင်ကြည့်သေးတာပေါ့ဗျာ”

ကျိုကွမ်ရယ်က ရယ်မောကာ ...

“ငါတော့ ငြင်းစရာမရှိပါဘူး၊ မင်းက ငါ့ရဲ့အိမ်ဂေဟာအတွင်း ပြန်လည်ဝင်ရောက်သွားမယ်ဆိုတော့ ငါက လှိုက်လှိုက်လှဲလှဲ ဆီးကြိုနေမှာပါ”

ကျိုကွမ်ရယ်၏စကား ကြားရတော့ ချန်ဖူဝါသည် ရုတ်တရက် ငိုင်သွား၏။ သူ့အဖို့ နှင်းခဲတိုင်များကြားတွင် အရပ်လေးမျက်နှာကို မခွဲခြားနိုင်ပေ။

အကယ်၍ သူက တကယ်ထွက်ပြေးလျှင် ကျိုကွမ်ရယ်၏ အိမ်ဂေဟာအတွင်းသို့ ပြန်လည်ရောက်ရှိသွားနိုင်ပေ၏။ မိမိ၏ ဘေးပတ်လည်မှ ရေခဲတိုင်များကိုကြည့်ကာ ချန်ဖူဝါသည် သေသေချာချာ စဉ်းစားနေတော့၏။ စဉ်းစားရင်းနှင့် မျက်စိကို မှိတ်ထားလိုက်၏။

ကျိုကွမ်ရယ်က ရယ်မောကာ ...

“မင်း ... မျက်စိမှိတ်ထားလို့လည်း အပိုပဲ၊ မျက်စိအာရုံထဲထိ ငါ့ရဲ့အောက်လမ်းပညာနဲ့ စွဲနေအောင် ညှို့စားထားပြီးပြီ”

ချန်ဖူဝါသည် စကားလည်းပြန်မပြော၊ မျက်စိလည်း ဖွင့်မကြည့်ပေ။

“မင်း ... မယုံရင် မျက်စိဖွင့်ကြည့်လိုက်၊ ဒီအတိုင်းပဲ မြင်ရဦးမှာပဲ၊ နောက်တစ်ခုက မင်းဆီမှာ အချိန်သိပ်မရှိတော့ဘူး၊ သန်း



ခေါင်ယံကျော်လို့မှ မဝိမထွက်နိုင်ရင်တော့ လုံဖေးရဲ့အလောင်းကိုပဲ တွေ့ရမယ်”

“ဒါက ... ခင်ဗျား စိတ်အထင်ကိုးဗျ။ ထိုင်ဖိန်အန်းလို့ဝမ်ဂေဟာထဲမှာ အဆင့်မြင့်သိုင်းသမားကိုယ်ရံတော် ဘယ်လောက်ရှိတယ်ဆိုတာ ခင်ဗျားသိမှာ မဟုတ်ဘူး ဒီကိုယ်ရံတော်တွေအားလုံး သေဆုံးကုန်မှ လုံဖေးကို အန္တရာယ်ပေးနိုင်မှာဗျ”

ကျိုကွမ်ရယ်က တဟားဟားရယ်မောလေ၏။

“ကြေးစားလူသတ်သမားတစ်ယောက်က မပိုင်ရင် မလုပ်ဘူးဆိုတာ မင်းသိမှာပေါ့”

ကျိုကွမ်ရယ်၏ရယ်မောသံမှာ အရူးတစ်ယောက်၏ရယ်သံမျိုး ဖြစ်နေသည်။ ချန်ဖူဝါ တွေးနေလေသည်။

မိမိလွှတ်လိုက်သော သတင်းပို့ဆောင်ရေး ခိုကလေးမှာ လုံဖေးထံသို့ တန်းတန်းမတ်မတ် ရောက်ပါ၏လောဟု တွေးနေ၏။

ချန်ဖူဝါရင်လေးမည်ဆိုကလည်း လေးစရာပင်။

သံချပ်ဝတ်စုံနှင့်လူသတ်သမားကို ဆဲမာခြုံကိုယ်တိုင် ကူညီနေသည် မဟုတ်လော။ ထိုလူသတ်သမားနှင့် ဆဲမာခြုံတို့ကြားတွင် အထူးနားလည်မှု ရှိနေ၏။

ဆဲမာခြုံနှင့်သံချပ်ဝတ်စုံ လူသတ်သမားတို့၏ ထက်မြက်သော သိုင်းစွမ်းရည်ကို ခုခံကာကွယ်နိုင်သူ အလွန်နည်းပါသည်။

အကယ်၍ လုံဖေးသည် ချန်ဖူဝါ ပို့ဆောင်ပေးသော သတင်းကိုမရပါက ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားနိုင်မည် မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ပေ။ ထိုအခွင့်အရေးကို သံချပ်ဝတ်စုံလူသတ်သမားက မိမိရရ ဆုပ်ကိုင်နိုင်လျှင် လုံဖေးအဖို့ မတွေးဝံ့စရာပင်။

ကျိုကွမ်ရယ်၏ ရယ်မောသံက အဆက်မပြတ် ပေါ်ထွက်လာနေဆဲပင်။ ချန်ဖူဝါ၏ဦးနှောက်ထဲတွင် လျှပ်စီးလက်သလို အတွေးသစ် အကြံသစ်တစ်ခု ပေါ်လာ၏။

ပိတ်ထားသော မျက်လုံးအစုံက ရုတ်တရက်ပွင့်လာသည်။ မျက်လုံးများက တောက်ပနေသော ကြယ်နှစ်ပွင့်ပမာ တလက်လက်တောက်ပနေ၏။ သူ၏မျက်စိထဲတွင် ရေခဲတိုင်ကြီးများ မပျောက်ကွယ်သေးပေ ...။ သို့သော် သူ၏ဦးနှောက်ထဲ၌ ရင်ဆိုင်ရန် အကြံဉာဏ်တစ်ခု ပေါ်ထွက်လာ၏။

ချန်ဖူဝါသည် ဓားရှည်ကို ရင်ဘတ်ပေါ်တွင် ကန့်လန့်အနေအထား ကိုင်ထားရာမှ ခြေထောက်များကို ခုနစ်စဉ်ကြယ်သိုင်းကွက်အတိုင်း ရွေ့လျားလိုက်၏။ ကျိုကွမ်ရယ်က ...

"နှင်းခဲတိုင်တွေဟာ ခုနစ်စင်ကြယ်သိုင်းကွက်ပုံစံ စီမံထားပေမယ့် မင်းထွက်ဖို့ မလွယ်သေးပါဘူး"

ချန်ဖူဝါသည် ရုတ်တရက် ကိုယ်ကိုထိန်းကာ ဘယ်ဘက်ရေခဲတိုင်ကို ဓားရှည်ဖြင့် ထိုးလိုက်၏။ သူ၏ဓားရှည်အောက်၌ ရေခဲတိုင်က ပျောက်ကွယ်သွားပြီး ကျိုကွမ်ရယ်၏ ခန္ဓာကိုယ်လည်း ချန်ဖူဝါရှေ့တွင် ပေါ်လာ၏။

ကျိုကွမ်ရယ်က လက်ထဲမှဓားရှည်ဖြင့် ကာကွယ်လိုက်ပြီး ရေခဲတိုင်တစ်တိုင်နောက်ကွယ်သို့ ဝင်ရောက် ပျောက်ကွယ်သွားပြန်



သည်။ ချန်ဖူဝါကလည်း ကျိုကွမ်ရယ်နောက်ကို ထက်ကြပ်မကွာ
၏။

ထိုရေခဲတိုင်ကို ဝိုင်းဖြတ်လိုက်ရာ ရေခဲတိုင် ပျောက်ကွယ်
ပြန်သည်။ သို့သော် ကျိုကွမ်ရယ်က ရေခဲတိုင်နောက်၌ မရှိတော့
မြေပြင်ပေါ်တွင်တော့ ခြေရာနှစ်ခုကို တွေ့ရ၏။ ခြေရာပုံ
ကို ကြည့်ခြင်းအားဖြင့် ကျိုကွမ်ရယ်သည် ခုန်ထွက်သွားခြင်း
ည်ဟု တွက်ဆမိသည်။

သို့သော် ချန်ဖူဝါက ကျိုကွမ်ရယ်၏ ကိုယ်ခန္ဓာကိုတော့
ွေ့လိုက်ရပါ။

ခြေရာကိုကြည့်ပြီး ချန်ဖူဝါသည် ညာဘက်ကို ခုန်အုပ်
သည်။ လူရိပ်မဆိုနှင့် ခြေရာပင် မတွေ့ရတော့ပေ။ မိမိ၏ တွက်
က် မှားယွင်းသွားကြောင်း ချန်ဖူဝါ သိလိုက်သည်။

ယိုစဉ် ကျိုကွမ်ရယ်၏အသံ ပေါ်လာ၏။

"ငါပြောတာ ယုံပြီလား"

ဟုဆိုကာ တဟားဟားရယ်နေတော့၏။

ချန်ဖူဝါသည် သက်ပြင်းတစ်ချက်ချကာ မျက်စိမှိတ်ထား
၏။ ကျိုကွမ်ရယ်မှာမူ ရယ်မောလိုက်၊ မာန်ပါပါ အော်ဟစ်လိုက်
ချန်ဖူဝါအား စိတ်ရှုပ်လာလေအောင် အမျိုးမျိုးနှောင့်ယှက်တော့
ည်။

မျက်စိမှိတ်ကာ နားစွင့်နေသော ချန်ဖူဝါသည် လေတွင်
သော ဓားသံကို ရုတ်တရက်ကြားလိုက်၏။

www.burmeseclassic.com



ကျိုးကွမ်ရယ်က ရုတ်တရက် တိုက်ခိုက်လိုက်ရာ ချန်း... လည်း လျှင်မြန်စွာ လက်ထဲမှ ဓားကိုင်၍ ကာကွယ်လိုက်ရ၏။

ချလွမ်းဟူသော ဓားချင်းရိုက်သံတစ်ချက် ပေါ်ပေါက်... သည်နှင့် တစ်ပြိုင်တည်း ချန်ဖူဝါသည် ခုနစ်စဉ်ကြယ်ခြေသိုင်းကွ... ပြောင်းပြန်နင်းလိုက်ပြီး ရုတ်တရက် ဓားရှည်ဖြင့် တစ်ချက်ထိုး... ၏။ သူက မှန်းဆပြီး တိုက်ခိုက်လိုက်ခြင်းသာ ဖြစ်ပါသည်။

ချလွမ်းဟူသော ဓားချင်းထိရိုက်ခတ်သံ နောက်တစ်... ပေါ်လာသော် မိမိသည် နေရာယူမှန်ကန်သွားပြီဖြစ်ကြောင်း ချ... သိလိုက်၏။ ကျိုးကွမ်ရယ်သည် ချန်ဖူဝါအား အနှောင့်အယှက်ပေ... ရုတ်တရက် တိုက်ခိုက်လိုက်ခြင်း ဖြစ်ပါ၏။

တိုက်ကွက်တစ်ကွက် တိုက်ခိုက်ပြီးသည်နှင့် ခုနစ်စဉ်ကြ... ခြေသိုင်းကွက်ကို ပြောင်းပြန်နင်းကာ ဆုတ်ခွာလိုက်၏။

ထိုအခါ ချန်ဖူဝါ၏ ကိုယ်ခန္ဓာသည် ရိပ်ခနဲဖြင့် လျှင်မြ... ခုနစ်စဉ်ကြယ် ခြေပြောင်းပြန်နင်းကာ ကျိုးကွမ်ရယ်နောက် ထက်... မကွာ လိုက်ပါလာတော့သည်။

ထိုအချိန်မှာပဲ မျက်စိကိုဖွင့်ကြည့်လိုက်ရာ သူနှင့်မ... မကမ်းနေရာတွင် နောက်ဆုတ်နေသော ကျိုးကွမ်ရယ်ကို တွေ့...

ချန်ဖူဝါသည် လုံးဝ အလွတ်မပေးတော့ပေ။ ကျိုးကွမ်... အား တိုက်ခိုက်ရင်း အရိပ်ပမာ ကပ်ပါသွားတော့၏။

ကျိုးကွမ်ရယ်သည် အနောက်သို့ ဆက်တိုက် ပေခုနစ်... ထိဆုတ်ခွာသွားသည့်တိုင် ချန်ဖူဝါအား ကျန်ရစ်အောင်မလုပ်နိုင်...



ထိုစဉ် ချန်ဖူဝါ၏ မျက်စိရှေ့တွင်ရှိသော ရေခဲတိုင်များသည် ...ပြီး တဖြည်းဖြည်း ပျောက်ကွယ်သွားသည်။

တစ်ခဏအတွင်း မျက်စိထဲတွင် ရှင်းလင်းသွားကာ ရေခဲတိုင် လုံးဝမတွေ့ရတော့ပေ။ ချန်ဖူဝါ ဝမ်းသာနေသလောက် ကျိုးကွမ် ...မှာ မျက်စိမျက်နှာ ပျက်နေရတော့၏။

“ဩော် ... မင်းက ငါ့ကိုတိုက်ခိုက်လာအောင် လုပ်တာကိုး။ နောက်က ထက်ကြပ်မကွာ လိုက်ပါလာပြီး ငါ့ရဲ့ခုနစ်စဉ်ကြယ် ...တိုင်ဝက်ပါထောင်ချောက်ကို ဖျက်ပစ်တာကိုး”

“ဟုတ်ပါတယ်၊ ခင်ဗျားက အရင်ပထမ မတိုက်ခိုက်သင့်ဘူး ...”

“မင်းရဲ့ဉာဏ်စွမ်းရည် ဒီလောက်ထက်မြက်လိမ့်မယ်လို့ ...မိတာဟာ ငါ့အမှားပဲ”

“ကျိုးကွမ်ရယ်ကိုယ်တော်ကြီးလောက် ကျွန်တော် ဉာဏ်မ ...ဘူးဗျာ”

ကျိုးကွမ်ရယ်က တဟားဟားရယ်မောကာ ...

“ကောင်းတယ် ... ကောင်းတယ် ... မင်းမဆိုးဘူး”

သူတို့သည် စကားပြောရင်း တိုက်ခိုက်လာခဲ့ရာ တိုက်ကွက် ခုနစ်ဆယ့်နှစ်ကွက် ရောက်ရှိလာ၏။

ချန်ဖူဝါသည် တိုက်ခိုက်ရင်းနှင့် ဓားရှည်ကို ဘယ်ဘက်မှ ...သို့ ပြောင်းကိုင်လိုက်၏။ ပြီးလျှင် လျှပ်တစ်ပြက် ဘယ်ဘက် ...လက်နက်ပုန်းတစ်ဆုပ် နှိုက်ယူလိုက်ပြီး တိုက်ခိုက်နေသော

www.burmeseclassic.com

www.burmeseclassic.com



တားနှစ်လက်ကြားမှ ကျို့ကွမ်ရယ်ကို ပစ်ထည့်လိုက်သည်။

ကျို့ကွမ်ရယ်သည် အင်္ကျီလက်ဖြင့် လက်နက်ပုန်းတ ခါထုတ်လိုက်ပြီး ချန်ဖူဝါအား တန်ပြန်ပစ်ခတ်သည်။ သို့သော် ထင်သလို ချန်ဖူဝါက ထက်ကြပ်မကွာလိုက်လာခြင်း မရှိပါ။

ချန်ဖူဝါသည် လက်နက်ပုန်းဖြင့် ပစ်ခတ်တိုက်ခိုက်ပြ နှင့် တစ်ပြိုင်နက် နောက်သို့ တစ်ပတ်ကျွမ်းထိုးကာ ရှောင်ခွာ

တစ်ပတ်ကျွမ်းထိုးလိုက်စဉ် နောက်ထပ် လက်န တစ်ခုဖြင့် ပစ်ခတ်ပြန်သေးသည်။ အနောက်သို့ ဆုတ်ခွာသော ကို မြင်သော ကျို့ကွမ်ရယ်က ချက်ချင်းခုန်ပျံကာ လိုက်လာ

သို့သော် ချန်ဖူဝါ ဒုတိယအသုတ် လက်နက်ပုန်းများ အား ဟန့်တားလိုက်၏။

ကျို့ကွမ်ရယ်သည် ထိုလက်နက်ပုန်းများကို ခါ ရှောင်ရှားလိုက်ရာ ချန်ဖူဝါနှင့် အတော်ဝေးကွာသွားလေ

ချန်ဖူဝါ လွတ်လမ်းတွေ့သွားလေပြီ။

ထွက်ပြေးလွတ်မြောက်သွားသော ချန်ဖူဝါကိုကြည့် ကွမ်ရယ်မှာ အကြီး အကျယ် ဒေါသထွက်သွား၏။ သူ၏လ တားရှည်ကို ထက်ပိုင်းပြတ်အောင် ချိုးပစ်လိုက်ပြီး ကြိမ်းဝါး

"တစ်ကြွေ့ကြွေ့ တွေ့ကြဦးမှာပေါ့ ချန်ဖူဝါရာ"

၅ ☆ ၅



## အခန်း ( ၁၀ )
## မအောင်မြင်သော အကြံအစည်

သန်းခေါင်ယံအချိန်ကို ရောက်ရှိလာပါပြီ။

ကွင်းပြင်ကြီးကို ကျော်ဖြတ်ကာ လမ်းမပေါ်ရောက်ရှိလာ သော ချန်ဖူဝါမှာ ထိုင့်ဖိန်အန်းလို့ဝမ်အိမ်ဂေဟာအနီးသို့ မီးကုန် ယမ်းကုန် ပြေးလွှားတော့၏။ လမ်းမကြီးပေါ်တွင် ငြိမ်သက် တိတ် ဆိတ်နေပြီး လူသူကင်းရှင်းနေ၏။

ချန်ဖူဝါ၏စိတ်ထဲတွင် လုံဖေး၏ အသက်အန္တရာယ်ကိုသာ ပူပန်နေ၏။ အချိန်မီမှမီပါတော့မလားဟု စိုးရိမ်နေသည်။

လုံဖေး၌ မကောင်းသော အကျင့်ဆိုးတစ်ခုရှိ၏။

တစ်ခါတစ်ရံ စိတ်ထဲတွင် ခိုးလိုးခုလုဖြစ်နေလျှင်သော်လည်း ကောင်း၊ ဖြေရှင်းမရသောပြဿနာပေါ်လာလျှင်သော်လည်းကောင်း အိပ်မပျော်သောအကျင့်ရှိ၏။

အိပ်မပျော်သောအခါ ကြုံလာလျှင် ညဉ့်ခန်းထဲတွင်ပင် ဟို လျှောက်သည်လျှောက် လုပ်တတ်၏။ လုံဖေး ဤကဲ့သို့လှည့်ပတ် လမ်းလျှောက်နေလျှင် သူ့အနားတွင် မည်သူမျှမရှိစေရ။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ခွေးစားသမီးပင် အနားတွင် လာရောက်ပြုစုခြင်းကို မကြိုက်နှစ်သက်ပါ။ လုံဖေးတွင် ဤအကျင့်ဆိုး ရှိသည်မှာ လျှို့ဝှက်ချက် မဟုတ်တော့ပေ။ သူ၏တပည့်တိုင်းက သိကြသည်။

ထို့ကြောင့် လုံဖေးတွင် ဤအကျင့်ဆိုးရှိသည်ကို ထင်းတိထွေအဖွဲ့သားများကလည်း မသိဘဲရှိမည် မဟုတ်ပါ။

ယနေ့ညအဖို့ လုံဖေး မည်သို့မျှအိပ်စက်၍မရပါ။

တခြားကိစ္စများနှင့် ချန်ဖူဝါ၏ အသက်ဘေးအန္တရာယ်ကြောင့် လုံဖေးမှာ အတော်ပင် စိတ်အနှောင့်အယှက်ဖြစ်နေသည်။

ဧည့်ခန်းထဲတွင် မီး ရောင်များက ထိန်ထိန်လင်းလျက်ရှိ၏။

လုံဖေးသည် အင်္ကျီအဝတ်အစားပင် မလဲရသေးဘဲ လက်နှစ်ဖက်ကို နောက်ပစ်ကာ ဟိုလျှောက်သည်လျှောက်လုပ်နေသည်ကို အဝေးမှပင် မြင်နိုင်သည်။

ဧည့်ခန်းပတ်ဝန်းကျင်တွင် မည်သည့်အကာအကွယ်ကိုမျှ မထားရှိကြောင်း တွေ့ရ၏။ အခြေအနေကို အကဲခတ်လိုက်ပါက လုံဖေးသည် ချန်ဖူဝါပေးပို့လိုက်သောသတင်းကို လက်ခံရရှိခြင်း မရှိသေးကြောင်း ထင်ရှား နေပေသည်။

အဝေးမှနေ၍ သံချောင်းခေါက်သံ သုံးချက်တိတိမြည်လာ၏။ အချိန်အခါအားဖြင့် ညဉ့်နက်သန်းကောင်ယံသို့ ရောက်ရှိလာပါပြီ။

ကင်းသမား၏ သံချောင်းခေါက်သံ ဆုံးသွားသည်နှင့် တစ်ပြိုင်တည်း ဧည့်ခန်း၏အပြင်ဘက်ရှိ ပန်းခြံကို ကာရံထားသော အုတ်ထရံတစ်ခုသည် ရုတ်တရက် 'ဝုန်း' ခနဲအသံနှင့်အတူ ပြိုလဲကျလာ၏။



သံချပ်ဝတ်စုံနှင့်လူကလည်း အုတ်ထရံအတွင်းသို့ လှမ်းဝင်လာသည်။ ဧည့်ခန်းထဲမှ လုံဖေးသည် လှုပ်ရှားမှုကို ရပ်တန့်ကာ သံချပ်ဝတ်စုံနှင့်လူသတ်သမားကို စိမ်းစိမ်းကြည့်လိုက်၏။ သူ၏အမူအရာမှာ တည်ငြိမ်အေးဆေးလှပြီး ထိတ်လန့်တုန်လှုပ်ခြင်း လုံးဝမရှိ။

သံချပ်ဝတ်စုံနှင့် လူသတ်သမားသည် ရှေ့သို့ဆက်လက်လျှောက်လှမ်းလာနေ၏။ သံချပ်ဝတ်စုံက ချွမ်ချွမ်ချွမ်ချွမ်နှင့် ကြည်လင်ပြတ်သားသောအသံဖြင့် မြည်ဟည်းနေ၏။

လုံဖေးသည် ဧည့်ခန်းဝ၌ရပ်ကာ သံချပ်ဝတ်စုံနှင့်လူကို ဟန့်တားလိုက်၏။

"ဟော့ကောင် ... ရပ်စမ်း"

သြဇာပြည့်ဝပြီးမာန်ပါသောအော်သံကြောင့် ထိုလူသည် တုံ့ရပ်သွား၏။ ပြီးမှ ပြန်သတိရလာဟန်ဖြင့် လုံဖေးထံဆက်လျှောက်လာ၏။ ထိုစဉ် ကိုယ်ရံတော်သိုင်းသမားတချို့ ထွက်ပေါ်လာ၏။

ကိုယ်ရံတော်များ၏ အရေအတွက်က သိပ်များပြားလှသည် မဟုတ်ပါ။ သို့သော် သူတို့၏မျက်နှာပေါ်တွင် ကြောက်ရွံ့တုန်လှုပ်သောအမူအရာ လုံးဝမရှိဘဲ လွန်စွာရဲရင့်နေကြပါ၏။

သံချပ်ဝတ်စုံနှင့်လူကလည်း သူတို့ကို ဂရုမစိုက်ဘဲ တစ်လှမ်းချင်း လျှောက်လှမ်းလာ၏။

ကိုယ်ရံတော်သိုင်းသမားများသည် သူ့အား ဝင်ရောက်တိုက်ခိုက်ခြင်းမပြုဘဲ ရပ်ကြည့်နေသောကြောင့် သံချပ်ဝတ်စုံနှင့်လူသည် တွေဝေသွားဟန်ဖြင့် လမ်းလျှောက်ရပ်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



လုံဖေးကလည်း ပော့ ... ရယ်စမ်းဟု တစ်ချက်သာ အော်
မည်သို့မျှအောက်မလုပ်ပါ။ သံချပ်ဝတ်စုံနှင့်လူ၏ စိတ်ထဲတွင် သံ
ယဖြစ်လာသောကြောင့် သူ၏ခြေလှမ်းများကို ရပ်တန့်လိုက်၏။

"ကဲ ... အားလုံး အဆင်သင့်ဖြစ်ပြီလား"

လုံဖေးက ကိုယ်ရံတော်များအား မေးလိုက်၏။

သံချပ်ဝတ်စုံနှင့်လူသည် ရုတ်တရက်ကြောင်သွားပြီးနော
လှည့်ကြည့်လိုက်၏။

သူ၏အနောက်တွင် ကိုယ်ရံတော်များသည် မီးထုတ်ကိုယ်
ကိုင်လျက် ပေါ်ပေါက်လာပြီး သူ့အား ဝိုင်းရံထားကြောင်း တွေ့ရ

သံချပ်ဝတ်စုံနှင့်လူသည် လုံဖေးရှိရာဧည့်ခန်းသို့ တစ်လှ
ချင်း လျှောက်လာပြန်၏။ လုံဖေးသည် သံချပ်ဝတ်စုံနှင့်လူကို ရင်
တွေ့လိုဟန်ဖြင့် ဧည့်ခန်းထဲမှ ခြံထဲသို့ဆင်းလာ၏။ သို့သော် သူ့နှ
နံပါတ်စဉ်များကို ရေတွက်နေ၏။

"ခုနစ် ... ခြောက် ... ငါး"

နောက်ဆုံး၌ တစ်ဟု ကျယ်လောင်ပြတ်သားစွာ အော်
လိုက်၏။ ထိုအခါ မြေပြင်ပေါ်၌ ပုံးလွှမ်းနေသော နှင်းပွင့်များသ
လေထဲသို့ လွင့်တက်ကုန်၏။

သံချပ်ဝတ်စုံနှင့်လူ ရပ်နေသောမြေပြင်၌ ရုတ်တရက်အ
ကြောင်းကြီး ပေါ်လာ၏။ ထို့နောက် ဆယ်ပေပတ်လည်ရှိသော
ကြီးတစ်တွင်း ပေါ်လာ၏။

သံချပ်ဝတ်စုံနှင့်လူသည် ထိုတောင်ချောက်ထဲရှိ ပိုက်ကွ



သို့ ကျရောက်သွား၏။ ထိုအခါ ပိုက်ကွန်သည် ရုတ်တရက် စု
ကျုံ့ဝင်သွားသောအခါ ပိုက်ကွန်တွင်ရှိ ကျောက်ပြားများက
ကွန်ထဲရှိ သံချပ်ဝတ်စုံနှင့်လူကို အရှိန်ပြင်းထန်စွာနှင့် ဝင်ရိုက်တော့

ထိုအခါ ထောက်ချောက်နံဘေး ဝိုင်းရံထားသော ကို
တော်များက လက်ထဲမှ မီးထုတ်ကို တောင်ချောက်အတွင်းသို့ ပ
ကြလေ၏။

တောင်ချောက်၏အောက်ခြေတွင် ကောက်ရိုးပုံ အ
အပြား စုပုံထားသောကြောင့် မီးထုတ်များ ကျလာသောအ
တဟုန်းဟုန်း မီးတောက်လောင်ကျွမ်းလာတော့၏။

ထိုအစီအစဉ်အားလုံးသည် စနစ်တကျ စီမံထားသည်ဖြ
လည်း သေချာလှ၏။ ခေါင်းလုံ့နှင့် လေးမြားကိုပင် မကြောက်ကြ
သံချပ်ဝတ်စုံနှင့်လူကို ရင်ဆိုင်ရန် လုံဖေးသည် ကောက်ရိုးထုတ်ကို
အဆင်သင့် ပြုလုပ်စီမံထား၏။

အကယ်၍ ပိုက်ကွန်သည် မီးလောင်ကျွမ်းမှုကြောင့်
သွားလျှင် အထဲမှ သံချပ်ဝတ်စုံနှင့်လူသည် မီးပုံပေါ်ပြုတ်ကျသွားမ
မီးတောက်အပူရှိန်ကြောင့် သံချပ်ဝတ်စုံနှင့်လူသည်
ဒဏ်ကြောင့် သေဆုံးသွားနိုင်ပါ၏။ ယခင်က ထိုင့်ဖိန်အန်းလို
အိမ်ဂေဟာထဲတွင် ဤကဲ့သို့သောတောင်ချောက်များ ရှိပါ၏
လောလောဆယ် သံချပ်ဝတ်စုံနှင့်လူကို ခုခံနိုင်ရန်အ
အထူးစီမံထားခြင်းဖြစ်ကြောင်း ထင်ရှားပါ၏။

အကွက်ကျကျစီမံချက်ကို ကြည့်ခြင်းအားဖြင့် လုံဖေး

www.burmeseclassic.com

www.burmeseclassic.com



ချန်ဖူဝါ၏သတင်းကို လက်ခံရရှိပြီးဖြစ်ကြောင်း သေချာလှသည်။

ထို့အပြင် ပိုက်ကွန်ထဲတွင် သံချိတ်ကလေးများပင် တပ်ဆင်ထားသည်ကို တွေ့ရ၏။ ထိုသံချိတ်လေးက သံချပ်ဝတ်စုံနဲ့လူ၏ဝတ်စုံပေါ်ရှိ သံပြားများကို ချိတ်မိလျက်သား ဖြစ်နေ၏။ လုံဖေးသည် သေသေချာချာ ပိုင်နိုင်စွာ စီမံထားသော်လည်း သံချပ်ဝတ်စုံနှင့်လူက လုံဖေး မထင်မှတ်သည့်အပြုအမူကို ပြုမူနိုင်စွမ်း ရှိခဲ့လေ၏။

တွင်းထဲသို့ ကျသွားသော သံချပ်ဝတ်စုံနှင့်လူ၏ လက်သည် ရုတ်တရက် မြောက်တက်လာ၏။ တွင်းထဲမှ သံချိတ်တပ်ဆင်ထားသော ကြိုးသုံးချောင်း မြောက်တက်လာပြီး နှုတ်ခမ်း၌ လာချိတ်၏။

ထိုကြိုးများကို ဓားနှင့်ဖြတ်ချရန် ပြေးလာသော ကိုယ်ရံတော်သုံးယောက်မှာ သံချပ်ဝတ်စုံနဲ့လူ ပစ်ခတ်လိုက်သည့် ဓားသုံးချောင်း စိုက်ဝင်ခံရလျက် တွင်းထဲသို့ ပြုတ်ကျသွားသည်။

သံချပ်ဝတ်စုံနှင့်လူမှာ ထင်သလောက်လေးပင်ဟန် မရှိပေ။ ပေါ့ပါးသောသတ္တုဖြင့် သံချပ်ဝတ်စုံပြုလုပ်ထားဟန်ရှိ၏။

အဘယ်ကြောင့်ဆိုသော် သူသည် သံချိတ်ကြိုးများကို လွယ်ကူစွာ ဆွဲတက်လာနိုင်သောကြောင့်တည်း။ သံချပ်ဝတ်စုံနှင့်လူသည် ညာလက်ကို အောက်ချလိုက်သောကြောင့် ပါးလွှားသော၊ သေးသွယ်သော ဓားပျော့တစ်ချောင်း ထွက်လာ၏။

ထိုဓားဖြင့် မိမိခြေနှစ်ဖက်တွင် ရစ်ပတ်နေသော ပိုက်ကွန်ကြိုးကို ဖြတ်ပစ်လိုက်၏။ ထို့ပြင် တစ်ကိုယ်လုံးပေါ်ရှိ ပိုက်ကွန်များကို ဖြတ်တောက်ပစ်လိုက်၏။ သူ၏အမူအရာ လှုပ်ရှားမှုများက တည်



ငြိမ်အေးဆေးလှပြီး လုပ်သင့်သမျှ သွက်သွက်လက်လက် လုပ်ဆောင်ခြင်းသာ ဖြစ်သည်။ စိုးရိမ်ပူပန်မှု ရှိဟန်မတူပေ။

ထို့အတူ ...

လုံဖေးသည်လည်း တည်ငြိမ်အေးဆေးစွာ ရှိနေသည်။

လုံဖေး၏လက်ထဲတွင် ခေါက်ယပ်တောင်တစ်ချောင်း ပေါ်လာ၏။ ထိုယပ်တောင်၏အရိုးများသည် အရည်အသွေးကောင်းသော ကျောက်စိမ်းဖြင့် ပြုလုပ်ထား၏။

မီးရောင်အောက်တွင် တောက်ပနေသော မြစိမ်းရောင်ကို ကြည့်ခြင်းအားဖြင့် အလွန်တန်ဖိုးကြီးသော ယပ်တောင်ဖြစ်ကြောင်း သိနိုင်၏။ ယပ်တောင်ကိုဖြန့်လိုက်သော် စာလုံးများရေးထားသည်ကို တွေ့ရ၏။ ထိုစာလုံးများကား သူ၏လက်ထဲတွင် သေဆုံးခဲ့သော သိုင်းသမားများ၏နာမည်များပင် ဖြစ်ပါသည်။ ထိုယပ်တောင်ကား သိုင်းလောကထဲတွင် နာမည်ကြီးသော တရှောင်ယွန်ဟုခေါ်သော ကျောက်စိမ်းယပ်တောင်လက်နက်ပင် ဖြစ်၏။

သံချပ်ဝတ်စုံနှင့်လူသည် လုံဖေးဘက်သို့လှည့်ပြီး ဓားပါးလေးဖြင့် ရုတ်တရက် ပစ်ထည့်လိုက်၏။

လုံဖေးက ခြေတစ်လှမ်းစာမျှသာ ရှောင်သည်။ ဓားပါးလေးက သူ၏နောက် ပေသုံးဆယ်အကွာရှိ တိုင်ထဲတွင် စိုက်ဝင်သွား၏။

တိုင်ထဲတွင် တစ်ဝက်နီးပါး စိုက်ဝင်သွားသည်ကို ကြည့်ခြင်းအားဖြင့် မည်မျှပြင်းထန်ကြောင်းသိနိုင်၏။ လုံဖေးသည် နောက်လှည့်မကြည့်ဘဲနှင့် ထိုဓားသည် မည်မျှအရှိန်ပြင်းကြောင်းသိပြီးဖြစ်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



သံချပ်ဝတ်စုံနှင့်လူသည် လုံဖေးထံသို့ တစ်လှမ်းချင်း လျှောက်ဝင်လာပြန်၏။ ဘေးပတ်လည်မှ ကိုယ်ရံတော်များကလည်း တဖြည်းဖြည်း ချဉ်းကပ်လာ၏။

ထိုခဏ လူရိပ်တစ်ခုသည် ကိုယ်ရံတော်များကိုကျော်ကာ သံချပ်ဝတ်စုံနှင့်လူနှင့် လုံဖေးတို့ကြားထဲသို့ ခုန်ချလာ၏။ ထိုလူကား လုံဖေး၏ ပဉ္စမမြောက် မွေးစားသား ချန်ဖုန်းပင်ဖြစ်၏။

ထို့အတူ ...

စန်ကွန်းဖန်သည်လည်း လူအုပ်ထဲသို့ လွှားခနဲခုန်ဝင်လာ၏။

ဝင်ရောက်လာသော ချန်ဖုန်းက ဓားနှစ်ဖက်ဖြင့် စက်ဝိုင်းပမာ သံချပ်ဝတ်စုံနှင့်လူကို ဝင်ရောက်တိုက်ခိုက်တော့သည်။ ဝင်လာသော ဓားရှည်နှစ်လက်ကို သံချပ်ဝတ်စုံနှင့်လူက သံချပ်လက်ဖြင့် ရိုက်ထုတ်ပစ်လိုက်၏။

တစ်ပြိုင်တည်းမှာပင် စန်ကွန်းဖန်ကလည်း လေးလံသော ကျောက်ခဲခွဲသည့် ပုဆိန်ကြီးဖြင့် တိုက်ခိုက်၏။

လျှပ်တစ်ပြက် ပုဆိန်ကြီး၏ တိုက်ကွက်သုံးကွက်ကို သံချပ်ဝတ်စုံနှင့်လူက ရှောင်ပေးလိုက်သည်။

ရှောင်၍လွတ်သွားသောအခါ ပုဆိန်ကြီးကို သူ၏လက် တစ်ဖက်ဖြင့် မြေကြီးထဲသို့ စိုက်ဝင်သွားအောင် အားနှင့်ရိုက်ချလိုက်၏။

ပြီးလျှင် စန်ကွန်းဖန်၏မျက်နှာကို ဦးတည်၍ လက်သီးတစ်လုံး ထိုးထည့်လိုက်၏။

ထိုအခါ စန်ကွန်းဖန်၏ဘေးမှ ချန်ဖုန်းက သံချပ်ဝတ်စုံနှင့်

---



သူ၏နောက်ကျောကို ဝင်တိုက်သည်။ သံချပ်ဝတ်စုံနှင့်လူက ရုတ်တရက် နောက်လှည့်လိုက်ပြီး ချန်ဖုန်း၏ဓားရှည်နှစ်လက်ကို ဖမ်းလိုက်၏။ ချန်ဖုန်းက နောက်ဆုတ်သွား၏။

စန်ကွန်းဖန်လည်း သက်သာရာရသွားသည်။

လွတ်သွားသော ချန်ဖုန်း၏နေရာသို့ ရှန်းယွင်က ဝင်ရောက်ညှိတင်းလိုက်ပြီး သူ၏ဓားပျော့လက်နက်ဖြင့် သံချပ်ဝတ်စုံနှင့်လူ၏ ကျက်စိကို ထိုးလိုက်သည်။

သံချပ်ဝတ်စုံနှင့်လူက လက်မြှောက်ကာကွယ်လိုက်သည်။

ထို့နောက် ရှေ့ဆီသို့သာ တိုးမြဲတိုးလာသည်။ ရှန်းယွင်က တိုက်ကွက်ဆယ်သုံးကွက်ဖြင့် တိုက်ခိုက်လိုက်သော်လည်း သူ့အား ဟန့်တားနိုင်ပါ။

လုံဖေးသည် မြင်းထိုင်ထိုင်လိုက်ပြီး ယပ်တောင်ကို သိမ်းလိုက်၏။ ပြီးလျှင် ပြင်းထန်သော လက်သီးနှစ်ဖက်က ရန်သူကို တိုက်ထုတ်လိုက်၏။ သံချပ်ဝတ်စုံနှင့်လူက မရှောင်ဘဲ လက်နှစ်ဖက်ဖြင့် ခံသည်။ လုံဖေးသည် ရုတ်တရက် ခုန်ထွက်သွား၏။

တစ်ချိန်တည်းမှာပင် သံချပ်ဝတ်စုံနှင့်လူ၏ လက်ကောက်ဝတ်အောက်မှ ချွန်ထက်ပြီး လက်ညှိုးအရှည်ခန့်ရှိသော လက်နက်နှစ်ခု ထွက်လာ၏။

နောက်ကျွမ်းပစ်နေသော လုံဖေးအား လှမ်းပစ်လိုက်ရာ ဖေးမှာ သီသီကလေး လွတ်ထွက်သွားသည်။ လုံဖေး၏ သိုင်းကျွတ်ရှည်ကလည်း လျှင်မြန်သွက်လက်လှပါ၏။

www.burmeseclassic.com

www.burmeseclassic.com



သံချပ်ဝတ်စုံနှင့်လူ၏ လက်ဝါးအနေအထားကို ကြည့်
လိုက်သည်နှင့် လုံဖေး သဘောပေါက်သွားသည်။ မိမိနှင့် အတွင်
အားချင်း အမာခံတိုက်ခိုက်မည် မဟုတ်ကြောင်း ရိပ်စားမိသည်
တစ်ပြိုင်တည်း ခုန်ရှောင်လိုက်ခြင်း ဖြစ်ပါသည်။

ထိုလက်နက်ပုန်းနှစ်ချောင်းသည် ပြင်းထန်စွာ အုတ်နံ
သို့ စိုက်ဝင်နစ်မြုပ်သွား၏။ ဘေးမှ ထိုအဖြစ်အပျက်ကို ကြည့်
သော သူတို့အားလုံး လုံဖေးကိုယ်စား ဖောချွေးပြန်သွားကြသည်

ခေတ္တခဏ ငေးကြောင်နေပြီးမှ သံချပ်ဝတ်စုံနှင့်လူကို ဝိုင်
၍တိုက်ခိုက်ကြတော့သည်။

စန်ကွန်းဖန်နှင့် ချန်ဖုန်းတို့ကလည်း ပုဆိန်ကြီးမျာ
ကိုယ်စီကိုင်ကာ သံချပ်ဝတ်စုံနှင့်လူကို တိုက်ခိုက်တော့၏။

ကိုယ်ရံတော် သိုင်းသမားများကလည်း တချို့က ပုဆိန်
တချို့က သံဆူးများပါသော သံလုံးလက်နက်စသည့် လေးလံသော
လက်နက်ကြီးများနှင့် သံချပ်ဝတ်စုံလူကို ဝိုင်းရံတိုက်ခိုက်ကြသည်

ထိုလေးလံသော လက်နက်ကြီးများက သံချပ်ဝတ်စုံကို မျ
စီးအောင် မတိုက်ခိုက်နိုင်သော်လည်း လေးလံသော ထုအားကြေ
သံချပ်ဝတ်စုံနှင့်လူကို တုန်ခါစေနိုင်၏။

ချန်ဖုန်းကဲ့သို့သော အဆင့်မြင့်သိုင်းသမားမျိုးက အကယ်
အတွင်းအားအပြည့်သွင်းကာ ထုချလိုက်လျှင် သူ၏အတွင်းအား
သံချပ်ဝတ်စုံထဲမှလူကို ပြင်းထန်စွာ ဒဏ်ရာရစေနိုင်ပါသည်။

လုံဖေးမှာ မြေပြင်ပေါ်ကို ပြန်ကျလာပြီး သူ၏လက်စွဲတော



သံမဏိလှံရှည်ကြီးကို ဆွဲယူလိုက်သည်။

သူ့အနေဖြင့် သံမဏိလှံရှည်ကို မသုံး၍ မဖြစ်တော့ပါ။

ကျောက်စိမ်းယပ်တောင်လောက်ကို သံချပ်ဝတ်စုံနှင့်လူက
ဂရုစိုက်မည်မဟုတ်ကြောင်း သူသိနေပြီ ဖြစ်၏။

ထိုလှံရှည်ကြီးသည် သူနှင့် တိုက်ပွဲပေါင်းများစွာ တိုက်ပွဲဝင်
ခဲ့ပြီး ရန်သူ၏အသက်ပေါင်းများစွာ ဇီဝိန်ခြွေခဲ့သော လှံရှည်ကြီး
ဖြစ်ပါသည်။

အခြေအနေအရ သူ၏အဖော်ကောင်း လက်စွဲတော်လှံရှည်
ကို ပြန်လည်အသုံးချတော့မည်မို့ လုံဖေးမှာ တစ်ခဏအတွင်း တစ်
ကိုယ်လုံးထဲရှိ သွေးများလည်း ပွက်ပွက်ဆူလာလေတော့သည်။ လူ
ငယ်ဘဝကတည်းက ကိုင်ဆောင်ခဲ့သော လှံရှည်ကြီးကို ကိုင်မိသော်
ယခင်က တိုက်ပွဲအကြောင်းကို ရုတ်တရက်ပြန်သတိရလာ၏။

သွေးပူနေသော လုံဖေးက မာန်သွင်းအော်ကာ ရန်သူကို
လျှပ်တစ်ပြက် တိုက်ကွက်ဆယ့်ခုနစ်ကွက် တိုက်ခိုက်၏။

သံချပ်ဝတ်စုံနှင့်လူက လှံရှည်ကြီးကို မှတ်ထုတ်လိုက်၏။

လုံဖေးမှာ အနောက်သို့ ခြေခြောက်လှမ်း ဆုတ်ပေးရ၏။

သူ၏ အနောက်ဘက်တွင် စားပွဲရှည်တစ်လုံးရှိသည်ကို မြ
သဖြင့် နောက်သို့ ပြန်ခုန်တက်လိုက်၏။ သံချပ်ဝတ်စုံနှင့်လူ ထပ်
လာပြီး လုံဖေးအား တိုက်ခိုက်သည်။ လုံဖေးက ရှောင်လိုက်ရာ ခုံ
အောက်ရောက်သွား၏။ စားပွဲခုံကြီးသည် သံချပ်ဝတ်စုံနှင့်လူ၏ လက်
သီးချက်ကြောင့် ကြေမွပျက်စီးသွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် စားပွဲပေါ်တွင်တင်ထားသော စာရွက်တစ်ရွက်က လွင့်ကျသွား၏။ ထိုစာရွက်မှာ ချန်ဖူဝါ ခိုနှင့်ပေးလိုက်သည့် လူသတ်စာရင်းကို စာလုံးကြီးကြီးနှင့် ပြန်လည်ရေးသားထားသည့်စာရွက်ပင် ဖြစ်တော့၏။

သံချပ်ဝတ်စုံနှင့်လူက ထိုစာရွက်ကို ကောက်ယူဖတ်ရှုပြီး ငြိမ်သက်သွား၏။ ထို့နောက် စာရွက်ကို ဆုတ်ချေပစ်လိုက်သည်။

ထိုစဉ် လုံဖေး၏လုံရှည်က ဝင်ရောက်လာပြန်သဖြင့် သံချပ်ဝတ်စုံနှင့်လူက လက်တစ်ဖက်ဖြင့် ခါထုတ်လိုက်၏။

သူ၏နောက်မှ လိုက်လာသော ကိုယ်ရံတော်များကလည်း ဧည့်ခန်းထဲသို့ ဝင်ရောက်လာကြ၏။

သံချပ်ဝတ်စုံနှင့်လူသည် လုံဖေးဘက်သို့ မလှည့်တော့ဘဲ နောက်သို့ ပြန်လှည့်၏။ ကိုယ်ရံတော်များက ပိတ်ဆို့လိုက်ကြ၏။ သို့သော် သံချပ်ဝတ်စုံနှင့်လူက တရကြမ်း ဖောက်ထွက်သည်။

ကိုယ်ရံတော်များ၏ ဓားလှံလက်နက်များသည် သံချပ်ဝတ်စုံကို မဖောက်ထွင်းနိုင်သဖြင့် သံချပ်ဝတ်စုံနှင့်လူသည် အုတ်နံရံအပြင်အထိ အောင်မြင်စွာ ထွင်းဖောက်ထွက်ပြေးသွားနိုင်ခဲ့သည်။

ဧည့်ခန်းထဲရောက်မှ လက်လျှော့ထွက်ပြေးသွားသော ရန်သူကို မည်သူကမျှ နားမလည်တော့ချေ။

လုံဖေးကိုသတ်ဖြတ်ရန် လာခဲ့သော သံမဏိဝတ်စုံနှင့်လူသည် လုံဖေးကို အသေမသတ်ဘဲ ပြန်လည်ထွက်ပြေးသွားခဲ့လေပြီ။

ဂေဟာကြီး၏အပြင်တွင် မြင်းလှည်းတစ်စီးသည် သံချပ်ဝတ်စုံနှင့်လူကို အသင့်စောင့်နေ၏။ သို့သော် ယခုအချိန်တွင်တော့ ...

ကိုယ်ရံတော်သိုင်းသမား ရှစ်ယောက်က မြင်းလှည်းမောင်းသူ အဘိုးအိုကို ဝိုင်းရံတိုက်ခိုက်နေကြသည်။

အဘိုးအိုသည် မြင်းလှည်းပေါ်ထိုင်လျက် ကျာပွတ်ဖြင့် ရန်သူများကို ခုခံတိုက်ခိုက်နေ၏။ အဘိုးအို၏ဟန်မှုရာသည် လေးလံဟန်ရှိသော်လည်း မျက်စိအစုံမှာမူ ဓားသွားပမာ စူးရှနေ၏။

သံချပ်ဝတ်စုံနှင့်လူသည် ကိုယ်ရံတော်တစ်ယောက်ကို လက်သီးဖြင့် လွင့်ထွက်သွားအောင် ထိုးလိုက်၏။ နောက်ထပ် နှစ်ယောက်ကို ဘယ်ညာလက်ဝါးဖြင့် ခါယမ်းပစ်လိုက်၏။

ကိုယ်ရံတော်နှစ်ယောက်သည် အဆင့်မြင့်သိုင်းသမားများ ဖြစ်ကြသော်လည်း အရှိန်ပြင်းထန်သော လက်ဝါးနှစ်ဖက်ကို လွတ်အောင်မရှောင်နိုင်ကြပါ။ လွင့်ထွက်သွားကြ၏။

အဘိုးအို၏ကျာပွတ်သည် လေထဲတွင် ဝှေ့ယမ်းကာ ကိုယ်ရံတော်တစ်ယောက်ကို ရိုက်လိုက်သည်။ သို့သော် ...

လမ်းတစ်ဝက်တွင် ရုတ်တရက် လမ်းကြောင်းပြောင်းလဲကာ အခြားကိုယ်ရံတော်တစ်ယောက်ရဲ့ လည်မျိုထဲသို့ စိုက်ဝင်သွားသည်။

အဘိုးအို၏မျက်နှာချင်းဆိုင်နေရာတွင်ရှိသော ကိုယ်ရံတော် လျင်မြန်စွာ တိုက်ကွက်ဆယ်ကွက်ကို တိုက်ခိုက်လိုက်သော်လည်း အဘိုးအို၏ကျာပွတ်က ဝင်လာသောဓားကို လျင်မြန်စွာ ကျ လိုက်သည်။ ကျာပွတ်သည် မြွေဟောက်တစ်ကောင်ပမာ ထိုကိုယ်ရံတော်လည်မျိုထဲသို့ စိုက်ဝင်သွားသည်။

www.burmeseclassic.com



ထိုအခါ သံချပ်ဝတ်စုံနှင့်လူ သည် ကိုယ်ရံတော်နှစ်ယောက်ကို ထပ်ခံရှင်းလင်းကာ မြင်းလှည်းထဲသို့ခုန်ဝင်လိုက်ပြီး အဘိုးအိုကို အရေးတကြီးအမိန့်ပေးလိုက်သည်။

"အမြန်မောင်းစမ်း"

အဘိုးအိုကလည်း လျှင်ပါသည်။

သံချပ်ဝတ်စုံနှင့်လူ မြင်းလှည်းထဲ ရောက်သည်နှင့် မြင်းများ ကိုအော်ငေါက်၍ ဘီးများကို လိမ့်စေနေပြီ ဖြစ်၏။

"လုံဖေးက အဆင်သင့် စီမံထားသလိုပဲ၊ ကျုပ်တို့လာမယ် ဆိုတာ သူ ကြိုတင်သိနေတယ်၊ ကျုပ်တို့ကို ငှားရမ်းတဲ့လူဟာ ကျုပ်တို့ကို ရောင်းစားလိုက်ပြီ"

သူ၏အသံက အေးစက်မာကျောလှ၏။ ရုတ်တရက် သူ၏ ညာလက်သည် မြှောက်လိုက်ပြီး လက်နက်ပုန်းတစ်ခုကို ပစ်လိုက်၏။

နောက်မှပါလာသော ကိုယ်ရံတော်တစ်ယောက်၏ ရင်ဘတ် ထဲသို့ စိုက်ဝင်သွားတော့သည်။ ကိုယ်ရံတော်ခမျာ နောက်သို့သုံးပေ ခန့်လွင့်ထွက်သွားပြီး ပက်လက်လန်ကာ သေဆုံးသွားတော့သည်။

ကျန်ရှိသေးသော ကျန်ကိုယ်ရံတော်တစ်ယောက်ကမူ အနီး ကပ်၍မလိုက်တော့ဘဲ အဝေးမှ ခရာမှုတ်အချက်ပေးတော့သည်။

လမ်းအသီးသီး၌ ကင်းပုန်းစောင့်နေကြသော ကိုယ်ရံတော် များသည် ခရာသံကြားသည်နှင့် မြင်းလှည်းနောက်သို့ မြင်း ကိုယ်စီ ဖြင့် တစ်ဟုန်ထိုး လိုက်ကြတော့သည်။



## အခန်း ( ၁၁ )
## အံ့ဩဖွယ်ရာ မိန်းကလေး

သံချပ်ဝတ်စုံနှင့်လူသည် နောက်မှမြင်းကိုယ်စီဖြင့် လိုက်လာ သော ကိုယ်ရံတော်များကို လှည့်ကြည့်နေ၏။

လှည်းမောင်းသမား အဘိုးအိုက ...

"အောင်မြင်ခဲ့သလား"

"လုံဖေး မသေသေးဘူး"

သံချပ်ဝတ်စုံနှင့်လူက ခပ်ပြတ်ပြတ်ပင် ပြောသည်။

ချန်ဖူဝါသည် လုံဖေးဆီသို့ အပြေးအလွှားလာနေစဉ် ရှေ့မှ ဒုန်းစိုင်းပြေးလာသော မြင်းလှည်း၊ ထိုမြင်းလှည်းနောက်မှ မြင်းစီး ကိုယ်ရံတော်များ စသည်တို့ကို တွေ့လိုက်ရသဖြင့် ဤမြင်းလှည်းကား သံချပ်ဝတ်စုံနှင့် တစ်စုံတစ်ရာပတ်သက်ရမည်ဟု အတပ်တွေးလိုက် မိသည်။ ထို့ကြောင့် မြင်းလှည်းမလာမီ သစ်ပင်ကြီးတစ်ပင်ပေါ်သို့ လျှင်မြန်စွာတက်ပြီး စောင့်ဆိုင်းနေ၏။

သစ်ပင်အောက်သို့ မြင်းလှည်းရောက်လာသောအခါ ကြောင်တစ်ကောင်ပမာ ပေါ့ပါးစွာ ခုန်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ကိုယ်ဖော့ပညာ ကောင်းလွန်းလှသဖြင့် မြင်းလှည်းမောင်းသမား အဘိုးအိုသည်လည်းကောင်း၊ မြင်းလှည်းထဲမှ သံချပ်ဝတ်စုံနှင့်လူသည်လည်းကောင်း သူတို့၏မြင်းလှည်းခေါင်မိုးပေါ်သို့ လူတစ်ယောက် ရောက်ရှိနေမှန်း လုံးဝမသိလိုက်ကြပေ။

မြင်းလှည်းခေါင်မိုးပေါ်၌ ကပ်လိုက်လာကာ ချန်ဖူဝါသည် အောင်မြင်ခဲ့သလားဟူသော မြင်းလှည်းသမား အဘိုးအို၏ အမေးသံနှင့် လုံဖေး မသေသေးဘူးဟူသော မြင်းလှည်းထဲမှလူ၏ပြောသံကို ကြားလိုက်ရပြီးသည့်နောက် ရင်ထဲ၌ လုံးဝအေးချမ်းသွားတော့၏။

သံချပ်ဝတ်စုံနှင့်လူမှတစ်ပါး အခြားသူ မဖြစ်နိုင်ဟုလည်း သေချာစွာ သိလိုက်မိသည်။ အဘိုးအိုသည် မြင်းလှည်းကိုသာ သေချာစွာ ဂရုစိုက်ကာ ဒုန်းစိုင်းနေလေ၏။ သံချပ်ဝတ်စုံနှင့်လူကလည်း အမိုးပေါ်ကို အာရုံမပြုနိုင်။ နောက်ဘက်မှလိုက်လာသော မြင်းသည်တော်သုံးယောက်ကိုသာ ဂရုစိုက်နေ၏။

မြင်းလှည်းနောက်သို့ မြင်းသည်တော်သုံးဦးက လျင်မြန်စွာလိုက်လာသဖြင့် သံချပ်ဝတ်စုံနှင့်လူက လက်နက်ပုန်းဖြင့် ပစ်လိုက်၏။

လူကို မပစ်၊ မြင်းကို ပစ်၏။ သူ၏လက်နက်ပုန်းအောက်တွင် မြင်းများ ခွေလဲကျကုန်တော့သည်။ မြင်းပေါ်မှ ကိုယ်ရံတော်များသည် အသီးသီး မြင်းပေါ်မှ လွင့်စဉ်ထွက်ကုန်တော့သည်။

မြင်းလှည်းကိုဆွဲသော မြင်းကြီးများသည် အရှိန်ရလာသဖြင့် နောက်မှလိုက်လာသော ကိုယ်ရံတော်တစ်ဦးကို တဖြည်းဖြည်း ဖြတ်ချန်ထားရစ်ခဲ့၏။ ခရာသံကိုပင် မကြားရတော့ပေ။



မြင်းလှည်းမောင်းသောအဘိုးအိုသည် ရုတ်တရက် မြင်းထိန်းကြိုးကို ဆွဲလိုက်ပြီး ကျဉ်းမြောင်းသောလမ်းကြားလေးတစ်ခုထဲသို့ ချိုးဝင်လိုက်သည်။

မြင်းလှည်းတစ်စီး လွတ်ရုံသာသာရှိသော လမ်းကျဉ်းလေး၏ အဆုံးတွင် လူသူကင်းဝေးသော ကွက်လပ်လေးတစ်ခု ရှိ၏။

မြင်းလှည်းကြီးသည် မြေကွက်လပ်ကိုကျော်ကာ ဝါးတောထဲဝင်လာပြီး ဝါးတောထဲရှိ တောင်ကုန်းလေးတစ်ခုပေါ် ဆက်လက်တက်သွားသည်။ တောင်ကုန်းလေးကိုကျော်ပြီး တစ်ဖက်တွင်ရှိသော တဲအိမ်စုတ်တစ်လုံးရှေ့ရောက်သောအခါ တုံ့ခနဲ ရပ်သွားတော့၏။

တောင်ကုန်းအောက်ရှိ အိမ်လေးသည် အလွန်ဟောင်းနွမ်းစုတ်ပြတ်နေပြီး ဝင်းထရံများလည်း ဖရိုဖရဲပြိုလဲပျက်စီးနေပေပြီ။

မြင်းလှည်းရပ်သွားသည်နှင့် အတွင်းမှ သံချပ်ဝတ်စုံနှင့်လူသည် ခုန်ချလိုက်ပြီး ရေတွင်းဟောင်းတစ်တွင်းနားသို့ လျှောက်သွားသည်။ အဘိုးအို သည် လက်ထဲမှ ကျော့ကွင်းရှည်၏ထိပ်ဖျားကို ထိုလူ့ထံ ပစ်ပေးလိုက်ရာ သံချပ်ဝတ်စုံနှင့်လူက ကျော့ကွင်းကို ဖမ်းကိုင်ပြီး ရေတွင်းပျက်ထဲ ခုန်ချလိုက်၏။ အဘိုးအိုသည် မြင်းထိုင်ပုံစံထိုင်ကာ အတွင်းအားထုတ်၍ ကျော့ကွင်းကို ထိန်းပေးထား၏။

ချလွမ်း ... ချလွမ်းဟူသော အသံများကို အပေါ်မှ ကြားနေရသဖြင့် သံချပ်ဝတ်စုံနှင့်လူသည် ရေတွင်းပျက်ထဲ ဆင်းသက်နေသဲဖြစ်ကြောင်း ချန်ဖူဝါ သိနေမိ၏။ ထို့နောက် အဘိုးအိုသည်လည်း ကျော့ကွင်းကို ရုပ်သိမ်းကာ တွင်းထဲသို့ ခုန်ချသွားသည်။

www.burmeseclassic.com



မြင်းလှည်းအမိုးပေါ်မှ ချန်ဖူဝါသည် အသံမထွက်အောင် လျှောခနဲဆင်းလာပြီး ရေတွင်းဝသို့ ခြေဖော့ကာ အသာအယာချဉ်းကပ်လာ၏။ ထို့နောက် အသာကလေး နားထောင်နေလိုက်၏။ မကြာမီ ရေတွင်းအောက်မှ စကားပြောသံများ ကြားရသည်။

ဤရေတွင်းပျက်သည် သူပုန်သူကန်များ၏ လျှို့ဝှက် မြေအောက်စခန်း ဖြစ်နေသည်မှာ သေချာနေချေပြီ။

သံချပ်ဝတ်စုံနှင့်လူ၏အသံကို ကြားလိုက်ရသောအခါ ချန်ဖူဝါမှာ အကြီးအကျယ် အံ့အားသင့်သွားလေ၏။

အဘယ်ကြောင့်ဆိုသော် သံချပ်ဝတ်စုံနှင့်လူသည် အားကောင်းမောင်းသန်ယောကျ်ားတစ်ယောက်မဟုတ်ဘဲ မိန်းမတစ်ယောက် ဖြစ်နေသောကြောင့်တည်း။

"ဟိုလူက သစ္စာမဖောက်ရင် ဒီလူသတ်စာရင်း ဘယ်လိုလုပ်လုံဖေးလက်ထဲ ရောက်နေရတာလဲ"

အဘိုးအိုက ...

"ဟုတ်တယ်၊ ကျွန်တော်တို့လှုပ်ရှားမှုကိုသိတာ သူပဲရှိတယ်"

"နောက်တစ်ယောက် ရှိသေးတယ်"

"လျန့်စန်းနန်လား ... သူမဟာ ဒီလျှို့ဝှက်ချက်ကို ဖွင့်မပြောနိုင်ပါဘူး"

"တကယ်လို့သာ သူမက သတင်းပေးခဲ့ရင်တော့ သေပြီသာမှတ်ထား"

"သခင်မလေး ဒေါသမဖြစ်ပါနဲ့၊ စဉ်းစဉ်းစားစား လုပ်ပါဦး"



"အေးပါ ... သူ မဟုတ်ရင် ပြီးရော"

ဟု အေးစက်မာကျောစွာ ပြောလိုက်၏။ အဘိုးအိုက ...

"ကျွန်တော့်အထင်တော့ ဒီသစ္စာဖောက် သတင်းပေးတဲ့လူဟာ တစ်ချက်ခုတ် နှစ်ချက်ပြတ်ရည်ရွယ်ချက်နဲ့ ကျွန်တော်တို့ကိုပါ နှုတ်ပိတ်စေချင်တယ်လို့ ကျွန်တော်ထင်တယ်ဗျာ"

"ဘာဖြစ်ဖြစ် သူ့ကိုတွေ့အောင်ရှာပြီး အစိတ်စိတ်အမြွှာမြွှာ ခုတ်သတ်ပစ်မယ်"

သူမ၏လေသံက အေးစက်လှပေသည်။ ရေတွင်းပျက်ပေါ်မှ ခိုးနားထောင်နေသော ချန်ဖူဝါသည် အလွန်အံ့သြနေ၏။ ရက်စက်ကြမ်းကြုတ်သော သံချပ်ဝတ်စုံနှင့်လူသတ်သမားသည် မိန်းကလေးဖြစ်ကြောင်းသိရသော် မယုံကြည်နိုင်အောင်ဖြစ်မိ၏။

သူတို့ပြောနေသောစကားကို ကြားလိုက်ရသဖြင့် မိမိပို့လိုက်သော လူသတ်စာရင်းကို သံချပ်ဝတ်စုံနှင့်လူက အမှတ်မထင်ရရှိသွားကြောင်း သိရ၏။

ထို့ကြောင့် သံချပ်ဝတ်စုံနှင့်လူက ကျိုကွမ်ရယ်ကို အထင်လွဲသွား၏။ မိမိအား နှုတ်ပိတ်သတ်ဖြတ်ရန် တစ်ချက်ခုတ် နှစ်ချက်ပြတ်အကြံအစည်ဖြင့် မိမိကိုလုပ်ကြံသည်ဟု သံချပ်ဝတ်စုံနှင့်လူက အထင်မှားသွား၏။

ချန်ဖူဝါက ထိုအကြောင်းများကို ဆက်စပ်တွေးတောလိုက်သောအခါ သံချပ်ဝတ်စုံနှင့်မိန်းကလေးသည် အလွန်အဆင့်မြင့်သော သိုင်းပညာကိုတတ်ကျွမ်းသော်လည်း တကယ်စင်စစ် ဉာဏ်စဉ်းစားဉာဏ်

www.burmeseclassic.com

www.burmeseclassic.com



သိပ်မရှိသော မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း သိရှိလိုက်ရ၏။

ကျိုးကွမ်ရယ်အဖို့ ယခုကဲ့သို့ အင်အားလိုအပ်နေချိန်တွင် မိမိအတွက် အသုံးကျသော လူတစ်ယောက်ကို နှုတ်ပိတ်လိုက်ပါမည်လော။ ကျိုးကွမ်ရယ်အနေဖြင့် မည်သည့်နည်းနှင့်မျှ ဤသို့ပြုလုပ်လိမ့်မည်မဟုတ်ပါ။

ဤတစ်ချက်တည်းနှင့်ပင် သံချပ်ဝတ်စုံနှင့် မိန်းကလေးတို့သည် ကျိုးကွမ်ရယ်နှင့်ပတ်သက်၍ အတွင်းကျကျ မသိရှိသေးကြောင်း ချန်ဖူဝါ မှတ်ချက်ချလိုက်မိ၏။

သံချပ်ဝတ်စုံနှင့်မိန်းကလေးက ကြေးစားလူသတ်သမားသက်သက်သာ ဖြစ်ပေလိမ့်မည်။ ဤသို့ဆိုလျှင် ဘုရင်ဧကရာဇ်ကိုယ်တိုင်က အထူးအာဏာကုန်လွှဲအပ်ထားသည့် လုံဖေးကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို ယှဉ်တုဖက်ပြိုင်ရဲသော ကြေးစားလူသတ်သမား ဤမိန်းကလေးက မည်သို့သောမိန်းကလေး ဖြစ်သနည်း။

ချန်ဖူဝါသည် ထိုအကြောင်းများကို ကောက်ချက်ချ စဉ်းစားပြီးသော် ထိုမိန်းကလေးအကြောင်းကို စုံစမ်းရန် စိတ်ဆုံးဖြတ်လိုက်၏။ ဆုံးဖြတ်ချက်ချပြီးသည်နှင့် ရေတွင်းပျက်ထဲသို့ ဝင်လိုက်၏။

ရေတွင်း၏ အတွင်းနံရံများမှာ ပျက်စီးနေသဖြင့် ချန်ဖူဝါကဲ့သို့ ကိုယ်ဖော့ပညာကောင်းသူတစ်ယောက်အဖို့ ကောင်းစွာနံရံကပ်၍ ဆင်းသက်နိုင်ပေသည်။

ရေတွင်းပျက်သည် အတော်ပင်နက်ရှိုင်း၏။ ရေတွင်းအောက်တွင် ကျောက်ဆောင်ကျောက်ခဲများရှိပြီး ရေတွင်းအောက်ခြေ



ဘေးတစ်ဖက်တွင် လိုဏ်ဂူပေါက်တစ်ပေါက် ရှိသည်ကို တွေ့ရ၏။

ဂူပေါက်ထဲတွင် မည်းမှောင်နေသော်လည်း အဘိုးအိုနှင့် သံချပ်ဝတ်စုံမိန်းကလေး၏အသံက ထိုဂူပေါက်ထဲမှ ပေါ်ထွက်လာနေ၏။ လိုဏ်ဂူထဲတွင် သူတို့အသံက ဟိန်း၍ပဲ့တင်ထပ်နေလေသည်။

ချန်ဖူဝါသည် အမှောင်ထဲတွင် အသံပျောက်အောင် သတိထားလျှပ်ရှားနေရင်း သူတို့ပြောနေသော စကားကိုလည်း ဂရုတစိုက်နားထောင်နေရ၏။

ချန်ဖူဝါသည် မိန်းကလေး၏ပုံပန်းသဏ္ဌာန်ကို အလွန်မြင်ချင်၊ တွေ့ချင်သောစိတ်များက တဖွားဖွားပေါ်ပေါက်လာ၏။

သူမသည် မည်သူနည်းဟု အလွန်သိချင်လာသည်။

ထိုအခါ ရုတ်တရက် အလင်းရောင်တစ်ခု ဖြန်းခနဲပေါ်လာသဖြင့် ချန်ဖူဝါက လိုဏ်ဂူ၏နံရံ၌ သူ့ခန္ဓာကိုယ်ကို ပြားနေအောင် ကပ်လိုက်ရ၏။

မီးရောင်ရှိရာသို့ မရဲတရဲ လှမ်းကြည့်လိုက်ရာ တံခါးတစ်ခုဖြစ်ဟန်တူသောနေရာ၌ ရောက်နေသည့် သံချပ်ဝတ်စုံနှင့် မိန်းကလေးကို တွေ့လိုက်ရ၏။ သူမသည် ပိတ်နေသောတံခါးရှေ့တွင် ရပ်လျက် နံရံပေါ်ရှိခလုတ်များကို လက်ဖြင့်စမ်းနေခြင်း ဖြစ်၏။

မကြာမီ တံခါးပွင့်လာပြီး အဘိုးအိုနှင့်ထိုမိန်းကလေးတို့ဝင်ရောက်သွား၏။ ထို့နောက် ဝုန်းခနဲ တံခါးပြန်ပိတ်သွားတော့သည်။

ချန်ဖူဝါသည် ခြေဖော့ကာ တံခါးနားသို့ ချဉ်းကပ်လိုက်လေ၏။ နံရံပေါ်မှခလုတ်ကို လက်ဖြင့် စမ်းကြည့်ပိုင်တွယ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် တံခါးအတွင်းမှ မိန်းကလေး၏အသံ ပေါ်လာသည်။

"ဘာ ... လုံဖေးကိုသတ်ဖို့ ငါ့ကို ငှားရမ်းတဲ့သူက သူဌေးကြူးချမ် ... ဟုတ်လား"

"ဟို ... အသေးစိတ်မြေပုံ သုံးပုံရယ်၊ အသတ်ခံရမယ့် လူပုံသုံးပုံရယ် အားလုံးကို သူက အသေးစိတ် ရေးပေးတာပေါ့။ ဒီလူပုံသုံးယောက်ဟာ သူနဲ့ ကမ္ဘာမကျေ ရန်ငြိုးကြီးတွေရှိတယ် ထင်ပါတယ်"

အခြားအမျိုးသမီးတစ်ယောက် ရှင်းပြနေ၏။ ဆက်လက်၍ ...

"ကြူးချမ်ဆိုတဲ့လူကို ကျွန်မ အသေးစိတ်စုံစမ်းပြီးပါပြီ၊ သူဟာ သိုင်းလောကသားတွေကို အသွားအလာအဆက်အသွယ် ရှိပါတယ်၊ သူ့ရဲ့နောက်ကျောပေါ်မှာ မြွေ၊ ဖားပြုတ်၊ ပင့်ကူ၊ ကင်းခြေများနဲ့ ကင်းမြီးကောက် စတဲ့အဆိပ်ရှိတဲ့အကောင်တွေ ရေးထိုးထားတယ်ဆိုတာ သိရှိရပါတယ်"

သံချပ်ဝတ်စုံနှင့်မိန်းကလေးသည် အနည်းငယ် အံ့အားသင့်သွားသည်။

"ဒါက ဂူတုမင်ခေါ်တဲ့ အဆိပ်ငါးမျိုးဂိုဏ်းရဲ့ အမှတ်အသားပဲ၊ နောက်ကျောပေါ်မှာ အဆိပ်ကောင်ထိုးထားတဲ့ သူဟာ ဂူတုမင်းဂိုဏ်းထဲမှာ အတော်ကလေး ရာထူးကြီးတယ်လို့ ဆိုနိုင်တယ်"

အဘိုးအိုက ...

"ဒီဆယ်နှစ်တာကာလအတောအတွင်း သိုင်းလောကမှာ ဂူတုမင်းဂိုဏ်းသား တော်တော်တွေ့ခဲ့တယ်၊ တချို့ကလည်း ဒီဂိုဏ်းမရှိတော့ဘူးလို့ ပြောကြတယ်"



အဘိုးအိုက ထိုအမျိုးသမီးကြီးကို ဆက်မေး၏။

"ခင်ဗျားက ... ဘယ်လိုလုပ် သူ့ကျောပြင်မှာ အကောင်ငါးကောင် ရေးထိုးကြောင်း သိခဲ့ရတာလဲ"

ထိုအမျိုးသမီးက အသံသြသြကြီးနှင့် ...

"ကျွန်မကလည်း အမှတ်မထင် တွေ့ခဲ့တာပေါ့ရှင်၊ နောက်သတင်းတစ်ခု အတိအကျရသေးတယ်၊ မိုးချုပ်ရင် သူဟာ ဒီမြို့က ထွက်ခွာလိမ့်မယ်၊ အရှေ့ဘက်အရပ်ကို ထွက်ခွာလိမ့်မယ်တဲ့ .. အဲဒါ"

အဘိုးအိုက ...

"ဂူတုမင်းဂိုဏ်းရဲ့ဌာနချုပ်က ဒီမြို့ရဲ့ အရှေ့ဘက်အရပ် မိုင်တစ်ရာကျော်ကွာဝေးတဲ့ တောနက်တစ်ခုထဲမှာရှိတဲ့တောင်ကြားလေးထဲမှာ မဟုတ်လား"

အမျိုးသမီးကြီးက ...

"ဟုတ်ပါတယ် ..ရှင်တို့ ဘယ်လိုပြဿနာများ ပေါ်နေလို့လဲ"

အဘိုးအိုက အံကြိတ်၍ ပြောလာ၏။

"ဒီကြူးချမ်ဆိုတဲ့ကောင်က လုံဖေးကိုသတင်းပေးခဲ့တယ်လေ၊ ဒါကြောင့် သခင်မလေး ဝင်သွားတာနဲ့ လုံဖေးရဲ့ ယောင်ချောက်ထဲ ရောက်ခဲ့တာပေါ့၊ အခု သေပြေးရှင်ပြေး ပြေးလာခဲ့ရတယ်"

အမျိုးသမီးကြီးသည် အလွန်အံ့အားသင့်သွား၏။ ယုံကြည်နိုင်သော လေသံဖြင့် ပြန်မေး၏။

"တကယ် ... ဟုတ်ရဲ့လား"

အဘိုးအိုက ...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပေါ့ ... သခင်မလေးက လုံဖေးကို သတ်မယ်ဆို တဲ့ကိစ္စကို သိခဲ့တဲ့လူဟာ နှစ်ယောက်ပဲရှိတယ် မဟုတ်လား၊ နှစ်ယောက်တည်းက တစ်ယောက်က တို့ကို သစ္စာဖောက်တာပဲ"

"ကျွန်မ ... မဟုတ်တာတော့ သေချာပါတယ်၊ ကျွန်မဟာ သစ္စာမဖောက်ပါဘူးလို့ ကျမ်းကျိန်ရဲပါတယ်"

"ခင်ဗျား ... မဟုတ်ရင် ကြူးချမ်ပဲပေါ့"

ဟု အဘိုးအိုက အေးစက်သောလေသံဖြင့် ပြော၏။

အမျိုးသမီးကြီးက ...

"ဒါဆိုရင် သခင်မလေးရဲ့သဘောက ဘယ်လိုလဲရှင့်"

"ဟင် ... ငါတို့ဂိုဏ်းရဲ့စည်းကမ်းကို မေ့နေပြီလား"

"သူများပိုက်ဆံကို လက်ခံခဲ့ရင် သူများရဲ့ပြဿနာအန္တရာယ် ကို ရှင်းလင်းပေးရမယ်"

အမျိုးသမီးကြီးက တည်ကြည်သောမျက်နှာနှင့် ရိုသေစွာ ပြောဆိုလိုက်၏။

"အင်း ... ဟုတ်ပြီ၊ နောက်တစ်ချက်ကကော ဘာလဲ"

"သွေးကြွေးကို သွေးဖြင့်ဆပ်ရမယ်၊ ရန်သူမှန်ရင် အရှင် မထားစတမ်း"

အမျိုးသမီးကြီးသည် ထိုစကားကို တုန်ယင်သောအသံဖြင့် ပြော၏။ သံချပ်ဝတ်စုံနှင့် မိန်းကလေးက အေးစက်စွာပြုံးလိုက်ပြီး ခက်ထန်မာကျောစွာပြော၏။

"ဒီကြူးချမ်ဆိုတဲ့ကောင်ရဲ့လုပ်ရပ်ဟာ မိတ်ဆွေမဟုတ်ဘူး



ရန်သူပဲ၊ ဒါကြောင့် ဒီကောင့်ကိုရှာပြီး အပိုင်းပိုင်းအထစ်ထစ်ခုတ်သတ် ရမယ်"

အမျိုးသမီးကြီးက ရိုသေစွာကရော်ပြုံ၍ပြော၏။

"ဟုတ်ကဲ့ ... ကျွန်မဆီမှာ ကြူးချမ်ရဲ့ ပုံတူပန်းချီရှိတယ် သခင်မလေးရဲ့"

"ဒါဆိုရင် သိပ်ကောင်းတယ်၊ အခု ယူလာခဲ့စမ်း"

"ဒါဖြင့် ကျွန်မရော သခင်မလေးနဲ့အတူ လိုက်ခဲ့ရဦးမလား"

သံချပ်ဝတ်စုံနှင့်မိန်းကလေးက ပြတ်သားသောလေသံဖြင့် ...

"မလိုတော့ဘူး ... ငါတို့ထွက်သွားပြီးရင် ဒီရေတွင်းပျက်ကို ဖျက်ဆီးပစ်လိုက်တော့၊ မြေအောက်လိုဏ်ဂူကိုတော့ မဖျက်ဆီးနဲ့ဦး၊ နောင်တစ်ချိန်မှာ ဒီမြေအောက်လိုဏ်ဂူဟာ အသုံးကျရင် ကျလာလိမ့် မယ်၊ ငါတော့ မစွန့်လွှတ်ချင်သေးဘူး၊ အစစအရာရာ သတိထားပြီး လုပ်နော် ...မှတ်မိရဲ့လား"

"ဟုတ်ကဲ့ ... မှတ်မိပါပြီရှင့်"

သံချပ်ဝတ်စုံမိန်းကလေးနှင့် အဘိုးအိုတို့သည် သူ့ပုန်းကွယ် နားထောင်နေသည့် တံခါးနားသို့ ပြန်ရောက်လာသည်ဟု ယူဆသဖြင့် ချန်ဖူဝါမှာ မှောင်ရိပ်ထဲသို့ လျှင်မြန်စွာ ဝင်လိုက်ရသည်။

သို့သော် ...ထိုနှစ်ဦးစလုံး ဤတံခါးပေါက်ကို မလာကြပေ။ ခြေသံသာ တဖြည်းဖြည်းဝေးသွား၏။

အခြားထွက်ပေါက်တစ်ခုမှ ထွက်သွားဟန်တူပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၂ )
## အဆိပ်ငါးမျိုးဂိုဏ်း

ချန်ဖူဝါသည် တံခါးဖွင့်ရန် မူလတံခါးအနီးသို့ ပြန်လာ၏။

ထိုစဉ် အခန်းတွင်းမှ တံခါးဖွင့်သံလိုလို ကြားလိုက်ရပြန်သဖြင့် ငြိမ်သက်စွာ နားထောင်နေလိုက်မိသည်။

"ဟား ... ဟား ... ဟား"

ထိုအခါ အခန်းထဲမှ ရယ်မောသံတစ်ခု ပေါ်လာ၏။

"ကောင်းပ ... ကောင်းလိုက်တဲ့လုပ်ရပ်တွေ"

ချန်ဖူဝါအဖို့ ထိုရယ်မောသံကိုကြားရသော် တစ်ကိုယ်လုံး တုန်ခါသွားတော့၏။

ထိုရယ်မောသံကို သူ ကြားခဲ့ဖူးသည် မဟုတ်ပါလော။ ထိုရယ်မောသံကား ဆဲမာခြို၏ ရယ်မောသံပင် ဖြစ်ပါလေသည်။

ဆဲမာခြိုသည် အဘယ်ကြောင့် ဒီနေရာမျိုး ရောက်လာပါလိမ့်ဟု ချန်ဖူဝါသည် စဉ်းစားနေစဉ် အခန်းထဲမှ အမျိုးသမီးကြီး၏အသံ ထွက်ပေါ်လာသည်။

"သူတို့သိသွားရင် မကောင်းတော့ဘူးရှင့်"



"ဟား ... ဟား ... ဟား"

"ခေါင်းဆောင်ကြီးက ဘာကြောင့် ဒီလိုလုပ်ရတာလဲ၊ ကျွန်မဖြင့် လုံးဝနားမလည်တော့ပါဘူးရှင်"

"ဒါလား ... ရှင်းနေတာပဲ၊ မင်း မသိဘူးလား"

"ဟုတ်ကဲ့ ... ကျွန်မကို ပြောပြပါဦးရှင်"

"အေး ... ငါပြောပြမယ်"

ဆဲမာခြို၏အသံသည် အလွန်တရာတိုးသွားသဖြင့် ချန်ဖူဝါသည် သေချာစွာကြားနိုင်အောင် တံခါးကို နားဖြင့်ကပ်ပြီး နားထောင်လိုက်၏။ ထိုစဉ် ငယ်သံပါအောင် စူးစူးရှရှအော်ဟစ်လိုက်သံ တစ်ချက်ကို ကြားလိုက်ရသည်။ မကြာမီ ဝုန်းခနဲလဲကျသံ ကြားလိုက်ရသည်။

ချန်ဖူဝါသည် ရုတ်တရက်ကြောင်သွားသော်လည်း ချက်ချင်း သဘောပေါက်သွားသည်။ ထိုအခါ အခန်းထဲမှ တံခါးဖွင့်သံ ပေါ်လာပြီး ခြေသံ တဖြည်းဖြည်း ဝေးသွားသံကို ကြားလိုက်ရသည်။

ချန်ဖူဝါသည် ခဲအားမျှစောင့်ဆိုင်းပြီး တံခါးဖွင့်သည့် ခလုတ်ကို လိုက်စမ်းသည်။ ခလုတ်တွေ့သောအခါ နှိပ်လိုက်ပြီး ရင်၌ ဓားသည်ကို ကာလိုက်သည်။ ထို့နောက် ကြောင်တစ်ကောင်ကဲ့သို့ ပေါ့ပါးစွာ ခုန်ဝင်သွားလေ၏။ ချန်ဖူဝါသည် ...

ရုတ်တရက် အမှောင်ထုမှ လင်းထိန်သော အခန်းထဲသို့ ရောက်ရှိလာသောကြောင့် အနည်းငယ် မျက်လုံးပြာသွား၏။

ယခင်က လုံဖေးလက်အောက်တွင် အခြေအနေအမျိုးမျိုးကို ဆိုင်နိုင်ရန် ချန်ဖူဝါအား နည်းပြသိုင်းဆရာများက အပြင်းအထန်

www.burmeseclassic.com

www.burmeseclassic.com



လှေကျင့်ပေးခဲ့သော်လည်း အတန်ငယ်ကြာအောင် မျက်လုံးပြာပြီးမှ မျက်စိဖွင့်လိုက်နိုင်၏။ သူ့အား မည်သူကမျှ ဝင်မတိုက်ခိုက်ပါ။

ချန်ဖူဝါသည် မျက်စိဖွင့်လိုက်သော် ကြီးကျယ်ခမ်းနားသော အခန်းကျယ်တစ်ခုကို တွေ့ရ၏။ အခန်းအလယ်တွင် ရှစ်ထောင့်ပါသော စားပွဲခုံကြီးတစ်လုံးနှင့် ထိုင်ခုံများ ရှိသည်ကို တွေ့ရ၏။

အခန်းနံရံတွင် စာအုပ်စင်များရှိလေ၏။ ထည်ဝါခန့်ညားသော အခန်းကြီး၏ ကျက်သရေကို ဖျက်ဆီးသောအရာမှာ အသက်ကင်းမဲ့နေသော အမျိုးသမီးကြီးတစ်ဦး၏အလောင်းပင် ဖြစ်သည်။

ထိုအမျိုးသမီးကြီးသည် နံရံတစ်ချပ်ရှေ့တွင် လဲကျသေဆုံးနေလေ၏။ မျက်စိနှစ်လုံးသည် ငါးသေမျက်လုံးပမာ ပြူးထွက်လာသည်။ အသက်အရွယ်အားဖြင့် လေးဆယ်ကျော်ကျော်ရှိသော အမျိုးသမီးကြီးသည် ထည်ဝါလှသော အဝတ်အစား ဝတ်ဆင်လျက် အဖိုးတန် လက်ဝတ်လက်စားများ ဆင်ယင်ထားသည်ကို တွေ့ရ၏။

သူမ၏ပုံသဏ္ဌာန်ကိုကြည့်ခြင်းအားဖြင့် လူချမ်းသာတစ်ယောက် ဖြစ်ကြောင်း သိနိုင်၏။ ပြူးထွက်နေသော မျက်လုံးအစုံတွင် အံ့ဩသော၊ မယုံကြည်နိုင်သော အမူအရာများ ပေါ်လွင်နေသည်။

ဆဲဟာချို့သည် အဘယ်ကြောင့် သူမကို သတ်ရသနည်းဟု ချန်ဖူဝါ တွေးသည်။ သူမ၏ဒဏ်ရာကို တစ်ချက်ကြည့်ပြီး မြေပြင်ပေါ်သို့ ဒူးဖြင့်ကပ်၍ နားထောင်ကြည့်လိုက်၏။ မည်သည့်အသံမျှ မကြားရပါ ချေ။ ချန်ဖူဝါသည် အတန်ငယ်စဉ်းစားပြီး နံရံတစ်ချပ်ဆီသို့ လျှောက်လာ၏။



စောစောက သူကြားရသော တံခါးဖွင့်သံသည် ဤနံရံရှိရာ အရပ်မှ ပေါ်လာခြင်းဖြစ်သည်။ နံရံပေါ်တွင် မည်သည့်ခလုတ်မျှ မတွေ့ရသော် ချန်ဖူဝါသည် မျက်နှာချင်းဆိုင်နံရံသို့ လျှောက်သွား၏။

ထိုနံရံ၏ မျက်နှာချင်းဆိုင်နံရံထဲတွင် တံခါးဖွင့်ပိတ်ရန် ခလုတ်ကို တွေ့ရ၏။ ခလုပ်ကိုနှိပ်လိုက်ရာ တံခါးပွင့်သွားသည်။

တံခါးအပြင်တွင် မြေအောက်လမ်းတစ်လမ်းရှိနေရာ ထိုလမ်းအတိုင်း အချိန်ကြာမြင့်စွာ လျှောက်နေရ၏။

ဘယ်ရောက်၍ဘယ်ပေါက်မှန်းလည်း မသိပေ။

ထိုလမ်းသည် တဖြည်းဖြည်း မြင့်တက်သွားနေ၏။ အတန်ကြာမှ အလင်းရောင်ကို တွေ့ရသည်။ ထိုနေရာမှ ထွက်လိုက်သော် အံ့ဩဖွယ်ရာ မြေပြင်ပေါ်သို့ ရောက်နေကြောင်း တွေ့လိုက်ရ၏။

တစ်ဖက်တွင် မြင့်မားသော ဝင်းထရံတစ်ခု ကာရံထားပြီး အခြားတစ်ဖက်တွင် သူ့တစ်ကိုယ်စာသာသာဝင်နိုင်သော လမ်းကျဉ်းလေးတစ်ခုနှင့် ဆက်သွယ်ထား၏။ ချန်ဖူဝါသည် ဝင်းထရံပေါ် ခုန်တက်လိုက်ပြီး ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ရှုလိုက်၏။

ဝင်းထရံအပြင်ဘက်တွင် ကျယ်ပြန့်သော ပန်းခြံတစ်ခြံရှိပြီး ပန်းခြံကျော်လျှင် အိမ်ဆောင်များရှိသည်ကို တွေ့ရ၏။ ချန်ဖူဝါသည် ဝင်းထရံပေါ်မှ ခုန်ချလိုက်၏။ ပန်းခြံကို ဖြတ်ကျော်လိုက်သည်။

ထိုမှတစ်ဆင့် အိမ်ခေါင်မိုးပေါ်သို့ ခုန်တက်လိုက်ပြီး ဝင်းအပြင်သို့ရောက်ရန် သွက်သွက်ပြေးသွားသည်။ အိမ်ခေါင်မိုးပေါ်မှ ခုန်ချလိုက်ရာ ခြံဝင်းထဲသို့ ရောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ခြံဝင်းအပြင်သို့ ခုန်ထွက်လိုက်၏။

ချန်ဖူဝါသည် တံခါးမရှေ့သို့ ပြန်ရောက်လာပြီး တံခါးမပေါ် ချိတ်ဆွဲထားသော ဆိုင်းဘုတ်တစ်ခုကို ကြည့်၏။

ဆိုင်းဘုတ်ပေါ်တွင် ရွှေရောင်စာလုံးကြီးဖြင့် 'ထိုင်ဟုမ်ယွန့်' ဟူသော နာမည်တစ်ခု ရေးထား၏။ ချန်ဖူဝါ အံ့သြသွားသည်။

'ထိုင်ဟုမ်ယွန့်' သည် မြို့တော်တွင် နာမည်အကြီးဆုံး၊ အခမ်းနားဆုံးနှင့် ဈေးအကြီးဆုံးသော ပြည့်တန်ဆာအခန်းဖြစ်ကြောင်း ချန်ဖူဝါ ကြားသိထားခဲ့၏။

ယခု ဤထိုင်ဟုမ်ယွန့် ပြည့်တန်ဆာအခန်းသည် ထင်းတိထွေနှင့် မကင်းရာမကင်းကြောင်းနေရာဖြစ်ကြောင်း သိလိုက်ရပေပြီ။

ယခင်က လုံဖေးသည် ထိုင်ဟုမ်ယွန့်အကြောင်းကို တိတ်တဆိတ် စုံစမ်းခဲ့ပါသေး၏။

ထင်းတိထွေအဖွဲ့ဝင်ဂိုဏ်းသားများနှင့် ထင်းတိထွေ၏ဌာနချုပ်ကို ရှာဖွေဖော်ထုတ်ရန် လုံဖေးသည် မြို့တော်အတွင်းရှိသည့် မသင်္ကာသော နေရာမှန်သမျှ ကို အသေးစိတ်ရှာဖွေစုံစမ်းခဲ့ပါသည်။

သို့သော် မသင်္ကာစရာအချက်များ လုံးဝမတွေ့ရှိခဲ့ချေ။

ထိုင်ဟုမ်ယွန့်၏သူဌေး ဟွားဆန်နန်၏ ကိုယ်ရေးရာဇဝင်ကို စုံစမ်းခဲ့သော်လည်း ထင်းတိထွေနှင့်ပတ်သက်သော မသင်္ကာစရာ အချက်များ မတွေ့ရှိခဲ့ချေ။

ဤကဲ့သို့ အပြင်ပန်းတွင် သန့်ရှင်းနေပြီး အတွင်း၌ ထင်းတိထွေနှင့် ဆက်အသွယ်ရှိနေသောသူများ မြို့တော်ထဲတွင် ကျန်ရှိ



နေပါသေးသည်။ သို့သော် ထိုသူများကို ဖော်ထုတ်ရန် လုံဖေး မတတ်နိုင်ခဲ့ချေ။ ချန်ဖူဝါသည် လုံဖေးရှိရာသို့ တန်း၍ပြန်သွား၏။

သူတွေ့ရှိခဲ့သည်များကို ရှင်းလင်းအစီရင်ခံလိုက်သည်။

ချန်ဖူဝါ၏သတင်းပေးပို့ချက်ကြောင့် လုံဖေးသည် ချက်ချင်းပင် သူ၏လက်အောက်ရှိ စုံစမ်းရေးအဖွဲ့ တစ်ဖွဲ့ကို စေလွှတ်လိုက်၏။

စုံစမ်းရေးအဖွဲ့ဝင်များသည် လုံဖေးသိချင်သော အချက်များ ရရှိလာ၏။ ဟွားဆန်နန်ဟုခေါ်သော အမျိုးသမီးကြီးသည် ကြေးစားလူသတ်သမားတစ်စု ဖွဲ့စည်းထားသောအဖွဲ့၏ အဆက်အသွယ်ဖြစ်ကြောင်း သိရ၏။

ထိုအဖွဲ့အစည်းသည် လွန်ခဲ့သည့်ဆယ်နှစ်ကျော်က ဖွဲ့စည်းတည်ထောင်ခဲ့သည်ဟု သိရ၏။ ထိုအဖွဲ့၏ လူသတ်ပေးသော ကြေးငွေသည် အနည်းဆုံး ရွှေသားလျှံတစ်ရာဖြစ်ပြီး အမြင့်ဆုံးကြေးငွေမှာ ရွှေသားလျှံ သုံးသောင်းပင် ဖြစ်ပါသည်။

ထိုအဖွဲ့အစည်းတွင် သံချပ်ဝတ်စုံနှင့်လူသတ်သမားသည် အဆင့်မြင့်ဆုံး လူသတ်သမားဖြစ်ပြီး ပေးဆပ်ရသော ငွေကြေးပမာဏကလည်း အမြင့်ဆုံးဖြစ်ပါ၏။ သို့သော် ... ထိုလူသတ်အဖွဲ့ ဟွားဆန်နန်နှင့် ဆဲမာချြိုတို့ မည်ကဲ့သို့ ဆက်သွယ်ခဲ့ကြသည်ကို စုံစမ်းရေးအဖွဲ့ဝင်များ လုံးဝ ရှာဖွေ၍ မရခဲ့ကြချေ။

☆

"ဆဲမာချြိုဟာ ဒီထိုင်ဟုမ်ယွန့်ကတစ်ဆင့် ကြေးစားလူသတ်သမားအဖွဲ့အစည်းတစ်ခုရှိတယ်လို့ သိခဲ့ရတာပဲဖြစ်မယ်၊ ဒီအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



အညွှန်းကို သူ့ရဲ့လက်အောက်အဖြစ် သိမ်းသွင်းချင်တဲ့ဆန္ဒရှိလို့ လိုက်လံနှောင့်ယှက်နေတာလည်း ဖြစ်နိုင်တယ်"

လုံဖေးသည် မိမိ၏ထင်မြင်ချက်များကို ပြောပြ၏။

"ဟွားဆန်နန်ဆိုတဲ့ အမျိုးသမီးကြီးဟာ လူသတ်အဖွဲ့အစည်းရဲ့ လျှို့ဝှက်ချက်ကို အတော်အတန်သိလိမ့်မယ်လို့ ထင်တယ်၊ ဒါကြောင့် ဆဲမာချို့က သူ့ကို သိမ်းသွင်းဖြားယောင်ခဲ့တာပဲ၊ ထင်းတီထွေရဲ့ဌာနချုပ်နဲ့ အဖွဲ့ဝင်တွေဟာ တို့လက်ချက်နဲ့ ပျက်စီးခဲ့ရပြီမို့ သူက ငွေအကုန်ခံပြီး ကြေးစားလူသတ်သမား ငှားရမ်းရတာပဲလို့ ငါထင်တယ်"

ချန်ဖူဝါက ...

"ဟွားဆန်နန်ဟာ ဆဲမာချို့ရဲ့ အထိန်းအချုပ်အောက်မှာ အမိန့်နာခံနေရသူလည်း ဖြစ်ရမယ်၊ ဒါကြောင့် သူခိုင်းသမျှ ဟွားဆန်နန်က လုပ်ပေးတာပေါ့ ခင်ဗျာ"

လုံဖေးက ခေါင်းညိတ်၏။

"အင်း ... မှန်တယ်၊ ဒါပေမဲ့ ဟွားဆန်နန်ဟာ သူ့အဖို့ အသုံးမကျတော့ဘူးဆိုတာနဲ့ နှုတ်ပိတ်လိုက်တာပဲ ဖြစ်ရမယ်၊ ငွေကြေးအကုန်ကျခံတဲ့လူကတော့ ကျိုကွမ်ရယ်ဆိုတာ သေချာပါတယ်၊ ဒါပေမဲ့ ဆဲမာချို့က ဘာကြောင့် ဟွားဆန်နန်ကို လိမ်ပြောခိုင်းရတာလဲ၊ ဘာကြောင့် သံချပ်ဝတ်စုံလူသတ်သမားကို ဝူစာမင်အဆိပ်ငါးမျိုးရဲ့အဖွဲ့သားကြူးချမ်ကို သွားရန်ရှာအောင် လှည့်ဖြားပြောခိုင်းရတာလဲ၊ သူ့မှာ ဘာရည်ရွယ်ချက် ရှိသေးလို့လဲ"



ချန်ဖူဝါက သူ့ထင်မြင်ချက်ကို ပြောပြ၏။

"အဆိပ်ငါးမျိုးဂိုဏ်းနဲ့ ဆဲမာချို့တို့ကြားမှာ မပြေနိုင်တဲ့ ရန်ငြိုးတွေရှိလို့လည်း ထင်ပါတယ် ခင်ဗျာ"

လုံဖေးက သမီးဖြစ်သူ ရှန်းယွင်အား လှမ်းမေးလိုက်၏။

"သမီးရော ဘယ်လိုထင်မြင်သလဲ"

"ကျွန်မအထင်တော့ ဆဲမာချို့က အကြံအစည်တစ်ခုခုရှိမယ်လို့ ထင်ပါတယ်၊ အစ်ကိုကြီးချန်ဖူဝါဟာ ကျိုကွမ်ရယ်ဆီ သွားရောက်စုံစမ်းလိမ့်မယ်ဆိုတာကို သူတို့က အပိုင်တွက်ထားလိမ့်မယ်၊ ဒါမှ ဒီလူသတ်စာရင်းကို အစ်ကိုကြီးချန်က ယူလာမှာပဲပေါ့၊ ဒါတွေအားလုံးဟာ ထောင်ချောက်တစ်ခုပဲ ဖြစ်ပါလိမ့်မယ်"

"သမီးဆိုလိုတာက သံချပ်ဝတ်စုံနဲ့လူသတ်သမား ဘယ်အချိန်ရောက်လာမယ်ဆိုတာ တို့သိအောင် ဆဲမာချို့က အကွက်ဆင်ပေးထားတယ်လို့ ဆိုလိုတာပေါ့"

ရှန်းယွင်က ခေါင်းညိတ်၍ဖြေသည်။

"ထိုင့်ဖိန်အန်းလို့ဝမ်ရဲ့ အိမ်ဂေဟာထဲကို လာရောက်လုပ်ကြံရတာဟာ မလွယ်ကူမှန်း သူတို့သိမှာပေါ့၊ အကြံအစည်လည်း အောင်မြင်မယ်လို့ သူတို့မမျှော်လင့်ပါဘူး၊ ဒါပေမဲ့ အောင်မြင်ရင်တော့ ပိုကောင်းတာပေါ့"

လုံဖေးက ရယ်၍ ပြော၏။

"ခုတော့ သံချပ်ဝတ်စုံနဲ့လူသတ်သမားဟာ သူ့ကျောင်းစားခံရပြီလို့ တွက်သွားပြီပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ရှင်၊ သံချပ်ဝတ်စုံနဲ့ လူသတ်သမားက ရောင်းစားခဲ့ပြီလို့ ထင်မိတာနဲ့ သစ္စာဖောက်ကို ရှာဖွေဖြေရှင်းမှာ မြေကြီးလက်ခတ်မလွဲပါပဲ၊ အဲဒီအချိန်မှာ ဆဲမာဖြိုက ဟွားဆန်နန်ကို လိမ်လည်ပြောဆိုနိုင်းလိမ့်မယ်၊ ဟွားဆန်နန်ထံကတစ်ဆင့် ကြူးချမ်ရဲ့ သတင်းကို ပေးပို့လိုက်မယ်၊ အဆိပ်ငါးမျိုးဂိုဏ်းကို သံချပ်ဝတ်စုံနဲ့ လူက ရန်ရှာလာအောင် ပြုလုပ်လိုက်တာပဲရှင့်"

ရှန်းယွင်က မိမိ၏ထင်မြင်ချက်ကို တင်ပြလိုက်၏။

လုံဖေးက ချန်ဖူဝါကို လှမ်းမေးသည်။

"မင်းကော ... ဘယ်လိုထင်သလဲ"

ထိုအခါ ချန်ဖူဝါက ...

"ကျွန်တော်တော့ ဒီလိုမထင်ဘူး ခင်ဗျာ၊ ဆဲမာဖြိုက အဆိပ်ငါးမျိုးဂိုဏ်းကို ရန်ရှာရမှာထက် ကျွန်တော်တို့ကို ရှင်းပစ်ရမှာက ပိုပြီး အရေးကြီးနေတယ် မဟုတ်လားခင်ဗျာ"

ရှန်းယွင်က ဝင်၍ ရှင်းပြသည်။

"ကျွန်မစိတ်အထင်တော့ ကျိုကွမ်ရယ်နဲ့ ဆဲမာဖြိုတို့ဆီမှာ အင်မတန်ကြီးမားတဲ့အကြံကြီးတစ်ခု ရှိနေလိမ့်မယ်လို့ ထင်ပါတယ်"

လုံဖေးက ...

"သမီးက စိတ်ထင်ပဲပြောနေတာကိုး၊ သဲလွန်စလေး ဘာလေးပေးဦးမှပေါ့"

ရှန်းယွင်က ...

"သဲလွန်စတော့ ငှတ်မင်လို့ခေါ်တဲ့ အဆိပ်ငါးမျိုးဂိုဏ်းဌာနချုပ်မှာ သွားရှာရင် တွေ့လိမ့်မယ်လို့ ကျွန်မ ထင်ပါတယ်၊ ကျွန်မတို့အတွက် သဲလွန်စရှာဖွေရန် လူတစ်ယောက်လွှတ်ရင် ကောင်းပါလိမ့်မယ် ဖေဖေ"



ချန်ဖူဝါက ဝင်ပြောလေ၏။

"ကျွန်တော် ဒီတာဝန်ကို ထမ်းဆောင်နိုင်ပါတယ်ခင်ဗျာ"

လုံဖေးက ရယ်မောကာ ...

"အေးပါ ... ဘယ်သူမှ မင်းနဲ့မလုပါဘူး"

ချန်ဖူဝါကလည်း ရယ်မော၍ ရှင်းပြ၏။

"ကျွန်တော်က အရင်ခွင့်တောင်းလိုက်တော့ ကျွန်တော့်တာဝန်ကို လုချင်သူက ရှောင်သွားတော့မှာပေါ့ခင်ဗျာ"

လုံဖေးက ချန်ဖူဝါကိုကြည့်ပြီး ကျေနပ်စွာ ရယ်မောလိုက်သည်။ ထို့နောက် ...

"ယဉ်ဖူရေ"

ရှန်ရန်ယဉ်ဖူသည် စာရွက်စာတမ်းများကို ကိုင်လျက် ရောက်ရှိလာ၏။

"ဟုတ်ကဲ့ ... ရှိပါတယ် ခင်ဗျာ"

"ငှတ်မင်အဆိပ်ငါးမျိုးဂိုဏ်းရဲ့ရာဇဝင်မှတ်တမ်းကိုပြောစမ်း"

ယဉ်ဖူက ရိုသေစွာ ပြောသည်။

"ဟုတ်ကဲ့ ... အဆိပ်ငါးမျိုးဂိုဏ်းဟာ ထန်မျိုးရိုးရဲ့ပိုင်းခွဲတစ်ခုဖြစ်တယ်လို့ ဆိုနိုင်ပါတယ်ခင်ဗျာ၊ ဒီဂိုဏ်းရဲ့ ဂိုဏ်းချုပ်ဟာ အခု ဘုရင်ဧကရာဇ်ကြီးရဲ့ လက်ရွေးစင်ကိုယ်ရံတော်ကြီးဖြစ်နေတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး ထန်ပိုင်ချွမ်းရဲ့ တူတော်မောင်အရင်း ဖြစ်ပါတယ်၊ အခု လက်ရှိ ထန့်ဂိုဏ်းဦးဆောင်နေတဲ့ ဂိုဏ်းချုပ်ကြီးရဲ့ ညီအရင်းလည်း ဖြစ်ပါတယ်၊ နာမည်က ထန်ဆယ်ချီဖြစ်ပါတယ်၊ ထန်ဆယ်ချီဟာ အင်မတန်မာနကြီးတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ပါတယ်၊ သူ့ရဲ့ဖခင်နဲ့ စကားများပြီးတဲ့နောက် ထန်မျိုးရိုးကို စွန့်ခွာပြီး မိမိဘာသာမိမိ ဝူတာ့မင်ဟုခေါ်တဲ့ အဆိပ်ငါးမျိုးဂိုဏ်းကို တည်ထောင်ခဲ့ပါတယ်၊ သိုင်း လောကထဲမှာ လူအများက ထန်ဆယ်ချီကို အဆိပ်ဘုရင်လို့တင်စား ခေါ်ဝေါ်ခဲ့ပါတယ် ခင်ဗျာ"

သူက ခေတ္တရပ်နားပြီးမှ ဆက်ပြောပြန်သည်။

"ထန်ဆယ်ချီမှာ တစ်ဦးတည်းသောသားတစ်ယောက် ရှိပါ တယ်၊ သူ့နာမည်က ထွန်ဖြိုလို့ခေါ်ပါတယ်၊ ထန်ဆယ်ချီဟာ ဒီသား ရပြီးကတည်းက ဝူတာ့မင်တောင်ကြားမှာ အနားယူနေထိုင်ခဲ့ပါတယ်၊ အချိန်ကာလအားဖြင့် ဆယ့်ကိုးနှစ်ခန့် ရှိခဲ့ပါပြီ"

လုံဖေးက ...

"ထန်ဆယ်ချီရဲ့စိတ်နေသဘောထားကော ဘယ်လိုရှိသလဲ"

"သွေးအေးအေးနဲ့ လူသတ်သောသူ၊ ရက်စက်ကြမ်းကြုတ် သောသူ၊ လူတစ်ဦး၏အသက်ကို ရယ်မောရင်းနှင့်သတ်ရဲသော လက်မရွံ့သူတစ်ယောက် ဖြစ်ပါတယ်ခင်ဗျာ၊ ဒါပေမဲ့သူဟာ အင် မတန် စည်းကမ်းကြီးတဲ့ လူတစ်ယောက်ပဲခင်ဗျ"

လုံဖေးက ...

"မာနကြီးတဲ့သူဟာ ဒီလိုစိတ်သဘောထား ရှိစမြဲပဲ၊ ဒါနဲ့



သူက လူအတော်သတ်ခဲ့တယ်ပေါ့"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ... သူသတ်ခဲ့သမျှ လူတွေဟာ သူခိုး၊ ဓားပြတွေနဲ့ ယုတ်မာကောက်ကျစ်တဲ့ အောက်လမ်းဂိုဏ်းသား တွေပါ ခင်ဗျာ၊ ထန်ဆယ်ချီဟာ ရက်စက်ကြမ်းကြုတ်ပေမယ့် အမှန် တရားဘက်မှာရပ်တည်တဲ့ အထက်လမ်းသိုင်းသမားလို့ ဆိုနိုင်ပါ တယ်၊ ဒါပေမဲ့ အထက်လမ်းသိုင်းသမားများကတော့ အထက်လမ်း ဂိုဏ်းသားအဖြစ် လက်မခံကြပါဘူး ခင်ဗျာ"

လုံဖေးက ခေါင်းညိတ်ရင်း ပြောသည်။

"ဒီလိုပဲဖြစ်ရမှာပေါ့၊ အဆိပ်ဂိုဏ်းဆိုတာ ဘယ်မှာအထက် ဂိုဏ်း ဖြစ်တော့မလဲ၊ မင်းစုဆောင်းထားတဲ့ အချက်အလက်တွေက ဒါအကုန်ပဲလား"

"ကျန်ပါသေးတယ်ခင်ဗျာ၊ ဟုတ်ကဲ့ ... ဝူတာ့မင်ခေါ်တဲ့ အဆိပ်ငါးမျိုးဂိုဏ်းအဖွဲ့ဝင် ဂိုဏ်းသားတွေဟာ သိုင်းလောကထဲမှာ အတော်များများရှိပါတယ်ခင်ဗျာ၊ ဒါပေမဲ့ တင်းကျပ်တဲ့ စည်းကမ်း တွေကြောင့် သိုင်းလောကထဲကို ဝင်ရောက်ရောနှောမှု အလွန်နည်း ပါတယ်၊ ထို့အတူ သူတစ်ပါးကို ရန်ရှာဖို့လည်း အလွန်နည်းပါတယ်၊ ဂိုဏ်းသားတွေအားလုံးဟာ ဂိုဏ်းချုပ်ကြီးအပေါ် သစ္စာရှိကြတယ်လို့ သိရပါတယ်၊ အဆိပ်ဘုရင် ထန်ဆယ်ချီလည်း ဝူတာ့မင်တောင်ကြား မှာ အနားသွားယူရော သူ့ဂိုဏ်းသားတွေလည်း တစ်ခါတည်းလိုက် သွားကြတာပဲ"

လုံဖေးက ရယ်၍ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"အသားထဲက လောက်ထွက်တဲ့ ကြူးချမ်လိုလူစားလည်း ရှိသေးတာပဲ မဟုတ်လား"

ယဉ်ဖူက ဘာမျှ ပြန်မပြောတော့ဘဲ မှတ်တမ်းစာရွက်ကို သိမ်းဆည်းလိုက်၏။ ထိုအခါ ရှန်းယွင်က ...

"မှတ်တမ်းအရ အဆိပ်ငါးမျိုးဂိုဏ်းဟာ တရားမျှတသော ဂိုဏ်းတစ်ခုလို့ ဆိုနိုင်ပါတယ်"

လုံဖေးက စဉ်းစဉ်းစားစား ပြော၏။

"အင်းလေ ... ဘာပဲဖြစ်ဖြစ် ဒီဂူတုမင်တွေကိုတော့ စုံစမ်းထောက်လှမ်းရဦးမှာပဲ၊ ကဲ ... ချန်ဖူဝါ ..."

ချန်ဖူဝါက သွက်သွက်ဝင်ပြောသည်။

"ဟုတ်ကဲ့ ... ကျွန်တော် အခုချက်ချင်း တာဝန်ထမ်းဆောင်ရန် ထွက်ခွာပါ့မယ် ခင်ဗျာ"

"အေး ... အစစအရာရာ သတိထားနော်၊ မင်းကို ထောက်ကူဖို့ ငါ့လူတွေ စီမံပေးထားမယ်"

ချန်ဖူဝါမှာ ခရီးထွက်ရန်ပြင်ဆင်ရတော့၏။ ရှန်းယွင်က ...

"ဖေဖေ ... ကျွန်မ အစ်ကိုကြီးကို လိုက်ပို့လိုက်ဦးမယ်နော်"

လုံဖေးက ရယ်မောကာ ...

"ဒါများ ပြောစရာလိုလို့လား သမီးရာ"

လူအများက ဝိုင်းရယ်ကြတော့သည်။ ရှန်းယွင် ရှက်သွား၏။ မျက်နှာနီနီလေးဖြင့် ချန်ဖူဝါနောက် ပြေးလိုက်သွားတော့၏။

❀ ☆ ❀



## အခန်း ( ၁၃ )
## သေမင်း၏အကြိုသင်္ချိုင်း

ဂူတုမင်တောင်ကြားကား အဆိပ်ငါးမျိုးဂိုဏ်း၏ဌာနချုပ်ဝင်း။

ထိုတောင်ကြားဒေသ၏ နာမည်က ကြောက်မက်ဖွယ်ရာကောင်းသော်လည်း နေရာဒေသကား လှပတင့်တယ်လှပေ၏။

တောင်ကြားထဲရှိ သစ်ပင်ကြီးများသည် ဆယ်မိုင်ပတ်လည်အထိ ပေါက်ရောက်နေလျက်ရှိ၏။ စိမ်းစိုညိုမှိုင်းသော တောအုပ်ကြီးထဲတွင် ကျောက်စရစ်ခင်းထားသော လူသွားလမ်းတစ်လမ်းရှိ၏။

ထိုတောအုပ်အဝင်ဝနှင့် တစ်မိုင်ခန့်အကွာတွင် သိုင်းလောကသားတို့ကို တားမြစ်ထားသော ကျောက်တိုင်တစ်တိုင် ရှိ၏။

*'ခွင့်ပြုချက် မရလျှင်မဝင်ရ ... အသက်အန္တရာယ်ရှိသည်'*

ဟူသော စာလုံးများပေတည်း။

ထို့ကြောင့် သိုင်းလောကသားအပေါင်းတို့လည်း တော်ရုံတန်ရုံ မဝင်ရဲပေ။ အထူးသဖြင့် အဆိပ်ငါးမျိုးဂိုဏ်းအကြောင်း သိရှိထားသူ ဆိုလျှင် ဝေးဝေးကပင် ရှောင်သွားတတ်ပေ၏။

ထို့ကြောင့် ထိုတောအုပ်ကြီးသည် ဆိတ်ငြိမ်ဒေသတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာလေ၏။ ဝှတ္တမင်တောင်ကြားကား ထိုထက်ပင်ပို၍ သာယာလှပနေ၏။ တောင်ကြား၏ပုံသဏ္ဍာန်သည် ဘူးသီးပုံသဏ္ဍာန်ရှိလေသည်။ တောင်ကြားထဲတွင် အလွန်ကျယ်ပြန့်နေပြီး လပြည့်ဝန်းပုံသဏ္ဍာန် ရေအိုင်ကြီးတစ်ခု ရှိ၏။

ရေအိုင်ဘေးပတ်လည်တွင် လူနေအိမ်များ အထပ်ထပ်တည်ဆောက်ထားသလို ကန်ရေပြင်ပေါ်တွင်လည်း လူနေအိမ်များ တည်ဆောက်ထား၏။ နှစ်ပေါင်းများစွာ သေသေသပ်သပ် ပြင်ဆင်မွမ်းမံထားသောကြောင့် အိမ်များသည် ခန့်ညားထည်ဝါလှ၏။

ရေအိုင်ကြီးရှိရေသည် ကြည်လင်နေပြီး အိမ်များ၏အရိပ် ကို ထင်ထင်ရှားရှား တွေ့ရှိကြရသည်။

ရေအိုင်ကြီး၏နောက်ကား တောင်ကြား၏အတွင်းပိုင်း ဖြစ်ပြီး လျှို့ဝှက်ဆန်းကြယ်သောဒေသလည်း ဖြစ်ပါသည်။

တောင်ကြားအတွင်းပိုင်း၏ အဝင်ဝတွင် ထူးဆန်းသော ကျောက်ဆောင်ကျောက်ခဲများဖြင့် ပုံသဏ္ဍာန်အမျိုးမျိုး တည်ရှိနေပြီး သစ်ပင်များရောယှက်၍ပေါက်နေ၏။

အရုဏ်နံနက်နှင့် ညနေဆည်းဆာအချိန်တို့တွင် မြူနှင်းများဖြင့် ဖုံးလွှမ်းရစ်သိုင်းနေတတ်၏။ ထို့ကြောင့် ထိုဒေသသည် မြင်ရသူအဖို့ အလွန်လျှို့ဝှက်ထူးဆန်းသောနေရာဟု ထင်ကြရသည်။

အဆိပ်ငါးမျိုးဂိုဏ်းသားများပင် အမိန့်မရပါက ထိုတောင်ကြားအတွင်းပိုင်းဒေသသို့ ဝင်ခွင့်မရှိပေ။ ထန်ဆယ်ချီ၏ တစ်ဦးတည်းသောသားဖြစ်သူ ထန်ခြံုပင် အမိန့်မရဘဲ မဝင်ရချေ။



ထိုဒေသတွင် ထန်ဆယ်ချီတစ်ယောက်သာ နေထိုင်ပြီး ထိုဒေသမှ အလွန်ထွက်လာခဲကြောင်း တွေ့ရ၏။ အပြင်ထွက်လာလျှင် ထန်ဆယ်ချီသည် မျက်နှာကိုဖုံးအုပ်ကာ ထွက်လာတတ်၏။

ထန်ဆယ်ချီသည် အဘယ်ကြောင့် မျက်နှာဖုံးစွပ်ကာ နေရသည်ကို မည်သူမျှ မသိပါ။ နှစ်ပေါင်းအတော်ကြာကြာ မျက်နှာဖုံးစွပ်ခဲ့သော ထန်ဆယ်ချီကို သူ၏တစ်ဦးတည်းသောသားကပင် ... 'ဘာကြောင့်လဲ' ဟု မမေးရဲပါ။

ယခုအခါ ထန်ခြံုသည် အိမ်ထောင်ပြုပြီးခဲ့ပါပြီ။ သူ၏ဇနီးသည် လျှိုရီးရီးဟုခေါ်ပြီး အဆိပ်ငါးမျိုးဂိုဏ်းရှိ အဆင့်မြင့်သိုင်းဆရာကြီးတစ်ဦး၏သမီးဖြစ်ပါသည်။

ထန်ခြံုနှင့်လျှိုရီးရီးတို့သည် ငယ်ကျွမ်းဆွေများဖြစ်ကြပြီး ငယ်စဉ်ကတည်းက မေတ္တာသက်ဝင်သော သမီးရည်းစားဖြစ်သည်။

ထန်ဆယ်ချီ၏ သဘောတူညီချက်အရဖြင့် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခွင့်ရရှိခဲ့လေ၏။

ထန်ခြံုတို့လင်မယားသည်လည်း အလွန်ချစ်ကြသော ဇနီးမောင်နှံဖြစ်ပါသည်။ လျှိုရီးရီးကို အမြဲတမ်း အလိုလိုက်တတ်သော ထန်ခြံုသည် ဇနီးအတွက် ဘာမဆိုကိုပင် လုပ်ဆောင်ပေးသည်။

ထို့အတူ လျှိုရီးရီးကလည်း ခင်ပွန်းသည်ကို ချစ်ခင်ပါသသည်။ ရှေ့သွားနောက်လိုက်ညီလှသော စုံတွဲဖြစ်၍ ဂူတောင်ဝိုဏ်းသားတိုင်းက ကျိတ်ချီးကျူးခဲ့ကြရသည်။

ဇနီးသည်ကိုချစ်၍ အလိုလိုက် အလိုက်သိသော ထန်ခြံု

www.burmeseclassic.com

www.burmeseclassic.com



သည် မြို့တော်မှ ပစ္စည်းကောင်းများကို လှူကြဲ့နှင့် မှာယူတတ်သည်။ လှိုင်ရိုးအတွက် အဝတ်အစား၊ ပုလဲ၊ မိတ်ကပ်စသော အဆောင်အယောင်ပစ္စည်းများကို မြို့တော်မှ ဈေးကြီးပေးကာ မှာဝယ်လေ့ရှိ၏။

ထိုပစ္စည်းများကို ဝယ်ယူပို့ပေးသူကာ ကြွေ့လှဲ့လို၏သူဌေးကြူးချမ်ပင် ဖြစ်သည်။

ထန်မြိုသည် ကြူးချမ်အား တာဝန်တစ်ခုပေးခဲ့၏။ ၎င်းကား မြို့တော်ရှိ နာမည်အကြီးဆုံး၊ ဈေးအကြီးဆုံးဖြစ်သော ပုလဲစစ်စစ်ဖြင့် ပြုလုပ်ထားသော ပုလဲမိတ်ကပ်ဝယ်ယူခဲ့ရန် စေခိုင်းထားခြင်းဖြစ်၏။

ထိုမိတ်ကပ်သည် အရည်အသွေးကောင်းသော ပုလဲစစ်စစ်ဖြင့် ပြုလုပ်ထားသော အဖိုးတန်ဈေးကြီးသော ပစ္စည်းတစ်မျိုး ဖြစ်သည်။ ထို့အပြင် တခြားအဖိုးတန်သော ဆေးမြစ်များဖြင့် ရောနှောဖော်စပ်ရသောကြောင့် အလွန်ရှားပါးသော ပစ္စည်းကောင်းလည်း ဖြစ်ပါ၏။

အမျိုးသမီးများ၏ အသားအရေကို ထိန်းသိမ်းရန် အသုံးပြုသော မိတ်ကပ်မျိုးဖြစ်သဖြင့် အမျိုးသမီးများ၏ အသည်းစွဲပစ္စည်းတစ်မျိုးလည်း ဖြစ်ပါသည်။

မြို့တော်တွင် ဤပစ္စည်းကို ဖော်စပ်ရောင်းချသော ဆိုင်တစ်ဆိုင်တည်းသာ ဖြစ်ပါသည်။ နာမည်ကြီးသလို တကယ်လည်း လက်တွေ့အရာရောက်သော ပစ္စည်းမျိုးဖြစ်သဖြင့် လူချမ်းသာတို့ အလု အယက် ဝယ်ယူကြသောပစ္စည်းဖြစ်၏။

ထိုမိတ်ကပ်မျိုးကိုဝယ်ယူရန် ငါးလခြောက်လခန့် စောင့်ဆိုင်း



ရ၏။ ထို့အပြင် ကြိုတင်မှာယူထားမှ ပစ္စည်းရနိုင်၏။

ထို့ကြောင့် ထိုမိတ် ကပ်ကို သာမန်ရိုးရိုးလူတန်းစားများက မှာယူခြင်း မပြုနိုင်ကြချေ။ မြို့တော်အတွင်းရှိ အင်မတန်မှ အရေးပါအရာရောက်သော ပုဂ္ဂိုလ်ကြီးများသာ မှာယူနိုင်သည်။

အမှန်စင်စစ် လှိုင်ရိုးရိုးကဲ့သို့သော မိန်းမလှလေး၏ အသက်အရွယ်က ထိုမိတ်ကပ်မျိုးသုံးဆောင်ရန် မလိုအပ်သေးပါ။ သို့သော် မိန်းမတို့၏သဘာဝအတိုင်း လှချင်ပချင်သောကြောင့် ခင်ပွန်းသည် ထန်မြိုက အလိုလိုက်အကြိုက်ဆောင်ကာ မှာယူရခြင်း ဖြစ်သည်။

လောကကြီးတွင် မလှချင်သောမိန်းမ အဘယ်မှာရှိအံ့နည်း။

☆

လှိုင်းရိရိတစ်ယောက် ကြူးချမ်ကိုတွေ့ရန် စောင့်မျှော်နေ၏။

ခင်ပွန်းသည် ထန်မြိုက အတူတကွ လိုက်ပါလာ၏။ မကြာမီ ကြူးချမ် ရောက်ရှိလာ၏။

"ကျေးဇူးတင်ပါတယ်ဗျာ"

ဟု ထန်မြိုက ပြော၏။ ကြူးချမ်သည် သူ၏ လက်အောက်ငယ်သားဖြစ်သော်လည်း လူမှုရေးနားလည်သော ထန်မြိုက ဖော်ဖော်ရွေရွေ ဆက်ဆံတတ်သည်။

"သခင်လေး ဒီလိုတော့မပြောပါနဲ့၊ ဒါ ကျွန်တော့် တာဝန်ပဲ မဟုတ်လား ခင်ဗျာ"

ကြူးချမ်က ရိုသေစွာပြော၏။

"မနက်ဖြန် ကျွန်တော့်ဆီ လာခဲ့ဦး၊ ရိုးရိုးက ကိုယ်တိုင် ပေါင်း

www.burmeseclassic.com

www.burmeseclassic.com



ချက်ပြီး ကျွေးမွေးစည့်ခံချင်လို့လေ”

လှိုုင်းရီရီက လိုက်လှဲစွာပြော၏။

“ရှင် ဆက်ဆက်လာခဲ့နော်”

“ဟုတ်ကဲ့ ... ကျွန်တော် လာပါ့မယ်”

ကြူးချမ်က ဂါရဝပြုလိုက်၏။

အကယ်၍ ထန်ခြုံသည် သိုင်းလောကထဲတွင် သွားရောက်ကျက်စားလျှင် သူ့အား အဆိပ်ငါးမျိုးဂိုဏ်း၏ သခင်လေးဟူ၍ မည်သူမျှ ယုံမှာမဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ထန်ခြုံသည် ယဉ်ကျေးသိမ်မွေ့သော လူတစ်ယောက်ဖြစ်ပြီး လူမှုရေး အလွန်သိတတ်သောသူတစ်ယောက် ဖြစ်သောကြောင့်တည်း။

အသက်အရွယ်အားဖြင့် အသက်နှစ်ဆယ်မျှသာရှိပြီး ရုပ်ရည်ရူပကာလည်း ချောမောပြေပြစ်သည်။

အေးချမ်းပြီး ဆိီးနှင်းကျရောက်နေခြင်းကြောင့် ရေအိုင်ကြီးရှိ ရေများသည် အေးခဲကုန်၏။ ရေမျက်နှာပြင်ပေါ်တွင် တည်ဆောက်ထားသော အိမ်များ၏မီးရောင်ကြောင့် ရေအိုင်ကြီးတစ်ခုလုံးသည် တစ်မျိုးလှပနေလေ၏။ လောကကြီးတစ်ခုလုံးသည် နှင်းပွင့်များကြောင့် ဖြူဖွေးနေ၏။

ကြူးချမ်သည် ထန်ခြုံ၏နေအိမ်မှ ထွက်ခွာလာ၏။

အိမ်ပြင်ရောက်သည်နှင့် သူ၏မျက်နှာပေါ်မှ အပြုံးများသည် ရုတ်တရက် ပျောက်ကွယ်သွားတော့၏။

သူ၏မျက်လုံးအစုံသည်လည်း တဖိတ်ဖိတ်လက်နေ၏။



သူ့ဦးခေါင်းထဲ၌ မည်သည့်အကြံအစည် ရှိနေသနည်း။

ထန်ခြုံသို့ ပေးလိုက်သော ပုလဲမိတ်ကပ်ဘူးက ယခင်နှစ်လကျော်ကတည်းက သူ လက်ခံရရှိနေပြီ ဖြစ်ပါသည်။ သူ့တွင် အကြံအစည်တစ်ခုရှိသောကြောင့် ထန်ခြုံ၏လက်ထဲကို ယခုမှပေးခြင်းဖြစ်၏။ ဤအစီအစဉ်ကား သူ့အစီအစဉ် မဟုတ်ချေ။

လူတစ်ဦးတစ်ယောက်၏ စေခိုင်းချက်အရ ကြူးချမ်က ဤသို့ပြုလုပ်ရခြင်းဖြစ်သည်။

မိတ်ကပ်ဘူးထဲမှာ ဘာရှိမှန်း သူသိ၏။ သို့သော် မည်သည့်ပြဿနာ ပေါ်လာမည်ကိုတော့ မသိသောကြောင့် ထိုဒေသမှ အမြန်ဆုံးထွက်ခွာရန် ဆုံးဖြတ်လိုက်သည်။

သူ၏အသက်ရှင်နေနိုင်ရေးအတွက် ဂူတာမင်တောင်ကြားမှ သူ ထွက်ပြေးရတော့မည်။ လေအေးတစ်ချက် တိုက်ခတ်လာသဖြင့် တစ်ကိုယ်လုံးချမ်းစိမ့်ကာ ကြက်သီးများ ထလာတော့သည်။

ကြူးချမ်၏အကြံအစည်ကို ထန်ခြုံ လုံးဝမသိပါ။

အိပ်ခန်းထဲတွင် လှိုုင်းရီရီ၏ခါးကိုဖက်ကာ ကြည်နူးနေသည်။ လှိုုင်းရီရီ၏ မခို့တရို့အမူအရာနှင့် လှပသောမျက်နှာကို ကြည့်ကာ ထန်ခြုံ စိတ်လှုပ်ရှားလာသည်။ ဇနီးအား ပျော်ရွှင်အောင် အမြဲလုပ်တတ်သောထန်ခြုံက လှိုုင်းရီရီကဲ့သို့ပင် ပျော်ရွှင်နေသည်။

“ရီရီ”

ထန်ခြုံက ကြင်နာစွာ ပွေ့ဖက်ရင်း ...

“ကိုယ်ပေးတဲ့လက်ဆောင်ကို သဘောကျရဲ့လား”

www.burmeseclassic.com

www.burmeseclassic.com



"မေးစရာ လိုသေးလား"

ရီးရီးက ပြောၡ၏။ အတန်ကြာအောင် တစ်ဦးကိုတစ်ဦး ငေး
ဖက်ပြီးမှ လှိုင်းရီရီ က ပြော၏။

"ငါ ဟင်းသွားချက်လိုက်ဦးမှ"

"ဘာလောနေတာလဲ ရီးရီးရာ"

"နင် ဗိုက်မဆာဘူးလား"

"မဆာပါဘူး"

ထန်ခြုံက ခေါင်းခါပြလိုက်၏။ လှိုင်းရီရီက ရယ်မောလ...

"ကြူးချမ်ကို ထမင်းကျွေးဖို့ မေ့နေပြီလား"

ထိုအခါမှ ထန်ခြုံ ရယ်မောမိလေ၏။

"ဟုတ်သားပဲ ... ဒါပေမဲ့ ပုလဲမိတ်ကပ်ကို အရင်ကြည့်လိုက်
ပါဦးလား"

ထန်ခြုံက မိတ်ကပ်ဘူးကို လှိုင်းရီးရီးထံ ရွှေ့ပေးလိုက်သည်။

လှိုင်းရီးရီးက နှစ်သိမ့်သောအပြုံးနှင့် ခင်ပွန်းကိုကြည့်က
လှမ်းပြောလိုက်၏။

"နင့်ဆီက ဓားတိုလေး ခဏပေးပါဦး"

ထန်ခြုံသည် အိတ်ထဲမှ ငွေရောင်ဓားတစ်လက်ကို ထုတ်ပေး
လိုက်သည်။

မိတ်ကပ်ဘူးသည် နံ့သာဖြူအသားဖြင့် ပြုလုပ်ထားပြီး ဒေ
သပ်လှပနေပါ၏။ မိတ်ကပ်ဘူး၏အနားများတွင် ဖယောင်းများဖြင့်
လုံခြုံစွာ ပိတ်ထားသောကြောင့် ဓားပါးပါးဖြင့် ဖွင့်ရ၏။



လှိုင်းရီရီသည် ညင်သာစွာ ဖယောင်းကို ဓားဖြင့် ခြစ် လိုက်ပြီး
အဖုံးကို တယုတယဖွင့်လိုက်၏။ မိတ်ကပ်ဘူးအဖုံးကို ဖွင့်စဉ်
သူမသည် အလွန်ဝမ်းသာပျော်ရွှင်နေသော်လည်း မိတ်ကပ်ဘူးကိုဖွင့်
လိုက်သော် အကြီးအကျယ် မျက်နှာပျက်သွား၏။

သူမ၏မျက်နှာပေါ်တွင် မယုံကြည်နိုင်အောင် အံ့အား
သင့်ကာ ငေးကြောင်နေသည်ကို တွေ့ရတော့ ထန်ခြုံသည် မိတ်ကပ်
ဘူးအတွင်းကို ကြည့်လိုက်၏။ ထန်ခြုံလည်း အံ့သြသွားလေ၏။

မိတ်ကပ်ဘူးထဲတွင် မိတ်ကပ်မရှိဘဲ ပိုးသားပိတ်တစ်ချပ်
သာ ရှိ၏။ ထိုအပေါ်တွင် စာရေးသားထားသည်ကို တွေ့ရသည်။

ရေးသားထားသော စာများမှာ ...

*စန်ကွန်းဆွေ၊ ရွှေသားလှုံပေါင်းတစ်သောင်းတိတိ ...*

*ဆယ့်နှစ်လ၊ ... ရက်နေ့နံနက် ...*

*လီတုန်းယန် ... ရွှေသားလှုံပေါင်း တစ်သောင်းတိတိ ...*

*ဆယ့်နှစ်လ၊ ... ရက်နေ့နံနက် ...*

*လုံဖေး ... ရွှေသားလှုံပေါင်း သုံးသောင်းတိတိ ...*

*ဆယ့်နှစ်လ၊ ... ရက်နေ့ညဉ့်သန်းခေါင်ယံ ...*

ဟူသောစာသားများ ရေးသားထားသည်ကို တွေ့ရတော့
သည်။ ပုလဲမိတ်ကပ်ဘူးတွင် ထည့်ထားသော ပိုးချည်ပိတ်စကား
ချပ်ဝတ်စုံနှင့်မိန်းကလေး၏ လူသတ်စာရင်းပင် ဖြစ်တော့၏။

ထိုလူသတ်စာရင်းသည် ချန်ဖူဝါက ကျိုကွမ်ရယ်၏အိမ်ဂေ
ဟာထဲမှ ခိုးယူသွားသော လူသတ်စာရင်းနှင့် တစ်ပုံစံတည်းဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းလည်း တွေ့ရ၏။

ထိုစာရင်းကို တွေ့ရသော ထန်ခြုံနှင့် လျှိုရီးရီးတို့သည် လုံးဝ သဘောမပေါက်ကာ နားမလည်နိုင်ဘဲ ဖြစ်နေကြသည်။

ထန်ခြုံသည် ထိုလူသတ်စာရင်းကို ဘူးထဲမှ ထုတ်ယူပြီး သေသေချာချာ ကြည့်လိုက်၏။ လျှိုရီးရီးက နားကပ်ကာ မေးလိုက်၏။

"အဲဒါက ဘာပစ္စည်းတုံး"

ထန်ခြုံက ခပ်တိုးတိုးဖြေ၏။

"ကြည့်ရတာ လူသတ်စာရင်းတစ်ခုပဲ ဖြစ်လိမ့်မယ်"

"ဟင် ... လူသတ်စာရင်း"

လျှိုရီးရီး တုန်လှုပ်သွား၏။ ထန်ခြုံသည် ငေးမောနေရင်း ...

"စန်ကွန်းဆွေနဲ့ လီတုန်းယန်ဆိုတာတော့ မသိဘူး၊ လုံဖေးကတော့ သိုင်းလောကထဲမှာ ယိကုရှောင်းဟွန်းလို့ နာမည်ကြီးတဲ့ သိုင်းဆရာကြီးပဲ ဖြစ်မှာပေါ့"

"ယိကုရှောင်းဟွန် လုံဖေးဆိုတာ ဘုရင်ဧကရာဇ်ကြီးနဲ့ ဆွေတော်မျိုးတော် တော်စပ်တဲ့ လုံဖေးကို ပြောတာလားဟင် ... သူ့ကို ဘယ်သူက သတ်ရဲမှာလဲ"

"အေး ... ဟုတ်တယ်၊ ဒါပေမဲ့ ဒါတွေက တို့အတွက် အရေးမကြီးဘူး၊ အရေးကြီးတာ ဒီဘူးထဲ ဒီစာရွက် ဘယ်လိုအကြောင်းကြောင့် ရောက်လာတာလဲဆိုတာ သိဖို့ပဲ"

"ဒါဆို ... ကြူးချမ်ကို မေးရမှာပေါ့"

"ဟုတ်တယ် ... သူ့ကို မေးရမယ်"



ထန်ခြုံသည် လူသတ်စာရင်းကို ဘူးထဲထည့်လိုက်ပြီး နောက်လှည့်ကာ ခြေတစ်လှမ်းကို လှမ်းလိုက်၏။ ထိုစဉ်မှာပင် ...

အလွန်ထူးဆန်းသော အသံတစ်သံကို ကြားလိုက်ရ၏။

"ချလွမ် ... ချလွမ်"ဟူသော သံသတ္တုချင်း ရိုက်ခတ်ကာ ထွက်ပေါ်လာသောအသံမျိုးပင် ဖြစ်၏။

လျှိုရီးရီးသည် အံ့ဩစွာဖြင့် ပြောသည်။

"ဒါက ဘာအသံတွေလဲ"

"သူစိမ်းဝင်လာတာ မဖြစ်နိုင်ဘူး ထင်တယ်၊ ဘယ်ကောင်ကမြင်းကြောထနေလဲ မသိဘူး"

"တို့ရဲ့ အမိန့်မပါဘဲ တို့လူတွေ ဒီကိုမဝင်ရဲဘူး မဟုတ်လား။ ဒါဆို ဘယ်သူဖြစ်နိုင်သလဲ"

"ဟုတ်တယ် ...."

ထန်ခြုံက မျက်မှောင်ကြုတ်ကာ စဉ်းစားနေ၏။ လျှိုရီးရီးက

"ပထမက ကြူးချမ် ဒီမဟုတ်တယုတ်ဘူး လာပေးတယ်၊ ဒုတိယ ဒီအသံမျိုး ကြားရတယ်၊ ငါ့အထင်တော့ သိပ်မဟုတ်သေးဘူး။ တစ်ခုခု ဖြစ်ပေါ်တော့မယ်ထင်တယ်"

ထန်ခြုံက ရယ်မောကာ ....

"ဟား ... ဟား ... ဘယ်ကောင်က ဒီလောက်သတ္တိရှိလို့ ဒီမှာ ပြဿနာလာရှာရတာလဲ၊ ကြေနပ်တော့ လူ့ပြည်မှာ ကြာကြာ မနေချင်တော့ဘူးထင်တယ်"

သို့သော် ...

www.burmeseclassic.com



သူ မတွေ့ဆမိသော အချက်တစ်ချက် ကျန်ပါသေးသည်။

၎င်းကား ဘယ်လိုနေရာမှန်းသိလျက်နှင့် ပြဿနာရှာရဲသောလူသည် သာမန်ရိုးရိုးလူ မဟုတ်နိုင်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်ရှိ၍သာ လာသူဖြစ်ကြောင်း ထန်ခြုံ မတွေ့ဆမိပါချေ။

အဆိပ်ငါးမျိုးဂိုဏ်း၏ ရန်သူများသည် ယခု သိုင်းလောကထဲတွင် မရှိသလောက်ဖြစ်နေ၏။ ထိုဂိုဏ်းနှင့် ရန်ငြိုးရှိသူမှန်သမျှသည် ယခုတော့ သေဆုံး ကုန်ကြပါပြီ။

သိုင်းလောကထဲတွင် အဆိပ်ငါးမျိုးဂိုဏ်းကို ချေဖျက်နိုင်စွမ်းရှိသူဆိုလျှင် မရှိသလောက် ရှားပါးပါသည်။

ထိုဂိုဏ်းကို ရန်ရှာရဲသူလည်း သိပ်မရှိပါ။

ထို့အပြင် အဆိပ်ငါးမျိုးဂိုဏ်း၏ ဂိုဏ်းချုပ်ကြီးသည် သိုင်းလောကကို စွန့်ခွာပြီး အနားယူနိုင်မှစ၍ သိုင်းလောကသားတို့နှင့် ရန်ငြိုးမရှိခဲ့ပါ။

ထို့ကြောင့် ထန်ခြုံသည် မခိုးမခန့်နှင့် လှောင်ပြောင်ပြောဆိုခြင်း ဖြစ်၏။ လျှိုရှီးရှီးက ...

"ဒီကိစ္စဟာ ကြူးချမ်နဲ့ ပတ်သက်နေတာပဲဖြစ်ရမယ်"

"ဟုတ်တယ် ကြူးချမ်ဆိုတဲ့ ကောင်လည်း အသက်မရှင်ချင်တော့ဘူး ထင်တယ်"

မှန်ပါသည် ...ယခုအခါ ကြူးချမ်မှာ သေဘေးနှင့် ကြုံတွေ့နေရပါလေပြီ။

❂ ☆ ❂



## အခန်း ( ၁၄ )
## တာဝန်ကျေ၍ သေရသူ

ဂူတုမင့်တောင်ကြား အဝင်ဝတွင် အဆိပ်ငါးမျိုးဂိုဏ်း ဂိုဏ်းသားအစောင့်အကြပ်များ ထားရှိပါသည်။ သို့သော် ကြူးချမ် ထွက်ခွာသွားသည်ကို မည်သူကမျှ တားမြစ်ခြင်း မပြုလုပ်ကြချေ။

ကြူးချမ်သည် မီးပုံးတစ်လုံးကိုင်ကာ ဂူတုမင်တောင်ကြားထဲမှ အလျင်အမြန် ထွက်ခွာလာလေသည်။ အပြင်းအထန် ဒုန်းစိုင်းစီးလာသော ကြူးချမ်မှာ ဂူတုမင်၏ပိုင်နက်ကို ကျော်လွန်လာမှ စိတ်သက်သာရာရတော့၏။

ထိုအခါကျမှ အရှိန်ကိုလျှော့ချကာ သက်ပြင်းချနိုင်တော့၏။ ထိုအချိန်မှာပဲ ကြူးချမ်မှာ သစ်ပင်တစ်ပင်ပေါ်၌ ချိတ်ဆွဲထားသော မီးပုံးတစ်လုံးကို အမှတ်မထင် တွေ့လိုက်ရလေသည်။

"ဟင် ... ဆဲမာခြုံ"

ထိုသစ်ပင်အောက်၌ ဆဲမာခြုံကိုတွေ့ရသော ကြူးချမ်မှာ ရုတ်တရက် ကြောင်သွား၏။ ထိုမီးပုံးကို အမှတ်မထင် တွေ့ရကတည်းက ကြူးချမ်က အလွန်အံ့အားသင့်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချက်သည် သူနှင့်ဆဲမာခြုံတို့ လျှို့ဝှက်စွာ ပြုလုပ်ခဲ့သော အချက်ပြအမှတ်အဆက်ပင်ဖြစ်၏။ သို့သော် ဤအချိန် ဤနေရာ၌ ဆဲမာခြုံနှင့် ကြိုတင်ချိန်းဆိုထားခြင်း မရှိပေ။

ဤနေရာမျိုးတွင် ဆဲမာခြုံကိုယ်တိုင် လာရောက်စောင့်နေမည်ကို ကြူးချမ် လုံးဝမမျှော်လင့်ခဲ့ပေ။

ထင်းတိတွေ၏ ခေါင်းဆောင်ကြီး ဆဲမာခြုံသည် ဤနေရာမျိုးသို့ ရောက်လာလျှင် အကြောင်းတစ်ခုခုတော့ ရှိလိမ့်မည်။

နံ့သာဖြူဘူးထဲတွင် ထည့်ထားသောအရာမှာ ပုလဲမိတ်ကပ်မဟုတ်ကြောင်း ကြူးချမ်သိပါသည်။ ထိုဘူးကို လက်ခံရရှိပြီးသော် သူသည် အကြိမ်များစွာ ဖွင့်ကြည့်ချင်စိတ် ပေါ်ခဲ့၏။

စိတ်ကို အနိုင်နိုင်ထိန်းကာ ဤသို့ မပြုမိအောင် အတော်ကြိုးစားခဲ့ရ၏။ အကယ်၍ သူဖွင့်ကြည့်ခဲ့လျှင် နံ့သာဖြူဘူးကို ပကတိပုံသဏ္ဌာန်ဖြစ်အောင် သူ ပြန်မလုပ်နိုင်သောကြောင့်ဖြစ်၏။

ထို့အပြင် ဆဲမာခြုံ၏ လက်အောက်သူလျှိုများက သူ၏နောက်တွင် မျက်ခြည်မပြတ် စောင့်ကြည့်နေကြောင်းကိုလည်း သူရိပ်စားမိ၏။ ထို့ကြောင့် ကြူးချမ်က ထိုနံ့သာဖြူဘူးကို ဖွင့်ကြည့်လိုသောအကြံအစည်ကို ဖျောက်ဖျက်ပစ်ခဲ့ရ၏။ သို့သော် ထိုဘူးထဲတွင် ဘာများ ထည့်ထားပါလိမ့်မည်ဟု ကြူးချမ် စဉ်းစားကြည့်သေး၏။

မည်သို့ စဉ်းစား စဉ်းစား အဖြေမပေါ်ခဲ့ပေ။

ထို့ကြောင့် ထိုနံ့သာဖြူဘူးကို ထန်ခြုံတို့ လင်မယားကို ပေးအပ်ခဲ့ပြီးသည်နှင့် ကြူးချမ်လည်း ဆက်မနေရဲတော့ဘဲ တစ်ချိုးတည်း



လစ်ထွက်လာခြင်းဖြစ်၏။ ထိုပြဿနာသည် ဤတွင် ပြီးဆုံးလိမ့်မည်ဟု ကြူးချမ် မထင်ခဲ့ပါ။

ကြူးချမ်သည် မြင်းစီးလျက် ဆဲမာခြုံရှေ့သို့ ရောက်ရှိလာ၏။ ဆဲမာခြုံက သူ့ကို ကြည့်ကာ ...

"ခင်ဗျား ဘာစဉ်းစားနေတယ်ဆိုတာ ကျုပ်သိတယ်"

ကြူးချမ် ခေါင်းညိတ်ကာ ...

"ဟုတ်ကဲ့ ခေါင်းဆောင်ကြီးရဲ့ ဥာဏ်စွမ်းရည်ကို ကျွန်တော်ယုံကြည်ပါတယ် ခင်ဗျာ"

အဖြေကတော့ သိပ်ဆီလျော်ခြင်း မရှိပေ။

"ဒီနေရာဟာ ကျုပ်တို့ ချိန်းဆိုထားတဲ့နေရာ မဟုတ်ပေမယ့် ကျုပ်သဘောကတော့ နေရာပြောင်းရင် ကောင်းမယ်ဆိုတဲ့ သဘောနဲ့ ဒီနေရာကို လာခဲ့ခြင်းပါပဲ"

"ခေါင်းဆောင်ကြီးက ဂူတုမင်တောင်ကြားကို ကိစ္စတစ်ခုနဲ့ လာရောက်ခြင်းလား ခင်ဗျာ"

"ဟုတ်တယ် ... ကျုပ်မှာ အရေးကြီးတဲ့ကိစ္စ ရှိသေးတယ်"

သူက ရယ်မောရင်း ဆက်ပြောသည်။

"နံ့သာဖြူဘူးထဲမှာ ဘာထည့်ထားတယ်ဆိုတာတော့ ခင်ဗျား သိပ်သိချင်နေမှာပေါ့"

ကြူးချမ် အတော်တုန်လှုပ်သွား၏။

"ဘာပစ္စည်း ထည့်ထားသလဲဗျာ"

"အင်း ... ပုလဲမိတ်ကပ်တော့ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကြူးချမ်းက ခေါင်းညိတ်ကာ ...

"ကျွန်တော်လည်း ဒီလိုပဲ ထင်တယ်ခင်ဗျ"

"အဆိပ်ပါတဲ့ လက်နက်ပုန်းတွေလည်း မဟုတ်ဘူး၊ ဖွင့်ကြည့်ပို့တော့ ဘာမှ အန္တရာယ်မရှိပါဘူး"

"အဲ ... ဒါဆို ကျွန်တော် နားမလည်တော့ဘူးခင်ဗျာ"

"ဘူးထဲထည့်ထားတာက လူသတ်စာရင်း တစ်စောင်ပဲကွ"

ကြူးချမ်းသည် ရုတ်တရက် ကြောင်အမ်းအမ်းဖြစ်သွား၏။ ဲမာခြံုက ဆက်၍ ...

"ဒီလူသတ်စာရင်းကိုမြင်ရင် ထန်ခြံုလည်း နားလည်မှာမဟုတ်ဘူး၊ ခင်ဗျားကို မေးမြန်းလိမ့်မယ် ... သေချာပါတယ်"

"ဒီလူသတ်စာရင်းက ဘာများအသုံးကျလို့လဲ"

ကြူးချမ်းက နားမလည်ဘဲ မေးလိုက်၏။

"ဒီအကြောင်းတွေသိရင် ခင်ဗျားအတွက် အကျိုးမရှိဘူးဆိုတာ ခင်ဗျားသိမှာပေါ့"

ကြူးချမ်း၏မျက်နှာမှာ သွေးဆုတ်ဖြူရော်သွား၏။

"ဟုတ်ကဲ့ ... ကျွန်တော် မှားပါတယ်ခင်ဗျာ"

"အေး ... ခင်ဗျား နောက်တစ်ခု အမှားပြုလုပ်ခဲ့သေးတယ် ဆိုတာ ခင်ဗျားသိသလား"

ကြူးချမ်းသည် ပျာပျာသလဲဖြစ်သွား၏။

"ဟုတ်ကဲ့ ... ကျွန်တော် ဘယ်လိုအမှားကို မှားယွင်းခဲ့သလဲ ခင်ဗျာ"



"ခင်ဗျား ထွက်ပြေးစရာမလိုဘူးလို့ ကျုပ်ထင်တယ်"

"ကျွန်တော့်မှာ ဆက်လက်နေထိုင်ဖို့ အကြောင်းမရှိတော့ဘူး မဟုတ်လား"

"ခင်ဗျားတာဝန်က ထန်ခြံုကို ဘူးအပ်လိုက်ရင် ပြီးတာပဲ"

"ခေါင်းဆောင်ကြီးရဲ့အဓိပ္ပာယ်ကို ကျွန်တော် နားမလည်တော့ဘူးဗျာ"

ဆဲမာခြံု၏ မျက်စိသည် တောက်ပလာပြီး ...

"ခင်ဗျား တကယ်နားမလည်ဘူးလား"

ကြူးချမ်းက သဘောပေါက်သွားဟန်ဖြင့် ပြန်မေး၏။

"ခေါင်းဆောင်ကြီးက ကျွန်တော့်ကို နှုတ်ပိတ်ချင်လို့လား"

"ခင်ဗျား အသက်သေသွားပေမယ့် ခင်ဗျားရဲ့ သားမယားတော့ လုံခြုံပါတယ်၊ ခင်ဗျား ရသင့်ရထိုက်တဲ့ ငွေကြေးတွေကို သူတို့ဆီပို့ဆောင်ထားပြီး ဖြစ်ပါတယ်။ အဲဒီအတွက်တော့ ခင်ဗျား စိတ်ချနိုင်ပါတယ်"

"ဟုတ်ကဲ့ ... ကျွန်တော် စိတ်ချပါပြီ"

ကြူးချမ်းက မချိပြုံးပြုံး၍ ပြောလိုက်၏။

"မင်း ... အသက်ရှင်ဖို့ ကြိုးစားနိုင်ပါသေးတယ်"

ဆဲမာခြံု၏ စကားဆုံးလျှင် ကြူးချမ်းသည် ဝေဒနာ ... ကာ ဓားရှည်တစ်ချောင်းကို ဆွဲထုတ်လိုက်ပြီး တစ်ပြိုင်တည်း ထိုးခိုက်လိုက်၏။ သူ၏တိုက်ကွက်သည် ထူးဆန်း ... ရှိပါဘဲ အလွန်လျှင်မြန်လှ၏။

www.burmeseclassic.com

www.burmeseclassic.com



သူထက်သရှ သိုင်းပညာထဲတွင် စိတ်အကြိုက်ဆုံး တိုက်ကွက်တစ်ကွက်ဖြစ်သော်လည်း ဆဲမာခြို၏ မျက်စိထဲတွင်တော့ အသေးအဖွဲပညာကလေး ဖြစ်နေ၏။

ကြူးချမ်၏ တိုက်ကွက်ထဲတွင် အနည်းဆုံး ဟာကွက်သုံးကွက်ရှိကြောင်း ဆဲမာခြို တွေ့ရှိရ၏။ ကိုယ်ကိုစောင်းကာ ကြူးချမ်၏ ဟာကွက်ထဲသို့ ချဉ်းနင်းဝင်ရောက်သွားသည်။

ဓားရှည်သည် သူ၏ရင်ဘတ်နားကပ်ကာ ထွက်သွားစဉ် သူက ဘယ်လက်ဖြင့် ဓားရှည်ကို ပုတ်လိုက်၏။ ကြူးချမ်ကလည်း လျှင်မြန်စွာ ဓားသွားကိုလှန်ကာ ပိုင်းဖြတ်၏။

သို့သော် ဆဲမာခြိုက ရုတ်တရက် လက်ဝါးကိုလှန်လိုက်၏။ ကြူးချမ်၏ လက်ကောက်ဝတ်ကို ရိုက်ချသည်။ ထို့နောက် ကြူးချမ်၏ လည်မျိုကို လက်ဝါးစောင်းနှင့် ရိုက်ချလိုက်သည်။

အင့်ခနဲ အသံအုပ်အုပ်တစ်ချက် ထွက်လာပြီး ကြူးချမ်၏ ခန္ဓာကိုယ်သည် အနောက်သို့ လွင့်ထွက်သွားသည်။

လဲကျသွားသည့် ကြူးချမ်ကို ဆဲမာခြိုက ဓားဖြင့် ထိုးစိုက်လိုက်၏။ ကြူးချမ် သေလေပြီ။

ကြူးချမ်၏ ရုပ်အလောင်းကို ကြည့်ပင်မကြည့်တော့ဘဲ ဆဲမာခြိုသည် အမှောင်ထုထဲရှိ သစ်တောထဲသို့ လျှင်မြန်စွာပင် ဝင်ရောက်ပျောက်ကွယ်သွားတော့သည်။

✿ ☆ ✿



## အခန်း ( ၁၅ )
## ကြောက်မက်ဖွယ်ရာအသိပ်

သံပြားများ ရိုက်ခတ်သော ချလွမ်ချလွမ်မြည်သောအသံကို မကြားရတော့ပေ။ အကြောင်းမှာ သံချပ်ဝတ်စုံနှင့် လူသတ်သမားသည် အခန်းဝ၌ ရပ်နေသောကြောင့် အသံမကြားရတော့ခြင်း ဖြစ်၏။

လျိုရီးရီး၏ရှေ့တွင်ရပ်နေသော ထန်ခြို၏ လက်ထဲမှ ပိုးချည်ပိတ်စကို တွေ့လိုက်ရသဖြင့် သံချပ်ဝတ်စုံနှင့်လူသည် မျက်တောင်မခတ် စိုက်ကြည့်နေတော့သည်။ ထန်ခြိုက မေး၏။

"ခင်ဗျားက ဘယ်သူလဲ"

သံချပ်ဝတ်စုံနှင့်လူက စူးစူးရှရှလေသံဖြင့် ပြန်ပြော၏။

"မင်းတို့ မသိချင်ယောင်ဆောင်နေလို့ အပိုပဲ"

"ကျုပ် ဟန်မဆောင်တတ်ဘူး၊ ခင်ဗျားကိုလည်း ဖြေရှင်းချက် မပေးချင်ဘူး၊ ဝှတမင်တောင်ကြားထဲ ဝင်လာသူမှန်သမျှဟာ သေရမှာပဲ"

"ငါ့ကို ရောင်းစားတာ ဘယ်သူလဲ၊ ဒီကောင့်ကို ချက်ချင်း ထုတ်ပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကော် မိန်းမသားဆိုတော့ လက်နှစ်ဖက်ကို ဖြန့်လိုက် ပါ ခင်ဗျားကို အသက်ချမ်းသာပေးလိုက်မယ်"

သံချပ်ဝတ်စုံနှင့်လူက မခိုးမခန့် ခနဲ့သောလေသံဖြင့် ....

"တယ်ဟုတ်ပါလား၊ နည်းနည်းလျှော့ပါဦး"

ထန်ခြုံကလည်း မခိုးမခန့်ရယ်ပြုံးကာ ....

"ဒီနေရာဟာ ဘယ်သူ့ပိုင်နက်ဆိုတာ ခင်ဗျားသိရဲ့လား"

"ဘယ်သူ့ပိုင်နက်ဖြစ်ဖြစ် ငါ့အတွက် အတူတူပဲ၊ အဆိပ်ငါးမျိုးဂိုဏ်းကို သူများကြောက်ကြပေမယ့် ငါက လုံးဝ မကြောက်ဘူး။ မျက်စိထဲလည်း ထည့်မထားဘူး"

"ခင်ဗျားက မကြောက်လို့ ဝင်လာတာပေါ့"

လျှိုရီးရီးက ....

"ရှင့်ရဲ့ ဝတ်စားထားပုံကြည့်ရတာ သူများနဲ့ ထူးခြားနေပါ တယ်၊ ရှင့်မှာ အားထားလောက်တဲ့ သိုင်းပညာ တတ်ကျွမ်းထားလို့ ကျွန်မတို့ကို မကြောက်တာလား"

သံချပ်ဝတ်စုံနှင့် မိန်းကလေးက ခက်ထန်စွာ ပြော၏။

"တော်ပါတော့ အပိုတွေပြောမနေနဲ့"

လျှိုရီးရီးက ...

"ကျွန်မတို့က ဖြစ်ရပ်မှန်ကို သိချင်လို့ ပြောတာပါ"

ထန်ခြုံက ...

"ရီးရီး သူ့ကို ဂရုမစိုက်နဲ့"

လျှိုရီးရီးက ...



"အို ..ဘာဖြစ်ဖြစ် သေသေချာချာမေးတာ ကောင်းတာပေါ့"

သံချပ်ဝတ်စုံနှင့် မိန်းကလေးက ....

"မင်းလက်ထဲက ဖိုးချည်ပိတ်စက ထင်ရှားနေပြီပဲကွ"

လျှိုရီးရီးက ...

"သြော် ... ဒါလား၊ ဒါ ကြူးချမ်ယူလာတာလေ"

"ငါသိတယ်၊ ကြူးချမ်က မင်းလက်အောက်က မဟုတ်လား။ ဒါကြောင့် ငါက ဒီကို လိုက်လာရတာပဲ"

လျှိုရီးရီးက ...

"အင်း ... ကြူးချမ် ..."

"အချိန်မဆွဲနဲ့တော့၊ အပြင်က မင်းတို့ လူသုံးယောက်စလုံး သေကုန်ပြီ၊ မင်းတို့လူကို အကူခေါ်ဖို့ အခွင့်အရေးမရှိတော့ဘူး"

လျှိုရီးရီး မျက်နှာပျက်သွားကာ ...

"ရှင်က ဘာကြောင့် သူတို့ကို သတ်ရတာလဲ"

"ကြူးချမ် ဘယ်မှာရှိတာ ပြောမပြတဲ့အတွက် သတ်ရတာပဲ"

လျှိုရီးရီးက ....

"သူတို့မှ မသိတဲ့ဟာ"

ထန်ခြုံက ရယ်မောရင်း ...

"သူတို့သိလည်း ပြောပြမှာမဟုတ်ပါဘူး၊ အဆိပ်ငါးမျိုးဂိုဏ်း သားတွေဟာ သစ္စာရှိတဲ့ ယောကျ်ားကောင်းတွေပဲကွ"

"သြော် ...ဟုတ်လား၊ ဒါဆို ကြူးချမ်ကော ဘယ်လိုလဲ၊ ဟား ... ဟား ... ဟား"

www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်း ထန်ခြုံ ငေးငိုင်သွား၏။

ထိုအခါ သံချပ်ဝတ်စုံနှင့်လူက ဒေါသသံဖြင့် ...

"ကြွေးချမ်ကို ခေါ်ထုတ်ခဲ့စမ်း၊ ငါ အချိန်ကုန်မခံနိုင်ဘူး"

လျှိုရီးရီးက ...

"ထွက်သွားပြီရှင့်၊ ကျွန်မတို့လည်း သူ့ကိုမေးဖို့ ရှာနေကြတာ"

"ဩော် ဟုတ်လား၊ ဒါဆို မင်းတို့လက်ထဲက ပိုးချည်ပိတ်စ ကရော ဘာသဘောလဲ"

လျှိုရီးရီးက ဖြေရှင်းချက်ပေးချင်သော်လည်း ထန်ခြုံက တားမြစ်လိုက်ပြီး ...

"ဒီလိုလူစားမျိုးကို ဖြေရှင်းချက်ပေးစရာမလိုဘူး၊ ငါတို့ ပိုင်နက်ထဲ ကျူးကျော်လာတဲ့အပြင် ငါတို့လူကိုလည်း သတ်သေးတယ်၊ ဒီကိစ္စနှစ်ခုကြောင့်ပဲ သူ့ကို ခွင့်မလွှတ်နိုင်ဘူး"

လျှိုရီးရီးက ...

"ဒါပေမဲ့ ဒီကိစ္စက ..."

ထန်ခြုံ ကြားဖြတ်ကာ ...

"ဒီကောင့်ကို ဖမ်းချုပ်ပြီးရင် ပြဿနာတွေလည်း ရှင်းကုန်မှာပေါ့"

ထိုအခါ သံချပ်ဝတ်စုံနှင့်လူက ရှေ့သို့ လျှောက်လှမ်းလိုက်၏။ ထန်ခြုံက လှမ်းကြည့်ကာ ...

"မင်းက ငါတို့ရဲ့ လက်နက်ပုန်းကို ကြောက်လို့ သံချပ်ဝတ်စုံ ဝတ်လာတာလား"



"မင်းရဲ့ လက်နက်ပုန်းက ငါ့ဝတ်စုံကို ဖောက်ထွင်းနိုင်မလား၊ မဖောက်ထွင်းနိုင်ရင်တော့ မင်းတို့ သေပြီသာမှတ်"

ထန်ခြုံက မခိုးမခန့် ရယ်မောကာ သူ့ဇနီးအား လှမ်းပြောလိုက်၏။

"မင်း ... ဘေးဖယ်နေ"

ရီးရီးက ခေါင်းညိတ်ကာ နောက်ဆုတ်လိုက်၏။ ထန်ခြုံ၏ သိုင်းပညာအရည်အချင်းကို သူမ ယုံကြည်ပါသည်။

မိမိဝင်ရောက်လျှင် ထန်ခြုံကိုသာ အနှောင့်အယှက်ပေးရာ ဖြစ်စေမည် မဟုတ်လော။

ထန်ခြုံသည် အပေါ်အင်္ကျီရှည်ကို ချွတ်လိုက်၏။ အထဲတွင် သိုင်းသမားဝတ်စုံအဆင်သင့် ဝတ်ဆင်လျက်ရှိပြီး ခါးကြားတွင် ကျားသစ်အရေခွံဖြင့် ပြုလုပ်ထားသော အိတ်တစ်လုံး ချိတ်ထား၏။

ရီးရီးက စားပွဲပေါ်ရှိ ကျားသစ်အရေခွံနှင့် အိတ်တစ်လုံးကို ယူကာ ထန်ခြုံအား ပစ်ပေးလိုက်၏။ ထိုအိတ်ကိုဖမ်းပြီး ခါလိုက်သောအခါ အိတ်လေး ဆယ့်နှစ်ခု ပေါ်ပေါက်လာ၏။

ထန်ခြုံသည် ထိုအိတ်များကို သူ့အင်္ကျီပေါ်တွင် ချိတ်ဆွဲလိုက်၏။ ထန်ခြုံက ထိုအိတ်ဆယ့်နှစ်လုံးကို နေရာတကျဖြစ်အောင် ရွှေ့လိုက်ပြီး လက်ဝါးနှစ်ဖက်ကိုလှန်ကာ ရှေ့တွင် ဆန့်တန်းထား၏။

သံချပ်ဝတ်စုံနှင့် မိန်းကလေးသည် အိမ်ခန်းထဲသို့ တလှမ်းချင်း လျှောက်ဝင်လာ၏။ မကြာမီ အိပ်ခန်းအလယ်သို့ ရောက်ရှိလာ၏။ ထန်ခြုံသည် အပြာရောင်သမ်းနေသော လက်နက်ပုန်းသုံးချောင်း

www.burmeseclassic.com

www.burmeseclassic.com



သံချပ်ဝတ်စုံနှင့်လူ၏ရင်ဘတ်ကို ပစ်ခတ်လိုက်၏။

'ထန် ... ထန် ... ထန်' ဟူသော အသံသုံးချက် ထွက်ပေါ်လာပြီး လက်နက်ပုန်းများ ကန်ထွက်သွားသည်။ သံချပ်ဝတ်စုံနှင့်လူက မရှောင်ဘဲ မတ်တပ်ရပ်လျက်ရှိသည်။

ထန်ခြုံသည် လက်ထဲမှ အဆိပ်အပ်ခုနစ်ချောင်းဖြင့် ရန်သူ၏မျက်စိကို ပစ်ခတ်တိုက်ခိုက်လိုက်၏။ သံချပ်ဝတ်စုံနှင့်လူသည် လက်တစ်ဖက်မကာ မျက်စိကို ကာကွယ်လိုက်၏။

အဆိပ်အပ်များသည် သူ့လက်ကိုထိပြီး ချော်ထွက်ကုန်၏။ တစ်ပြိုင်တည်းမှာပင် သူ၏ကိုယ်ကို လည်ပတ်ကာ ထန်ခြုံရှိရာသို့ ခုန်ဝင်လာ၏။

ထန်ခြုံသည် လေချွန်သံတစ်ချက်ပေးကာ စားပွဲနောက် ခုန်ဝင်ပြီး စားပွဲကို ရန်သူရှိရာသို့ ကန်ထုတ်လိုက်၏။ သံချပ်ဝတ်စုံနှင့် မိန်းကလေးက လက်သီးတစ်ဖက် ဝှေ့ယမ်းကာ ယူလိုက်သည်။

"ဗုန်း ..."

စားပွဲသည် သူ၏လက်သီးအောက်တွင် ကြေမွသွား၏။ ထိုစဉ်မှာပင် ထန်ခြုံ၏လက်နက်များက အစုလိုက်အပြုံလိုက်ဝင်ရောက်လာ၏။ သံချပ်ဝတ်စုံနှင့်လူက လက်ဝါးဖြင့် မျက်စိကို ကာကွယ်ထားသည်။ လက်နက်ပုန်းများသည် သူ့ကိုထိလျှင် အသီးသီး ဘေးသို့ ချော်ထွက်ကုန်သည်။

ထန်ခြုံသည် လေထဲသို့ခုန်တက်သွားပြီး ရန်သူအပေါ်သို့ ကျော်လွှားလိုက်သည်။ အဆိပ်အပ်ခြောက်ချောင်းဖြင့် သံချပ်



ဝတ်စုံနှင့် မိန်းကလေး၏ ခေါင်းနှစ်ဖက်သို့ ရိုက်ချလိုက်၏။ သို့သော် စိုက်ဝင်သွားခြင်းမရှိချေ။

သံချပ်ဝတ်စုံနှင့် မိန်းကလေးသည် ဘယ်ဘက်လက်ဖြင့် မျက်စိကို ကာရံလျက် ညာလက်သီး ဖြင့် ထန်ခြုံကို ဝှေ့ယမ်းလိုက်၏။

သို့သော် ထန်ခြုံက သူ့ကိုကျော်ကာ သူ၏နောက်ကျောဘက်ရောက်သွားပြီး လက်နက်ပုန်းဖြင့် တိုက်ခိုက်လိုက်၏။

လက်နက်ပုန်းများ ချော်ထွက်သွားစဉ် သံချပ်ဝတ်စုံနှင့် မိန်းကလေးသည် ရုတ်တရက် ရီးရီးရှိရာသို့ ပြေးဝင်လိုက်၏။ ရီးရီးက သတိမလစ်ပေ။ လက်နက်ပုန်းများဖြင့် ပစ်ခတ် ခုခံသည်။

သူမ၏ လက်နက်ပုန်းပညာကလည်း မခေလှပါ။ သို့သော် သံချပ်ဝတ်စုံနှင့်လူက ဂရုမစိုက်။ မျက်စိကို ကာကွယ်ရင်းဆက်လက်ဝင်ရောက်လာ၏။ ထန်ခြုံသည် စိတ်လောလာပြီး ရီးရီးအား အရေးတကြီး လှမ်းပြော၏။

"မင်း ပြတင်းပေါက်ကနေ ထွက်ပြေးတော့ မြန်မြန် ..."

ရီးရီးက ပြတင်းပေါက်ရှိရာသို့ ပြေးမည်အပြုတွင် သံချပ်ဝတ်စုံနှင့်လူက ဦးစွာ ရောက်ရှိလာပြီး လမ်းပိတ်ထားလိုက်သည်။

ရီးရီးသည် ကိုယ်တစ်ပတ်လည်ကာ တခြားပြတင်းပေါက်ရှိရာသို့ ခုန်ဝင်သွား၏။ တစ်ဖက်ကလည်း ရန်သူကို လက်နက်ပုန်းဖြင့် အစုလိုက်အပြုံလိုက် ပစ်ခတ်တိုက်ခိုက်လိုက်၏။

ထိုစဉ် ထန်ခြုံလည်း ရီးရီးထံသို့ ရောက်လာပြီး ရန်သူ၏ မျက်စိကို ပစ်ခတ်တိုက်ခိုက်လေသည်။ သံချပ်ဝတ်စုံနှင့်လူသည် ထို

www.burmeseclassic.com

www.burmeseclassic.com



လက်နက်ပုန်းကို လက်တစ်ဖက်ဖြင့် ကာကွယ်လိုက်ပြီး ညာလက်ကို ဆန့်ထုတ်လိုက်၏။

သူ့လက်ထဲမှ တစ်စုံတစ်ခုသောလက်နက် ပြေးထွက်သွား၏။ ရီးရီးက ဘေးရှိ ခုံတစ်လုံးဖြင့် ကာကွယ်လိုက်ရ၏။ လှံတိုသည် အရှိန်မသေသေးဘဲ ထရံထဲသို့ စိုက်ဝင်သွားတော့သည်။

သံချပ်ဝတ်စုံ မိန်းကလေးသည် သံချိတ်လှံတိုကို ပြန်ဆွဲသိမ်းလိုက်၏။ သံမဏိကြိုးဖြင့် ဆက်သွယ်ထားသဖြင့် ဤသို့ အလွယ်တကူ ပြန်ယူနိုင်ခြင်းဖြစ်သည်။ ထိုအခြင်းအရာကို တွေ့မြင်ရသော ထန်ခြုံသည် အလွန်တုန်လှုပ်ချောက်ချားသွားသည်။ သံချပ်ဝတ်စုံနှင့် မိန်းကလေးကို နောက်ထပ် မပစ်ခတ်နိုင်အောင် တစ်ရှိန်ထိုး တိုက်ခိုက်တော့သည်။

သို့သော် သံချပ်ဝတ်စုံနှင့်လူက သူ့ကို ဂရုမစိုက်ဘဲ ရီးရီးကိုသာ သဲကြီးမဲကြီး လိုက်လံတိုက်ခိုက်နေ၏။ ထန်ခြုံသည် စိတ်ပူလာကာ ပြတင်းပေါက်ပေါ်တင်ထားသော ပန်းအိုးဖြင့် သံချပ်ဝတ်စုံနှင့်လူ၏ ဦးခေါင်းကို ပစ်ပေါက်လိုက်တော့သည်။

"ဝုန်း ..."

သံချပ်ဝတ်စုံနှင့်လူသည် လှည့်လိုက်ပြီး ပန်းအိုးကို လက်ဖြင့် ထုချေလိုက်၏။ ပန်းအိုးသည် ကြေမွသွားသည်။ ပန်းအိုးကို ရိုက်ပြီးသည်နှင့်တစ်ပြိုင်နက် သူမက လက်ညှိုးအရှည်ခန့်ရှိသော သံချွန်လက်နက်ပုန်းကို ပစ်လွှတ်လိုက်၏။

အလွန်ပြင်းထန်သော အရှိန်အဟုန်ပါရှိသည်။ ထို့အပြင်



အကွာအဝေးသည် အလွန်နီးကပ်နေသဖြင့် ထန်ခြုံသည် မရှောင်နိုင်တော့ပေ။ 'ဒုတ် ... ဒုတ်' ဟူသော အသံနှင့်အတူ ထန်ခြုံ၏ ရင်ဘတ်ထဲသို့ စိုက်ဝင်သွားတော့၏။ ရင်ဘတ်မှ သွေးများ ပန်းထွက်လာ၏။

အင့်ခနဲအသံနှင့်အတူ ထန်ခြုံသည် နောက်သို့ ဆုတ်သွားပြီး ရင်ဘတ်ကို ဖိထားလိုက်၏။ ရီးရီးသည် လန့်ဖျပ်ကာ အော်ဟစ်ရင်း ထန်ခြုံရှိရာသို့ ခုန်ဝင်လာ၏။

သံချပ်ဝတ်စုံနှင့် မိန်းက လေးက ရီးရီးကို လုံးဝဂရုမစိုက်ဘဲ ထန်ခြုံကိုသာ စိုက်ကြည့်ကာ အေးစက်သောလေသံဖြင့် ပြော၏။

"သူ့ကို သတ်ဖို့ရည်ရွယ်ထားတယ်ဆိုတာ မင်းမသိဘူးလား"

ထန်ခြုံသည် ရင်ဘတ်မှနာကျင်မှုကြောင့် မျက်နှာရှုံ့မဲ့နေ၏။

"ရီးရီးကိုသတ်ချင်ရင် ငါ့ကို ပထမဦးဆုံး သတ်ရလိမ့်မယ်"

သံချပ်ဝတ်စုံနှင့်လူသည် အေးစက်မာကျောစွာ တဟားဟားရယ်မောကာ ညာလက်ဝါးကို လှန်လိုက်၏။ သူ၏လက်ကောက်ဝတ်အောက်မှနေ၍ လက်နက်ပုန်းနှစ်ခုသည် အရှိန်ပြင်းစွာ ထွက်လာသည်။ တစ်ပြိုင်တည်းမှာပင် ရီးရီးသည် ထန်ခြုံထံသို့ ခုန်ဝင်လာ၏။

ထန်ခြုံသည် လျင်မြန်စွာ လေထဲသို့ ခုန်တက်လိုက်ပြီး ငါးမျှ တစ်ကောင်ပမာ လေထဲပျံဝဲလျက် ရီးရီး၏ရှေ့၌ ကာကွယ်လိုက်၏။

ညာဘက်လက်ဖြင့် ရီးရီး၏ခန္ဓာကိုယ် ပြတင်းပေါက်ကို ကျော်၍ အပြင်သို့ ထွက်သွား၏။ ရီးရီးကို တွန်းထုတ်ပြီးသော ထန်ခြုံ၏ ညာဘက်လက်သည် အိတ်ထဲမှ အဖြူရောင်လက်နက်ပုန်း သယ်သုံးလုံးကို နှိုက်ယူလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



လျှင်မြန်သော အရှိန်ဖြင့် အဖြူရောင်လက်နက်ပုန်းတို့သည် သံချပ်ဝတ်စုံနှင့်လူကို ပစ်ခတ်လိုက်၏။ သံချပ်ဝတ်စုံနှင့်လူ၏ လက်နက်ပုန်းလည်း ထန်ခြို့ကိုယ်ခန္ဓာထဲသို့ စိုက်ဝင်သွား၏။

အင့်ခနဲအော်ကာ ထန်ခြို့၏ကိုယ်ခန္ဓာသည် နောက်သို့ လွင့်စဉ်သွား၏။ မြေပြင်ပေါ်သို့ ပြန်ကျလာသောအခါ ဝုန်းခနဲ ပစ်ကျသွားတော့၏။ ထန်ခြို့ပစ်လိုက်သော အဖြူရောင်လက်နက်ပုန်းသည် သံချပ်ဝတ်စုံနှင့် မိန်းကလေးကို ထိသွား၏။

ထိသွားသည်နှင့် တစ်ပြိုင်တည်း ပေါက်ကွဲကာ အရောင်ခုနစ်မျိုးရှိသော အငွေ့များ ထူထပ်စွာ ပေါ်ပေါက်လာလေ၏။ ထိုအရောင်ခုနစ်မျိုးရှိသော အငွေ့သည် အလွန်ထူထပ်သဖြင့် သံချပ်ဝတ်စုံနှင့်မိန်းကလေး၏တစ်ကိုယ်လုံးကို လွှမ်းခြုံသွားသည်။

သံချပ်ဝတ်စုံနှင့် မိန်းကလေးသည် ရုတ်တရက် လန့်သွားပြီး ပါးစပ်ဟကာ အော်ဟစ်မိ၏။ ထိုစဉ် ထန်ခြို့သည် ဒယီးဒယိုင် ထလာကာ ပြတင်းပေါက်ကို ကျော်လွှားမည်ပြု၏။

ထိုစဉ် သံချပ်ဝတ်စုံနှင့်မိန်းကလေးက သံချိတ်လှံတိုဖြင့် ပစ်ထည့်လိုက်၏။ လျှပ်တစ်ပြက် ပျံဝဲလာသော လှံတိုတစ်ချောင်း ထန်ခြို့က ခဲယဉ်းစွာ ရှောင်နိုင်သော်လည်း နောက်လှံတိုတစ်ချောင်းကိုတော့ မရှောင်နိုင်တော့ပါ။

သံချိတ်လှံတိုသည် သူ၏နောက်ကျောထဲသို့ စိုက်ဝင်သွားကာ သူ၏ကိုယ်ခန္ဓာသည် ပြတင်းပေါက်အပြင်သို့ လွင့်စဉ်ထွက်သွား၏။

ရီးရီး၏ ထိတ်လန့်အော်သံသည် ပြတင်းပေါက်အပြင်မှ



ပေါ်ပေါက်လာပြီး ခရာသံများလည်း ရုတ်တရက်အဆက်မပြတ် ပေါ်ပေါက်လာ၏။

အိပ်ခန်းထဲမှ သံချပ်ဝတ်စုံနှင့်မိန်းကလေးသည် တံခါးပေါက်မှ မထွက်ခွာတော့ဘဲ နံရံကိုဖောက်ကာ ထွက်လာ၏။ အရောင်ခုနစ်မျိုးပါသော အခိုးအငွေ့များက သူ့နားမှ ပျောက်ကွယ်ခြင်းမရှိဘဲ သံလိုက်ပမာ ထက်ကြပ်မကွာ ကပ်ပါလာ၏။ ရုတ်တရက်ကြည့်လျှင် အရောင်ခုနစ်မျိုး ထွက်နေသော ကြောက်မက်ဖွယ်ရာ သဲထွာဝါဆန်းနှင့် တူလှပါ၏။ အိမ်ခန်းအပြင်သို့ ရောက်သော် အိမ်နောက်ဖေးရှိ ချောက်ကမ်းပါးတစ်ခုသို့ လျင်မြန်စွာ ချဉ်းကပ်သွား၏။

ထိုအချိန်မှာပင် ဂူတုမင်တောင်ကြားတစ်ခုလုံးသည် မီးရောင်များဖြင့် ထိန်ထိန် လင်းလာတော့၏။

မီးရောင်များအောက်တွင် ခရာသံများ ဆူညံနေသည်။ ထိုမီးရောင်များသည် ထန်ခြို့၏အိမ်သို့ ပြေးလွှားနေကြသည်။

ချောက်ကမ်းပါးအောက် ရောက်သော် သံချပ်ဝတ်စုံနှင့် မိန်းကလေးသည် ချောက်ကမ်းပါးပေါ်သို့ သံမဏိကြိုးပါသော သံချိတ်လှံတိုဖြင့် ပစ်လိုက်၏။ သံမဏိကြိုးကို အားပြုကာ ချောက်ကမ်းပါးပေါ် တက်သွား၏။ ဤသို့ဖြင့် သံချိတ်လှံတိုနှင့် သံမဏိကြိုးလေးခုကို အသုံးပြုကာ ချောက်ကမ်းပါးပေါ်သို့ တက်ရောက်သွား၏။

သံချပ်ဝတ်စုံနှင့် မိန်းကလေးမှာ တွက်ကိန်းမှားသွား၏။ ချောက်ကမ်းပါးပေါ် တက်ပြေးနိုင်လျှင် အဆိပ်ငွေ့များ လက်မှ လွတ်မည်ဟုထင်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ထခုမှု ... သူမ ထင်သကဲ့သို့ မဟုတ်ပေ။

ချောက်ကမ်းပါးထိပ်၌လည်း အဆိပ်ဂိုဏ်းသားများ ရှိနေသည်။

မီးပုံးကိုင်ထားသော ဂိုဏ်းသားတစ်ယောက်က သံချပ်ဝတ်စုံနှင့်မိန်းကလေး၏ကိုယ်ပေါ်တွင် လွှမ်းခြုံထားသော အရောင်ခုနစ်မျိုးရှိသော အခိုးအငွေ့ကို တွေ့ရသည်နှင့် မျက်နှာအကြီးအကျယ်ပျက်သွားကာ ထိတ်လန့်တကြား အော်မိ၏။

"ချိုကျဲကြွေဟွန်စန်"

သူ၏အော်ဟစ်သံဆုံးသော် သူလည်း ယိမ်းယိုင်ကာ မြေပြင်ပေါ်သို့ ပျော့ခွေသွား၏။

သူသည် သံချပ်ဝတ်စုံနှင့် မိန်းကလေး၏ လေကြောအရပ်၌ ရပ်နေမိသောကြောင့် အဆိပ်ငွေ့ရှူမိပြီး သေဆုံးသွားရရှာသည်။

သူ၏မီးပုံးသည် လက်ထဲမှ လွတ်ကျသွားပြီး မီးပုံးမှ မီးရောင်ဖြင့် သံချပ်ဝတ်စုံနှင့်လူ ရပ်နေသောနေရာကို လင်းထိန်စွာ မြင်တွေ့နိုင်၏။ သူရပ်နေသောနေရာတွင်ရှိ မြက်ပင်များက ခြောက်သွေ့ကာ ဝါကျင့်ကျင့်အရောင်သို့ ပြောင်းလဲသွားသည်ကိုတွေ့ရ၏။

ကျန်ရှိသေးသော ဂိုဏ်းသားများမှာ ချိုကျဲကြွေဟွန်စန်ဟု ကြားလိုက်ရသည်နှင့် သံချပ်ဝတ်စုံနှင့်လူထံသို့ မချဉ်းကပ်ဝံ့တော့ချေ။

သံချပ်ဝတ်စုံနှင့်လူက သူတို့ကို ဂရုမစိုက်နိုင်ဘဲ မှောင်ပိန်းနေသော တောအုပ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားတော့သည်။

☆



ဝူတုမင်တောင်ကြားတစ်ခုလုံး နေ့လယ်နေ့ခင်းပမာ ထိန်လင်းလျက်ရှိနေ၏။ မီးပုံးသုံးဆယ့်ခြောက်လုံးပါသော မီးပုံးတန်း နှစ်တန်းတို့ ဘယ်ညာတစ်ဖက်တစ်ချက်စီ ထွန်းလျက် ထန်ဆယ်ချီသည် တောင်ကြားအတွင်းပိုင်းမှ ထွက်ပေါ်လာ၏။

သူသည် တစ်ကိုယ်လုံး အနက်ရောင်အင်္ကျီဝတ်ဆင်လျက် မျက်နှာပေါ်တွင် အဝတ်တစ်ခုဖြင့် ဖုံးအုပ်ထားသည်ကို တွေ့ရ၏။

မီးပုံးသုံးဆယ့်ခြောက်လုံး ကိုင်ဆောင်ထားသောသူများမှာ သက်လတ်ပိုင်းရှိ သိုင်းသမားများဖြစ်ပြီး အင်္ကျီနက် ကိုယ်စီဝတ်ကာ ထန်ဆယ်ချီကို ဝိုင်းဝန်းခြံရံလျက် ထန်ခြံ၏အိမ်ဆောင်ဘက်သို့ လျှောက်လာနေကြ၏။ သူတို့၏ လှုပ်ရှားမှုက ညီညာလှ၏။

အဝတ်နက်ကြောင့် ထန်ဆယ်ချီ၏မျက်နှာကို မမြင်ရသော်လည်း သူ၏ တောက်ပအေးစက်သော မျက်လုံးတစ်စုံကို တွေ့ရ၏။

ထန်ဆယ်ချီ၏ မျက်လုံးထဲတွင် ရက်စက်ကြမ်းကြုတ်သော အရောင်ဖြင့် တဖိတ်ဖိတ် တောက်ပလျက်ရှိ၏။

ရိုးရိုးသည် မျက်ရည်တသွင်သွင်စီးကျလျက် ထန်မြို၏ ကိုယ်ခန္ဓာကို တင်းကျပ်စွာပွေ့ဖက်ထား၏။

သူမ၏ဘေးပတ်ပတ်လည်တွင် အဆိပ်ငါးမျိုးဂိုဏ်းသားများက ဝိုင်းရံလျက် ရှိပြီး မည်သူမျှ အသံမထွက်ဘဲ တိတ်ဆိတ်နေ၏။

မကြာမီ ဝိုင်းအုံနေသော ဂိုဏ်းသားများက တစ်ဖက်တစ်ချက်ကို ခွဲခြမ်းသွားကာ ဖယ်ရှားပေးလိုက်ကြ၏။ လင်းထိန်သော မီးပုံးနှစ်တန်းကြားမှ အဆိပ်ဘုရင်သည် လူအုပ်ကိုဖြတ်ဝင်လာ၏။

ထန်မြိုနှင့် လျှိုရိုးရိုးအနားကို လျှောက်လာပြီး ငုံ့ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရိုးရိုး၏ ရင်ခွင်ထဲမှ ထန်ခြူက သေဆုံးနေချေပြီ။

လျှိုရိုးရိုးက ယောက္ခမဖြစ်သူကို တွေ့ရသောအခါ ထန်ခြူ၏ ရုပ်အလောင်းကို ပွေ့ပြ၏။

"ကြည့်ပါဦး ဖေဖေရယ်"

"ဘယ်သူ့လက်ချက်လဲ"

ထန်ဆယ်ချိုက မေးလိုက်သည်။ သူ၏လေသံက ပကတိ တည်ငြိမ်အေးဆေးနေ၏။ သေဆုံးသူသည် သူ၏ တစ်ဦးတည်းသော သား မဟုတ်သလိုပင်။

"သံချပ်ဝတ်စုံနဲ့ လူတစ်ယောက်ပါ ဖေဖေ"

"သံချပ်လူ ..."

အံ့ဩသောလေသံနှင့် ထန်ဆယ်ချိုက ရေရွတ်နေ၏။

"လူသတ်သမားဟာ တစ်ကိုယ်လုံး သံချပ်ဝတ်စုံ ဝတ်ထားပြီး အင်္ကျီရုပ်ကို သေချာမတွေ့နိုင်ဘူးရှင့်၊ ဒါပေမဲ့ သူ့ရဲ့အသံက အမျိုးသမီးတစ်ယောက်ရဲ့ အသံပဲ ဖေဖေ"

ရိုးရိုးက ရှင်းပြ၏။

"ငါ့သားကို သူက ဘာကြောင့်သတ်ရတာလဲ"

ရိုရိုးက မြေပြင်ပေါ်တွင် ကျကျန်ရစ်နေသော ပိုးချည်ပိတ်စ လူသတ်စာရင်းကို ထိုးပြကာ ...

"သူ့အဆိုအရတော့ ဒီပစ္စည်းကြောင့် လူသတ်ရတာပဲလို့ ပြောသွားပါတယ်"

ထန်ဆယ်ချိုက ပိုးချည်ကို ကောက်ယူလိုက်ပြီး ကြည့်၏။

"ဒါက လူသတ်စာရင်းတစ်ခုပဲ"



"ဟုတ်ကဲ့ ... ကျွန်မတို့လည်း အဲဒီလိုပဲ ယူဆထားပါတယ်"

"ငါ့သားက ဒီကိစ္စထဲမှာ ဝင်ရှုပ်ထားသလား မသိဘူး"

"မဟုတ်ဘူးထင်တယ်၊ ထန်ခြူ ဒီကိစ္စမျိုး မလုပ်ပါဘူးရှင်"

"အေး ... ငါ့သားအကြောင်း ငါသိပါတယ်"

သူသည် လူသတ်စာရင်းကို ကြည့်ပြီး ...

"စန်ကွန်းဆွေ၊ လီကွန်းယန်တို့ဟာ သေကုန်ပြီ ထင်ပါရဲ့၊ လုံဖေးကျတော့ မသေသေးဘူး ထင်တယ်"

"ဖြစ်နိုင်ပါတယ်ဖေဖေ၊ ကျွန်မတို့အထင်တော့ လုံဖေးလို့ ဆိုတဲ့လူဟာ သိုင်းလောကထဲမှာ ယိကုရှောင်ဟွန်းလို့ နာမည်ကြီးတဲ့ သိုင်းသမားတစ်ယောက် ဖြစ်လိမ့်မယ်၊ ထိုင့်ဖိန်အန့်ဝမ် ရာထူးရထားတဲ့ လုံဖေးပဲဖြစ်မယ်လို့ ထင်တယ်ရှင့်၊ ထန်ခြူကလည်း ဒီလိုပဲ ပြောခဲ့ပါတယ်"

ထန်ဆယ်ချိုက ...

"အခု လာလုပ်ကြံတဲ့လူက ဘယ်သူ့လူလဲ၊ လုံဖေးကများ ခိုင်းလိုက်တာလား"

လျှိုရိုးရိုးက ခေါင်းခါ၏။

"လုံဖေးဟာ ကျွန်မတို့အဖွဲ့အစည်းနဲ့ ရန်ငြိုးမရှိပါဘူး။ အဆက်အသွယ်လည်း မရှိပါဘူး။ သူသား တကယ်အသတ်ခံရတာတောင် ကျွန်မတို့နဲ့ မဆိုင်ဘူးဆိုတာ သူတို့ သိဖို့ကောင်းတယ်"

"ဒါလောက်တော့ သူတို့ စဉ်းစားမိမှာပေါ့၊ နို့မို့ရင်သူက ဒီရာထူးကို ဘယ်လို ဆက်ခံနိုင်မှာလဲ"

သူသည် လက်အောက်ငယ်သားတစ်ယောက်အား လှည့်၍

www.burmeseclassic.com

www.burmeseclassic.com



အမိန့်ပေးလိုက်၏။

"လူနှစ်ယောက်လွှတ်ပြီး မြို့တော်မှာ သွားစုံစမ်းခိုင်းစမ်း၊ နေ့ကွန်းဆွေနဲ့ လီကွန်းယန်ကို ဘယ်သူသတ်သလဲ၊ ကြူးချမ် ဘယ်သူနဲ့ အဆက်အသွယ်ရှိသလဲ စုံစမ်းခဲ့လို့ အမိန့်ပေးလိုက်"

လက်အောက်ငယ်သားနှစ်ယောက် အဆိပ်ဘုရင်ကို အရိုအသေပေးပြီး ထွက်ခွာသွား၏။ ထန်ဆယ်ချီက အခြားလက်အောက်နှစ်ယောက်ကို ...

"ကြူးချမ်ကို အမြန်ဆုံးလိုက်ရှာစမ်း"

ထိုအခါ ရီးရီးက ...

"ဖေဖေ ... ဟို သံချပ်လူသတ်သမားက ထန်မြို့ရဲ့ ချိုကျဲကြွေ ပွန်စန် အဆိပ်ပြင်းထိသွားခဲ့တယ်ရှင့်"

"သေချာရဲ့လား"

"သေချာပါတယ်၊ ဒါကြောင့် သူက ကျွန်မကိုသတ်ဖို့ မကြိုးစားဘဲ ထွက်ပြေးသွားတာပါ"

"ကောင်းတယ်၊ သူ ဘယ်ဘက်ဦးတည်ပြီး ပြေးထွက်သွားတာလဲ"

ရီးရီးက ခေါင်းမော့ကာ ...

"ဟိုဘက်ချောက်ကမ်းပါးပေါ် ပြေးသွားတယ်လေ ဖေဖေ"

ထန်ဆယ်ချီသည် အေးစက်မာကျောသောလေသံဖြင့် ရယ်မောရင်း ...

"သူ့အတွင်းအား ဘယ်လောက်နက်ရှိုင်းပေမယ့် ချိုကျဲကြွေပွန်စန်အဆိပ်ကို ရှူမိရင်တော့ ဝေးဝေးကို ထွက်ပြေးနိုင်မှာ မဟုတ်ဘူး ... ဟေး ... ဟေး ...ဟေး"



ဟုဆိုပြီး လက်မြှောက်လိုက်ကာ ဝိဇ္ဇာသားများကို အချက်ပြလိုက်၏။ အဆိပ်ငါးမျိုးဂိုဏ်းသားတို့သည် လူဖြန့်ကာ သံချပ်ဝတ်စုံနှင့်လူကို ပိုက်စိပ်တိုက်ကာ ရှာဖွေကြတော့သည်။

အတန်ငယ်ကြာမှ ရီးရီးက ထန်ဆယ်ချီအား ပြော၏။

"ဖေဖေ မြို့တော်သတင်းအလာကို မစောင့်တော့ဘူးလား"

"လူသတ်တရားခံကိုမိရင် အားလုံးရှင်းပြီပေါ့"

"အဲဒီလူကို ကျွန်မလက်ထဲ အပ်ပါဖေဖေ၊ သူသေချင်ပေမယ့် မသေရအောင်၊ နေချင်ပေမယ့် မနေရဲအောင် ကျွန်မ လုပ်မယ်"

ရီးရီးက တောင်းပန်လိုက်၏။ ထန်ဆယ်ချီက ခေါင်းညိတ်၏။

"ဒီလူသတ်သမားကိုမိရင် သမီးတစ်ယောက်တည်း မသတ်ရဘူး၊ အားလုံး ဝိုင်းသတ်ရမယ်၊ ရက်တစ်ရာကြာမှ သေစေရမယ်"

"ဒီကလဲ့စား မချေနိုင်သရွေ့ သမီး ငွေတုမင်ကို လုံးဝမပြန်ဘူးလို့ သစ္စာပြုပါတယ်"

ထန်ဆယ်ချီ အံ့သြသွား၏။

"မင်း တကယ်ဆုံးဖြတ်ပြီးပြီလား သမီး"

ရီးရီးက ခေါင်းညိတ်လိုက်၏။

ရင်ခွင်ထဲမှ ထန်မြို့၏အလောင်းကို လက်လွှတ်လိုက်၏။

ထန်ဆယ်ချီက ချွေးမကိုကြည့်ပြီး ကြင်နာယုယစွာပြောလေသည်။

"ဒီကနေ့ကစပြီး သမီးက ဖေဖေ့နားမှာ တစ်ဖဝါးမခွာ လိုက်ပါလာရမယ်၊ ဒီသွေးကြွေးကို ကလဲ့စားချေပြီးတဲ့ အချိန်ထိပေါ့ ...

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား"

ဒိုးရိုးသည် အလွန်အံ့သြသွားကာ ...

"ဖေဖေလည်း ဒီတောင်ကြားကို စွန့်ခွာတော့မလို့လား"

"ငါက ဒီတောင်ကြားကို မစွန့်ခွာတော့ဘူးလို့ ပြောကြားခဲ့ဖူးပါတယ်၊ ဒါပေမဲ့ အခု ငါ့ရဲ့တစ်ဦးတည်းသောသားက ဆုံးသွားပြီ၊ ဒီသွေးကြွေးကို မဆပ်ရရင် ငါ ဘယ်လိုလုပ် အသေဖြောင့်မှာလဲ"

စကားဆုံးသောအခါ သူသည် ခေါင်းကိုမော့ကာ ဟက်ဟက်ပက်ပက် ရယ်မောတော့သည်။ တကယ်တော့ ငိုသံပါကြီးဖြင့် ရယ်မောခြင်းသာ ဖြစ်ပါလေ၏။

မီးပုံး သုံးဆယ့်ခြောက်လုံး ခြံရံလျက် ထန်ဆယ်ချိုသည် တောင်ကြား၏ အဝင်ဝသို့ ထွက်ခွာသွားတော့သည်။ တစ်ချိန်တည်းမှာပင် သူ၏အကျီလက်ထဲမှ အစိမ်းရောင်မီးတောက်တစ်လုံး ပေါ်ထွက်လာပြီး ထန်ခြံ၏ရုပ်အလောင်းပေါ် ကျလာသည်။

အလောင်းကိုထိသော် မီးတောက်များအဖြစ် တောက်လောင်သွား၏။ တစ်ခဏအတွင်းမှာ အစိမ်းရောင်မီးတောက်သည် ရုပ်အလောင်းတစ်ခုလုံးကို ရစ်ပတ်လောင်ကျွမ်းသွားတော့၏။

လောင်ကျွမ်းနေသော ခင်ပွန်း၏ရုပ်အလောင်းကိုကြည့်ကာ ရီးရီးသည် ဝမ်းနည်းစွာ ငိုကြွေးမိ၏။

ထို့နောက် မီးပုံးသုံးဆယ့်ခြောက်လုံးသည် သူတို့နှစ်ယောက်ကို ခြံရံလျက် ထွက်ခွာသွားတော့သည်။

*ပထမပိုင်း ပြီး၏။*

*ဒုတိယပိုင်း ဆက်လက်ဖတ်ရှုပါရန်။*

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

## အချစ်ကျေးကျွန် သိုင်းကျေးကျွန်

ဒုတိယပိုင်း

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၆ )
## သစ္စာရှိသော အဘိုးအို

အဆိပ်ဂိုဏ်းသားများသည် မီးပုံးကိုယ်စီဖြင့် သံချပ်ဝတ်စုံနှင့်လူကို ပိုက်စိပ်တိုက်ရှာဖွေနေကြ၏။

သူတို့၏လူအင်အားသည် အလွန်များပြားသော်လည်း ထိုတောအုပ်နှင့်ယှဉ်လိုက်လျှင် မပြောပလောက်အောင် နည်းပါးချေ၏။

မြို့တော်သို့ သတင်းစုံစမ်းရန် ထွက်ခွာလာသော အဆိပ်ဂိုဏ်းသားနှစ်ယောက်သည် လမ်းပေါ်တွင် ကြူးချမ်၏ရုပ်အလောင်းကို တွေ့ရှိရ၏။

သူတို့ကို အချက်ပြ မီးပန်းလွှတ်ကာ အချက်ပေးလိုက်ပြီး ဆက်လက်၍ ခရီးနှင်လာ၏။ ခရီးတစ်လျှောက်လုံးတွင် မည်သည့်လူကိုမျှ မတွေ့ရတော့ချေ။

လက်အောက်ငယ်သားများက ပေးပို့သောအချက်ပြမှုကို ကြည့်ပြီး ထန်ဆယ်ချိုသည် ကြူးချမ်ထံ ရောက်ရှိလာ၏။

အလောင်းမှတစ်ပါး မည်သည့်သဲလွန်စမှ မတွေ့ရှိသော အဆိပ်ဘုရင် ခေါင်းခါလိုက်၏။ အဆိပ်ဂိုဏ်းသားများအား —

"အလောင်းပဲတွေ့ရတယ်၊ ဘာမှမတွေ့ရဘူး သံချပ်ဝတ်စုံလူကိုပဲ တွေ့အောင်ရှာကြစမ်း"

www.burmeseclassic.com

www.burmeseclassic.com



အဆိပ်ဘုရင်၏ တွက်ဆချက်အရ ချိုကျဲကြေွှပွန်စန် အဆိပ်သင့်သော သံချပ်ဝတ်စုံနှင့်လူသည် ပြင်းပြင်းထန်ထန် လှုပ်ရှားမှုများ မပြုလုပ်နိုင်ချေ။ ထို့ကြောင့် အဝေးသို့ ထွက်မပြေးနိုင်ဘဲ အနီးအနား တစ်ဝိုက် တွင်သာရှိမည်ဟု ယူဆကြ၏။

သို့သော် ပတ်ဝန်းကျင်တစ်ခုလုံး သစ်ရွက်ထူထပ်သော တောအုပ်ကြီးဖြစ်နေသောကြောင့် အကြိုအကြားတွင် ပုန်းအောင်းနေသော လူတစ်ယောက်ကို ရှာဖွေရန် အလွန်ခဲယဉ်းလှပေ၏။

ထန်ဆယ်ချို၏ အမိန့်အတိုင်း ဝိုဏ်းသားအပေါင်းတို့သည် မီးပုံးကိုယ်စီကိုင်လျက် တစ်ယောက်နှင့်တစ်ယောက်ကပ်၍ အရှေ့သို့ ရွေ့လျားကာ ရှာဖွေနေကြ၏။

ရှေ့တွင်ဦးဆောင်ကာ ထန်ဆယ်ချိုနှင့် ရီးရီးတို့သည် သံချပ်ဝတ်စုံ ရောက်ရှိနိုင်သော အကွာအဝေးကို တွက်ချက်ကြသည်။

“သံချပ်လူဟာ ချိုကျဲကြေွှပွန်စန်အဆိပ်ကို ရှူမိခဲ့ရင် တို့က ဒီနေရာမှာ စောင့်နေဖို့ အသင့်တော်ဆုံးပဲ”

ထန်ဆယ်ချိုက ရီးရီးကို ရှင်းပြလေ၏။

“သံချပ်ဝတ်စုံ ဝတ်ဆင်ထားပေမယ့် သူရဲ့လှုပ်ရှားမှုဟာ အင်မတန်လျင်မြန်ဖျတ်လတ်ပါတယ် ဖေဖေ၊ ဒါကြောင့် ဒီလူဟာ အလွန်နက်ရှိုင်းတဲ့ အဆင့်မြင့်သိုင်းသမားတစ်ယောက်လည်း ဖြစ်လိမ့်မယ်လို့ ယူဆပါတယ်”

ရီးရီးက သူမ၏ယောကျ်ားကို ရှင်းပြသည်။

“သူ့အတွင်းအား ဘယ်လောက်ကောင်းကောင်း ဒီအနီးအနားတစ်ဝိုက်ထိသာ ရောက်ရှိနိုင်စွမ်းပဲ ရှိမယ်၊ ဒီထက်ကျော်ပြီး



ဝေးအောင် သူ မပြေးနိုင်ဘူး”

ထန်ဆယ်ချိုစကားကြောင့် ရီးရီး နှုတ်ဆိတ်သွားရလေသည်။

အဆိပ်ဘုရင် ထန်ဆယ်ချို၏ တွက်ဆချက်က လုံးဝ မှန်ကန်နေပါ၏။ သံချပ်ဝတ်စုံနှင့်လူသည် သူတို့၏အရှေ့ဘက်တွင် မရောက်ရှိသေးဘဲ သူတို့၏နောက်တွင် ကျန်နေခဲ့ပါ၏။

သံချပ်ဝတ်စုံနှင့်လူသည် ထန်ဆယ်ချိုနှင့် ရီးရီးတို့ဖြတ်ကျော်သွားသည်ကို တွေ့မြင်ခဲ့ရပါသည်။ သို့သော် သူမကို သူတို့က မတွေ့ပေ။ မည်သည့်အဆိပ်ဂိုဏ်းသားမျှ သူမအား မတွေ့ဘဲရှိခဲ့သည်။

သူမသည် တကယ်စိုးရိမ်စရာ ကောင်းနေ၏။ အဘယ်ကြောင့်ဆိုသော် မူးဝေသောဝေဒနာတစ်ခုသည် ရေလှိုင်းပမာ တစ်ချက်ပြီးတစ်ချက် သူမအား ရိုက်ခတ်နေသောကြောင့်တည်း။

အဆိပ်ဘုရင်တို့လူစု ထိုသစ်ပင်အောက်မှ ကျော်ဖြတ်သွားသောအခါ သူမသည် လက်တစ်ဖက်ဖြင့် နှာခေါင်းအောက်ရှိ သံပြားတစ်ချပ်ကို လှန်လိုက်၏။ ခါးကြားထဲရှိ ကြေွပုလင်းတစ်လုံး နှိုက်ယူပြီး အထဲမှ အစိမ်းရောင်ဆေးလုံးတစ်လုံး ထုတ်ကာ ပါးစပ်ထဲ ပစ်ထည့်လိုက်ပြီး သံပြားကို ပြန်ပိတ်လိုက်၏။ ထိုဆေးလုံးကို မျိုချလိုက်သောအခါ မူးဝေသောဝေဒနာသည် အနည်းငယ်သက်သာရာ ရတော့၏။ သို့သော် သူမ တမ်းသာခြင်းမရှိချေ။

အကြောင်းမှာ ဤဆေးလုံးသည် တတိယအကြိမ် သောက်သုံးခဲ့သောဆေးလုံး ဖြစ်နေသောကြောင့်တည်း။

☆

ထိုဆေးလုံးသည် ဗိလင်ခွမ်ဟုခေါ်သော အဆိပ်ဖြေဆေး

www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးဖြစ်သည်။ ထိုဖြေဆေးသည် အဆိပ်ပေါင်းစုံကို ဖြေနိုင်စွမ်းရှိသည်မှာ အကြိမ်ကြိမ် သက်သေပြခဲ့ပြီးဖြစ်၏။

သူမသည် ယုံကြည်ချက်ပြည့်ဝစွာ သစ်တောအုပ်ထဲရောက်သည်နှင့် ထိုဖြေဆေးကို မှီဝဲသုံးဆောင်လိုက်၏။ ပါးစပ်ထဲ ရောက်သည်နှင့်အဆိပ်မဖြေနိုင်မှန်း သူမ နားလည်သွားသည်။

မည်မျှပြင်းထန်သောအဆိပ်ကိုမဆို ဖြေဆေးက ဖြေနိုင်စွမ်း ရှိ၏။ ပြီးမှ အဆိပ်ကို သူမက အတွင်းအားဖြင့် အပြင်ရောက်အောင် ညှစ်ထုတ်ရ၏။

ယခုတစ်ကြိမ်တွင် ပါးစပ်ထဲကို ဖြေဆေးလုံးထည့်လိုက်သောအခါ ပူလောင်သောအရသာကို ခံစားလိုက်ရ၏။

သူမ၏တစ်ကိုယ်လုံးတွင် မီးတောက်များဖြင့် တောက်လောင်နေသလို ခံစားနေရ၏။ မူးဝေသောဝေဒနာသည် လုံးဝမပျောက်ဘဲ အနည်းငယ် သက်သာရုံမျှသာရှိ၏။

ထို့ကြောင့် သူမသည် နောက်ထပ်ဆေးလုံးနှစ်လုံး မျိုကာ အတွင်းအားဖြင့် တစ်ကိုယ်လုံးပျံ့နှံ့သွားအောင် စွမ်းဆောင်လိုက်သည်။ သို့သော် ဆေးလုံးများ၏ အာနိသင်က လုံးဝမပြခဲ့ပါချေ။

ပိုလင်ခွမ်အဆိပ်ဖြေဆေး၏ တန်ခိုးအာနိသင်ကို သူမ ကောင်းကောင်းသိသည်။

ထို့ကြောင့် သူမ လွန်စွာ ထိတ်လန့်တုန်လှုပ်သွားပါသည်။

အကယ်၍သာ သူမသည် အဆိပ်မသင့်ခဲ့လျှင် ကိုယ်လွတ်ရုန်းရန် မခက်ခဲပေ။ သို့သော် ယခုတော့ သူမသည် တစ်ကိုယ်လုံး ပျော့ခွေမဘတ် ချည့်နဲ့နေပြီး ဆေးရှိန်ပြယ်သွားသောအခါ ပို၍ မူးဝေ



လာသည်ဟု ခံစားရ၏။

ချိုကျဲကြွေဟွန်စန်အဆိပ်၏ ပြင်းထန်ပုံကို ကိုယ်တိုင်ခံစားရသောအခါ ပို၍ ကြောက်ရွံ့လာ၏။ ပိုလင်ခွမ်ဆေးသည် အနည်းငယ်သက်သာအောင်တော့ စွမ်းဆောင်နိုင်သည်။

ထိုဆေးကုန်လျှင် ဒုက္ခဟု သူမ တွေးနေသည်။

ဤတောအုပ်ကြီးသည် မည်မျှကျယ်ပြန့်သည်ကို သူမ သိပါသည်။ ထိုတောအုပ်ကို ကျော်နိုင်သည်ထားဦး နောက်ထပ် အလွန်ဝေးကွာသော ခရီးတစ်ခု ထပ်နှင်ရဦးမည် မဟုတ်လော။ ယခု ကြွေဗူလင်းထဲတွင် ဆေးလုံးခုနစ်လုံးသာ ကျန်တော့သည်။ နောက်ထပ်မည်မျှကြာအောင် အချိန်ဆွဲနိုင်မည်နည်း။

ထွက်ပြေးလွတ်မြောက်လည်း သေမှာမလွဲ၊ မပြေးလည်း သေမှာမလွဲ ဖြစ်နေသောကြောင့် မထူးသည့်အဆုံး ရင်ဆိုင်တိုက်ခိုက်ရတော့မည်။ သို့သော် ရင်ဆိုင်တိုက်ခိုက်ရန် ဆုံးဖြတ်ချက်ကို သူမ မချရဲအောင် ဖြစ်နေ၏။ ဤတစ်ကြိမ်သည် သေမင်းနှင့် ကြုံတွေ့ရသော ပထမဦးဆုံးအကြိမ်လည်း ဖြစ်ပါသည်။

ထို့ကြောင့် သူမ ယတိပြတ် စိတ်မဆုံးဖြတ်နိုင်ခြင်း ဖြစ်သည်။ လောကကြီးတွင် သေဆုံးမည်ကို မကြောက်သောလူသား ဘယ်မှာရှိပါအံ့နည်း။

မည်မျှ ကြာညောင်းခဲ့သည်မသိ။ အဆိပ်ဂိုဏ်းသားအားလုံးတို့သည် တဖြည်းဖြည်း ထန်ဆယ်ချီတို့ရှိရာသို့ နီးကပ်လာခဲ့၏။

☆

ရီးရီးသည် ထိုလူများကိုကြည့်ကာ သက်ပြင်းချမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"အခုထိ သူ့ကို မတွေ့ကြသေးဘူးလား"

"စိတ်မပူပါနဲ့ သမီးရာ၊ တို့မှာရှိတာက အချိန်ပါကွ"

ထန်ဆယ်ချိုက အားပေး၏။

သူ၏စကားဆုံးလျှင် စူးစူးရှားရှားအော်ဟစ်သော အသံတစ်သံ ပေါ်လာ၏။ ပြီးလျှင် နောက်တစ်ခါ ထပ်ပေါ်လာ၏။

အဆိပ်ဘုရင်သည် ထိုင်ရာမှ ထလိုက်၏။ အော်သံထွက်ပေါ်လာသောနေရာသို့ ပြေးထွက်သွားသည်။

ရှီးရှီးနှင့် လက်အောက်ငယ်သားများကလည်း လျင်မြန်စွာ ပြေးလိုက်သွားကြသည်။

တစ်ခဏအတွင်း ရှိရှိသမျှသော ဂိုဏ်းသားတို့သည် အသံထွက်ရာအရပ်သို့ ဝိုင်းရံလျက် စုဝေးလာကြသည်။ သစ်ခေါင်းထဲတွင် ပုန်းအောင်းနေသော သံချပ်ဝတ်စုံနှင့်လူသည် ထိုသူတို့၏ လှုပ်ရှားမှုကို တွေ့မြင်နေရ၏။

မိမိ၏အသက်ရှင်နိုင်ရန် လမ်းစရှိလာပြီဖြစ်၍ ပုလင်းထဲမှ အဆိပ်ဖြေဆေးနှစ်လုံးကိုထုတ်ကာ ပါးစပ်ထဲသို့ ပစ်သွင်းလိုက်၏။

ဆေးအာနိသင်တက်လာသောအခါ သူမသည် သစ်ခေါင်းထဲမှ အပြင်သို့ထွက်လိုက်၏။ စူးစူးရှားရှားနှင့် ငယ်သံပါအောင် အော်ဟစ်လိုက်သောအသံများ ဆက်တိုက်ပေါ်ထွက်လာပြန်သည်။ အော်ဟစ်သံနှင့်အတူ ဂိုဏ်းသားနှစ်ယောက် လဲကျသေဆုံးသွားကြသည်။

သူတို့၏လည်မျိုတွင် ပေါင်းလောင်းပေါက်ဖြစ်ကာ သွေးများ အဆက်မပြတ် ပန်းထွက်ကျလာ၏။ သူတို့ကို ထိုးလိုက်သော လက်နက်သည်ကား ဝါးစိမ်းတုတ်တစ်ချောင်းပင် ဖြစ်သည်။



အတွင်းအား အပြည့်သွင်းထားသော ဝါးစိမ်းတုတ်သည် သံမဏိလှံချောင်းပမာ မာကျောလှ၏။

ဝါးစိမ်းတုတ်၏အဖျားတစ်ဖက်တွင် ကျာပွတ်တစ်ချောင်းကို ချည်နှောင်ထားသည်။ ကျာပွတ်ရှင်ကား သံချပ်ဝတ်စုံနှင့် မိန်းကလေးကို အကြိုအပို့လုပ်ပေးနေသည့် မြင်းလှည်းသမားအဘိုးအိုပေတည်း။

ယခု အဘိုးအိုသည် လူအိုတစ်ယောက်နှင့် လုံးဝတွေတော့ဘဲ တောကြောင်တစ်ကောင်ပမာ သွက်လက်ဖျတ်လတ်စွာ လှုပ်ရှားနေသည်။ ရန်သူတစ်ယောက်ကို သတ်ပြီးသည်နှင့် အဘိုးအို၏ခန္ဓာကိုယ်သည်လည်း သစ်ပင်ပေါ်သို့ ခုန်တက်သွားသည်။

သူရှိရာ သစ်ပင်အောက်သို့ ရန်သူရောက်လာလျှင် သူက အခြားသစ်ပင်တစ်ပင်ပေါ်သို့ ခုန်ကူးသွားသည်။

အဘိုးအိုသည် အဆိပ်ဂိုဏ်းသားများကို မသတ်ဖြတ်ချင်ပါ။ ယခု တမင်သက်သက် လုပ်ကြံသတ်ဖြတ်ရခြင်းမှာ သူတို့၏အာရုံကို မိမိထံလှည့်လာရန် ဖြားယောင်းရခြင်း ဖြစ်ပါ၏။

အဘိုးအိုသည် သံချပ်ဝတ်စုံနှင့် သူ့သခင်မလေးကို ချိန်းဆိုထားသည့်နေရာ၌ အတော်ကြာကြာ စောင့်ခဲ့ပါသေး၏။

သို့သော် သူ၏သခင်မလေးက ပေါ်မလာသောကြောင့် တမင်တောင်ကြားထဲသို့ ဝင်ရောက်ကူညီရခြင်း ဖြစ်ပါ၏။

ထိုစူးရှသောအော်သံသည် သူက တမင်ဖန်တီးပြုလုပ်သောသည့်ကွက်ပင် ဖြစ်ပေသည်။ သူ၏မျှော်လင့်ချက်အတိုင်း အဆိပ်ဂိုဏ်းသားအားလုံးသည် သူ့ထံသို့ အာရုံစိုက်ကာ စုရုံးလာကြပြီ။

အဆိပ်ဘုရင်နှင့်ရှီးရှီးတို့ရောက်ရှိလာကြသောအခါတွင်

www.burmeseclassic.com

www.burmeseclassic.com



ထိုအသတ်ဝန်းကျင်ကို အဆိပ်ဂိုဏ်းသားများက ပတ်ပတ်လည် ဝိုင်းရံသောအလျှော်ရှိကြောင်း တွေ့ရ၏။ အဆိပ်ဘုရင်သည် သေဆုံးနေသော လက်အောက်ငယ်သားများ၏ရုပ်အလောင်းကို တစ်ချက်ကြည့်ပြီး လူသတ်သမား ဘယ်မှာလဲဟု မေးလိုက်၏။

သို့သော် မည်သူမျှ မဖြေကြားဘဲ နှုတ်ဆိတ်နေ၏။ အဆိပ်ဘုရင်က ပတ်ဝန်းကျင်ကို တစ်ပတ်လှည့်ကြည့်ပြီး ...

“ရှာကြစမ်း”

ဟု အမိန့်ပေးလိုက်၏။ အဆိပ်ဂိုဏ်းသားတို့သည် တစ်ယောက်ပြီးတစ်ယောက် သစ်ပင်ပေါ်သို့ တက်ကြသည်။

သစ်ပင်တစ်ပင်ပေါ်တွင် ပုန်းအောင်းနေသော အဘိုးအိုသည် ရှောင်ချွာခြင်း လုံးဝမပြုပါ။ ထူထပ်သော သစ်ရွက်ကြားတွင် ငြိမ်သက်စွာထိုင်လျက် စောင့်ဆိုင်းနေ၏။

သူပုန်းကွယ်နေသော သစ်ပင်ပေါ်သို့ ဂိုဏ်းသားတစ်ယောက် တက်လာသောအခါ အဆိပ်အပ်ဖြင့် ပစ်လိုက်၏။

အဘိုးအို၏ အဆိပ်အပ်သည် ထိုဂိုဏ်းသား၏ နဖူးထဲသို့ ထိုးဖောက်ဝင်ရောက်သွားတော့သည်။ ရှူးရှူးရှရှ တစ်ချက်အော်ကာ နဖူးပေါ်မှ သွေးများ ပန်းထွက်လာ၏။ သူ၏ခန္ဓာကိုယ်လည်း မြေပြင်ပေါ်သို့ ပြုတ်ကျကာ သေဆုံးသွားတော့သည်။

ပတ်ဝန်းကျင်ရှိ ဂိုဏ်းသားများက အဘိုးအိုရှိရာ သစ်ပင်သို့ အဆိပ်ပါသော လက်နက်ပုန်းဖြင့် အသီးသီး ပစ်ခတ်လိုက်ကြသည်။

လက်နက်ပုန်းများ၏ လေထုကိုခွင်းသော အသံနှင့်အတူ စိုက်ဝင်သော ဒုတ်ခနဲအသံများ အဆက်မပြတ် ပေါ်ပေါက်လာ၏။



သစ်ရွက်များကြွေကျပြီး သစ်ကိုင်းသစ်ခက်များ ကျိုးကျကုန်၏။ အဘိုးအိုသည် ရန်သူကို သုတ်သင်ပြီးသည်နှင့် တစ်ပြိုင်တည်း လေထဲသို့ ခုန်ထွက်သွားပြီး တခြားသစ်ပင်ပေါ်သို့ ခုန်ကူးသွားတော့သည်။

ထိုတစ်ချိန်တည်းမှာပင် မီးပုံးသုံးဆယ့်ခြောက်လုံးသည် လေထဲသို့ ခုန်တက်သွား၏။ အဆိပ်ဘုရင်၏ ကိုယ်ရံတော် သိုင်းသမား သုံးဆယ့်ခြောက်ယောက်ပင်ဖြစ်သည်။

သူတို့သည် အဘိုးအိုပုန်းအောင်းနေသော သစ်ပင်ကို ဗဟိုပြု၍ ပတ်လည်ဝိုင်းရံထားလိုက်ကြ၏။

အဆိပ်ဘုရင်သည် လက်ကို နောက်ပစ်ထားကာ ရပ်ကြည့်နေ၏။ ရီးရီးသည် ထိုကဲ့သို့ပင် လက်ပိုက်ကြည့်လျက်ရှိ၏။ ဂိုဏ်းသားတစ်ယောက်သည် အဘိုးအို ပုန်းအောင်းနေရာသို့ တဖြည်းဖြည်း နီးကပ်လာ၏။

အဘိုးအိုက ထိုဂိုဏ်းသား၏နဖူးကို ဝါးထုတ်ဖြင့် လျှင်မြန်စွာ ထိုးလိုက်ရာ သူ၏ဝါးစိမ်းတုတ်သည် ရန်သူ၏နဖူးထဲသို့ စိုက်ဝင်သွား၏။ ဂိုဏ်းသား၏ကိုယ်ခန္ဓာသည် ဝုန်းခနဲပစ်ကျသွားတော့၏။

အဘိုးအိုသည် အချိန်ကုန်မခံတော့ဘဲ အခက်ချင်းယှက်နေသော သစ်ပင်များပေါ်မှ ရှဉ့်များကဲ့သို့ ခုန်ကူးကာပြေးတော့သည်။

ကိုယ်ရံတော် သုံးဆယ့်ခြောက်ဦး၏ ကိုယ်ဖော့ပညာသည် အဘိုးအိုထက် မနိမ့်သော်လည်း အဘိုးအိုကဲ့သို့ ကျွမ်းကျင်သော အတွေ့အကြုံမရှိသောကြောင့် မီအောင် မလိုက်နိုင်ကြချေ။

ထို့ကြောင့် အဘိုးအို သည် သစ်ပင်အောက်သို့ ခုန်ဆင်းပြီး

www.burmeseclassic.com

www.burmeseclassic.com



ပြေးတော့၏။ အဆိပ်ဂိုဏ်းသားများကို သူ ကွင်းရှောင်ပြေးနိုင်ပြီဟု ယူဆကာ ပြေးရင်းလွှားရင်း တဟားဟားရယ်လိုက်သည်။

သို့သော် သူ ကြာကြာမရယ်နိုင်ချေ။

အဘယ်ကြောင့်ဆိုသော် သူ့ရှေ့တွင် အဆိပ်ဘုရင်က မားမားမတ်မတ်ရပ်၍ ပိတ်ဆို့ထားကြောင်း တွေ့လိုက်ရသောကြောင့် ဖြစ်ပေတော့သည်။ ဝိညာဉ်ပမာ ရုတ်တရက်ပေါ်ပေါ်လာသော အဆိပ်ဘုရင်ကို အဘိုးအိုက ကျာပွတ်ဖြင့်တိုက်ခိုက်လိုက်သည်။

အဆိပ်ဘုရင်သည် လက်တစ်ဖက်မ,ကာ ဇော့ယမ်းလိုက်သော် ကျာပွတ်သည် အရှိန်သေပြီး ပျော့ကျသွား၏။

တစ်ပြိုင်တည်း ကျာပွတ်ချောင်းပေါ်တွင် မီးတောက်တစ်ခု တောက်လောင်သွားပြီး ကျာပွတ်တစ်ချောင်းလုံးကို မီးစွဲကာ တောက်လောင်သွားတော့၏။

☆

မီးလောင်နေသော ကျာပွတ်ကို လက်မလွှတ်ဘဲ အဘိုးအိုက ထပ်မံရိုက်လိုက်၏။ အဆိပ်ဘုရင်သည် ကျာပွတ်ကိုဖမ်းပြီး ဆောင့်ဆွဲလိုက်ရာ အဘိုးအိုလက်မှ ကျာပွတ်လွတ်ထွက်သွား၏။

အဆိပ်ဘုရင်သည် မီးတောက်နေသောကျာပွတ်ကို လက်ဖြင့်ခွေကာ ရစ်ပတ်လိုက်သည်။ ထိုအခြင်းအရာကိုမြင်ရသော အဘိုးအိုသည် ထွက်ပြေးရန်ပင် မေ့လျော့သွားတော့သည်။

အဆိပ်ဘုရင်သည် ခွေထားသော ကျာပွတ်ကို လက်ဝါးပေါ်တင်လိုက်၏။ မီးတောက်နေသော ကျာပွတ်သည် သူ၏လက်ဝါးပေါ်တွင် ဟိုဒီလှည့်ပတ်နေ၏။ သို့သော် အဆိပ်ဘုရင်ကိုကား မီးလောင်



ကျွမ်းခြင်း မရှိပေ။ အဘိုးအိုသည် မျက်လုံးပြူးကာ ...

"အဆိပ်ဘုရင်ဆိုတာ ခင်ဗျားလား"

"မင်းကရော သံချပ်ဝတ်စုံနှင့် လူသတ်သမားလား"

အဆိပ်ဘုရင်က ပြန်မေးလိုက်၏။

"ဟုတ်တာပေါ့ ... ကျုပ်က သံချပ်လူပဲ"

"မင်းမှာ သံချပ်ဝတ်စုံလည်းမရှိဘူး။ မိန်းမလည်း မဟုတ်ဘူး"

"ဝတ်စုံကို ကျုပ်ချွတ်ပစ်လိုက်ပြီ၊ ဝတ်စုံရဲ့အသုံးကို ခင်ဗျား ခွဲခြားနိုင်စွမ်း ရှိလို့လား"

အဆိပ်ဘုရင်က မခိုးမခန့်အမူအရာနှင့် ...

"မင်းလိုသိုင်းပညာအဆင့်က ငါ့သားကို မယှဉ်ပြိုင်နိုင်သေးပါဘူး"

အဘိုးအိုသည် တဟားဟားရယ်မောလေ၏။

"သံချပ်ဝတ်စုံရဲ့ အသုံးဝင်ပုံကို ခင်ဗျား မသိသေးပါဘူးဗျာ"

"အသုံးဝင်တယ်ဆို မင်းက ဘာကြောင့်ချွတ်ထားရတာလဲ၊ နောက် မင်းဟာ အဆိပ်သင့်ထားသူလည်း မဟုတ်ဘူး"

အဘိုးအို တုန်လှုပ်ချောက်ချားသွား၏။

"အဆိပ်သင့်တယ် ... ဟုတ်လား"

"ချိုကျဲကြွေပွန်စိန်"

အဆိပ်ဘုရင်က အေးစက်သောလေသံဖြင့် ...

"အဲဒီအဆိပ်ကို ဂိုဏ်းထဲမှာ ငါတို့သားအဖနှစ်ယောက်ပဲ ကိုင်ဆောင်ခွင့်ရှိတယ်၊ အရေးပေါ်အခြေအနေမှာ အသုံးပြုရတယ်"

www.burmeseclassic.com



အဘိုးအိုသည် အကြီးအကျယ်မျက်နှာပျက်သွားပြီး ချိုကျဲကြွေပွန်ဆန်ဟု အော်ဟစ်လိုက်မိ၏။

*"အခုထက်ထိ ငါတစ်ယောက်တည်းသာ ဒီအဆိပ်ပြင်းကို ဖြေပေးနိုင်စွမ်းရှိတယ်"*

အဘိုးအိုသည် မျက်နှာကိုတည်ကာ ...

"ကျုပ်က ... အဆိပ်မှမသင့်တာ"

"အဆိပ်သင့်တာ မင်းမှမဟုတ်တာဘဲ"

အဆိပ်ဘုရင်က စိတ်မရှည်စွာ ပြောလေ၏။

"အဆိပ်သင့်တာ ကျုပ်ပါ၊ ဒါပေမဲ့ ကျုပ်မှာ ဖြေဆေးရှိတယ်"

အဆိပ်ဘုရင်က အေးစက်စက်ရယ်မောရင်း ...

"ချိုကျဲကြွေပွန်စန်အဆိပ်ရဲ့ဖြေဆေးက ငါ့မှာပဲ ရှိတယ်၊ ငါကလွဲပြီး ဘယ်သူမှမဖြေနိုင်ဘူး"

သူသည် အဘိုးအိုကိုတစ်ချက်ကြည့်ကာ ...

"မင်းပုံစံက ကျေးကျွန်တစ်ယောက်နဲ့တူတယ်၊ မင်းရဲ့ရည်ရွယ်ချက်က မင်းရဲ့သခင်မကို လွတ်မြောက်အောင် ငါတို့ကို လှည့်ဖြားဖို့ပဲ မဟုတ်လား"

အဘိုးအိုက ဘာမျှပြန်မပြောချေ။

အဆိပ်ဘုရင်က ဆက်၍ ...

"မင်းရဲ့သခင်မက ဒီတောအုပ်ထဲကနေ ထွက်ပြေးနိုင်ပေမယ့် နောက်ဆုံးတော့ သေပွဲဝင်ရမှာပဲကွ"

အဘိုးအိုက ...



"လောကကြီးမှာ မသေတဲ့လူ မရှိပါဘူး၊ ဒါက သဘာဝပဲပေါ့"

*"မင်းက စကားတော်တော်ပြောတတ်တယ်၊ ဒါကြောင့် မင်းကို စကားပြောဖို့အခွင့်အရေး ငါပေးနေတာ"*

"ခင်ဗျားက ကျုပ်ကို ဘာပြောပြစေချင်တာလဲ"

"မင်းတို့က ဘယ်သူလဲ၊ ဘာကြောင့် ငှက်သားကို သတ်ရတာလဲ"

"ခင်ဗျားသားကို ဘာကြောင့်သတ်ရတယ်ဆိုတာ ခင်ဗျားတို့ သိမှာပေါ့၊ ကျုပ်တို့ ဘယ်သူလဲဆိုတာ ခင်ဗျားစွမ်းရည်နဲ့ ခင်ဗျား ခုံစမ်းပေါ့ဗျာ"

"မပြောရင် မင်း သေဖို့သာပြင်"

အဆိပ်ဘုရင်က ခက်ထန်မာကျောစွာ ပြောလိုက်၏။

အဘိုးအိုက ရယ်မောကာ ...

"ကျုပ်သာ သေမှာကြောက်ရင် ကျုပ် ဒီလိုလုပ်မလား၊ ကျုပ်အသက်အရွယ်နဲ့ လူ့လောကမှာ ဘယ်လောက် ကြာကြာ ထပ်နေနိုင်ဦးမှာလဲ ... ဟား ... ဟား ... ဟား"

အဆိပ်ဘုရင်သည် သက်ပြင်းတစ်ချက်ချကာ ...

"အေး ... ဟုတ်သားပဲ၊ ငါလည်း အသက်ကြီးပြီ ထင်ပါရဲ့၊ ဒါကြောင့် အပိုတွေ လျှောက်မေးမိတာပဲ"

ထိုအခါ အဘိုးအိုကို ကိုယ်ရံတော် သုံးဆယ့်ခြောက်ယောက်သာ ပတ်ပတ်လည် ဝိုင်းရံထားလိုက်၏။ အဆိပ်ဘုရင်နှင့် စကားပြောနေသောကြောင့် သူတို့က ဘာမျှမလုပ်ဘဲ ရပ်ကြည့်နေ၏။

အဆိပ်ဘုရင် ဤမျှ စကားကြာကြာပြောဆိုသည်ကို တစ်

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်တစ်ခါမျှ မတွေ့ဖူးသောကြောင့် သူတို့ အလွန်အံ့သြနေကြသည်။

အဘိုးအိုသည် အဆိပ်ဘုရင်ကို အရေးမထားဘဲ သူ့အား ဒိုင်းခံထားသည့် ကိုယ်ရံတော်သုံးဆယ့်ခြောက်ယောက်ကို လှည့်ကြည့်သည်။ ထိုအချိန်မှာပင် အဆိပ်ဘုရင်က အဘိုးအို၏နောက်ကျောသို့ တစ်စုံတစ်ခုဖြင့် ပစ်လိုက်၏။

'ဝုန်း'

ထိုပစ္စည်းသည် အဘိုးအို၏ ကျောပြင်ကို ထိမှန်ကာ မီးတောက်လောင်တော့သည်။

မီးတောက်သည် လောင်ကျွမ်းရင်းနှင့် ပို၍ကြီးလာသဖြင့် အဘိုးအိုက လက်ဝါးနှင့် ရိုက်သတ်သော်လည်း မရလေတော့ချေ။

သူ၏ကျောပြင်တစ်ခုလုံးကို လောင်မြိုက်တော့သည်။

မီးတောက်ကို ရိုက်သတ်နေသော အဘိုးအို၏ လက်ဝါးကိုပင် မီးစွဲတော့သည်။ အဘိုးအိုသည် အလွန်ကြောက်ရွံ့ထိတ်လန့်စွာ အော်ဟစ်လိုက်မိတော့သည်။ အဆိပ်ဘုရင်သည် အဘိုးအိုရှေ့ လျှောက်လာပြီး အေးစက်မာကျောသောလေသံဖြင့် ပြော၏။

"ဒီမီးတောက်က မင်းကို ချက်ချင်း မသေစေနိုင်ပါဘူး။ အဲဒါ မင်းရဲ့ နောက်ဆုံးအခွင့်အရေးပဲ"

အဘိုးအိုသည် ကျယ်လောင်စွာ အော်ဟစ်ရင်း အဆိပ်ဘုရင်နှင့် သူသေကိုယ်သေ သတ်ပုတ်ရန် ခုန်ဝင်လိုက်၏။

အဆိပ်ဘုရင်က ရှောင်ပေးလိုက်၏။

တစ်ပြိုင်တည်းမှာပင် ဘယ်ဘက်အင်္ကျီလက်ဖြင့် ဇွေ့ယမ်းလိုက်၏။



အဆိပ်ဘုရင်၏ရိုက်ခတ်လိုက်သောအားကြောင့် အဘိုးအိုကိုယ်ပေါ်မှ မီးတောက်သည် ဝုန်းခနဲတောက်လာပြီး သူ၏ မုတ်ဆိတ်ရှည်ကိုပါ စွဲလောင်တော့သည်။

မုတ်ဆိတ်မွေး တောက်လောင်နေသောကြောင့် အဘိုးအိုသည် အဆိပ်ဘုရင်၏ လှုပ်ရှားမှုကို သေချာစွာ မမြင်ရတော့ပေ။

ထိုအခါ အဆိပ်ဘုရင်က ကျာပွတ်ရှည်ကြီးဖြင့် အဘိုးအို၏ ကိုယ်ပေါ်ရှိ သွေးကြောခုနစ်ခုကို ပိတ်လိုက်ပြီး အဘိုးအို၏ လက်နှစ်ဖက်ကိုလည်း ကြိုးဖြင့် တုပ်နှောင်လိုက်သည်။

အဆိပ်ဘုရင်သည် အဘိုးအို၏ခန္ဓာကိုယ်ကို သစ်ကိုင်းကြီးတစ်ခုပေါ် တွဲလောင်းချိတ်ထားလိုက်၏။

မီးက ဆက်လက်တောက်လောင်နေသဖြင့် အဘိုးအို၏ တစ်ကိုယ်လုံး မီးတောက်ကြီးဖြစ်နေသည်။ ဆိုးရွားသောဝေဒနာကြောင့် အဘိုးအိုသည် ငယ်သံပါအောင် စူးစူးရားရား အော်ဟစ်နေ၏။ အဆိပ်ဘုရင်က ခပ်အေးအေးပင် ပြောသည်။

"မင်းရဲ့နောက်ဆုံးအချိန်မှီ သေသေချာချာ စဉ်းစားစမ်းပါ"

အဘိုးအို၏အော်သံက အဆက်မပြတ် ပေါ်ပေါက်နေသည်။

အရှင်လတ်လတ် မီးလောင်ခံရသော ဝေဒနာမှာ အလွန်နာမှ ခံရခက်လှသည် မဟုတ်ပါလော။

အဆိပ်ဘုရင်က လက်အောက်ငယ်သားများအား ...

"ဆက်ရှာကြစမ်း" ဟု အမိန့်ပေးလိုက်သည်။

ကိုယ်ရံတော်သုံးဆယ့်ခြောက်ယောက် လေးချိုးသံဖြင့် ချက်ပေးလိုက်ရာ ဂိုဏ်းသားများကလည်း ရင်ပေါင်တန်း၍ ဆက်

www.burmeseclassic.com

www.burmeseclassic.com



လက်ရှာဖွေကြတော့သည်။

ရိုးရိုးသည် အဆိပ်ဘုရင်၏ဘေးတွင်ရပ်ကာ မီးလောင်ခံနေသော အဘိုးအိုကို မျက်တောင်မခတ်စိုက်ကြည့်နေ၏။

သူမ၏မျက်နှာပေါ်တွင် မည်သည့်အမူအရာမျှမရှိဘဲ မျက်စိထဲတွင်တော့ ဒေါသမီးက တည်းညီး တောက်လောင်နေလေသည်။

အဘိုးအိုမှာ အရှင်လတ်လတ် မီးရှို့ခံနေရသောအရသာကို အသေအလဲ ခံစားနေရ၏။ အကယ်၍သာ သွေးကြောအပိတ်မခံရလျှင် ကိုယ့်ကိုယ်ကိုယ် သတ်သေလိမ့်မည်သာ ဖြစ်သည်။

အဘိုးအို၏ဖခင်မျိုးဆက်သည် သံချပ်ဝတ်စုံနှင့်မိန်းကလေး၏ ဘိုးဘွားများလက်ထက်ကပင် ကျေးကျွန်များဖြစ်ခဲ့ပါ၏။ မျိုးရိုးစဉ်ဆက်အားဖြင့် သစ္စာရှိသောကျေးကျွန်များ ဖြစ်သောကြောင့် အဘိုးအိုလည်း သစ္စာရှိသောကျေးကျွန်ဖြစ်သည်။

နောက်ဆုံးတွင် အဘိုးအိုမှာ မချိမဆံ့ အသက်ထွက်သွားရှာတော့၏။ ရက်စက်ကြမ်းကြုတ်သော အဆိပ်ဘုရင်က မတုန်မလှုပ် ရပ်ကြည့်နေ၏။

ထို့အတူ ရိုးရိုးနှင့် ကိုယ်ရံတော်သုံးဆယ့်ခြောက်ယောက်တို့လည်း မတုန်မလှုပ် ရပ်ကြည့်နေ၏။ အဆိပ်ဘုရင်က ရိုးရိုးအား ခပ်တိုးတိုး မေးသည်။

"ကြေးစားလူသတ်သမားတစ်ယောက်ရဲ့ ကျေးကျွန်က အသေသာခံပြီး လျှို့ဝှက်ချက်ကို မဖော်ဘူးဆိုတာ ဘာကြောင့်လဲ"

"သူ သစ္စာရှိလို့ပေါ့ ဖေဖေ"

"ဟုတ်တယ် ... ဒီကြေးစားလူသတ်သမားဟာ သူ့လက်



အောက်ငယ်သားကို ဒီလောက်သစ္စာရှိအောင် ပြုလုပ်နိုင်တယ်ဆိုတော့ ဒီလူဟာ သာမန်ရိုးရိုးပုဂ္ဂိုလ် မဟုတ်နိုင်ဘူး"

"ဟုတ်ပါတယ်ဖေဖေ၊ သူတို့ရဲ့အဖွဲ့အစည်း စည်းကမ်းနဲ့ ကြပ်မတ်ချက်ဟာ အင်မတန်ပြင်းထန်ကျပ်တည်းမှာပဲနော်၊ ဒါကြောင့် သူတို့ သစ္စာမဖောက်ရဲအောင် ကြောက်ရွံ့နေကြရတာပေါ့"

"ဒါပေမဲ့ စည်းကမ်း ဘယ်လောက်ကြပ်ကြပ် သစ္စာဖောက်တော့ ပေါ်လာတတ်စမြဲပဲ သမီး"

"အဲဒါ ဘယ်လိုဖြစ်လို့လဲ ဖေဖေ"

"ခင်မင်မှု ခေါ်မလား၊ သံယောဇဉ် ခေါ်မလား ... တစ်ခုခုကြောင့် ဖြစ်မှာပေါ့ကွယ်"

ထန်ဆယ်ချီက ခေတ္တနားပြီး ခက်ထန်စွာပြောလေ၏။

"ဒါပေမဲ့ ... ဘာပဲဖြစ်ဖြစ် ငါ့သားရဲ့ သွေးကြွေးကိုတော့ သွေးနဲ့ပြန်ဆပ်ရမှာပဲ၊ သူတို့နောက်မှာ အင်အားကြီးမားပေမယ့် တို့မကြောက်ဘူး"

တစ်ဦးတည်းသောသား အသေခံထားရသည့်အဆိပ်ဘုရင် ထန်ဆယ်ချီသည် ရန်သူကို အဘယ်မှာလျှင် လွယ်လွယ်နှင့် ခွင့်လွှတ်နိုင်ပါသနည်း။ သို့သော် သူတို့ မစဉ်းစားမိသည့်အချက်မှာ ထိုသို့ဖြစ်လာအောင် မည်သူက ဖန်တီးပေးနေသည်ဆိုသည့်အချက်ကိုပေတည်း။ သူတို့၏ဦးခေါင်းထဲ၌ ကလဲ့စားဟူသော အချက်ကသာ လွှမ်းမိုးနေခဲ့ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၇ )
## သနားစဖွယ်ကောင်းသော မိန်းကလေး

ချန်ဖူဝါက လုံဖေးထံမှ ပွတုမင်တောင်ကြား၏မြေပုံတစ်ချပ်ယူဆောင်ကာ သံချပ်ဝတ်စုံနှင့်လူ ထွက်ပြေးမည့်လမ်းကြောင်းကို မှန်းဆကာ တိတ်တဆိတ်လိုက်လာခဲ့၏။ သူ၏မှန်းဆချက်က မှန်ကန်နေသောကြောင့် သံချပ်ဝတ်စုံနှင့်လူကို ခြေရာခံမိခဲ့ခြင်း ဖြစ်၏။

အခြားအကြောင်းတစ်ချက်မှာ ပွတုမင်တောင်ကြားတစ်ဝိုက်တွင် လုံဖေး၏အထောက်တော်များက နေရာအနှံ့အပြား ကင်းပုန်းဝပ်နေသောကြောင့် ဤမျှ လွယ်လွယ်ကူကူ ခြေရာခံနိုင်ခြင်း ဖြစ်၏။

အဆိပ်ဂိုဏ်းသားများသည် သံချပ်ဝတ်စုံနှင့်လူကို စတင်ပိုက်စိပ်တိုက်ရှာဖွေစဉ်မှာပင် ချန်ဖူဝါက သံချပ်ဝတ်စုံနှင့်လူကို ခြေရာခံမိပြီ ဖြစ်နေပေပြီ။

ထိုအချိန်ကတည်းက သူသည် သံချပ်ဝတ်စုံနှင့်လူကို ကယ်တင်ရန် ကြံစည်ခဲ့၏။ မြင်းလှည်းမောင်းသော အဘိုးအိုမှာ အဆိပ်ဂိုဏ်းသားတို့ကို အာရုံလှည့်ကာ ဖြားယောင်းနေစဉ် သူက သံချပ်ဝတ်စုံနှင့်လူနောက်ကို ရောက်ရှိနေခဲ့သည်။ သံချပ်ဝတ်စုံနှင့်လူက အဆိပ်သင့်ပြီး မူးဝေနေသဖြင့် သူ့ကို သတိမပြုမိခဲ့ချေ။

သံချပ်ဝတ်စုံနှင့်လူကို အဆိပ်ဂိုဏ်းသားများ တွေ့ရှိဖမ်းဆီး



လိမ့်မည်ကို ချန်ဖူဝါ အတော်ပူပန်စိုးရိမ်ခဲ့ပါသေးသည်။

အကယ်၍သာ သူမကို ရန်သူများက ဖမ်းမိသွားပြီဆိုလျှင် ချန်ဖူဝါအနေဖြင့် သူမကို ကယ်နိုင်တော့မည် မဟုတ်ချေ။

အဆိပ်ငါးမျိုးဂိုဏ်းသားလူအင်အားကို ချန်ဖူဝါတွေ့မြင်ခဲ့ပြီးပြီ မဟုတ်ပါလား။ သတိလစ်ကာ မေ့မျောနေသော သံချပ်ဝတ်စုံနှင့်လူကို ချန်ဖူဝါက အသာအယာပွေ့ချီလိုက်၏။

အဆိပ်ဂိုဏ်းသားတို့လက်မှ သံချပ်ဝတ်စုံနှင့်လူကို ကယ်ထုတ်ရန် အပြင်းအထန်စဉ်းစားရတော့၏။ ထွက်ရိုးထွက်စဉ် လမ်းတလေးများမှထွက်လျှင် အဆိပ်ဂိုဏ်းသားများနှင့် တိုးမည်မှာ သေချာနေ၏။ ထို့ကြောင့် တောင်ကြားလမ်းအတိုင်းမထွက်ဘဲ တောင်ကုန်းဘက်သို့ဖြတ်တက်ရန် စိတ်ကူးထားမိသည်။

လက်ယာဘက်တောင်ကုန်း၏ နက်ရှိုင်းသောတောထဲတွင် ခိုအောင်းနိုင်မည့်နေရာတစ်ခုရှိကြောင်း ချန်ဖူဝါ သိထားလေသည်။

ထို့ကြောင့် ချန်ဖူဝါသည် စောင့်ဆိုင်းမနေတော့ဘဲ သံချပ်ဝတ်စုံနှင့်လူကို ပွေ့ချီကာ လက်ယာဘက်တောင်ကုန်းသို့တက်တော့သည်။ အဆိပ်ဂိုဏ်းသားတို့၏ ပိုက်စိပ်တိုက်ရှာဖွေသောပုံစံကို ချန်ဖူဝါက ကြိုတင်တွက်ဆမိထားပြီးဖြစ်၍ သူ့ခရီး၌ အတားအဆီး လုံးဝမတွေ့ရတော့ပေ။

သူသည် တောင်ကုန်း၏တောနက်သောအပိုင်းသို့ ရောက်ရှိလာ၏။ ကြီးမားသော ရေတံခွန်ကြီးတစ်ခုကိုလည်း တွေ့လာရသည်။ ထိုရေတံခွန်ကြီးကား သူ၏ခရီးပန်းတိုင်ပင် ဖြစ်တော့သည်။

ချန်ဖူဝါသည် သံချပ်ဝတ်စုံနှင့်လူကိုပွေ့ချီကာ ရေတံခွန်

www.burmeseclassic.com

www.burmeseclassic.com



အောက်ရောက်အောင် ပြေးသွား၏။ ရေအိုင်ပေါ် ပေါ်ထွက်နေသော ကျောက်တုံးများကိုနင်းကာ ရေတံခွန်အောက် ဝင်ရောက်သွား၏။ ရေတံခွန်နောက်တွင် ကြီးမားသော သဘာဝလိုဏ်ဂူပေါက်ကြီး တစ်ခု ရှိသည်။ လိုဏ်ဂူကြီးသည် ပေတစ်ရာခန့်နက်ရှိုင်းပြီး ဆက်လက်သွားလျှင် ရုတ်တရက် ညာဘက်သို့ ကွေ့သွား၏။

ထိုနေရာတွင် အလင်းရောင်ရရှိ၏။ အဘယ်ကြောင့်ဆိုသော် လိုဏ်ဂူနှင့်ဆက်နေသောထွက်ပေါက်သည် မတ်စောက်သောမျက်နှာ ပြင်ပေါ်တွင်တည်ရှိနေသောကြောင့်တည်း။

ဤနေရာ ဤဒေသကို ချန်ဖူဝါ မည်ကဲ့သို့ သိရှိခဲ့သနည်း။

ထင်းတီထွေဟူသောအဖွဲ့ အစည်းသည် ဘုရင်ဧကရာဇ်ကြီး ၏ အာဏာကိုလုယက်ရန် ကြံစည်နေကြသည်ဟု ကြားသိရသည်နှင့် တစ်ပြိုင်တည်း သိုင်းလောကထဲရှိသမျှသောအဖွဲ့ များအား အသေး စိတ် စုံစမ်းခဲ့၏။ မည်သည့်အဖွဲ့ သည် ထင်းတီထွေနှင့် အဆက် အသွယ်ရှိသည်ကို လျှို့ဝှက်စွာ စုံစမ်းထောက်လှမ်းခဲ့၏။

အဆိပ်ငါးမျိုးဂိုဏ်းကို လုံဖေးဖာလည်း လက်လွတ်မခံ တိတ် တဆိတ်စုံစမ်းခဲ့၏။

အဆိပ်ငါးမျိုးဂိုဏ်း၏ဝန်းကျင်တွင် လျှို့ဝှက်စခန်းနှင့် ကင်း ပုန်းများက အမြဲမပြတ် မျက်ခြည်မပျက် အကဲခတ်နေခဲ့သည်။

ဤလိုဏ်ဂူမှာ လုံဖေး၏လက်အောက်ကင်းပုန်းများ တွေ့ ရှိထားသော လျှို့ဝှက်စခန်းတစ်ခု ဖြစ်၏။ သို့သော် မတ်စောက် ပြီး အန္တရာယ်များသောကြောင့် တစ်ခါတစ်ရံ အရေးကြုံမှ အသုံးပြုရ၏။

[illegible]ကို လိုဏ်ဂူကို ပုန်းအောင်းရန်အတွက် ပြင်ဆင်ထား



ခဲ့၏။ ထို့ကြောင့် ချန်ဖူဝါသည် ဤလိုဏ်ဂူကိုသိရှိထားခြင်း ဖြစ်သည်။

ချန်ဖူဝါသည် ဤအန္တရာယ်များသော ခရီးလမ်းကြောင်းကို မရွေးချယ်လိုချေ။ သို့သော် အခြေအနေက ဖန်တီးလာသဖြင့် မတတ် သာဘဲ ဤလမ်းကို ရွေးချယ်ရတော့၏။

လိုဏ်ဂူထဲတွင် အစားအသောက်နှင့် ကြိုးခွေများ အသင့်ရှိ နေပါ၏။ ကင်းပုန်းများက ကြိုတင်လာရောက်ပို့ဆောင်ပေးခြင်းပင် ဖြစ်၏။ သူသည် အစားအစာအနည်းငယ်ကို စားသောက်ပြီး ရေ သောက်လိုက်၏။

သံချပ်ဝတ်စုံနှင့်လူတော့ သတိပြန်မရသေး။ သံချပ်ဝတ်စုံ နှင့်မိန်းကလေး သတိရလာအောင် ပြန်လုပ်ပေးမှ ဖြစ်တော့မည်ဟု သူ တွေးသည်။ သူ့လက်နှစ်ဖက်က သံချပ်ဝတ်စုံနှင့်မိန်းကလေး ပါးစပ်နား ရောက်လာပြီး ပါးစပ်ပေါ်ရှိ သံပြားကို ဖွင့်လိုက်၏။

သံချပ်ဝတ်စုံနှင့်မိန်းကလေး၏ နှုတ်ခမ်းပါးလေးသည် တင်း ကျပ်စွာစေ့ထားပြီး ခရမ်းရောင်သမ်းနေသည်ကို တွေ့ရ၏။

ထိုနှုတ်ခမ်းပါးကလေးကို ကြည့်ခြင်းအားဖြင့် သံချပ် ဝတ် စုံနှင့်မိန်းကလေးသည် အလွန်တရာလှပသော မိန်းမလှဖြစ်ကြောင်း သိနိုင်ပါသည်။

ချန်ဖူဝါသည် အိတ်ထဲမှ ကြွေပုလင်းလေးတစ်လုံး [illegible] ဆေးလုံးနှစ်လုံး ထုတ်လိုက်၏။ မိန်းကလေး၏ပါးစပ်ကို [illegible] လုံးနှစ်လုံး ပစ်ထည့်လိုက်စဉ် မိန်းကလေးသည် ရုတ်တရက် သတိရ လာပြီး သူ၏လက်ကို ဖမ်းလိုက်သည်။

"ရှင် ... ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



သံချပ်ဝတ်စုံနှင့် မိန်းကလေး၏ လှုပ်ရှားမှုက လျင်မြန်သော်လည်း ချန်ဖူဝါက ရှောင်နိုင်ပါသည်။

အကယ်၍ သူက ရှောင်လိုက်လျှင် သံချပ်ဝတ်စုံနှင့်မိန်းကလေးသော သူ့အား အထင်လွဲသွားပါလိမ့်မည်။ ထိုမှတစ်ဆင့် မလိုအပ်သော တိုက်ခိုက်မှုများ ဖြစ်ပေါ်လာလိမ့်မည်။ ထို့ကြောင့် တမင်သက်သက် လက်ကိုအဖမ်းခံလိုက်ခြင်း ဖြစ်ပါသည်။

သံချပ်ဝတ်စုံမိန်းကလေးက ကြိုးစား၍ ထထိုင်၏။

"ရှင်က ဘယ်သူလဲ၊ ဘာကြောင့် ကျွန်မကို ကယ်တင်ခဲ့ရတာလဲ"

ချန်ဖူဝါက ရယ်မောကာ ...

"ကျွန်တော့်နာမည် ချန်ဖူဝါလို့ခေါ်ပါတယ်၊ ဘာကြောင့် ခင်ဗျားကို ကယ်ရတယ်ဆိုတာ နောက်တော့ ရှင်းပြပါ့မယ်၊ ဒီဆေးကို အရင်သောက်လိုက်ပါ"

သံချပ်ဝတ်စုံနှင့်မိန်းကလေးက မယုံကြည်နိုင်သော အမူအရာဖြင့် ...

"ချန်ဖူဝါ ... ဝမ့်ဟွားဂေဟာပိုင်ရှင်ဆိုတာ ရှင်လား"

"ဟုတ်ပါတယ် သိုင်းလောကထဲမှာ ချန်ဖူဝါဆိုလို့ ဒီတစ်ယောက်ပဲ ရှိပါတယ်"

မွှေးကြိုင်သင်းပျံ့သော ဆေးအနံ့ကို ရှူရှိုက်မိသော သူမသည် ရုတ်တရက် ဦးခေါင်းကြည်လင်လာ၏။

ချန်ဖူဝါလက်ထဲမှ ဆေးလုံးက အဆိပ်ဖြေနိုင်သော ဆေးကောင်းတစ်မျိုးဖြစ်ကြောင်း သူမ နားလည်သွား၏။



ထို့ကြောင့် ချန်ဖူဝါ၏လက်ကို မတားဆီးတော့ဘဲ လက်ထဲမှ ဆေးလုံးကို ပါးစပ်ထဲသို့ အထည့်ခံလိုက်သည်။ ချန်ဖူဝါက ...

"မိန်းကလေးရဲ့အဆိပ်က ပြင်းထန်နေတယ်၊ ကျွန်တော့် ဆေးလုံးက အဆိပ်ဖြေနိုင်ပေမယ့် ခင်ဗျားသင်တဲ့ အဆိပ်ကို ကုန်စင်အောင် မဖြေနိုင်ပါဘူး။ အကောင်းဆုံးကတော့ ခင်ဗျား အတွင်းအားထုတ်ပြီး ဆေးအာနိသင်ကို မြန်မြန်ထအောင်လုပ်ပါ"

သံချပ်ဝတ်စုံနှင့်မိန်းကလေးက ခေါင်းညိတ်ပြ၏။ မျက်လုံးပိတ်ကာ အတွင်းအားကျင့်စဉ် ကျင့်တော့၏။ ချန်ဖူဝါလည်း စကားမပြောတော့ဘဲ သူမနားတွင် အေးအေးဆေးဆေးထိုင်နေတော့သည်။

လိုဏ်ဂူထဲတွင် ရေတံခွန်စီးကျသံ ကောင်းစွာကြားနေရ၏။ အကယ်၍ လိုဏ်ဂူထဲတွင် ထွက်ပေါက်တစ်ပေါက်မှ မရှိခဲ့လျှင် ရေတံခွန်စီးကျသံ ယခုထက်ပို၍ ကျယ်လောင်နေမည်။ ယခုတော့ အသံထွက်ပေါက်ရှိသဖြင့် ကြားရသောသူအဖို့ နားသက်သာရာ ရနေ၏။

အကယ်၍ တစ်စုံတစ်ယောက်က ရေတံခွန်ကိုဖြတ်၍ ဝင်ရောက်လာပါက ထိုရေစီးသံသည် ပြောင်းလဲသွားလိမ့်မည်။ ထို့ကြောင့် ချန်ဖူဝါက ရေကျသံကိုသာ နားစွင့်နေတော့သည်။

အမွှေးတိုင်တစ်တိုင် ကျွမ်းလောက်သည့်အချိန်တွင် သံချပ်ဝတ်စုံနှင့် မိန်းကလေးသည် မျက်စိပွင့်လာ၏။ သူမသည် မယုံကြည်နိုင်လောက်အောင် အံ့အားသင့်နေလေသည်။

ချန်ဖူဝါပေးသောဆေးလုံးသည် သူမ၏အဆိပ်ဖြေဆေးထက် ပို၍အစွမ်းရှိသည်ကို မယုံကြည်နိုင်လောက်အောင်ဖြစ်နေမိ၏။

ယခင်ကထက်စာလျှင် ပို၍နေထိုင်ကောင်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ချန်ဖူဝါက မေတ္တာနမလှစ်ဖြင့် ထိုင်နေသည်ကို မြင်သဖြင့် ...

"ကျွန်မတို့ စကားပြောနိုင်ပါပြီ"

ချန်ဖူဝါက သူမဘက်သို့ လှည့်လာကာ ...

"ခင်ဗျား ဘယ်လိုနေသေးသလဲ၊ သက်သာရဲ့လား"

"ဟုတ်ကဲ့ ... ကျွန်မ သက်သာသွားပါပြီ"

"ဒါဖြင့် ခင်ဗျားကိုသင့်တဲ့အဆိပ်တွေ ကုန်စင်အောင် ဖြေနိုင်ပြီပေါ့"

"ရှင်က ရှင့်ဆေးလုံးအကြောင်း ရှင် မသိဘူးလား"

သူမက အံ့သြစွာမေး၏။

"ခင်ဗျား ဘာအဆိပ်မျိုးသင့်ခဲ့တယ်ဆိုတာ ကျွန်တော်မှ မသိရတာဘဲဗျာ"

"ချိုကျဲကြွေဟွန်စန်လို့ခေါ်တဲ့ အဆိပ်လို့ ပြောကြတာပဲ"

"ဘာ ... ချိုကျဲကြွေဟွန်စန်"

ချန်ဖူဝါက အလန့်တကြားအော်လိုက်မိ၏။

"ဘာဖြစ်လို့လဲ"

"ကျွန်တော့်ကို ဒီဆေးပေးခဲ့သူက ပြောပါတယ်၊ ဘယ်အဆိပ်မဆို ဒီဆေးလုံးက ဖြေနိုင်တယ်၊ ဒါပေမဲ့ အဆိပ်ငါးမျိုးကိုဏ်းရဲ့ ချိုကျဲကြွေဟွန်စန် အဆိပ်ပြင်းကိုတော့ ခြွင်းချက်ထားရမယ်တဲ့"

"ဟုတ်လား ... ရှင့်ကို ဆေးလုံးပေးတာ ဘယ်သူတုံး"

"ဆရာကြီး ထန်ပိုင်ချွမ်းပါ"

"ကျွန်မတော့ မကြားဖူးဘူးရှင့်"

"ထန်မျိုးရိုးထဲမှာ ဝါအကြီးဆုံးပုဂ္ဂိုလ်တစ်ယောက်ပဲ၊ သိုင်းလောကထဲမှာလည်း နာမည်ကြီးတဲ့ ပုဂ္ဂိုလ်ပဲ"



"ဪ ... ထန်မျိုးရိုးရဲ့ ဂိုဏ်းချုပ်ခေါင်းဆောင်ထက်တောင် ဝါကြီးတဲ့လူပေါ့"

ချန်ဖူဝါက ခေါင်းညိတ်ပြ၏။ သူက ဆက်လက်၍ ...

"အဆိပ်ငါးမျိုးဂိုဏ်းဟာ ထန်မျိုးရိုးရဲ့ဂိုဏ်းခွဲဆိုတာ ဟုတ်သလား"

"ဟုတ်ပါတယ်၊ အဆိပ်ငါးမျိုးဂိုဏ်းရဲ့ ဂိုဏ်းချုပ်ထန်ဆယ်ချီဟာ အဆိပ်ပညာဘက်မှာ ထူးချွန်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ပဲ၊ လက်နက်ပုန်းပညာဘက်မှာ ထန်မျိုးရိုးထက် မသာလွန်ပေမယ့် သူ တီထွင်ခဲ့တဲ့ အဆိပ်တွေကတော့ ထန်မျိုးရိုးထက် အဆမတန် သာလွန်နေပါတယ်၊ အထူးသဖြင့် အဆိပ်ငါးမျိုးထဲကို နောက်ထပ် အဆိပ်နှစ်မျိုး ရောစပ်ထားတဲ့ ချိုကျဲကြွေဟွန်စန်အဆိပ်ဆိုရင် အပြင်းထန်ဆုံးပါပဲ၊ ထန်မျိုးရိုးကတောင် ဒီအဆိပ်ကို ဖြေနိုင်စွမ်း မရှိသေးဘူးလို့ သိရတယ်ဗျာ ..."

သံချပ်ဝတ်စုံနှင့် မိန်းကလေးက ခေါင်းညိတ်၏။

"ဟုတ်ပါတယ်ရှင်၊ ကျွန်မရဲ့ဗိုလင်ခွမ်အဆိပ်မျိုးစုံဖြေဆေးတောင် လုံးဝအရာမရောက်ခဲ့ကြောင်း တွေ့ရတယ်၊ ဆေးကုန်သွားတာတောင် အဆိပ်က မကျသေးဘူးရှင့်"

"ထန်မျိုးရိုးရဲ့ အဆိပ်ဖြေဆေးဟာ ချိုကျဲကြွေဟွန်စန်ထဲက အဆိပ်ငါးမျိုးကို ဖြေနိုင်ပေမယ့် ကျန်တဲ့နှစ်မျိုးတော့ မဖြေနိုင်သေးဘူးဗျာ"

"အခုတော့ ကျွန်မက အတွင်းအားနဲ့ အဆိပ်တွေကို တစ်နေ

www.burmeseclassic.com

www.burmeseclassic.com



[illegible] စုစည်းထားနိုင်လိုက်ပါပြီ"

"ခင်ဗျား အတွင်းအားက ကောင်းလှပါတယ်၊ အကယ်၍ [illegible]ရှိရင် ခင်ဗျားကို ကုသနိုင်ပါလိမ့်မယ်ဗျာ"

သိချပ်ဝတ်စုံနှင့် မိန်းကလေးက နားမလည်စွာ ပြန်မေးသည်။

"ရှန်ယွင်ဆိုတာ ဘယ်သူတုံး"

"ဆေးဝါးကုသမှု ကျွမ်းကျင်တဲ့ မိန်းကလေးတစ်ယောက်ပါ"

"ရှင်သိတဲ့ မိန်းကလေး တော်တော်များသလား"

ချန်ဖူဝါက သူမ၏အမေးကို မဖြေပေ။

"ခင်ဗျား ကျွန်တော်နဲ့ ဆေးကုဖို့ လိုက်နိုင်မလား"

မိန်းကလေးက ခေါင်းခါ၏။

"ကျွန်မ အမေကလည်း အဆိပ်ပညာကို ကျွမ်းကျင်ပါတယ်၊ ချိကျဲကြွေပွန်စန်အဆိပ်ကို မေမေ ဖြေပေးနိုင်စွမ်းရှိမှာပါ"

"ခင်ဗျားက အိမ်ပြန်ချင်ပြီကိုး"

"ကျွန်မ လွှပ်ရှားနိုင်သရွေ့ ဘယ်သူမှ ကျွန်မကို တားဆီးလို့ မရပါဘူး"

ချန်ဖူဝါက ခေါင်းခါပြီးလျှာ ...

"ခင်ဗျားရဲ့ အတွင်းအားကောင်းကောင်းနဲ့ ဒီအဆိပ်ကို တစ်နေရာတည်း စုစည်းနိုင်ပေမယ့် အဆိပ်ဘုရင်လို အဆင်မြင့်သိုင်းသမားနဲ့တွေ့ရင် အန္တရာယ်ရောက်ကုန်လိမ့်မယ်၊ ခင်ဗျားရဲ့ သိုင်းပညာအစည်အချင်း မြင့်မားပေမယ့် အတွင်းအားထုတ်ပြီး ရန်သူကို တိုက်ခိုက်နိုင်သေးပါဘူး၊ အကယ်၍ အတွင်းအားထုတ်လိုက်ရင်



စုစည်းနေတဲ့အဆိပ်ဟာ တစ်ကိုယ်လုံးကို ပျံ့နှံ့သွားလိမ့်မယ်၊ ဒါကြောင့် ခင်ဗျား ခေတ္တခဏတော့ နားရဦးမယ်"

"ဒီကနေ ထွက်မပြေးရင်တော့ အသက်ရှင်မှာတဲ့လား"

ချန်ဖူဝါက စကားမပြောတော့ဘဲ ထွက်ပေါက်ကို လှမ်းကြည့်လိုက်သည်။ မိန်းကလေးက မေး၏။

"ဒီနေရာက ဘယ်လိုနေရာမျိုးလဲ"

"ဒါက ချောက်တစ်ခုလေ၊ နောက်ဘက်မှာ လမ်းကျဉ်းလေးတစ်ခုရှိပြီး လမ်းဘေးမှာတော့ တောအုပ်ကြီးရှိတယ်၊ ခန့်မှန်းခြေတစ်ရက်လောက်တော့ ဖြတ်သန်းရမယ်"

"အဆိပ်ဂိုဏ်းသားတွေ ဒီလမ်းကို မသိကြဘူးလား"

"သိတော့သိမှာပေါ့၊ ဒါပေမဲ့ ဒီနေရာက ကြမ်းတမ်းလွန်းတော့ ဘယ်သူမှ မရောက်နိုင်ဘူးလို့ သူတို့တွက်ထားပုံရတယ်"

မိန်းကလေးသည် ရိက္ခာများ၊ ရေဘူးများနှင့် ကြိုးခွေများကို ကြည့်ပြီး ...

"ရှင်က ဒီမှာ ပုန်းနေတာလား"

"မဟုတ်ပါဘူး၊ ဒါ ကျွန်တော့်လူတွေလုပ်ထားတဲ့နေရာပါ၊ အရေးပေါ်ထွက်ပေါက်ပေါ့ဗျာ"

မိန်းကလေး အံ့သြသွားသည်။ ချန်ဖူဝါက ဆက်ပြော၏။

"ခင်ဗျား သက်သာပြီဆိုရင် ကျွန်တော်တို့ ဒီကနေထွက်သွားကြရအောင်"

မိန်းကလေးက ချန်ဖူဝါ၏တည်ကြည်သော မျက်နှာအရာကို ကြည့်၍ ခေါင်းညိတ်ပြမိ၏။

www.burmeseclassic.com

www.burmeseclassic.com



☆

ချန်ဖူဝါက ခိုင်မြဲသောကျောက်တုံးတစ်တုံးတွင် ကြိုးချည်လိုက်ပြီး ကြိုးခွေကို ချောက်ကမ်းပါးအောက် ပစ်ချလိုက်သည်။

ကြိုး၏အရှည်က အတော်ပင် တိတိကျကျဖြစ်နေကြောင်း တွေ့မှ ကြိုးကို ပြန်ဆွဲတင်လိုက်၏။

"ခင်ဗျားကို အောက်ရောက်အောင် အရင်ချပေးလိုက်မယ်"

သံချပ်ဝတ်စုံနှင့်မိန်းကလေးသည် ထူးခြားသော ခံစားမှုတစ်ခု ဖြစ်ပေါ်လာ၏။ သို့သော် နှုတ်ပိတ်ကာစကားမပြောဘဲနေ၏။

ချန်ဖူဝါက သူမကို ကြိုးဖြင့် အောက်ရောက်အောင် ညင်သာစွာ ချပေးလိုက်၏။ ထို့နောက် ရိက္ခာနှင့် သောက်ရေများကို ချပေးလိုက်၏။ နောက်ဆုံးကျမှ သူ ဆင်းလာသည်။

သံချပ်ဝတ်စုံနှင့်မိန်းကလေးက ချီးကျူးလိုက်၏။

"ရှင့်ရဲ့လှုပ်ရှားမှုက တော်တော်လျင်မြန်ဖျတ်လတ်တာကိုး"

ချန်ဖူဝါက ရယ်မောရင်း ...

"ဒီထက်မက မြင့်တဲ့ချောက်ကို ကျွန်တော် အတက်အဆင်း လုပ်ခဲ့ဖူးသေးတယ်ဗျာ၊ ခင်ဗျား ယုံသလား"

"ယုံပါတယ်၊ အကယ်၍ ကျွန်မက ရှင့်ကို ရုတ်တရက် တိုက်ခိုက်လိုက်ရင် ရှင် ရှောင်နိုင်မလား"

ချန်ဖူဝါက တည်တည်ကြည်ကြည်ပင် ပြောသည်။

"ခင်ဗျားနဲ့ကျွန်တော် ရန်ငြိုးမှမရှိတာဘဲ၊ နောက်ပြီး ခင်ဗျားကို စေခိုင်းတဲ့လူလည်း မရှိဘူး"

သံချပ်ဝတ်စုံနှင့်မိန်းကလေးက အေးစက်စွာ ပြော၏။



"ကျွန်မ ဘာလုပ်တယ်ဆိုတာ ရှင်သိနေပြီပေါ့"

"သိပ်မသိသေးပါဘူး"

ချန်ဖူဝါသည် ကြိုးခွေများကို မီးရှို့ပစ်လိုက်၏။

မိန်းကလေးက ချီးကျူးပြန်သည်။

"ရှင် အလုပ်လုပ်တာ သိပ်ပိရိတာပဲ၊ သာမန်ရိုးရိုးသိုင်းလောကသားဆိုရင် ရှင့်လောက် သေသပ်ပိရိမှာ မဟုတ်ဘူး"

"ကျွန်တော်က အထူးလေ့ကျင့် သင်ကြားခဲ့ရတဲ့သိုင်းသမားတစ်ယောက်ပဲဗျာ၊ ဘယ်လိုနေရာမျိုးမှာ ဘယ်လိုလုပ်ကိုင်ရမယ်ဆိုတာ ဆရာတွေက သေသေချာချာ သင်ကြားပေးထားတယ်ဗျ"

သံချပ်ဝတ်စုံနှင့်မိန်းကလေးက အေးစက်စက်ရယ်၏။

"ကျွန်မလည်း အထူးလေ့ကျင့်ခဲ့တဲ့ လူသတ်သမားတစ်ယောက်ပဲ၊ လူတစ်ယောက်ကို ဘယ်လိုသတ်ဖြတ် လုပ်ကြံရမယ်ဆိုတာ ကျွန်မ အထူးလေ့ကျင့်ခဲ့တယ်ရှင့်"

ချန်ဖူဝါက ရှေ့သို့လျှောက်လှမ်းရင်း ...

"ဟုတ်ပါတယ်၊ လေ့ကျင့်သင်ကြားပုံက တူညီကြပါတယ်"

"ဒါပေမဲ့ ရှင်က လူသတ်သမားတစ်ယောက်မှ မဟုတ်တာ"

"ကျွန်တော်လည်း လူသတ်သမားတစ်ယောက်လို့ ဆိုနိုင်ပါတယ်၊ ဒါပေမဲ့ ... ကျွန်တော်ဟာ အမှုတော်ထမ်း လူသတ်သမားပါ"

"အမှုတော်ထမ်း လူသတ်သမား"

သူမ အံ့သြစွာ ရေရွတ်လိုက်၏။ ထို့နောက် ဆက်မေးသည်။

"ဘယ်လို အမှုတော်ထမ်းလဲ"

"ဘုရင်ဧကရာဇ်ကြီးရဲ့ အမှုတော်ထမ်းဆောင်တဲ့ လျှို့ဝှက်

www.burmeseclassic.com



သိုင်းသမား အမှုတော်ထမ်းပေါ့"

မိန်းကလေးသည် သဘောပေါက်သွား၏။

"သြော် ... ရှင်က လီတုန်းယန်လူသတ်မှုနဲ့ ကျွန်မနောက်ကို လိုက်တာကိုး"

"ဟုတ်တယ် ... စန်ကွန်းဆွေနဲ့ ထိုင်ဖိန်အန်းလို့ဝမ် လုံဖေး အတွက်လည်း ပါတယ်"

သံချပ်ဝတ်စုံနှင့် မိန်းကလေးသည် တွံခနဲ ရပ်လိုက်ပြီး —

"စန်ကွန်းဆွေလည်း ဘုရင့်အမှုထမ်းလား"

"ဟုတ်တယ်ပဲ ဆိုရမှာပေါ့"

"ဒါကြောင့် သူတို့ရဲ့ ကိုယ်ရံတော်သိုင်းသမားတွေက ဒီလောက် များရတာကိုး"

သူမသည် ချန်ဖူဝါကို အသေအချာကြည့်ကာ မေးလိုက်၏။

"ဒါဖြင့် ရှင်က ကျွန်မကိုဖမ်းဖို့ လာတာလား"

ချန်ဖူဝါက လှိုက်လှဲစွာ ရယ်မောလေတော့၏။

"ကျွန်တော်သာ ဒီအမိပ္ပာယ်ရှိရင် ခင်ဗျားနဲ့ ဒီလမ်းပေါ် ရောက်လာနိုင်ပါ့မလား"

"ကျွန်မတော့ နားမလည်တော့ဘူးရှင်"

သူမက ခေါင်းယမ်းရင်း ပြောလေ၏။

"ကျွန်တော့်တာဝန်က ဒီကိစ္စကို စုံစမ်းထောက်လှမ်းဖို့ပဲ"

"ကျွန်မက ကြေးစားလူသတ်သမားတစ်ယောက်ပဲ၊ ပိုက်ဆံ ရရင် လူသတ်ပေးတယ် ... ဒါပဲ"

"ဟုတ်ပါတယ်၊ အပေါ်ယံကကြည့်ရင် ရှင်းနေပါတယ်



ဒါပေမဲ့ ..."

ချန်ဖူဝါသည် စကားလမ်းကြောင်းပြောင်း၍ ပြောလိုက်၏။

"ဒီလမ်းကနေ မြန်မြန်သွားကြစို့"

မိန်းကလေးကလည်း ချန်ဖူဝါနောက်မှ လျင်မြန်စွာ လိုက်လာလေသည်။

☆

"ခင်ဗျားက ဒီကို ဘာကြောင့် လာရတာလဲ"

"ရှင်က ကျွန်မနောက် လိုက်လာတာတောင် ကျွန်မ ဘာကြောင့် လာရတာကို မသိဘူးလား"

"ခင်ဗျား ကြူးချမ်ကို သတ်ဖြတ်ဖို့ ဒီဝူတုမင်တောင်ကြားကို ရောက်လာရတာလို့ ကျွန်တော် ထင်တယ်"

သူမ အံ့သြသွားပြန်၏။

"ရှင့်သတင်းက တယ်တိကျပါလား"

"ဟိုနေ့က ကျွန်တော်ဟာ ခင်ဗျား မြင်းလှည်းပေါ်မှာ လိုက်ပါလာတာဗျ"

"ရှင်ဆိုလိုတာက မြေအောက်လှိုဏ်လမ်းကြောင်းထဲကို ရှင် ရောက်ခဲ့တယ်လို့ ဆိုလိုတာပေါ့"

"ဟုတ်ပါတယ်၊ ကျွန်တော် ရောက်ခဲ့တယ်"

ချန်ဖူဝါက ဝန်ခံပြောဆို၏။ မိန်းကလေးက အေးစက်စက် ရယ်ပြီး ... "ဒါဆို ရှင်မသိတာ ဘာရှိသေးလို့လဲ"

ချန်ဖူဝါက တည်ငြိမ်စွာပြောသည်။

"ကျွန်တော် ပြောပြတာကို အရင်နားထောင်ပြီးမှ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



သိချင်တာတွေကို ခင်ဗျား ပြောပြပေါ့ ... ဟုတ်လား"

ချန်ဖူဝါသည် သူစုံစမ်းသိရှိရသမျှ အကုန်အစင် ဖွင့်ပြောလိုက်၏။

စန်ကွန်းဆွေ လုပ်ကြံသတ်ဖြတ်ခံရချိန်မှစ၍ ယခုထိ ဖြစ်ပျက်သမျှ အကြောင်းစုံကို တစ်လုံးမကျန် ပြောပြတော့၏။

ချန်ဖူဝါ၏ပြောပြချက်ကို ကြားရသော သံချပ်ဝတ်စုံနှင့် မိန်းကလေးသည် အလွန်အံ့ဩတုန်လှုပ်သွား၏။ ထိုမှတစ်ဆင့် အလွန်ဒေါသထွက်ကာ မယုံကြည်နိုင်အောင် ဖြစ်နေ၏။

"ရှင်ပြောတာအားလုံး တကယ်ဟုတ်ရဲ့လား"

ဟု သက်ာမကင်းနှင့် ချန်ဖူဝါကို မေးလေ၏။

"ကျွန်တော် ... ခင်ဗျားကို လိမ်စရာအကြောင်း မရှိပါဘူး။ ဒါတွေအားလုံး အဖြစ်မှန်တွေချည်းပဲ၊ ဖြစ်နိုင်မဖြစ်နိုင်ကိုလည်း ခင်ဗျား စဉ်းစားဦးပေါ့"

သူမက သက်ပြင်းချကာ ...

"ဟွားဆန်နန်သစ္စာဖောက်နေတာတောင် ကျွန်မ မသိရဘူး"

"ထင်းတီတွေအဖွဲ့အစည်းဟာ ဘုရင်ကေရာဇ်ကို ပုန်ကန်တဲ့ အဖွဲ့အစည်းဆိုတာ ခင်ဗျားမသိဘူးပေါ့ ... ဟုတ်လား"

သံချပ်ဝတ်စုံနဲ့လူက ခေါင်းညိတ်ပြ၏။

"အင်း ... ဒီအကြောင်းတွေကို ကျွန်မ လုံးဝမသိခဲ့ဘူး"

သူမက ဆက်ပြော၏။

"ကြွေလှဲ့လိုပိုင်ရှင် ကျူးချမ်ဟာ ဘာကြောင့် ဘုရင်ကေရာဇ်ရဲ့အမတ်ကြီးကို လုပ်ကြံသတ်ဖြတ်ရတယ်ဆိုတာ ကျွန်မ အစက မစဉ်းစားမိပါဘူး။ ဒါကို ကျွန်မက လျစ်လျူရှုထားခဲ့တယ်၊ ဒါ ... ကျွန်မအမှားပဲရှင်၊ နောက် .. ဟွားဆန်နန်ဟာ ကျွန်မတို့အဖွဲ့အစည်းကို သစ္စာဖောက်မယ်ဆိုတာ ကျွန်မ လုံးဝမယုံကြည်ခဲ့ဘူး ... အင်း"



"ခင်ဗျားတို့ အဖွဲ့ထဲမှာ ဟွားဆန်နန်ဟာ အရေးပါအရာရောက်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ပဲ၊ ဒါကြောင့် ဆဲမာဖြူက သူတို့ကို အသုံးချလိုက်တာပဲ"

"ဆဲမာဖြူ ... ခွေးတိရစ္ဆာန်"

သံချပ်ဝတ်စုံနှင့်မိန်းကလေးက တောက်ခေါက်ပြီး အော်လိုက်၏။

"ဆဲမာဖြူနဲ့ အဆိပ်ငါးမျိုးဂိုဏ်းမှာ မဟာရန်ငြိုးရှိတယ်လို့ ကျွန်တော်ထင်မှတ်ခဲ့သေးတယ်၊ နောက်မှ သေချာပြန်စဉ်းစားတော့ မဖြစ်နိုင်ကြောင်း တွေ့ရတာပဲ၊ သူတို့မှာ တခြားအကြံအစည်တစ်ခု ရှိလိမ့်မယ်"

"ကျွန်မတို့အဖွဲ့ရဲ့ ယုံကြည်ချက်သန္နိဋ္ဌာန်ကတော့ သူများဆီက ငွေယူခဲ့ရင် သူများရဲ့ အန္တရာယ်ကို ရှင်းလင်းပေးရမယ်လို့ သစ္စာခံယူထားတယ်၊ ဒါကြောင့် လုံဖေးကိုသတ်ဖို့ ကျွန်မမှာ တာဝန်ကင်းသေးဘူး"

"ဒါတွေက သူတို့ တမင်ဖန်တီးလုပ်ကြံထားတာပါ ခင်ဗျား စိတ်ထဲစွဲမထားသင့်ဘူးခင်ဗျာ"

"ရှင်ပြောသလိုဆို သူတို့ရဲ့ အကြံအစည်ကြီးက ရှင်တို့နဲ့ ဆက်စပ်နေပြီပေါ့"

"ဒါပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကျွန်မကို ကယ်တင်ရတာ ဘာရည်ရွယ်ချက်နဲ့လဲ၊ ရှင်သိတဲ့အတိုင်း ဆဲမာခြိုနဲ့ပတ်သက်လို့ ကျွန်မ ဘာမှမသိဘူး"

"ဒါတွေကို ကျွန်တော် နားလည်ပါတယ်"

"ဒါဖြင့် ကျွန်မကို အသုံးပြုပြီး ဆဲမာခြိုကို ရှင်းပစ်မလို့လား"

ချန်ဖူဝါက ခေါင်းခါပြ၏။

"ခင်ဗျားဘာသာ ဆဲမာခြိုကို ရှင်းချင်ရှင်း၊ မရှင်းချင်နေ ခင်ဗျားသဘောပဲ၊ ဒီကိစ္စနဲ့ပတ်သက်လို့ ခင်ဗျားကို ဘာယ်သူမှမစေခိုင်းနိုင်ဘူး"

ချန်ဖူဝါက သိမ်မွေ့စွာ ဆက်ပြော၏။

"ခင်ဗျားအနေနဲ့ ကျွန်တော်တို့ဘက်က ဝင်ရောက်ကူညီနိုင်ရင်တော့ ပိုကောင်းတာပေါ့၊ ဒါပေမဲ့ ခင်ဗျားတို့နဲ့ ကျွန်တော်တို့ အ… တမ်းအဆက်အသွယ်လုပ်ဖို့ကလည်း သိပ်မလွယ်လှပါဘူးလေ"

"ဟုတ်ပါတယ်၊ ကျွန်မဟာ စနကွန်းဆွေနဲ့ လီတုန်းယန်… သတ်ခဲ့တဲ့ လူသတ်တရားခံပဲရှင်၊ ရှင်တို့နဲ့ အဆက်အသွယ်လုပ်… ကျွန်မဟာ မကြာခင် ကြိုးစင်ပေါ်ရောက်သွားမှာပေါ့"

ချန်ဖူဝါက မချိပြုံးပြုံးကာ …

"ခင်ဗျားနေရာမှာဆို ကျွန်တော်လည်း ဒီလိုပဲ ယူဆမှာ…"

မိန်းကလေးက …

"ရှင်တို့နဲ့လက်မတွဲနိုင်မှန်းသိလျက်နဲ့ ကျွန်မကို ဘာကြော… ကယ်တင်ရတာလဲ"

ချန်ဖူဝါက ရယ်မောရှ် ရှင်းပြ၏။

"ခင်ဗျားနဲ့ လက်မတွဲနိုင်ပေမယ့် ခင်ဗျားကိုအကြောင်း…



ဖွင့်ပြောလိုက်တော့ နောက်ဆို ဆဲမာခြိုကို ခင်ဗျားက လူသတ်ပေးမှာ မဟုတ်တော့ဘူးပေါ့၊ ဒါကြောင့် ကျွန်တော်က ကယ်ရတာပါ"

"ကျွန်မ သေသွားရင် ပိုမကောင်းဘူးလား"

"ခင်ဗျားသာ သေသွားရင် ဆဲမာခြိုရဲ့ ရည်ရွယ်ချက်ဟာ အောင်မြင်သွားလိမ့်မယ်၊ ခင်ဗျား မသေသေးတဲ့အတွက် ဆဲမာခြိုရဲ့ ရန်သူဖြစ်လာမယ်ဆိုတော့ ကျွန်တော်တို့အတွက် အကျိုးအမြတ်ပိုရှိတာပေါ့ … မဟုတ်ဘူးလား"

"ရှင်က ဒီရည်ရွယ်ချက်နဲ့ ကျွန်မကိုကယ်တင်ရတာလား"

"ဆဲမာခြိုက ကျွန်တော်တို့ရဲ့ ရန်သူဆိုတော့ သူ့ရဲ့အကြံအစည်ကို ကျွန်တော်တို့က တတ်နိုင်သရွေ့ ဖျက်ဆီးပစ်ရမှာပေါ့၊ ကျွန်တော်တို့က ဧကရာဇ်ကြီးအတွက် အလုပ်လုပ်ရတဲ့သူတွေပဲဗျာ"

သိချပ်ဝတ်စုံနှင့်သူက မျက်နှာကလေးနီနီဖြင့် ပြော၏။

"ရှင့်ကို ကျွန်မက ပထမဦးဆုံးအကြိမ် ကြုံတွေ့ခဲ့ရတာပါ"

ချန်ဖူဝါမှာ ထိုစကားကြောင့်အံ့ဩသွား၏။ မိန်းကလေးက …

"ကျွန်မနာမည် ဘယ်လိုခေါ်တယ်ဆိုတာ ရှင် ဘာကြောင့် မမေးတာလဲ၊ ရှင်မသိချင်လို့လား"

"သိချင်ပါတယ်ဗျာ၊ ခင်ဗျားကို ဘယ်လိုခေါ်ရမှာလဲ"

"စွမ်းစွမ်း …"

ချန်ဖူဝါက နှုတ်မှရေရွတ်လိုက်သည်။

"သိပ်ကောင်းတဲ့နာမည်ပဲ"

"ဟုတ်လား … ကျွန်မက ရှင် သဘောကျမှာ မဟုတ်ဘူးလို့ စိုးရိမ်နေတာရှင့်"

www.burmeseclassic.com

www.burmeseclassic.com



ချန်ဖူဝါက နားမလည်သောမျက်နှာဖြင့် ကြည့်၏။

"ကျွန်တော်က ဘာကြောင့်များ သဘောမကျရမှာလဲ"

"ရှင့်နာမည်က ချန်ဖူဝါဆိုတော့ ပန်းစောင့်တဲ့စေတမန်လို့ အဓိပ္ပာယ်ရတယ် မဟုတ်လား။ အကယ်၍ ကျွန်မနာမည်က နှင်းဆီ ဆိုပယ်၊ ခရေတို့ စံတဲ့ပန်းနာမည်ရှိတယ်ဆိုရင် ရှင့်ရဲ့စောင့်ရှောက်မှုကို ခံရတော့မှာပေါ့နော်"

ချန်ဖူဝါက တဟားဟားရယ်မောမိတော့၏။ တကယ်တော့ စွမ်းစွမ်းဆိုသော မိန်းကလေးမှာ ရက်စက်ကြမ်းကြုတ်သော လူသတ်သမားတစ်ယောက် မဟုတ်ပါလား။ စွမ်းစွမ်းက မေး၏။

"ရှင့်နာမည်က ရှင်မှည့်တာလား"

"ကျွန်တော့်ဖခင်ပေးတဲ့နာမည်ပါ။ ကျွန်တော့်ဖခင်ဟာ ပန်းကို အင်မတန်နှစ်သက်စွဲလမ်းတဲ့ လူတစ်ယောက်ပါ"

"ဒါကြောင့် ရှင့်အဖေက ရှင့်ကို ပန်းစောင့်ရှောက်စေအောင် ဒီနာမည်ပေးတာပေါ့နော်"

"ပန်းစိုက်တယ်ဆိုတာ ပညာတစ်မျိုးပါ၊ ကျွန်တော့်ရဲ့ ဝမ်ဟွာဂေဟာဆိုရင် ပန်းမျိုးစုံ ဝေဆာဖူးပွင့်နေတာပဲ"

"ရှင့်ဂေဟာမှာ ပန်းမျိုးထောင်သောင်းချီပြီး ရှိမှာပေါ့နော်"

"ထောင်နဲ့ချီမရှိတာတောင် ရာနဲ့ချီတော့ရှိပါတယ်"

"ဒါဆို ပန်းတွေပွင့်တဲ့အချိန်ကျရင် ရှင့်ဝမ်ဟွာဂေဟာက တော်တော်လှပနေမှာပေါ့နော်"

"ဟုတ်တယ်၊ ရာသီဥတု ဘယ်လောက်ဆိုးဆိုး ကျွန်တော် ဂေဟာမှာတော့ အမြဲတမ်း ပန်းရနံ့နဲ့ သင်းကြိုင်နေတယ်"



စွမ်းစွမ်းသည် စိတ်ဝင်စားစွာ ပြော၏။

"ကျွန်မလည်း တစ်ခေါက်လောက် လာကြည့်ဦးမယ်"

ချန်ဖူဝါက ပြန်မေးလိုက်၏။

"ခင်ဗျား ... မသိဘူးလား"

စွမ်းစွမ်းက နားမလည်စွာကြည့်သည်။

"ကျွန်မ ... ဘာကိုသိရမှာလဲ"

"ကျွန်တော့်ပန်းဂေဟာကို ထင်းတိဗွေအဖွဲ့သားတွေက မီးရှို့ဖျက်ဆီးပစ်လိုက်ပြီလေ"

စွမ်းစွမ်းသည် အလွန်နှမြောသောအမူအရာဖြင့် စုတ်သပ်လိုက်၏။

"ဟင် ... ကျွတ် ...ကျွတ် ... သူတို့က ရက်စက်လှချည်လား၊ ဒါကြောင့် ရှင်က လုံဖေးလက်အောက်ကို ဝင်အမှုထမ်းရတာကိုး"

"ဘုရင်ဧကရာဇ်လက်အောက်မှာ ကျွန်တော် အမှုထမ်းရတဲ့ ရည်ရွယ်ချက်က တိုင်းပြည်နဲ့လူမျိုးကို ကာကွယ်စောင့်ရှောက်ဖို့ပါ၊ ခင်ဗျားထင်သလို ကိုယ်ရေးကိုယ်တာရန်ငြိုးကြောင့် မဟုတ်ပါဘူး"

စွမ်းစွမ်းက ချီးကျူးသောအကြည့်ဖြင့် ကြည့်ကာ ...

"ရှင်ဟာ ... တကယ်လည်း စိတ်ထားမွန်မြတ်လှတဲ့ လူတစ်ယောက်ပဲ"

"လူ့ဘဝမှာ အဓိပ္ပာယ်ရှိရှိ၊ အကျိုးရှိရှိ လုပ်ဆောင်ရတာဖို့ လိုတယ်ဗျာ"

"ကျွန်မကတော့ အသပြာပဲ အရေးကြီးတယ်လို့ယူဆတယ်"

"လောကကြီးမှာ ပိုက်ဆံကလည်း အရေးကြီးလှပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ဟာ ပိုက်ဆံရှိတိုင်း အလိုရှိသမျှအားလုံး မရရှိနိုင်ပေမယ့် ပိုက်ဆံမရှိရင်တော့ ဘာတစ်ခုမှရမှာ မဟုတ်ဘူးပေါ့"

"ဒါဆို ... ပိုက်ဆံဟာ အရေးကြီးတယ်ဆိုတာ ရှင် လက်ခံတယ်ပေါ့"

ချန်ဖူဝါက ခေါင်းညိတ်ပြသည်။

"ဒါပေမဲ့ လောကကြီးမှာ ငွေနဲ့ဝယ်လို့မရတဲ့ပစ္စည်း၊ ငွေနဲ့နိုင်းလို့မရတဲ့ကိစ္စတွေ ရှိတယ်ဆိုတာလည်း ခင်ဗျားလက်ခံရမယ်"

"မဟုတ်ဘူး ... ကျွန်မတော့ သိပ်မယုံကြည်ဘူး"

"ဥပမာ ... လောကကြီးမှာ ငွေရှိတဲ့ သူဌေးသူကြွယ်တိုင်း မဖျားမနာဘူးဆိုတာ ရှိရဲ့လား"

စွမ်းစွမ်းသည် ခေါင်းငုံ့ကာ စဉ်းစားနေတော့သည်။

သူမကို ကြည့်ကာ ချန်ဖူဝါက ဆက်၍ပြောသည်။

"နောက် ... ဥပမာတစ်ခု ဆိုပါစို့ ... မိန်းကလေးရဲ့ အလှအပ၊ လောကကြီးမှာ ငွေချမ်းသာသူတိုင်း သူတို့ရဲ့အလှအပကို အိုမင်းရင့်ရော်မလာအောင် ထိန်းနိုင်သလား"

စွမ်းစွမ်းသည် ချန်ဖူဝါ၏စကားကို စဉ်းစားနေဆဲပင်။

ချန်ဖူဝါက စိတ်ရှည်စွာ ဆက်ပြောပြန်၏။

"လူ့လောကထဲမှာ နေထိုင်ကြသူတိုင်းဟာ ငွေကိုမက်မောသူတွေ များပြားလှတယ်၊ ကျွန်တော်ပြောသလိုပေါ့ ... ငွေဟာ အရေးမပါဘူး မဟုတ်ပါဘူး ... အရေးပါပါတယ်၊ ဒါပေမဲ့ ဒါဟာ အဓိကအချက်တော့ မဟုတ်ဘူး၊ ငွေချမ်းသာပြီး တစ်နေကုန် စိတ်ညစ်နေရတဲ့လူဟာ လူဖြစ်ရကျိုး နပ်မလား ... စဉ်းစားကြည့်လေ"



စွမ်းစွမ်းသည် စကားမပြောဘဲ ခေါင်းညိတ်ပြ၏။

ချန်ဖူဝါက မေးသည်။

"ခင်ဗျားရော လူ့လောကကြီးမှာ နေထိုင်ရတာ ပျော်ရွှင်ချမ်းမြေ့ရဲ့လား"

စွမ်းစွမ်းသည် ရုတ်တရက် ငိုင်ကျသွား၏။

ချန်ဖူဝါက ဆက်ပြော၏။

"ကြေးစားလူသတ်သမားရဲ့ဘဝဟာ အသက်အန္တရာယ် အလွန်များပါတယ်၊ ကိုယ်က သူများကိုမသတ်နိုင်ရင် သူများက ကိုယ့်ကို သတ်သွားလိမ့်မယ်၊ လူသတ်တဲ့အချိန်မှာ ရန်သူရဲ့ ထောင်ချောက်ပရိယာယ်ကိုလည်း ဂရုစိုက်ရသေးတယ်၊ အထူးသဖြင့် ခင်ဗျားလို မိန်းကလေးနဲ့ ဒီအလုပ်ဟာ ပိုပြီး မအပ်စပ်ပါဘူးဗျာ"

"အင်း ... ဟုတ်တယ်၊ ဥပမာ ယခုတစ်ကြိမ်ပေါ့"

"ဒါပေမဲ့ ... လူသတ်သမားဟာ နေ့တိုင်း လူမသတ်ဘူး အနားယူချိန်တော့ ရှိပါတယ်"

"ဟုတ်ပါတယ်"

"ဒါဆို ... ခင်ဗျား အားလပ်ချိန်မှာ ဘာတွေလုပ်သလဲ"

"သိုင်းပညာလေ့ကျင့်တယ်၊ လူသတ်နည်းပေါင်းစုံ လေ့လာတယ်၊ နောက် ... နောက် ..."

ချန်ဖူဝါက ကြားဖြတ်၍ ...

"သူငယ်ချင်းနဲ့ လျှောက်မလည်ဘူးလား စိတ်ပေါ့ကိုယ်လွတ် ပျော်ပျော်ရွှင်ရွှင်မနေဘူးလား"

စွမ်းစွမ်းသည် အတော်ကြာစဉ်းစားပြီး —

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မမှာ သူငယ်ချင်း လုံးဝမရှိပါဘူးရှင်"

"ကိုယ်ရေးကိုယ်တာ ဖွင့်ပြောရတဲ့ သူငယ်ချင်းလည်း မရှိဘူးလား"

စွမ်းစွမ်း ခေါင်းခါပြ၏။

"မရှိဘူးရှင့်"

သူမသည် ချန်ဖူဝါကို သေချာစိုက်ကြည့်ပြီးမှ ...

"ကျွန်မတစ်သက်တာမှာ ဒီနေ့တစ်နေ့သာ စကားဒီလောက်များများ ပြောဖူးခဲ့ပါတယ်ရှင်"

ချန်ဖူဝါသည် အလွန်အံ့ဩသွားကာ ...

"ဟင် ... ဘာဖြစ်လို့ ဒီလိုဖြစ်ရတာလဲ"

စွမ်းစွမ်းက အတန်ငယ်စဉ်းစားပြီးမှ ...

"ကျွန်မ ဆရာသမားဟာ ကျွန်မ ငယ်စဉ်ကတည်းက လူ့လောကထဲမှာ လူကောင်းတစ်ယောက်မှ မရှိဘူးတဲ့၊ ဘယ်သူ့ကိုမှ မယုံကြည်ရဘူးလို့ ဆုံးမဩဝါဒပေးခဲ့တယ်"

"ဩော် ... ခင်ဗျားဆရာသမားက ပျော်ရွှင်မှုမရှိတဲ့လူဆိုတော့ ခင်ဗျားကိုလည်း ဒီလိုပဲ ဖြစ်စေချင်တာပေါ့"

"ဘယ်လိုလူမျိုးကို လူကောင်းလို့ ခေါ်သလဲ"

စွမ်းစွမ်းက ထူးခြားစွာမေး၏။

"စိတ်ကောင်းရှိပြီး သူတစ်ပါးကို ကူညီတတ်သူဟာ လူကောင်းပဲ"

စွမ်းစွမ်းက မယုံကြည်သလိုမေးသည်။

"ဒီလိုလူမျိုး တကယ်ရှိရဲ့လား"



"အများကြီး ရှိပါတယ်၊ ခင်ဗျားဟာ ဆရာသမားကြောင့် လောကကြီးကို မုန်းတီးမှုတစ်ခုတည်းနဲ့ ကြည့်နေခဲ့တာကိုး၊ လူတွေအားလုံး လူဆိုးမဟုတ်ပါဘူး၊ ခင်ဗျား လျှောက်ကြည့်ရင် သိလာပါလိမ့်မယ်"

"ကျွန်မဆရာသမားက ကျွန်မကို ဒီလိုလုပ်ခွင့်ပေးမှာမဟုတ်ဘူး"

သူမသည် ချန်ဖူဝါကိုကြည့်၍ ...

"ရှင်ဟာ သူတစ်ပါးကို ကယ်တင်တတ်သူမို့ လူကောင်းတစ်ယောက်ပေါ့နော်၊ ရှင် ကျွန်မကို ကယ်တင်တာဟာ ကျွန်မနဲ့ ပတ်သက်တဲ့ လျှို့ဝှက်ချက်ကို သိချင်လို့ မဟုတ်ပါဘူးနော်"

"ခင်ဗျားတို့ရဲ့အဖွဲ့အစည်းဟာ လျှို့ဝှက်တဲ့ အဖွဲ့အစည်းဆိုတာ ကျွန်တော်သိပါတယ်၊ အခုလိုပြဿနာမျိုးပေါ်ပြီးနောက်ပိုင်း ခင်ဗျားတို့ဟာ ဆဲမာဖြူကို အကူအညီပေးမှာ မဟုတ်တော့ဘူးလို့ ကျွန်တော် ယုံကြည်ပါတယ်"

"ဒါပေမဲ့ ကျွန်မက ရှင်တို့လူကို သတ်ခဲ့တယ် မဟုတ်လား"

"ခင်ဗျားကို တစ်စုံတစ်ယောက်က စေခိုင်းတာပဲ၊ ကျုပ်တို့က ဓားကို မရှာဘူး၊ အရင်းကိုပဲ ရှာတယ်"

ထိုစဉ် စွမ်းစွမ်းသည် ဒယီးဒယိုင် ဖြစ်သွား၏။

ချန်ဖူဝါက ဖေးမပေးလိုက်သည်။

"ဘယ်လိုဖြစ်တာလဲ"

စွမ်းစွမ်းက ...

"အရေးမကြီးပါဘူး၊ ကျွန်မ ပေါ့ဆမှုကြောင့် အဆိပ်ရှိန်

www.burmeseclassic.com

www.burmeseclassic.com



ပြန်တက်လာတာပါ၊ ကျွန်မ ထိန်းနိုင်ပါတယ်"

"စောစောက တစ်ခါတည်း သေသေချာချာလုပ်ရောပေါ့ စွမ်းစွမ်းရယ်"

ချန်ဖူဝါက အပြစ်တင်လိုက်၏။

ချန်ဖူဝါသည် အိတ်ထဲမှ ဆေးပုလင်းကိုထုတ်ကာ ...

"ဒီမှာ ဆေးဆယ်လုံး ကျန်သေးတယ်၊ အခု နှစ်လုံးထပ်သောက်လိုက်၊ ကျန်တာ ခင်ဗျားယူထား၊ လိုရင် ထပ်သောက်ပေါ့"

စွမ်းစွမ်းက လက်မခံချေ။

"ဒီဆေးတွေ ဘယ်လောက်တန်ဖိုးရှိတယ်ဆိုတာ ရှင် မသိဘူးလား"

"ဆေးဆိုတာ လူကိုကယ်ဖို့ပဲ၊ အလှကြည့်ဖို့မှ မဟုတ်တာ"

စွမ်းစွမ်းသည် ဆေးနှစ်လုံးသောက်ချပြီး မြေပေါ်ထိုင်ကာ အတွင်းအားဖြင့် ကုသနေတော့၏။

"ဒီတစ်ခါ သေသေချာချာလုပ်နော်"

ချန်ဖူဝါက သတိပေးလိုက်၏။

ချန်ဖူဝါသည် မတ်တတ်ရပ်ရင်း စွမ်းစွမ်းဟူသော မိန်းကလေးအကြောင်းကို စဉ်းစားနေမိသည်။

သည်မိန်းကလေးသည် အဘယ်ကြောင့် ကြေးစားလူသတ်သမားတစ်ယောက် ဖြစ်လာရသနည်း။ ကန့်လန့်ကာနောက်ကွယ်မှ ကြိုးကိုင်ဆရာကြီးကား မည်သူပေနည်း။



## အခန်း ( ၁၈ )
## ခြေရာခံလိုက်လာသော ရန်သူ

သုံးရက်ကြာအောင် ခရီးနှင်လာပြီးသော် သူတို့နှစ်ယောက်သည် အဆိပ်ငါးမျိုးဂိုဏ်း၏ ပိုင်နက်ထဲမှ လွတ်မြောက်လာခဲ့ကြ၏။

ထိုသုံးရက်အတွင်း ရွာနှင့်အိမ်ခြေဆို၍ တစ်ခုမျှ မတွေ့ရှိခဲ့ကြချေ။ ထိုသုံးရက်အတွင်း စွမ်းစွမ်းသည် ချန်ဖူဝါအား မေးခွန်းပေါင်းစုံ မေးမြန်းခဲ့သည်။ စွမ်းစွမ်းသည် တကယ်ပင် မသိနားမလည်ကြောင်း ချန်ဖူဝါ သိသောကြောင့် စိတ်ရှည်လက်ရှည် ရှင်းပြတတ်၏။

ဤမျှ ဗဟုသုတနည်းရှာသော စွမ်းစွမ်းအား ချန်ဖူဝါက တကယ်ပင် သနားမိလေ၏။

စွမ်းစွမ်း၏ဆရာသမားသည် စွမ်းစွမ်းအား လူသတ်ပညာမှလွဲ၍ တခြားသိမှတ်ဖွယ်ပညာများကို လုံးဝသင်မပေးခဲ့ကြောင်း ချန်ဖူဝါ တွေ့ရှိခဲ့ရပေ၏။

စွမ်းစွမ်းသည် သူမ၏လျှို့ဝှက်ချက်ကို တစ်စုံတစ်ရာမျှ ဖွင့်မပြောခဲ့ချေ။ ထို့အပြင် သူမ၏သံချပ်ဝတ်စုံကိုလည်း လုံးဝမချွတ်ဘဲနှင့် ခရီးနှင်လာ၏။ ထို့ကြောင့် ချန်ဖူဝါမှာ သူမ၏လုပ်သော [illegible]ခမ်းပါးလေးကိုသာ မြင်တွေ့ရသည်။ သူမ၏မျက်နှာကို ကြည့်ချင်သော်လည်း စွမ်းစွမ်းအား ခွင့်မတောင်းခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



တတိယမြောက်သောနေ့၏ ညနေစောင်းအချိန်တွင် သူတို့သည် တောအုပ်တစ်အုပ်ကိုဖြတ်ပြီး ချောင်းတစ်ခုကမ်းစပ်သို့ ရောက်ရှိလာကြသည်။ ထိုချောင်းကလေးကို ရောက်သောအခါ စွမ်းစွမ်းသည် ချောင်းရိုးတစ်လျှောက် မျှော်ကြည့်နေ၏။

ချန်ဖူဝါသည် စွမ်းစွမ်း၏အမူအရာကို အကဲခတ်နေသည်။

စွမ်းစွမ်းသည် အတန်ကြာငေးပြီးမှ ချန်ဖူဝါဘက်သို့ လှည့်ကြည့်သည်။ သူမသည် ကမ်းစပ်ရှိ ကျောက်တုံးကြီးတစ်တုံးပေါ်တွင် ထိုင်လိုက်၏။ ချန်ဖူဝါကိုလည်း ကျောက်တုံးတစ်တုံးပေါ်တွင် ထိုင်ရန် ညွှန်ပြလိုက်၏။

"ဒီမှာလာထိုင်ပါလား ရှင်"

ချန်ဖူဝါက အေးအေးဆေးဆေးမေးလိုက်၏။

"ကျွန်တော်တို့ ... ခွဲကြတော့မယ် မဟုတ်လား"

"ရှင် ..."

စွမ်းစွမ်း အံ့သြသွား၏။ အတန်ကြာမှ ...

"ရှင် ... ဘယ်လိုလုပ်သိသလဲဟင်"

"ဪ ... ခင်ဗျားက ချောင်းရိုးတစ်လျှောက် မျှော်နေတာကို၊ ခင်ဗျားမှာ အချိတ်အဆက်တစ်ခုခုရှိရမယ်လို့ ကျွန်တော် တွက်နိုင်တာပေါ့၊ လှေတစ်စင်း လာရမယ်"

"ရှင် တကယ်ပဲ အကုန်သိနေပါလား။ ရှင်နဲ့ သုံးရက်လောက် ခရီးအတူတူ ထွက်ခဲ့လို့သာ ရှင့်ကို မသင်္ကာမဖြစ်တော့တာ၊ မဟုတ်ရင် ကျွန်မတို့ရဲ့ လျှို့ဝှက်ချက်ကို ရှင် အစကတည်းက သိနေတယ်လို့ ကျွန်မ ယူဆမိတော့တယ်"



"လှေက ဘယ်အချိန်လောက် ရောက်လာမှာလဲ"

"သိပ်မလိုတော့ဘူး ... လာတော့မယ်"

"ဒီလိုဆိုရင် ကျွန်တော် သွားတော့မယ်"

"မသွားပါနဲ့ဦး။ ကျွန်မကို ရှင် နောက်ယောင်ခံမလိုက်ဘူးဆိုတာ ကျွန်မ သိနေပါတယ်"

"စိတ်ချပါ ... ကျွန်တော် နောက်ယောင်ခံမလိုက်ပါဘူး"

စွမ်းစွမ်းသည် သက်ပြင်းရှည်ကြီးတစ်ချက်ချပြီး ...

"ရှင် နောက်ယောင်ခံလိုက်တာကို ကျွန်မ သဘောကျပါတယ်ရှင်၊ ဒါပေမဲ့ ရှင်လိုက်လာတာကို ကျွန်မအတွက်တော့ တစ်ယောက်ယောက် တွေ့သွားရင် ရှင့်အတွက်ရော ကျွန်မအတွက်ရော အသက်အန္တရာယ်ဖြစ်နိုင်ပါတယ်၊ ဒါကြောင့်မို့ ရှင့်ကို မဖိတ်ခေါ်တာပါရှင်"

ချန်ဖူဝါက ခပ်တိုးတိုးပင်ပြောသည်။

"ကြုံရင် တစ်နေ့ပြန်တွေ့ကြရဦးမှာပေါ့"

စွမ်းစွမ်းသည် ခေါင်းမော့ပြီး ချန်ဖူဝါကို သေချာစွာကြည့်၏။

"ရှင် ... ရှင်နဲ့ကျွန်မ သူငယ်ချင်းဖြစ်နိုင်ပြီလားဟင်"

"ဟာ ... ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ၊ ခုလို ခင်ဗျားနဲ့ ကျွန်တော် သူငယ်ချင်းဖြစ်တာ သုံးရက်တောင်ရှိခဲ့ပြီပဲ"

စွမ်းစွမ်းသည် အလွန်ဝမ်းသာသွားပြီး ...

"ကျွန်မတစ်သက်မှာ မိတ်ဆွေသူငယ်ချင်းဆိုလို့ ရှင်တစ်ယောက်တည်းပဲ ရှိပါတယ်ရှင်"

စွမ်းစွမ်းသည် တုန်ယင်လှိုက်လှဲစွာ ပြောနေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ချန်ဖွဝါက ပြုံး၍ပြော၏။

"ခင်ဗျား ဘာအကူအညီလိုသလဲ၊ လိုတာပြောနိုင်ပါတယ်"

"အခုတော့ မလိုအပ်သေးပါဘူး၊ လိုအပ်လာတဲ့နေ့ရောက်ရင် ရှင့်ကို ကျွန်မ ဆက်ဆက်လာရှာပါ့မယ်"

"အခု ... အဆိပ်ရဲ့အခြေအနေကော ဘယ့်နှယ့်လဲ"

"ရှင်ပေးတဲ့အဆိပ်ဖြေဆေးဟာ ချိုကွဲကြွေဟွန်စန်အဆိပ်ကို အားလုံးတော့ မဖြေနိုင်ဘူး၊ ဒါပေမဲ့ အရေးမကြီးပါဘူး ကျွန်မ အိမ်ပြန်ရောက်ရင် ဒီအဆိပ်ဖြေဆေးကို ကုသနိုင်တဲ့လူက ကျွန်မကို ကုသပေးမှာပါ"

"ဒါဆိုလည်း ကောင်းတာပေါ့"

စွမ်းစွမ်းသည် စိတ်ပူစွာဖြင့် သတိပေးသည်။

"ရှင်လည်း အဆိပ်ငါးမျိုးဂိုဏ်းနဲ့ ရန်မဖြစ်နဲ့ဦးနော်၊ ကျွန်မ မိခဲ့တဲ့အဆိပ်ကို ရှင်မမိပါစေနဲ့"

"ကောင်းပါပြီ၊ သတိထားပါ့မယ်"

စွမ်းစွမ်းသည် သံချပ်ဝတ်စုံ၏လည်ပင်းအောက်တွင် ချိတ်ထားသော တံဆိပ်ပြားလေးတစ်ခုကို ဖြုတ်ယူလိုက်ပြီး ချန်ဖွဝါကို ပေးသည်။

"ကျွန်မတို့အဖွဲ့အစည်းရဲ့ တံဆိပ်ပဲ၊ ရှင်ယူထားပါ၊ ကျွန်မဆီ လာချင်ရင် ဒါနဲ့လာနိုင်တယ်"

စွမ်းစွမ်းက တိုးညင်းသောလေသံဖြင့် ပြောသည်။

"ရှင် ... ကျွန်မမျက်နှာကို မမြင်ချင်ဘူးလားဟင်"

"မြင်ချင်တာပေါ့ဗျာ၊ ခင်ဗျား ခွင့်မပြုနိုင်မှာစိုးလို့ ခွင့်



တောင်းတာပါ"

ချန်ဖွဝါက ညင်သာစွာ ပြောလေ၏။

စွမ်းစွမ်း၏လက်သည် မျက်နှာဖုံးပေါ်သို့ ရောက်သွားပြီး ဖြုတ်ချတော့မည်ဆဲဆဲ စိတ်ပြောင်းသွားဟန်ဖြင့် ရပ်ဆိုင်းသွားသည်။

"ကျွန်မမျက်နှာဟာ အခုကြည့်ကောင်းမှာ မဟုတ်သေးဘူး၊ ကျွန်မမိထားတဲ့အဆိပ်က သိပ်ပြင်းတယ် မဟုတ်လား၊ ရှင့်ကို ပထမဆုံးပြတဲ့အချိန်မှာ ကျွန်မမျက်နှာကလေး လှလှပပ ဖြစ်နေစေချင်တယ်"

စွမ်းစွမ်းကား ရှီးလှ၏။

သူစိမ်းယောကျ်ားပျိုတစ်ယောက်အား သူမ၏မျက်နှာလှလှလေး ပြလိုပါသည်ဆိုခြင်းက သူမ၏ ရှိုးသားသော စိတ်ခံစားကို တစ်ဝက်လှစ်ပြလိုက်ပြီဖြစ်ကြောင်း သူမ မသိရှာပေ။ ချန်ဖွဝါ ဘာပြန်ပြောရမှန်းမသိဘဲ ဖြစ်နေ၏။ စွမ်းစွမ်းက ...

"စိတ်ချပါရှင်၊ နောက်တစ်ခါတွေ့ရင် ကျွန်မ လှလှကလေး ပြင်ဆင်ထားပါ့မယ်၊ အခုတော့ ကျွန်မမျက်နှာကို မကြည့်ပါနဲ့ဦးရှင်"

ချန်ဖွဝါက ကရုဏာသက်စွာ စောင့်ကြည့်နေမိသည်။

စွမ်း စွမ်းက သူ့တစ်ကိုယ်တည်းပြောသလို ရေရွတ်နေ၏။

"အင်း ... လုံးဝမခွဲချင်ပါဘူး၊ ဒါပေမဲ့ မပြန်လို့မဖြစ်ဘူးလေ၊ ဘယ်ယဲ့ရွယ်ရွယ်နဲ့ ကျွန်မ မသေချင်သေးဘူး၊ ကျွန်မရဲ့အသက်ရှင်အောင် ဆေးပြန်ကုရဦးမယ်"

ထိုစဉ် လှော...ခတ်သံ ကြားလိုက်ရသဖြင့် ချန်ဖွဝါ ခေါင်းဆောင်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ … ကျွန်တော် ထွက်သွားရတော့မလား"

စွမ်းစွမ်းက အရေးတကြီးတား၏။

"မသွားပါနဲ့၊ သစ်ပင်ပေါ်တက်ပုန်းပြီး ကျွန်မသွားတာကို

စောင့်ကြည့်ပါလားရှင်"

ချန်ဖူဝါသည် ရိပ်ခနဲ သစ်ပင်ပေါ်သို့ ခုန်တက်သွားသည်။

စွမ်းစွမ်းသည် သက်ပြင်းတစ်ချက်ချပြီး မတ်တတ်ရပ်၍ …

၏။ သိပ်မကြာလှပါ။ လှေလေးတစ်စင်းသည် ကမ်းစပ်သို့ လှော် …

ခတ်လာ၏။ စွမ်းစွမ်းသည် သစ်ပင်ကိုတစ်ချက်ကြည့်ပြီး ဝမ်းနည် …

စွာဖြင့် နှုတ်ဆက်လိုက်၏။

"ကျွန်မ သွားတော့မယ်"

မကြာမီ လှေကလေးသည် ကမ်းစပ်ကို ဆိုက်ကပ်လာ …

စွမ်းစွမ်း လှေပေါ်ခုန်တက်လိုက်၏။

လှေကလေးကို လှော်ခတ်လာသူကား ဆံပင်ဖြူများ …

ခေါင်းလုံး ဖြူဖွေးအောင် ဖုံးလွှမ်းနေသည့် အဘွားအိုတစ်ယော …

ဖြစ်သည်။ ထိုအဘွားအိုသည် အသက်အရွယ်ကြီးရင့်နေပြီ ဖြစ်သော် …

လည်း မျက်လုံးအစုံက စူးရှတောက်ပလှ၏။ အဆင့်မြင့်သိုင်းပည …

တတ်ကျွမ်းထားကြောင်း ထင်ရှားလှပါသည်။ လှေပေါ်ရောက်လျှ …

အဘွားအိုက စွမ်းစွမ်းအား လှမ်းမေးသည်။

"သခင်မလေး … လောင်ကြိုကော"

စွမ်းစွမ်းသည် ထိုင်ချပြီးမှ …

"သေဆုံးသွားပြီ"

ဟု ဖြေလိုက်ရာ အမေအိုသည် တစ်ကိုယ်လုံး တုန်ခါသွား …



… တော့သည်။ အတန်ကြာမှ …

"ဘယ်သူ့လက်ချက်နဲ့ သေရတာလဲ"

"အဆိပ်ငါးမျိုးဂိုဏ်းသားတွေရဲ့လက်ချက်ကြောင့် သေတာ"

"ဂူတုမင်အဆိပ်ငါးမျိုးဂိုဏ်း"

အဘွားအိုက ရေရွတ်လိုက်သည်။

သူမသည် ဝါးလုံးရှည်ဖြင့်ထောက်ကာ တွန်းလိုက်၏။ လှေ …

… လေးသည် သူမ၏တွန်းအားကြောင့် ကမ်းမှခွာသွားလေသည်။

ထို့နောက် လှော်တက်နှစ်ချောင်းနှင့် လှော်ခတ်လေသည်။

… ကြာမီ ချန်ဖူဝါ၏မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

ချန်ဖူဝါသည် ပျောက်ကွယ်သွားသော လှေကလေးကို

… က်စိတစ်ဆုံးကြည့်ပြီးမှ သစ်ပင်ပေါ်မှ ခုန်ချလိုက်၏။ လာခဲ့သည့်

… နီးစဉ်အတိုင်း နောက်ကြောင်းပြန်ထွက်ခွာတော့သည်။

ချန်ဖူဝါ၏မျက်နှာ၌ ထူးခြားသောခံစားမှုအရိပ်အရောင်များ

… ဝ ပေါ်မနေပါချေ။

ချန်ဖူဝါတစ်ယောက် ဤကမ်းစပ်နှင့် မိုင်ဝက်နီးပါးခန့် ဝေး

… သွားသောအခါ ကမ်းစပ်နှင့် မနီးမဝေး မြက်တောထဲမှ လူ

… ယောက် တိုးထွက်လာ၏။ ထိုလူ၏မျက်လုံးများကား တောက်ပ

… ၏။ ထိုလူမှာ ဆဲမာခြုံပင် ဖြစ်ပါသည်။

ဆဲမာခြုံသည် ရှည်လျားသော အင်္ကျီရှည်၏ရှည်ထွက် …

… သောအစကို ခါးကြားထဲကို ထိုးထည့်ထား၏။ ကျယ်ပြန့်သော …

… နှစ်ဖက်ကို သေချာစွာစည်းထားသည်။

အဆင့်မြင့်သိုင်းသမားတစ်ယောက်သည် … ခြားလူတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို နောက်ယောင်ခံလိုက်နေသောအခါ အကျီကြောင့် ယော
ဘိုးသံပေါ်စိမ့်သောဂှာ ဤကဲ့သို့ပြင်ဆင်ထားတတ်၏။

ဆဲမာခြုံကဲ့သို့သော အဆင့်မြင့်သိုင်းသမားတစ်ယောက် ခ
နွာခွာမှ နောက်ယောင်ခံလိုက်လာလျှင် သူ့အားတွေ့ရှိရန် မလွယ်
ပါချေ။ ထို့ကြောင့် ချန်ဖူဝါနှင့်စွမ်းစွမ်းတို့က ဆဲမာခြုံ လိုက်လာ
သည်ကို သတိမထားမိကြခြင်း ဖြစ်ပါသည်။

ချန်ဖူဝါ ထွက်ခွာသွားသော အရပ်ဘက်သို့ကြည့်ရင်း ဆဲမာ
ခြုံသည် မျက်မှောင်ကြုတ်နေ၏။ သူ၏မျက်နှာပေါ်တွင် နှစ်သ
ဝမ်းသာသော အမူအရာ လုံးဝမရှိပါ။

သူ၏စိတ်နေသဘောထားကို သိရှိထားသူ ဖြစ်ပါလျှင် ယ
ဆဲမာခြုံသည် ဝမ်းသာနေကြောင်း သိရှိပါလိမ့်မည်။ အဘယ်ကြော
ဆိုသော် သူ၏စိတ်ထဲတွင် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေလျှင် သူ
မျက်နှာပေါ်၌ ဤသို့သော အမူအရာရှိတတ်သောကြောင့် ဖြစ်သည်

ဆဲမာခြုံသည် ဒေါသထွက်နေသောအခါ ပြုံးနေတတ်
သူ၏မျက်နှာပေါ်တွင် ပြုံးရယ်နေပြီဆိုလျှင် သူ၏စိတ်ထဲတွင် ဒေါ
ထွက်နေခြင်းပင် ဖြစ်သည်။

အကယ်၍ သူ၏မျက်နှာသည် အလွန်အလွန် ချိုသာစွာ
ပြုံးနေသောအခါ သူက လူတစ်ဦးကို သတ်တော့မည့် အမူအရာ
ဖြစ်ပါသည်။ စိန်ကဲ ရွှေကဲတို့ထက် လူကဲခတ်ရခက်သည်ဆိုခြင်း
ဆဲမာခြုံကဲ့သို့သော လူမျိုးကို ရည်ရွယ်ခြင်းသာ ဖြစ်ပါလိမ့်မည်



အခန်း ( ၁၉ )

## ကြီးမားသော အလောင်းအစား

ဝူတုမင်အဆိပ်ငါးမျိုးဂိုဏ်းတွင် ခန်းမဆောင်ကြီးတစ်ခုရှိ၏။

ခန်းမဆောင်သည် စည်းဝေးရာ ခန်းမဆောင်လည်းဖြစ်၏။
နတ်ရှိခိုး ပူဇော်ရာ အခန်းလည်း ဖြစ်၏။

ထိုခန်းမဆောင်ကြီးသည် ယခုအခါ အဆိပ်ဘုရင် ထန်
ဆယ်ချီ၏ စခန်းချရာဖြစ်နေပေပြီ။

အဆိပ်ဘုရင် ထန်ဆယ်ချီသည် ထန်ခြုံသေဆုံးပြီးနောက်
တောင်ကြားအတွင်းပိုင်းသို့ လုံးဝ ပြန်မနေထိုင်တော့ချေ။

နေ့တိုင်းလိုလို ထိုအခန်းထဲတွင်ထိုင်လျက် လက်အော က်
ငယ်သားများ စုံစမ်းရရှိသော သတင်းများကို ကြားနာလျက်ရှိ၏

ယနေ့ဆိုလျှင် ထန်ခြုံအသတ်ခံရပြီးသည့်ရက်မှ ခုနစ်ရက်
တိုင်လေပြီ။ သို့သော် ယခုထက်တိုင် သံချပ်ဝတ်စုံလူ၏သတင်း
တစ်စုံတစ်ရာ စုံစမ်းမရရှိခဲ့သေးပဲ ဖြစ်နေ၏။

အဆိပ်ဘုရင်သည် ယခင်ကဲ့သို့ပင် ပတ္တန်မလှုပ်
သူ၏မျက်နှာပေါ်မှာ အဝတ်နက်က ဖုံးအုပ်ထားသော
ကြောင့် သူ၏အမူအရာကို မည်သူမှ မတွေ့နိုင်ချေ
ထိုစဉ် ဝိုဏ်းသားတစ်ယောက်က ...

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲတွင် ကိုင်ထားသော ဖိတ်စာတစ်စောင်ကို အဆိပ်ဘုရင်အား ဒူးထောက်ပြီးပေးလေ၏။

"ဂိုဏ်းချုပ်ကြီးခင်ဗျာ .. ထင်းတိထွေခေါင်းဆောင် လာရောက် တွေ့ဆုံခွင့်တောင်းပါတယ်ခင်ဗျာ"

"ထင်းတိထွေခေါင်းဆောင်"

အဆိပ်ဘုရင်က အံ့ဩစွာ ရေရွတ်လိုက်၏။

"ဆဲမာခြို့က ဘာလာလုပ်တာလဲ"

ရီးရီးသည် ထိုဖိတ်စာကိုယူပြီး အဆိပ်ဘုရင်အား ပေး၏။

"ဖေဖေ ကျွန်မတို့အနေနဲ့ ထင်းတိထွေကို တွေ့ဆုံပြီး မရှင်းလင်းတဲ့ မေးခွန်းတွေ မေးစရာ လိုသေးတယ် မဟုတ်လား"

အဆိပ်ဘုရင်က ဖိတ်စာကိုကြည့်ရင်း ...

"အင်း ... မေးရဦးမယ်"

ထန်သယ်ချီက ဖိတ်စာယူလာသူအား အမိန့်ပေးလိုက်၏။

"ကဲ ... ဆဲမာခြို့ကို အခန်းထဲ ဖိတ်ခေါ်ခဲ့"

အစောင့်သည် ဂါရဝပြုပြီး ထွက်ခွာသွား၏။

မကြာမီ ဆဲမာခြို့ကို ခေါ်ဆောင်ရောက်ရှိလာ၏။

ဆဲမာခြို့သည် တောက်ပြောင်ခန့်ညားသော အဝတ်အစားဖြင့် လူကြီးလူကောင်းတစ်ဦးပမာ ဝတ်ထား၏။ သူ၏နံဘေးတွင် ကိုယ်ရံတော်လူငယ်သိုင်းသမားနှစ်ယောက် အတူလိုက်ပါလာ၏။

အဆိပ်ငါးမျိုးဂိုဏ်း၏ဌာနချုပ်ဧည့်ခန်းသို့ ရောက်ရှိလျှင် ကိုယ်ရံတော်နှစ်ယောက်က နေရစ်ခဲ့ပြီး ဆဲမာခြို့တစ်ယောက်တည်းသာ နတ်စင်ရှိရာအခန်းသို့ ဝင်ခဲ့၏။ အဆိပ်ဘုရင်ကိုတွေ့သော်



ဆဲမာခြို့က ခါးကိုင်းကာ အရိုအသေပေးသည်။ နှုတ်မှလည်းပြော၏။

"ထင်းတိထွေရဲ့ခေါင်းဆောင် ဆဲမာခြို့က ဂိုဏ်းချုပ်ကြီးကို အရောက်ဂါရဝပြုပါတယ်"

အဆိပ်ဘုရင်ကလည်း ပြန်လည်အရိုအသေပေး၏။

"ကြွပါခင်ဗျာ ... ထိုင်ပါဦး"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်"

ဆဲမာခြို့က တည်ငြိမ်အေးဆေးစွာ ထိုင်ချလိုက်၏။

ဤအခန်းထဲသို့ သူ့အနေဖြင့် ဒုတိယအကြိမ် ရောက်ရှိလာခြင်း ဖြစ်သည်။ ပထမအကြိမ်ရောက်ရှိစဉ်က သူ့အား လက်ခံတွေ့ဆုံသူက ထန်မြို့ဖြစ်၏။ ထိုစဉ်က ထန်မြို့သည် စင်မြင့်ပေါ်တွင်ထိုင်ကာ သူ့အား လက်ခံတွေ့ဆုံခဲ့ခြင်းဖြစ်၏။

အဆိပ်ငါးမျိုးဂိုဏ်းကို ပထမဦးစွာ ဧည့်သည်အဖြစ် လာရောက်သော ဆဲမာခြို့သည် ဘဝင်မကျ ဖြစ်ခဲ့ပါသည်။ ဤကဲ့သို့ လက်ခံတွေ့ဆုံခြင်းမျိုးကို သူ၏စိတ်တွင် လုံးဝဘဝင်မကျပါ။ ဆဲမာခြို့ကဲ့သို့သောအဖွဲ့တစ်ခု၏ ခေါင်းဆောင်ကို ကျွန်ကွမ်ရယ်ကဲ့သို့ မင်းမျိုးမင်းနွယ် ပုဂ္ဂိုလ်ကြီးကပင် တန်းတူယှဉ်ပြိုင်ထိုင်လျက် ဆက်ဆံပြောဆိုရသည်။

ထန်မြို့ကဲ့သို့သော လူငယ်ကလေးတစ်ယောက်က ဤသို့ ဆက်ဆံသင့်ဟု ယူဆသည်။ ထန်မြို့ကို အလွန်စိတ်ဆိုးခဲ့၏။

ယခုအကြိမ်တွင် ဆဲမာခြို့အဖို့ ပို၍အောင့်သက်သာ[illegible] ၏။ အဘယ်ကြောင့်ဆိုသော် အဆိပ်ဘုရင်သည် စင်မြင့်ပေါ်တွင် ထိုင်နေရုံမက မျက်နှာကိုပင် ဖုံးအုပ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



အဆိပ်ဘုရင်၏ အရှိန်အဝါသည် ထန်ခြုံထက်ပင် ပို၍ သာ လွှမ်းမိုးပြားကြောင်း ဆဲမာခြုံသည် ခံစားလိုက်ရ၏။

ထို့ကြောင့် သူ၏စိတ်ထဲတွင် မိမိသည် သူတစ်ပါးထက် အနည်းငယ် နိမ့်ကျနေသည်ဟု ထင်ရ၏။

☆

ဆဲမာခြုံသည် ပထမအကြိမ် ဤနေရာသို့ ရောက်လာ ခြင်းအကြောင်းမှာ အဆိပ်ငါးမျိုးဂိုဏ်းကို မိမိ၏လက်ဆောက်ခံဖြ လာအောင် စည်းရုံးခြင်းပင် ဖြစ်၏။

သို့သော် သူ၏စည်းရုံးမှုကို ထန်ခြုံက ငြင်းပယ်ခဲ့ပါသည်

ထို့ကြောင့် ဆဲမာခြုံက ပျားရည်ဆမ်းထားသောမျက်နှာ ချိုသာစွာ ပြုံးရယ်ကာ ထွက်ခွာသွားခဲ့၏။ ထိုစဉ်က ဒေါသသည် မီးတောင်တစ်လုံးပမာ ပေါက်ကွဲလုမတတ် ဖြစ်ခဲ့၏။

သို့သော် ... တိတ်တဆိတ်ထွက်ခွာသွားခဲ့၏။

ယခုတစ်ကြိမ်တွင်တော့ အဆိပ်ဘုရင် ထန်ဆယ်ချို့သည် မိမိအား အောက်ကျို့ကာ ပြောဆိုလိမ့်မည်ဟု ဆဲမာခြုံက စိတ်ထဲ ထင်မိ၏။ ထို့ကြောင့် သူ၏အမူအရာက အဆိပ်ဘုရင်နှင့် တန်းတူ ဆက်ဆံရသော အမူအရာဖြင့် မရိုသေခြင်းလည်းမရှိ မလေးစားခြင်း လည်း မရှိ ပကတိပုံမှန်အတိုင်းဖြစ်အောင် ကြိုးစားထားသည်။

ဆဲမာခြုံ ထိုင်ချလိုက်ပြီးမှ အဆိပ်ဘုရင်က ...

"ခေါင်းဆောင်ကြီး ... မတွေ့ရတာ ကြာပြီနော်"

ဆဲမာခြုံမှာ ရုတ်တရက် ဘာပြန်ပြောရမှန်း မသိဘဲဖြ သွား၏။ အံ့အားသင့်စွာ မေးပြန်၏။



"ကျွန်တော်နဲ့ ခင်ဗျား ဘယ်အချိန်က ဘယ်နေရာမှာ တွေ့ခဲ့ဖူးလို့လဲ"

"လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်တုန်းကလေဗျာ"

"ဂိုဏ်းချုပ်ကြီးက ဟိုနှစ်တွေတုန်းက ယိလံကျွင်းဆိုတဲ့လူ လား"

"ကဲ ... ဒါတွေ ထားလိုက်ပါတော့၊ ခေါင်းဆောင်ကြီးလာ ရောက်ရတဲ့ကိစ္စက ဘာပါလဲ"

"ကျွန်တော်က ဒုတိယအကြိမ်လာရောက်ရခြင်းဆိုပါတော့"

"အကယ်၍ ခင်ဗျားက ပထမအကြိမ်က ရည်ရွယ်ချက်နဲ့ လာရောက်ခြင်း ဆိုရင်တော့ ကျုပ်မှာ ဘာမှပြောစရာမရှိဘူး"

ဆဲမာခြုံက ...

"ခင်ဗျားရဲ့ တစ်ဦးတည်းသော သားကို သံချပ်ဝတ်စုံနဲ့လူက လုပ်ကြံသတ်ဖြတ်သွားတယ်ဆိုတာ ဟုတ်ရဲ့လားခင်ဗျာ"

"ခင်ဗျား သတင်းရတာ မြန်လှချည်လား"

"ဟဲ ... ဟဲ ... ဒါကတော့ ဒီလိုပဲပေါ့ဗျာ"

"ခင်ဗျားအဖွဲ့ရဲ့ ဌာနခွဲတွေ အတော်များများ ပျက်စီးခဲ့ပြီ ဆိုတာလည်း ကျုပ်ကြားခဲ့တယ်"

"ဟုတ်ပါတယ် ... ဒါပေမဲ့ ကျွန်တော့်ကို ကူညီမယ့်လူငယ် အများကြီး ရှိပါသေးတယ်"

"ကျုပ်ရဲ့ လက်အောက်ငယ်သားကလည်း မနည်းလှပါဘူး။ အခု သူတို့အားလုံး စုံစမ်းနေကြပါတယ်၊ ကျုပ်သိထားရတဲ့ သတင်း အရ ခင်ဗျားရဲ့အဖွဲ့ အစည်းဟာ သံချပ်ဝတ်စုံနဲ့လူကို ငွေကြေးပေး

www.burmeseclassic.com

www.burmeseclassic.com



ပြီး စန်ကွန်းဆွေနဲ့ လီတုန်းယန်ကိုလုပ်ကြံခဲ့တယ်လို့ ကြားသိရပါတယ်၊ ဒါပေမဲ့ လုံဖေးကို လုပ်ကြံသတ်ဖြတ်တာတော့ မအောင်မြင်ခဲ့ပါဘူး"

"ကျွန်တော်အဖို့ စန်ကွန်းဆွေနဲ့ လီတုန်းယန်ကို သတ်နိုင်ရင် အတော်ကျေနပ်နှစ်သိမ့်ရပါပြီ"

အဆိပ်ဘုရင်က အေးစက်စက်မေး၏။

"လုံဖေးကို လုပ်ကြံတာ မအောင်မြင်ခဲ့တဲ့နောက် သံချပ်ဝတ်စုံနှင့်လူဟာ ကျူပ်သားကိုသတ်ခဲ့ပါတယ်၊ အဲဒါ ထင်းတီထွေနဲ့ ဘယ်လိုပတ်သက်နေသလဲ"

"ဘယ်လိုမှမပတ်သက်ပါဘူး။ ပတ်သတ်နေရင် ကျွန်တော် ခုလို ဘယ်လာရဲပါ့မလဲ"

"ခေါင်းဆောင်ကြီးက သိုင်းစွမ်းရည်မြင့်မားပြီး သတ္တိရှိတဲ့လူပဲ၊ အဆိပ်ငါးမျိုးဂိုဏ်းကို မျက်စိထဲ ဘယ်ထားပါ့မလဲ"

"ကျွန်တော့်ကို မမြှောက်ပင့်ပါနဲ့ဗျာ၊ ကျွန်တော့်မှာ ဒီသဘောမျိုး လုံးဝမရှိပါဘူး"

"ဒါဆို ... ခင်ဗျားက ဘာကိစ္စနဲ့ ဒီကိုလာရတာလဲ"

"ကျွန်တော့်ဆီမှာ သံချပ်ဝတ်စုံနဲ့လူရဲ့ သတင်းတစ်ခု ရှိထားပါတယ်၊ ဒါကြောင့် လာတာပါ"

အဆိပ်ဘုရင်သည် အတန်ငယ်ကြာအောင် စဉ်းစားပြီးမှ ...

"ဘာသတင်းမျိုးလဲ"

"သံချပ်ဝတ်စုံနဲ့လူရဲ့ အသွားအလာသတင်းမျိုးပါ ခင်ဗျာ"

အဆိပ်ဘုရင်က စဉ်းစားနေစဉ် ဘေးမှရပ်နေသော ရီးရီးက ဝင်မေးသည်။



"အခု ... သူဘယ်မှာလဲ"

ဆဲမာခြုံက သတိပြင်းတစ်ချက်ချလိုက်၏။ အဆိပ်ဘုရင်သည် ရီးရီးအား ...

"ခေါင်းဆောင်ကြီးအဖို့ ဒီသတင်းကို စုံစမ်းလို့ရှိအောင် ဖန်တီးရတာ ဘယ်လွယ်ကူပါ့မလဲ၊ သူက လိုလားချက်မရှိဘဲ မင်းကို ပြောပြမှာတဲ့လား သမီးရယ်"

ရီးရီးသည် ငိုင်သွားသည်။ အဆိပ်ဘုရင်က ဆဲမာခြုံကို ကြည့်ကာ ...

"ခင်ဗျားက ဘယ်လိုအလဲအလှယ်လိုချင်တယ်ဆိုတာ ပြောပြပါလား"

"ကျွန်တော်လိုချင်တာက ချိုကျဲကြွေဟန်စန် အဆိပ်ဖြေဆေး ပါပဲ"

အဆိပ်ဘုရင်မှာ ဆတ်ခနဲဖြစ်သွား၏။

"သံချပ်ဝတ်စုံနှင့်လူက ခင်ဗျားလက်ထဲ ရောက်နေပြီပေါ့"

ဆဲမာခြုံက ခေါင်းခါယမ်းကာပြောသည်။

"သံချပ်ဝတ်စုံနှင့်လူဟာ ထင်းတီထွေကို အလုပ်လုပ်ပေးခဲ့ဖူးပေမယ့် ထင်းတီထွေရဲ့ အဖွဲ့ဝင်တစ်ယောက်မဟုတ်ပါဘူး။ ကျွန်တော် ဖြေဆေးလိုချင်တာကလည်း သူ့ကိုကယ်ဖို့ မဟုတ်ပါဘူး"

သူသည် ခေတ္တနားပြီးမှ ...

"ဒီလောက်တန်ဖိုးရှိတဲ့ အဆိပ်ဖြေဆေးကို ကျွန်တော်က သွယ်လွယ်နဲ့ သူတစ်ပါးကို လက်ဆောင်မပေးနိုင်ပါဘူး"

အဆိပ်ဘုရင်က ...

www.burmeseclassic.com

www.burmeseclassic.com



"ဒီအဆိပ်ဖြေဆေးကို ဖော်စပ်ရတာ မလွယ်ကူလှဘူးဗျာ၊ အင်မတန်တန်ဖိုးရှိတဲ့ ဖြေဆေးဗျ"

"ဂိုဏ်းချုပ်ကြီးမှာ ဒီသားတစ်ယောက်တည်း ရှိတယ်မဟုတ်လား"

အဆိပ်ဘုရင်က အေးစက်စွာ ရယ်လိုက်၏။

"ဟေး ... ဟေး ... သေသွားတဲ့လူကလည်း အသက်ပြန်မရှင်နိုင်ပါဘူး"

"ရင်သွေး အသတ်ခံရတဲ့ သွေးကြွေးဟာ ဘယ်ကမ္ဘာမှ မကျေနိုင်ပါဘူး၊ သွေးကြွေးကို သွေးနဲ့ဆပ်ရမယ်"

"ဟိုကောင်မ အဆိပ်သင့်တာ ခုနစ်ရက်ရှိနေပြီ၊ အခုဆိုရင် လူသေဖြစ်သွားပါပြီ"

အဆိပ်ဘုရင်က ဆို၏။ ဆဲမာချိုက ...

"အဆိပ်သင့်နေတာတောင် လွတ်မြောက်အောင် ထွက်ပြေးနိုင်တယ်ဆိုတော့ သူ့မှာ အသက်ရှင်နိုင်တဲ့နည်းလမ်းတော့ ရှိမှာပေါ့၊ ဒါကြောင့် သူ အိမ်အရောက်ပြန်ပြီး ဆေးဝါးကုသနိုင်တာပေါ့"

"ဟုတ်လား"

အဆိပ်ဘုရင်က မယုံကြည်နိုင်သောလေသံဖြင့် ရေရွတ်လေသည်။

"သူတို့အဖွဲ့အစည်းဟာ လူသတ်တဲ့ပညာဘက်မှာ ထူးချွန်လှသလို ဆေးကုတဲ့ပညာလည်း မခေပါဘူး ခင်ဗျာ"

"သိုင်းလောကထဲက အဖွဲ့အစည်းတွေအကြောင်း ခင်ဗျားက အကုန်သိနေသလား"



ဆဲမာချိုက သက်ပြင်းချကာ ...

"ဟိုတုန်းက ကျွန်တော်ဟာ သိုင်းလောကထဲရှိသမျှ အဖွဲ့အစည်းကို လက်အောက်ခံအဖြစ် သိမ်းသွင်းရန် စုရုံးခဲ့ပါတယ်၊ ဒါပေမဲ့ အချို့တစ်ဝက် လက်မခံခဲ့ကြဘူး ခင်ဗျာ"

"ဒါပေါ့ လူဆိုတာ ကိုယ့်ယုံကြည်ချက်နဲ့ကိုယ် ရှိစမြဲပဲပေါ့"

"ဟုတ်တယ် ... ခင်ဗျားတို့ပဲကြည့်၊ ကိုယ့်ဘာသာကိုယ်နေပြီး သူတစ်ပါးကိုလည်း ရန်မရှာဘူး"

အဆိပ်ဘုရင်က ...

"ကျွန်တော်တို့က သီးခြားနေချင်ကြသူဖြစ်တာက တစ်ကြောင်း၊ နောက် ထင်းတိတွေမှာ ပုန်ကန်နိုင်တဲ့အင်အားမရှိဘူးလို့ ထင်တာကတစ်ကြောင်း စသဖြင့်ပေါ့ဗျာ"

ဆဲမာချိုသည် အဆိပ်ဘုရင်၏စကားကို နားကြည်းပုံမရပေ။

"ဟုတ်ပ ... မှန်ကန်လှပါတယ်"

အဆိပ်ဘုရင်က ...

"သံချပ်ဝတ်စုံနှင့်လူရဲ့အဖွဲ့အစည်းကို ထင်းတိတွေက သိမ်းသွင်းနိုင်စွမ်း မရှိဘူးလား"

ဆဲမာချိုက ခေါင်းညိတ်ကာ ...

"အဓိကအကြောင်းရင်းကတော့ သူတို့ရဲ့ဌာနချုပ်တည်နေရာကို မသိရှိနိုင်ခြင်းပဲဗျာ၊ ဒါကြောင့် သူတို့ရဲ့ခေါင်းဆောင်ကို တွေ့ဆုံနိုင်ဘူး၊ သူတို့နဲ့ မဆွေးနွေးနိုင်ဘူး"

အဆိပ်ဘုရင်က ဘာမျှမပြောဘဲ နားထောင်နေသောကြောင့် ဆဲမာချိုက ဆက်လက်၍ ...

www.burmeseclassic.com

www.burmeseclassic.com



"သူတို့အဖွဲ့အစည်းဟာ သိုင်းလောကထဲမှာ အလျှို့ဝှက်ဆုံး
အခိုင်မာဆုံး အဖွဲ့အစည်းတစ်ခုလို့ ဆိုရမယ်ဗျာ၊ သူတို့ဟာ ကြေးစား
သတ်တဲ့ အလုပ်အကိုင်ကလွဲလို့ တခြားဘာကိစ္စမှ စိတ်ဝင်စားမှု
ကြောင်း တွေ့ရတယ်"

"ဒါနဲ့ စောစောက ခင်ဗျားပြောတော့ သူတို့သတင်းကို ရှာ
ဆို"

"ဟုတ်ပါတယ်၊ အရင်က သူ့ကို ကျွန်တော်က နောက်
ယောင်ခံလိုက်ခဲ့ပေမယ့် မသိခဲ့ရပါဘူး၊ အခု ဒီနောက်ဆုံးအကြိမ်ကျ
သိခဲ့ရပါတယ်၊ အဆိပ်သင့်ထားတဲ့လူတစ်ယောက်ကို ခြေရာခံရတာ
လွယ်ကူတယ် မဟုတ်လား ခင်ဗျာ"

"နောက်ဆုံးတော့ ခင်ဗျားက သူတို့ရဲ့ဌာနချုပ်ကို တွေ့ရှိ
ဆိုပါတော့"

"အဲဒီလိုမဟုတ်ဘူး"

ဆဲမာချို့က ဆက်ပြော၏။

"သူ့ကို ဘယ်လိုရှာနိုင်တယ်ဆိုတာလောက်ပဲ သိရပါသေး
တယ်"

အဆိပ်ဘုရင်က အလွန်အေးစက်စက်အသံနှင့် ပြောလာ၏

"ခင်ဗျားဆီမှာ မသင်္ကာစရာ အကြံအစည်တစ်ခုရှိတယ်
ကျွန်တော် သံသယဖြစ်လာပြီ၊ သံချပ်ဝတ်စုံလူသတ်သမား ဒီ
ရောက်လာရခြင်းဟာ ခင်ဗျားရဲ့အကြံအစည်ပဲ မဟုတ်လား။ ခင်ဗျာ
ရဲ့ ရည်ရွယ်ချက်က ချိုကျဲကြွေပွှန်စန် အဆိပ်ဖြေဆေးကို လိုချင်
တယ်၊ ဒီဖြေဆေးနဲ့ ခင်ဗျားရဲ့အကြံအစည်ကို အကောင်အထည်ဖေ



လိမ့်မယ်လို့ ကျုပ်ယူဆနေပြီ"

"ကျွန်တော်က ဘာကြောင့် ဒီလောက် အပင်ပန်းခံရမှာလဲ"

ဆဲမာချို့က ပြန်ပြော၏။

"ခင်ဗျားရဲ့ရည်ရွယ်ချက် အောင်မြင်အောင် အပင်ပန်းခံရ
တာပဲ၊ ရည်ရွယ်ချက်မရှိဘဲနဲ့ ခင်ဗျားလိုလူက အချိန်ဖြုန်းမယ့် အလုပ်
မလုပ်ပါဘူး"

"ကျွန်တော်က ကိစ္စတစ်ခုကို ပြတ်ပြတ်သားသား ဖြေရှင်း
တတ်တဲ့လူစားဗျ။ ကွေ့ပတ်တဲ့ပြဿနာကို မဖြေရှင်းချင်ဘူး။ နောက်
ခင်ဗျားတို့ရဲ့ အဆိပ်ငါးမျိုးဂိုဏ်းကိုလည်း ကျွန်တော် ရန်ရှာချင်သူ
မဟုတ်ဘူး"

ဆဲမာချို့က တည်ငြိမ်အေးဆေးသောလေသံဖြင့် တစ်လုံး
ချင်း ရှင်းပြ၏။ အဆိပ်ဘုရင်က ဆဲမာချို့ကို သေချာစွာ အကဲခတ်၏။

"ခင်ဗျားမှာ ဒီလိုစိတ်မျိုးရှိရင်တော့ ကောင်းတာပေါ့"

"ဟုတ်မဟုတ် တစ်နေ့ကျရင် အဖြေပေါ်လာမှာပါ၊ မဟုတ်
ရင် ခင်ဗျား ကြိုက်သလို လုပ်နိုင်တယ်ဗျာ"

အဆိပ်ဘုရင်က ...

"ချိုကျဲကြွေပွှန်စန် အဆိပ်ဖြေဆေးကို ခင်ဗျား ဘာကြောင့်
လိုချင်ရတာလဲ"

"ချိုကျဲကြွေပွှန်စန်ဆိုတဲ့အဆိပ်ဟာ အဆိပ်ထဲမှာအပြင်းဆုံး
အဆိပ်ပဲ မဟုတ်လား။ ဒီလိုပြင်းတဲ့အဆိပ်ကို ဖြေနိုင်တဲ့အဆိပ်ဖြေ
ဆေးဟာ အဆိပ်ပေါင်းစုံကို ဖြေနိုင်ရမယ်ပေါ့၊ ကျွန်တော့်အတွက်
အသုံးရှိတယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဘယ်လိုအသုံးချမယ်ဆိုတာ ကျုပ် သိခွင့်မရှိဘူး လား"

အဆိပ်ဘုရင်က မေးလိုက်၏။

"ခင်ဗျားကို ပြောပြလိုက်ရင် ကျွန်တော့်ရဲ့ လျှို့ဝှက်ချက်တွေ ပေါက်ကြားသွားတော့မှာပေါ့၊ အကယ်၍ ပေါက်ကြားသွားရင် ကျွန်တော့်ကို ထိခိုက်လိမ့်မယ်၊ ကျွန်တော် မပြောပါရစေနဲ့ဗျာ၊ ကျွန်တော် ကတိတစ်ခုပေးတယ်ဗျာ၊ ခင်ဗျားတို့ အဆိပ်ငါးမျိုးဂိုဏ်းကို မထိခိုက်စေရဘူးဆိုတာ ကျွန်တော် ကတိပေးပါတယ်"

အဆိပ်ဘုရင်က ခေါင်းညိတ်ကာ ...

"ခင်ဗျား သစ္စာဆိုရဲရင်တော့ ဒီကိစ္စကို ဆက်လက်ဆွေးနွေး နိုင်ပြီ"

"ထင်းတီထွေအဖွဲ့ အစည်းဟာ အတော်အတန် ပျက်စီးခဲ့ပေ မယ့် လုံးဝပျက်သုဉ်းသွားတာ မဟုတ်ပါဘူး၊ ကျွန်တော် ဆဲမာခြုံဆို တဲ့လူဟာ ကိုယ့်ကတိကိုတော့ အမြဲတမ်း တန်ဖိုးထားပါတယ်"

အဆိပ်ဘုရင်က ခေါင်းညိတ်ကာ ...

"ကောင်းပြီ ... ဒီလိုဆိုရင် ဆက်ဆွေးနွေးနိုင်ပြီ"

"ဒါဆို ကျွန်တော့်ကို ဖြေဆေးပေးနိုင်ပြီပေါ့"

ဆဲမာခြုံက မေးလိုက်၏။

အဆိပ်ဘုရင်က အိတ်ထဲမှ လေးထောင့်ဘူးလေးတစ်လုံးကို နှိုက်ထုတ်လိုက်ပြီး ဆဲမာခြုံထံသို့ ပစ်ပေးလိုက်၏။

"ဘူးထဲကဆေးလုံးက အဆိပ်ဖြေဆေးပဲ၊ သာမန် ရိုးရိုးလူ တစ်ယောက် သောက်သုံးထားရင် တစ်ရက်အတွင်း ဘယ်အဆိပ်မှ မသင့်စေနိုင်ဘူး။ ခင်ဗျားလို အဆင့်မြင့် သိုင်းသမားတစ်ယောက် အနေနဲ့ဆိုရင် ဒီထက်သုံးဆ အဆိပ်မသင့်စေနိုင်ဘူး"



"ဟုတ်ကဲ့ ... တစ်ရက်အချိန်ရရင် ကျွန်တော့်အတွက် ဖူလုံ ပါပြီ"

"ခင်ဗျား မယုံရင် အနည်းငယ်ထုတ်ပြီး စမ်းသပ်နိုင်ပါ တယ်"

"မလိုတော့ပါဘူး။ ဂိုဏ်းချုပ်ကြီးလို ပုဂ္ဂိုလ်ရဲ့ စကားကို ကျွန်တော် ခြွင်းချက်မရှိ ယုံကြည်ပါတယ်၊ ခင်ဗျားတို့ကို မယုံကြည်ရရင် တော့ ယုံကြည်စရာလူ လောကကြီးထဲမှာလည်း မရှိတော့ဘူး"

"ကောင်းပြီ ... ကျုပ်နားထောင်ချင်တဲ့သတင်းကို ပြောပေ တော့"

ဆဲမာခြုံက အဆိပ်ဘုရင်ကို မေးလိုက်၏။

"သံချပ်ဝတ်စုံနှင့်လူကို ကယ်တင်သွားတဲ့လူက ဘယ်သူလဲ ဆိုတာ ခင်ဗျားသိလား"

အဆိပ်ဘုရင်က ဘာမျှမပြောချေ။ ဆဲမာခြုံက ဆက်ပြော သည်။

"ကယ်တင်သွားတဲ့သူဟာ ချန်ဖူဝါဆိုတဲ့လူပဲ"

အဆိပ်ဘုရင်သည် မျက်မှောင်ကြုတ်ကာ ချန်ဖူဝါဟု ရေ ရွတ်လိုက်သည်။

ရိုးရိုးက ဘေးမှဝင်၍ ...

"သူက ဝမ်ပွာဂေဟာရဲ့ ပိုင်ရှင် မဟုတ်လား"

"ဩော် ... ဟိုလူငယ်သိုင်းသမားလေးလား"

www.burmeseclassic.com

www.burmeseclassic.com



အဆိပ်ဘုရင်က သတိရလာဟန်ဖြင့် မေး၏။

"သူက သံချပ်ဝတ်စုံလူနဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

ရိုးရိုးသည် နှုတ်ခမ်းကိုကိုက်ကာ နားထောင်နေသည်။ အဆိပ်ဘုရင်ကလည်း ဘာမျှမပြောဘဲ ဆဲမာခြိုကိုသာ စိုက်ကြည့်နေ၏။ ဆဲမာခြိုက ဆက်လက်ပြီး ...

"ချန်ဖူဝါဆိုတဲ့လူဟာ သံချပ်ဝတ်စုံလူနဲ့ တစ်ဂိုဏ်းတည်း မဟုတ်ပါဘူး၊ သူဟာ လုံဖေးရဲ့လက်အောက်က အထူးသိုင်းသမား တစ်ယောက် ဖြစ်ပါတယ်၊ တစ်နည်းအားဖြင့် ပြောရရင် သူဟာ ဘုရင်ကြီးရဲ့ အမှုတော်ထမ်းတစ်ယောက် ဖြစ်ပါတယ်"

အဆိပ်ဘုရင်က သဘောပေါက်လာဟန်ဖြင့် ...

"ဒါဆို သူက စန်ကွန်းဆွေနဲ့ လီတုန်းယန်တို့ရဲ့ လူသတ်မှုကို လိုက်ရှင်းနဲ့ ရောက်လာတာ ဆိုပါတော့"

"ဟုတ်တယ်၊ ဒီလိုပြောလည်း မမှားပါဘူး"

"အင်း ... သံချပ်ဝတ်စုံနှင့်လူကို သူတို့ ဖမ်းဆီးချုပ်နှောင်ထားပြီလား"

ဆဲမာခြိုက ခေါင်းခါပြ၏။

"သူတို့က ဘာအပေးအယူလုပ်ထားလဲတော့ မသိဘူး၊ သံချပ်ဝတ်စုံကို မဖမ်းချုပ်တဲ့အပြင် ချန်ဖူဝါက အိမ်တိုင်ယာရောက် လိုက်လံပို့ဆောင်ပေးလိုက်သေးတယ် ခင်ဗျ"

အဆိပ်ဘုရင်က မခိုးမခန့်ရယ်ပြုံး၍ ...

"သူ့ဆီမှာ အဆိပ်ဖြေဆေး ရှိလို့လား"

"ဂိုဏ်းချုပ်ကြီး တစ်ခုမေ့နေပြီထင်တယ်၊ ထန်မျိုးရိုးဟာ ဘုရင်ကြီးနဲ့ အဆက်အသွယ်ရှိနေပါတယ်"



အဆိပ်ဘုရင်သည် အလွန်အံ့အားသင့်သွားပြီး ...

"ဒီကိစ္စ တကယ်ဟုတ်ရဲ့လား"

ဆဲမာခြိုက တည်ကြည်သောမျက်နှာနှင့် ...

"ဂိုဏ်းချုပ်ကြီးကို ကျွန်တော် မုသားစကား ဆိုနေတာ မဟုတ်ဘူး၊ ထန်မျိုးရိုးရဲ့ ဝါစဉ်ကြီး ဆရာကြီးတစ်ယောက်ဟာ ကိုယ်ရံတော်သိုင်းသမားတွေကို လေ့ကျင့်ပေးတဲ့နည်းပြဆရာတာဝန်ကို ထမ်းဆောင်နေပါတယ်၊ အဆိပ်အမျိုးမျိုးဖြေနည်း၊ အဆိပ်ခတ်နည်းတို့ကို တာဝန်ယူသင်ကြားပေးနေပါတယ်"

အဆိပ်ဘုရင်က တဟားဟားရယ်တော့၏။

"ဟင်း ... တော်တော်ထူးဆန်းနေပါလား၊ လောကထဲကို တောင် ဝင်ရောက်မစွက်ဖက်တဲ့ ထန်တွေက အခုတော့ ဘုရင်ရဲ့ အမှုထမ်းတွေ ဖြစ်ကုန်ပြီတဲ့၊ ဟား ... ဟား ... ဟား မယုံနိုင်စရာပဲ"

"ထန်မျိုးရိုးရဲ့ အဆိပ်ဖြေဆေးဟာ ချိကျဲကြွေပွန်စန်အဆိပ်ကို မဖြေနိုင်ပေမယ့် အဆိပ်ရှိန်မတက်အောင်တော့ ထိန်းနိုင်မှာပေါ့"

"သံချပ်ဝတ်စုံနဲ့လူဟာ ဘယ်လိုအဆိပ်မျိုးပဲ သင့်ပါစေ အိမ်ပြန်ရောက်နိုင်ရင် သူ့အဆိပ်ကိုဖြေနိုင်၊ ကုသနိုင်တဲ့နည်းရှိတယ်လို့ ကောင် ကျွန်တော် ကြားရတယ်၊ ဟုတ်မဟုတ်တော့ ကျွန်တော်လည်း မသိဘူး"

"သူ့အိမ်က ဘယ်မှာလဲ"

ဆဲမာခြိုက ခေါင်းခါပြင်း ...

"ကျွန်တော်လည်း မသိရသေးဘူး"

www.burmeseclassic.com

www.burmeseclassic.com



အဆိပ်ဘုရင်၏အသံသည် ဒေါသကြောင့် ကျယ်လောင်သွား၏။

"ခင်ဗျားသတင်းက ဘာသတင်းလို့ခေါ်ရမှာလဲ၊ ကျုပ်ကို အရူးလာလုပ်တာလား"

"ဒီလို ... ဝက်ကြေးစား လူသတ်သမားရဲ့ အဖွဲ့အစည်း ဌာနချုပ်ကို ဘယ်သူမှမသိပါဘူး။ ဒါပေမဲ့ သံချပ်ဝတ်စုံနဲ့လူဟာ ချန်ဖူ ကယ်တင်ခဲ့တဲ့ ကျေးဇူးကို တုံ့ပြန်တဲ့အနေနဲ့ သတ္တုတံဆိပ်ပြားတစ်ခု ချန်ဖူဝါကို ပေးခဲ့တယ်၊ ချန်ဖူဝါဆီမှာ ဒီတံဆိပ်ပြား သက်သေပစ္စည်း ပါလာတဲ့အတွက် သံချပ်ဝတ်စုံနဲ့လူရှိရာကို အချိန်မရွေးလာနိုင်တယ် လို့ သံချပ်ဝတ်စုံလူက ပြောခဲ့ပါတယ်"

အဆိပ်ဘုရင်က ...

"ဘယ်လိုရှာရမှာလဲ"

"ဒါတော့ ချန်ဖူဝါကို လူကိုယ်တိုင်တွေ့မှ မေးမြန်းစုံစမ်းနိုင် မှာပေါ့ဗျာ"

"ခင်ဗျားသိတာ ဒါအကုန်ပဲလား"

"ဟုတ်တယ် ... နောက် ချန်ဖူဝါ ဘယ်အရပ်မှာရှိနေတယ် ဆိုတာလည်း သိတယ်ခင်ဗျာ"

"ဘယ်နေရာမှာလဲ"

"မနက်ဖြန် ဒီအချိန်လောက်မှာ သူဟာ ဖုန့်လင့်တူအရပ် ရောက်နေပါလိမ့်မယ်"

အဆိပ်ဘုရင်က ရှီးရှီးအား လှမ်းမေးလိုက်၏။

"ဖုန့်လင့်တူဆိုတာ မြစ်ဆိပ်တစ်ခုမဟုတ်လား"



"ဟုတ်တယ် ဖေဖေ၊ ဟိုမြစ်ဆိပ်နားမှာ ကျွန်မတို့ရဲ့ လက်အောက်ငယ်သားတော်ဖွင့်ထားတဲ့ အရက်ဆိုင်တစ်ဆိုင်လည်း ရှိတယ်"

အဆိပ်ဘုရင်က ရှီးရှီးအား ...

"ဒီနေရာမှာ တာဝန်ကျတာက ဘယ်သူတွေလဲ"

"စွန်းကျယ်နဲ့ ချူးစန်းဆိုတဲ့ လူနှစ်ယောက်ပါ ဖေဖေ၊ စွန်းကျယ်ဟာ ဒီနေရာရဲ့ရှုခင်းကို ကြိုက်နှစ်သက်လို့ အရက်ဆိုင်ဖွင့်ပြီး စီးပွားရှာနေတာပါ။ ချူးဖန်ကတော့ စွန်းကျယ်နဲ့ ကျားထိုးယှဉ်ပြိုင်ချင်တာနဲ့ စွန်းကျယ်နဲ့အတူ လာရောက်နေထိုင်ရခြင်း ဖြစ်ပါတယ် ဖေဖေ"

"အခုချက်ချင်း သူတို့ဆီ သတင်းပို့ထားစမ်း ... ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ချန်ဖူဝါကိုရအောင် ပိတ်ဆို့တားဆီးထားရမယ်၊ လိုအပ်ရင် အဆိပ်ပါသုံးရမယ်လို့ အမိန့်ပေးလိုက်စမ်း"

ရှီးရှီးသည် အဆိပ်ဘုရင်၏အမိန့်ကို ဆောင်ရွက်ရန် အရိုအသေပေးပြီး ထွက်သွားတော့သည်။ ဆဲမာချိုက ...

"ချန်ဖူဝါရဲ့ သိုင်းစွမ်းရည်က မသေးဘူးဗျာ၊ ဂိုဏ်းချုပ်ကြီး ကိုယ်တိုင် သွားနိုင်ရင် ပိုကောင်းလိမ့်မယ် ထင်တယ်"

"အကယ်၍ သူက အသာတကြည်နဲ့ မလိုက်ရာရင်တော့ ကျုပ်ကလည်း အတင်းအဓမ္မလုပ်ကြံရတော့မယ်"

"ဂိုဏ်းချုပ်ကြီးခင်ဗျာ ... သေသေချာချာစီမံပြီးမှလုပ်ဖို့ ကျွန်တော် အကြံပေးချင်တယ်ဗျာ"

"ဘာလဲ ... ခင်ဗျားက ချန်ဖူဝါကို တော်တော်ကြောက်ရွံ့နေသလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ... ချန်ဖူဝါကို အထင်မသေးပါနဲ့ဗျာ၊ ကျွန်တော့်ရဲ့အဖွဲ့အစည်းကို ယခုလက်ရှိအခြေအနေထိ ပျက်စီးဆုံးရှုံးအောင်ပြုတဲ့လူထဲမှာ ချန်ဖူဝါက ထိပ်တန်းက ပါတယ်ခင်ဗျာ"

အဆိပ်ဘုရင်သည် အံ့အားသင့်သွား၏။

"ဪ ... ဒါကြောင့်၊ ဒီလိုဆိုတော့လည်း ကျုပ်အနေနဲ့ သတိထားရမှာပေါ့ဗျာ"

"ဂိုဏ်းချုပ်ကြီးလိုအပ်ရင် ကျွန်တော်ကိုယ်တိုင် ဝင်ရောက်ကူညီပေးပါ့မယ်"

"ကျွန်တော့်ပြဿနာကို ကျွန်တော်ကိုယ်တိုင်ဖြေရှင်းပါ့မယ်၊ ကျေးဇူးတင်ပါတယ်"

အဆိပ်ဘုရင် ထန်ဆယ်ချီက ဆဲမာချွံ၏ အကူအညီကို ငြင်းပယ်လိုက်၏။

"ကျွန်တော်က စေတနာနဲ့ ကူညီချင်လို့ ပြောတာပါဗျာ၊ အကယ်၍ ထင်းတိထွေနဲ့ အဆိပ်ငါးမျိုးဂိုဏ်းတို့ ပူးပေါင်းနိုင်ရင် သိုင်းလောကကြီးတစ်ခုလုံးကို အုပ်စိုးချယ်လှယ်နိုင်မှာမလွဲပါဘူးဗျာ"

အဆိပ်ဘုရင်က ခေါင်းခါရင်း ...

"ငွေတစ်ဂူထဲ ခြင်္သေ့နှစ်ကောင် မအောင်းနိုင်ပါဘူး၊ ခင်ဗျားက ကျွန်တော့်လက်အောက် မလုပ်နိုင်သလို ကျွန်တော်လည်း ခင်ဗျားလက်အောက်ခံ မဖြစ်ချင်ဘူး၊ နောက် ခင်ဗျားရဲ့ရည်ရွယ်ချက်က သိုင်းလောကကြီးတစ်ခုလုံးတင် မကပါဘူး၊ တရုတ်တစ်ပြည်လုံးကို အုပ်စိုးချင်တာ၊ ကျွန်ုပ်တို့ ဒီလောက်ထိ ကြီးကြီးကျယ်ကျယ် မမျှော်မှန်းဘူး"



ဆဲမာချွံက ပြောင်ပင် ဝန်ခံ၏။

"ဟုတ်ပါတယ်ဗျာ"

အဆိပ်ဘုရင်က လက်တစ်ဖက်မကာ ယဉ်ကျေးသော လေသံဖြင့် ...

"အခုလို လာရောက်ကူညီတဲ့အတွက် ခင်ဗျားကို ကျေးဇူးတင်ပါတယ်၊ ခင်ဗျားရဲ့ တန်ဖိုးရှိတဲ့အချိန်ကို မဖြုန်းတီးရစေအောင် ခင်ဗျား လုပ်စရာရှိရင်လုပ်ပါ၊ ကျွန်တော် မတားဆီးတော့ပါဘူး"

ဆဲမာချွံက ခေါင်းညိတ်၏။

"ဟုတ်ပါတယ် ... ကျွန်တော်လည်း ထွက်ခွာသင့်ပါပြီ"

"နောက်နောင် ကျွန်တော်တို့ ထပ်တွေ့ဖို့ မလိုတော့ဘူး၊ တွေ့ဖို့လိုလာရင်လည်း ခုလို အေးအေးချမ်းချမ်း စကားပြောနိုင်မှာ မဟုတ်တော့ဘူး"

အဆိပ်ဘုရင်၏စကားကြောင့် ဆဲမာချွံသည် စိတ်ထဲတွင် တုန်လှုပ်သွား၏။ သို့သော် မျက်နှာပေါ်တွင်တော့ ဘာမျှအမူအရာမပြ။ အဆိပ်ဘုရင်၏ဆိုလိုရင်းအဓိပ္ပာယ်ကို ဆဲမာချွံ ကောင်းကောင်း သဘောပေါက်၏။

အဆိပ်ဘုရင်၏ ဆိုလိုရင်းအဓိပ္ပာယ်မှာ ဆဲမာချွံက မှသားစကားပြောခဲ့လျှင် ရန်သူအဖြစ် လာရောက်တိုက်ခိုက်မည်ဟူသော သဘောသက်ရောက်သည်။ အဆိပ်ဘုရင်၏စကားကို ဆဲမာချွံ ငြင်းချက်မရှိ ယုံကြည်ပါသည်။ ထို့ကြောင့် သူ၏စိတ်ထဲတွင် ပူလောင် ဖြောင်းပင် ဖြစ်ပါသည်။

www.burmeseclassic.com



## အခန်း ( ၂၀ )
## မြစ်ဆိပ်ကမ်းမှ ပြဇာနာ

ဖုမ်လင့်တူမြစ်ဆိပ် ...။

အချိန်ကား ‘ညနေစောင်းအချိန်ဖြစ်၏။

ထိုအချိန်တွင် မြင်းလှည်းများ၊ အထမ်းသမားများဖြင့် ရှုပ်ယှက်ခတ်နေတတ်သောအချိန်ပင် ဖြစ်၏။

သို့သော် ယနေ့တော့ ထူးထူးခြားခြား လူသူကင်းရှင်းနေပြီး တိတ်ဆိတ်နေ၏။ မြစ်ကူးရန် လှေသင်္ဘောများ တစ်စင်းမျှ မရှိသလို အကြိုအပို့လုပ်သော မြင်းလှည်းလည်း တစ်စီးမျှပင် မတွေ့ရချေ။

မြစ်ဆိပ်၏နံဘေးရှိ အရက်ဆိုင်တွင်လည်း အလွန်တိတ်ဆိတ်ငြိမ်သက်နေပြီး စားသောက်နေသောဧည့်သည်ဟူ၍ တစ်ယောက်တည်းသာရှိ၏။

ထိုတစ်ဦးတည်းသောဧည့်သည်သည်လည်း ယခု အရက်မူးနေလေပြီ။ အရက်မူးနေသောသူသည် စားပွဲထိုးလေးတစ်ယောက်ကို အတင်းဆွဲကာ စကားပြောခိုင်း၏။ ထိုစားပွဲထိုးကလေးသည် သာမန်လူထက်စာလျှင် အရပ်မြင့်သည်ဟု ဆိုရမည်။

သို့သော် ထိုအရက်မူးသမားနှင့်စာလိုက်လျှင် ဆင်နှင့်ဆိတ်ပမာ ကွာခြားနေကြောင်း တွေ့ရ၏။



ထိုအရက်မူးသမားသည် ထိုင်နေလျက်ရှိသော်လည်း စားပွဲထိုးလေးထက်ပင် ပို၍မြင့်နေသည်။ သူ၏မျက်နှာသည် အရက်ကြောင့် နီရဲနေပြီး မျက်လုံးကြီးနှစ်လုံးကလည်း ရွဲနေလေ၏။ ပြူးကျယ်သောမျက်လုံးနှစ်လုံးက ဟိုဟိုသည်သည်လျှောက်ကြည့်နေ၏။

“ဒီအရက် မဆိုးဘူး၊ မင်းလည်း လာသောက်စမ်း”

ထိုလူသည် စားပွဲထိုး၏ ပါးစပ်နားသို့ အရက်ခွက်ကို ထိုးပေးလိုက်၏။ စားပွဲထိုးလေးက ကြောက်ကြောက်လန့်လန့်နှင့် လက်နှစ်ဖက်ခါယမ်းကာ ငြင်းဆန်နေ၏။

“ကျွန်တော်က အောက်တန်းစားပါဗျာ၊ ဒီအရက်မျိုးတွေနဲ့ မတန်ပါဘူး”

“အို ... လူလူချင်းပဲ၊ ဘာအထက်တန်း အောက်တန်း ခွဲခြားရတာလဲ ... လာသောက်”

“ဆရာကြီးရယ် ... ကျွန်တော် ... ကျွန်တော်”

“ဘာလဲ ... မင်းက ငါနဲ့ မတူမတန်ဘူးဆိုတဲ့သဘောလား”

ဒေါသသံဖြင့် အော်မေးလိုက်သဖြင့် စားပွဲထိုးလေးက ပို၍ကြောက်ရွံ့သွားတော့သည်။

“မဟုတ်ပါဘူး၊ ကျွန်တော်က ဒီသဘောမျိုး မဟုတ်ပါဘူး ဆရာကြီး”

“ဒါဖြင့် ဒီတစ်ခွက်လောက် သောက်လိုက်”

ထိုလူက အတင်းအဓမ္မ အရက်တိုက်နေ၏။

စားပွဲထိုးလေးက ငွေသိမ်းစားပွဲတွင် ထိုင်နေသော ပိုင်ရှင်သူဌေးကို မျက်နှာငယ်လေးဖြင့် လှမ်းကြည့်လိုက်၏။ ပိုင်ရှင်အဘိုးအို

www.burmeseclassic.com

www.burmeseclassic.com



က ရယ်ပြုံးကာ ခေါင်းညိတ်ပြလိုက်၏။ ထိုအခါမှ စားပွဲထိုးလေးက အရက်ကိုယူသောက်လိုက်တော့သည်။ ထိုလူက တဟားဟားရယ်ရင်း —

"အေးပေါ့ ... ဒါမှ သူငယ်ချင်းကောင်းပီသတာကွ"

"ကျွန်တော်က နိမ့်ကျတဲ့သူမို့ ဆရာကြီးနဲ့ သူငယ်ချင်း မဖြစ်ထိုက်ပါဘူးဗျာ"

စားပွဲထိုးလေးက နှိမ့်ချစွာပြော၏။ ထိုလူက ရယ်မောကာ...

"မင်းက ငါ့လောက်မမြင့်ပေမယ့် မနိမ့်လှသေးပါဘူးကွ၊ ဟား ... ဟား ... ဟား"

"ဟုတ်ပါတယ် ဆရာကြီး၊ ဆရာကြီးက သိပ်မြင့်တာပဲ"

"ငါဘယ်သူလဲဆိုတာ မင်းသိလား"

ထိုလူက ရုတ်တရက်မေးလိုက်သဖြင့် စားပွဲထိုးကလေးက ကြောင်တောင်တောင်နှင့် ခေါင်းယမ်းပြလိုက်၏။ ထိုလူက အားရပါးရ ရယ်မောကာ ...

"ငါ့နာမည်က ကောင်းရှိလို့ခေါ်တယ်၊ အများက ဟိုစီးနဂါးလို့ခေါ်ကြတယ်ကွ၊ ငါ့ဇာတိက ဟိုစီးနယ်ကိုးကွ"

စားပွဲထိုးလေးက ကြောင်တောင်တောင်ဖြင့် ပိုင်ရှင်သူဌေးကို လှမ်းကြည့်ပြန်သည်။ ပိုင်ရှင်အဘိုးအိုက ဘာမျှပြန်မပြောဘဲ မျက်မှောင်ကြုတ်ကာ စဉ်းစားနေသည်ကို တွေ့ရ၏။

ကောင်းရှိက စားပွဲထိုးကို သတိမပြုမိပါ။ ဆက်၍ ...

"ဟိုစီးနယ်မှာဆို ငါမသိတဲ့လူ တစ်ယောက်မှမရှိဘူး"

"နေဝင်တော့မယ်ဗျာ၊ ဆရာကြီး ခရီးနှင်ချင်ရင် အခုအချိန်ဟာ အတော်ပါပဲခင်ဗျာ"



"ငါ မပြန်သေးဘူးကွ"

"မိုးချုပ်ရင် ခရီးသွားရတာ မလွယ်ဘူးဗျ၊ နောက် ဆရာကြီးကလည်း တော်တော်မူးနေပြီ မဟုတ်လား"

"ဘာမူးတာလဲ၊ ဟား ... ဟား ... ဟား လိုပါသေးတယ်၊ ငါက အာသာတောင် မပြေသေးဘူး။ အရက်မူးသွားရင်လည်း ဒီမှာပဲ အိပ်ပစ်လိုက်မှာပေါ့၊ ဒီမှာ အေးလည်းအေးတယ်ကွ"

စားပွဲထိုးလေးက ရှုံ့မဲ့၍ ပြော၏။

"ဆရာကြီးလို ဂုဏ်သရေရှိပုဂ္ဂိုလ်ကြီးအနေနဲ့ ဒီလိုအရက်ဆိုင်မှာ မအိပ်သင့်ပါဘူးဗျာ"

"မင်းတို့အရက်ဆိုင်က တော်တော်ထူးဆန်းပါလား။ သူများဖြင့် မရောင်းရမှာစိုးလို့ အတင်းရောင်းနေကြတာ၊ မင်းတို့က ဘယ့်နှယ့် ဧည့်သည်ကို မောင်းထုတ်နေတယ်၊ တော်ကြာ မင်းသူဌေး စိတ်ဆိုးနေမယ် ... သိလား"

စားပွဲထိုးလေးက မတတ်နိုင်တော့တဲ့အဆုံး မချိပြုံးပြုံးရတော့သည်။ ပိုင်ရှင်အဘိုးအိုက စားပွဲထိုးအား ...

"ရှောင်ဟာ ... ဧည့်သည်အရက်လိုချင်ရင် ပေးလိုက်၊ မင်းစကားကြော မရှည်နဲ့"

စားပွဲထိုးလေးသည် ဝမ်းသာအားရ ထွက်ခွာသွားတော့သည်။ ကောင်းရှိကလည်း မတားတော့ဘဲ ကိုယ့်ဘာသာကိုယ် တစ်ယောက်တည်း အရက်သောက်နေသည်။

စားပွဲထိုးလေးက ပိုင်ရှင်အဘိုးအိုနားသို့ ချဉ်းကပ်လာပြီး အစ်စုံတစ်ခုပြောရန် ဟန်ပြင်သည်။ ဆိုင်ရှင်က အပြောမခံချေ။

www.burmeseclassic.com

www.burmeseclassic.com



"ဘော်တော့၊ ဧည့်သည်ရဲ့သဘော လိုက်ပြီးလုပ်ပေးလိုက်"

ထိုစဉ် အဘိုးအိုတစ်ယောက်သည် ဆိုင်ထဲသို့ ဝင်လာရာ စားပွဲထိုးလေးက ဘဘကြီးဟု နှုတ်ဆက်လိုက်၏။ ထိုအဘိုးအိုမှာ အဆိပ်ငါးမျိုးဂိုဏ်း၏ အဖွဲ့သားဖြစ်လေသည်။ ချူးဖန်ဟု ခေါ်၏။

ချူးဖန်က ဆိုင်ရှင်ကို ရယ်ရယ်မောမော ပြော၏။

"ခင်ဗျားစာရင်းတွေ ရှင်းလို့မပြီးသေးဘူးလား"

ဆိုင်ရှင်အဘိုးအိုက ခေါင်းညိတ်၍ ...

"ဟုတ်တယ် ... အလုပ်ရှုပ်နေတယ်ဗျာ"

"ခင်ဗျားအလုပ်ကို မြန်မြန်ပြီးအောင်လုပ်ပါ။ ကျွန်တော်က စစ်တုရင်ကစားဖို့ စီစဉ်ထားမယ်"

သူသည် ခါးကြားထဲတွင်ထိုးထားသော စစ်တုရင်ကစားရန် ကျားဗန်းကိုထုတ်၍ ထောင်ပြလိုက်၏။

အရက်ဆိုင်၏သူဌေးအဘိုးအိုသည်လည်း အဆိပ်ငါးမျိုးဂိုဏ်း၏ အဖွဲ့ဝင်တစ်ယောက်ဖြစ်ပြီး အရေးပါအရာရောက်သူတစ်ဦးပင် ဖြစ်သည်။ နာမည်ကား စွန်းကျယ်ဖြစ်၏။ သူက ချူးဖန်ကို ...

"ကောင်းပြီ ... ခင်ဗျား အဆင်သင့်လုပ်ထားပါ။ ကျွန်တော် အလုပ်တွေပြီးအောင် လုပ်လိုက်ဦးမယ်"

ချူးဖန်သည် စားပွဲတစ်လုံးကို ရွေးပြီး ထိုင်လိုက်သည်။ ကျားဗန်းကို စားပွဲပေါ်တင်၍ ကစားရန်ပစ္စည်းကိရိယာများကို အိတ်ထဲမှနှိုက်ထုတ်လိုက်၏။ ထိုကစားနည်းသည် တရုတ်စစ်တုရင် ကစားနည်းဖြစ်၍ လုံးဝိုင်းသောသစ်သားတုံးပေါ်တွင် သက်ဆိုင်ရာ အမှတ်အသားပါသော စာလုံးများထုတ္ထွင်းထားသည်။ အရက်သောက်နေ



သော ကောင်းရှိုက ထိုစစ်တုရင်ကစားသောပစ္စည်းများကိုကြည့်ကာ ...

"ဒီကစားနည်းက ဘာအရသာရှိသလဲ၊ ဘယ်လောက်များ ကစားလို့ကောင်းလို့လဲ ခင်ဗျာ"

ချူးဖန်က စိတ်လိုလက်ရ ရှင်းပြ၏။

"အပျင်းပြေ ကစားနည်းတစ်မျိုးပေါ့ကွာ၊ ဒီကစားနည်းက လူတစ်ယောက် ဘယ်လောက်သည်းခံနိုင်သလဲဆိုတာကို စမ်းသပ်တဲ့ ကစားနည်းပဲ၊ ကြာကြာကစားရင် သည်းခံနိုင်လာတယ်ကွ"

"ကျွန်တော်တော့ မယုံဘူးဗျာ၊ ဘာဖြစ်လို့လဲဆို ဒီကစားနည်း ကစားနေတဲ့လူနှစ်ဦး ခိုက်ရန်ဒေါသဖြစ်ကြတာကို ကျွန်တော် ခဏခဏတွေ့ခဲ့ဖူးတယ်ဗျ"

ချူးဖန်က ...

"သြော် ... ဒါကတော့ ကလေးတွေ ဒါမှမဟုတ် လူငယ်တွေမှာသာ ဖြစ်တတ်တာပါ၊ တကယ်အဆင့်မြင့်တဲ့ ပညာသည်တွေကတော့ ဘယ်တော့မှ ခိုက်ရန်ဒေါသမဖြစ်ဘူး"

ကောင်းရှိုက ...

"ခင်ဗျားဆိုလိုတာက ခင်ဗျားဟာ အဆင့်မြင့်ပညာသည်ဆိုပါတော့"

ချူးဖန်က သက်ပြင်းတစ်ချက်ချ၍ ...

"ဒီမေးခွန်းကို ငါမဖြေချင်ဘူးကွာ"

ကောင်းရှိုက ရယ်မော၍ ...

"ခင်ဗျားက ကျွန်တော့်ထက် အသက်ကြီးတဲ့ ... ကျွန်တော်တို့လို လူငယ်ရှေ့မှာ ဟုတ်ပါတယ်လို့ပြောတာ ဘာများ

www.burmeseclassic.com

www.burmeseclassic.com



ရှက်စရာကောင်းလို့လဲဗျာ"

ချူးဖန်က ပြုံးရယ်ပြီး ပြော၏။

"ငါက အသက်ကြီးပေမယ့် မျက်နှာတော့ မတူဘူးကွ"

ကောင်းရှိက ခေါင်းမော့ကာ အားရပါးရ ရယ်မောလိုက်ပြီး...

"ခင်ဗျားလို အပြောကောင်းတဲ့ အဘိုးကြီးက သိပ်မများလှပါဘူးဗျာ၊ ခင်ဗျားပြောတာ တကယ်ဟုတ်မဟုတ် ကျွန်တော် စောင့်ကြည့်နေပါ့မယ်"

"အေး ... စောင့်ကြည့်နေပေါ့"

ကောင်းရှိသည် အရက်ခွက်ကို မြှောက်ပြကာ ...

"ဘဘကြီး ... အရက်လေး သုံးဆောင်ပါဦး"

"အရက်သောက်ရင် မူးလိမ့်မယ်၊ ငါ့အသက်အရွယ်နဲ့ဆိုရင် ပိုပြီး ခံနိုင်မှာ မဟုတ်ဘူး"

ကောင်းရှိက အရက်နောက်တစ်ခွက်သောက်လိုက်ပြီး ...

"တစ်ယောက်တည်း အရက်သောက်ရတာ အရသာမရှိဘူး။ အဖော်ကောင်းတစ်ယောက်နဲ့ သောက်ရရင် ဘယ်လောက်ကောင်းမလဲ" ... ဟု တစ်ဦးတည်း ရေရွတ်လေသည်။

ထိုစဉ်မှာပင် မြင်းခွာသံ ကြားရပြီး အရက်ဆိုင်ရှေ့ကို ချန်ဖူဝါရောက်ရှိလာ၏။ ဆဲမာမြို့၏သတင်းက တီကျူမှန်ကန်လှပေ၏။ ထင်းတီတွေအဖွဲ့သား၏လူအင်အားသည် အတော်လျော့နည်းနေပြီဖြစ်သော်လည်း သူတို့၏သတင်းရမှုက လျင်မြန်ပြီး မှန်ကန်လှ၏။

ချန်ဖူဝါသည် ဆိုင်ရှေ့သို့ရောက်သော် မြင်းပေါ်မှဆင်းလိုက်ပြီး စွန်းကျယ်အား နှုတ်ဆက်လေ၏။



"သူ့မြေးကြီး နေကောင်းရဲ့လား"

ချန်ဖူဝါသည် အရက်ဆိုင်ကို အကြိမ်များစွာရောက်ရှိခဲ့သည်။ ဆိုင်ရှင်စွန်းကျယ်နှင့် အဘိုးအိုချူးဖန်တို့ စစ်တုရင်ကစားသည်ကိုလည်း မြင်တွေ့ခဲ့ဖူး၏။ မြင်ရတိုင်း ချူးဖန်သာ ရှုံးပြီး စွန်းကျယ်က အမြဲနိုင်ရ၏။ ထို့ကြောင့် ချူးဖန်ထက် စွန်းကျယ်က ဉာဏ်ရည်သာလွန်ကြောင်း သူသိရ၏။ သူကိုယ်တိုင်ကလည်း စစ်တုရင်ကစားခြင်းကို ဝါသနာပါသဖြင့် စွန်းကျယ်နှင့် ကစားဖူးသည်။

သို့သော် စွန်းကျယ်က သူ့ကို အနိုင်ရရှိသွား၏။

ထို့ကြောင့် သူကလည်း စွန်းကျယ်၏ကစားကွက်ကို ချီးကျူးအရှုံးပေးခဲ့ပါသည်။ ထိုအဖြစ်အပျက်အားလုံးသည် လွန်ခဲ့သော နှစ်နှစ်တုန်းက အဖြစ်အပျက်များ ဖြစ်၏။

ထို့ကြောင့် ချန်ဖူဝါသည် စွန်းကျယ်နှင့် ချူးဖန်ဟူသော အဘိုးအိုနှင့် သိကျွမ်းခဲ့သည်မှာ နှစ်နှစ်ကျော်ရှိခဲ့ပြီဟု ဆိုနိုင်ပေသည်။

စွန်းကျယ်ဆိုသော အဘိုးအိုကလည်း ချန်ဖူဝါကို ကောင်းကောင်းမှတ်မိသည်။ သူသည် ချန်ဖူဝါဟူသောလူငယ်လေးကို ခင်မင်နှစ်သက်ခဲ့၏။ ဤလူငယ်လေးသည် သူတစ်ပါးထက်သာလွန်သော မှတ်ဉာဏ်စွမ်းရည် အလွန်ထက်မြက်သော လူငယ်ဖြစ်ကြောင်းကို စွန်းကျယ်သိထားသည်။ ပညာအမျိုးမျိုးကို အလွယ်တကူနှင့် သင်ကြားတတ်မြောက်နိုင်သော ချန်ဖူဝါအား စွန်းကျယ်က တပည့်အဖြစ် သိမ်းသွင်းရန် စိတ်ကူးခဲ့သေးသည်။

သို့သော် ဤလူငယ်သည် ဝမ့်ပွာဂေဟာ ပိုင်ရှင်ချန်ရှာ ဟုသိရသောအခါ ထိုစိတ်ကူးကို ဖျောက်ဖျက်ပစ်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



စွန်းကျယ်အဖို့ ချန်ဖူဝါအား သင်ကြားပေးရန် ဘာပညာများ ရှိတော့သနည်း။ စစ်တုရင်ကစားနည်းဟူသော ပညာကိုသာ သင်ပေးစရာ ကျန်တော့သည်။ စစ်တုရင်ကစားနည်းလောက်ကိုကား ချန်ဖူဝါ တစ်ယောက် အရေးထားမည်မဟုတ်ကြောင်း စွန်းကျယ်သိသဖြင့် သူ့စိတ်ကူးအားလုံးကို ပယ်ဖျက်ပစ်လိုက်ရတော့၏။

သူတို့သည် ချန်ဖူဝါကို ခင်မင်လျက်ပင် အားလပ်ချိန်တွင် သူတို့ထံလာရောက်လည်ပတ်ရန် ချန်ဖူဝါအား အမြဲဖိတ်ခေါ်ခဲ့သည်။

သို့သော် နှစ်နှစ်တာကာလနောက်ပိုင်းတွင်တော့ ယခင်ကဲ့သို့ ခင်မင်ရသော ချန်ဖူဝါမဟုတ်ကြောင်းကို သိသင့်သလောက် သိရှိထားပြီးကြလေပြီ။ ဂိုဏ်းချုပ်ကြီး တန်ဆယ်ချီအမိန့်စာကို လက်ခံရရှိသောအခါ စွန်းကျယ်သည် အလွန်စိတ်မကောင်းဖြစ်ခဲ့သည်။

သို့သော် သူက အမိန့်အတိုင်း ဆောင်ရွက်ရန် ပြင်ဆင်ရ၏။ ဤလူငယ်လေးကို ခင်မင်နှစ်သက်သော်လည်း ဂိုဏ်းချုပ်ကြီးနှင့် ဂိုဏ်းကြီးအပေါ် ပို၍သစ္စာရှိ၏။ မိမိ၏သစ္စာစောင့်သိမှုကို ပြသရန် အတွက် သူ မလုပ်ချင်သောအလုပ်ကို ကြိတ်မှိတ်ကာ လုပ်ရတော့မည်။ စွန်းကျယ်က ပြုံး၍ဖိတ်ခေါ်၏။

"နေကောင်းပါတယ် ... ထိုင်ပါ"

ချန်ဖူဝါက ...

"မြစ်ကူးဖို့ လှေတွေမရှိတော့ဘူးလား သူဌေးမင်း"

"ဟုတ်ပါတယ် ... မရှိတော့ဘူး"

"ဘာကြောင့်များလဲ ခင်ဗျာ၊ အစတုန်းကရှိတာပဲ မဟုတ်လား၊ တစ်ခုခုအခက်အခဲများ ရှိလို့လား ခင်ဗျ"



စွန်းကျယ်က ခေါင်းခါယမ်းရင်း ...

"မဟုတ်ပါဘူး၊ ဘာမှထိခိုက်မှု မရှိပါဘူး"

ထိုစဉ် ချူးဖန်က ဝင်ပြောလေ၏။

"ဒီနေ့ မြစ်ကူးဖို့တော့ စိတ်မကူးနဲ့တော့"

ချန်ဖူဝါက ချူးဖန်ဘက်လှည့်ကာ ...

"ဘဘကြီးချူးဖန်ကော နေကောင်းရဲ့လား"

ချန်ဖူဝါ၏ရိုသေစွာ နှုတ်ဆက်သောစကားကို ကြားလိုက်ရသောအခါ ချူးဖန်က သက်ပြင်းရှည်ကြီးချလိုက်မိလေ၏။

"မကောင်းပါဘူးကွာ"

ချန်ဖူဝါသည် အဘိုးကြီးချူးဖန်၏ မသတ်မသာ သက်ပြင်းချပုံကိုကြည့်ပြီး ထပ်မံမေးလိုက်၏။

"ဘဘကြီးတို့မှာ ဘာပြဿနာတွေဖြစ်နေကြတာလဲ ခင်ဗျာ၊ ကျွန်တော် ကူညီပေးရဦးမလား"

ချူးဖန်က ခေါင်းခါ၏။

"ပြဿနာနည်းနည်းပါ"

ချန်ဖူဝါက ပြောရင်းဆိုရင်းနှင့် ကောင်းရှီကို မျက်မှောင်ကြုတ်ကာ ကြည့်လိုက်၏။

ကောင်းရှီက လျင်မြန်စွာ လက်ခါယမ်းပြကာ ...

"ကျုပ်ကို မကြည့်ပါနဲ့၊ ကျုပ်ဟာကျုပ် အရက်သောက်နေတာ၊ သူတို့ကိုလည်း ပြဿနာမရှာဘူး၊ သူတို့ရဲ့ပြဿနာကိုလည်း ကျုပ်မသိဘူး၊ ကျုပ်နဲ့ ဘာမှလည်းမဆိုင်ဘူး"

ချူးဖန်က ခေါင်းညိတ်၏။

www.burmeseclassic.com

www.burmeseclassic.com



"သူပြောတာ မှန်ပါတယ်၊ သူနဲ့ ဘာမှမဆိုင်ပါဘူးကွယ်"

ကောင်းရှိက ရယ်မောကာ ...

"ကျွန်တော်ဟာ အရပ်ရှည်၊ အကောင်ကြီးပြီး မုတ်ဆိတ်တွေ ထူပျစ်လှတဲ့အတွက် အကြည့်ရဆိုးပါတယ်၊ ဒါပေမဲ့ ကျွန်တော်ဟာ လူဆိုးသွမ်းတစ်ယောက် မဟုတ်ပါဘူးဗျာ၊ လူကောင်းပါဗျာ"

ချန်ဖူဝါသည် စိတ်ဝင်စားစွာ လက်သီးနှစ်ဖက်ဆုပ် ဂါရဝပြုလိုက်၏။

"ခင်ဗျားနာမည် မသိရဘူးလား ခင်ဗျာ"

"ကျွန်တော့်နာမည် ကောင်းရှိပါ"

"ဪ ... ဟိုစီးနဂါးကောင်းရှိကိုး"

ကောင်းရှိကလည်း အရိုအသေပြုကာ ...

"ဟုတ်ကဲ့၊ ခင်ဗျားနာမည်ကော တဆိတ်လောက်ပြောပါဦး"

"ကျွန်တော့်နာမည် ချန်ဖူဝါပါ"

"ဪ ... ဝမ့်ဟွာဂေဟာပိုင်ရှင် ချန်ဖူဝါကိုး"

ကောင်းရှိသည် ဝမ်းသာအားရနှင့် ချန်ဖူဝါရှေ့ လျှောက်လာပြီး လက်သီးနှစ်ဖက်ဆုပ်ကာ ဂါရဝပြုပြန်လေ၏။

"နောင်ကြီးရဲ့နာမည်ကို ကျွန်တော်ကြားရတာ ကြာခဲ့ပါပြီဗျာ၊ အခွင့်အခါမရလို့ မသိကျွမ်းရတာပါ။ အခုလို အမှန်မထင်တွေ့ရတာ ကျွန်တော် ကံကောင်းလို့ပဲ ဆိုရမှာပဲ၊ လာဗျာ ... ကျွန်တော်က အရက်နဲ့ဧည့်ခံပါရစေ"

ချန်ဖူဝါမှာ တာဝန်ထမ်းဆောင်ရန်ရှိနေသဖြင့် အင်တင်တင်ဖြစ်နေသည်။



"အိုး ... ကျုပ်တို့ ဒီမှာရှိတော့ ဘယ်သူက ပြဿနာလာရှာမှာလဲဗျ၊ လာပါဗျာ"

"ခင်ဗျားက ဒီမှာရှိတော့ ဒီမှာ ပြဿနာရှိမယ်ထင်လို့ ပွဲကြည့်ဖို့ စောင့်နေတာလားဗျာ"

ကောင်းရှိက ခေါင်းခါရင်း ...

"ဒီအရက်သောက်လို့ကောင်းတဲ့အတွက် ကျွန်တော်သောက်နေတာပါ၊ ခင်ဗျားလို လူစွမ်းကောင်းကို သိခွင့်ရတဲ့အနေနဲ့ ဝမ်းမြောက်ပါတယ်"

ချန်ဖူဝါက အရက်ခွက်ကိုယူကာ ...

"ဘယ့်နှယ့် ခင်ဗျားက ကျွန်တော့်ကို လူစွမ်းကောင်းလို့ ခေါ်ရတာလဲ၊ ကျွန်တော်ကသာ ခင်ဗျားကို လူစွမ်းကောင်းလို့ ခေါ်ရမှာပါ"

"မဟုတ်ဘူး ... ကျွန်တော်က တကယ့်စိတ်ထဲက ပြောတာပါ၊ ကျွန်တော်က လူတိုင်းကို ဒီစကားမျိုးပြောတာ မဟုတ်ဘူး၊ ခင်ဗျားမို့ ကျွန်တော် ပြောတာဗျ"

"တော်ပါတော့ဗျာ ... ဒါတွေ မပြောပါနဲ့၊ ခင်ဗျားပိုင်နက် ဟိုစီးရော ဘယ်လိုလဲ ... ငြိမ်းချမ်းသာယာရဲ့လား၊ အခါအခွင့်ကြုံရင် တစ်ခေါက်တော့ အလည်လာဦးမယ်ဗျာ"

"သိပ်ကောင်းတာပေါ့၊ ဒါပေမဲ့ ဟိုစီးက ဓားပြတွေဟာ ကျုပ်မသေမချင်း သူတို့က ရောဂါမထရဲသေးဘူးဗျာ၊ ကျုပ်သိပ်မှ သူတို့တော့ ခေါင်းခဲနေဦးမှာပဲ"

"ဒါဖြင့် ခင်ဗျား ဒီရောက်လာတော့ ဒီက ဓားပြတွေ ခေါင်းခဲပြီပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကောင်းရှိက တဟားဟားရယ်မောလေ၏။

"ခင်ဗျားရှိနေမှ ကျွန်တော်လိုသေးလို့လားဗျာ"

"ကျွန်တော်က ခင်ဗျားကို အတုခိုးချင်ပေမယ့် မဖြစ်ဘူးဗျာ ဘာမဟုတ်တဲ့ သူခိုးလေးတွေတောင် ကျွန်တော်က နိုင်အောင်မထိန်းနိုင်သေးဘူးဗျ"

"ဒါဆို ခင်ဗျား ကျုပ်နဲ့လိုက်ခဲ့၊ ကျုပ် ဘယ်လိုထိန်းတယ်ဆိုတာ သင်ပေးမယ်"

"ဟုတ်တယ် ... ဒီပညာကို မသင်ရင်တော့ မဖြစ်ဘူးဗျာ"

ကောင်းရှိက အရက်ခွက်ကိုမြှောက်ကာအရက်ကိုတစ်ကျိုက်မော့သောက်ပစ်လိုက်၏။ ချန်ဖူဝါက အရက်ခွက်ကို နှုတ်ခမ်းနားတွင် တေ့လိုက်စဉ် တစ်စုံတစ်ခုပျံဝဲလာသံကြားသဖြင့် အရက်ကို မသောက်ဘဲ ရှောင်ပေးလိုက်ရသည်။ ထိုအရာသည် ချန်ဖူဝါ၏ဦးခေါင်းပေါ်မှ ကျော်ကာ ပြတင်းပေါက်မှ ထွက်သွား၏။

ချန်ဖူဝါက လှည့်ကြည့်လိုက်သောအခါ ချူးဖန်က ကျားဖန်းကိုကိုင်လျက် ပြုံးစိစိနှင့် သူ့ကိုကြည့်နေကြောင်း တွေ့ရ၏။

အရက်သောက်ပြီးသော ကောင်းရှိက ချန်ဖူဝါ အရက်မသောက်သဖြင့် ...

"ဟေ့လူ ... ခင်ဗျား ဘာဖြစ်လို့ အရက်မသောက်တာလဲ"

ချန်ဖူဝါက ...

"ခင်ဗျားကို ဆရာတင်လို့ တစ်ယောက်ယောက်က မကျေနပ်ဘူးထင်တယ်ဗျာ"

ကောင်းရှိသည် စွန်းကျယ်နှင့် ချူးဖန်တို့နှစ်ယောက်ကို



သေက်ာသလို လှမ်းကြည့်လိုက်၏။ ထိုအခါ ချူးဖန်က ...

"အရက်သောက်ဖို့ အချိန်ကျော်သွားပြီကွယ့်"

ကောင်းရှိက ... "ဘယ်ကလာတဲ့ စည်းကမ်းတွေလဲဗျာ"

ချူးဖန်က ... "ငါတို့ဆီကလာတဲ့ စည်းကမ်းပေါ့"

ကောင်းရှိက ...

"ခင်ဗျားတို့ ဆိုင်ပိတ်ချင်ရင် ကျုပ်တို့ အရက်ကုန်တဲ့အထိ စောင့်ပေါ့ဗျာ"

ချူးဖန်က ...

"ပြဿနာဖြေရှင်းလို့ပြီးရင် မင်းကြိုက်သလောက် သောက်နိုင်တယ်"

ထိုအခါ စွန်းကျယ်က ဝင်၍ ပြော၏။

"လူစွမ်းကောင်းကြီး ကောင်းရှိ ... ခင်ဗျား ကိစ္စရှိရင် ထွက်ခွာနိုင်ပါပြီ"

ကောင်းရှိက ခေါင်းခါရင်း ...

"ကျွန်တော်က လူစွမ်းကောင်းကြီး မဟုတ်ဘူးခင်ဗျ၊ ကျွန်တော့်ကိစ္စက ဒီမှာ အရက်သောက်ဖို့ပဲ၊ ထွက်ခွာဖို့ မဟုတ်ဘူး"

စွန်းကျယ်က ...

"ဒါဆို မင်းအရက် မင်းသောက်၊ ငါတို့လည်း မင်းကို ပြဿနာ မရှာချင်ဘူး၊ ပြဿနာက မင်းနဲ့မဆိုင်ဘူး"

ကောင်းရှိက ချန်ဖူဝါကို လက်ညှိုးထိုးကာ ...

"သူနဲ့ဆိုင်တယ်ပေါ့"

စွန်းကျယ်က ခေါင်းညိတ်ပြသော် ကောင်းရှိက ချန်ဖူဝါအား

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား သူတို့နဲ့ ရန်ငြိုးရှိခဲ့ဖူးလို့လားဗျာ"

"မသိဘူးဗျာ"

ချန်ဖူဝါက ခေါင်းခါယမ်းရင်း အအိုးကြီးနှစ်ယောက်ကို တောင်းပန်လိုက်၏။

"ဘဘကြီးတို့ ရှင်းပြကြပါဦးဗျာ ... ဘာတွေဖြစ်နေတာလဲ"

စွန်းကျယ်က ... "ဒါပေါ့ ရှင်းပြရမှာပေါ့"

ချူးဖန်၏ လေသံက ပျော့ပျောင်းသွား၏။

"ချန်ရေ ... ခဏလောက် ထိုင်ပါဦးကွယ်"

ချန်ဖူဝါက တည်ငြိမ်အေးဆေးစွာ ထိုင်ချလိုက်၏။ ကောင်းရှို ကလည်း သူတို့ကိုကြည့်ပြီး တခြားခုံတစ်လုံးပေါ် ထိုင်ချလိုက်ကာ နားထောင်နေ၏။

ထိုအခါ စွန်းကျယ်က ချန်ဖူဝါကိုကြည့်ပြီး ချီးကျူးလိုက်၏။

"လူစွမ်းကောင်းတို့မည်သည် လူငယ်ဘဝကတည်းက စကြမြပဲနော်၊ ချန်လည်း တကယ့်လူစွမ်းကောင်းပီသတဲ့လူငယ်လေးပဲ"

ချူးဖန်ကလည်း ထပ်ဆင့်ချီးကျူးသည်။

"မင်းရဲ့ တည်ငြိမ်ရင့်ကျက်တဲ့အမူအရာမျိုး တော်ရုံတန်ရုံလူ တစ်ယောက်ဆီမှာ မရှိဘူးကွယ့်"

ချန်ဖူဝါက ...

"ခင်ဗျားတို့ပြောချင်တာက ဒါတွေပဲလား"

စွန်းကျယ်က ခေါင်းခါပြသည်။

"ချန်သာ ကျုပ်တို့အကြောင်းသိရင် နားလည်လာမှာပါ"

ချန်ဖူဝါက ... "ဟုတ်ကဲ့ ... တစ်ဆိတ်လောက်ပြောပြပါဦး"



စွန်းကျယ်က ...

"ကျုပ်တို့က အဆိပ်ငါးမျိုးဂိုဏ်းသားတွေပဲဗျာ"

ချန်ဖူဝါ အံ့ဩသွားသည်။ ဘေးမှ ကောင်းရှိုကဝင်ပြော၏။

"အဆိပ်ဂိုဏ်းသားတွေဟာ ဒီလိုပဲ ပြဿနာရှာတာပဲလား"

စွန်းကျယ် ဒေါသဖြစ်သွား၏။

"မောင်ရင့်စကားက ဘာအဓိပ္ပာယ်လဲ"

ကောင်းရှိုက ...

"ဟိုတလောက ကျွန်တော် တောအုပ်တစ်ခုကိုဖြတ်သန်း ခရီးထွက်ခဲ့တုန်းက ခင်ဗျားတို့ဂိုဏ်းသားရဲ့ တားမြစ်စစ်ဆေးမှုကို ခံခဲ့ရတယ်၊ ကျွန်တော်နဲ့ ခိုက်ရန်ဖြစ်တော့မလို့"

စွန်းကျယ်က မျက်မှောင်ကြုတ်ကာ ...

"ကျုပ်တို့ဂိုဏ်းသားတွေဟာ ဒီလောက်မမက်မောပါဘူး"

"ကျုပ် မုသားပြောဆိုနေတာ မဟုတ်ဘူးဗျ၊ မယုံရင် ခင်ဗျားတို့လူကို မေးကြည့်ပါ"

ချူးဖန်က ဝင်၍ရှင်းပြသည်။

"သူတို့က ကျုပ်တို့ရဲ့ သခင်လေးကိုသတ်တဲ့တရားခံကို ရှာဖွေဖော်ထုတ်ရတာမို့ မောင်ရင့်ကို အနှောင့်အယှက် ပေးမိတာပါ"

ကောင်းရှိုက ...

"ဪ ... ခင်ဗျားတို့ဂိုဏ်းချုပ်ရဲ့သား အသတ်ခံရတာကိုး၊ ဒီလူသတ်မှုမှာ ကျွန်တော့်သူငယ်ချင်းက ပါနေလို့လား"

စွန်းကျယ်က ...

"ဒါတော့ မောင့်ရင့်သူငယ်ချင်းကို မေးကြည့်ရဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



တောင်းရှိက မေးမည်အပြုတွင် ချန်ဖူဝါက ...

"ခင်ဗျားတို့ဂိုဏ်းရဲ့သတင်းက မြန်လှချည်လား"

စွန်းကျယ်က ခေါင်းညိတ်ဝန်ခံသည်။

"ဟုတ်ပါတယ် ... ဒါကြောင့် ကျုပ်တို့က ချန်ကို အခုလို တားမြစ်ရခြင်းပါပဲ"

"ဪ ... ကျွန်တော်သိပြီ၊ ကုတို့ဆိပ်ကို ဒါကြောင့် ပိတ်ထားတယ်ဆိုပါတော့"

"ဟုတ်ပါတယ်"

"ဒါဖြင့် အခု ခင်ဗျားတို့က ဘယ်လိုလုပ်မလဲ"

"ချန်ဆိုတာ သံချပ်ဝတ်စုံနဲ့လူရဲ့သတင်းကို ကျုပ်တို့ လိုချင်ပါတယ်"

ချူးဖန်က ဝင်၍ရှင်းပြ၏။

"ချန်အနေနဲ့ ကျုပ်တို့ကို ပြောပြချင်ရင် ပြောပြနိုင်ပါတယ်၊ ဒါမှမဟုတ် ကျုပ်တို့ဂိုဏ်းချုပ်ကြီးရောက်မှပြောချင်လည်း ပြောပြနိုင်ပါတယ်"

စွန်းကျယ်က ဝင်၍ထောက်၏။

"ဂိုဏ်းချုပ်ကြီး မကြာခင် ရောက်ရှိလာပါလိမ့်မယ်"

ချန်ဖူဝါက ပြုံးရယ်ကာ ...

"ကျွန်တော် ရှင်းပြချင်ပေမယ့် အချိန်မရဘူး ထင်တယ်ဗျာ"

စွန်းကျယ်က ခေါင်းခါ၏။

"ဒါတော့ မဖြစ်နိုင်ဘူး ထင်တယ်"

ချန်ဖူဝါက ...



"ခင်ဗျားတို့ဂိုဏ်းချုပ်ကြီးကို ချိန်းပေးနိုင်မလား၊ ချိန်းထားတဲ့နေ့ကို ကျွန်တော် ဆက်ဆက်လာရောက် ဖြေရှင်းပေးမယ်လို့ ကတိပြုပါတယ်၊ များလည်းစွဲသာ ရှဥ့်လည်းလျှောက်သာအောင်ပေါ့ဗျာ"

စွန်းကျယ်က ...

"ချန် ... တခြားဘာတွေက အရေးကြီးနေလို့လဲ၊ ဒီပြဿနာကို မြန်မြန်ဖြေရှင်းနိုင်ရင် နှစ်ဦးနှစ်ဖက် အကျိုးရှိပါတယ်"

ချန်ဖူဝါက ပြုံး၍မေးလိုက်၏။

"အကယ်၍ ကျွန်တော်က အတင်းထွက်ခွာသွားမယ်ဆိုရင်ကော ဗျာ"

စွန်းကျယ်က သက်ပြင်းချကာ ...

"ကျုပ်တို့ကတော့ မရမက တားဆီးရတော့မယ်ပေါ့"

ချန်ဖူဝါကလည်း သက်ပြင်းချ၏။

"ကျွန်တော်ကလည်း ဒီကမထွက်ခွာလို့ မဖြစ်တဲ့အခြေအနေ ရောက်နေပြီဗျာ"

စွန်းကျယ်က ...

"ချန်ရဲ့သဘောက သံချပ်ဝတ်စုံနဲ့လူရဲ့သတင်းကို မပြောဘူး ဆိုတဲ့သဘောပေါ့"

"သူက ကျွန်တော့်ကို ယုံကြည်လို့သာ ပြောပြခဲ့တာပါ၊ ဒါကို ကျွန်တော်က ဖွင့်ပြောမယ်ဆိုရင် ကျွန်တော်ဟာ ဘယ်လူကောင်း ဟုတ်တော့မလဲဗျာ၊ သည်းခံကြပါ"

စွန်းကျယ်က မေး၏။

"ချန် ... ဝူတုမင်တောင်ကြားထဲက သံချပ်ဝတ်စုံနဲ့လူကို

www.burmeseclassic.com

www.burmeseclassic.com



ကယ်သွားတာ မင်းလား"

"ဟုတ်ပါတယ်"

ချန်ဖူဝါက ဝန်ခံသည်။ စွန်းကျယ်က စိတ်ပျက်စွာပြောသည်။

"အကယ်၍ ချန်သာမကယ်ရင် ဒီပြဿနာက ပြီးသွားတာ ကြာလှပြီ၊ အခုတော့ ကျုပ်တို့လည်း ဝင်ပါနေရပြီ"

ချူးဖန်ကဝင်၍ ...

"ချန်ရဲ့ ဖြောင့်မတ်တဲ့ စိတ်ထားကို ကျုပ်တို့ ချီးကျူးပါတယ်၊ ဒါပေမဲ့ သံချပ်ဝတ်စုံနဲ့လူကို ကယ်တင်နိုင်တာကိုတော့ ကျုပ်တို့စိတ်ထဲမှာ သံသယရှိနေပါတယ်ဗျာ"

ချန်ဖူဝါက ခေါင်းညိတ်ကာ ...

"ဟုတ်ကဲ့ ... ကျွန်တော် သဘောပေါက်ပါတယ်"

ချူးဖန်က ...

"ဒါဆို ချန်က ကျုပ်တို့ဂိုဏ်းနဲ့ ရန်ငြိုးဖွဲ့ချင်တဲ့သဘောလား"

ချန်ဖူဝါက ခေါင်းကို ခပ်သွက်သွက်ခါယမ်းလိုက်သည်။

"ခင်ဗျားတို့ကို ရန်ရှာချင်သူက တခြားလူတွေပါ၊ ကျွန်တော်က မဖြစ်အောင် ဝင်ရောက်ဟန့်တားခဲ့ခြင်းသာ ဖြစ်ပါတယ်၊ ဒါပေမဲ့ ကျွန်တော် နည်းနည်း နောက်ကျသွားတယ်ဗျာ"

စွန်းကျယ်က ...

"ဒါဆို ချန်ဟာ သံချပ်ဝတ်စုံလူနဲ့ တစ်ဂိုဏ်းတည်းမဟုတ်ဘူးပေါ့"

"ဟုတ်ကဲ့ ... တစ်ဂိုဏ်းတည်း မဟုတ်ပါဘူး"

ချန်ဖူဝါက တည်ကြည်သောမျက်နှာထားဖြင့်ဆက်ပြော၏။



"တကယ်တော့ သံချပ်ဝတ်စုံနဲ့လူကလည်း သူ့တစ်ပါးရဲ့ အကွက်ဆင်မှုအောက်မှာ ခင်ဗျားတို့ရဲ့ သခင်လေးကို အထင်လွဲပြီး သတ်ခဲ့ရတာပါဗျာ၊ ဒါတွေအားလုံးကို လူတစ်ယောက်က တမင်လုပ်ကြံ ထောင်ချောက်ဆင်ခဲ့တာပါ ခင်ဗျာ"

စွန်းကျယ်က ခေါင်းညိတ်၏။

"ချန်ရဲ့ စကားကို ကျုပ်တို့ ယုံကြည်ပါတယ်၊ အကောင်းဆုံးကတော့ ကျုပ်တို့ဂိုဏ်းချုပ်ကို ချန်ကိုယ်တိုင် ရှင်းပြနိုင်ရင် ပိုကောင်းလိမ့်မယ်လို့ ထင်ပါတယ်"

ချူးဖန်က ဝင်ပြောပြန်၏။

"ဂိုဏ်းချုပ်ကလည်း တစ်ယူသန်အစွဲအလမ်းကြီးသူ တစ်ယောက် မဟုတ်ပါဘူး။ ချန်ရှင်းပြတာကို ကျေနပ်နိုင်ပါလိမ့်မယ်"

ချန်ဖူဝါက ...

"ကျွန်တော် ရှင်းပြတာကို ဂိုဏ်းချုပ်ကြီးက တကယ်ပဲ ကျေနပ်နိုင်မှာလား ခင်ဗျာ"

ချူးဖန် စကားမပြောနိုင်တော့။ စွန်းကျယ်က ခပ်တိုးတိုးဖြင့်

"ဂိုဏ်းချုပ်ကြီးမှာ ဒီသားတစ်ဦးတည်းရှိတော့ အင်း ... ဒါတော့လည်း ပြောရအခက်သားပဲ"

အဘိုးကြီးနှစ်ယောက်သည် အထက်အဖွဲ့အစည်း၏အမိန့်ကို နာခံရသည်က တစ်ဖက်၊ ခင်မင်သောချန်ဖူဝါကို ရန်မပြုလိုသော စိတ်ကတစ်ဖက်ဖြင့် လွန်ဆွဲရင်း တိတ်ဆိတ်ငြိမ်သက်သွားကြသည်။

❁ ☆ ❁

www.burmeseclassic.com



## အခန်း ( ၂၁ )
## မျှော်လင့်မထားသော မိတ်ဆွေ

မြစ်ဆိပ်ကမ်းရှိ အရက်ဆိုင်ထဲတွင် ချူးဖန်၊ စွန်းကျယ်၊ ကောင်းရှိနှင့် ချန်ဖူဝါတို့လေးယောက် ရှိကြရာက လေးယောက်စလုံး အတွေးကိုယ်စီဖြင့် ငြိမ်သက်နေကြ၏။ အတန်ကြာမှ ချူးဖန်က တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်လေသည်။

"ကဲ ... ကျုပ်တို့မှာ အမိန့်နဲ့တာဝန်ကို ထမ်းဆောင်နေ တော့ သူ့ရဲကောင်းချန်ရဲ့ဆန္ဒကို မလိုက်လျောနိုင်ဘဲ ဖြစ်နေရပါတယ်။ ခွင့်လွှတ်ပေတော့"

သူသည် သစ်သားလုံးနှစ်လုံးဖြင့် ပြတင်းပေါက်အပြင်သို့ ပစ်ပေါက်လိုက်၏။ သစ်သားလုံးနှစ်လုံးသည် ပြတင်းပေါက်ကို ဖောက်ထွက်သွားပြီး အချင်းချင်းထိခိုက်သွားကာ ထူးဆန်းသော အသံတစ်သံထွက်လာ၏။

ထိုအခါ အရက်ဆိုင်၏အပြင်ဘက်မှ စူးရှသောရယ်သံများ ထွက်ပေါ်လာတော့သည်။ ချန်ဖူဝါသည် မချိပြုံးပြုံးကာ ကောင်းရှိကို ကြည့်ပြီး တောင်းပန်လိုက်၏။

"မိတ်ဆွေ ... ဒီပြဿနာဟာ မိတ်ဆွေနဲ့မဆိုင်တဲ့အတွက် အေးအေးဆေးဆေးသာ ထိုင်ကြည့်ပါနော်"



စွန်းကျယ်က ခေါင်းညိတ်ကာ ကောင်းရှိအား လှမ်းပြော၏။

"မောင်ရင် ထွက်ခွာနိုင်ပြီ"

"ကျွန်တော်က ဘာဖြစ်လို့ ထွက်ခွာသွားရမှာလဲ"

"လက်နက်ပုန်းတွေက မျက်စိမရှိဘူးကွ၊ မှတော်တဆ မောင်ရင့်ကိုထိမှန်ရင် ဘယ်လိုလုပ်မလဲ"

ကောင်းရှိက အေးစက်စွာရယ်ပြီး ...

"ကျွန်တော့်ကို လာမခြောက်နဲ့ ကျွန်တော်က မကြောက်တတ်ဘူး"

စွန်းကျယ်က ခေါင်းညိတ်၏။

"ဟုတ်ပါတယ်၊ ဟိုစီးနယ်က နဂါးတစ်ကောင်အကြောင်း ကျုပ်တို့လည်း ကြားဖူးထားပါတယ်၊ မောင်ရင်ဟာ လွယ်လွယ်နဲ့ ချောင်းဖျလို့ရမယ့်လူတော့ မဟုတ်ပေဘူး"

ကောင်းရှိက ချန်ဖူဝါအား ...

"ခင်ဗျားရော ကျုပ်ကို ဘယ်လိုထင်သလဲ"

"ကျွန်တော်က ခင်ဗျားကို ကောင်းစေချင်တဲ့စေတနာနဲ့ ပြောတာပါ၊ ကျွန်တော့်ကြောင့် ခင်ဗျားတာဝန် မပိုစေချင်လို့ပါ"

"အဲဒါကတော့ပဲဗျ၊ အခုဆိုရင် ကျုပ်တို့ သူငယ်ချင်းဖြစ်နေပြီ ဒီအချိန်မျိုးမှာ ကျုပ်သူငယ်ချင်းကို ဂရုမစိုက်ဘဲစွန့်ခွာထွက်ပြေးရင် ... လောကသားတွေ ကျုပ်ကို ကဲ့ရဲ့လှောင်ပြောင်ကြလိမ့်မယ်ဗျ"

ချန်ဖူဝါက .. "နောင်ကြီးက ကျွန်တော့်သဘောကို မသိ..."

ချန်ဖူဝါ စကားမဆုံးမီ ကောင်းရှိက ဖြတ်၍ပြော၏။

"တော်ပါတော့ ... သူငယ်ချင်းအတွက်ဆို အသက်သေပါစေ

www.burmeseclassic.com



ကျွပ် ကောင်းရှိဆိုတဲ့ကောင်က မျက်ခုံးတစ်ချက်မတွန့်စေရဘူး"

သူသည် အားရပါးရ ရယ်မောကာ ...

"နောင်ကြီးလို သူငယ်ချင်းမျိုးကိုမှ မပေါင်းရင် ဘယ်

သူငယ်ချင်းကို ပေါင်းရမှာလဲ ဟား ... ဟား ... ဟား"

ချန်ဖူဝါသည် ကောင်းရှိကိုကြည့်ကာ စကားမပြောနိုင်တော့

ပေ။ ဤသူသည် အလွန်တရာပွင့်လင်းသော လူဖြစ်ပါတကားဟု ခင်

သောအကြည့်ဖြင့် ကြည့်မိ၏။

ကောင်းရှိသည် အဘိုးကြီးနှစ်ယောက်ကို လှမ်းပြော၏

"ခင်ဗျားတို့ နားထောင်ကြ ... ချန်ဖူဝါကို ရန်ပြုချင်ရင် ကျ

ကောင်းရှိဆိုတဲ့ကောင်ကို အရင်ကျော်နိုင်မှ ဖြစ်မယ်"

စွန်းကျယ်က စိတ်ပျက်စွာ ပြော၏။

"မောင်ရင်က ပါချင်တယ်ဆိုတော့လည်း မတတ်နိုင်ဘူးပေ

ထို့နောက် လက်ခုပ်တစ်ချက်တီးလိုက်ရာ အရက်ဆိုင်၏

လေးဘက် ရှတ်တရက် ပြုလဲကျသွား၏။

အကျီအနက်နှင့်သိုင်းသမားများက လေးဘက်လေးတ

ပေါ်ပေါက်လာ၏။ သူတို့၏အဝတ်အစားကိုကြည့်လိုက်သည်နှ

အဆိပ်ငါးမျိုးဂိုဏ်းသားများဖြစ်ကြောင်း ချန်ဖူဝါ သိရှိလိုက်၏။

စွန်းကျယ်သည် စားပွဲခုံပေါ်မှ ပေသီးအားလုံးကို ယူလို

၏။ သတ္တုဖြင့်ပြုလုပ်ထားသောပေသီးသည် သူ၏လက်နက်ဖြ

သလို သူ၏စာရင်းတွက်သောဂဏန်းတွက်ကိရိယာလည်း ဖြစ်သည်

ချန်ဖူဝါသည် ဤသူများနှင့် ရန်မဖြစ်လိုချေ။

ထို့ကြောင့် တောင်းတောင်းပန်ပန်နှင့် ပြော၏။



"ဘဘကြီးတို့နှစ်ယောက်ကို ကျွန်တော် မေတ္တာရပ်ခံပါ

တယ်၊ သူ့ ဒဏ်ရာပျောက်ကင်းသွားရင် သူကိုယ်တိုင်လာပြီး ဒီကိစ္စကို

ဖြေရှင်းတောင်းပန်ပါလိမ့်မယ်၊ ဒီအတွက် ကျွန်တော် အာမခံပါတယ်"

စွန်းကျယ်က ခေါင်းခါရင်း ...

"ဒါက ဂူတမင်အဆိပ်ဂိုဏ်းရဲ့ ပြဿနာပါ၊ သံချပ်ဝတ်စုံနဲ့

လူက ကျုပ်တို့ရဲ့ သခင်လေးကို သတ်ခဲ့တယ်၊ ချန်က သူ့ကို ကယ်တင်

လိုက်တယ်၊ အခုကျုပ်တို့က ချန့်ဆီက သံချပ်ဝတ်စုံနဲ့လူရဲ့ သတင်း

အစအနကို သိချင်နေတယ်၊ ချန်ကသာ ဖွင့်ပြောလိုက်ရင် ဒီပြဿနာ

က ဒီမှာတင် ပြီးဆုံးနိုင်တယ်၊ ချန်ကို ကျွန်တော်တို့က အနူးအညွတ်

မေတ္တာရပ်ခံပါတယ်၊ ချန်က လက်မခံဘူးဆိုတော့ ကျုပ်တို့အနေနဲ့

နောက်ဆုံးနည်းကို အသုံးပြုရတော့မှာပဲ"

ချန်ဖူဝါက ...

"ကျွန်တော် အခုလိုဖြေရှင်းပြရတာက ခင်ဗျားတို့အချင်းချင်း

မသတ်ဖြတ်မိအောင်လို့ပါ၊ ထင်းတီထွေရဲ့ အကွက်ဆင်ထားတဲ့

ချောက်ထဲ မကျရအောင် ကျွန်တော် ပြောပြရတာပါ"

ချန်ဖူဝါက ဆက်မပြောတော့ဘဲ သက်ပြင်းချလိုက်ခဲ့

န်ဘေးမှ ကောင်းရှိက ဝင်ပြောတော့သည်။

"ခင်ဗျားတို့နှစ်ယောက်က တော်တော် နားဝေးတာပဲ ကျုပ်

သူငယ်ချင်းပြောတာက ရှင်းနေပါတယ်၊ ခင်ဗျားတို့ကို အဆင်ပြေစေ

ချင်လို့ စေတနာနဲ့ ဖျောင်းဖျတာတောင် ခင်ဗျားတို့က သတိမထား

ဘူးလား"

စွန်းကျယ်က ...

www.burmeseclassic.com

www.burmeseclassic.com



"မောင်ရင်က ဒီကိစ္စနဲ့ လုံးဝမသက်ဆိုင်တဲ့လူတစ်ယောက် ပါ ဝင်ရှုပ်ရင် ကောင်းမယ်"

ကောင်းရှိက ရယ်မောကာ ...

"ခင်ဗျားတို့နှစ်ယောက်က အသက်ကြီးပြီး ဦးနှောက်မရှိတဲ့ လူတွေပဲ"

ကောင်းရှိသည် စားပွဲတစ်လုံးကို အားနှင့်ကန်ထည့်လိုက် ၏။ ထို့နောက် ထိုင်ခုံနှစ်လုံးကို ဘယ်ညာကိုင်ကာ လေထဲတွင် ဝှေ့ ယမ်းလိုက်သည်။ ကောင်းရှိကန်လိုက်သော စားပွဲခုံသည် အရှိန်ပြင်း စွာနှင့် ဂိုဏ်းသားများထံ ပျံဝဲဝင်ရောက်သွားသည်။ တန်းစီကာ ရပ် နေသော အဆိပ်ဂိုဏ်းသားများသည် တစ်ယောက်နှင့်တစ်ယောက် ပူးကပ်နေကြသဖြင့် စားပွဲခုံကိုရှောင်ရန် နေရာမရှိတော့။

သူတို့သည် ပျံဝဲလာသောစားပွဲကို ဓားဖြင့် ခုတ်ပိုင်းလိုက်ရာ ဓားများသည် စားပွဲထဲသို့ စိုက်ဝင်သွားကြသည်။ သို့သော် အရှိန်က မသေပေ။ စားပွဲခုံနှင့် တိုက်မိကာ ဂိုဏ်းသားသုံးယောက် လေထဲသို့ မြောက်တက်သွားပြီး သွေးအန်လျက် သေဆုံးသွားကြသည်။

ကျန်ရှိသေးသော အဆိပ်ဂိုဏ်းသားတို့သည် မျက်နှာပျက် သွားပြီး ရှေ့တိုးကာ ဝိုင်းရံလိုက်၏။ ကောင်းရှိသည် ထိုအဖြစ်အပျက် ကြောင့် ကြောင်အမ်းအမ်း ဖြစ်သွား၏။

"မင်းတို့ကို ငါ သတ်ချင်တာ မဟုတ်ဘူး"

ကောင်းရှိသည် အဆိပ်ဂိုဏ်းသားများကို ထိခိုက်စေလို၍ ယခုကဲ့သို့ ကန်လိုက်ခြင်း မဟုတ်ပေ။

စွန်းကျယ်က အေးစက်စွာပြောလိုက်၏။



"အခုတော့ မင်းလည်း ဒီကိစ္စနဲ့ပတ်သက်နေပြီ၊ မင်းလည်း ...သွတ်မယ်မထင်နဲ့တော့"

"ခင်ဗျားရဲ့လူတွေက တော်းတွေပဲ၊ ဒီလောက်ကြီးတဲ့စားပွဲ ...တောင် မရှောင်နိုင်ကြဘူး"

ကောင်းရှိက ဒေါသတကြီးနှင့် ပြော၏။ စွန်းကျယ်က ...

"ဘာဖြစ်ဖြစ် မင်းအသက်ကိုတော့ ဒီမှာထားခဲ့ရမှာပဲ"

သူသည် ကောင်းရှိအားပြောပြီးသည်နှင့် အဆိပ်ဂိုဏ်းသား ...များကို အမိန့်ပေးလိုက်၏။

"လက်နက်ပုန်းတွေ အဆင်သင့်ပြင်ထားစမ်း"

"ဟုတ်ကဲ့"

ဟု ဂိုဏ်းသားများက ဆိုပြီး ဓားကို ပါးစပ်ထဲကိုက်ထားပြီး ...ကြားရှိ လက်အိတ်ကိုထုတ်ကာ စွပ်လိုက်ကြသည်။ ကျားသစ်အရေ ...ဖြင့် ပြုလုပ်ထားသော လက်အိတ်ကိုစွပ်လိုက်ပြီလျှင် အဆိပ်လူး ...ထားသော လက်နက်ပုန်းကို အသုံးပြုကြတော့မည်မှာ သေချာနေပြီ။

ချန်ဖူဝါက ...

"ခေတ္တခဏလောက် ကျွန်တော် ရှင်းပြပါရစေ"

စွန်းကျယ်က လက်မခံတော့ပေ။

"တော်တော့ ... ဒီနဂါးရဲ့အသက်ကို တို့လိုချင်တယ်"

ကောင်းရှိကလည်း အလျှော့မပေးဘဲ ...

"ခင်ဗျားတို့ အရည်အချင်းရှိရင် လာယူပါ"

သူသည် ချန်ဖူဝါအား ...

"ဟေ့ ... ခင်ဗျား မြန်မြန်သွား။ ကျုပ် ခုခံထားမယ်"

www.burmeseclassic.com

www.burmeseclassic.com



ချန်ဖူဝါက ရယ်လိုက်၏။

"အခုမှ ဒီစကားမျိုး ပြောရသလားဗျာ"

"မဟုတ်ဘူး၊ ခင်ဗျားမှာ အရေးကြီးတဲ့ကိစ္စ ရှိသေးတယ် မဟုတ်လား"

"သွားချင်ရင် ကျွန်တော်တို့နှစ်ယောက် အတူသွားမယ်"

ကောင်းရှိက ကျေနပ်စွာရယ်လိုက်၏။ ချန်ဖူဝါကပြောသည်

"ကျွန်တော် ရှေ့ကနေ လမ်းဖွင့်မယ်၊ ခင်ဗျားက နောက်က လိုက်ခဲ့"

ကောင်းရှိက သဘောမတူချေ။

"မလိုချင်ဘူး ... ကျုပ်ရှေ့က လမ်းဖွင့်မယ်"

သူသည် စကားဆုံးသည်နှင့် အဆိပ်ဂိုဏ်းသားများထံ ချ ဝင်သွားတော့၏။ ချန်ဖူဝါသည် ကြည့်မနေနိုင်တော့။ ဓားရှည်ကို ဆွဲ ထုတ်ကာ ကောင်းရှိနောက် လိုက်သွား၏။

တစ်ခဏအတွင်း လက်နက်ပုန်းများ၏ လေတိုးသံ တဝီဝီ ပေါ်ပေါက်လာပြီး လေးဘက်လေးတန်မှ လက်နက်ပုန်းများက ကြောက်မက်ဖွယ်ရာ ပျံဝဲလာ၏။

ချန်ဖူဝါက စားပွဲတစ်လုံးကိုဆွဲယူပြီး ဝှေ့ယမ်းကာ လက် နက်ပုန်းများကို ကာကွယ်လိုက်၏။ ရှေ့မှကောင်းရှိသည်လည်း ထိုင်ခုံနှစ်လုံးကို ခပ်စိပ်စိပ်ဝှေ့ယမ်းလျက် ကာရံထားသည်။

တဒုတ်ဒုတ်အသံများ ပေါ်လာပြီး စားပွဲပေါ်သို့ လက်နက် ပုန်းများ စိုက်ဝင်ကုန်၏။ မီးရောင်အောက်တွင် လက်နက်ပုန်းများ သည် ရင်တုန်စရာကောင်းအောင် တလက်လက် တောက်ပြောင်နေ



သည်ကို တွေ့ရသည်။

ချူးဖန်သည် သစ်သားတန်းတစ်ခုပေါ်သို့ ခုန်တက်လိုက်၏။ တစ်ပြိုင်တည်း သူ၏လက်နှစ်ဖက်မှ သစ်သားတုံးများဖြင့် ကောင်းရှိ ကို ဦးတည်ပစ်ခတ်လိုက်၏။ သစ်သားတုံးများသည် သူ၏လက်နက် ပုန်းများ ဖြစ်သည်။ အရှိန်ပြင်းစွာ ကောင်းရှိထံ ဝင်ရောက်သွား၏။

ထိုစဉ် စွန်းကျယ်လည်း သစ်သားတန်းတစ်ခုပေါ်သို့ ခုန် တက်ပြန်သည်။

ကောင်းရှိသည် ချူးဖန်၏ လက်နက်ပုန်းကို ကာကွယ်ရန် အခက်အခဲတွေ့နေ၏။ ချန်ဖူဝါက အော်ဟစ်အားပေးလိုက်လေ၏။

"ဒီအဘိုးကြီးနှစ်ယောက်ကို ခင်ဗျား ဂရုစိုက်နဲ့ ... ကျွန် တော့်ရဲ့တာဝန်ထား"

ညာဘက်လက်မှ ဓားရှည်ကိုဝှေ့ယမ်းလျက် ချူးဖန်၏လက် နက်ပုန်းများကို ခါထုတ်ပစ်လိုက်၏။ တစ်ပြိုင်တည်းမှာပင် ဘယ် ဘက်လက်မှ ထိုင်ခုံဖြင့် အဆိပ်ဂိုဏ်းသားတို့ ပစ်ခတ်လိုက်သော လက်နက်ပုန်းကို ခါထုတ်လိုက်၏။ ပြီးလျှင် ထိုထိုင်ခုံဖြင့် ဂိုဏ်းသား ကို ပစ်ပေါက်လိုက်၏။

ချူးဖန်သည် သစ်သားတုံးများဖြင့် ကောင်းရှိကို ပစ်ခတ် တိုက်ခိုက်သော်လည်း ချန်ဖူဝါ၏ ကာကွယ်ပေးမှုကြောင့် အောင်မြင် ကြောင်း တွေ့ရသောအခါ ဒေါသထွက်လာတော့သည်။ ထို့ကြောင့် အတ်ကြွပ်အကျိုးများကို သစ်သားတုံးလက်နက်ပုန်းများနှင့် ရော နှောကာ ချန်ဖူဝါဆီသို့ ဦးတည်ပစ်ခတ်တော့သည်။ စွန်းကျယ် ကလည်း သံမေ့သီးဖြင့် ချန်ဖူဝါ၏ ဦးခေါင်းကို တိုက်ခိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ချန်ဖူဝါက စားပွဲနှစ်လုံးကို ဆွဲကိုင်ကာ ချူးဖန်၏ လက်နက်ပုန်းများနှင့် စွန်းကျယ်၏သံပေသီးကို ကာကွယ်လိုက်၏။ သစ်သားစနှင့် အုတ် ကြွပ်ပြားများသည် တဒုတ်ဒုတ်မြည်ကာ စားပွဲပေါ်သို့ စိုက်ဝင်သွားသည်။

ချူးဖန်က အတွင်းအားအပြည့်ဖြင့် ပစ်လိုက်သဖြင့် အုတ်ကြွပ်ပြားသည် ကွဲကြေသွားခြင်း မရှိဘဲ စားပွဲထဲ စိုက်ဝင်သွားသည်။

စွန်းကျယ်၏ သံပေသီးကြောင့် စားပွဲခုံတစ်လုံးသည် အစိမ်းစိပ်အမြှာမြှာ ကွဲကြေသွားတော့သည်။

စွန်းကျယ်သည် သူ၏သံပေသီးကို ထပ်မံ၍ တုန်ခါလိုက်ရာ ပေသီးအစေ့များသည် ကျွတ်ထွက်လာပြီး လက်နက်ပုန်းများသဖွယ် ချန်ဖူဝါထံ ဝင်လာပြန်၏။ ချန်ဖူဝါက လက်ထဲမှ ဓားရှည်ကို ရုတ်တရက်ထောင်လိုက်ပြီး ကျဲလိုချူးယင်သိုင်းကွက်ဖြင့် ပေသီးလက်နက်ပုန်းများကို ထိုးလိုက်၏။

ဓားရှည်ပေါ်တွင် အတွင်းအားအပြည့်အဝ သွင်းထားသောကြောင့် ပေသီးလက်နက်ပုန်းတို့သည် သံလိုက်ဓာတ်ဆွဲငင်ခံရသည့်ပမာ သူ၏ဓားရှည်ပေါ်သို့ အသီးသီး ကပ်သွားကြ၏။

ထိုအခြင်းအရာကိုမြင်ရသော စွန်းကျယ်သည် အလွန်အံ့ဩတုန်လှုပ်သွား၏။ ချန်ဖူဝါ၏နက်ရှိုင်းသော အတွင်းအားကို စိတ်ထဲမှ ကျိတ်၍ ချီးကျူးမိ၏။ ထိုစဉ် ချန်ဖူဝါက ...

"ခင်ဗျားတို့ ပြန်ပြီး သတိထားကြပေတော့"

သူသည် အော်ဟစ်သတိပေးပြီး သူ့ဓားကို ခါယမ်းထုတ်ပစ်လိုက်သည်။ စွန်းကျယ်မှာ သူ၏ပေသီးစေ့များကို ပြန်လည်ရှောင်



တိမ်းရပြန်တော့သည်။

အဆိပ်ဂိုဏ်းသားတို့သည် လက်နက်ပုန်းဖြင့် မတိုက်ခိုက်ကြတော့ဘဲ သူတို့၏လက်နက်အသီးသီးထုတ်ကာ ဝင်ရောက်တိုက်ခိုက်ကြတော့သည်။ ရှေ့မှ ကောင်းရှို၏ခွေးခြေနှစ်လုံးက အားမာန်အပြည့်နှင့် တိုက်ခိုက်နေသလို နောက်မှ ချန်ဖူဝါကလည်း စွန်းကျယ်နှင့် ချူးဖန်တို့ကို အကြိတ်အနယ် ကာကွယ်တိုက်ခိုက်နေ၏။

လက်နက်ချင်းရိုက်ခတ်သံနှင့် မာန်သွင်းသံများ ဆူညံနေတော့သည်။ အဆိပ်ဂိုဏ်းသားတို့သည် အသက်ကိုပဓာနမထားဘဲ အသေအလဲ တားဆီးနေ၏။

သူတို့သည် ဂိုဏ်းချုပ်ကြီး၏အမိန့်ကို လက်ခံရရှိပြီးကတည်းက အသက်အသေခံရန် ဆုံးဖြတ်ထားကြသည်။ ထို့အတူ စွန်းကျယ်နှင့် ချူးဖန်တို့လည်း တတ်နိုင်သမျှ သိုင်းပညာကို အကုန်ထုတ်ကာ ချန်ဖူဝါအား တိုက်ခိုက်ကြ၏။

ချန်ဖူဝါ၏ သိုင်းပညာအရည်အချင်းသည် သူတို့နှစ်ယောက်ထက် သာလွန်သော်လည်း သူတို့နှစ်ယောက်က အချိတ်အဆက် [illegible] ရနှင့် ညှပ်တိုက်နိုင်သောကြောင့် ချန်ဖူဝါသည် အရှက်ဆိုင်အပြင်သို့ရောက်အောင် မထွက်နိုင်သေးဘဲ ရှိနေ၏။ ကြာလျှင် အခြေအနေက ပိုဆိုးရွားလာမည်ဖြစ်ကြောင်း ချန်ဖူဝါနှင့်ကောင်းရှိုတို့ သိသည်။

ကောင်းရှိုသည် အားကုန်ထုတ်ကာ ထွက်ပေါက်ဖောက်တော့သည်။ သူ၏အားမာန်အပြည့်ပါသောတိုက်ကွက်ကြောင့် အဆိပ်ဂိုဏ်းသားများသည် တဖြည်းဖြည်း နောက်ဆုတ်ပေးကြရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၂ )
## ပြတ်နေသောကွင်းဆက်တစ်ခု

အဆိပ်ငါးမျိုးဂိုဏ်းသားများ ဝိုင်းရံခြင်းကို ထိုးဖောက်တိုက်ခိုက်ရင်း ကောင်းရှိသည် အပြင်သို့ ရောက်လာ၏။ သူ၏ လက်နှစ်ဖက်၌ရှိသော စားပွဲခုံနှစ်လုံးသည် ကြေမွပျက်စီးသွားလေပြီ။ ခြေထောက်တစ်ချောင်းစီသာ ကျန်တော့သည်။ နောက်လှည့်ကြည့်လိုက်သော်လည်း သူနှင့် ပေနှစ်ဆယ်ကျော်ကျော်လောက်တွင် ချန်ဖူဝါ လိုက်လာသည်ကို တွေ့ရသဖြင့် လှမ်းမေးလိုက်သည်။

"ချန် ... ကျုပ်တို့ ဘယ်ဘက်ကို ပြေးမလဲ"

ချန်ဖူဝါ ...

"မြောက်အရပ်ကိုပြေး ... ခင်ဗျား အရင်သွားနှင့်၊ ကျွန်တော် လိုက်လာခဲ့မယ်"

ကောင်းရှိက အော်ဟစ်ကာ ...

"ခင်ဗျား အရင်သွားနှင့်ပါ၊ ကျွန်တော် နောက်က လိုက်လာမယ်"

ချန်ဖူဝါက ရယ်၍ပြောသည်။

"ခင်ဗျားရဲ့ ကိုယ်ဖော့ပညာက ကျွန်တော့်လောက် မမြင့်မားပါဘူး၊ ဒီအခြင်းအခုံလုပ်နေရင် ကျုပ်တို့နှစ်ယောက် ဘယ်သူမှ



လွတ်မြောက်တော့မှာ မဟုတ်ဘူးဗျ၊ ခင်ဗျား အရင်ပြေးစမ်းပါ"

"အေး ... ကောင်းပြီ"

ကောင်းရှိသည် ထိုနေရာမှ လျှပ်မြန်စွာပြေးထွက်သွားတော့သည်။ အဆိပ်ဂိုဏ်းသားများက ကောင်းရှိအား အဆိပ်လက်နက်ပုန်းများဖြင့် မပစ်ခတ်နိုင်အောင် ချန်ဖူဝါက တရကြမ်း ဝင်တိုက်တော့သည်။ ထို့ကြောင့် ကောင်းရှိ လွတ်မြောက်သွားတော့သည်။

ထိုစဉ် စွန်းကျယ်နှင့် ချူးဖန်တို့နှစ်ယောက် ရောက်ရှိလာပြီး ချန်ဖူဝါကို ပြိုင်တူတိုက်ခိုက်ကြသည်။

ချန်ဖူဝါသည် သူတို့နှစ်ယောက်ကို ရင်ဆိုင်တိုက်ခိုက်ခြင်းမပြုဘဲ ရှောင်ပေးပြီး ကောင်းရှိနောက်သို့ လျှင်မြန်စွာ ပြေးလိုက်သွားသည်။ စွန်းကျယ်နှင့် ချူးဖန်တို့က အလွတ်မခံနိုင်သဖြင့် သူ့နောက်သို့ ဆက်ကြပ်မကွာ လိုက်ပါလာ၏။

ထို့ကြောင့် သူတို့နောက်တွင် လိုက်ပါလာသော ဂိုဏ်းသားများသည် ချန်ဖူဝါကို လက်နက်ပုန်းဖြင့် မတိုက်ခိုက်နိုင်တော့ချေ။ ဘာမျှမလုပ်နိုင်ဘဲ စွန်းကျယ်တို့နောက်မှ တကောက်ကောက် လိုက်ပါလာကြရတော့သည်။

ရှေ့မှပြေးနေသော လူလေးယောက်သည် ကိုယ်ဖော့ပညာဘက်တွင် အဆိပ်ဂိုဏ်းသားများထက် အဆမတန် သာလွန်နေသောကြောင့် ဂိုဏ်းသားတို့သည် အတော်ဝေးကွာသောနေရာတွင် ကျန်ရစ်ခဲ့ကြ၏။

ထိပ်ဆုံးမှ ပြေးလွှားနေသော ကောင်းရှိသည် ကိုယ်ဖော့ပညာ အဆင့်မမြင့်သော်လည်း သက်လုံကောင်းခြင်း အမှတ်ဆိုး

www.burmeseclassic.com

www.burmeseclassic.com



ရှိခြင်း စသည်တို့ကြောင့် လွတ်လွတ်ကျွတ်ကျွတ်ပြေးလွှားနိုင်သည်။

ချန်ဖူဝါမှာ စွန်းကျယ်နှင့် ချူးဖန်တို့ကို ခုခံရင်း ပြေးနေသဖြင့် သိပ်မလွတ်လပ်လှပေ။ အဆိပ်ဝိုဏ်းသားများနှင့် မျက်ခြည်ပြတ်သော အကွာဝေးသို့ ရောက်သောအခါ အဘိုးကြီးနှစ်ယောက်ကို လှည့်၍ပြောသည်။

"ဘဘကြီးတို့နှစ်ယောက် လှည့်ဖြားခံရပြီခင်ဗျ"

စွန်းကျယ်သည် ကြောင်နေပြီးမှ သဘောပေါက်သွားလေသည်။

"တကယ်တော့ မင်းက ငါတို့နှစ်ယောက်ကို အကာအကွယ်ယူပြီး ငါ့လက်အောက်ငယ်သားတွေ လက်နက်ပုန်းနဲ့ မပစ်ခတ်နိုင်အောင် လုပ်တာပေါ့ ဟုတ်လား"

ချန်ဖူဝါ ခေါင်းညိတ်ပြကာ ....

"ဟုတ်ကဲ့ ... ကျွန်တော်လည်း သွားသင့်ပြီ"

စွန်းကျယ်က ....

"မင်း ငါတို့လက်က ထွက်ပြေးနိုင်တယ်ဆိုတာ ယုံကြည်ပါတယ်"

ချူးဖန်ကလည်း ဝင်ပြောသည်။

"သိုင်းလောကထဲက တက်သစ်စလူငယ်တွေထဲမှာ မင်းဟာ ထိပ်သီးသိုင်းသမားဖြစ်တယ်လို့ သိုင်းလောကသားတွေက ပြောကြတာကို ငါအခု ယုံကြည်သွားပါပြီ"

စွန်းကျယ်က သတိပေးသည်။

"မင်းရဲ့သိုင်းပညာအဆင့်ဟာ ငါတို့ထက် မြင့်မားတယ်ဆိုတာ ငါတို့ ဝန်ခံပါတယ်၊ ဒါပေမဲ့ ... မင်းဟာ ဒီနေ့ ထွက်ပြေးလွတ်မြောက်နိုင်ပေမယ့် နောက်နေ့တွေကျရင် လွတ်ချင်မှလွတ်တော့မယ်"



သူတို့သုံးယောက် စကားပြောရင်း ရပ်လိုက်ကြသည်။ ချန်ဖူဝါ၏ စကားဆုံးသည်နှင့် တစ်ပြိုင်တည်း ချူးဖန်က သူ၏ ဓားပျော့ဖြင့် ချန်ဖူဝါကို ရုတ်တရက် ထိုးလိုက်၏။

ချန်ဖူဝါက ဓားဖြင့်ကာလိုက်ပြီး တစ်ပြိုင်နက် နောက်သို့ ဆုတ်ခွာသွားလေသည်။

စွန်းကျယ်သည် မာန်သွင်းအော်ဟစ်ရင်း လက်နက်ပုန်း ဆယ့်နှစ်ခုဖြင့် ပစ်လိုက်၏။ ချူးဖန်ကလည်း လေထဲသို့ ခုန်တက်သော ချန်ဖူဝါကို လက်နက်ပုန်းလေးဖြင့် ပစ်ခတ်ပြန်၏။

ချန်ဖူဝါ၏ကိုယ်ခန္ဓာသည် လေထဲတွင် နောက်ပြန် သုံးလေး ပတ်ခန့်ကာ လက်နက်ပုန်းများကို ရှောင်လိုက်ပြီး သစ်ပင်ပေါ် ခုန်တက်လိုက်၏။ စွန်းကျယ်နှင့် ချူးဖန်တို့က တစ်ဖက်တစ်ချက်မှနေ၍ လက်နက်ပုန်းများဖြင့် ပစ်ခတ်ပြန်သည်။ ချန်ဖူဝါသည် သစ်ပင်ပေါ်မှ ခုန်ဆင်းပြီး ကိုယ်ဖော့ပညာသုံးကာ တစ်ဟုန်ထိုး ပြေးထွက်သွားလေတော့သည်။

တိုတောင်းလှသော အချိန်အတွင်း တစ်ရှိန်ထိုး ပြေးထွက်သွားသော ချန်ဖူဝါကို ချူးဖန်တို့ လုံးဝ မလိုက်နိုင်တော့ပေ။ စွန်းကျယ်နှင့် ချူးဖန်တို့သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ငိုင်၍ ကျန်ရစ်ကြလေ၏။

မိုးချုပ်စ ပြုလာပြီ။ စွန်းကျယ်သည် အဝေးသို့ ငေးကြည့်နေရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ကောင်လေးရဲ့ လှုပ်ရှားမှုတွေကတော့ အံ့မခန်းပဲ"

ချူးဖန်က ခေါင်းညိတ်၏။

"သတ္တိရှိသလို အလုပ်လုပ်တာလည်း သေသပ်တယ်၊ ကိုယ်ဖော့ပညာကလည်း သိပ်ကောင်းတာပဲကိုး"

"ဟုတ်တယ်ဗျာ၊ အခု ကျုပ်ကိုယ်တိုင်တွေ့မှ ဘာကြောင့်သူက သံချပ်ဝတ်စုံနဲ့လူကို ဇုတ္တကူတောင်ကြားထဲက ကယ်တင်နိုင်တယ်ဆိုတာနာ သဘောပေါက်သွားတယ်ဗျာ၊ သူ့အဖို့ လူကို ကယ်ရတာ အခက်အခဲမရှိသလိုဘဲ"

ချူးဖန်က စွန်းကျယ်အားမေး၏။

"အခု သူက လုံဖေးရဲ့လက်အောက် ဘုရင်ဧကရာဇ်ကြီးရဲ့ အမှုတော် ထမ်းနေပြီဆိုတာ ဟုတ်ရဲ့လား"

စွန်းကျယ်က ခေါင်းညိတ်ကာ ...

"ဘုရင်ဧကရာဇ်ရဲ့ အမှုတော်ထမ်းတွေဟာ အထူးလေ့ကျင့်သင်ကြားမှုကို ခံယူရတယ်ဗျာ၊ အင်မတန်တင်းကျပ်ပြီး ခက်ခဲစွာ လေ့ကျင့်ရတယ်ဗျာ၊ သူတို့ကို လေ့ကျင့်ပေးတဲ့ သိုင်းဆရာထိပ်သီးပညာသည် ငါးယောက်ရှိတယ်လို့ ပြောကြပါတယ်၊ အဲဒီငါးယောက်ထဲမှာ ထန်မျိုးရိုးရဲ့ ဘိုးအေကြီးဟာ တစ်ယောက်အပါအဝင်ဖြစ်တယ်ဗျ၊ ဒါကြောင့် ကျုပ်တို့ရဲ့လက်နက်ပုန်းကို သူက အလွယ်တကူ ကာကွယ်နိုင်တာပေါ့"

"ဒါဖြင့် ကျုပ်တို့ ဘာဆက်လုပ်ကြမလဲ"

"အထက်က အမိန့်ကျလာမှတော့ မရရအောင် ကြံဖန်လုပ်ရတော့မှာပေါ့"



ချူးဖန်က မသာယာသည့်မျက်နှာဖြင့် ပြောသည်။

"ကျုပ်တို့လည်း အစွမ်းကုန်ကြိုးစားတာပဲဗျာ"

စွန်းကျယ်က ခေါင်းညိတ်သည်။

"ကောင်းရှိုဆိုတဲ့ကောင် အမှတ်မထင် ပါလာလို့ ကျုပ်တို့ဒုက္ခဖြစ်သွားတာပါ"

ချူးဖန်က ဝေဖန်ချက်ပေးသည်။

"ဒီလိုလူစားက အမှားအမှန်မဝေခွဲဘဲ ထင်သလို လုပ်တတ်တဲ့ ကောင်စားပဲဗျ"

စွန်းကယ်က ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလျှင်း —

"ခင်ဗျား မှားနေပြီဗျ၊ အကယ်၍ ကျုပ်သာ သူ့နေရာမျိုးမှာ ရှိနေရင် ကျုပ်လည်း ချန်ဖူဝါဘက်က ဝင်ရောက်ကူညီမိလိမ့်မယ်ဗျ"

ချူးဖန် ကြောင်သွားပြီးမှ တဟားဟားရယ်လေ်တော့သည်။

"လောကကြီးထဲမှာ အခုမှစတွေ့တဲ့ သူငယ်ချင်းအတွက် အသက်စွန့်ရဲတဲ့လူစားကို ကျုပ်အခုမှ မြင်ဖူးတော့တယ်"

စွန်းကျယ်က မုတ်ဆိတ်မွေးကို ပွတ်သပ်ရင်း ....

"ကျုပ်ကတော့ ဒီလို သတ္တိကောင်းတဲ့ယောကျ်ားကို လေးစားတယ်ဗျာ"

"အင်း ... နှမြောစရာပဲ၊ သူ မုချမလွဲ သေရတော့မယ်"

ချူးဖန်က နှမြောသလို ပြော၏။ စွန်းကျယ်က ဘာမှမပြောချေ။ ချူးဖန်က ဆက်၍ ...

"ကျုပ်တို့ ဆက်လိုက်သွားရမှာလား"

"သူတို့ ပြေးလို့မလွတ်နိုင်ပါဘူး၊ မြစ်ဆိပ်တစ်လျှောက်မှာ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လေ့မှ ဘမ်းမကပ်ရဘူးလို့ အမိန့်ချထားတယ်၊ ဒါကြောင့် သူတို့ ရေလမ်းကနေ မပြေးနိုင်ဘူး၊ အကယ်၍ မြောက်ဘက်အရပ်အတိုင်း ထွက်ပြေးရင် တောင်ဘက်ကို ဦးတည်လာတဲ့ ဂိုဏ်းချုပ်ကြီးနဲ့ ရင်ဆိုင်တိုးမိလိမ့်မယ်၊ နောက် အရှေ့အရပ်ကနေ ကျုပ်တို့ ဂိုဏ်းသားတွေ ဝန်းရံထားသေးတယ်ဗျာ"

ချူးဖန်က ...

"ဒါဆို သူတို့ ပြေးပေါက်မရှိတော့ဘူး၊ ကျုပ်တို့ ဒီအတိုင်း လိုက်သွားရင် မပြီပေ့ါ"

"ကောင်းရှိဆိုတဲ့ကောင်က ကိုယ်ဖော့ပညာနိမ့်တယ်၊ ချန်ဖူဝါသာ ခေါ်မသွားရင် ကောင်းရှိဆိုတဲ့ကောင်ကို ကျိန်းသေမိနိုင်တယ်"

ချူးဖန်က ရယ်မော၍ပြော၏။

"ဒါဆိုရင် ခင်ဗျားမှားပြီ၊ ချန်ဖူဝါဆိုတဲ့ ကောင်လေးက ကောင်းရှိကို ထားပစ်ခဲ့မှာ မဟုတ်ဘူးဗျ"

ထိုစဉ် ဂိုဏ်းသားများက သူတို့ကို မီလာကြသည်။

စွန်းကျယ်က လက်အောက်ငယ်သားများကို စီစဉ်ညွှန်ကြားပြီး ဆက်လက်ရှာဖွေသည်။ ချန်ဖူဝါသည် သူတို့၏ ပိုက်ကွန်ထဲတွင် အဝိုင်းခံနေရပြီဖြစ်သောကြောင့် ရှောင်ပုန်းရန် မလွယ်ကူဘဲဖြစ်နေသည်။ ထိုဒေသတစ်ဝိုက်တွင် သစ်ပင်ပေါက်ရောက်မှု နည်းပါးပြီး မြေပြန့်လွင်ပြင်နီးပါး ပြန့်ပြူးနေသည်ကို တွေ့ရ၏။

ချန်ဖူဝါ၏ အခြားအခက်အခဲတစ်ခုမှာ ကောင်းရှိ၏ခန္ဓာကိုယ်ကြီးသည် အလွန်မြင့်မားထွားကျိုင်းနေခြင်းပင်ဖြစ်သည်။

ဤသို့ တဖြည်းဖြည်း တစ်စစ အမှောင်ဖုံးလွှမ်းလာလေ၏။



တောင်ကုန်းလေးတစ်လုံးပေါ်တွင် ကောင်းရှိက ရင်ဘတ်လှန်ကာ လဲလျောင်းနေ၏။ ချန်ဖူဝါကတော့ သူ၏နံဘေးတွင် ထိုင်လျက်ရှိ၏။ လေအေးက တစိမ့်စိမ့် တိုက်ခတ်နေသည်။

ယခု သူတို့နှစ်ယောက်သည် ပျော့ပွဲစားထွက်နေသလို တောင်ကုန်းပေါ်တွင် ထိုင်လျက် လပြည့်ညဏ်ရှုခင်းကို ငေးမောနေလျက်ရှိသည်။

စောစောက ချန်ဖူဝါသည် တခြားတောင်ကုန်းတစ်လုံးပေါ် ဘက်ရောက်မျှော်ကြည့်ခဲ့သေးသည်။ စွန်းကျယ်နှင့် ချူးဖန်တို့သည် ငယ်သားများကို လူစုခွဲကာ မြောက်ဘက်အရပ်သို့ ဦးတည်၍ ပိုင်းပတ်တိုက် ရှာဖွေလာကြသည်ကို ချန်ဖူဝါ မြင်တွေ့ခဲ့ရသည်။ သူတို့ ရှာဖွေပုံကို ကြည့်ခြင်းအားဖြင့် မြောက်ဘက်အရပ်သို့ ပြေးရန် မျှော်တော့ကြောင်း ချန်ဖူဝါ နားလည်သဘောပေါက်သွား၏။

အဘယ်ကြောင့် အဆိပ်ဂိုဏ်းသားများ အေးအေးဆေးဆေး ရှာဖွေနေသည်ကို ချန်ဖူဝါ နားမလည်ဘဲ ရှိ၏။ သူတို့တွင် ပိုင်နိုင်သော အကွက်တစ်ကွက်ရှိရမည်ဟု တဖြည်းဖြည်း သဘောပေါက်လာသည်။

သူတို့က ဤတောင်ကုန်းကလေးကို ရွေးချယ်ကာ ခေတ္တ အနားယူအားဖြည့်နေကြခြင်း ဖြစ်သည်။ အကယ်၍ ရန်သူနှင့် အမှတ်မထင် ကြုံတွေ့ရလျှင် တိုက်ခိုက်နိုင်စွမ်းရှိအောင် ကြိုတင်ပြင်ဆင်ထားခြင်း ဖြစ်သည်။

☆

ကောင်းရှိသည် အသက်အန္တရာယ်နှင့် တွေ့ရသည့် လုံးဝ

www.burmeseclassic.com

www.burmeseclassic.com



မရှိချေ။ တစ်လမ်းလုံး တဟားဟား ရယ်မောပြောဆိုနေသည်။ ယ
တောင်ကုန်းပေါ်တွင် လဲလျောင်းရင်း ရင်ဘတ်ပေါ်ဟောင်းလောင်းဖြ
အိပ်နေသည့်ပုံစံကပင် ရန်သူများကို လုံးဝ ဂရုမစိုက်ကြောင်း ဖော်
နေပေသည်။

နံဘေးမှထိုင်နေသော ချန်ဖူဝါသည် ကောင်းရှိ၏ပုံသဏ္ဍာ
ကိုကြည့်ကာ မိတ်ဆွေတစ်ဦးကို သွားသတိရ၏။ သူ့မိတ်ဆွေသည
မှဆိုးတစ်ဦးဖြစ်ပြီး ဟွားပေါက်ဟုခေါ်၏။ ဟွားပေါက်သည် ကောင်
လောက် ကိုယ်ခန္ဓာ မထွားကျိုင်းသော်လည်း နေထိုင်ပုံအကျင့်စရိ
က ဆင်တူလှ၏။ နောက်ဆုံး ဟွားပေါက်သည် ထင်းတိတွေ၏ လ
ကြံသတ်ဖြတ်မှုခံရပြီး သေဆုံးခဲ့သည်။

ဟွားပေါက်သည် ချန်ဖူဝါနှင့်ပတ်သက်၍ ထင်းတိတွေ
ရန်သူဖြစ်ခဲ့၏။

ထိုအတူ ယခု ကောင်းရှိသည်လည်း ချန်ဖူဝါနှင့်ပတ်သက်
အဆိပ်ဂိုဏ်းနှင့် ရန်သူဖြစ်လာခဲ့လေပြီ။ ထိုမှတစ်ဆင့် ထင်းတိတွေ
ရန်သူအဖြစ်သို့ ပြောင်းလဲလာလိမ့်ဦးမည်။ ထို့ကြောင့် ကံကြမ္မာသ
ဟွားပေါက်၏ ကံကြမ္မာကဲ့သို့ ဖန်တီးလာလိမ့်ဦးမည်လောဟု တွေ
နေ၏။

ယခုလက်ရှိဖြစ်ပေါ်နေသောပြဿနာထဲတွင် အဆိပ်ငါး
ဂိုဏ်း၏ဂိုဏ်းချုပ် အဆိပ်ဘုရင်တွင် အပြစ်မရှိကြောင်း ချန်ဖူဝါ လ
ခံသည်။ တစ်ဦးတည်းသောသား ဆုံးရှုံးသွားသော ဖခင်တစ်ယော
သည် သူ၏သားအတွက် မည်မျှကြေကွဲဝမ်းနည်းမည်ကို ချန်
နားလည်သည်။ သားအတွက် လက်စားချေလျှင် တရားမျှတ



ကြောင်း သိုင်းလောကသားတိုင်း လက်ခံထားကြသည် မဟုတ်ပါလား။

ချန်ဖူဝါသည် အဆိပ်ဘုရင်နှင့် ဆွေးနွေးလိုနေသည်။ အဆိပ်
ဘုရင်ကသာ လက်ခံလျှင် ထန်မြို့သေမှုသည် ဆဲမာမြို့၏ ထောင်
ချောက်တစ်ခုသာဖြစ်ကြောင်း သက်သေသက္ခာယနှင့် ဖော်ထုတ်
ပြကမည်။

နောက်ဆုံး အဆိပ်ဘုရင်နှင့် လက်တွဲ၍ ဆဲမာမြို့ကို ရှင်းပစ်
ရသည်။ ဆဲမာမြို့ကို ရှင်းပစ်ပြီးမှ အခြားကိစ္စများကို ဆောင်ရွက်
လျှင်လည်း နောက်မကျသေးကြောင်း ချန်ဖူဝါက ရှင်းပြလိုသည်။

ဆဲမာမြို့သည် မည်သည့်အတွက် ဤပြဿနာများကို ကြံ
ရသနည်းဟု ချန်ဖူဝါ စဉ်းစားနေ၏။

သို့သော်လည်း တိကျသောအဖြေကို မရဘဲရှိနေသည်။
အဆိပ်ငါးမျိုးဂိုဏ်းနှင့် သံချပ်ဝတ်စုံလူသတ်အဖွဲ့အစည်းတို့ကို ရန်
တိုက်ပေးနေသည်လောဟု ချန်ဖူဝါ တွေးနေ၏။ အဓိပ္ပာယ်မရှိသော
ယ် ရပ်ဟု ထင်ရသည့် ကန်လန့်ကာနောက်ကွယ်တွင် ဆိုးရွားသော
အဓိပ္ပာယ်တစ်ရပ်ရပ် ရှိနေလိမ့်မည်ဟု ချန်ဖူဝါ စဉ်းစားနေသည်။

သူ၏ဦးနှောက်ထဲတွင် သံချပ်ဝတ်စုံနှင့်လူကို မိမိကယ်တင်
ကြောင်း အဆိပ်ဘုရင်က အဘယ်သို့ သိရှိရလေသနည်း။ အကယ်၍
ဆို့က သိရှိသည်ထားဦး ... အဘယ်ကြောင့် ထွက်ပြေးနေစဉ် မိမိ
သံချပ်ဝတ်စုံနှင့်လူကို တားဆီးပိတ်ပင်မှု မလုပ်ခဲ့ရသနည်း စသည်
အကြောင်းစုံကို ဝေဖန်သုံးသပ်နေ၏။ ထို့ကြောင့် နောက်ဆုံးဖြစ်
အကြောင်းကား မိမိသည် စွမ်းစွမ်းကို ကယ်တင်လိုက်ပြီ တစ်စုံ
ယောက်က တွေ့မြင်ခြင်းပင် ဖြစ်ရမည်။ ထိုတစ်စုံတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



သောသူက ထိုသတင်းကို အဆိပ်ဘုရင်ထံသို့ တစ်ဆင့် ပေးပို့လိုက်ခြင်းပင် ဖြစ်ရမည်ဟု ယူဆလိုက်၏။

သူနှင့် စွမ်းစွမ်းကို နောက်ယောင်ခံလိုက်ခဲ့သော တစ်ဦးတစ်ယောက်ကို မိမိက အဘယ်ကြောင့် သတိမပြုမိခဲ့ရသနည်း။ အဖြေရှာလိုက်သော် ထိုနောက်ယောင်ခံသူသည် သာမန်အဆင့်မြင့်သိုင်းသမားတစ်ယောက်မဟုတ်ကြောင်း မှတ်ချက်ချလိုက်သည်။

ယခုလောလောဆယ် သိုင်းလောကထဲရှိ သိုင်းထိပ်သီးပညာသည်ထဲတွင် မည်သူဖြစ်မည်နည်း။ ချန်ဖူဝါ တွက်ဆလိုက်သော်အဖြစ်နိုင်ဆုံးသူကာ ဆဲမာခြုံတစ်ယောက်သာရှိကြောင်း တွေ့ရသည်။

ချန်ဖူဝါသည် ဤကဲ့သို့ စဉ်းစားမိသည်နှင့် သူ၏ဦးနှောက်ထဲတွင် လက်ခနဲရောင်ခြည်တစ်ခု တောက်ပလာသလို အတွေးတစ်ခုဝင်လာ၏။ ထိုသတင်းပေးသူသည် အကယ်၍သာ ဆဲမာခြုံဖြစ်လျှင် ထိုအကြံအစည်သည် သူ၏ အကွက်ဆင်ထားသော ထောင်ချောက်ပင်မဟုတ်ပါလော။ စွမ်းစွမ်းကို အဆိပ်ငါးမျိုးဂိုဏ်းနှင့် အထင်လွဲအောင်လုပ်ကြံနေသူက ဆဲမာခြုံပင် မဟုတ်ပါလော။ ဟုတ်ပါသည်။ သေချာပါသည်။ ဆဲမာခြုံအကွက်ဆင်ထားသော ထောင်ချောက်ပင်ဖြစ်ပါသည်ဟု ချန်ဖူဝါက သဘောပေါက်လာသည်။ ထို့ကြောင့် ဆဲမာခြုံသည် အဆိပ်ငါးမျိုးဂိုဏ်းထံမှ တစ်ခုခု အလိုရှိနေကြောင်း ချန်ဖူဝါ သဘောပေါက်လာသည်။

သို့သော် ဆဲမာခြုံလိုချင်သောအရာက မည်သည့်အရာနည်းဟု ချန်ဖူဝါ စဉ်းစား၍မရဘဲ ရှိနေခဲ့လေသည်။



## အခန်း ( ၁၂ )

## အဆိပ်ပိသော သူငယ်ချင်း

ကောင်းရှိသည် မျက်စိဖွင့်လာပြီး ချန်ဖူဝါအား ....

"ဟော့ ... ခင်ဗျား အနားမယူဘူးလား"

"ယူရတာပေါ့ဗျာ"

"ခင်ဗျားသိလား၊ ကျုပ်ရဲ့ အတော်ဆုံးပညာက အိပ်စက်ခြင်းဆိုတဲ့ပညာပဲဗျ။ ဘယ်လောက် စိတ်ညစ်နေပါစေ၊ အိပ်ချင်တယ်ဆို အိပ်ပစ်လိုက်တယ်၊ အိပ်လည်း အိပ်ပျော်တယ်ဗျ"

"ဟုက်လား ... ကျုပ်တော့ ဒီပညာမတတ်ဘူးဗျာ"

"ဒါကြောင့် ကျုပ်က ဒီလောက်ထွားကျိုင်းသန်မာနေတာပေါ့ဗျာ"

ချန်ဖူဝါက ကောင်းရှိကို သေသေချာချာ ကြည့်လိုက်ပြီး ....

"ခင်ဗျားပြောတာ ဟုတ်မဟုတ် လူတစ်ယောက်ကို မေးကြည့်လိုက်ရင် ချက်ချင်းသိရလိမ့်မယ်"

ကောင်းရှိက အံ့သြစွာမေးသည်။

"လောကကြီးမှာ ကျုပ်လောက် ထွားကျိုင်းတဲ့သူ ရှိသေးလို့လား"

"ခင်ဗျားဟာ ကျွန်တော် ဒုတိယအကြိမ် မြင်ရတဲ့ အလွန်

www.burmeseclassic.com

www.burmeseclassic.com



သွားကျိုင်းတဲ့လူဗျ"

ကောင်းရှိက မယုံသင်္ကာနှင့် ပြန်မေး၏။

"ကျုပ်က ပထမတစ်ယောက် မဟုတ်ဘူး ဟုတ်လား"

"အဲဒီဆရာကြီးရဲ့နာမည်ကို ခင်ဗျား ကြားဖူးမှာပါ။ ဒါပေမဲ့ အခုတော့ သူက သိုင်းလောကထဲက အနားယူသွားပြီ"

ကောင်းရှိက သိချင်ဇောနှင့် ..."ဘယ်သူလဲ" ဟု မေး၏။

"ကြင်းကန်းပို့ချမ်လို့ခေါ်တဲ့ သံမဏိ လူထွားကြီးလေဗျာ"

"ဩော် ... ဟုတ်ပြီ၊ ကျုပ်လည်း ဒီဆရာကြီးအကြောင်း ကြားဖူးတယ်၊ သူဟာ ဟွာဆန်းဂိုဏ်းချုပ်ကြီး မဟုတ်လား။ သူ့ပုံသဏ္ဌာန်က ဧရာမကျောက်တောင်ကြီးလိုပဲ၊ သူလေ့ကျင့်တဲ့သိုင်းပညာက ဆယ့်ဆန့်ထိုင့်ပေါင်လို့ခေါ်တဲ့ အမာစားသိုင်းပညာ သို့မဟုတ် အပြင်အားသိုင်းပညာ၊ သိုင်းလောကထဲမှာ အပြင်အားသိုင်းသမားထဲမှာ သူဟာ ထိပ်သီးပထမပဲဗျာ၊ သူ့ရဲ့အပြင်အားနဲ့ အတွင်းအား ပေါင်းထုတ်လိုက်ရင် ဘယ်သူရဲ့ ဓားလှံကမှ သူ့ကို ဒဏ်ရာမရစေနိုင်ဘူးလို့ ဆိုကြတယ်၊ ဒါကြောင့် သိုင်းလောကသားအပေါင်းတို့က သံမဏိသိုင်းသမားလို့ ခေါ်ဝေါ်ကြတယ်၊ ကျုပ်ပြောတာ ဟုတ်တယ် မဟုတ်လား"

"ခင်ဗျားပြောတာတွေ အကုန်မှန်တယ်၊ သူ့အရပ်ဟာ ခင်ဗျားထက် နှစ်လက်မကျော်ကျော် ပိုမြင့်ဦးမယ်၊ ယုံတယ်မဟုတ်လား"

ကောင်းရှိသည် ခေါင်းကိုပွတ်သပ်ရင်း ....

"ခင်ဗျားရဲ့ ဆုံးဖြတ်မှုကို ကျုပ်လက်ခံပါတယ်၊ ဒါပေမဲ့ ကျုပ်တော့ သိပ်မယုံချင်ဘူးဗျာ၊ ကိုယ်တိုင်ယှဉ်လိုက်ရမှ ကျေနပ်မှာဗျာ"



ချုန်ဖူဝါ ရယ်မောရင်း ....

"ခင်ဗျားတို့နှစ်ယောက်တွေ့အောင် ကြံဖန်ပေးမယ်လေ"

ကောင်းရှိသည် ဝမ်းသာအားရနှင့် ပြော၏။

"အာ ... သိပ်ကောင်းတာပေါ့ဗျာ"

"ပို့ဆရာကြီးဟာ ခင်ဗျားကိုတွေ့ရင် သိပ်သဘောကျ နှစ်သက်မှာ သေချာတယ်"

"ကျုပ်ထက်မြင့်တဲ့လူကိုတွေ့ရင် ကျုပ်လည်းဝမ်းသာတယ်ဗျ"

"သူက ခင်ဗျားကို တပည့်အဖြစ် သိမ်းသွင်းမှာဗျ"

ချုန်ဖူဝါက ရယ်မောကာပြောလျှင် ကောင်းရှိ အံ့ဩသွား၏။

"တပည့်"

"ဟုတ်တယ် ... သူက သူ့လို သန်မာထွားကျိုင်းတဲ့လူကို လိုက်ရှာနေတာ အခုထိ မတွေ့သေးဘူး"

ကောင်းရှိက ခေါင်းခါရင်း ....

"ဒီဆရာကြီးက တော်တော်ကတ်သတ်ပါလား။ အရပ်ပုတဲ့လူလည်း ဒီလိုပညာမျိုး တတ်ကျွမ်းအောင် သင်နိုင်တာပဲ၊ ဘာကြောင့် တမင်တကာ လိုက်ရွေးနေရတာလဲ"

"ဟင့်အင်း ... ဒီလိုမဟုတ်ဘူးဗျ၊ အရပ်ပုတဲ့လူအနေနဲ့ သူ့ပညာကို စခန်းကုန် လမ်းကုန် မလေ့ကျင့်နိုင်ဘူးလို့ ဆရာကြီးက ဆိုပါတယ်"

ကောင်းရှိ အံ့အားသင့်ကာ ....

"လောကကြီးမှာ အရပ်နဲ့ဆိုင်တဲ့သိုင်းပညာ ရှိသလားဗျာ"

"ရှိတာပေါ့ဗျာ၊ အဲဒါ ကြင်းကန်းချိန်ကုန်းသိုင်းတဲ့ အတွင်း

www.burmeseclassic.com

www.burmeseclassic.com



အားပညာပေါ့"

"ကြင်းကန်းချိန်ကုန်း"

ကောင်းရှိက အံ့သြစွာ ရေရွတ်လိုက်လေ၏။

ထို့နောက် ဆက်ပြောလေ၏။

"အပြင်အား၏ အတွင်းအား၊ သို့မဟုတ် အတွင်းအား၏ အပြင်အားလို့ခေါ်တဲ့ အတွင်းနဲ့အပြင် ရောယှက်လေ့ကျင့်ရတဲ့ ပညာမျိုးပဲ၊ ဒါပေမဲ့ ဒီသိုင်းပညာတတ်ကျွမ်းသူ မရှိတော့ဘူး"

"ရှိပါသေးတယ်၊ ဆရာကြီးပို့ချမ်းဟာ ဒီပညာကို တိဗက်အထိ လိုက်လံရှာဖွေခဲ့ရတယ်၊ ကံကောင်းထောက်မလို့ တစ်ပိုင်းစီဖြစ်နေတဲ့ ကြင်းကန်းချိန်ကုန်းသိုင်းကျမ်းကို ရရှိတတ်ကျွမ်းခဲ့ရပါတယ်"

ကောင်းရှိမှာ သူ့နားကိုပင် သူမယုံနိုင်အောင် ဖြစ်နေ၏။

"ခင်ဗျား တကယ်ပြောနေတာလား"

ချိန်ဖူဝါ တဟားဟား ရယ်လိုက်၏။

"ကျွန်တော့်ကို ပို့ဆရာကြီးက သင်ကြားပေးပြီးပြီဗျ။ ဒါပေမဲ့ ကျွန်တော့်ကိုတော့ သူ့ရဲ့ တပည့်အရင်းလို အသိအမှတ်မပြုဘူးဗျ၊ ဒီဆရာကြီးတွေရဲ့ စိတ်ဓာတ်က တစ်မျိုးပဲ"

ကောင်းရှိ၏မျက်လုံးများ ရုတ်တရက် တောက်ပလာလေ၏။

"ခင်ဗျား ကြင်းကန်ချိန်ကုန်းသိုင်းပညာ တတ်ကျွမ်းတယ် ... ဟုတ်လား"

ချိန်ဖူဝါက ခေါင်းညိတ်ပြပြီး ....

"ခင်ဗျားကိုယ်ခန္ဓာအချိုးအဆစ်က ဒီသိုင်းပညာကို သင်ကြားဖို့ ပိုသင့်တော်ပါတယ်၊ ခင်ဗျားက သဘောတူရင် ဆရာကြီးပို့



ချမ်းဟာ ခင်ဗျားကို တပည့်အဖြစ်လက်ခံမှာ သေချာပါတယ်"

ကောင်းရှိသည် တဟားဟားရယ်မောရင်း ....

"ဒီလိုသိုင်းပညာကို သင်ကြားရရင် ကျုပ်သေပျော်ပါပြီ"

ထိုစဉ် မည်းနက်သော တောင်းထင်ပြင်ပေါ်သို့ အရောင်ခုနစ်မျိုးရှိသော မီးပန်းတစ်ခုသည် ပေါက်ကွဲတက်သွားလေ၏။

မှောင်ပိန်းနေသော မိုးကောင်းကင်ပြင်သည် ရုတ်တရက် လင်းထိန်နေသောကြောင့် သူတို့နှစ်ယောက်ပြောနေသော စကားမှင်သွားတော့သည်။ နောက်ထပ်မီးပန်းတစ်ခု ထပ်မံပေါက်ကွဲသွားပြန်သည်။ ချိန်ဖူဝါက မီးပန်းကိုကြည့်ပြီး ....

"ကျုပ်တို့ နောက်ထပ် အသက်ရှည်ရှည်နဲ့ အရက်သောက်ချင်သေးရင် ဒီကနေ အရင်ပြေးရလိမ့်မယ်ဗျာ"

"သူတို့က ကျုပ်တို့ကို တောင်နဲ့မြောက်အရပ်ကနေ ပိတ်ဆို့တာတယ်၊ ဒါကြောင့် သူတို့မရောက်ခင် ကျုပ်တို့ အရှေ့အရပ် သို့မဟုတ် အနောက်အရပ်ကို ပြေးကြစို့"

"ခင်ဗျား ဒီလိုထင်ရင် မှားသွားမှာပေါ့"

"ဘာလဲ ... သူတို့ရဲ့ အဓိကအင်အားက အရှေ့နဲ့အနောက်အရပ်ဘက်မှာ ရှိတာလား"

"ဒါတော့ မပြောတတ်ဘူး။ ဒါပေမဲ့ မီးပန်းပစ်တင်တဲ့ လူတွေဟာ စွန်းကျယ်နဲ့ ချူးဖန်တို့ရဲ့ လူစုတော့ မဟုတ်နိုင်ဘူး"

"ဒါဆို ကျုပ်တို့ တောင်ဘက်ကို ပြန်ပြေးရမှာပေါ့"

"ဝုတ္တမင်တောင်ကြားက ထွက်လာတဲ့ အုပ်စုဆိုရင် တောင်နဲ့မြောက် နှစ်ဘက်ခွဲပြီး ဒီကိုရောက်လာနိုင်တယ်၊ ကျွန်တော့်အထင်

www.burmeseclassic.com

www.burmeseclassic.com



တော့ စွန်းကျယ်နဲ့ ချူးဖန်ဟာ ဒီထဲက တစ်လမ်းလမ်းပဲ ဖြစ်ရမ ဒါကြောင့် သူတို့က ဖုမ့်လင်တုမြစ်ဆိပ်ကို ခေတ္တပိတ်ထားရတာပေ

"ဩော် ... ဒါကြောင့် ကျုပ် မြစ်ဆိပ်ရောက်တော့ လှေတ စင်းမှ မတွေ့ရတာကိုး"

"အင်း ... ဟုတ်တယ်"

"အဲဒီတုန်းက ကျုပ်တို့ သူတို့က ကူးတို့လှေ မရှိတော့ဘူး ပြောခဲ့တယ်၊ ကျုပ်လည်း အရက်သောက်ရင်း အရက်ဆိုင်မှာပဲ အိ တော့မယ်လို့ ဆုံးဖြတ်ရတာပေါ့ဗျာ"

ကောင်းရှိုက ရှင်းပြ၏။

"အကယ်၍ ခင်ဗျားဟာ ကျွန်တော့်ဘက်က ဝင်မကူ သူတို့က ကျုပ်ကို တားဆီးရတာ ပိုလွယ်ကူလိမ့်မယ်ဗျ"

ကောင်းရှိုက နှစ်ခြိုက်စွာ ရယ်မောလေ၏။

"အဆိပ်ဂိုဏ်းသားတွေက ကျုပ်ကိုဂရုမစိုက်ကြဘူးဗျ၊ ကျ လည်း သူတို့ကို ဆုံးမချင်နေတာ ကြာပြီ၊ အခုမှ အကွက်တွေ့တာ

ချန်ဖူဝါက တဟားဟား ရယ်မောမိတော့သည်။

"ဒီနေရာက အပေါ်စီးကနေ သူတို့ကို မြင်နိုင်တယ်၊ သူ ဝိုင်းရံလာရင် ကျွန်တော်တို့က အရင်တွေ့နိုင်တယ်၊ ခက်တာက ဒီ ရာမှာ အကာအကွယ်မရှိတာဘဲ"

"ဒါဖြင့် ကျုပ်တို့ ဘယ်အရပ်ကိုရွေးပြီး ပြေးကြမလဲ"

"လာလမ်းအတိုင်း ပြန်သွားမယ်၊ ဟိုဘက်မှာ အဘိုး နှစ်ယောက်က လူစုခွဲပြီး ရှာဖွေနေတော့ လူအင်အား ချည့်နဲ့လိမ့် ကျုပ်တို့ကိုမတွေ့ရအောင် အမှောင်ထုကို အကာအကွယ်ယူရ



နောက်ဆုံး ရှောင်လို့မရရင် ကျုပ်တို့ တွင်းတူးပြီး ဝင်အောင်းမယ်၊ သူတို့ ကျော်သွားမှထွက်မယ်"

"ဒီနည်းကောင်းပါတယ်၊ ဒါပေမဲ့ ... ဒါပေမဲ့ ..."

ချန်ဖူဝါက ရယ်မောကာ ...

"ဒါပေမဲ့ မလိုအပ်တဲ့ သေကြေပျက်စီးမှုတွေ မဖြစ်ပေါ်ရအောင် ဒီနည်းနဲ့ပဲ ရှောင်ရှားရမယ်ပေါ့"

ကောင်းရှိုက သဘောမပေါက်ပေ။ သူ့စိတ်ထဲတွင် တိုက်ခိုက်ရန်သာ စိတ်စောနေသည်။

"ဘာဖြစ်လို့ မတိုက်ဘဲ ရှောင်ရတာလဲ"

"ဘာကြောင့်လဲဆိုတော့ အဆိပ်ဂိုဏ်းဟာ အပြစ်မဲ့တဲ့ ဓားစာခံတွေမို့ပေါ့"

ကောင်းရှိုက ခေါင်းညိတ်ကာ ...

"ဒီကောင်တွေ ဘာမှမသိဘူးဆိုပါတော့"

"ဒါတော့၊ ဒီအကွက်ကိုဆင်တဲ့လူဟာ အင်မတန် ကောက်ကျစ်ယုတ်မာလို့ပေါ့၊ သူက အသေအချာ ထောင်ချောက်ဆင်ထားတော့ ခံရတဲ့သူက ဘယ်သိမလဲ"

ထိုစဉ် မြောက်ဘက်အရပ်မှနေ၍ မီးရောင်များသည် တဖြည်းဖြည်း နီးလာ၏။ မကြာမီ ဒုန်းစိုင်းလာသော မြင်းခွာသံကိုလည်း ကြားရသည်။ မြင်းခွာသံက စိပ်ပြီး လျင်မြန်လှသဖြင့် ချန်ဖူဝါက ကောင်းရှိုကို ကြိုတင်သတိပေးလိုက်၏။

"တွင်းတူးဖို့ အချိန်မရတော့ဘူး၊ သူတို့မြင်းကို လုယူရတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ချန်ဖူဝါသည် တောင်ကုန်းပေါ်မှ ဒုန်းစိုင်းလာသော မြင်းသည်တော်များကို တွေ့မြင်ရ၏။ မြင်းသည်တော်တို့သည် မီးပုံးကိုယ်စီကိုင်လျက် တစ်ယောက်နှင့်တစ်ယောက် မိုင်ဝက်သုံးဆယ်ခန့်ကွာဝေးစွာ တစ်တန်းတည်း ပြေးလွှားလာသည်ကို တွေ့ရသည်။

ချန်ဖူဝါ စိတ်ပျက်သွား၏။ ဤအကွာအဝေးမျိုးနှင့် ပြေးလွှားနေသော မြင်းသည်တော်များထံမှ မြင်းလုယူရန် မလွယ်ကြောင်း သူသိသည်။

ကောင်းရှိက ပခုံးနှစ်ဖက်တွန့်ပြကာ ....

"ဘယ့်နှယ့်လဲ"

"တို့ ခဏဝပ်နေမယ်၊ သူတို့ ကျော်သွားတဲ့အထိပေါ့"

ကျောက်တုံးနောက်ကွယ်သို့ နှစ်ဦးသား ဝပ်ချလိုက်သည်။ ခြင်းခွာသံများသည် မိုးခြိမ်းသံပမာ ပေါ်ပေါက်လာပြီး မြင်းရှစ်ကောင်သည် တောင်ကုန်းပေါ်သို့ ပြေးတက်လာကြ၏။ ချန်ဖူဝါနှင့် ကောင်းရှိတို့ဘေးမှ လျင်မြန်စွာ ဖြတ်ကျော်သွားတော့သည်။

* ☆

ချန်ဖူဝါသည် မြားတစ်စင်းပမာ အနီးရှိမြင်းသည်တော် တစ်ဦးထံ ခုန်ဝင်သွား၏။ မြင်းပေါ်မှ အဆိပ်ဂိုဏ်းသားကို အဝေးသို့ ပစ်တင်လိုက်၏။ ကျန်လက်တစ်ဖက်က မြင်းဇက်ကြိုးကို ဆွဲယူလိုက်၏။

လေထဲသို့ ပစ်တင်ခံရသော အဆိပ်ဂိုဏ်းသားသည် တခြားမြင်းသည်တော်တစ်ဦးနှင့် တိုက်မိပြီး နှစ်ဦးသား လုံးထွေးကာ မြင်းပေါ်မှ ကျသွား၏။ စီးသူမရှိသော မြင်းလွတ်ကို ကောင်းရှိက လျင်မြန်စွာ ဆွဲယူခုန်တက်လိုက်၏။



ပြီးလျှင် သူတို့သည် တောင်ကုန်းအောက် အဆိပ်ဂိုဏ်းသားများ လာရာဘက်သို့ ဦးတည်စိုင်းနှင်း၍ သွားကြလေတော့သည်။

မြင်းသည်တော် အဆိပ်ဂိုဏ်းသားများသည် ချက်ချင်းပင် ချန်ဖူဝါနောက်သို့ လိုက်ကြသည်။ ကောင်းကင်ပေါ်သို့ ရောင်စုံမီးပန်းများ ပစ်ဖောက်ကာ အချက်ပေးကြ၏။

နေရာအသီးသီးတွင် ရွေ့လျားနေသော မီးပုံးများသည် တစ်ခဏတွင်း မီးပန်းပေါက်ကွဲရာအရပ်သို့ ဦးတည်၍ ဝိုင်းရံလာကြတော့သည်။ ထိုမီးပုံးများကား အဆိပ်ဂိုဏ်းသားများ ကိုင်ဆောင်ထားသော မီးပုံးများပင်ဖြစ်သည်။ အဝေးမှကြည့်လျှင် ပိုးစုန်းကြူးများ ပျံသန်းနေသလို မြင်တွေ့နေရသည်။

ထိုမြင်ကွင်းကို တောင်ကုန်းပေါ်မှ ပြေးဆင်းလာသော ချန်ဖူဝါနှင့် ကောင်းရှိတို့က သေချာစွာ မြင်တွေ့ရ၏။ ကောင်းရှိသည် ကြောက်ရွံ့ထိတ်လန့်ခြင်းမရှိဘဲ တဟားဟားရယ်မောနေ၏။ သူ၏သတ္တိကို ချန်ဖူဝါက အလွန်ချီးကျူး၏။ သို့သော် သူကိုယ်တိုင်က ရယ်နိုင်ပေ။

အဆိပ်ဂိုဏ်းသားများသည် ထက်ကြပ်မကွာ လိုက်ပါလာသော်လည်း သူတို့အနားသို့ မကပ်ရဲကြပေ။ မကြာမီ မျက်နှာချင်းဆိုင်အရပ်မှ စူးရှသောလေချွန်သံနှင့် ခရာသံများ ပေါ်ထွက်လာသည်ကို သူတို့ ကြားရသည်။

သူတို့နောက်မှ လိုက်လာသော အဆိပ်ဂိုဏ်းသားများကသည်း ပြန်လည်၍ ခရာသံပေးကြ၏။ ထိုစဉ်မှာပင် လူတစ်ယောက်သည် အလွန်လျင်မြန်သောအရှိန်ဖြင့် သူတို့ရှိရာသို့ ပြေးဝင်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



မြင်းပေါ်မှပါလာသူသည် အမျိုးသမီးတစ်ယောက် ဖြစ်၏ ထိုအမျိုးသမီးမှာ ထန်ခြူ၏ဇနီးသည် ယီးယီးပင်ဖြစ်တော့ သည်။

ယီးယီး၏ မွန်ဂိုမြင်းကြီးသည် မြားတစ်စင်းကဲ့သို့ လျင်မြ စွာ ပြေးလာ၏။

အလွန်တိုတောင်းသော အချိန်တွင်းမှာပင် ချန်ဖူဝါတို့အ ရောက်ရှိ လာသည်ကို တွေ့ရ၏။ ထိုကြောင့် ချန်ဖူဝါက "သတိထား ဟု အော်ဟစ်လိုက်ရာ ကောင်းရှိုက လှည့်ကြည့်လိုက်၏။ မိန်းကလေး တစ်ယောက်ဖြစ်ကြောင်း တွေ့ရသော် အံ့အားသင့်သွားသည်။

ယီးယီးသည် ပေသုံးဆယ်ခန့် အကွာရောက်လျှင် လ မြှောက်၍ အဖြူရောင်အလုံးသုံးလုံးဖြင့် ကောင်းရှိုကို ပစ်ခတ်လို သည်။ ကောင်းရှိုက အဆိပ်ငါးမျိုးဂိုဏ်း၏ အဆိပ်ပညာကို သိသ တစ်လုံးကို ရှောင်လိုက်ပြီး ကျန်နှစ်လုံးကို အင်္ကျီလက်ဖြင့် ခါထု လိုက်သည်။

သို့သော် သူ၏အင်္ကျီလက်နှင့် ထိတွေ့လိုက်သည်နှင့် ထို လုံးသည် ပေါက်ကွဲတော့သည်။ ထို့နောက် အရောင်ခုနစ်ရောင်ရှိသော အငွေ့များပေါ်လာပြီး ကောင်းရှို၏မျက်နှာကို တိုးဝင်လာ၏။

ကောင်းရှိုသည် ဤသို့ဖြစ်လိမ့်မည်ဟု လုံးဝမမျှော်လ သဖြင့် အငွေ့များကို ရှူမိလျက်သားဖြစ်သွားသည်။ မူးဝေသော နာ ခံစားလိုက်ရသဖြင့် အဆိပ်သင့်ပြီဟု သိလိုက်ရသည်။ ကောင် သည် အတွင်းအားထုတ်၍ ထိန်းသည်။ ထိုအချိန်တွင် သူစီးသော သည် ကမူးရှူးထိုး ထွက်ပြေးနေတော့သည်။

ယီးယီးသည် ချန်ဖူဝါရှိရာသို့ ဒုန်းစိုင်းဝင်လာပြန်သည်။



ချန်ဖူဝါသည် ထိုအဆိပ်တွေ့သော် ကောင်းရှိုရှိရာသို့ လျင် မြန်စွာ လိုက်သွား၏။ သို့သော် ယီးယီးက ထက်ကြပ်မကွာ လိုက် ပါလာပြီး ချန်ဖူဝါအား အဖြူသုံးလုံးဖြင့် ပစ်ခတ်လိုက်သည်။

ထိုအဖြူလုံးသည် အဆိပ်ပြင်းဖြစ်ကြောင်း ချန်ဖူဝါသိရှိထား သဖြင့် သူ့ထံ မရောက်သေးမီ မြင်း၏လည်ပင်းဖက်၍ ရှောင်လိုက် သည်။ ရှောင်တိမ်းရင်း ချန်ဖူဝါက ဓားမြှောင်တိုတစ်ချောင်းဖြင့် ပစ် ခတ်သွားသေး၏။ ယီးယီးမှာ မြင်းပေါ်မှ တစ်ပတ်ကျွမ်းထိုး၍ ဆင်း သွားရလေသည်။

ယီးယီးပစ်လိုက်သော အဖြူရောင် အဆိပ်လုံးလေးများ သည် တစ်ခုနှင့်တစ်ခုတိုက်၍ ပေါက်ကွဲသွား၏။ သို့သော် ချန်ဖူဝါ သည် မြင်းကြီးနှင့်အတူ ပေနှစ်ဆယ်ကျော်ဝေးသောနေရာသို့ ရောက် သွားပြီဖြစ်သဖြင့် အဆိပ်ငွေ့စက်ကွင်းမှ လွတ်မြောက်သွားလေပြီ။

ချန်ဖူဝါ မြင်းကျောကုန်းပေါ်သို့ ပြန်၍ ခုတက်သောအခါ အဆိပ်ဂိုဏ်းသားများက လက်နက်ပုန်းများဖြင့် ပစ်ခတ်ကြသည်။

ချန်ဖူဝါ၏လက်ထဲမှ ဓားရှည်သည် တစ်ကိုယ်လုံးလုံအောင် ဝှေ့ယမ်း၍ ကာကွယ်လိုက်သည်။ ထန်းခနဲအသံများနှင့်အတူ လက်နက် ပုန်းများသည် အသီးသီး လွင့်စဉ်ထွက်ကုန်သည်။

ချန်ဖူဝါသည် ဘုရင်ဧကရာဇ်၏ အမှုတော်ထမ်းအဖြစ် ထမ်းဆောင်မီကာလအတွင်း ချမ်တီတိနန်းတော်ရှိ အထူးလေ့ကျင့် ရေးသင်တန်းတွင် လက်နက်ပုန်းပညာကို သင်ခဲ့ကြ၏။ လက်နက်ပုန်း ကို ကာကွယ်ရန်၊ ပစ်ခတ်ရန် စသည်ဖြင့် အထူးသင်ကြား လေ့ကျင့်ခဲ့ ရသည်။ ထိုအပြင် ထန်းမျိုးရိုး၏ ဘိုးအေကြီး ထင်မှိုင်ချွမ်းကလည်း

www.burmeseclassic.com

www.burmeseclassic.com



သူ့အား လက်နက်ပုန်းပညာကို လက်ထပ်သင်ကြား ပေးခဲ့ဖူးသည်။

ထို့ကြောင့် အဆိပ်ဂိုဏ်းသားတို့၏ လက်နက်ပုန်းအမျိုးမျိုး ဖြစ်ကြသော လက်နက်ပုန်း၊ ပေါက်ကွဲတတ်သော အဆိပ်ငွေ့ လက်နက်ပုန်းစသည်တို့ကို ချန်ဖူဝါအနေဖြင့် ကောင်းစွာ ရှောင်တိမ်းနိုင်ခြင်း ဖြစ်ပေသည်။

မြေပြင်ပေါ်သို့ ပြန်ကျလာသော ယီးယီးသည် ချန်ဖူဝါကို မယှဉ်နိုင်ကြောင်းသိသည်။ ထို့ကြောင့် စူးရှသော လေချွန်သံတစ်သံ ချွန်လိုက်သည်။ သူမက ထွက်ပြေးသွားသော သူမ၏မြင်းကြီးကို ရပ်တန့်ရန် အမိန့်ပေးလိုက်ခြင်းဖြစ်ပါသည်။ ပြေးလွှားနေသော မွန်ဂိုမြင်းကြီးသည် ရှေ့ခြေနှစ်ချောင်းကို ထောင်လိုက်၏။

သို့သော် ချန်ဖူဝါ၏ လက်တစ်ဖက်သည် မြင်း၏လည်ပင်းကို တစ်ချက်ပွတ်လိုက်ပြီး နောက်တစ်ချက်တွန်းလိုက်ရာ မြင်းကြီးသည် မရပ်တော့ဘဲ ဆက်၍ ပြေးထွက်သွားတော့သည်။

ယီးယီးသည် မြင်းပိုင်ရှင်ဖြစ်သော်လည်း သူမ၏ အမိန့်ကို မြင်းကြီးက မလိုက်နာဘဲ ဖြစ်နေသည်။ ချန်ဖူဝါသည် ယီးယီး၏ မွန်ဂိုမြင်းကြီးကို သူ့မြင်းနှင့်တွဲ၍ ချော့ခေါ်သွားသည်။

ထိုမြင်းထိန်းသောပညာကို လုံဖေးက ချန်ဖူဝါအား သင်ပေးခဲ့သည်။ လုံဖေး၏ယောက္ခမသည် မြင်းကုန်သည်ကြီးတစ်ဦးဖြစ်၍ မြင်းရိုင်းများကို လိမ္မာအောင် သင်ကြားတတ်သော ပါရဂူကြီးတစ်ဦးလည်း ဖြစ်၏။

ထိုမှတစ်ဆင့် သမက်ဖြစ်သူ လုံဖေးအား ထိုမြင်းထိန်းသော ပညာကို သင်ကြားပေးခဲ့သည်။ မည်မျှ ရိုင်းစိုင်းသော မြင်းရိုင်းကိုမဆို



ယဉ်ပါးအောင် ထိန်းသိမ်းနိုင်သော ပညာကို ချန်ဖူဝါက လုံးဖေးထံမှ သင်ယူထားသဖြင့် ယခုကဲ့သို့ ယီးယီး၏မြင်းကြီးကို ချော့မော့ခေါ် သွားနိုင်ခြင်း ဖြစ်ပေသည်။

အမှောင်ထုထဲမှ သေးငယ်သောလက်နက်ပုန်းကို မျက်စိဖြင့် မမြင်ရသော်လည်း ချန်ဖူဝါက နားဖြင့် နားထောင်ကာ ရှောင်နိုင်၏။

ထို့အတူ စိတ်ရိုင်းပေါက်နေသော မြင်းများကိုလည်း ချန်ဖူဝါ ကောင်းစွာ ထိန်းကျောင်းနိုင်ပေသည်။

ထိုအခြင်းအရာကိုမြင်သော် ယီးယီးသည် မကျေမနပ်နှင့် နောက်တစ်ကြိမ် ထပ်လေချွန်ကာ မြင်းကြီးကိုရပ်ရန် အမိန့်ပေးလိုက်၏။ ဤအကြိမ်တွင်လည်း မြင်းကြီးသည် လုံးဝဂရုမစိုက်ဘဲ ပြေးမြဲပြေးသည်။

ချန်ဖူဝါသည် မြင်းကြီးကို ပိုင်နိုင်စွာထိန်းရင်း အမှောင်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။

"မြင်းတစ်ကောင် ပေးစမ်း"

ယီးယီးက အမိန့်ပေးလိုက်သောအခါ ဂိုဏ်းသားတစ်ယောက် လျင်မြန်စွာ မြင်းပေါ်မှ ခုန်ချလိုက်၏။ ယီးယီးသည် မြင်းပေါ်သို့ခုန်တက်လိုက်၏။

"ချိကျဲကြေပွန်စန် အဆိပ်သင့်ပြီးတဲ့နောက် မင်းတို့ ဘယ်အထိ ပြေးနိုင်မလဲ"

ယီးယီးသည် အော်ဟစ်၍ မြင်းကို ဒုန်းစိုင်းစီး၍ လိုက်ပြန်လေ၏။ အဆိပ်ရှိန်တက်နေသော ကောင်းရှို၏မြင်းသည် ရှူးသွပ်နေသောအခြေအနေသို့ ရောက်ရှိနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းသည် ရှည်လျားသောဟီသံ အဆက်မပြတ်ဟီရင်း မီးကုန်ယမ်းကုန် ပြေးလွှားနေ၏။ ကောင်းရှို့သည် လက်နှစ်ဖက်ဖြင့် မြင်း၏လည်ပင်းကို တင်းကျပ်စွာ ဖက်ထားပြီး ခြေနှစ်ဖက်ကလည်း မြင်း၏ကိုယ်ကို အသေအလဲ ညှပ်ထားရသည်။ ထို့ကြောင့်သာ မြင်းပေါ်မှ ပြုတ်မကျခြင်း ဖြစ်ပေသည်။

သူ၏မျက်လုံးအစုံသည် ရီဝေ နေပေပြီ။ ချိုကျဲကြွေဟွန်စန် အဆိပ်ရှိန်မတက်အောင် အတွင်းအားဖြင့် ထိန်းထားသော်လည်း မတတ်နိုင်ဘဲဖြစ်နေသည်။ ပြီး ... ရူးသွပ်နေသော မြင်းသည် ပြေးရင်း ကျောက်တုံးတစ်တုံးကို ခေါင်းချင်းဆိုင် ဝင်တိုက်လိုက်၏။

မြင်းခေါင်းကွဲအက်ကာ သွေးများပန်းထွက်လာပြီး မြေပြင်ပေါ်တွင် လဲကျသေဆုံးသွားတော့သည်။

ကောင်းရှို့သည် အဝေးသို့ လွင့်စဉ်ထွက်သွား၏။ လက်နက်ဖက်ဖြင့် ဦးခေါင်းကိုဖိကာ မြေပြင်ပေါ်မှ ထရပ်မိသည်။

ထိုစဉ် ချန်ဖူဝါရောက်ရှိလာပြီး ကောင်းရှို့ကို မေးမထားလိုက်သည်။ ကောင်းရှို့က ...

"ဒါက ဘာအဆိပ်မို့ ဒီလောက်ပြင်းရတာလဲ"

"ချိုကျဲကြွေဟွန်စန်"

"ကျုပ်ရဲ့ အတွင်းအားက သိပ်မဆိုးလှဘူးလို့ ဆိုရမယ်၊ ဒါတောင် အဆိပ်ကို အပြင်ရောက်အောင် မတွန်းထုတ်နိုင်ဘူး"

"ခင်ဗျား အတော်များများ ရှူမိလို့ ဖြစ်ရမယ်"

"နည်းနည်းလေးပါဗျာ၊ ဒါပေမဲ့ ... ကျုပ်မှာ အခု ဒုန်းစီးရသလို ဖြစ်နေတယ်"



ချန်ဖူဝါက မချိုပြုံးပြုံးကာ ကောင်းရှို့ကို ယီးယီး၏ မွန်ကိုမြင်းပေါ်သို့ တင်ပေးလိုက်၏။ ထို့နောက် ကောင်းရှို့၏ကိုယ်ပေါ်မှ ...ခရေးကြီးသော သွေးကြောသုံးဆယ့်ခြောက်ခုကို တစ်ပြိုင်တည်း ...တ်လိုက်၏။

ချန်ဖူဝါလည်း မွန်ကိုမြင်းကြီးပေါ် ခုန်တက်ကာ ထိုနေရာမှ ...ွက်ခွာလာ၏။ ထိုမွန်ကိုမြင်းမျိုးကောင်းကြီးသည် လူနှစ်ယောက် ...င်ဆောင်ထားသော်လည်း ပြေးလွှားရှိန်က လုံးဝလျော့ခြင်းမရှိ။

တကယ်ပင် ရှားပါးသော မြင်းကောင်းတစ်ကောင် ဖြစ်၏။ ...သော် ချန်ဖူဝါက မြင်းကို အားကုန်မပြေးစေပေ၊ အရှိန်မှန်မှန် ...သာ ပြေးလွှားစေ၏။ အဘယ်ကြောင့်ဆိုသော် သွားရမည့် ခရီးက ...လွန်ဝေးကွာနေသောကြောင့်တည်း။

အကယ်၍ ထိုမြင်းကို အားကုန် အစွမ်းကုန် ပြေးခိုင်းလျှင် ...ကြာမီ ထိုမြင်းသည် ခြေကုန်ပြီး အမောဆို့သေသွားလိမ့်မည်။

ထိုမြင်းကို သင့်တော်သောနှုန်းနှင့် ပြေးခိုင်းလျှင် အလွန်ဝေး...ကွာသောခရီးကို ရောက်ရှိနိုင်ကြောင်း ချန်ဖူဝါသိသည်။

ထို့အပြင် သူတို့သည် အဆိပ်ဂိုဏ်းသားတို့၏ စက်ကွင်းအမှ ...လွတ်မြောက်သေးချေ။

အကယ်၍ ... ဤမြင်းကြီးက အခန့်မသင့် သေသွားခဲ့က ...နောက်ထပ် ဤမြင်းမျိုးတစ်ကောင် ရှာရန် မလွယ်ကူလှပေ။

ထိုခရီးကို အရောက်သွားရန် မြင်းမပါလျှင် မဖြစ်နိုင်သော...ကြောင့် ချန်ဖူဝါသည် မြင်းကြီးကို သက်သောင့်သက်သာ နှင်း...ခဲ့သည်။ အတော်ဝေးကွာသောနေရာသို့ ရောက်သောအခါ ချန်ဖူ

www.burmeseclassic.com

www.burmeseclassic.com



ဝါက မြင်းကြီးကို ခေတ္တအနားပေးလေ၏။

ချန်ဖူဝါသည် ကောင်းရှိုကို မြင်းပေါ်မှ ချီချလိုက်၏။ ကောင်းရှိုသည် မျက်နှာတစ်ပြင်လုံး နီရဲနေ၏။ မျက်လုံးများသည်လည်း တောက်ပသော အရောင်မရှိတော့ဘဲ ရီဝေထိုင်းမှိုင်းနေ၏။

ကောင်းရှိုက နှုတ်ခမ်းလျှာလေးဖြင့် မေးသည်။

"ကျုပ်မျက်နှာ ဘာဖြစ်နေသလဲဗျ"

"မျက်နှာ နည်းနည်းနီနေတယ်"

"ခင်ဗျားရင်ထဲမှာ ဘယ်လိုခံစားနေရသလဲ"

"ကျုပ် အခု ရင်တွေတုန်နေတယ်"

ချန်ဖူဝါသည် အိတ်ထဲမှ ကြွေပုလင်းတစ်လုံးထုတ်ကာ —

"ရော့ ... ဒီထဲမှာ ဆေးလုံးနှစ်လုံးရှိတယ်၊ ခင်ဗျား တစ်လုံး အရင်သောက်လိုက်"

ကောင်းရှိုက ပြန်မေး၏။

"ဒါက ဖြေဆေးလား"

"ချိကျဲကြွေဟုန်စန်ဖြေဆေးက အဆိပ်ငါးမျိုး ကိုဖော်းချုပ်နိုင်မှာပဲ ရှိတယ်၊ ကျွန်တော့်ရဲ့ဆေးက အဆိပ်မဖြေနိုင်ပေမယ့် အဆိပ်အရှိန်မတက်အောင် ထိန်းပေးနိုင်တယ်"

"ဒါဆို ဆေးအရှိန်ပြေသွားရင် အဆိပ်ရှိန် ပြန်တက်လာမှာပဲပေါ့"

"ခင်ဗျားရဲ့ ကံကြမ္မာပေါ် မူတည်တယ်၊ အကယ်၍ ဆေးအရှိန်မပြေမီ ဟိုနေရာကို ရောက်နိုင်ရင်တော့ ခင်ဗျားကို ကယ်တင်နိုင်လိမ့်မယ်"



"ဘယ်နေရာလဲ"

"ကျွန်တော်လည်း မသိသေးဘူး။ ဟိုနေရာကိုရှာနိုင်ရင် ခင်ဗျား အဆိပ်ဖြေနိုင်လိမ့်မယ်ဗျာ"

"ခင်ဗျားလည်း မရောက်ဖူးဘဲနဲ့ သူတို့က ကျုပ်ကို ကုသပေးမယ်လို့ ခင်ဗျားက ဘာကြောင့် အသေအချာပြောနေရတာလဲ"

ချန်ဖူဝါက အာမခံသည်။

"ဘာပဲပြောပြော ဟိုနေရာကိုရောက်ရင် ခင်ဗျားကို သူတို့ ကုသပေးမယ်လို့ ကျုပ်အာမခံရဲတယ်"

"ကောင်းပြီ ... ကျုပ်ကို ပေးပါတော့"

ချန်ဖူဝါသည် ဆေးလုံးကို သူ၏ပါးစပ်ထဲထည့်ပြီး သွေးကြောဆယ့်ရှစ်ခုကို ပြန်ဖြေပေးလိုက်၏။

ဆေးသောက်ပြီးသော် ကောင်းရှိုက အတွင်းအားအကူအညီ၊ ဆေးအကူအညီဖြင့် အဆိပ်များကို တစ်နေရာတည်းတွင် စုစည်းထားလိုက်၏။ ထိုအခါကျမှ သူ၏မျက်နှာပေါ်မှ အနီရောင်များ ကျသွား၏။ ကောင်းရှိုက ပြောသည်။

"ကျုပ် သက်သာသွားပြီ ... သွားကြစို့"

ချန်ဖူဝါက ကောင်းရှိုကိုယ်ပေါ်ရှိ သွေးကြောများကို ပြန်ပိတ်လိုက်၏။

ထို့နောက် မွန်ဂိုမြင်းကြီးကို နှစ်ယောက်စီးကာ ခရီးဆက်ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၄ )
## မပြေလည်သော အမေးအယူ

ယီးယီးသည် သူမ၏မြင်းကို ဇက်ကုန်စီးလာ၏။ လုံး၀ အနားမရသော မြင်းကြီးခမျာ နောက်ဆုံး၌ အမောဆို့ကာ သေဆုံးသွားသည်။ ယီးယီးမှာ ကြိတ်မနိုင်ခဲမရ ဒေါသဖြစ်နေရတော့သည်။

'ရှိ ... ရှိ ... ရှိ'

ထိုစဉ် စူးရှသောခရာသံများသည် ပေါ်လာသဖြင့် ယီးယီး ၀မ်းသာသွားသည်။ အသံလာရာသို့ ပြေးလွှားသွားရာ တောင်ကုန်း တစ်ခုဘေး၌ မီးပုံးကိုယ်စီနှင့် ကိုယ်ရံတော်သုံးဆယ့်ခြောက်ယောက် ခြံရံလာသော အဆိပ်ဘုရင်ကို တွေ့လိုက်ရတော့သည်။

အဆိပ်ဘုရင်၏ မြင်းရထားသည် ယီးယီးရှေ့သို့ တိုးလာ၏။ မြင်းရထားထဲမှ အဆိပ်ဘုရင်က လှမ်းမေးသည်။

"ချန်ဖူ၀ါကို မမိဘူးလား"

"အရှေ့မှာ ထွက်ပြေးနေတယ်၊ ကျွန်မတို့ လိုက်နေဆဲပါ ဖေဖေ"

"မင်းရဲ့ မွန်ဂိုမြင်းကြီးနဲ့တောင် သူ့ကို မီအောင်မလိုက်နိုင် ဘူးလား"

ယီးယီး၏မျက်နှာကလေးမှာ နီရဲသွားသည်။



"မွန်ဂိုမြင်းကို ချန်ဖူ၀ါက လုယူသွားပြီဖေဖေ"

"ဟော"

အဆိပ်ဘုရင် အံ့ဩသွားသည်။ ယီးယီးက ....

"ဒါပေမဲ့ ... သူတို့လူတစ်ယောက်တော့ ချိုကျဲကြွေဟွန်စန် အဆိပ် သင့်သွားခဲ့ပါတယ်ဖေဖေ"

"ချန်ဖူ၀ါ မိသွားတာလား"

"မဟုတ်ဘူး ... လူထွားကြီးတစ်ယောက်ပါ။ သူက ချန်ဖူ၀ါ နဲ့အတူတူ ကျွန်မတို့လူကို တိုက်ခိုက်တယ်ဆိုတော့ လုံးဆေးရဲ့လက် အောက်ကပဲ ဖြစ်လိမ့်မယ်လို့ ထင်ပါတယ်"

အဆိပ်ဘုရင်က ခေါင်းညိတ်လိုက်၏။

"ငါသိပြီ ... ဒီလူက ဟိုစီးနဂါးကောင်းရှိုဆိုတဲ့လူပဲ။ လုံးဆေးနဲ့ ဘာမှမဆိုင်ဘူး၊ ကိုယ့်အလုပ်မဟုတ်ဘဲ ၀င်ရှုပ်တဲ့လူပဲ"

ယီးယီးမှာ မယုံကြည်နိုင်အောင် ဖြစ်သွားသည်။ အဆိပ် ဘုရင်က ဆက်၍ ....

"မင်း စိတ်ချစမ်းပါ၊ ချန်ဖူ၀ါလို လူစားမျိုးကို ဒီအတိုင်း ၀ပ် ထားခဲ့မှာမဟုတ်ဘူး၊ ငါ့အထင်တော့ ချန်ဖူ၀ါကို ဟိုနေရာရောက်အောင် ငို့သိမ့်မယ်ထင်တယ်"

"သံချပ်၀တ်စုံလူသတ်သမားရဲ့ဌာနချုပ်ကိုလား"

"ဒီနေရာရောက်မှ ကောင်းရှိုရဲ့အသက်ကို ကယ်တင်နိုင်မှာ ပေါ့၊ စိတ်ချ ... သူ့ကိုမိအောင် တို့လိုက်နိုင်ပါတယ်၊ ကဲ — သမီး မင်းပါ မြင်းရထားပေါ်တက်လိုက်"

မြင်းရထားသည် ရှေ့သို့ ဆက်လက်မောင်းနှင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရံတော်သုံးဆယ့်ခြောက်ယောက်က တစ်ဖက်တစ်ချက်တွင် ခြံရံ လိုက်ပါလာကြသည်။

အဆိပ်ဘုရင်တို့ အေးအေးဆေးဆေး လိုက်နေကြသကဲ့သို့ ချန်ဖူဝါကလည်း ခပ်မှန်မှန်ပင် ခရီးနှင်သည်။

ခရီးအတော်ရောက်သောအခါ ချန်ဖူဝါသည် မြင်းကို ဆွဲ၍ အောက်မှ ဆင်းလျှောက်သည်။ အဆိပ်ဖြေဆေးသောက်ထားသော ကောင်းရှိမှာလည်း အဆိပ်ဘုရင်၏ ပြင်းထန်သော အဆိပ်ဒဏ်ကို မခံနိုင်ဘဲ မေ့မျောလုနီးနီး ဖြစ်နေလေပြီ။ မကြာမီ တောအုပ်တစ်အုပ် ကို တွေ့သဖြင့် ချန်ဖူဝါ ဂရုစိုက်လိုက်သည်။

လူတစ်ယောက်က သစ်ပင်တစ်ပင်၏နောက်ကွယ်မှ ပေါ် ထွက်လာ၏။ တစ်ကိုယ်လုံးကို ရှည်လျားသော အနက်ရောင်အင်္ကျီ ရှည်က ဖုံးအုပ်ထားပြီး မျက်နှာပေါ်တွင်လည်း အဝတ်နက်ဖြင့် စည်း ထား၏။ မျက်လုံးနေရာတွင်သာ အပေါက်ဖောက်ထားသည်။ ထိုလူ ကား အဆိပ်ဘုရင်ပင်တည်း။

ချန်ဖူဝါ၏လက်သည် ဓားရိုးပေါ် ရောက်သွား၏။

"ချန်ဖူဝါ"

အဆိပ်ဘုရင်က ခပ်အေးအေးပင် လှမ်းခေါ်လိုက်လေ၏။

"ဟုတ်ကဲ့"

ချန်ဖူဝါသည် ဓားရိုးပေါ်မှ လက်ကိုရုပ်ပြီး အဆိပ်ဘုရင်အား ဂါရဝပြုလိုက်လေ၏။

"မင်း ငါနဲ့တွေ့ချင်တယ်ဆိုတာ ဟုတ်သလား"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ အခုတော့မဟုတ်ပါဘူးခင်ဗျာ"



"ဒါပေမဲ့ အခု ငါရောက်လာပြီ"

"ကောင်းပါပြီ၊ ကျွန်တော်နဲ့ အေးအေးဆေးဆေး စကား ပြောနိုင်မလားခင်ဗျာ"

"စိတ်မတည်ငြိမ်တဲ့သူဟာ ဘယ်တော့မှ လက်နက်ပုန်း ပစ် ခတ်တဲ့ အတတ်ပညာ ကျွမ်းကျွမ်းကျင်ကျင် မတတ်နိုင်ပါဘူးကွာ"

"ဟုတ်ကဲ့ ... ကျွန်တော် ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါ ခင်ဗျား၊ ဂိုဏ်းချုပ်ကြီးဟာ လက်နက်ပုန်းပစ်ခတ်တဲ့ အတတ်ပညာကို တစ်ဖက်ကမ်းခတ် တတ်မြောက်တဲ့အတွက် စိတ်ထားတည်ငြိမ်ရင် ကျက်တဲ့သူ ဖြစ်မယ်ဆိုတာကို ကျွန်တော် နားလည်ပါပြီ"

အဆိပ်ဘုရင်က အေးစက်စက်ရယ်လေ၏။

"မင်းက ငါ့ကို မြှောက်ပင့်ပြောနေတာလား"

"ကျွန်တော်က အဖြစ်မှန်ကို တင်ပြတာပါခင်ဗျာ"

"ငါ သိုင်းလောကထဲမှာ အနားယူတာနဲ့က မင်းဟာ လူတောင် မဖြစ်သေးဘူး၊ မင်းက ငါ့အကြောင်း ဘယ်လောက်သိလို့လဲ"

"ကျွန်တော့်ကို ယုံကြည်အပ်တဲ့ ပုဂ္ဂိုလ်တစ်ယောက်က ပြော ပြလို့ သိတာပါ၊ ကျွန်တော့်အတွေ့အကြုံအရတော့ မဟုတ်ပါဘူး"

အဆိပ်ဘုရင် အနည်းငယ် အံ့သြသွားကာ ...

"ဘယ်သူလဲ" ဟု မေး၏။

"ထန်ပိုင်ချွမ် ... ဆရာကြီး ထန်ပိုင်ချွမ်ပါခင်ဗျာ"

အဆိပ်ဘုရင်မှာ လွန်စွာအံ့သြသွားတော့သည်။

"မင်း သူ့ကို သိသလား"

"ဟုတ်ကဲ့ ... သိပါတယ်၊ ဆရာကြီးထန်ပိုင်ချွမ်သင်ပေးလို့

www.burmeseclassic.com

www.burmeseclassic.com



လက်နက်ပုန်းပညာကို ကျွန်တော်တတ်နေတာပါ"

အဆိပ်ဘုရင်သည် ချန်ဖူဝါကို သေချာကြည့်ပြီး ...

"ထန်မျိုးရိုးရဲ့ ဂိုဏ်းချုပ်ကြီးဟာ ဘုရင်ဂေါရာဇ်ရဲ့အမှုထမ်း ဖြစ်နေတယ်ဆိုတာ ဟုတ်လား"

"ဟုတ်ကဲ့ ... မှန်ပါတယ်၊ ဆရာကြီးထန်ပိုင်ချွမ်းဟာ ဆရာ ကြီးပို့ဆုမ်နဲ့အတူ ဂေါရာဇ်ကြီးရဲ့ သက်တော်စောင့်တာဝန်ကို ထမ်း ဆောင်နေပါတယ်"

"ကြင်းကန်းပို့ချမ်လား"

"ဟုတ်ပါတယ်၊ ကြင်းကန်းပို့ချမ်ပါပဲ၊ ဒီဆရာကြီးနှစ်ယောက် က ဘုရင်မင်းကြီးကို စောင့်ရှောက်ကာကွယ်ပေးနေတဲ့အတွက် ကျွန် တော်တို့ဟာ နောက်ဆံမတင်းရဘဲ ထင်းတိတွေကို ဖြိုခွင်းနိုင်ခြင်း ပေါ့ဗျာ"

အဆိပ်ဘုရင်က ...

"ထန်ပိုင်ချွမ်းကို ငါဘယ်လိုခေါ်ရသလဲ သိလား"

"ကျွန်တော် သိသလောက်တော့ ဆရာကြီး ထန်ပိုင်ချွမ်းဟာ သန်ညီအစ်ကိုတွေထဲမှာ နံပါတ်သုံးဖြစ်ပါတယ်"

"အေး ဟုတ်တယ်၊ သူဟာ ငါ့ရဲ့ တတိယမြောက် ဦးလေး ငါ ရိုသေကိုင်းရှိုင်းတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဖြစ်တယ်"

အဆိပ်ဘုရင်က နေးကွေးစွာ ဆက်ပြောပြ၏။

"ငါ့ဦးလေးဟာ စိတ်သဘောထားကြီးပြီး အလွန် လေးစား အပ်တဲ့ လူကြီးတစ်ယောက်ပါ၊ ငါ့ထက်ဝါကြီးသူ ဖြစ်ပေမယ့် ငါတို့ ရင်းရင်းနှီးနှီး ဆက်ဆံတယ်၊ ချစ်ခင်တယ်"

BURMESE CLASSIC .com



"ဟုတ်ပါတယ်၊ အခုလည်း ဒီအတိုင်းပါပဲ၊ ကျွန်တော်ဟာ သူ့တပည့်ဖြစ်ပေမယ့် တူလိုသားလို ချစ်ချစ်ခင်ခင်ပဲ ဆက်ဆံပါတယ်"

အဆိပ်ဘုရင်သည် အတိတ်ကိုသတိရဟန်ဖြင့် အဝေးဆီသို့ ငေးမျှော်ကြည့်ပြီး ဆွေးမြည့်စွာ ဆက်ပြောပြနေ၏။

"ဟိုတုန်းက ထန်မျိုးရိုးကို ငါစွန့်ခွာစဉ်က သူတစ်ယောက် တည်းသာ ငါ့ကို မကန့်ကွက်ဘဲ အားပေးစကား ပြောခဲ့တယ်၊ သူက ငါ့ကို ဂရုစိုက်မနေနဲ့ မင်းသဘောအတိုင်း မင်းလုပ်လို့ အားပေးခဲ့သေး တယ်၊ ဒီကိစ္စတွေအားလုံး မင်းသိမှာပေါ့"

ချန်ဖူဝါက ခေါင်းခါကာ ...

"ကျွန်တော် မသိပါဘူးခင်ဗျာ"

အဆိပ်ဘုရင်က စူးရှသောလေသံဖြင့်ပြော၏။

"မင်း ဒီအကြောင်းတွေကိုသိလို့ ငါ့ဦးလေး ထန်ပိုင်ချွမ်နဲ့ ငါ့ကို ကိုင်ပေါက်နေတယ် မဟုတ်လား။ သူ့ကို အသုံးချပြီး မင်း လွတ် လမ်းရှာနေတာ မဟုတ်လား"

ချန်ဖူဝါက ပြုံးရယ်၍ပြော၏။

"ကျွန်တော်က သေရမှာကြောက်တဲ့လူမှ မဟုတ်တာ၊ ဝိုင်း ချုပ်ကြီးပြောတဲ့သဘောမျိုး ကျွန်တော့်မှာမရှိပါဘူး"

အဆိပ်ဘုရင်က အေးစက်စွာရယ်မောရင်း လက်ခါလိုက်ရာ လက်နက်ပုန်းဆယ့်နှစ်ခုသည် ချန်ဖူဝါဆီသို့ ပြေးဝင်လာသော အဆိပ်ဘုရင်သည် ထန်မျိုးရိုး၏ လက်နက်ပုန်းပညာထဲမှ အညွှန် ကျော် "ဆယ်အော့လျှမ်ခွပ်"ဟုခေါ်သော လက်နက်ပုန်း ပစ်ခတ် နည်းကိုသုံး၍ ပစ်လိုက်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလက်နက်ပုန်းပညာသည် ထန်းမျိုးရိုး၏ အခက်ခဲဆုံး လေ့ကျင့်ရန် မလွယ်ကူဆုံးသော ပညာတစ်ရပ်ဖြစ်ပါသည်။

ထန်မျိုးရိုး၏ ထိပ်သီးသိုင်းပညာရှင်များအနက် ထိုပညာကို တတ်ကျွမ်းသူသည် သုံးဦးသာရှိသည်။ ချန်ဖူဝါသည် အဆိပ်ဘုရင် ပစ်လိုက်သော လက်နက်ပုန်းပုံသဏ္ဌာန် မြင်ရသည်နှင့် "ဆယ်အော လျှမ်ခွပ်" လက်နက်ပုန်းပညာဟု သိလိုက်သည်။

ထိုလက်နက်ပုန်းဆယ့်နှစ်ခုသည် ဆယ်ပေကျော်ကျော် အကွာအဝေးသို့ရောက်သော် အရှေ့အနောက် အကွာအဝေးက လုံးဝ မတူပေ။

ထိုလက်နက်ပုန်းဆယ့်နှစ်ခုသည် ဆယ်ပေကျော်ကျော် အကွာအဝေးသို့ရောက်သော် တစ်တန်းတည်းအနေအထား ဖြစ်သွားသည်။ ထို့နောက် အချင်းချင်းရိုက်ခတ်ပြန်ကာ မူလအနေအထား အတိုင်း ဖြစ်သွားပြီး ချန်ဖူဝါ၏ သွေးကြောဆယ့်နှစ်ခုဆီသို့ ပြေးဝင် တော့သည်။

ထိုလက်နက်ပုန်းများ ကွဲပြားသွားသည်နှင့် ချန်ဖူဝါလည်း စတင် လှုပ်ရှားလိုက်တော့၏။ ခြေထောက်က "ကျေးရောင်းခြေကွက်" နင်းကာ ခါးကိုယိမ်းလိုက်၏။ "ကြန့်ဟွားစို့" ဟူသော သိုင်းပညာဖြင့် ပထမအသုတ်ဝင်ရောက်လာသောလက်နက်ပုန်းကို ဖမ်းလိုက်သည်။

ထို့နောက် လက်နှစ်ချောင်းက ချောင်ရန်ရှဲသိုင်းကွက်ဖြင့် ဒုတိယအသုတ်လက်နက်ပုန်းကို ပုတ်ထုတ်လိုက်သဖြင့် လက်နက်ပုန်း အားလုံး အဝေးသို့လွင့်စဉ်ကုန်တော့သည်။

တထန်းထန်းမြည်သံနှင့်အတူ လက်နက်ပုန်းအားလုံး မြေ



ပေါ်သို့ ကျကုန်လေသည်။

အဆိပ်ဘုရင်သည် မိမိပစ်လိုက်သော လက်နက်ပုန်းများကို ချန်ဖူဝါက ဖျက်နိုင်မဖျက်နိုင် ဆန်းစစ်ခြင်းသာ ဖြစ်မေသည်။

"အင်း ကောင်းတယ်၊ ဒါပေမဲ့ — ကျွန်တော့်တပည့်အဖြစ် တရားဝင် လက်မခံသေးပါဘူးခင်ဗျာ"

"ငါဖြင့် စဉ်းစားလို့တောင်မရဘူး သူညီ အစ္စာအတွေးကို မကြိုက်နှစ်သက်သူက ဘာကြောင့် ဘုရင့်ထံ အခွင့်ထေမ်းရတာလဲ"

"ဆရာကြီးက တိုင်းပြည်နဲ့လူမျိုးအတွက် သူ့ ထာဝရလုပ် ပေးသင့်တယ်လို့ ယူဆသွားလို့ပါ၊ အခု သူဟာ တိုင်းပြည်တာဝန် ထမ်းဆောင်နေတဲ့သဘောပါပဲ"

အဆိပ်ဘုရင်က တစ်ခုခုစဉ်းစားသလို ငေးနေသည်၊ အတန် ကြာမှ ....

"ဪ ... ဪ ... ဒါကြောင့်ကိုး၊ ဆဲမာခြိုက အဲကြောင့် ငါ့ဆီက အဆိပ်ဖြေဆေး လိုချင်နေတာကိုး"ဟု ရေရွတ်လိုက်သည်။

သူ၏ စကားကြားသော ချန်ဖူဝါ၏စိတ်ထဲတွင် ထိတ်ခနဲ ဖြစ်သွားတော့သည်။

"ဟုတ်လား၊ ဆဲမာခြိုဟာ အကြံစည်တစ်ခုခု ရှိတယ်လို့ ကျွန်တော်ထင်လိုက်သားပဲ၊ ဒါကြောင့် သံချပ်ဝတ်စုံနဲ့လူကို လာခောင်း တားမြစ်ရတာပေါ့၊ ဒါပေမဲ့ ကျွန်တော် နောက်ကျသွားတယ်"

အဆိပ်ဘုရင်က ....

"ဒါကြောင့် မင်းက သံချပ်ဝတ်စုံနဲ့လူကို ထယ်သေတာပေါ့"

"ဂိုဏ်းချုပ်ကြီးကို ကျွန်တော် ရှင်းပြဖို့ အချိန်ပေးနိုင်မလား

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျာ"

အဆိပ်ဘုရင်က ခေါင်းညိတ်၏။

"ငါ တတိယဦးလေးရဲ့ မျက်နှာကိုထောက်ပြီး မင်းပြောသမျှ တွေကို ငါ နားထောင်ကြည့်မယ်၊ ကဲ ... မင်းပြောချင်ရာ ပြော ပေတော့"

ချန်ဖူဝါကလည်း သေချာစွာ အစအဆုံး ရှင်းပြလိုက်၏။ အဆိပ်ဘုရင်သည် စကားတစ်ခွန်းမျှမပြောဘဲ ဂရုတစိုက် နားထောင် နေသည်။ ချန်ဖူဝါ၏ စကားဆုံးမှ ....

"မင်း သံချပ်လူအကြောင်း ငါ ဘယ်လိုသိတယ်ဆိုတာ မင်း သိလား"

ချန်ဖူဝါက ခပ်ဖြည်းဖြည်းပြော၏။

"တိတိကျကျတော့ မဟုတ်ပါဘူး ကျွန်တော်တွေးထားတဲ့ လူတော့ရှိပါတယ်၊ ဂိုဏ်းချုပ်ကြီးကို ဒီသတင်းလာပေးတာ ဆဲမာချို မဟုတ်လား"

"ဟုတ်တယ်"

အဆိပ်ဘုရင်ကလည်း အကြောင်းစုံ ဖွင့်ပြောလိုက်၏။ သူ ၏ ပြောပြချက်ကို နားထောင်ရင်း ချန်ဖူဝါ၏အမူအရာမှာ တဖြည်း ဖြည်း လေးနက်လာ၏။

အဆိပ်ဘုရင်၏ စကားဆုံးမှ သူက လေးလံစွာပြောသည်။

"ဆဲမာချို့ရဲ့အကြံအစည်က အဆိပ်ဖြေဆေးတင် ဟုတ်မယ် မထင်ပါဘူး"

"ဟုတ်မဟုတ် မင်းသိချင်ရင် အလွယ်လေးပါ"



ချန်ဖူဝါ ခေါင်းညိတ်ပြ၏။

"အခုအခါမှာ ဆဲမာချိုသာ ပေါ်ပေါက်မလာရင် သူ့ရဲ့ အကြံအစည်ဟာ အဆိပ်ဖြေဆေးဆိုတာ သေချာသွားပြီ၊ အကယ်၍ သူက ဆက်လက်ပြီး နောက်ယောင်ခံ ချောင်းမြောင်းလာမယ်ဆိုရင် တော့ နောက်ထပ်အကြံအစည် နောက်ထပ်ရှိမရှိ ကျွန်တော်တို့ သတိ ထားရတော့မယ်ခင်ဗျ"

အဆိပ်ဘုရင်က မေးလိုက်၏။

"သူ့ရဲ့ နောက်ထပ်အကြံအစည်က ဘာဖြစ်နိုင်သလဲ"

ချန်ဖူဝါက ....

"ကျွန်တော့်အထင်တော့ ဆဲမာချိုဟာ သံချပ်လူကို အသုံးချ ပြီး တစ်ခုခုထပ်လုပ်လိမ့်မယ်၊ ဆဲမာချို အဆိပ်ဖြေဆေး လိုအပ်တာ က ဆရာကြီးထန်ပိုင်ချွမ်ကို ရင်ဆိုင်ဖို့အတွက် ကြိုတင်ပြင်ဆင်ထား တာလို့ ကျွန်တော် ယူဆမိပါတယ်ခင်ဗျာ"

"အင်း ... ဟိုဖြေဆေးက ချိုကျဲကြွေဟွန်စန်အဆိပ်ကိုတောင် ဖြေနိုင်တယ်ဆိုတော့ ငါ့ဦးလေးရဲ့ အဆိပ်ပါတဲ့ လက်နက်ပုန်းကို သူ ကြောက်တော့မှာ မဟုတ်တော့ဘူးပေါ့"

ချန်ဖူဝါက စဉ်းစဉ်းစားစားဖြင့်ပြော၏။

"သူ့ရဲ့ နောက်အကြံအစည်တစ်ခုဆိုတာ နန်းတော်ထဲဝင်ပြီး ဘုရင်မင်းမြတ်ကိုသတ်ဖို့ ဖြစ်နိုင်ပါတယ် ဂိုဏ်းချုပ်ကြီး"

"ဖြစ်နိုင်တယ်၊ ထန်လူမျိုးရဲ့ အဆိပ်လက်နက်ပုန်းကို ဖြေ နိုင်တဲ့ အဆိပ်ဖြေဆေးဟာ ထန်မျိုးရိုးရဲ့ ဖြေဆေးပဲဖြစ်တယ်၊ တခြား ဖြေဆေးက ဘယ်လိုမှ မတတ်နိုင်ဘူး"

www.burmeseclassic.com



ချန်ဖူဝါက သက်ပြင်းချလိုက်သည်။

"ဆဲမာခြို တော်တော်အကြံကြီးတာပဲကိုး"

အဆိပ်ဘုရင်က မှတ်ချက်ချ၏။

"အင်း ကောက်ကျစ်စဉ်းလဲတဲ့ ဝံပုလွေလို လူစားမျိုးပေါ့"

ချန်ဖူဝါက ...

"ဂိုဏ်းချုပ်ကြီးရဲ့ မှတ်ချက်ဟာ အင်မတန် သင့်လျော်ပါတယ် ဂိုဏ်းချုပ်ကြီးအနေနဲ့ နောက်ထပ်ဘာတွေများ သိထားပါသေးလဲခင်ဗျာ"

အဆိပ်ဘုရင်က မရယ်ချင့်ရယ်ချင်ဖြင့် ရယ်လိုက်လေ၏။

"ငါက ဘာသိရမှာလဲ၊ ဒီကောက်ကျစ်စဉ်းလဲတဲ့ ဝံပုလွေရဲ့ ထောင်ချောက်ထဲကို ငါဝင်မိခဲ့ပြီဆိုတာပဲ သိရတော့မှာပေါ့"

"ဒါဆိုလေ ချန်ဖေလည်း ဆဲမာခြိုအကြောင်း တော်တော် သိသွားပြီးပဲဗျာ"

အဆိပ်ဘုရင်က သက်ပြင်းချကာ ....

"အင်း ... နောက်ဆို ငါ့ကို သူအသုံးမချနိုင်တော့ပါဘူး"

"ဂိုဏ်းချုပ်ကြီး ရှင်းရှင်းလင်းလင်း သိသွားတဲ့အတွက် ကျွန်တော် သိပ်ဝမ်းသာပါတယ်ဗျာ"

"မင်းလည်း မင်းလူတွေကို သတိထားဖို့ သတင်းပို့လိုက်ဦး"

"ဟုတ်ကဲ့ ... ကျွန်တော် သတင်းပို့လိုက်ပါမယ်"

ချန်ဖူဝါက လက်သီးဆုပ် ခါးကိုင်းကာ အရိုအသေပေးလိုက်၏။ ထို့နောက် ကောင်းမှုရှိရာသို့ လျှောက်သွား၏။

ထိုအခါ အဆိပ်ဘုရင်က ...



"မင်းမှားနေပြီ၊ နေပြည်တော် ပြန်တဲ့လမ်းက ဒီလမ်းမှ မဟုတ်ဘဲ"

ချန်ဖူဝါ ရုတ်တရက်ကြောင်သွား၏။

"ကျွန်တော် ... ကျွန်တော်"

"မင်းက ဘာကြောင့် ဟိုဘက်ကိုသွားရတာလဲ"

"ဟိုလူက ကျွန်တော့်သူငယ်ချင်းမဟုတ်ဘူး"

"သူက ငါ့အဆိပ်သင့်ထားလို့ ငါက ကုသပေးရင် အသင့်တော်ဆုံးပဲ မဟုတ်လား၊ ဒီလူအကြောင်း ငါသိပါတယ် ငါ့လက်အောက်ခံ ရဲ့ သတင်းပေးပို့တာကို ငါရရှိပြီးပြီ၊ သူက မင်းအတွက်ကြောင့် ဒီလို ဖြစ်ခဲ့တယ်လို့ ဆိုရမှာပဲ၊ ဒါကြောင့် ငါက သူ့ကို အဆိပ်ကုသပေး မယ်၊ မင်းကတော့ ..."

ဟု အဆိပ်ဘုရင်က ဆက်မပြောတော့ပေ။ ချန်ဖူဝါက သဘောပေါက်စွာ ပြော၏။

"ကျွန်တော်က သံချပ်လူရှိတဲ့နေရာကို ပြောပြရမယ်ပေါ့"

"ဒါပေါ့။ ငါ့သားကိုလုပ်ကြံတာ ဆဲမာခြိုဖြစ်ပေမယ့် ငါ့သား ကို တကယ်သတ်တဲ့လူက သံချပ်လူပါကွ"

ချန်ဖူဝါ စိတ်ညစ်သွား၏။ အဆိပ်ဘုရင်သည် တကယ့် အခြေအနေမှန်ကို သဘောပေါက်ပြီးဖြစ်ပါလျက် အမြစ်ကိုလှန်ဘဲ အကိုင်းအခက်ကိုချိုင်ရန် စိတ်ကူးနေပေသေးသည်။ တကယ့်လက်သည်မှာ ဆဲမာခြိုသာဖြစ်ကြောင်း အဆိပ်ဘုရင်သည် သိသင့်သည်ဟု ချန်ဖူဝါ ၏ စိတ်ထဲက ပြောနေမိသည်။

ချန်ဖူဝါက ...

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"သူမလည်း လုပ်ကြံခံရသူတစ်ယောက်ပါ ဂိုဏ်းချုပ်ကြီး ခင်ဗျာ"

"သူမက သေချာမစုံစမ်း မမေးမြန်းဘဲ လုပ်တာ၊ ဒါဟာ လုံးဝခွင့်မလွှတ်နိုင်တဲ့ အပြစ်ပဲကွ"

ချန်ဖူဝါက ရှင်းပြ၏။

"သူမရဲ့ ကျောထောက်နောက်ခံကို ကျွန်တော် သေချာစွာ မသိရသေးပါဘူး၊ အခုနေ အတင်းအဓမ္မ အင်အားသုံးရင် မလိုလားအပ်တဲ့ ဆိုးကျိုးတွေ ဖြစ်လာနိုင်ပါတယ် ခင်ဗျာ"

အဆိပ်ဘုရင်က ပြတ်သားစွာ ပြောလေ၏။

"ငါ ဒီအသက်အရွယ်ရောက်မှာတော့ သေရမှာ မနေ့မြော တော့ပါဘူးကွာ"

"ဂိုဏ်းချုပ်ကြီး စဉ်းစားပါ၊ ဂိုဏ်းချုပ်ကြီး သွားပြီးတိုက်လို့ကတော့ ဆဲမာခြံရဲ့အကြိုက် ဖြစ်နေမှာပါပဲ"

အဆိပ်ဘုရင်က ခေါင်းခါ၏။

"ငါ့မှာ ဒီသားတစ်ယောက်ပဲရှိတယ်၊ သူ့အတွက် ငါ ကလဲ့စား ချေမပေးနိုင်ရင် တမလွန်ဘဝ ငါရောက်သွားတဲ့အခါ ငါ့သားကို ငါ မျက်နှာ ဘယ်လိုပြရမှာလဲ"

ထိုစကားကြောင့် ချန်ဖူဝါ ဆက်မပြောနိုင်တော့ပေ။

"သံချပ်ဝတ်စုံလူသတ်သမားရဲ့ မဆင်မခြင်လုပ်ရပ်ဟာ အပြစ်ရှိလား၊ မရှိဘူးလားဆိုတာ မင်းစဉ်းစားကြည့်စမ်း၊ သူလည်း ဦးနှောက်နဲ့လူပဲ"

"ဟုတ်ကဲ့ ... မှန်ပါတယ်၊ ဒါပေမဲ့ ဆဲမာခြံကို အရင်ဆုံး ရှင်းပစ်သင့်တယ်၊ သူဟာ အစီကကျဲကဲ့သူပဲ ဖြစ်ပါတယ်"



အဆိပ်ဘုရင်က ခေါင်းခါ၏။

"လောလောဆယ် ဆဲမာခြံ ဘယ်မှာရှိတယ်ဆိုတာ ငါမသိဘူး၊ ငါသိတာက သံချပ်ဝတ်စုံလူသတ်သမားရဲ့ နေရပ်ဌာနကို မင်းသိနေတယ်ဆိုတာပဲ"

ချန်ဖူဝါသည် သက်ပြင်းချမိသည်။ မည်ကဲ့သို့ နားဝင်အောင် ပြောရမည်ကိုလည်း မသိတော့ပေ။

☆

အဆိပ်ဘုရင်က ခပ်အေးအေးပင် ဆက်ပြောနေ၏။

"မင်း ပထမစီစဉ်ထားတာက မင်းရဲ့သူငယ်ချင်းကို သံချပ်လူဆိုပို့ပြီး အဆိပ်ဖြေမလို့မဟုတ်လား၊ 'အခု ဒီလိုလုပ်ချင်ရင် လုပ်ပါ ငါမတားပါဘူး"

ချန်ဖူဝါက မချိပြုံးပြုံးလေ၏။

"ဂိုဏ်းချုပ်ကြီးရဲ့ သဘောကောင်းမှုကို ကျွန်တော် အများကြီး ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်နောက်ကို ဂိုဏ်းချုပ်ကြီး နောက်ယောင်ခံလိုက်လာမယ်ဆိုရင်တော့ ကျွန်တော့်ရည်ရွယ်ချက်တွေ ပျက်ဆုန်တော့မှာပဲခင်ဗျာ"

အဆိပ်ဘုရင်က ခေါင်းညိတ်လေ၏။

"ဟုတ်တယ်၊ မင်းသွားတာနဲ့ ငါက မျက်ခြည်မပြတ် လိုက်ကြည့်နေမှာပဲ၊ အဲဒါတော့ သေချာတယ်"

ချန်ဖူဝါက သက်ပြင်းချရင်း ...

"ဂိုဏ်းချုပ်ကြီးခင်ဗျား ... ဆဲမာခြံနဲ့ ကျိုးကွန်လုံ့သိုမှာ

www.burmeseclassic.com



တိုင်းတစ်ပါးရန်သူတွေနဲ့ လျှို့ဝှက်အဆက်အသွယ် လုပ်နေတယ် ဆိုတာ ...”

ချွန်ဖူဝါ၏ စကားမဆုံးမီ အဆိပ်ဘုရင်က ဝင်ပြောလေသည်။

“မင်း ဘာကြောင့် ဘုရင်မင်းမြတ်ထံ ဝင်ရောက်အမှုထမ်းရတယ်ဆိုတာ ငါသိပါတယ်၊ တိုင်းပြည်နဲ့လူမျိုးကို ကာကွယ်စောင့်ရှောက်ဖို့ တာဝန်ထမ်းဆောင်နေတယ်ဆိုတာလည်း ငါသိပါတယ်၊ ငါ့ တတိယဦးလေးနဲ့ ပတ်သက်နေတဲ့အတွက်လည်း မင်းကို ငါလုံးဝ အနှောင့်အယှက်မပေးချင်ပါဘူး၊ ဒါပေမဲ့ သံချပ်ဝတ်စုံလူရဲ့ နေရပ်ကိုတော့ ပြောပါလို့ ငါတောင်းဆိုပါတယ်၊ သံချပ်လူဟာ မင်းတို့နဲ့တော့ မပတ်သက်ဘူးလို့ ငါထင်ပါတယ်၊ သံချပ်လူ သေသည်ဖြစ်စေ၊ ရှင်သည်ဖြစ်စေ မင်းတို့တစ်တွေကတော့ ထင်းတီထွေနဲ့ ရင်ဆိုင်ကြမှာပဲ မဟုတ်လား”

ချွန်ဖူဝါသည် သံချပ်ဝတ်စုံနှင့် မိန်းကလေး၏ ဗဟုသုတနည်းပါးမှု၊ သူတစ်ပါး စေခိုင်းရာကို မျက်စိကန်း တာဆွေမကြောင်လုပ်တတ်မှု၊ အားငယ်တတ်မှုနှင့် မိတ်ဆွေဟူ၍ တစ်ဦးတစ်ယောက်မှ မရှိမှုတို့ကို သိရှိထားပြီး ထိုမိန်းကလေးအပေါ် ကြင်နာသနားခဲ့လေသည်။ ထို့ကြောင့် ခပ်ညည်းညည်းပြောသည်။

“သံချပ်ဝတ်စုံနဲ့ မိန်းကလေးဟာ ကျွန်တော်နဲ့ မိတ်ဆွေဖြစ်သွားခဲ့ပါပြီ”

အဆိပ်ဘုရင်က ....

“ဟိုစီးနွယ်က နဂါးရော မင်းမိတ်ဆွေ မဟုတ်ဘူးလား”

“ဟုတ်ပါတယ်”



“မင်းသူငယ်ချင်းရဲ့ အသက်ကိုကော မကယ်ချင်ဘူးလား”

“ကယ်ချင်ပါတယ်၊ ဒါပေမဲ့ တစ်ယောက်အသက်ကိုကယ်ပြီး ကျန်တစ်ယောက် သေမယ်ဆိုတာမျိုးတော့ မဖြစ်စေချင်ပါဘူး”

“မင်းမှာ ဒီထက်အရေးကြီးတဲ့ တာဝန်တစ်ခု ရှိသေးတယ်ဆိုတာ စဉ်းစားမိရဲ့လား၊ အခု မင်းဟာ မြို့တော်ကိုပြန်ပြီး လုံမေးကိုသတင်းပို့ရဦးမယ်ဆိုတာ စဉ်းစားမိရဲ့လား၊ ကဲ အခု ငါနောက်ဆုံးပြောလိုက်မယ်၊ မင်းသူငယ်ချင်းရဲ့ အဆိပ်ကိုငါ မဖြေပေးတော့ဘူး၊ တော့ မင်းအနေနဲ့ ငါ့ကို လမ်းပြစရာလည်း မလိုတော့ဘူး၊ မင်းသွား လုပ်သင့်တာကို ဆက်လုပ်ပေတော့”

အဆိပ်ဘုရင်သည် နောက်ဆုံးစကားကိုဆိုကာ သစ်တောပြေးဝင်ပျောက်ကွယ်သွားလေတော့၏။

☆

ချွန်ဖူဝါက သက်ပြင်းတစ်ချက်ချလိုက်၏။ ထိုစဉ် သစ်တော ခြင်္သေ့ထားတစ်စီး မောင်းနှင်သွားသည့်အသံသည် တဖြည်းဖြည်း ဝေးကွာသွားတော့၏။

ချွန်ဖူဝါသည် ကောင်းရှိရှိရာသို့ လျှောက်လာ၏။ ကောင်းရှိသည် မျက်လုံးဖွင့်ကာ အားနည်းသောလေသံဖြင့် လှမ်းပြောလေ၏။ ဖူဝါက လေးနက်သောလေသံဖြင့် ပြောလိုက်၏။

“တော်ပါတော့ ကျုပ်လုပ်တာကိုပဲ လိုက်နာပါ”

ကောင်းရှိသည် သူ၏ စကားမဆုံးမီ အချိန်တွင် ဖြန့်လည်း သတိလစ်မေ့မြောသွားပြန်လေ၏။

☆

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၅ )
## လျှို့ဝှက်သောခရီး

ဤသို့ဖြင့် သုံးရက်ကျော်လွန် ဘသော နေ့တစ်နေ့တ
ချန်ဖူဝါသည် သစ်တောအုပ်ကိုဖြတ်ကာ ချောင်းကမ်းနံဘေးသို့ ပြ
လည်ရောက်ရှိလာလေ၏။ ကောင်းရှိုကို ကျန်သောဆေးတစ်လ
တိုက်ကျွေးထားပြီး ဖြစ်သော်လည်း ကောင်းရှိုမှာ ဝေဒနာကို အပြ
အထန် ခံစားနေရဆဲသာရှိသည်။ ကောင်းရှိုကို ပေးထားသည့်ဆေ
မှာ စွမ်းစွမ်းကို ပေးသောဆေးလောက် မထက်မြက်သဖြင့် ဤ
ခံစားနေရခြင်း ဖြစ်ပေသည်။

စွမ်းစွမ်းသည် ကိုယ်တိုင် လမ်းလျှောက်နိုင်ခဲ့သည်။ ကော
ရှိုမှာ သတိမရတစ်ချက် ရတစ်ချက်ဖြစ်နေသည်။ ချန်ဖူဝါက ကောင
၏သွေးကြောမကြီးကို ပိတ်ပေးသောကြောင့်သာ တစ်ကိုယ်လုံး
မပျံ့နှံ့ခြင်းဖြစ်ပေသည်။ ထိုသို့ အချိန်ဆွဲထားနိုင်ခွင့်မှာလည်း ခု
ရက်သာ ရှိပေသည်။

အကယ်၍ ခုနစ်ရက်အတွင်း ဖြေဆေးမရပါက ကောင
သည် ဒုက္ခိတဘဝသို့ ရောက်သွားလိမ့်မည်။ ထို့ကြောင့် ကောင်းရှိ
ကယ်တင်ရန် ခုနစ်ရက်သာ အချိန်ရှိတော့သည်။

ထိုသွေးကြောပိတ်နည်းကို ထန်ပိုင်ချွမ်က သင်ကြားပေ



သည်။ အဆိပ်သင့်သောသူကို ဖြေဆေးမရှိမီ အတောအတွင်း အဆိပ်မတက်အောင် လုပ်သောနည်းပင်ဖြစ်သည်။

ချန်ဖူဝါသည် မွန်ပိုမြင်းကို စနစ်တကျ အသုံးဝင်အောင် ခရီးနှင်ခဲ့သည်။ သင့်တော် သောအချိန်တွင် ခရီးကို အပြင်းအထန်နှင်ပြီး တစ်ခါတရံ မှန်မှန်မောင်းနှင်၏။ သူက နည်းအမျိုးမျိုးသုံးပြီး ကွေ့ကာပတ်ကာ ခြေရာဖျောက်ကာ ခရီးနှင်ခဲ့သည်။

ဤကဲ့သို့ ရှောင်ရှားခရီးထွက်နေစဉ်အတွင်း လုံ့ဖေးအ ယေသားများ ကင်းပုန်းဝပ်သည့်နေရာများသို့ပါ ရောက်ခဲ့သည်။ ထိုကင်းပုန်းများရှိ သတင်းပို့ခို ဆယ့်နှစ်ကောင်ဖြင့် မြို့တော်ရှိ လုံ့ဖေးထံသို့ ခုံစမ်းရရှိသောအကြောင်းနှင့် ဆဲမာမြို့နှင့် ပတ်သက်သရွေ့အားလုံးကို သတင်းပေးပို့နိုင်လိုက်သည်။

ထိုသတင်းသည် ဘုရင်ဧကရာဇ်ကြီးအတွက် အလွန်အရေးကြီးလှသဖြင့် ချန်ဖူဝါက ပေါ့ပေါ့ဆဆမလုပ်ရဲပေ။ ထိုသတင်းကို ခိုဆယ့်နှစ်ကောင်တိတိဖြင့် ပို့ပေးလိုက်သဖြင့် ဘယ်နည်းနှင့်မဆို လုံ့ဖေးထံ တစ်ကောင်ကောင်တော့ ရောက်ရှိပေလိမ့်မယ်။

တတိယမြောက်နေ့ဖြစ်သော နောက်ဆုံးရက်တွင် အဆိပ်ဂိုဏ်းသားများ၏နောက်ယောင်ခံမှုကို ချန်ဖူဝါ မတွေ့တော့။ သို့သော် လုံးဝကျွတ်လွတ်ခဲ့ပြီဟုလည်း သူက မယုံကြည်သေးချေ။ သံချပ်ဝတ်နှင့်မိန်းကလေး ထွက်ခွာသွားသည့် မြစ်ဆိပ်သို့ တိုက်ရိုက်မ သွားဘဲ အနီးပတ်ဝန်းကျင်၌ လှည့်ပတ်နေရသေးသည်။ နောက်ဆုံး သတိဝီရိယကြီးစွာထားပြီး မြစ်ဆိပ်သို့ ချဉ်းကပ်လာခဲ့၏။

ချန်ဖူဝါသည် စိတ်ရှည်လက်ရှည်ဖြင့် စောင့်၍နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းရှိကတော့ မေ့မြောနေသည်။

နေမွန်းတည့်အချိန်လောက်တွင် ဆံဖြူအဘွားအိုတစ်ယောက် လေ့တစ်စင်းကို လှော်ခတ်ပြီး ချန်ဖူဝါရပ်နေသော ကမ်းစပ်သို့ ထိုးဆိုက်လာ၏။ ချန်ဖူဝါက ရိုသေလေးစားသော အမူအရာဖြင့် ခါးကိုင်းကာ ဂါရဝပြုလိုက်၏။

"ဘွားဘွား ... ကျန်းမာပါရဲ့လား"

ယဉ်ကျေးသိမ်မွေ့စွာ နှုတ်ခွန်းဆက်လိုက်၏။ အဘွားအိုကြီးက ...

"အင်း ...ချောင်းကူးမလို့လား"

ချန်ဖူဝါက မည်သို့မျှပြန်မပြောဘဲ အိတ်ထဲမှ သတ္တုပြားတံဆိပ်ကလေးကို နှိုက်ထုတ်ကာ ပြလိုက်သည်။ အဘွားအိုက ထိုတံဆိပ်ပြားကို သေချာစွာကြည့်ရှုစစ်ဆေးနေပေသည်။

☆

"ကျွန်တော့်နာမည် ချန်ဖူဝါပါခင်ဗျာ"

အဘွားကြီးက ခေါင်းညိတ်လိုက်၏။

"အေး ... စွမ်းစွမ်းက ငါ့ကို ပြောပြပြီးပြီ၊ မင်းလာတာ တယ်မြန်ပါလား" ... ဟု ဆိုပြီး ကောင်းရှိကို ကြည့်လိုက်၏။

"ဒီလူ့အတွက် လာတာလား"

"ဟုတ်ကဲ့ ... ကျွန်တော့်သူငယ်ချင်းက ချိုကျဲကြွေပွန်းအဆိပ်သင့်ခဲ့ပါတယ်၊ သေရေးရှင်ရေးမို့ ကျွန်တော် မြန်မြန်လာရခြင်းဖြစ်ပါတယ်ခင်ဗျာ"

"မင်းက စိတ်ကောင်းရှိတဲ့ လူတစ်ယောက်လို့ စွမ်းစွမ်း ပြောခဲ့ဖူးပါတယ်၊ မင်း တကယ်ကော ဟုတ်ရဲ့လား"



ချန်ဖူဝါက ...

"ဘယ်ကိစ္စမဆို လုပ်သင့်တယ်၊ မလုပ်သင့်ဘူးဆိုတာပဲ သိပါတယ်ဗျာ၊ တခြားလူတွေထက်တော့ ပိုစိတ်ကောင်းမရှိပါဘူး"

အဘွားအို အေးစက်စက်နှင့် ပြော၏။

"ဒါကြောင့် စွမ်းစွမ်းက မင်းကို မမေ့နိုင်တာကိုး"

"စွမ်းစွမ်းတစ်ယောက်ကော နေကောင်းရဲ့လား ခင်ဗျာ"

အဘွားအိုမျက်နှာ၌ ထူးခြားမှု တစ်စုံတစ်ရာပေါ်လာသော

"မင်း မကြာခင်တွေ့ရတော့မှာပဲ၊ ဘာမေးစရာလိုသေးလို့လဲ"

ချန်ဖူဝါက ရိုသေစွာဖြင့်ပြော၏။

"ဘွားဘွားကို ကျွန်တော် ဘယ်လို ခေါ်ဝေါ်ရမယ်ဆိုတာကို တဆိတ်လောက် ပြောပြပါခင်ဗျာ"

အမေအိုသည် ခေတ္တစဉ်းစားပြီး ...

"စွမ်းစွမ်းကတော့ ငါ့ကို မေနန်လို့ ခေါ်တာပဲ"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်ခင်ဗျာ"

အဘွားအိုမေနန်သည် ယဉ်ကျေးသိမ်မွေ့လှသော ချန်ဖူဝါကို စူးစူးစိုက်စိုက် အကဲခတ်သည်။ ချန်ဖူဝါ၏ မျက်လုံးများက တောက်ပြောင်ရှင်းစင်းလှပေသည်။ သူသည် ခေါင်းတစ်ချက်ညိတ်ပြီး —

"ကဲ ... မင်းသူငယ်ချင်းကို တင်လိုက်လေ"

ချန်ဖူဝါက ကောင်းရှိကို မြင်းပေါ်မှ ချီချပြီး နံရိုင်းကြီး... ... ... ယ်ဘပင်းကို ညင်သာစွာ ပုတ်ပေးလိုက်၏။ မြင်းကြီးသည်

www.burmeseclassic.com

www.burmeseclassic.com



ခွာသံတဖြောင်းဖြောင်းပေး၍ ပြေးထွက်သွားတော့သည်။ ချန်ဖူဝါသည် ကောင်းရှိုကို ပွေ့ဖက်ကာ လှေပေါ်သို့ ခုန်တက်လိုက်သည်။

မေနန်က ...

"မင်းဆီမှာ ဒီသူငယ်ချင်းတစ်ယောက်ပဲ ရှိသလား"

"ဟုတ်ကဲ့"

"မင်းကော သူနဲ့အတူ ငါ့နောက်လိုက်မယ် မဟုတ်လား"

ချန်ဖူဝါ ပြုံးလိုက်၏။ ကောင်းရှိုနှင့် သူ မလိုက်ပါက စွမ်းစွမ်း၏ ဌာနချုပ်မှလူများသည် ကောင်းရှို၏အသက်ကို မည်သို့ ကုသပေးပါမည်နည်း။

"ဟုတ်ကဲ့ ... ကျွန်တော်ပါ လိုက်ရမှာပေါ့"

ထိုစဉ် မေနန်၏ ကိုယ်ခန္ဓာသည် ဝါးလုံးရှည်နှင့်အတူ လေထဲသို့ ခုန်တက်သွားပြီး ဝါးလုံးရှည်က ထူထပ်သော သစ်ကိုင်းများအကြားသို့ ရုတ်တရက်ထိုးလိုက်၏။ စူးစူးရားရား အော်ဟစ်သံတစ်သံသည် သစ်ရွက်ကြားမှ ပေါ်လာပြီး အော်ဟစ်သံနှင့်အတူ အညိုရောင်အင်္ကျီနှင့်လူတစ်ယောက် ကျလာသည်။ ထိုလူ၏ ခေါင်းနှင့်ခါးပေါ်တွင် သစ်ရွက်များ စိုက်ထားသည်ကို တွေ့ရသည်။

ထိုအခြင်းအရာကို မြင်ရသော ချန်ဖူဝါသည် စိတ်ထဲတွင် အလွန်တုန်လှုပ်သွားသည်။ နားပါးလွန်းလှသော မေနန်ကိုလည်း အလွန်ချီးကျူးမိသည်၊ သူကဲ့သို့သော အဆင့်မြင့်သိုင်းသမားက ဤမျှကြာသည့်တိုင် ထိုလူရှိနေသည်ကို မသိခဲ့ပေ။ မေနန်သည် သူ့ထက်နောက်ကျမှရောက်လာပြီး တစ်စုံတစ်ယောက် ပုန်းအောင်းနေကြောင်း ချက်ချင်းသိနေသည်။



ထိုစဉ် လှေလေးသည် ကမ်းစပ်မှ ခွာနေပြီဖြစ်သော်လည်း မေနန်က မှန်ကန်တိကျစွာ လှေပေါ်သို့ ခုန်တက်လာနိုင်သည်။

မေနန်၏ ကိုယ်ဖော့ပညာ၊ သိုင်းပညာစွမ်းရည်နှင့် လျင်မြန်သွက်လက်မှုတို့က အရှယ်နှင့်မလိုက်အောင် ကောင်းမွန်လှသဖြင့် ချန်ဖူဝါ လွန်စွာချီးကျူးမိသည်။

"ကောင်းလိုက်တဲ့ ကိုယ်ဖော့ပညာ"

ချန်ဖူဝါက လှိုက်လှဲစွာ ချီးကျူးလိုက်သည်။

မေနန်က ခေါင်းခါရင်း ...

"ငါ့ကို သိပ်မချီးကျူးနဲ့၊ အကယ်၍ မင်းသာ ဒီနေရာကို တစ်နေ့တစ်ခေါက် နေ့တိုင်းရောက်နေမယ်ဆိုရင် ဒီအနီးတစ်ဝိုက်က သစ်ပင်သစ်ရွက်တွေ ဘယ်လို ပေါက်နေတယ်ဆိုတာ မင်းသိမှာပါ။ နားလည်လား"

"သြော် ... ဒါကြောင့်ကိုး"

မေနန်က နှိမ့်ချစွာပြော၏။

"ရုတ်တရက် မြင်ရင် အထင်ကြီးစရာဖြစ်ပေမယ့် တကယ်တမ်းကျတော့ ဘာမှမဟုတ်ဘူး"

ချန်ဖူဝါက ...

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲခင်ဗျာ၊ အကယ်၍ နက်ရှိုင်းတဲ့ အတွင်းအားသာမရှိရင် အခုလို ဝါးလုံးရှည်ကြီးနဲ့ ရန်သူကို ချုပ်တစ်ပြက် ဘယ်တိုက်ခိုက်နိုင်ပါ့မလဲ"

"မင်းက အပြောတယ်ချိုပါလားကွ"

ချန်ဖူဝါက မျက်နှာကို တည်တည်ထားကာ ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က စိတ်ထဲက မပါတဲ့စကားကို လှုကြားကောင်းရုံ မပြောတတ်ဘူး"

မေနန်၏ အေးစက်စက်မျက်နှာ၌ ရှားပါးသော အပြုံးလေး ပေါ်လာ၏။ အကင်းပါးသော ချန်ဖူဝါသည် ထိုအပြုံးကို ရိပ်ခနဲ မြင်လိုက်ရ၏။

"လူကလေး ... မင်းစကားလုံးတွေက ရင်ထဲကလာသည် ဖြစ်စေ၊ နှုတ်ဖျားကလာသည်ဖြစ်စေ ကြားရတဲ့သူတွေအတွက်တော့ ပျားရည်ပါပဲ၊ ငါ့သခင်မကြီးက ဒီစကားတွေကြားရင် သိပ်သဘောကျမှာပါပဲ"

ချန်ဖူဝါသည် တိတ်ဆိတ်စွာစောင့်၍ နားထောင်နေသည်။ သူမျှော်လင့်ထားသည့်အတိုင်း မေနန်က ဆက်ပြောလာ၏။

"ကောင်လေး ... မင်းကို ငါ ပွင့်ပွင့်လင်းလင်းပြောပြမယ်၊ အကယ်၍ မင်းက မင်းသူငယ်ချင်းရဲ့အသက်ကို ကယ်ချင်ရင် ငါ့သခင်မကြီးနဲ့တွေ့တဲ့အခါ လျှော့ပေးတန်တာ လျှော့ပေးရမယ်၊ ချိုးကျုးတန်တာ ချိုးကျုးရမယ်၊ အရာရာမှာ သခင်မကြီးရဲ့အလိုကို မင်းလိုက်လျောပေးရမယ်ဆိုတာ မြဲမြဲမှတ်ထားပေတော့"

ချန်ဖူဝါ ရိုသေစွာ ပြောသည်။

"ဟုတ်ကဲ့ ... ဒီလိုသွန်သင်ပေးတဲ့အတွက် အလွန်ပဲ ကျေးဇူးတင်ပါတယ်ခင်ဗျာ"

ထိုစဉ် သူတို့၏ လှေကလေးသည် ချောင်းရိုးအတိုင်း မျောပါလျက်ရှိ၏။ ချောင်းရိုး တစ်ဖက်တစ်ချက်တွင် သစ်ပင်ကြီးများ အုံ့ဆိုင်းနေသဖြင့် လှေကလေးသည် သစ်ပင်ကြီးများအောက်မှ ဖြတ်သန်း



လျက်ရှိနေသည်။ ထိုစဉ် မေနန်သည် သူကိုင်ထားသော ထိုးဝါးဖြင့် သစ်ပင်ကြီးတစ်ပင်ပေါ်သို့ ခုန်ထိုးလိုက်သည်။

"အား"

လူတစ်ယောက်သည် သစ်ပင်ပေါ်မှ ရေထဲသို့ ပြုတ်ကျလာသည်။ ဝါးလုံးက ထိုလူ၏အသက်ကို ခြွေသွားသည်။

မေနန်သည် ထိုလူကို လုံးဝဂရုမစိုက်ဘဲ ဘာမှမဖြစ်သလို လှေလှော်နေဆဲပင်။ လှေလေးသည် ရေစီးကြောင်းအတိုင်း စုန်ဆင်းနေသဖြင့် လျင်မြန်လှ၏။

မေနန်၏လျှပ်ရှားမှုကို ချန်ဖူဝါ အံ့ဩခြင်းမရှိတော့ပေ။ မေနန်သည် မည်သို့သော အဖွဲ့အစည်းတွင် ပါဝင်နေကြောင်း သိလျှင် မည်သူကမျှ အံ့ဩကြမည် မဟုတ်ချေ။

☆

ဤသို့ဖြင့် မိုင်ဝက်ကျော်ကျော် ရောက်ရှိလာသောအခါ မေနန်သည် တတိယအကြိမ် ဝါးလုံးရှည်ဖြင့် တိုက်ခိုက်ပြန်သည်။ သူမက ချောင်းကမ်းနံဘေးရှိ ချုံဖုတ်တစ်ခုအတွင်းသို့ ထိုးစိုက်လိုက်လေသည်။ သို့သော် ဤတစ်ကြိမ်တွင်တော့ ရန်သူကို မထိုးမိပါ။

ချုံကွယ်ထဲ ပုန်းနေသူက အချိန်မီ ခါးကော့ကာ ရှောင်လိုက်၏။ ထိုလူ၏ ခန္ဓာကိုယ်သည် လေထဲသို့ တစ်ပတ်ကျွမ်းထိုးလိုက်စဉ် မေနန်၏ ဘယ်ဘက်လက်ထဲမှနေ၍ ငွေရောင်တန်းတစ်ခု ထွက်ခနဲ ပေါ်ထွက်လာပြီး ထိုလူ၏ နောက်စေ့ထဲသို့ စိုက်ဝင်သွား၏။ မေနန်၏ အဆင်သင့်ဖြစ်မှုကား အံ့မခန်းပင်။ ထိုးဝါးဖြင့် မေနန်သည်နှင့် လက်နက်ပုန်းဖြင့် အဆင်သင့်ပြင်ဆင်ပြီး ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့သော အရည်အချင်းများရှိသူသည် ခက်ခက်ခဲခဲ လေ့ကျင့်ထားသော သိုင်းသမားဖြစ်ရမည်၊ ဝါရင့်ပြီး အတွေ့အကြုံ များသော သိုင်းသမား လူသတ်သမားလည်း ဖြစ်ရမည်။ တစ်ချက် မထိလျှင် နောက်တစ်ချက် ရန်သူကို မသေမချင်း သတ်ရဲသူဖြစ်ပြီး လူပေါင်းမြောက်မြားစွာ သတ်ဖြတ်ခဲ့သော သိုင်းသမားလည်း ဖြစ်ရ မည်။ မေနန်သည် လူသုံးယောက်ကို ဆက်တိုက်သတ်ဖြတ်ခဲ့သည့် တိုင် မတုန်မလှုပ်နှင့် သွေးအေးလှကြောင်း တွေ့ရပေ၏။

ချန်ဖူဝါသည် မေနန်ကို မတားမြစ်ဘဲ ထိုင်ကြည့်နေ၏။ ထို အသတ်ခံရသောသူများသည် အဆိပ်ငါးမျိုးဂိုဏ်းသားများ မဟုတ် ကြောင်း သိသဖြင့် သူက မတားမြစ်ခြင်းဖြစ်ပါသည်။

ဆဲမာခြုံသည် အဆိပ်ဘုရင်ထံမှ အဆိပ်ဖြေဆေးရရှိရန် ကိစ္စအပြင် တခြားအကြံအစည်တစ်ခု ရှိနေသေးကြောင်း သေချာလှ သည်။ ဆဲမာခြုံ၏ အဓိကအကြံအစည်ကြီးသည် သံချပ်လူ၏ ဗွာန ချုပ်နှင့် တစ်စုံတစ်ခုပတ်သက်နေကြောင်း ရိပ်မိနေသည်။

သို့သော် ဘာဖြစ်မည်ကိုမူ တိတိကျကျ စဉ်းစား၍မရပေ။ သည်တစ်ကြိမ်ကျမှသာ မေနန်က ညည်းညူ၏။

သို့သော် စိတ်ထဲက ပါဟန်တော့ မတူပေ။

"ကြည့်စမ်း ... မင်းရှာလာတဲ့ပြဿနာက မနည်းပါလား"

"ဘွားဘွားက ဒီလူသုံးယောက်ကို ပြောနေတာလား"

မေနန်က ရေထဲကျသွားသော အလောင်းကို ကြည့်၍ပြော လေ၏။

"ကြည့်ရတာ သူတို့ ကျည့်နမ်နယ်က ဟွားတွေလို့ထင်တယ်"



"ဟွားတွေ"

ချန်ဖူဝါက ရေရွတ်လိုက်၏။ မေနန်က ဆက်၍ ....

"ဟွားမျိုးရိုးထဲက လူတွေဟာ သတင်းကို ရောင်းစားတဲ့ အလုပ်လုပ်ကိုင်ခဲ့တာ ဆယ်နှစ်လောက်ရှိပြီ၊ သူတို့ဟာ ခြေရာခံစုံ စမ်းတဲ့အလုပ်မှာလည်း အင်မတန်တော်တယ်လို့ ကျော်ကြားကြ တယ်"

ချန်ဖူဝါက မှတ်ချက်ချလေ၏။

"ဒါဆို သူတို့ဟာ ထင်းတီထွေရဲ့ လက်အောက်ခံ ဖြစ်သွား ပြီနဲ့တူတယ်"

အဘွားအိုမေနန်က ချန်ဖူဝါကိုမေးသည်-

"ထင်းတီထွေနဲ့ အဆိပ်ငါးမျိုးဂိုဏ်း အဆက်အသွယ်ရှိလား"

"အဆိပ်ငါးမျိုးဂိုဏ်းက ထင်းတီထွေရဲ့ လက်အောက်ခံ မဟုတ်ပါဘူး၊ ဒါပေမဲ့ ထင်းတီထွေဟာ ဒီကိစ္စထဲမှာ အဆိပ်ငါးမျိုး ဂိုဏ်း ပါဝင်ပတ်သက်လာအောင် အကွက်ဆင်ခဲ့ပါတယ်၊ စွမ်းစွမ်းက ထန်ခြုံကိုသတ်မိတာ ထင်းတီထွေရဲ့ ထောင်ချောက်ပဲပေါ့"

မေနန်က ခေါင်းညိတ်၏။

"ထင်းတီထွေအကြောင်းကို စွမ်းစွမ်းဆီကတစ်ဆင့် သိပြီး ပါပြီ၊ ထင်းတီထွေဟာ တကယ်ပဲ ယုတ်မာကြတာကိုး"

သူတို့၏လှေကလေးသည် ချောင်းကွေ့ကလေးကို ဖြတ် ကျော်လာသည်။ ကမ်းစွယ်အစွန်း၌ ကြီးမားသော ချုံဖုတ်များရှိသည်။ မေနန်၏လက်သည် လျှပ်တစ်ပြက် လှုပ်ရှားလိုက်ရာ ငွေရောင်တန်း ကလေး သုံးတန်း လင်းလက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ချုံဖုတ်တစ်ခုထဲမှ လူတစ်ယောက်သည် လေထဲသို့ ခုန်ထွက်ကာ လက်နက်ပုန်းတစ်ခုကို ရိုက်ထုတ်လိုက်သည်။

ပြီးလျှင် ခြမ်းပျွားရဲ့သိုင်းကွက်ဖြင့် ကွေ့ပတ်ဝင်လာသော လက်နက်ပုန်းတစ်ခုကို တိုက်ထုတ်လိုက်ပြန်သည်။ သို့သော် တတိယ အလင်းတန်းကိုမူ ထိုသူ မကာကွယ်နိုင်ချေ။ ထိုလက်နက်ပုန်းသည် ထိုလူ၏ နဖူးတည့်တည့်သို့ နိုက်ဝင်သွားလေတော့သည်။

ချန်ဖူဝါသည် ထိုအဖြစ်အပျက်ကို ကောင်းစွာ တွေ့မြင်လိုက်ရ၏။

"ဘွားဘွားရဲ့ လက်နက်ပုန်းပညာက တကယ်ချီးကျူးစရာကောင်းပါတယ်"

မေနန်သည် တိတ်ဆိတ်စွာ လှေကိုလှော်လာ၏။ အတန်ကြာမှ ...

"ကြုံတုန်း မင်းကို မှာရဦးမယ်၊ သခင်မကြီးရှေ့မှာ စကားပြောရင် ဝေဖန်ချက်, အကြံပေးချက်တွေ လုံးဝမပြောနဲ့ ... ကြားလား။ သူက ဒါတွေကို လုံးဝမကြိုက်ဘူး"

"ဟုတ်ကဲ့ ... မှတ်ထားပါ့မယ်"

မေနန်က ရယ်ရင်းပြော၏။

"မင်းဟာ အင်မတန် လိမ္မာပါးနပ်ပြီး မီးစင်ကြည့် ကနိုင်တဲ့လူဆိုတာ ငါသိပါတယ်၊ ဒါပေမဲ့ ပိုကျရင် မမျှော်လင့်တာကလေးနဲ့ ပြဿနာတက်နေမှာစိုးလို့ ခုလို သတိပေးနေတာပါ"

မေနန်သည် ပြုံးရယ်သောအခါ အလွန်သိမ်မွေ့နူးညံ့ပြီး ဖော်ရွေ၏။ သူမ၏ ပြုံးရယ်သော အမူအရာသည် အလွန်ခင်တွယ်



စရာ ကောင်းသည်။ အကြင်နာတရား ပြည့်ဝသော အမေအိုနှင့်တူ၏။ အကယ်၍သာ မေနန်၏ လူသတ်ဖြတ်ပုံကို မတွေ့ရလျှင် သူမအား ရက်စက်ကြမ်းကြုတ်သော အဘွားအိုဟု မည်သူကမျှ ထင်လိမ့်မည် မဟုတ်ပေ။ မေနန်က ရယ်ရင်း ဆက်ပြောသည်။

"စွမ်းစွမ်းဟာ ငါ့မျက်စိအောက်မှာ ကြီးပြင်းလာတဲ့ ကလေးကွဲ့၊ သူက ငါ့ကို အမြဲတမ်းမှာတယ်၊ မင်းကိုတွေ့ရင် စောင့်ရှောက်ပါတဲ့၊ ဟား ... ဟား ... ဟား ... မင်းလို ထိပ်သီးသိုင်းသမားတစ်ယောက်ကို ငါက ဘာစောင့်ရှောက်စရာလိုမှာလဲ"

အခွင့်ကြုံခိုက် ချန်ဖူဝါက မေးလိုက်၏။

"စွမ်းစွမ်းရဲ့ သိုင်းပညာကို ဘွားဘွားက သင်ပေးတာလား ခင်ဗျာ"

မေနန်က ခေါင်းခါ၏။

"ငါက အစေခံတစ်ယောက်ပဲ၊ ငါက သူ့ကို ဘာသင်ပေးနိုင်မှာလဲ"

"စွမ်းစွမ်းက ဘွားဘွားကို သိပ်ခင်မှာပဲနော်"

မေနန်က ခေါင်းညိတ်ပြ၏။

"တစ်လောကလုံးမှာ သူဟာ ငါ့ကို အယုံကြည်ဆုံးပဲ"

"စွမ်းစွမ်းဟာ သနားစရာပါ၊ သူဟာ လောကကြီးအကြောင်း ဘာမှ မသိဘူး"

မေနန်က စိတ်မကောင်းစွာ ပြောသည်။

"ငါက သူသိတတ်အောင် ဘယ်လို ဆုံးမနိုင်မှာလဲ၊ ငါက အစေခံပဲ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



မေနန်းသည် အတန်ကြာမျှ စဉ်းစားနေသည်။ သူမ၏ အဓိပ္ပာယ် ပြောသင့်မပြောသင့် ချိန်ဆနေပုံမျိုး ဖြစ်သည်။ ထိုနောက် မိမိဆိုင်ခြင်းဟန်ဖြင့် ပြော၏။

"တကယ်တော့ မေမေကြီးဟာ စွမ်းစွမ်းကို ဘာမှ မသိစေချင်ဘူးကွယ်၊ သိတာများရင် စိုးရိမ်ပူပန်မှုတွေလည်း များလာတတ်တယ်၊ ပူပန်မှုများလာရင် အခွင့်အရေးတွေလည်း လက်လွှတ်ဆုံးရှုံးတတ်တယ်၊ ကြေးစားလူသတ်သမားတစ်ယောက်မှာ ရှိအပ်တဲ့ အရည်အချင်းက ရသမျှ အခွင့်အရေးကို မလွှတ်စေရဘူး၊ လျှပ်တစ်ပြက် အခွင့်အရေးဟာ သိပ်အရေးကြီးတယ်ကွယ့်"

ချန်ဖူဝါက ...

"ဒါပေမဲ့ အသိတရား နည်းပါးရင်လည်း မကောင်းဘူး မဟုတ်လားခင်ဗျာ"

"ဟုတ်ပါတယ်၊ နို့မို့ရင် သူဟာ ဆဲမာခြံရဲ့ ထောင်ချောက်ထဲ ကျရောက်သွားမှာ မဟုတ်ဘူး"

ချန်ဖူဝါက အခွင့်ရခိုက် ထောင်မေးမေးလိုက်၏။

"စွမ်းစွမ်းက ကြေးစားလူသတ်သမားသက်သက်ပေါ့နော် ဘွားဘွား"

မေနန်က ချန်ဖူဝါကို စိုက်ကြည့်၏။ အမေးအဖြေ ထူးသည်ကို သူမ သတိပြုမိသည့် အဓိပ္ပာယ်မျိုးပင်ဖြစ်သည်။ သို့သော် ဖြေကြားသည်။

"သူမထက် ပိုသင့်လျော်တဲ့လူ မရှိဘူး၊ သူမဟာ မွေးကတည်းက လူသတ်ပါရမီပါတဲ့ မိန်းကလေးပဲ"



"သခင်မကြီးက လူသတ်တာကလွဲလို့ တခြားကိစ္စ မခိုင်းဘူးလား"

"သခင်မကြီးရဲ့ မှန်းဆမှုက တိကျမှန်ကန်တယ်၊ ဘယ်သူ့ကိုမှ မှားယွင်းအောင် မခန့်မှန်းခဲ့သေးဘူး၊ သခင်မကြီးဟာ စွမ်းရည်ရှိသူကို စွမ်းရည်ပိုမြင့်မားလာအောင် ဖန်တီးနိုင်စွမ်းရှိတယ်ကွယ့်"

စကားဆုံးသော် အဘွားအိုမေနန်က ပြုံး၍ ပြော၏။

"ကောင်လေး ... တော်ရုံစပ်စုတာပဲ ကောင်းတယ်ဟေ့၊ ဒါတို့ ငြိမ်ငြိမ်ကလေး ခရီးသွားကြဖို့ ကောင်းပြီ"

ချန်ဖူဝါက ကောင်းရှိုကို ကြည့်ကာ ခေါင်းညိတ်ပြလိုက်၏။ လှေလေးသည် ကျယ်ပြန့်သော ရေကန်ကြီးတစ်ခုထဲသို့ ဝင်လာ၏။

☆

ရေကန်ကြီးသည် အလွန်ကျယ်ပြန့်ပြီး သဲသောင်များ ဟိုတစ်စု ဒီတစ်စု ဖြစ်ထွန်းနေသည်ကို တွေ့ရ၏။ မေနန်သည် လှေကို လှော်ခတ်ရင်း ချန်ဖူဝါမသိသေးသည့်အချက်များ ဖော်ထုတ်ရှင်းပြ၏။

"ဒီသဲသောင်တွေဟာ သဘာဝအလျောက် ဖြစ်ပေါ်နေတာကွယ့်၊ ဒါပေမဲ့ ... သခင်မကြီးက အနည်းငယ် အပြောင်းအလဲပြုလုပ်ထားတယ်၊ ဒီရေလမ်းကြောင်းဟာ ဝင်္ကပါလမ်းကြောင်းတွေပဲ၊ ဝင်္ကပါကို နားမလည်ဘဲ ဝင်သွားရင်တော့ ဒီထဲမှာပဲ ပတ်ချာလည်နေပြီး ထွက်ပေါက်ရှာမရဘဲ ဖြစ်နေလိမ့်မယ်"

ချန်ဖူဝါက အံ့အားသင့်စွာ ထိုသဲသောင်ကြီးများကို ကြည့်နေမိ၏။ မေနန်က ပြောသည်။

"ရေကျချိန်ရောက်ရင် ဒီသောင်တွေရဲ့ အလယ်ဗဟိုမှာ ရေဝဲ

www.burmeseclassic.com



ဘာစိုး ဖြစ်ပေါ်လိမ့်မယ်၊ အဲဒီ ရေဝဲထဲ ဝင်သွားတဲ့ ဘယ်လှေသမ္ဗန်မဆို ခွေထွက်နိုင်တော့ဘူး၊ ပဲ့ကိုင် ဘယ်လောက်ပဲတော်တော် နောက်ဆုံးတော့ ရေဝဲထဲ နစ်သွားရတာပဲ"

ချန်ဖူဝါမှာ အထူးလေ့ကျင့်ပေးခံထားရသော သိုင်းသမားဖြစ်သော်လည်း ဝက်ပါအတတ်ပညာကိုတော့ မတတ်ကျွမ်းရှာပေ။

"တော်တော် ဆန်းတာပဲ"

"မကြာခင် မင်းတွေ့ရမှာပါ"

"ဟုတ်ကဲ့ ... ဘွားဘွားရဲ့စကားကို ကျွန်တော် ယုံကြည်ပါတယ်ခင်ဗျာ"

အဘွားအိုက ရယ်၍ပြောလေ၏။

"ဒါကြောင့် ရန်သူတွေ နောက်ယောင်ခံလိုက်လာတာကို ငါမကြောက်တာပေါ့။ ဒါဖြင့် ဘာဖြစ်လို့ လမ်းမှာ သတ်ပစ်ရတာလဲလို့ မင်းက မေးချင်မေးလိမ့်မယ်၊ ဒါက တမင် ဆုံးမခဲ့တာကွ"

"ဘာပဲဖြစ်ဖြစ် ... ထင်းတိထွေအဖွဲ့သားတွေကတော့ လက်လျှော့မယ် မထင်ဘူးခင်ဗျာ"

"အဆိပ်ငါးမျိုးဂိုဏ်းသားတွေလည်း လက်လျှော့မှာ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ စွမ်းစွမ်းက သူတို့ရဲ့သခင်လေးကို သတ်ခဲ့တယ်ဗဟုတ်လား"

"ကျွန်တော် စိတ်မကောင်းပါဘူး။ ဒီသူငယ်ချင်းအတွက် ဒီကိုပြေးလာခဲ့ရတာပါ။ ကျွန်တော့်ကြောင့် ဘွားဘွားတို့ ပြဿနာရှုပ်ကြရတယ်"

အဘွားအိုက ရယ်၍ပြောလေသည်။



"ဒီလူတွေက မင်းကြောင့် ဒီရောက်လာတယ်လို့ မင်း ထင်နေသလား"

"ဘာပြောပြော ကျွန်တော့်အပြစ် မကင်းပါဘူးခင်ဗျာ"

အဘွားအိုက ...

"စွမ်းစွမ်း ပြန်ရောက်တဲ့နေကတည်းက ငါတို့ကို တစ်စုံတစ်ယောက်က နောက်ယောင်ခံလိုက်ခဲ့တယ်ကွ"

ချန်ဖူဝါက ဖြည့်စွက်ပြောပြသည်။

"ကျွန်တော်က စွမ်းစွမ်းကို လာပို့တဲ့အချိန်ကတည်းက ဆဲမာခြုံက နောက်ယောင်ခံလိုက်ခဲ့ပါတယ်၊ ဒီသတင်းကို သူပဲ အဆိပ်ဂိုဏ်းကို သတင်းပေးခဲ့တာပါပဲဗျာ"

"ဒါကြောင့် မင်းရဲ့ မိတ်ဆွေ ချိုကျဲကြွေဟွန်စန် အဆိပ်သင့်ခဲ့ရတယ်ဆိုပါတော့"

"ဟုတ်ပါတယ်၊ ဒီအကြံအစည်တွေအားလုံးကို လုပ်ဆောင်သူက ဆဲမာခြုံပါ။ သူ့ရဲ့ အကွက်ဆင်ထားတဲ့ ထောင်ချောက်ကို နင်းမိတာက ကျွန်တော်တို့ အားလုံးပဲဖြစ်ပါတယ် ခင်ဗျာ"

ချန်ဖူဝါက အဆိပ်ဘုရင်နှင့် သူ တွေ့ဆုံဆွေးနွေးခဲ့သည့် အကြောင်းများကို ရှင်းပြလိုက်လေသည်။ အဘွားအို မေ့နန်က မှတ်ချက်ချရင်း မေးသည်။

"အင်း ... ဒါဆို တရားခံအစစ်က ဆဲမာခြုံပဲ၊ သူက ဘာ ရည်ရွယ်ချက်နဲ့ ဒီလို အကွက်ဆင်လုပ်ကြံရတာလဲ"

ဤမေးခွန်း၏အဖြေကို ချန်ဖူဝါကိုယ်တိုင် သိချင်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၆ )
## အထားအသိုး အသင့်ဆင့်

လှေကလေးသည် သဲသောင်များကြားရှိ ရေလမ်းကြောင်းပေါ်တွင် ဟိုဝင်သည်ဝင်နှင့် သွားလာနေ၏။ လှေလေးဖြတ်သန်းလာသော လမ်းကြောင်းတစ်လျှောက်ကို ချန်ဖူဝါက အသေအချာ ကြည့်ကာ မှတ်သားထားသည်။ သူက မှတ်သားရမိသော အချက်များကို စိတ်ထဲမှ ပြန်၍ အကွက်ဖော်နေသည်။ ထိုစဉ် အဘွားအိုက —

"မင်းက ဝက်ပါကွက် ဆင်ပုံဆင်နည်းနဲ့ပတ်သက်လို့ ဘယ်လောက် တတ်ကျွမ်းထားသလဲ"

"သိပ်မတတ်သေးပါဘူး ခင်ဗျာ၊ ဒီသဲသောင်တွေရဲ့ အနေအထားကိုကြည့်ရတာ ကျိုကုမ်ပတ်ကွကုကွက်အတိုင်း စီစဉ်ထားတယ်လို့ ကျွန်တော်ထင်ပါတယ်"

အဘွားအိုက ခေါင်းခါ၏။

"မဟုတ်ဘူး ... ကျိုကွမ်ပတ်ကွကုရဲ့ ပြောင်းပြန်ကွက်ကွ"

ချန်ဖူဝါသည် ရှေ့ခရီးကို မျှော်ကြည့်လိုက်၏။ ရှေ့ခပ်လှမ်းလှမ်း သဲသောင်များအလွန်တွင် မည်းနက်သော ကျောက်နံရံကြီးများကို တွေ့နေရ၏။ ရေလမ်းကြောင်းသည် ထိုကျောက်နံရံကြီးများအထိ ရောက်ရှိနေသည်လားဟု တွေးနေသည်။ ထိုစဉ် အဘွားအိုမေနက်က



လေးနက်သော မျက်နှာထားဖြင့် လှမ်းပြောလေ၏။

"သတိထားတော့"

သူမ၏ စကားဆုံးသည်နှင့် တစ်ပြိုင်နက် လှေလေးသည် ရုတ်တရက် ထောင့်မှန်နီးပါး ကွေ့ပတ်သွားကာ ကျောက်ဆောင်ကြီးနှစ်ခုရှေ့သို့ တရိပ်ရိပ်ပြေးဝင်တော့သည်။

ကျောက်ဆောင်ကြီးနှစ်ခုသည် အလွန်မည်းနက်တောက်ပြောင်နေ၏။ အလွန်မတ်စောက်နေသည်ကိုလည်း တွေ့ရသည်။ ကျောက်ဆောင်ကြီးနှစ်ခုအလယ်တွင် ရေစီးကြမ်းသော ရေလမ်းကြောင်းကြီးတစ်ခု ရှိနေသည်။ ကျောက်ဆောင်ကြီး၏ အတွင်းဘက်တွင် ရေစီးသံနှင့် လေတိုက်ခတ်သံကြောင့် ကြောက်မက်ဖွယ်ရာကောင်းအောင် အသံမျိုးစုံ ဆူညံနေသည်။

ဘယ်ဘက်ကျောက်ဆောင်ကြီး၏ မျက်နှာပြင်ပေါ်တွင် ငရဲတံခါးဝဟူသော စာလုံးကြီးကို နက်ရှိုင်းစွာ ထွင်းထုထားသည်။ လှေကလေးသည် ကျောက်ဆောင်ကြီးနှစ်ခုကြားကို ဖြတ်ကျော်လာသောအခါ ရုတ်တရက် အောက်သို့ အရှိန်ပြင်းစွာလျှောကျသွားသည်။

သတိထားနေခဲ့သည့် ချန်ဖူဝါသည်ပင် ... တ်ခနဲ ဖြစ်သွားရသည်။ "ငရဲတံခါးဝ" သို့မဟုတ် ကျေ... ဆောင်နှစ်ခု၏ အတွင်းပိုင်းရှိ ရေစီးကြောင်းသည် အပြင်ဘက်ရှိ ... မျက်နှာပြင်ထက် စာလျှင် ပို၍နိမ့်နေသည်။

ထို့ကြောင့် ထိုနေရာတွင် ရေစီးရှိန်ကလည်း အလွန်မြန်၏။ အတွင်းပိုင်းရှိ ရေမျက်နှာပြင်က နိမ့်နေသောကြောင့် အပြင်ရေစီးကြောင်း အောက်သို့ ထိုးဆင်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ချန်ဖူဝါသည် အတွေ့အကြုံများပြီး သတ္တိရှိသူဖြစ်သော်လည်း ထိုသဘာဝဖြစ်ပေါ်နေသော အန္တရာယ်ထောင်ချောက်ကြီး မြင်လျှင် အလွန်ပင် တုန်လှုပ်သွားသည်။

"ငရဲတံခါး"ကိုကျော်ပြီး အတွင်းပိုင်းထဲသို့ ရောက်လာသော် စူးရှဆူညံသော လေတိုက်သံကို ထိတ်လန့်ချောက်ချားစွာ ကြားရ၏။

ကျောက်ထရံများ ကာရံနေသောကြောင့် တိုးဝင်လာသော လေသည် ထွက်ပေါက်မရှိသဖြင့် ကျောက်ထရံကို တိုးဝှေ့ကာ စူးရှဆူညံသောလေသံ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ထို့ပြင် ပဲ့တင်ထပ်သံများပါ ဖြစ်ပေါ်နေသောကြောင့် အသံများသည် ရောထွေးကာ ဤမျှကြောက်မက်ဖွယ်ရာ ဆူညံနေခြင်း ဖြစ်တော့သည်။

☆

ရေစီးကြောင်းအတိုင်း ကွေ့ပတ်လာပြီးသော် မေနန်က ဝါးလုံးရှည်ဖြင့် တစ်ချက်ထောက်လိုက်၏။ ထိုအခါ လှေလေးသည် ငါးတစ်ကောင်ပမာ ကျဉ်းမြောင်း သော ရေလမ်းတစ်ခုထဲသို့ လျှောခနဲ ဝင်သွား၏။ ထိုရေလမ်း၏ ဘေးနှစ်ဖက်တွင်လည်း မတ်စောက်သော ကျောက်ထရံကြီးဖြင့် ကာရံထားသည်ကို တွေ့ရ၏။ ကြောက်မက်ဖွယ်ကောင်းသော သဘာဝအတားအဆီးများကို ကြည့်ပြီး ချန်ဖူဝါ ထိတ်လန့်နေမိ၏။ ထိုစဉ် မေနန်က ...

"အခုအချိန်ဟာ ရေမျက်နှာပြင် အနိမ့်ကျဆုံးအချိန်မို့ ဟိုရေဝဲကြီး သိပ်အရှိန်မရှိတာ၊ နောက်တစ်နာရီကျော်ရင် ရေမျက်နှာပြင်ဟာ မြင့်တက်လာမယ်၊ ရေဝဲကြီးရဲ့ အရှိန်အဟုန်လည်း ပိုပြင်းထန်လာလိမ့်မယ်၊ ရေမျက်နှာပြင် မြင့်လေ ရေဝဲအရှိန် ကြီးလေပေါ့၊



ဒီအချိန်မျိုးမှာ သံမဏိလှေတောင် မခံနိုင်ဘူး၊ တစ်ခါတည်း ငရဲပြည်ကို တန်းရောက်သွားမှာ သေချာတယ်"

ချန်ဖူဝါသည် ဤဒေသ၏ အခက်အခဲကို ရုတ်ခြည်း သိမြင်လိုက်သည်။

"ဒါဆို အချိန်ကို တိကျမှန်ကန်စွာ တွက်ဆနိုင်မှ ဒီထဲကို ဝင်လာနိုင်မှာပေါ့၊ အနည်းငယ်လွဲမှားတာနဲ့ အသက်အန္တရာယ် ဖြစ်နိုင်တာပေါ့နော်"

မေနန်က မရယ်စဖူး လှိုက်လှဲစွာ ရယ်လေတော့၏။

"ဟို ငရဲပြည် အဝင်ဝကို ကျော်လာပြီဆိုပြီး အန္တရာယ်ကင်းပြီလို့ မထင်လိုက်နဲ့၊ ဒီနေရာလည်း အန္တရာယ်ရှိတယ်ဆိုတာ မှတ်ထား"

မေနန်သည် စကားဆုံးသည်နှင့် ကျောက်ဆောင်ကြီးပေါ်သို့ မော့ကြည့်လိုက်သည်။ ချန်ဖူဝါလည်း ခေါင်းမော့ကြည့်လိုက်မိသည်။ မျက်နှာချင်းဆိုင်ရှိ ကျောက်ဆောင်ကြီးတစ်ခုပေါ်တွင် လူတစ်ယောက်ထိုင်နေသည်ကို တွေ့ရ၏။ ထိုလူသည် အလွန်ထွားကျိုင်းမြင့်မားသော လူထွားကြီးတစ်ယောက်ဖြစ်ပြီး နံဘေးတွင် ကြီးမားသော ကျောက်တုံးကြီးများ စုပုံထားရှိထားသည်ကို တွေ့ရသည်။ ဆံပင်နှင့် မုတ်ဆိတ်တို့သည် အနည်းငယ်ဖြူနေပြီး မျက်နှာပေါ်တွင် ပျင်းရိထုံထိုင်းသော အမူအရာပေါ်လွင်နေပါသည်။ သူ၏ သန်မာတောင့်တင်းသောကိုယ်ခန္ဓာကို ကြည့်ခြင်းအားဖြင့် အလွန်အင်အားရှိသူဖြစ်ကြောင်း သိသာလှပေသည်။ မေနန်က ခပ်တိုးတိုးရှင်းပြ၏။

"ဒီလူရဲ့လက်နှစ်ဖက်ဟာ ဝိသာထောင်ပေါင်းများစွာကို မနိုင်ဂွမ်းရှိကယ်ကွဲ၊ အကယ်၍ သူဟာ ဟိုပေါ်ကနေ ကျောက်တုံးကြီး

www.burmeseclassic.com

www.burmeseclassic.com



တွေ ပစ်ချလိုက်ရင် ဘယ်လိုဖြစ်လာနိုင်မယ် ထင်သလဲ"

ချန်ဖူဝါသည် တုန်လှုပ်ချောက်ချားသွား၏။

"အင်း ... မလွယ်ပါလား၊ အောက်ကလည်း ဘာမှ ခုခံနိုင်မှာ မဟုတ်ဘူး"

"ဒီအဆင့်က တတိယပေါ့၊ သေမင်းကမ်းပါးလို့ ခေါ်တယ်"

"ဝက်ပါသဲသောင်၊ ရေပြည်တံခါးဝ၊ သေမင်းကမ်းပါး"

ချန်ဖူဝါက တစ်ခုချင်း ပြန်လည်ရေရွတ်နေ၏။ ထို့နောက်

"စတုတ္ထအဆင့်များ ရှိနေသေးလား ဘွားဘွား"

ဤသို့ စကားပြောနေစဉ် လှေကလေးသည် ကန့်လန့်ဖြတ်ထားဟန် တူသော ရေကန်လေးတစ်ခုထဲ ဝင်ရောက်လာ၏။ ရေကန်၏ ဘေး သုံးမျက်နှာသည် မတ်စောက်မြင့်မားသော ကျောက်ထရံပိုင်းရံထားပြီး ကျန်တစ်မျက်နှာမှာတော့ မြင့်မားသော ရေကြောင့် ရေတံခွန်နံဘေး တွင် ရေမှုန်များ ဖြစ်ပေါ်လာပြီး အဝေးမှကြည့်လျှင် မြူခိုးသဖွယ် မှုန်ဝါးနေကြောင်းတွေ့ရ၏။ ရေတံခွန်မှရေသည် ချောင်းရေနှင့် ရော နှောစီးဆင်းဟန် တူပေသည်။

ချန်ဖူဝါသည် ဘေးပတ်လည်ကို လှည့်ပတ်ကြည့်လိုက်ပြီး နောက် ရေတံခွန်အပေါ်ရှိ တစ်နေရာကို စိုက်ကြည့်မိ၏။ ရေတံခွန် ပေါ်တွင် ကြီးမားသောကျောက်တုံးများက ရေကာတာတစ်ခုပမာ ရေများကို တားဆီးလျက်ရှိသည်ကို တွေ့ရ၏။ ထိုကျောက်တုံးများ သည် အရွယ်အမျိုးမျိုးရှိပြီး တစ်တုံးပေါ်တစ်တုံး ထပ်ဆင့်ထားကာ ရေစီးကြောင်းကို တားဆီးထား၏။ ထိုရေတံခွန်မှ စီးကျလာသော ရေသည် ကျောက်တုံးများကြားမှ ယိုစီးကျလာခြင်းပင်ဖြစ်၏။



မေနန်က ...

"စတုတ္ထအဆင့်ကတော့ ဒီရေတံခွန်ပဲကွယ့်"

"ရေတံခွန်ထိပ်မှာရှိတဲ့ ကျောက်တုံးကြီးတွေက အန္တရာယ် ပေးမှာမဟုတ်လား"

"ဟုတ်တယ်၊ ဒီရေကို တားဆီးထားတဲ့ ကျောက်တုံးတွေကို ပြိုကျလာအောင် လုပ်ချင်ရင် ခလုတ်တစ်ခုနှိပ်လိုက်ရုံနဲ့ အလုပ်ဖြစ် သွားမယ်၊ ကျောက်တုံးတွေ ပြိုကျသွားရင် ဒီရေတံခွန်က စီးကျတဲ့ရေ ဟာ ပင်လယ်ကြီးတစ်ခု မှောက်ချလိုက်သလို ဖြစ်သွားလိမ့်မယ်"

ချန်ဖူဝါက ခေါင်းညိတ်လိုက်၏။

"ဒီစတုတ္ထအဆင့်က ပြီးခဲ့တဲ့ အဆင့်သုံးဆင့်ထက် ပိုပြီး ကြောက်စရာကောင်းတယ်၊ ဒီအဆင့် ဖန်တီးသူက ဟိုကျောက်တုံး ပေါ် ထိုင်နေတဲ့ ဆရာကြီးပဲဖြစ်ရမယ်"

"ဟုတ်တယ်"

"သူ့ကိုကြည့်ရတာ ပျင်းရိနေသလိုပဲ"

"ဒီမှာ သူစောင့်ခဲ့တာ ဆယ်နှစ်ကျော်ပြီကွယ့်"

"ဆယ်နှစ်"

ချန်ဖူဝါက အံ့သြစွာ ရေရွတ်လိုက်၏။ ထို့နောက် ...

"ဒီသခင်မကြီးဆီမှာ ရန်သူကြီးတွေ ရှိနေလို့လား"

"မဟုတ်ပါဘူး၊ သူက သူ့ရဲ့ မိုက်ပြစ်ကို ဒဏ်ခတ်တဲ့အနေနဲ့ ဒီလိုစောင့်နေတာပါ၊ နောက်တစ်ခုက သူဟာ ဒီမှာ လူတစ်ယောက် ကို စောင့်နေတာပါ၊ သူစောင့်နေတဲ့လူ ဘယ်သူလဲဆိုတာတော့ သူ တစ်ယောက်တည်းပဲသိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘွားဘွားအနေနဲ့ ဒီထက်ပြည့်စုံအောင် မပြောနိုင်ဘူးလားခင်ဗျာ"

မေနန်က သက်ပြင်းချပြီး ....

"မင်း သိသင့်တဲ့ဟာတွေ ငါ အကုန်ပြောပြီးပြီပဲကွယ်"

ထိုအခါ လှေကလေးသည် ရေတံခွန်အောက်သို့ ဖြတ်ကျော်ကာ အလွန်ကြီးမားသော လိုဏ်ဂူတစ်ခုထဲ ရောက်လာသည်။

လှေကလေးသည် လိုဏ်ဂူထဲရှိ လှေကားထစ်တစ်ခုနား ဆိုက်ကပ်လိုက်၏။ ထိုလှေကားထစ်သည် အထစ်ပေါင်း ခုနစ်ဆယ့်နှစ်ထစ်ရှိ၏။ လှေကားထစ်အဆုံးတွင် အပေါက်ဝတစ်ခုရှိပြီး ထိုအပေါက်ဝမှ အလင်းရောင်ထိုးဖောက်ဝင်လာသည်ကို တွေ့ရ၏။

မေနန်သည် လှေကားထစ်နားတွင် လှေကလေးကို ချည်လိုက်ပြီး လှေကားထစ်ပေါ် တက်လိုက်၏။ ချန်ဖူဝါသည် ကောင်းရှိကိုထမ်းကာ သူမနောက်မှ လိုက်ပါ လာ၏။

လှေကားထစ် နှစ်ဆယ့်လေးထစ်မြောက်အရောက်တွင် အလွန်ကျဉ်းမြောင်းလာ၏။ ထိုနေရာတွင် လှေကားထစ်ကို ကျောက်ထရံနှင့်ကပ်၍ တည်ဆောက်ထားသဖြင့် ကျဉ်းမြောင်းလှပြီး လူနှစ်ကိုယ်စာသာ ကျယ်၏။ မေနန်က လှမ်းတက်ရင်း ...

"ဒီဟာက ပဥ္စမမြောက်အဆင့်ပဲ၊ မိုးမျှော်လှေကားလို့ ခေါ်တယ်" ... ဟု ပြောပြ၏။

"အင်း ... ဒီလှေကားထစ်ကို ပိတ်ဆို့ရတာ လွယ်မှာပဲ၊ သိပ်ကျဉ်းတာကိုး"

"ဒီလှေကားတစ်ခုလုံးကို ခလုတ်တစ်ခုနဲ့ ထိန်းထားတယ်



ခလုတ်နှိပ်လိုက်ရင် လှေကားထစ်တစ်ခုလုံး ချက်ချင်းပျက်စီးသွားမှာ"

ချန်ဖူဝါသည် အလွန်ချီးကျူးမိပါသည်။ ဤကဲ့သို့သော ခလုတ်နှင့် ယန္တရားအဆင့်ဆင့်ကို ပြုပြင်ဖန်တီးနိုင်သူကို သူက အလွန် ချီးကျူးမိသည်။ မေနန်က ...

"အားလုံး စုစုပေါင်း ထောင်ချောက်ငါးဆင့်ရှိတယ်ဆိုပေမယ့် တကယ်တော့ ခြောက်ဆင့်ရှိတယ်လို့ ဆိုရမယ်"

ချန်ဖူဝါက ရယ်၍ပြော၏။

"ဘွားဘွားရဲ့လှေဟာ ပထမအဆင့်လို့ ခေါ်ရမယ်ထင်တယ်"

မေနန်ကလည်း ရယ်သည်။

"ငါ့လှေပေါ်တက်နိုင်ဖို့က လွယ်မယောင်နဲ့ ခက်တယ်ကွ၊ နောက် ဒီလျှို့ဝှက်ချက်ကို သိသူလည်း သိပ်မရှိဘူး မဟုတ်လား"

ချန်ဖူဝါက သူနားမလည်သည့် အချက်တစ်ချက်ကို မေးလိုက်၏။

"ဘွားဘွားဟာ ဘာကြောင့် ဒီချောင်းထဲမှာ နေ့တိုင်းလှေလှော်ရတယ်ဆိုတာ ကျွန်တော်ဖြင့် နားမလည်ဘူးခင်ဗျာ၊ ဒီက သခင်မကြီးကို နေ့တိုင်း လူအကြိုအပို့ လုပ်နေရလို့လား"

"အဓိက အကြိုအပို့လုပ်တာက စွမ်းစွမ်းနဲ့ လောင်ကျိုဆိုတဲ့ အဘိုးအိုနှစ်ယောက်ပါ၊ တကယ်တော့ ဒါဟာ ငါ့ကို အထိန်းခံထားတာလို့လည်း ပြောနိုင်တယ်၊ ဒါပေမဲ့ ငါ့မှာ မျှော်လင့်ချက်တစ်ခုရှိပါတယ်၊ အင်း ... အခု ဒီမျှော်လင့်ချက်က မဖြစ်နိုင်တော့ဘူးပဲဟုပါလေ့"

"ဘွားဘွားက ဘယ်လိုအခက်အခဲတွေ ရှိသလဲ၊ ကျွန်တော့်ကိုပြောပါ၊ ကျွန်တော် တတ်နိုင်သမျှ ကူညီပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"နေပါစေတော့၊ ငါလည်း အသက်ကြီးပြီ၊ လူ့လောကမှာ ဘယ်လောက်ကြာကြာ နေနိုင်ဦးမှာလဲ"

ချန်ဖူဝါက နှစ်သိမ့်စကား ပြောမည်အပြုတွင် မေနန်က...

"ဒီ ထောင်ချောက်အဆင့်ဆင့်ရဲ့ နောက်ဆုံးအဆင့်က ဘာလဲဆိုတာ မင်းသိသလား"

"ဘာများလဲ ဘွားဘွားရယ်၊ ကျွန်တော် သိထားချင်ပါတယ်"

"အဲဒါကတော့ ငါတို့ရဲ့ သခင်မကြီးပဲကွယ့်"

စကားပြောရင်းနှင့် အပေါက်ဝကို ရောက်လာ၏။

အပေါက်ဝကို ကျော်လာလျှင် ကျောက်တုံးများဖြင့် ပြုလုပ်ထားသော အခန်းတစ်ခန်းရှိ၏။ အခန်း၏ နံရံလေးဖက်လုံးတွင် ကြောက်မက်ဖွယ်ရာ ရုပ်ပုံများ ထွင်းထား၏။

ထိုအခန်းထဲတွင် အဘိုးအို လေးယောက်ရှိ၏။ ထိုလေးယောက်စလုံး ရုပ်ရည်အလွန်တူကြသော်လည်း မျက်လုံးများက အကြောသေနေကြသည်။ ချန်ဖူဝါ အသေအချာသိလိုက်ရပေသည်။ ထိုလေးယောက်စလုံး မျက်မမြင်များပေတည်း။

☆

ချန်ဖူဝါက ထိုမျက်မမြင်လေးယောက်ကို လုံးဝအထင်မသေးရဲပါ။ အဘယ့်ကြောင့်ဆိုသော် အဆင့်မြင့် သိုင်းပညာတတ်ကျွမ်းသော မျက်ကန်းတစ်ယောက်သည် အဆင့်ချင်းတူ မျက်မြင်သိုင်းသမားထက် ပိုပြီး ကြောက်စရာကောင်းကြောင်း သူနားလည်သဘောပေါက်သောကြောင့်တည်း။

ထိုကျောက်တုံးဖြင့်ပြုလုပ်ထားသောအခန်းထဲတွင် အတက်



လှေကားတစ်ခုရှိနေပြီး ထိုလှေကားထစ်အဆုံးတွင် အခန်း၏ တစ်ခုတည်းသော ထွက်ပေါက်တစ်ပေါက်ဖြစ်သည်။ အဘွားအိုဦးဆောင်၍ လှေကားထစ်ပေါ်သို့ လှမ်းတက်လိုက်၏။ မျက်မမြင်လေးယောက်သည် ဘာမှမသိသလို မတုန်မလှုပ်ဖြင့် ငြိမ်သက်စွာထိုင်နေကြသည်။

သို့သော် သူတို့က တကယ်မသိသည်မဟုတ်ပေ။ မျက်မမြင်လေးယောက်သည် အလွန်နားပါးသော အဆင့်မြင့်သိုင်းသမားလေးဦးပင်ဖြစ်သည်။ ထို့ကြောင့် တော်ရုံတန်ရုံ ကိုယ်ဖော့ပညာမျိုးဖြင့် သူတို့ကို မကျော်နိုင်ပါ။

ထိုအခန်း၏ အပေါက်ဝကိုရောက်လျှင် ချန်ဖူဝါသည် ကောင်းကင်နှင့် သစ်ပင်များကို မြင်ရတော့သည်။ ဤနေရာရှိ သစ်ပင်၊ မြက်ပင်များသည် မြစိမ်းရောင်စိမ်းလျက် ဝေဆာနေသည်ကို တွေ့ရ၏။ စိမ်းစိုဝေဆာနေသော သစ်တော၏ အလယ်ဗဟိုတွင် ကျောက်စရစ်ခင်းထားသော လမ်းတစ်ခုရှိပြီး လမ်း၏အဆုံးတွင် နန်းတော်တစ်ဆောင် ရှိသည်။ ချန်ဖူဝါသည် အလွန်အံ့သြသွားသည်။

သူတို့ အဆင့်ဆင့် ဝင်ရောက်ခဲ့သည့် ကျောက်ဆောင်ကြီး၏ အတွင်းပိုင်းရှိ လိုဏ်ခေါင်းကြီးများသာဖြစ်ကြောင်း သိရှိလိုက်ရသောကြောင့် ဖြစ်ပေသည်။

ယခု အပေါက်ဝမှ ထွက်လိုက်သောအခါ သစ်ပင်အချို့နှင့် ကောင်းကင်ကို တွေ့လိုက်ရသဖြင့် ကျောက်ဆောင်ကြီး၏ အပေါ်ဘက်မျက်နှာပြင်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရှိလိုက်ရပေသည်။

နန်းတော်သည် ကြီးမားသော လေးထောင့်ကျောက်ဖျာကြီးများနှင့်တည်ဆောက်ထားသည်မှာ မှန်သော်လည်း သိပ်မမြင့်လှချေ။

www.burmeseclassic.com

www.burmeseclassic.com



နန်းတော်ရှေ့သို့ ရောက်လာသော ချန်ဖူဝါသည် စိတ်ထဲမှ နေ၍ အလိုလို ရင်လေးလံသလို ဖြစ်လာ၏။ နန်းတော်ရှေ့ရောက်မှ မိန်းကလေးနှစ်ယောက်ကို တွေ့ရ၏။ ထိုမိန်းကလေးနှစ်ယောက်သည် ထန့်မင်းဆက်ခေတ်က ရဲရွေတော်များ ဝတ်စားဆင်ယင်သော ဝတ်စုံတို့ကို ဝတ်ဆင်ထားလေသည်။

ထိုမိန်းကလေးနှစ်ယောက်၏ ဝတ်စားဆင်ယင်မှုကို တွေ့ရသော် ချန်ဖူဝါ အလွန်အံ့ဩနေ၏။ သူတို့၏ အဝတ်အစားများသည် ရှေးဟောင်းအဝတ်အစားများဖြစ်သည်။ မိန်းကလေးနှစ်ဦးသည် ချန်ဖူဝါကို ပြန်လည်အကဲခတ်နေကြ၏။ မေနန်ပါ၍သာ သူ့အား ရန်မလုပ်ခြင်းဖြစ်ကြောင်း ချန်ဖူဝါ သိလေသည်။ ထိုစဉ် မေနန်က ...

"ဒီက ချန်ဖူဝါက ငါတို့ရဲ့ ဧည့်သည်တော်ပဲ၊ မင်းတို့ သေသေချာချာ ပြုစုကြပါ"

"ဟုတ်ကဲ့ ... စိတ်ချပါ"

မေနန်ကို ရိုသေစွာဖြေနေသော ထိုမိန်းကလေးနှစ်ဦးသည် မေနန်ထက် အဆင့်ငယ်သူများဖြစ်ကြောင်း ချန်ဖူဝါ သိလိုက်ရလေပြီ။

☆

မေနန်က ထိုမိန်းကလေးနှစ်ယောက်နှင့် မိတ်ဆက်ပေး၏။

"သူကချွမ်းထွား သူကချူးရဲ့၊ မင်းလိုတာရှိရင် သူတို့ကိုခိုင်း"

ချန်ဖူဝါက ခေါင်းညိတ်ပြ၏။ သူထမ်းလာသည့် ကောင်းရှိကိုကြည့်ပြီး ... "ကျွန်တော့်သူငယ်ချင်းကိုရော ဘယ်လို ..."

"ငါ့လက်ထဲကို အပ်လိုက်"

ပြောပြောဆိုဆိုဖြင့် မေနန်သည် ကောင်းရှိကို ပခုံးပြောင်း



ယူလိုက်လေသည်။ ခန္ဓာကိုယ် ကြီးမားလှသော ကောင်းရှိကို မေနန်က ပေါ့ပေါ့ပါးပါးပင် ထမ်းယူနိုင်ပေသည်။

"သခင်မကြီးက မင်းကို တွေ့မတွေ့ ငါမေးကြည့်ပေးမယ်"

ချန်ဖူဝါက ခေါင်းညိတ်ရသည်။

"ဟုတ်ကဲ့ ... ကျွန်တော် စောင့်မျှော်နေပါ့မယ်"

မေနန်က မိန်းကလေးနှစ်ယောက်အား ထပ်၍ ...

"ချန်ဖူဝါ ရောက်နေပြီဆိုတာကို စွမ်းစွမ်းဆီ သွားပြောလိုက်စမ်း၊ သူဟာ စွမ်းစွမ်းရဲ့ သူငယ်ချင်းပဲ"

မိန်းကလေးနှစ်ယောက်သည် ချန်ဖူဝါအတွက် ပြင်ဆင်သင့်သမျှကို ပြင်ဆင်ပေးပြီး ပြေးထွက်သွားကြသည်။ မေနန်သည် ထိုမိန်းကလေးနှစ်ယောက်၏ ကျောပြင်ကို ငေးကြည့်ပြီး ...

"သူတို့ဟာ အပြင်လောကနဲ့ အဆက်ပြတ်နေတယ်ဆိုတော့ ဗဟုသုတအတွေ့အကြုံ လုံးဝမရှိဘူး၊ ခွင့်လွှတ်စရာရှိရင် ခွင့်လွှတ်ပါ"

"ကျွန်တော် သဘောပေါက်ပါတယ်ခင်ဗျာ"

"ဒီထဲမှာ မင်း အရမ်းလျှောက်မသွားနဲ့နော်၊ တံခါးပိတ်ထားတဲ့နေရာတွေကို ဘယ်တော့မှ ဖွင့်မကြည့်နဲ့"

မေနန်က ကောင်းရှိကိုထမ်းကာ နန်းတော်ထဲသို့ ဝင်ရောက်သွားသည်။ မကြာမီ စောစောက ပြေးထွက်သွားသည့် မိန်းကလေးနှစ်ဦး ပြန်ရောက်လာပြီး ချန်ဖူဝါကို လာခေါ်သည်။

ချန်ဖူဝါသည် ထိုမိန်းကလေးများ သွားရာနောက်သို့ တကောက်ကောက် လိုက်ရလေတော့သည်။

☆

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၇ )
## စွမ်းစွမ်း အလှကျက်သရေ

ချန်ဖူဝါနှင့် မိန်းကလေးနှစ်ယောက်တို့သည် နန်းတော်၏ အနောက်ဘက်ခြမ်းသို့ ရောက်ရှိလာ၏။ နန်းတော်နောက်တွင် ရေအိုင်တစ်အိုင်ရှိပြီး ရေများက မှန်တစ်ချပ်ပမာ ကြည်လင်နေ၏။

နန်းတော်အနောက်ဘက် ရေကန်၏ ကမ်းနံဘေးရှိ ကျောက်တုံးတစ်တုံးပေါ်တွင် တစ်ကိုယ်လုံး အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက် ထိုင်နေသည်။ မိန်းကလေးသည် ရေပြင်ကြီးကို ငေးကာ တစ်စုံတစ်ရာကို စဉ်းစားခန်းဝင်နေ၏။ ချန်ဖူဝါတို့သုံးယောက် သူမနောက်သို့ ရောက်လာသည်နှင့် မိန်းကလေး သတိဝင်လာကာ ဆတ်ခနဲ လှည့်ကြည့်လေ၏။

ထိုမိန်းကလေးမျက်နှာသည် အလွန်လှပချောမောသော်လည်း သူမ၏ မျက်လုံးအစုံကမူ ကြောက်မက်ဖွယ် ကောင်းလှသည်။ အရောင်တလက်လက် တောက်ပလွန်းလှပြီး စူးရှလွန်းလှသည်။

မိန်းကလေး၏အမူအရာသည် အံ့ဩဝမ်းသာသော အမူအရာအဖြစ် ရုတ်ခြည်း ပြောင်းလဲသွား၏။ သူမ မည်သူဖြစ်သည်ကို ချန်ဖူဝါ ချက်ချင်း သိလိုက်ပေသည်။ ချန်ဖူဝါက လွှတ်ခနဲ ...

"စွမ်းစွမ်း"



မိန်းကလေးသည် မတ်တပ်ရပ်လိုက်သည်။ မိန်းကလေး ဝမ်းသာအားရနှင့် ... "အစ်ကိုကြီး ချန်ဖူဝါ" ဟု အော်ဟစ်ကာ လေထဲသို့ ခုန်ပျံထွက်လာပြီး ချန်ဖူဝါ၏ပခုံးနှစ်ဖက်ကို ဝမ်းသာအားရ ဆုပ်ကိုင်ထားလိုက်တော့သည်။

အလွန်တရာ ပျော်မြူးကြည်နူးနေသော စွမ်းစွမ်းကိုကြည့်ကာ မိန်းကလေးနှစ်ယောက်သည် မျက်လုံးပြူးမျက်ဆန်ပြူးကာ အံ့အားသင့်နေ၏။ သူတို့သည် စွမ်းစွမ်း၏ ဝမ်းသာကြည်နူးမှုကို တစ်ကြိမ်တစ်ခါမှ မမြင်ဖူးခဲ့ချေ။ ယခုအကြိမ်သည် ပထမဆုံးအကြိမ်ပင်ဖြစ်ပေသည်။ ချန်ဖူဝါက ပြုံး၍ မေးလိုက်သည်။

"စွမ်းစွမ်း ကောင်းသွားပြီလား"

စွမ်းစွမ်းသည် လက်နှစ်ဖက်ကို ပြန်ရုပ်ပြီး မိမိပါးနှစ်ဖက်ကို ကပ်ကာ ...

"အစ်ကိုကြီးကြည့်လေ၊ ပကတိအတိုင်းပဲ မဟုတ်လား"

ချန်ဖူဝါက အလွန်တရာလှပသော သူမ၏ မျက်နှာလေးကို စိုက်ကြည့်လိုက်ရာ သူမ ရှက်စနိုးဖြစ်သွား၏။ ချန်ဖူဝါက ရယ်၍ ...

"ညီမလေး ငါ နင့်မျက်နှာကို ပထမဦးဆုံး တွေ့တာပဲလေ"

စွမ်းစွမ်းသည် ထိုအခါကျမှ သူ့မျက်နှာဖွင့်ပြမည်ဟု ပြောခဲ့သောအဖြစ်ကို ပြန်လည် သတိရလာလေ၏။ ထို့ကြောင့် မျက်နှာကို လက်ကလေးနှစ်ဖက်ဖြင့် လျှင်မြန်စွာ အုပ်လိုက်လေသည်။

သူမ၏အမူအရာက အလွန်ကြည့်ကောင်းလှသဖြင့် ချန်ဖူဝါက ငေးမောကြည့်မိသည်။ သူ၏စိတ်ထဲတွင်တော့ ကိုတွေး၍ ...

"ဒီမိန်းကလေးဟာ ရက်စက်တဲ့ ကြေးစားလူသတ်သမားကို

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူယုံနိုင်မှာလဲ၊ သူ့မှာ ဒီလိုလှပတဲ့မျက်နှာနဲ့ မခို့တရို့ အမူအရာတွေကို မျက်မြင်မတွေ့ရရင် သူ သံချပ်ဝတ်စုံလူသတ်သမားဖြစ်တယ်လို့ ငါတောင် ထင်မှာမဟုတ်ဘူး"

အတန်ကြာမှ စွမ်းစွမ်း အရှက်ပြေသွားသည်။

"အစ်ကိုကြီးချန်က ကျွန်မကို ဘယ်လိုမှတ်မိတာလဲ"

ချန်ဖူဝါက ရယ်သည်။

"နင့်မျက်လုံးရယ်, နင့်နှုတ်ခမ်းလေးရယ်က တစ်ခါတွေ့ပြီးရင် ဘယ်သူမှ မေ့မရနိုင်တာပဲဟာ"

စွမ်းစွမ်းက ရှက်စနိုးပြောသည်။

"အစ်ကိုကြီးချန်က သိပ်အပြောကောင်းတာပဲ၊ အဲဒီတုန်းက ကျွန်မ အဆိပ်မိထားတာပဲ၊ ဘယ်လိုလုပ် လှနေနိုင်မှာလဲ"

"ငါက မဟုတ်တာ ဘယ်ပြောပါ့မလဲ၊ နင့်ကို တွေ့တွေ့ချင်း ငါက ဘယ်လိုမှတ်မိနိုင်မှာလဲ"

"အို ... ချွမ်ထွားနဲ့ ချူးရဲ့တို့က အစ်ကိုကြီးကို ပြောထားတာဖြစ်နိုင်တာပေါ့"

**ချွမ်ထွားက လျင်မြန်စွာ လက်ခါရင်း ...**

"မဟုတ်ပါဘူး သခင်မလေးရှင့် ... မပြောပါဘူး၊ ကျွန်မတို့ လုံးဝမပြောပါဘူးရှင့်"

ချူးရဲ့ကလည်း ဝင်၍ပြောသည်။

"ကျွန်မတို့က သခင်မလေး ဒီမှာရှိနေမှန်းလည်း မသိပါဘူးရှင့်၊ နောက်ဘက်အဆောင်ကို သွားဖို့ ခေါ်လာတာပါ"

**"နင်တို့ တစာယ်မသိတာလား"**



စွမ်းစွမ်းက မယုံသလို ဆက်မေးနေသည်။

"တကယ်ပါ။ ညီမလေးကို သူတို့ မလိမ်ရဲပါဘူး"

ချန်ဖူဝါက ဝင်၍ထောက်ခံလေသည်။

"ဒီလောက်ပဲ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ရသလား၊ အဝတ်အစားတောင် လဲချိန်မရလိုက်ဘူး"

"လဲဖို့လိုသေးလို့လား ညီမလေးရဲ့၊ ဒီအဝတ်အစားနဲ့ ကြည့်ကောင်းနေတာပဲဥစ္စာ"

စွမ်းစွမ်းမှာ ရှက်ကိုးရှက်ကန်းဖြစ်သွားရလေသည်။

ချန်ဖူဝါက သူ့ခန္ဓာကိုယ်ပေါ်မှ ရွှံ့စက်များကိုပြရင်း ...

"ငါ့လည်းကြည့်ပါဦး၊ ရွှံ့ရောချွေးရော ပေကျံနေတာပဲ၊ ဟုတ်လား၊ ညီမလေးက ငါ့ထက် အများကြီး သန့်ပါသေးတယ်"

စွမ်းစွမ်းက သေသေချာချာကြည့်ပြီးမှ တခစ်ခစ်ရယ်လေသည်။ ထို့နောက် ခါးကြားရှိ လက်ကိုင်ပဝါလေးတစ်ထည်ကို ထုတ်လိုက်၏။ ချန်ဖူဝါ၏ ပေကျံနေသော ရွှံ့များကို သုတ်ပေးသည်။ စွမ်းစွမ်းက မိန်းကလေးနှစ်ယောက်အား အမိန့်ပေးလိုက်သည်။

"အစ်ကိုကြီး ရေချိုးအဝတ်စားလဲဖို့ မြန်မြန်သွားလုပ်ထား"

မိန်းကလေးနှစ်ယောက် ပျာပျာသလဲပြေးထွက်သွားသည်။

☆

ချန်ဖူဝါက ထိုမိန်းကလေးများကိုကြည့်ပြီး ...

"သူတို့နှစ်ယောက်က ညီမလေးကို သိပ်ကြောက်တာပဲနော်"

"အစ်ကိုကြီးက ကျွန်မအကြောင်းကို လာစုံစမ်းတာလား"

ဝိုင်းစက်သော မျက်လုံးရွဲကြီးများဖြင့် ချန်ဖူဝါကို မျက်

www.burmeseclassic.com

www.burmeseclassic.com



တောင်မခတ် သေသေချာချာ စိုက်ကြည့်နေသည်။ စွမ်းစွမ်း၏အကြည့်ကြောင့် ချန်ဖူဝါမှာ မျက်နှာတစ်ခုလုံး ပူရှိန်းလာသည်။ စွမ်းစွမ်းအကြည့်ပြောင်းသွားစေရန် ချန်ဖူဝါ စကားစလိုက်သည်။

"ဒီနေရာက တော်တော်သာယာလှပတယ်နော်"

စွမ်းစွမ်း ခေါင်းညိတ်လိုက်သည်။

"အရင်ကဆိုရင် အပြင်မှာ တာဝန်ထမ်းဆောင်ပြီးရင် ဒီနေရာကလေးကို မြန်မြန်ပြန်ရောက်ချင်တာပဲ၊ ဒါပေမဲ့ ... အခု နောက်ဆုံးအခေါက်မှာတော့ ..."

သူမ၏စကားအဓိပ္ပါယ်ကို ချန်ဖူဝါ ကောင်းကောင်းသိသည်။ သူမ၏ အတွေးပြောင်းလဲသွားစေရန် ချန်ဖူဝါက စကားလမ်းကြောင်းပြောင်းပေးလိုက်ရပြန်သည်။

"ဒီလိုနေရာမျိုး ဒီမှာရှိလိမ့်မယ်လို့ ငါ လုံးဝမထင်ခဲ့ဘူး"

သူမက ခေါင်းညိတ်သည်။

"ဟုတ်တယ်၊ ဒီနေရာထဲဝင်ဖို့ အတော်ခက်ခဲသလို ဒီနေရာကိုတွေ့ဖို့လည်း မလွယ်ဘူး"

ချန်ဖူဝါသည် အန္တရာယ်ခရီးကို ပြန်လည်သတိရလာ၏။

"ဝက်ပါအကွက်ဆင်နည်းကို တတ်ကျွမ်းသူ နည်းပါးပါတယ်၊ သဲသောင်ကို ကျော်နိုင်တယ်ထားဦး၊ ငရဲတံခါးက ရေဝဲကြီးနဲ့ သေမင်းကမ်းပါးကို ကျော်ဖို့တော့ သိပ်မလွယ်ကူဘူး"

"အစ်ကိုကြီးချန် စောစောက လန့်သွားသေးလားဟင်"

"လန့်တာတော့ မပြောနဲ့၊ ခြေဖျားလက်ဖျားတွေတောင် အေးလာသေးပဲ"



"အောင်မယ် ... အစ်ကိုကြီးက ကျွန်မကို လာလိမ်နေပြန်ပါပြီ၊ ဟင်း ... ဟင်း ... ယုံစရာပဲ"

ချန်ဖူဝါက တည်ကြည်လေးနက်စွာ ပြောလိုက်သည်။

"ငါ ရောက်ဖူးတဲ့ နေရာထဲမှာ ဒီနေရာလောက် အန္တရာယ်များတဲ့နေရာ၊ ကြောက်စရာကောင်းတဲ့နေရာမျိုး မရှိခဲ့ပါဘူး"

"ကျွန်မတို့ဟာ ကြေးစားလူသတ်သမားအဖွဲ့အစည်း မဟုတ်လား။ ကျွန်မတို့မှာ ရန်သိပ်များတော့ ဒီနေရာမျိုးမှာ တံမင်စတည်းချနေရတာပါ"

ချန်ဖူဝါက စဉ်းစဉ်းစားစားပြောသည်။

"ညီမလေးတို့ရဲ့ လူသတ်သမားအဖွဲ့အစည်းကို လိုတော့ မလိုလားအပ်ဘူး၊ ဒါပေမဲ့ ဆဲမာချုံလောက်တော့ အန္တရာယ်မကြီးဘူး၊ ဆဲမာချုံသာ အောင်မြင်သွားရင် တစ်တိုင်းပြည်လုံး ဒုက္ခရောက်သွားလိမ့်မယ်"

"ဒါကြောင့် အစ်ကိုကြီးက ကျွန်မတို့နဲ့ ပူးပေါင်းပြီး ဆဲမာချုံကို ဖြိုဖျက်မယ်ပေါ့"

"ဒီလိုလူစားမျိုးကို အသေသတ်မှ၊ နို့မို့ဆိုရင် သူ့ကြောင့် တိုင်းပြည်ကြီး ပျက်စီးသွားမှာကွယ့်"

စွမ်းစွမ်းက သက်ပြင်းချပြီး ...

"အစ်ကိုကြီးကြောင့် သူ့ရဲ့အကြံအစည်ကိုသိခဲ့ရတယ်၊ နို့မို့ဆိုရင် ကျွန်မဟာ သေသာသွားရော ... ကိုယ့်ကိုယ်ကိုယ် ဘာကြောင့်သေမှန်း သိမှာမဟုတ်ဘူး"

"ဟုတ်တယ် ... ငါတို့ ထွက်ခွာပြီးနောက် သူ့ အဆိပ်ဘုရင်နဲ့

www.burmeseclassic.com

www.burmeseclassic.com



အလဲအလှယ်လုပ်ပြီး အဆိပ်ဖြေဆေး တောင်းခဲ့တယ်၊ ငါတို့ကို ခုတုံးလုပ်တယ်ဆိုပါတော့”

ချန်ဖူဝါက ပြောပြ၏။ စွမ်းစွမ်းက နားမလည်သေးသဖြင့်...

“သူက ဘာကြောင့် အဆိပ်ဖြေဆေးလိုချင်ရတာလဲ၊ သူ့လူတစ်ယောက်ယောက် ချိုကျဲကြွေဟွန်စန်အဆိပ် သင့်ခဲ့လို့လား”

“ထင်းတိထွေနဲ့ အဆိပ်ဂိုဏ်းတို့ဟာ ရန်စမရှိကြပါဘူး။ နောက် ချိုကျဲကြွေဟွန်စန်အဆိပ်ကို သုံးပိုင်ခွင့်ရှိသူက အဆိပ်ဘုရင်နဲ့ တန်ခြုံတို့လင်မယား သုံးယောက်ပဲရှိပါတယ်၊ ဆဲမာချို့ အဆိပ်ဖြေဆေး လိုချင်တဲ့ရည်ရွယ်ချက်ဟာ ဘုရင်မင်းမြတ်ကို လုပ်ကြံ သတ်ဖြတ်ဖို့လို့ ငါယူဆထားတယ်ကွယ်”

“သူက အဆိပ်နဲ့ ဘုရင်မင်းမြတ်ကို လုပ်ကြံမလို့လား”

ချန်ဖူဝါက သေသေချာချာ ရှင်းပြရတော့သည်။

“ဒီလိုပါ ... ဘုရင်ကေရာစ်ကြီးကို သိုင်းလောကထဲက ထိပ်သီးသိုင်းဆရာကြီးနှစ်ယောက်က တာဝန်ယူ စောင့်ရှောက်နေပါတယ်၊ တစ်ယောက်က ထန်းမျိုးရိုးဝင် သိုင်းဆရာကြီး ထန်ပိုင်ချွမ်း ဖြစ်နေတယ်၊ လက်နက်ပုန်းပညာနဲ့ အဆိပ်ပညာမှာ ပြိုင်စံရှား သိုင်းဆရာကြီးတစ်ယောက်ပေါ့။ ဆဲမာချို့အနေနဲ့ ဘုရင်မင်းမြတ်ကို လုပ်ကြံသတ်ဖြတ်မယ်ဆိုရင် ပထမဦးဆုံး ဆရာကြီးထန်ပိုင်ချွမ်ကို အရင်ဆုံး ရင်ဆိုင်တိုက်ခိုက်ရမယ်၊ အကယ်၍ သူက ချိုကျဲကြွေဟွန်စန် ဖြေဆေးရထားရင် ဘယ်အဆိပ်မျိုးကိုမှ ကြောက်စရာမလိုတော့ဘူး ပေါ့ ... ရှင်းပြီလား”

စွမ်းစွမ်းက ခေါင်းညိတ်လိုက်သည်။



“ချိုကျဲကြွေဟွန်စန်လို အဆိပ်ပြင်းကိုတောင် ဖြေနိုင်တဲ့ ဖြေဆေးဟာ ဘယ်အဆိပ်မျိုးမဆို ဖြေနိုင်ရမှာပေါ့နော်”

“အဆိပ်ဘုရင်က ညီမလေးကို သိပ်လက်စားချေချင်နေတာ ဆဲမာချို့အတွက် သိပ်ဟန်ကျနေတာပေါ့”

“တော်တော်ယုတ်မာတဲ့ ဆဲမာချို့”

“ငါထင်တယ်၊ သူ့ရဲ့ရည်ရွယ်ချက်ဟာ အဆိပ်ဖြေဆေး တစ်မျိုးတည်းတင် မကသေးဘူးကွ”

စွမ်းစွမ်း နားမလည်တော့။

“သူ့မှာ ဘာရည်ရွယ်ချက်ရှိသေးသလဲ”

“ဖြစ်နိုင်တာက ညီမလေးတို့ရဲ့ဌာနချုပ်ကို သူကိုယ်တိုင် သိချင်နေလို့ပဲ ဖြစ်ရမယ်”

“ဒါက ဘာရည်ရွယ်ချက်လဲ”

“ငါ့အထင်တော့ ဘုရင်မင်းမြတ်ကြီးကို လုပ်ကြံသတ်ဖြတ်ဖို့ပဲ၊ နင်တို့ဆီမှာ ဆဲမာချို့အတွက် အသုံးကျတဲ့ ပစ္စည်းတစ်ခုခုတော့ ရှိနေရမယ်”

“ဆဲမာချို့က ကျွန်မတို့ ဌာနချုပ်ကို နောက်ယောင်ခံလိုက်နေတယ်ဆိုတာ အစ်ကိုကြီး ဘယ်လိုသိသလဲ”

“မနေ့က ငါ့ကို ခေါ်လာစဉ်က လမ်းတစ်လျှောက်မှာ ထင်းတိတွေ့အဖွဲ့သားတွေ တွေ့ခဲ့တယ်လေ၊ မနေ့သတ်ခဲ့တဲ့ လူတွေအားလုံး အဆိပ်ဂိုဏ်းသား တစ်ယောက်မှ မဟုတ်ဘူး”

ချန်ဖူဝါက လမ်းခရီးမှအဖြစ်အပျက်များ ပြောပြလိုက်၏။

“ကောင်းတယ်၊ ဒီ လူယုတ်မာတွေကို အကုန်သတ်ရမယ်”

www.burmeseclassic.com

www.burmeseclassic.com



စွမ်းစွမ်းက အံ့ကြိတ်၍ပြောသည်။ ထို့နောက် ဆက်မေး၏။

"အဆိပ်ဘုရင်ရော အစ်ကိုကြီးကို နောက်ယောင်မခံဘူးလား"

"ဘယ်လွယ်ပါ့မလဲ၊ ငါဟာ သေသေချာချာ လေ့ကျင့်ထားတဲ့ လူတစ်ယောက်ဆိုတာ နင် မေ့နေပြီလား"

"အစ်ကိုကြီး သိပ်ဘဝင်မြင့်မနေနဲ့၊ အစ်ကိုကြီး ဒီကို ရောက်လာအောင် သူတို့က မောင်းထုတ်နေတာ မဟုတ်လား"

"ငါ့သူငယ်ချင်းတစ်ယောက်က သူတို့ရဲ့ အဆိပ်သင့်လို့ ငါ လာရတာပါ၊ သူတို့ မောင်းထုတ်လို့ မဟုတ်ပါဘူး"

"သိုင်းလောကထဲမှာ ဒီလို သိုင်းသမားကောင်းတွေ ရှိသေးတယ်နော်၊ အစတုန်းက လောကကြီးမှာ လူကောင်းဆိုလို့ အစ်ကိုကြီး တစ်ယောက်ပဲ ရှိတယ်လို့ ထင်နေတာ၊ အခုတော့ အစ်ကိုကြီးရဲ့ သူငယ်ချင်း ရှိသေးတယ်ဆိုတော့ သူလည်း အစ်ကိုကြီးလို လူကောင်းပဲ ဖြစ်မှာပဲ"

ချန်ဖူဝါ ဆက်၍ပြောသည်။

"အဆိပ်ဘုရင်က ထန်ပိုင်ချွမ်ရဲ့ မျက်နှာကိုထောက်ပြီး အပေးအယူတစ်ခု လုပ်သေးတယ်၊ နင့်နေရပ်ကို ပြောပြရင် ငါ့သူငယ်ချင်းအတွက် အဆိပ်ဖြေဆေးပေးမယ်တဲ့"

"ဒါဆိုလည်း ပြောပြလိုက်ရောပေါ့ အစ်ကိုကြီးရယ်"

ချန်ဖူဝါက ခပ်တည်တည်ပြောလိုက်သည်။

"ညီမလေး ... ငါ ဟာ မိတ်ဆွေကို ရောင်းစားတတ်တဲ့လူမျိုး မဟုတ်ဘူးကွယ်"

ထိုအခါ စွမ်းစွမ်းသည် ချန်ဖူဝါ၏ လက်မောင်းကိုကိုင်၍—



"အစ်ကိုကြီးရဲ့ စိတ်ကို စမ်းတာပါ၊ ညီမလေးကို စိတ်မဆိုးနဲ့"

ချန်ဖူဝါက ရယ်လိုက်၏။

"ဒါကြောင့် ငါက ငါ့သူငယ်ချင်းကို ဒီအရောက် ပို့ရတာပေါ့၊ အဆိပ်ဂိုဏ်းသားတွေရဲ့ နောက်ယောင်ခံမှုကို ငါလွတ်ကင်းခဲ့ပါတယ်၊ ဒါပေမဲ့ ထင်းတိတွေကိုတော့ လွတ်အောင်မရှောင်နိုင်ခဲ့ဘူး"

"အရေးမကြီးပါဘူး၊ သူတို့လာပါစေ၊ ဒီကိုလာရင် သူတို့ သေလမ်းပဲရှိမယ်"

"ဒါပေမဲ့ ဒီကိစ္စရဲ့ တရားခံက ငါပဲ၊ ငါ ဘယ်နည်းနဲ့မှ လက်ပိုက်မကြည့်နိုင်ဘူး"

"ဒါဆို အစ်ကိုကြီး အနေနဲ့ ညီမလေးတို့နဲ့အတူတူ လက်တွဲပြီး တိုက် ... နော်"

"ဒီပြဿနာ ဖြေရှင်းပြီးတဲ့အထိ ငါနေခဲ့မယ်၊ ဘာဖြစ်ဖြစ် ဆဲမာချုံလည်း ဒီကိုလာဦးမှာပဲ၊ နောက် ငါ မြို့တော်ကိုလည်း သတင်းပို့ပြီးပြီ"

"ဆဲမာချုံလာနိုင်ရင် အကောင်းဆုံးပဲ၊ ဒီလူကို ညီမလေး သိပ်ပြီး သတ်ချင်နေတယ်"

ချန်ဖူဝါသည် ပတ်ဝန်းကျင်ကို ကြည့်ပြီး တိုးတိုးပြော၏။

"ဒီသာယာလှပတဲ့ နေရာကလေးကို သွေးတွေ မဖုံးလွှမ်းစေချင်ဘူး၊ ဒီအလှတွေ ပျက်စီးသွားမှာ ငါ သိပ်နှမြောတာပဲကွယ်"

စွမ်းစွမ်းက စကားမပြောတော့ဘဲ ချန်ဖူဝါ၏ လက်ကိုဆွဲကာ ကျောက်တုံးပေါ် အတူထိုင်ချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၈ )
## ပါးနပ်သော အဆိပ်ဘုရင်

အမှောင်ထုကြီးက လောကကြီးတစ်ခုလုံးကို လွှမ်းခြုံထားသည်။ ချောင်းကမ်းစပ်နံဘေးမှ ချန်ဖူဝါနှင့် လွှတ်ခဲ့သော မွန်ဂိုမြင်းကြီးသည် ယခုတော့ ၎င်း၏ သခင်ဖြစ်သူ ယီးယီးနှင့်အတူ ချောင်းကမ်းနံဘေးသို့ တစ်ကြော့ပြန်လည် ရောက်ရှိလာသည်။ ယီးယီး၏ရှေ့တွင် သက်လတ်ပိုင်းရှိသော ယောကျ်ားသားနှစ်ယောက်က ခွေးနှစ်ကောင်ကိုဆွဲ၍ ရောက်လာသည်။

ထိုခွေးလေးနှစ်ကောင်သည် တစ်ကိုယ်လုံး ရွှေရောင် အမွေးအမျှင်များဖြင့် ဖုံးအုပ်နေသည်ကို တွေ့ရသည်။ ထိုခွေးများကား အနံ့ခံအာရုံ အလွန်ကောင်းသော ခွေးများဖြစ်သည်။ ရွှေရောင်ငွေရောင် ခွေးများသည် တိဗက်မှတစ်ဆင့်ပြန့်ပွားလာသောခွေးများဖြစ်သည်။

ဤခွေးများဖြင့် အနံ့ခံလိုက်လျှင် လွန်စွာအောင်မြင်၏။ အဆိပ်ဘုရင်သည် ထိုခွေးနှစ်ကောင်အား မွန်ဂိုမြင်း၏ ကိုယ်နံ့ပေးပြီး လိုက်ခိုင်း၏။ အဘယ်ကြောင့်ဆိုသော် ချန်ဖူဝါသည် ထိုမွန်ဂိုမြင်းကြီးကို အသုံးပြုပြီး ထွက်ပြေးခဲ့သောကြောင့်တည်း။

အဆိပ်ဘုရင်၏ တွက်ဆချက် မမှားပေ။ သူ၏ အချစ်တော် ရွှေရောင်ခွေးကလေးများသည် သူလိုရာသို့ရောက်အောင် အနံ့ခံယူ၍



လာပေ၏။ မကြာမီ အဆိပ်ငါးမျိုးဂိုဏ်းမှ ဂိုဏ်းသားများ ရာချီခြံရံထားသော မြင်းလှည်းတစ်စီးသည် ချောင်းကမ်းစပ်၌ ရပ်နားလာသည်။ အထဲမှ အဆိပ်ဘုရင်က အမိန့်ပေးလိုက်သည်။

"ဒီညတော့ ငါတို့ ဒီမှာပဲ စခန်းချမယ်၊ အစောင့်တွေ အထပ်ထပ်ချထား၊ ဘယ်သူမှ အဝင်မခံနဲ့၊ ဝင်လာတာနဲ့ သတ်ပစ်လိုက်"

ယီးယီးသည် မြင်းစီးလျက် အဆိပ်ဘုရင်ဘေးသို့ ရောက်ရှိလာသည်။

"ဖေဖေ ... အကယ်၍ သူတို့က ချောင်းကူးပြီးမှ ခရီးဆက်သွားရင် ဘယ်လိုလုပ်မလဲ"

"အခု ငါတို့ဆီမှာ ချောင်းကူးဖို့ လှေမရှိဘူး"

"ကျွန်မတို့ ချောင်းရိုးအတိုင်းလိုက်ရမှာပေါ့"

"သမီးဟာ အချိန်အခါကို မသိဘဲကိုး"

"ကျွန်မတို့ ဒီနေရာမှာ စောင့်နေလို့ကော ဘာများ ထူးခြားမှာလဲ"

မြင်းလှည်းထဲမှ အဆိပ်ဘုရင်က သက်ပြင်းတစ်ချက်ချပြီး

"အင်း ... သမီးဟာ ဘယ်တော့မှ သွေးအေးအေးနဲ့ မစဉ်းစားတတ်ဘူး။ ဘယ်အချိန်ရောက်မှ ဒါတွေကို စဉ်းစားတတ်မလဲတော့ မသိဘူး"

ယီးယီးသည် စကားမပြောတော့ဘဲ ခေါင်းငုံ့နေသည်။

ထိုအခါ အဆိပ်ဘုရင်က ဆက်၍ ....

"တကယ်တော့ ငါတို့ဟာ ဒီလောက်မြန်မြန် လိုက်လာစရာတောင် မလိုသေးဘူးကွယ့်"

www.burmeseclassic.com

www.burmeseclassic.com



"သမီးတော့ ဘာမှ သဘောမပေါက်ဘူး"

"ငါတို့ကို လိုက်စေချင်တဲ့လူ ရှိနေတာပဲ၊ အဲဒီလူ သတင်းပေးတာကို စောင့်သင့်တာပေါ့"

"သြော် ... ဆဲမာခြုံလား"

ယီးယီးသည် ယခုမှ သဘောပေါက်သွားသည်။ အဆိပ်ဘုရင်က မဖြေကြားဘဲ မြင်းလှည်းပေါ်မှဆင်းလာ၏။ အဆိပ်ဘုရင်သည် ဘာမှမပြောဘဲ ချောင်းကမ်းစပ်နံဘေးရှိ ကျောက်တုံးတစ်တုံးဆီသို့ လျှောက်သွားပြီး တက်ရပ်လိုက်သည်။

သူသည် လက်ညှိုးထိုးပြပြီး ပြောလိုက်သည်။

"ကြည့် ... ဟိုမှာ လာနေပြီ မဟုတ်လား"

အဆိပ်ဘုရင် ညွှန်ပြရာဆီသို့ ယီးယီး ခေါင်းမော့ကြည့်လိုက်ရာ ချောင်းဖျားမှနေ၍ ရွှေ့လျားနေသော မီးရောင်ကို တွေ့ရသည်။

မီးရောင်၏ ရွှေ့လျားမှုက နှေးကွေးလှသဖြင့် အတော်ကြာမှ အဆိပ်ဘုရင်ရှိရာသို့ ရောက်ရှိလာသည်။ အဆိပ်ဘုရင်နှင့် ယီးယီးတို့သည် တစ်ယောက်နှင့်တစ်ယောက် စကားမပြောနိုင်ဘဲ မီးရောင်ကိုသာ စိုက်ကြည့်နေကြသည်။ ထိုစဉ် ...

စွန်းကျယ်နှင့် ချူးဖန်တို့က အရေးတကြီး အမိန့်ပေးသည်။

"လက်နက်ပုန်းတွေ အသင့်ပြင်"

အဆိပ်ဘုရင် အေးဆေးစွာပြော၏။

"မင်းတို့ စိတ်လောမနေနဲ့၊ တော်ကြာ သူများကဲ့ရဲ့စရာဖြစ်နေလိမ့်မယ်"

အဆိပ်ဘုရင်၏ အသံသည် ကျယ်လောင်ခြင်းမရှိသော်



လည်း သူပြောသောစကားကို လူတိုင်းက ပီပီသသ ကြားရ၏။ ထိုစဉ်မှာပင် ရွှေ့လျားနေသော မီးရောင်သည် သူတို့အနီးသို့ ရောက်ရှိလာပြီး ရပ်တန့်သွား၏။ ထိုမီးရောင်ကား သစ်ဖောင်တစ်ခုပေါ်တွင် ဝါးလုံးဖြင့် ချည်နှောင်ထားသည့် မီးပုံးမှ အလင်းရောင်ဖြစ်တော့သည်။ သစ်ဖောင် ပေါ်တွင် လူနှစ်ယောက်ပါလာပြီး တစ်ယောက်က အစိမ်းနုရောင်အင်္ကျီ ဝတ်ဆင်ထား၏။

အခြားတစ်ယောက်က ထင်းတိထွေအဖွဲ့ ခေါင်းဆောင် ဆဲမာခြုံပင်ဖြစ်တော့သည်။

☆

ဆဲမာခြုံက အဆိပ်ဘုရင်ကို ဂါရဝပြုပြီး နှုတ်ဆက်လေ၏။

"ဂိုဏ်းချုပ်ကြီးနဲ့ ကျုပ်တို့ ပြန်လည်ဆုံကြပြန်ပြီ"

အဆိပ်ဘုရင်က စိတ်မပါလက်မပါ ပြန်လည်နှုတ်ဆက်သည်။

"ခင်ဗျားကိုယ်တိုင် လိုက်လာရတယ်ဆိုတော့ ကိစ္စက သိပ်အရေးကြီးနေပြီနဲ့တူတယ်"

"ဂိုဏ်းချုပ်ကြီး ... ကျွန်တော် ဘာကြောင့် လာရတယ်ဆိုတာ သိရဲ့လား"

"ခင်ဗျားက ကျုပ်ကို လမ်းပြဖို့လာတာပဲ မဟုတ်လား"

ဆဲမာခြုံသည် ဟက်ဟက်ပက်ပက် ရယ်လေတော့၏။

"ဂိုဏ်းချုပ်ကြီးဟာ တကယ်ပဲ ဉာဏ်ကောင်းတာကြောင့် ဒါ့ကြောင့် အဆိပ်ငါးမျိုးဂိုဏ်းဟာ သိုင်းလောကမှာ နာမည်ကျော်တာပေါ့"

အဆိပ်ဘုရင်က အေးစက်စက်ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ့် ခင်ဗျားက ကျုပ်ကို ဒီစကားတွေလာပြောနေတာလဲ။ ခင်ဗျားရဲ့ စိတ်ကူးစိတ်သန်းတွေကို ကျုပ်တော့ သိပ်သဘောမကျတော့ဘူး"

ဆဲမာခြုံ ရယ်ကျဲကျဲဖြင့် ပြန်ပြောသည်။

"ကျွန်တော် အမှန်တွေကိုပဲ သတင်းပေးခဲ့ပါတယ်၊ ကျွန်တော့်တာဝန် ကျေတယ်မဟုတ်လား"

အဆိပ်ဘုရင်က အေးစက်စက်ပြောသည်။

"ခင်ဗျားပြောခဲ့တဲ့ စကားတွေဟာ အမှန်ချည်းပဲဖြစ်တယ်ဆိုတာ ကျုပ်သိပါတယ်၊ ကျုပ်သားကို သတ်တဲ့သူဟာ သံချပ်ဝတ်စုံနဲ့လူပါ၊ သံချပ်ဝတ်စုံနဲ့လူကို ကယ်တင်သွားသူဟာ ချန်ဖူဝါဖြစ်တယ်ဆိုတာလည်း မှန်ပါတယ်၊ ချန်ဖူဝါကို နောက်ယောင်ခံလိုက်ရင် သံချပ်ဝတ်စုံနဲ့လူထံ ရောက်သွားနိုင်တယ်ဆိုတာတော့ ကျုပ်သိတာပေါ့ဗျာ"

ဆဲမာခြုံက ...

"ဂိုဏ်းချုပ်ကြီးက ဘာထပ်သိသေးသလဲ"

"သံချပ်ဝတ်စုံလူသတ်သမားဟာ ကျုပ်သားကို သတ်ရတဲ့အကြောင်းအရင်းက သူ့သဘောမဟုတ်ဘဲ ခင်ဗျားရဲ့အကွက်ဆင်မှုကြောင့် အထင်လွဲပြီး ကျုပ်သားကို သတ်တာပဲ၊ ခင်ဗျားဒီလိုလုပ်ရတာက ကျုပ်ဆီက ချိုကျဲကြွေပွန်းစန် အဆိပ်ဖြေဆေးလိုချင်လို့ပဲပေါ့"

"ဂိုဏ်းချုပ်ကြီးသိတာ ဒါအကုန်ပဲလား"

"ခင်ဗျားက ဘုရင်မင်းမြတ်ကြီးကို လုပ်ကြံသတ်ဖြတ်ချင်တဲ့ဆန္ဒရှိတယ်၊ ဒါပေမဲ့ ဘုရင်မင်းမြတ်ရဲ့ ကိုယ်ရံတော်သက်တော်စောင့်ထန်မျိုးရိုးရဲ့ ဘိုးအေကြီးကို အရင်သတ်ရမှာမို့ ကြိုတင်ဖြေဆေး



ပြင်ဆင်ထားတာ မဟုတ်လား"

တစ်ချိန်လုံး ရယ်ကျဲကျဲလုပ်နေခဲ့သော ဆဲမာခြုံသည် ထိုစကားကို ကြားရသောအခါတွင်မူ အံ့သြတုန်လှုပ်သွားပေသည်။ အဆိပ်ဘုရင်က ဆက်ပြော၏။

"ဒါပေမဲ့ ... ခင်ဗျားဟာ ချိုကျဲကြွေပွန်းစန်ရဲ့ အဆိပ်ဖြေဆေးတစ်မျိုးတည်းနဲ့ မလုံလောက်သေးဘူး၊ ဘုရင်မင်းမြတ်ဆီမှာ သက်တော်စောင့် ကြင်းကန်းပို့ချမ်ဆိုတဲ့ အဆင့်မြင့် အပြင်အားသိုင်းပညာသည်ကြီးတစ်ယောက် ကျန်သေးတယ်မဟုတ်လား။ ဒါကြောင့် ခင်ဗျားသံချပ်ဝတ်စုံနဲ့လူဆီက ပစ္စည်းတစ်ခုခုကို လိုချင်သေးတယ်လို့ ကျုပ်ယူဆပါတယ်၊ ဒါကြောင့် ခင်ဗျားဟာ သံချပ်ဝတ်စုံနဲ့လူ့ရဲ့ နေရပ်ဌာနကို အပူတပြင်း လိုက်ရှာနေရတာပေါ့။ ဟဲ ... ဟဲ ... ခင်ဗျားရဲ့ တစ်ချက်ခုတ်နှစ်ချက်ပြတ် အကြံအစည်က တော်တော်ပိုင်လှပါပေတယ်"

ဆဲမာခြုံက မရယ်ချင့်ရယ်ချင်နှင့်ရယ်ပြီး ခပ်ပြတ်ပြတ်မေး သည်။

"ခင်ဗျားသိတာ ဒါပဲလား"

"သံချပ်လူရဲ့ဌာနချုပ်ကို ခင်ဗျားသိပြီ ထားဦး၊ ခင်ဗျား ဟိုအထဲရောက်အောင် ဝင်နိုင်ဖို့က သိပ်မလွယ်ကူပါဘူး၊ ဟဲ ...ဟဲ ... အကယ်၍ ကျုပ်တို့က ခင်ဗျားကိုယ်စား ရှေ့ဆောင်လမ်းဖွင့်ပေးရင် ခင်ဗျားအတွက် အင်မတန် အကျိုးအမြတ်ရှိလိမ့်မယ်ပေါ့၊ မဟုတ်ဘူးလား ခေါင်းဆောင်ကြီး"

ဆဲမာခြုံ မတုန်မလှုပ်နှင့် ...

"ခင်ဗျားသိတာ ကုန်ပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ဒါလောက် သိနေတာတောင် မလုံလောက်သေးဘူး လား"

ဆဲမာခြိုက မရယ်ချင့်ရယ်ချင်နှင့် ရယ်ပြီးမှ ...

"အကယ်၍ ထင်းတိထွေက ဟိုထဲကိုအရင်ဝင်သွားရင် ခင်ဗျားအတွက် ကိုယ်တိုင် ကလဲ့စားချေတဲ့ အခွင့်အရေးကြီး ဆုံးရှုံးသွားလိမ့်မယ်နော်"

ဆဲမာခြိုကား မျက်နှာအလွန်ပြောင်သူပေတည်း။

သူက ဆက်ပြော၏။

"ဟိုနေရာက အလွန်လျှို့ဝှက်တယ်ဗျ"

အဆိပ်ဘုရင်က အေးအေးပင်ပြောသည်။

"ဒါပေမဲ့ ခင်ဗျားသိပြီးနေပြီ မဟုတ်လား"

ဆဲမာခြိုကလည်း ခပ်အေးအေးပင်ပြောသည်။

"ဒီကနေ ရေစုန်တစ်လျှောက် မျှောလိုက်ရင် သဲသောင်ကျွန်းတွေ တွေ့ရလိမ့်မယ်၊ သဲသောင်ကျွန်းကို ဖြတ်ကျော်ပြီးရင် ဟိုနေရာကို ရောက်ပြီဗျာ"

အဆိပ်ဘုရင် ရယ်လိုက်လေသည်။

"ဒီလောက် လွယ်ကူသလား"

"သဲသောင်ကျွန်းတွေက ဝက်ပါအကွက်ပုံစံ တည်ဆောက်ထားတယ်၊ ခင်ဗျားက ဒီဝက်ပါနဲ့ ပတ်သက်တဲ့ပညာ တတ်ကျွမ်းထားတယ်ဆိုတာ ကျွန်တော်သိပါတယ်၊ ခင်ဗျားကို ဒီဝက်ပါသဲသောင်က မတားဆီးနိုင်ပါဘူး"

"ခင်ဗျားလည်း ဒီပညာကို တတ်ကျွမ်းထားသူပဲဗျာ"



ဆဲမာခြိုက ...

"ကျွန်တော် ကူညီပေးရမယ်ဆို ကူညီပေးပါမယ်"

အဆိပ်ဘုရင်က ရယ်၏။

"ခင်ဗျားက ဒီဝက်ပါကို မျက်စိထဲတောင် မထားဘူးမဟုတ်လား၊ ဒါဆို ခင်ဗျားက မြန်မြန် ဟိုနေရာကို သွားဖို့သင့်နေပြီဗျ"

ဆဲမာခြိုက မထိတရိပြောသည်။

"ကျွန်တော် စောစောပြောသလို ဂိုဏ်းချုပ်ကြီးကို လက်စားချေဖို့ ဦးစွာ အခွင့်အရေးပေးမယ်လို့ ကျွန်တော် ပြောခဲ့ပြီးပြီ မဟုတ်လား"

အဆိပ်ဘုရင်က ခေါင်းခါရင်း ဖြေသည်။ အဆိပ်ဘုရင်သည် လူပါးလူနပ်သာတည်း။

"ကျုပ်ဟာ ဒီလောက်သဘောထား သေးသိမ်တဲ့သူ မဟုတ်ဘူး၊ သံချပ်လူကို ဘယ်သူသတ်သတ် ကျုပ်ကျေနပ်တယ်"

"အကယ်၍ အခြေအနေပြောင်းသွားရင် ဘယ်လိုလုပ်မလဲ"

"လက်နက်ပုန်းပညာကို တတ်ကျွမ်းအောင် သင်ယူနိုင်တဲ့လူဟာ ပထမဦးဆုံးစိတ်ရှည်ရတယ်၊ မပြောင်းလဲခြင်း၊ ပြောင်းလဲခြင်း အလုံးစုံကို စောင့်ကြည့်ရနိုင်အောင် ကြိုးစားရမယ်ဗျ၊ ကျုပ်လို လက်နက်ပုန်းပညာသည်တစ်ယောက်ရဲ့ စိတ်ရှည်ခြင်းနဲ့ သည်းခံနိုင်ခြင်းကို ခင်ဗျားမယုံသင်္ကာမရှိပါနဲ့"

အဆိပ်ဘုရင်က ဖြတ်ဖြတ်သားသားပင် ပြောလိုက်သည်။

"ခင်ဗျားသာ ရှေ့ကနေ ဦးဆောင်လမ်းပြမယ်ဆိုရင် ကျုပ်လိုက်ဖို့ ဝန်မလေးပါဘူး၊ ခင်ဗျားရဲ့ မဟာအကြံအစည်အောင်မြင်ဖို့

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား အရင်ကြိုးစားပါလား။ ခင်ဗျားကို ကျုပ် ကြိုပြီးသတိပေးထား မယ်၊ ခင်ဗျား ဘယ်လောက်ဒုက္ခရာရရ အသက်ရှင်နေဖို့က အရေးကြီး တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်တို့ကိုယ်တိုင် ခင်ဗျားကို ရှင်းပစ်ဖို့ လိုအပ်သေးတယ် မဟုတ်လား"

ဆဲမာခြုံကရယ်ပြီး ....

"ဩော် ... ဂိုဏ်းချုပ်ကြီးက ကျုပ်ကို သတ်ချင်နေတာကို။ ခုမှပဲ ကျုပ်သိတော့တယ်"

"တရားခံအစစ်ဟာ ခင်ဗျားပဲ၊ ကျုပ်တို့ ဘယ်မေ့နိုင်မှာလဲ"

"ဒါဆို ခင်ဗျားတို့ ဘာလို့ ခုကတည်းက မလုပ်တာလဲ"

"ဒါက ခင်ဗျားသင်ပေးတာလေ၊ ခင်ဗျားမေ့နေပြီလား"

အဆိပ်ဘုရင်က ရယ်၍ပြောသည်။

ဆဲမာခြုံသည် အားရပါးရ ရယ်မောတော့သည်။ ထိုစဉ် အဆိပ်ဘုရင်၏လက်ထဲမှ အလင်းတန်းတစ်ခု ထွက်သွားသည်။ ဆဲမာခြုံသည် အတွင်းအားထုတ်ပြီး အဆင်သင့်ပြင်ဆင်ထားသည်။

သို့သော် အဆိပ်ဘုရင်၏ လက်နက်ပုန်းက သူ့ကိုမတိုက် ခိုက်ဘဲ သစ်ဖောင်ကို ထိန်းနေသောလူဆီသို့ ဦးတည်ဝင်ရောက်သွား လေသည်။ ထိုလူမှာ လက်နက်ပုန်းကို မကာကွယ်နိုင်ရှာပေ။

လက်နက်ပုန်းသည် ထိုလူ၏နဖူးပေါ်သို့ စိုက်ဝင်နစ်မြုပ် သွား၏။ မီးရောင်အောက်တွင် ထိုလူ၏ နဖူးပေါ်တွင် သွေးပေါက် လေးတစ်ပေါက် ပေါ်လာ၏။ ထို့နောက် ရှုးရှူးရားရားအော်ကာ ဝါးလုံးနှင့်အတူ ချောင်းထဲသို့ ထိုးကျသွားတော့သည်။

ထိန်းသိမ်းမှုမရှိသော သစ်ဖောင်ကြီးသည် ရေစီးအတိုင်း



မျောသွားတော့သည်။ ဆဲမာခြုံသည် ဓတုန်မလှုပ်ဖြင့် ရပ်နေသော် လည်း စိတ်ထဲ၌ အတော်ကလေး မသက်မသာဖြစ်သွားခဲ့ရပေပြီ။

အဆိပ်ဂိုဏ်းသားအပေါင်းတို့ ဝမ်းသာအားရ အော်ဟစ်နေ စဉ် ဆဲမာခြုံလည်း သစ်ဖောင်နှင့်အတူ အမှောင်ထဲတွင်ဝင် ပျောက် ကွယ်သွားတော့သည်။

ယီးယီးသည် ယောက္ခမဖြစ်သူအား ချက်ချင်းမေးသည်။

"ဖေဖေ သူတို့အရင်ဝင်တိုက်အောင် တကယ်အခွင့်အရေး ပေးလိုက်တာလား"

"ဒါပေါ့။ ဘာများ မသင့်တော်လို့လဲ"

"အကယ်၍ သံချပ်ဝတ်စုံနဲ့လူဟာ သူတို့လက်ချက်နဲ့ ---"

သူမစကားမဆုံးမီ အဆိပ်ဘုရင်က ကြားဖြတ်ပြောလိုက်၏။

"သမီးမသိပါဘူး၊ ဆဲမာခြုံလိုကောင်စားက တကယ်ပဲ အားကုန်ထုတ်တိုက်မယ်လို့ ထင်နေသလား၊ ဒီကောင်က ဒီလောက် အ,တဲ့လူစားမဟုတ်ဘူးဆိုတာ သမီးမှတ်ထား၊ တကယ့်လူပါးလူနပ် မြေခွေးလို လူမျိုးကွ"

ယီးယီး ခေါင်းညိတ်ရတော့သည်။

"ဟုတ်ကဲ့ ... သူတို့က ရှေ့ကနေ လမ်းဖွင့်ပေးရင် ကျွန်မ တို့အတွက် အကျိုးရှိပါတယ်"

"ဒါပဲပေါ့။ ငါတို့ဟာ သူလှည့်စားသမျှ အမြဲပဲ ခံနေရတဲ့ လူပြည်မှာ အသက်ရှင်နေဖို့ မကောင်းတော့ဘူး"

ပတ်ဝန်းကျင်တစ်ခုလုံး ငြိမ်သက်တိတ်ဆိတ်သွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၉ )
## လျှို့ဝှက်သော နန်းတော်ကလေး

သစ်ဖောင်ကြီးသည် ရေစီးအတိုင်း စုန်ဆင်းလာ၏။

ဆဲမာခြုံသည် သစ်ဖောင်ပေါ်၌ သစ်သားရုပ်တုကြီးသဖွယ် ငြိမ်သက်စွာပါသွား၏။

ခရိုးမိုင်အတော်ကွာဝေးရာအရပ်သို့ ရောက်လာသောအခါ အင်္ကျီအနက်ကို ဝတ်ဆင်ထားကြသော ယောကျ်ားသိုင်းသမားတစ်စုက သူ့အား စောင့်ကြိုလျက်ရှိနေကြောင်း တွေ့ရ၏။ သူတို့သည် သစ်ဖောင်ကို ကြိုးဖြင့်လှမ်းပစ်ပြီး ဆွဲယူကြ၏။ ကမ်းစပ်သို့ သစ်ဖောင်ရောက်လာသောအခါ ဒူးထောက်၍ အရိုအသေပေးကြလေ၏။

"ကုံးစွန်းဖန်က ခေါင်းဆောင်ကြီးကို ဂါရဝပြုပါတယ်ခင်ဗျား"

ရှေ့ဆုံးမှလူကား ရိုသေစွာနှုတ်ခွန်းဆက်၏။

ကုံးစွန်းဖန်က ...

"ခေါင်းဆောင်ကြီးက ညတွင်းချင်း ရောက်လာတာ ဘာကိစ္စများ ရှိလို့ပါလဲခင်ဗျာ"

"အခု ကိစ္စမရှိဘူး ... မင်းတို့ သွားနိုင်ပြီ၊ မနက်ဖြန် မိုးလင်းရင် ဒီကို လာရောက်အမိန့်နာခံကြ"

ဆဲမာခြုံက ပြောလိုက်၏။



ကုံးစွန်းဖန်သည် အံ့အားသင့်သွားသော်လည်း တစ်စုံတစ်ရာမျှ ဆက်မမေးရဲတော့ဘဲ ငယ်သားများနှင့်အတူ ထွက်ခွာသွားတော့သည်။ ဆဲမာခြုံသည် တစ်ယောက်တည်း ဘဝင်မကျစွာ ငေးမောကျန်ရစ်ခဲ့၏။ ကုံးစွန်းဖန်သည် သာမန်ရိုးရိုးလူတစ်ယောက် မဟုတ်ချေ။ သူ၏ဖခင်ဖြစ်သူသည် ရသေ့ကြီးတစ်ပါးဖြစ်ပြီး ထိပ်သီးသိုင်းဆရာတစ်ဦးလည်း ဖြစ်သည်။

"ပေါက်အိ" ဟု အမည်တွင်သော ထိုရသေ့ကြီးသည် ဓားသိုင်းပညာတွင် အလွန်ထူးချွန်သူဖြစ်၏။

ထို့ကြောင့် ဓားလက်နက်ပင် မကိုင်ဆောင်တော့ဘဲ သူ၏လက်ညှိုးကိုပင် ဓားတစ်ချောင်းပမာ အသုံးပြုနိုင်စွမ်း ရှိနေပေပြီ။

သို့သော်သူသည် ငယ်စဉ်အခါက အကျင့်ပျက် စည်းမစောင့်သောကြောင့် ကုံးစွန်းဖန်ဟူသော လူမသိသော တိတ်တိတ်ပုန်း သားတစ်ယောက် ရရှိခဲ့၏။ ရသေ့ကြီးသည် သားကို အလွန်အလိုလိုက်ခဲ့သဖြင့် ကုံးစွန်းဖန်သည် ဆိုးတေသော လူငယ်တစ်ယောက်ဖြစ်လာခဲ့၏။ ဆဲမာခြုံ၏ သိမ်းသွင်းခြင်းခံရတော့သည်။

ကုန်းစွန်းဖန်နှင့်ပတ်သက်သော ပေါက်အိရသေ့ကြီးသည်လည်း ဘဝပျက်ရပြန်သည်။ သူသည် ဆဲမာခြုံ၏ အကျပ်ကိုင်ခြင်းခံရကာ ဆဲမာခြုံ၏ လက်အောက်ငယ်သားဖြစ်လာလေသည်။

တစ်သက်လုံး ကြိုးစားခဲ့သမျှ နာမည်ကောင်းလည်း ရေနှင့်မျောကုန်တော့သည်။ နောက်ဆုံး ပေါက်အိသည် ချန်ကျဲနှင့် ရင်ဆိုင်တိုက်ခိုက်ရသည့်တိုက်ပွဲ၌ ပေါက်အိရသေ့ကြီးသည် အသက်ဆုံးခဲ့ရသည်။ ထိုတိုက်ပွဲတွင် သေလုဆဲဆဲဖြစ်နေသည့် ရသေ့ကြီးသည်

www.burmeseclassic.com

www.burmeseclassic.com



ချန်ဖူဝါကို အပြစ်မတင် ရန်ပြီးမဖွဲ့ပေ။ သူ့သားဖြစ်သူ ကုံးစွန်းဖန်ကို မသတ်ရန်ပင် တောင်းပန်ခဲ့သေးသည်။

ပေါက်အိရသေ့ကြီး သေဆုံးသွားခဲ့ပြီးသော် သားဖြစ်သူ ကုံးစွန်းဖန်သည် နောင်တမရသည့်အပြင် ပို၍ဆိုးသွမ်းလာ၏။ အရည်အချင်းမရှိသဖြင့် တိုးတက်မှုလည်း မရှိခဲ့ပေ။ ထင်းတိထွေသည် လူအင်အားနည်းနေပြီး ဖြစ်၍ လူ့ပေါက်ပန်း ကုံးစွန်းဖန်ကိုပင် ပြန်လည်အသုံးချရတော့သည်။ ဆဲမာချို့သည် အခြေအနေအရ ကုံးစွန်းဖန်ကို အသုံးချခဲ့ရသော်လည်း စိတ်ထဲတွင်တော့ ဘဝင်မကျချေ။

ယခင်က မိမိ၏လက်အောက်ရှိ အဆင့်မြင့်သိုင်းသမားများကို သတိရကာ နှမြောသတ ဖြစ်နေမိသည်။

အကယ်၍ ယခု သူ့ထံတွင် ယခင်လက်ရှိအင်အား၏ တစ်ဝက်ရှိလျှင် သူသည် ဤမျှ ပင်ပန်းလိမ့်မည်မဟုတ်ပါ။ ယခုတော့ ရှိသမျှ အင်အားထုတ်ကာ အစွမ်းကုန် တိုက်ခိုက်ရတော့မည်။

ယခုလက်ရှိ လူအင်အားဖြင့် ထိုအကြံအစည်ကို အောင်မြင်အောင် ပြုလုပ်နိုင်မည်လောဟု ဆဲမာချို့ မဆုံးဖြတ်၊ မဝေဖန်တတ်ပါ။ အခြေအနေအရ မီးစင်ကြည့်ကရန်သာ ဆုံးဖြတ်လိုက်ရတော့၏

☆

ညအချိန်ဖြစ်၍ ရာသီဥတုက အနည်းငယ် ပို၍အေးမြလာသည်။ ချန်ဖူဝါသည် ရေချိုးပြီးနောက် စွမ်းစွမ်းနှင့်အတူ ကမ်းစပ်သို့ လမ်းလျှောက်ထွက်သည်။

စွမ်းစွမ်းသည် သူ့အား တစ်ဖက်သတ်တိတ်တခိုး ချစ်ကြိုက်နေသော်လည်း ချန်ဖူဝါသည် သူ့အသည်းထဲတွင် မြှုပ်နှံထားသော



မိန်းကလေးတစ်ဦး ရှိနေသဖြင့် စွမ်းစွမ်းကို မချစ်နိုင်ပေ။

သို့သော် သနားဖွယ်ကောင်းသော စွမ်းစွမ်းကို စိတ်ဆင်းရဲအောင် မပြုရက်သဖြင့် အခြေအနေအရ မီးစင်ကြည့်ကသွားရန်သာ ဆုံးဖြတ်ရတော့သည်။

လပြည့်ညဖြစ်သဖြင့် မတ်ဝန်းကျင်တစ်ခုလုံး ပို၍လှပလာသည်။ စွမ်းစွမ်းသည် အလွန်ဝမ်းသာပျော်ရွှင်နေသောကြောင့် စကားအပြောများနေ၏။

တသွင်သွင် စီးဆင်းနေသော စမ်းရေပမာ သူမ၏ သာယာငြိမ့်ညောင်းသောအသံကလေးသည် အဆက်မပြတ်ထွက်ပေါ်နေ၏။

သူမတွင် သဘောမပေါက်သေးသော အရာများ ရှိသေးသဖြင့် ချန်ဖူဝါအား အဆက်မပြတ်မေးနေ၏။

ချန်ဖူဝါကလည်း အမျိုးမျိုး ရှင်းပြခဲ့သည်။

သူတို့ရှေ့ရှိ ကန်ရေသည် အေးခဲခြင်းမရှိသည့်အပြင် အနည်းငယ် နွေးနေပါသေးသည်။ ထိုကန်၏ပုံသဏ္ဌာန်ကို ကြည့်ခြင်းအားဖြင့် မီးတောင်ဝတစ်ခုဖြစ်ကြောင်း သိရ၏။ ထို့ကြောင့်သာ ရေကန်သည် မအေးဘဲ နွေးနေခြင်းဖြစ်ပုံရသည်။

စွမ်းစွမ်း၏ မေးခွန်းများ ကုန်သွားသောအခါမှ ချန်ဖူဝါက မေး၏။

"ညီမလေးတို့ရဲ့ ဒီကသခင်ကြီးက ဘယ်သူလဲ"

စွမ်းစွမ်းက မဖြေဘဲ ပြုံးနေသည်။ ချန်ဖူဝါက ရယ်ရင်း ...

"ပြောမပြနိုင်ဘူး ဆိုပါတော့"

"ညီမလေးက အရင်ပြောပြထားရင် အဲဒီကိုကြီး သူတို့တွေ့

www.burmeseclassic.com

www.burmeseclassic.com



တဲ့အခါ ဘယ်ထူးဆန်းတော့မလဲ”

“သူက ငါ့ကို တွေ့ဖို့ လက်ခံမယ်ပေါ့”

“ဒါပေါ့၊ မဟုတ်ရင် မေနန်က အစ်ကိုကြီးကို မောင်းထုတ်ပစ်တာ ကြာလှပြီ”

ချန်ဖူဝါသည် ထိုအခါမှ မေနန် မည်သည့်အတွက် သဘောကောင်းနေကြောင်း သိတော့သည်။

“ဪ ... ဒီလိုကိုး”

“ညီမလေး ဟို သေမင်းကမ်းပါးမှာ စောင့်နေတဲ့လူက ဘယ်သူလဲ”

စွမ်းစွမ်းက “ကျောက်ခဲ”ဟု မစဉ်းစားဘဲ ပြောပြသည်။ ချန်ဖူဝါ ကြောင်သွားသည်။

“တယ်ထူးဆန်းတဲ့ နာမည်ပါလား၊ တကယ့် နာမည်ရင်း မဟုတ်ဘူးထင်တယ်”

“သူက လူတစ်ယောက်ကို ရှုံးနိမ့်ခဲ့တယ်၊ သူ့သိုင်းပညာ အသုံးမကျဘူးဆိုပြီး ဒီနာမည် မှည့်ခေါ်လိုက်တာပါ”

“သူ့အဖြစ်ကိုတော့ အသေအချာ မသိဘူးပေါ့၊ ဟုတ်လား”

“ဟုတ်တယ်၊ မေမေက ညီမလေးကို အသိမပေးဘူး၊ မသိတာပဲ ကောင်းတယ်လို့ ပြောတယ်၊ သိုင်းပညာပဲ လေ့ကျင့်ခိုင်းတယ်”

ချန်ဖူဝါသည် စွမ်းစွမ်း၏ ဗဟုသုတနည်းပါးပုံကို ရိပ်မိပြီဖြစ်၍ အဖြစ်ကို မအံ့သြတော့ချေ။

“အခု ညီမလေးတို့စခန်းမှာ လူသိပ်မရှိဘူးနော်”

“ရှိတော့ရှိတယ်၊ သိပ်မကျန်တော့ဘူး၊ လူအတော်များများ



သေကုန်ပြီ”

“ဟုတ်လား ... ဘာကြောင့်လဲ၊ သိုင်းလေ့ကျင့်ရင်း သေ[illegible]တာလား”

“ဟုတ်တယ်၊ ဒါပေမဲ့ ... ဒီစကားတွေကို မေမေ့ရှေ့မှာ မပြောနဲ့နော်၊ နောက် မေမေ့ကို စိတ်ဆိုးအောင်လည်း မလုပ်နဲ့”

စွမ်းစွမ်းက စိုးရိမ်တကြီးပြောသည်။ ချန်ဖူဝါ ခေါင်းညိတ်ပြ၏။

“စိတ်ချပါ ... ငါ မလုပ်ပါဘူး”

စွမ်းစွမ်းက ရယ်၍ပြောသည်။

“ကောင်းတယ်၊ ဒါဆို အဆင်ပြေမှာပါ”

“ညီမလေးတို့ စားနေတဲ့ စပါးနဲ့ ဟင်းသီးဟင်းရွက်ဟာ ကိုယ်တိုင် စိုက်ကြတာလား”

“ဟုတ်တယ်၊ ဒီအထဲကို ရိက္ခာတွေ သယ်ဖို့ ဘယ်လွယ်မလဲ၊ ရန်သူကို ဖိတ်ခေါ်သလို ဖြစ်နေမှာပေါ့”

“ညီမလေးကို ငါမေးချင်တာတစ်ခုရှိတယ်၊ မေးသင့်မမေးသင့် ငါ စဉ်းစားနေတုန်းပဲ”

“မေးပါ”

စွမ်းစွမ်း ရယ်၍ပြောသည်။

“ညီမလေးသိပါတယ် ... အစ်ကိုကြီး မေးချင်တာက မစား အသောက် ရိက္ခာဖူလုံသားနဲ့ ဘာကြောင့် ကြေးစားလူသတ်သမား လုပ်ရသလဲဆိုတဲ့ မေးခွန်းမဟုတ်လား”

“အေး ... ဘာကြောင့်လဲကွယ့်”

“မေမေ့ကိုတွေ့ရင် အစ်ကိုကြီး သဘောပေါက်လာမှာပါ၊

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ မေမေဟာ သနားစရာကောင်းတဲ့ လူတစ်ယောက်ပါ”

ချန်ဖူဝါ အတန်ငယ်စဉ်းစားပြီးမှ မေးလိုက်သည်။

“မေမေဆိုတဲ့ အဓိပ္ပာယ်ကို နင်သိလား”

“သိတာပေါ့၊ မွေးသမိခင်ကို မေမေလို့ ခေါ်တာပေါ့၊ မေမေကြီးဟာ သူ့ကို မေမေလို့ ခေါ်ရင် သိပ်ဝမ်းသာတယ်”

“မင်းရဲ့ မိဘတွေကော”

သူမက အပြုံးမပျက်ဘဲဖြေသည်။

“သေကုန်ပြီ”

“ဝမ်းနည်းပါတယ်၊ ငါ မသိလို့ မေးမိတာပါ”

ချန်ဖူဝါ တောင်းပန်လိုက်သည်။ စွမ်းစွမ်း ခေါင်းခါရင်း ...

“ဒီနန်းတော်ကြီးကို တည်ဆောက်စဉ်က ညီမလေးရဲ့ မိဘတွေ ကွယ်လွန်သွားခဲ့တယ်၊ ဒီနန်းတော်ကြီး ပြီးပြတ်တဲ့အထိ စုစုပေါင်း တစ်ရာရှစ်ဆယ့်ခုနစ်ယောက်တိတိ သေဆုံးခဲ့ရတယ်”

ချန်ဖူဝါသည် နန်းတော်ကြီးကိုကြည့်ပြီး မှတ်ချက်ချသည်။

“ဒီနန်းတော်ကို တည်ဆောက်တာ လိုအပ်လို့လား၊ ဒီနေရာမှာ တည်ဆောက်ရတဲ့အတွက် ငွေကော လူအင်အားကော အတော်လေးကုန်မှာပဲ”

“ညီမလေးလည်း မသိဘူး၊ ဒါပေမဲ့ မေမေဟာ ဒီနန်းတော်ကို သိပ်သဘောကျပါတယ်”

“အင်း ... ညီမလေးတို့အားလုံးက သူ့တစ်သွေးတစ်သံ တစ်မိန့်ကို လိုက်နာကြရတာပဲလား”

“ဒါတွေ မမေးပါနဲ့ ... ညီမလေး မဖြေချင်ဘူး”



ချန်ဖူဝါသည် ညှိုးငယ်သွားသော စွမ်းစွမ်းကိုကြည့်၍ စကားလမ်းကြောင်းပြောင်းလိုက်သည်။

“ညီမလေးကို သိုင်းလောကထဲက စိတ်ဝင်စားစရာကောင်းတဲ့အကြောင်းတွေ ပြောပြမယ် ... နားထောင်မလား”

ထိုစကားကို ကြားရသောအခါ စွမ်းစွမ်းသည် အလွန်ဝမ်းသာရသည်။ သူမက ခေါင်းညိတ်ပြသဖြင့် ချန်ဖူဝါက သိုင်းလောကကြီးအကြောင်း ပြောပြတော့သည်။

သူမသည် ချန်ဖူဝါ၏ပခုံးပေါ်မှီလျက် အိပ်ပျော်လေပြီ။ လင်းထိန်သော လရောင်အောက်တွင် သူမ၏လှပသော မျက်နှာပေါ်၌ ကလေးမျက်နှာပမာ ပြုံးလျက်အိပ်နေသည်ကို တွေ့ရသည်။

ချန်ဖူဝါသည် သူမကို မနှိုးရက်သဖြင့် ငြိမ်သက်စွာ ထိုင်နေသည်။ နာရီဝက်ကျော်ခန့်မှ စွမ်းစွမ်းက နိုးလာသည်။

စွမ်းစွမ်းက ရှက်စနိုးမေးသည်။

“အစ်ကိုကြီးက ဘာဖြစ်လို့ မနှိုးတာလဲ”

ချန်ဖူဝါက ပြုံး၍ပြောသည်။

“ညီမလေးအိပ်နေတာကို ငါမသိဘူး၊ ငါက နင်နားထောင်နေတယ်မှတ်လို့ အပြောတောင်မရပ်ခဲ့ဘူး”

စွမ်းစွမ်းက လက်သီးကလေးဖြင့် တဘုန်းဘုန်းထုသည်။

“အစ်ကိုကြီးလိမ်တယ်၊ ညီမလေးအိပ်တာ မသိဘူးဆိုတာ ယုံရမှာလား”

ချန်ဖူဝါက ကြင်နာစွာပြောလေ၏။

“ညီမလေး ဒီလောက် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေမှတော့

www.burmeseclassic.com

www.burmeseclassic.com



ဝါဟာ ဘယ်လိုနှိုးရက်တော့မှာလဲ"

ကြင်နာယုယသော ချန်ဖူဝါ၏စကားကို ကြားလိုက်ရသောအခါ စွမ်းစွမ်းမှာ စကားမပြောနိုင်တော့ဘဲ မျက်ရည်များကျလာတော့သည်။

ဩော် ... သနားစရာ မိန်းကလေးရယ်။ ချန်ဖူဝါက ....

"ညီမလေး ... နင် နေသိပ်မကောင်းသေးဘူး မဟုတ်လား၊ ကောင်းကောင်း အနားယူရမယ်"

"အစ်ကိုကြီးကမှ အနားယူသင့်တာ၊ အစ်ကိုကြီးက ခရီးဝေးနှင်လာခဲ့သူပဲ၊ ညီမလေး ဘယ်လောက်အသုံးမကျသလဲဆိုတာ ခုပဲကြည့် အစ်ကိုကြီးကို အနားမပေးဘဲ တရကြမ်းစကားပြောခိုင်းခဲ့မိတယ်"

ချန်ဖူဝါက တဟားဟား ရယ်တော့၏။

"ညီမလေး ဒီလို မပြောပါနဲ့ ငါဟာ ပင်ပန်းရင် နင်နဲ့ ဒီလောက်စကားများများ ပြောမှာမဟုတ်ဘူး၊ တစ်ချိုးတည်း ဝင်အိပ်လိုက်မှာ ဟား ... ဟား ... ဟား ..."

စွမ်းစွမ်းက ချန်ဖူဝါ၏ လက်နှစ်ဖက်ကိုဆွဲကာ တက်၏။

"အခု အစ်ကိုကြီး အနားယူရတော့မယ်၊ ဒါမှ မနက်ဖြန်ကျရင် မေမေနဲ့တွေ့ရင် ရွှင်ရွှင်လန်းလန်းရှိမှာပေါ့"

"ညီမလေးရဲ့မေမေက သဘောကောင်းရဲ့လား"

"အင်း ... တစ်ခါတလေ စိတ်တိုတတ်တယ်၊ ဒါပေမဲ့ သူ့စကားကို ကောင်းကောင်းနားထောင်ပြီး သူပြောတဲ့အတိုင်းလုပ်ရင် သူဟာ စိတ်မဆိုးတတ်ပါဘူး"



ချန်ဖူဝါက ခေတ္တစဉ်းစားပြီး ခန့်မှန်းကာ ...

"သူက သူများတွေ သူ့ကို ရိုသေလေးစားအောင် လုပ်တာပါ"

ဟု ပြောကြည့်လိုက်၏။ စွမ်းစွမ်းက ပြုံးပြပြီး ဘာမျှမပြောသဖြင့် သူက မိမိခန့်မှန်းချက်မှာ မှန်ကန်ကြောင်း သိလိုက်လေ၏။

☆

ချန်ဖူဝါကား အထူးလေ့ကျင့်ထားသော သိုင်းသမားဖြစ်၍ ထိုညတွင်လည်း ကောင်းစွာ အိပ်ပျော်သည်။

နောက်တစ်နေ့ အိပ်ရာမှထလာသောအခါ ချွမ်းထွားနှင့် ချူးရဲ့တို့နှစ်ယောက်က အဆင်သင့် စောင့်ဆိုင်းနေသည်ကို တွေ့ရ၏။

မိန်းကလေးနှစ်ယောက်သည် ချန်ဖူဝါဝတ်ဆင်ရမည့် ဝတ်စုံများကို ယူလာ၏။ ချန်ဖူဝါက ကြည့်လိုက်သောအခါ ထန်ခေတ် မင်းညီမင်းသားများ ဝတ်ဆင်သော အင်္ကျီပုံစံ ဖြစ်ကြောင်းကို တွေ့ရ၏။ အင်္ကျီကိုဝတ်ဆင်ပြီးမှ မှန်ရှေ့ရပ်ကြည့်သောအခါ မိမိမှာ ရှေးဟောင်းပန်းချီကားထဲမှ လူတစ်ယောက်သဖွယ် ကိုယ့်ကိုယ်ကိုယ် ထင်မှတ်မိလေတော့၏။

ဧည့်ခန်းသို့ ရောက်သောအခါ စွမ်းစွမ်းတစ်ယောက်တည်း ထိုင်စောင့်နေသည်ကို တွေ့ရလေ၏။ စွမ်းစွမ်းသည်လည်း လှပသော ထန်ခေတ်အမျိုးသမီးဝတ်စုံကို ဝတ်ထား၏။ သူမက ချန်ဖူဝါအား ခြေဆုံးခေါင်းဆုံးကြည့်ပြီး ချီးကျူးလေ၏။

"အစ်ကိုကြီးနဲ့ ဒီအဝတ်အစားနဲ့ သိပ်လိုက်တာပဲ"

ချန်ဖူဝါသည် အင်္ကျီကို ဆွဲချက်ဆွဲပြီး ...

"ဒီလောက်ခန့်ညားလှပတဲ့ အင်္ကျီကို ငါတစ်ခါမှ မဝတ်ဖူး

www.burmeseclassic.com

www.burmeseclassic.com



[illegible] ဖြစ်သလိုနေတဲ့သူပဲ”

စွမ်းစွမ်းကမေးသည်။

“ဒါက ထန်းခေတ်အဝတ်အစားတွေဆိုတာ ဟုတ်လား”

“ဟုတ်တယ်ထင်တယ်၊ နင်တို့ဟာ ထန်းခေတ်ကတည်းက ဒီကို ရောက်နေတာကိုး”

ချန်ဖူဝါ နောက်ပြောင်လိုက်၏။

သို့သော် စွမ်းစွမ်းက နောက်ပြောင်မှန်း မသိချေ။

“ဒီနန်းတော်ကိုဆောက်တာ အနှစ်နှစ်ဆယ်ကျော်လောက် ရှိတော့မယ်၊ အဲဒါ ထန်းခေတ်ကတည်းက ဆောက်တာ ဟုတ်မဟုတ်တော့ ညီမလေးမသိဘူး၊ အစ်ကိုကြီးက ညီမလေးထက် အများကြီး သိတော့ အစ်ကိုကြီးပြောတာ ဟုတ်မှာပါပဲ”

“ဘာပဲပြောပြော ဒီနေရာဟာ အင်မတန်နေလို့ကောင်းတဲ့ နေရာကလေးပဲ၊ ပြောစရာဆိုလို့ အပြင်လူ့လောကနဲ့ အဆက်အသွယ် မရှိဘူးဆိုတာ တစ်ခုပဲရှိတယ်”

စွမ်းစွမ်းက တည်ငြိမ်သော မျက်နှာကလေးဖြင့်ပြောသည်။

“လောကကြီးမှာ တကယ်ငြိမ်သက်တိတ်ဆိတ်တဲ့ နေရာဆိုလို့ ဘယ်နေရာမှမရှိဘူးလို့ မေမေပြောခဲ့ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ပတ်ဝန်းကျင်က ငြိမ်သက်ပေမယ့် လူ့စိတ်က မငြိမ်သက်နိုင်ဘူးတဲ့”

ချန်ဖူဝါက ခေါင်းညိတ်သည်။

“ဒီစကားမှန်တယ်၊ ညီမလေးရဲ့ မေမေဟာ အတွေးအခေါ်ကောင်းမယ့် အမျိုးသမီးကြီးဖြစ်မှာ သေချာတယ်”

စွမ်းစွမ်းက ခေါင်းကလေးမော့ကာ ...



“မေမေ့ဆီက အမိန့်ရပြီးပြီ၊ အစ်ကို့ကို နန်းရင်ပြင်မှာ လက်ခံတွေ့ဆုံမယ်လို့ ပြောတယ်”

“အခု သွားမှာလား”

“စောစောရောက်နိုင်ရင် သူက ပိုဝမ်းသာလိမ့်မယ်”

ထို့ကြောင့် သူတို့လည်း မစောင့်တော့ဘဲ နန်းတွင်းသို့ ထွက်ခွာလာ၏။

☆

နန်းရင်ပြင်သည် သိပ်ကျယ်လှသည်မဟုတ်ပေ။

သို့သော် လူသူကင်းရှင်းလှသဖြင့် ကျဉ်းသည်ဟုလည်း သတ်မှတ်၍မရပေ။

နံရံများတွင် ထန်းခေတ်ပန်းချီကားချပ်များ ချိတ်ဆွဲထားသည်။ အချို့ရုပ်ပုံများမှာ အလွန်လှပသော နတ်မိမယ်ရုပ်များ ဖြစ်ပေသည်။ ပန်းချီနှင့် ဖောင်းကြွရုပ်လုံးများသည် အလွန်ဆွဲဆောင်မှု ရှိသဖြင့် ချန်ဖူဝါသည် စိတ်ဝင်စားစွာ ကြည့်နေမိသည်။

ကြည့်ရင်း မိမိသည်လည်း နတ်သမီးများကဲ့သို့ လေထဲတွင် ပျံဝဲနေသည်ဟုပင် ထင်လာမိသည်။ စွမ်းစွမ်းကတော့ မတုန်မလှုပ်နှင့် လှေကားထစ်ပေါ်တွင် ရပ်နေလေ၏။

မကြာမီ မေနန်းရောက်ရှိလာပြီး ပေလေးဆယ်ခန့် ဝေးသော လှေကားထစ်တစ်ခုပေါ်တွင် ရပ်လိုက်၏။ မေနန်းရာထူးက [illegible]စွမ်း ထက်နိမ့်သောကြောင့် စွမ်းစွမ်းနှင့်ယှဉ်မရပ်ဘဲ ခွာရပ်ခြင်းဖြစ်သည်။

နန်းရင်ပြင်တွင် ယခု သူတို့သုံးယော[illegible]သာရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ချန်ဖူဝါသည် ဤနေရာသို့ ပထမအကြိမ် ရောက်ရှိလာရခြင်းဖြစ်သော်လည်း တုန်လှုပ်ခြင်း လုံးဝမရှိဘဲ ပန်းချီကားများကိုသာ စိတ်ဝင်တစား ကြည့်နေသည်။

ထို့ကြောင့် စွမ်းစွမ်းနှင့် မေနန်တို့သည် ချန်ဖူဝါကို ကြည့်ပြီး အလွန်အံ့သြနေကြလေ၏။

အဘယ်ကြောင့်ဆိုသော် ချန်ဖူဝါ ဤနန်းတော်ထက်-အဆမတန်ကြီးကျယ်ခန့်ညားသော၊ ထည်ဝါဝင့်ကြွားသော တရုတ်ဧကရာဇ်ကြီး၏ နန်းတော်ကြီးထဲ ရောက်ခဲ့သောကြောင့် ဖြစ်ပါသည်။

ဧကရာဇ်ကြီး၏ နန်းတော်ကြီးထဲကို ဝင်ရောက်ခဲ့ဖူးသော ချန်ဖူဝါအဖို့ ယခု ရောက်ရှိနေသော နန်းဆောင်ကလေးမှာ အသေးအဖွဲသာ ဖြစ်နေပေသည်။

စွမ်းစွမ်းနှင့် မေနန်တို့ကမူ ထိုအကြောင်းကို သိမထားသဖြင့် ချန်ဖူဝါ၏ တည်ငြိမ်မှုကို ရင်ထဲမှကြိတ်၍ ချီးကျူးနေကြလေသည်။ ထိုစဉ် ...

မောင်းထုသံတစ်သံသည် ကြည်လင်ပြတ်သွားစွာ ထွက်ပေါ်လာသဖြင့် စွမ်းစွမ်းသည် ချန်ဖူဝါအား ကမန်းကတန်း အသံပေးလိုက်၏။

စွမ်းစွမ်းက ခေါ်နေသည်ကိုတွေ့ရသဖြင့် သူမထံသို့ လျှောက်သွားမည့်ဟန်ပြင်ရင်းမှ နန်းရင်ပြင်ထဲ ဝင်နိုင်သည့် အတွင်းတံခါးဆီသို့ ရုတ်တရက် မျက်လုံးရောက်ရှိသွားလေသည်။

*ဒုတိယပိုင်း ပြီး၏*

*တတိယပိုင်း (ဇာတ်သိမ်း) ဆက်လက်ဖတ်ရှုပါရန်*

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

အချစ်ကျေးကျွန်

သိုင်းကျေးကျွန်

တတိယပိုင်း - ဇာတ်သိမ်း

www.burmeseclassic.com

www.burmeseclassic.com


တမူခွင့်ပြုချက်အမှတ် - ၅၀၁၁၈၈၀၉၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၂၃၀၁၀၀၇

၂၀၀၇ - ခုနှစ်

ပထမအကြိမ် - အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၀၀/- ကျပ်

ထုတ်ဝေသူ

ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ

ရွှေနန်းသာကျေးရွာ၊ ပုလဲမြို့ (၃)

မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့

ပုံနှိပ်သူ

ဦးသော်လွင်မြင့်၊ စန္ဒကူးပုံနှိပ်တိုက်

9-H နဝရတ်ရိပ်သာလမ်း

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

မျက်နှာဖုံးရိုက်

ဦးဝင်းကျော်မိုး မုံရွေးပုံနှိပ်တိုက်

အမှတ် ၁၄၀၊ ၄၅-လမ်း

ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့


**ဒို့တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- ☆ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်၌ရှိရေး၊

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃၀ )
## ယဉ်ကျေးသိမ်မွေ့သော သခင်မကြီး

အလွန်တရာ တည်ကြည်ခန့်ညားသော အဘွားအိုတစ်ဦးသည် ထိုတံခါးမှ နန်းရင်ပြင်အတွင်းသို့ ဝင်လာနေသည်။

ငယ်စဉ်က လွန်စွာလှပခဲ့မည်ကို သံသယရှိစရာမလိုပေ။

သူမ၏ လှပ်ရှားမှုက အလွန် နန်းဆန်လှပေသည်။

ထိုအဘွားအိုကို အပျိုတော်နှစ်ယောက် ခြံရံလိုက်ပါလာသည်။ စွမ်းစွမ်းနှင့် မေနန်တို့သည် အဘွားအိုကို တွေ့သည်နှင့် ဒူးထောက်ကာ အရိုအသေပေးကြသည်။ ချန်ဖူဝါကမူ ခါးညွတ်ဂါရဝပြုသည်။ စွမ်းစွမ်းကလည်း ချန်ဖူဝါ၏ အရိုအသေပေးပုံကို ကြည့်ပြီး စိတ်ထဲတွင် စိုးရိမ်သွားသည်။ သတိပေးပြောကြားရန်လည်း အချိန်မရတော့ပေ။

နန်းရင်ပြင်အလယ်တွင် ရတနာများ စီခြယ်ထားသော ဘိုင်ခုံကြီးတစ်လုံးရှိသည်။

အဘွားအိုက ထိုထိုင်ခုံတွင် ခန့်ညားစွာ ထိုင်သည်။

"မင်းတို့ ထကြပါ"

အရိုအသေပေးနေကြသော စွမ်းစွမ်းနှင့် မေနန်တို့ကို ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ပြီး ပြောလိုက်၏။ ထို့နောက် ချွန်ဖူဝါအား ...

"မင်းလည်း သက်သာသလို နေပါ"

"ဟုတ်ကဲ့ ...ကျွန်တော်ချွန်ဖူဝါက သခင်မကြီးကို လာရောက်ဂါရဝပြုပါတယ်ခင်ဗျာ"

အဘွားအိုက ရယ်မောသည်။

"ငါက ဝါစဉ်ကြီးဆရာမကြီးပါ။ သခင်မကြီးလို့ မခေါ်ပါနဲ့"

သခင်မကြီး၏ ပြုံးရယ်နေသော မျက်နှာသည် ခင်မင်စရာကောင်းလှပြီး သဘောကောင်းသူတစ်ယောက်ဟု ထင်ရသည်။ သူမ၏လေသံသည် ညင်သာပြီး ကြားရသူတို့၏ စိတ်နှလုံးကို ချမ်းမြေ့စေသည်။

ချွန်ဖူဝါက ပြောသည်။

"စွမ်းစွမ်းနဲ့ မေနန်တို့က သခင်မကြီးလို့ပဲ ခေါ်တယ် မဟုတ်လား"

သခင်မကြီးက ခေါင်းခါ၍ပြောသည်။

"တကယ်တော့ သူတို့ဟာ ငါ့ကို ကြောက်ရွံ့နေကြတာပါ။ ဒီသခင်မကြီးဆိုတဲ့ အခေါ်အဝေါ်နဲ့ပတ်သက်လို့ ငါလည်း သိပ်အရေးမထားပါဘူး"

ချွန်ဖူဝါက အလိုက်သင့် ထောက်ခံလိုက်သည်။

"တကယ်တော့ အခေါ်အဝေါ်က အရေးမကြီးပါဘူး ခင်ဗျာ၊ အရေးအကြီးဆုံးက စိတ်ထဲမှာ ကြည်ညိုလေးစားခြင်းပါ၊ စိတ်ထဲမှာ လေးစားရိုသေမှုရှိရင် ဘယ်လိုခေါ်ခေါ် အတူတူပဲမဟုတ်လားခင်ဗျာ"

သခင်မကြီးက ခေါင်းညိတ်ရင်း ...

"မှန်တယ်၊ ကဲ .... မင်းတို့ ကြားကြတယ်မဟုတ်လား"



စွမ်းစွမ်းနှင့် မေနန်တို့က ပြိုင်တူခေါင်းညိတ်ပြသည်။

သခင်မကြီးက ချွန်ဖူဝါဘက်လှည့်ကာ ...

"နံရံပေါ်ကပန်းချီကားတွေကို မင်းသိပ်နှစ်သက်နေသလား"

ချွန်ဖူဝါက ရိုသေလေးစားစွာပြောသည်။

"ဟုတ်ကဲ့၊ ကျွန်တော် နှစ်သက်ပါတယ်၊ ကျွန်တော်ဟာ အနုပညာဝါသနာပါတဲ့ သိုင်းသမားဖြစ်ပါတယ်၊ ပန်းချီပန်းပု တော်တော်များများကို လေ့လာခဲ့ဖူးပါတယ်"

ဤသို့ဖြင့် သခင်မကြီးနှင့် ချွန်ဖူဝါတို့သည် ရှေးဟောင်းပန်းချီပန်းပုနှင့်ပတ်သက်သော အကြောင်းများကို အမြင်ချင်း ဖလှယ်မိကြသည်။ ထိုပန်းချီပန်းပုအကြောင်းကို နားမလည်သော မေနန်နှင့် စွမ်းစွမ်းတို့နှစ်ယောက်မှာမူ အတွေးကိုယ်စီဖြင့် ပြင်ပသို့ ငေးမောနေမိကြလေသည်။

သခင်မကြီးနှင့် ချွန်ဖူဝါတို့သည် အပြန်အလှန် ပြောဆိုနိုင်ကြသဖြင့် ပန်းချီပညာမှတစ်ဆင့် ရာဇဝင်သမိုင်းအကြောင်းသို့ ရောက်ရှိသွား၏။ ထိုမှတစ်ဆင့် တရုတ်ပြည်တွင်းရှိ နာမည်ကြီး ရေကန်၊ တောင်ထိပ်နှင့်စိမ့်စမ်းများအကြောင်းသို့ ရောက်ရှိသွားပြန်သည်။

အကြားအမြင်၊ ဗဟုသုတများသော ချွန်ဖူဝါက သခင်မကြီး မေးသမျှ ပြောပြနိုင်၏။

သခင်မကြီးက စိတ်လိုလက်ရ ထုတ်ဖော်ချီးကျူးသည်။

"မင်းဟာ တော်တော် ဗဟုသုတကြွယ်တဲ့သူပေပဲ"

ဤသို့ဖြင့် အတန်ကြာ ပြောဆိုပြီးကြသောအခါ သခင်မကြီးက သက်ပြင်းရှည်ကြီးချသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရဲ့ ဇာတိမွေးရပ်ကို ပြန်မရောက်တာ အတော်ကြာပြီကွယ်၊ အဲဒီနေရာဟာ တကယ့်ကို နေထိုင်ကောင်းတဲ့အရပ်ပါ၊ ဒါပေမဲ့ တစ်ရပ်တစ်ရွာက လူတွေ ပြောင်းလာတော့ နေထိုင်လို့ မကောင်းတော့ဘူး၊ ဒါနဲ့ ငါတို့လည်း ဒီနေရာကို ပြောင်းခဲ့ရတာပဲ၊ ဒီနေရာက အင်မတန် လူသူကင်းရှင်းတဲ့နေရာ မဟုတ်လား"

အခန်းတစ်ခုလုံးသည် ခေတ္တ ငြိမ်သက်သွားသည်။

အတန်ကြာမှ သခင်မကြီးက ...

"ဒီတစ်ခါတော့ ပေါ်ပေါက်လာတဲ့ ပြဿနာနဲ့ပတ်သက်လို့ စွမ်းစွမ်းနဲ့ မေနန်က ငါ့ကို သေသေချာချာ ရှင်းပြခဲ့ပြီးပြီ၊ မင်းဆီမှာရော ဘာပြောစရာများ ကျန်သေးလဲ"

ချန်ဖူဝါက ...

"ဒီလိုဖြစ်လာရတာကို ကျွန်တော် စိတ်မကောင်းပါဘူးခင်ဗျာ၊ ကျွန်တော့်ပယောဂလည်း ပါနေတယ်မဟုတ်လား"

သခင်မကြီးက ညင်သာစွာပြောသည်။

"မင်း စိတ်မကောင်းဖြစ်မနေပါနဲ့၊ မင်းမရောက်ခဲ့ရင်လည်း ဆဲမာခြံတော့ ရောက်လာမှာ သေချာပါတယ်၊ အဆိပ်ဘုရင်ဟာ လိမ္မာပါးနပ်သူ ဟုတ်ရဲ့လားတော့မသိဘူး၊ နို့မဟုတ်ရင် ဆဲမာခြံက သူ့ကိုအသုံးချပြီး ရှေ့တန်းတင်ထားခြင်း ခံရလိမ့်မယ်ကွယ်"

ချန်ဖူဝါက ...

"ကျွန်တော့်စိတ်ထင်တော့ အဆိပ်ဘုရင်ဟာ ဒီလောက် အ, မယ်လို့တော့ မထင်ပါဘူး"

သခင်မကြီးက ...



"ဒါဆို ဆဲမာခြံကိုယ်တိုင် လာမှာသေချာပြီပေါ့၊ ထင်းတိတွေမှာ အခုလက်ရှိ အင်အားဘယ်လောက်ရှိသေးသလဲ"

"ကျွန်တော်တို့ရဲ့လက်ချက်နဲ့ အတော်ပျက်စီးနေတော့ လူအင်အားသိပ်ရှိတော့မယ် မထင်ဘူး၊ ဒါပေမဲ့ အထင်တော့ မသေးသင့်ဘူးလို့ ကျွန်တော်ယူဆပါတယ်ခင်ဗျား"

"ဆဲမာခြံက အင်အားအကုန်သုံးပြီး ပုံအောမှာကို ကြောက်ရတယ်ကွယ့်"

"ဆဲမာခြံက ဒီလောက်တောင် စွန့်ပျံမလားခင်ဗျာ"

"သူ ဒီလိုလုပ်လိမ့်မယ်လို့ ငါ ရာနှုန်းကိုးဆယ်ယုံကြည်နေတယ်"

"ဖြစ်တော့လည်း ဖြစ်နိုင်တာပါပဲ"

သခင်မကြီးက ...

"မင်းပြောသလို သူဟာ တစ်ချက်ခုတ် နှစ်ချက်ပြတ် ရည်ရွယ်ချက်နဲ့ ဒီလိုအကွက်ဆင်, ထောင်ချောက်ဆင်ထားတာပဲ၊ သူ ဆင်ထားတဲ့အကွက်အတိုင်း လိုလားချက်ရှိတယ်"

"ဟုတ်ကဲ့ ... စွမ်းစွမ်းက ထန်ခြံကို သတ်ဖြတ်အောင် ဖန်တီးတဲ့ရည်ရွယ်ချက်က ချိကျဲကြွေပွန်စန်အဆိပ်ရဲ့ ဖြေဆေးအတွက်ဆိုတာ သေချာနေပါပြီ၊ ဒါကိုတော့ ကျွန်တော် သိပြီးပါပြီလေ"

"ဟုတ်ပါတယ်"

သခင်မကြီးက ခေါင်းညိတ်ပြီး စွမ်းစွမ်းကိုကြည့်သည်။

"စွမ်းစွမ်းဟာ သွေးအေးအေးနဲ့ သေချာစဉ်းစားတတ်ရင် ဒီကောင်ချောက်ထဲကို ကျသွားလိမ့်မယ် မဟုတ်ဘူးကွယ့်"

www.burmeseclassic.com

www.burmeseclassic.com



စွမ်းစွမ်းခမျာ မျက်နှာကလေး ပျက်သွား၏။ ဒူးထောက်ထိုင်ချပြီး အပြစ်ကို ဝန်ခံသည်။

"ဟုတ်ပါတယ် မေမေ ... သမီး မှားခဲ့ပါတယ်၊ ဒီအပြစ်အတွက် သမီးကို သေဒဏ်ပေးနိုင်ပါတယ်"

သခင်မကြီးက ပြုံး၍ပြောလေ၏။

"မင်းကိုသတ်ချင်ရင် စောစောကတည်းက ငါ သတ်ပစ်လိုက်မှာပေါ့ ... ထစမ်း"

စွမ်းစွမ်း ထရပ်ရလေ၏။ သခင်မကြီးက ဆက်ပြော၏။

"မင်းကို ငါက တခြားပညာတွေ မတတ်စေချင်တဲ့အကြောင်းက သိုင်းပညာတစ်ခုတည်းမှာ ထူးချွန်စေချင်လို့ပါ။ ယခု မင်းရဲ့ လက်ရှိစွမ်းရည်မျိုးနဲ့ ဆဲမာခြံရဲ့ ထောင်ချောက်ကို ဘယ်နည်းနဲ့မှ မြင်နိုင်စွမ်းမရှိပါဘူး၊ မင်းက မြင်နိုင်တယ်ထားဦး၊ သူက တစ်မျိုးမဟုတ် တစ်မျိုး မရရအောင် မင်းကို လုပ်ကြံမှာပဲကွယ့်"

စွမ်းစွမ်းက ...

"သမီးက မေမေ့ထံ အရင်လာရောက် တိုင်ပင်သင့်ပါတယ်"

သခင်မကြီးက စွမ်းစွမ်းကို ရေလည်အောင် သေချာရှင်းပြသည်။

"မင်း ပြန်လာသည့်တိုင် ထန်ခြံလည်း သေကွင်းက မလွတ်ပါဘူး၊ သူက တစ်ပါးသူကို အသုံးချပြီး ထန်ခြံကို သတ်ပြီး မင်းအပေါ် အပစ်ပုံချဦးမှာပါ၊ အဆိပ်ဘုရင်နဲ့ငါတို့ကို ရန်ငြိုးရှိအောင် သူကလုပ်ကြံဦးမှာပါ"

သူမသည် ခေတ္တနားပြီးမှ ဆက်ပြော၏။



"ထန်ခြံကို လုပ်ကြံသတ်ဖြတ်ဖို့ဆိုတာ မလွယ်ကူပါဘူး၊ ဆဲမာခြံရဲ့ လက်အောက်မှာရှိတဲ့ သိုင်းသမားတွေအနေနဲ့ ထန်ခြံကို မယှဉ်နိုင်ဘူး၊ ဒီတော့ ထန်ခြံကိုယှဉ်နိုင်မယ့် မင်းကို အသုံးချရတော့တာပေါ့ ... နားလည်ပြီလား"

ထိုစကားကြားမှ စွမ်းစွမ်းသည် စိတ်သက်သာရာရပြီး သက်ပြင်းချနိုင်တော့သည်။ သခင်မကြီးသည် ချန်ဖူဝါကိုကြည့်ပြီး မေး၏။

"ဆဲမာခြံ အဆိပ်ဖြေဆေးရယူတဲ့ ရည်ရွယ်ချက်က ဘုရင်မင်းမြတ်ရဲ့ သက်တော်စောင့်ဖြစ်တဲ့ ထန်ပိုင်ချွမ်ကို ရင်ဆိုင်ဖို့ဆိုတာ မင်းသိပြီးပြီ မဟုတ်လား"

"ဟုတ်ကဲ့ ... သိပြီးပါပြီ"

သခင်မကြီးက ရယ်၍ပြော၏။

"ဒီလောက်ပြင်းထန်တဲ့အဆိပ်ကို ဖြေနိုင်မှတော့ ဘယ်အဆိပ်ကိုမဆို ဖြေနိုင်လိမ့်မယ်လို့ ဆဲမာခြံထင်နေတာ ရယ်စရာကောင်းနေတယ်ကွယ့်"

ချန်ဖူဝါ အံ့သြသွား၏။

"ဒီလိုသဘော မဟုတ်ဘူးလားခင်ဗျာ" —

သခင်မကြီးက ရှင်းပြသည်။

"မင်းက ဓားသိုင်းကျွမ်းကျင်တဲ့ သိုင်းသမားဆိုတော့ အဆိပ်ပညာဘက်မှာ အတွေ့အကြုံမရှိဘူးပေါ့၊ ဘယ်အဆိပ်မဆို သူ့ရဲ့ပင်ကို ထူးခြားချက်တွေ ရှိကြစမြဲပဲ၊ ဥပမာဆိုပါတော့ 'က'အဆိပ်ကိုနိုင်တဲ့ ဖြေဆေးဟာ 'ခ'အဆိပ်ကို ဖြေနိုင်ချင်မှ ဖြေနိုင်မယ်၊ နောက်ဥပမာတစ်ခုထပ်ပြောမယ်၊ ဘယ်လောက် အစွမ်းထက်တဲ့ဆေးပဲဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ် လောကကြီးမှာ ရှိရှိသမျှ ရောဂါအားလုံးကို ပျောက်ကင်းအောင် မကုနိုင်ပါဘူး၊ ဒီသဘောတရားအတိုင်းပေါ့၊ မင်း နားလည်ပြီလား"

ချန်ဖူဝါက ပြန်မေး၏။

"ဂိုဏ်းတစ်ခုထဲက ထွက်လာတဲ့အဆိပ်ကို ဂိုဏ်းတူ တစ်ယောက်က မဖြေနိုင်ဘူးလား"

သခင်မကြီးက ရယ်မောပြီး ...

"ဒီလိုသာဆိုရင် ထန်ပိုင်ချွမ်ဆီမှာလဲ ချိကျဲကြွေဟွန်စန် အဆိပ်ဖြေဆေးရှိတော့မှာပေါ့၊ ဒါပေမဲ့ ...ငါသိပါတယ်၊ ထန်ပိုင်ချွမ်း ဟာ ဒီအဆိပ်ကို မဖြေနိုင်ပါဘူး၊ အဆိပ်ဘုရင်ဟာ အဆိပ်ပညာမှာ အလွန်ထူးချွန်တဲ့ ပါရဂူတစ်ယောက်ပဲ၊ ထန်ပိုင်ချွမ်ဟာ သူ့လောက် အဆိပ်ပညာဘက်မှာ မကျွမ်းကျင်ဘူးကွယ့်"

ချန်ဖူဝါသည် စကားမပြောဘဲ စဉ်းစားနေစဉ် သခင်မကြီး က ...

"အဆိပ်ဘုရင်ဟာ အဆိပ်ဘုရင်နာမည်နဲ့လိုက်အောင် ထူးချွန်တဲ့ အဆိပ်ပါရဂူကြီးပဲ"

ချန်ဖူဝါက ရုတ်တရက်မေးလိုက်၏။

"သခင်မကြီးကို သူ့ရဲ့ချိကျဲကြွေဟွန်စန်အဆိပ်က ဒုက္ခ မပေးနိုင်ဘူး မဟုတ်လား"

သခင်မကြီးက ထိုစကားကို မကြားသလိုနှင့် ဆက်ပြောနေလေသည်။

"ဆဲမာမြို့က ချိကျဲကြွေဟွန်စန်ရဲ့ အဆိပ်ဖြေဆေးရရင် ထန်ပိုင်ချွမ်ကို ယှဉ်နိုင်မယ်လို့ ထင်နေတယ်၊ ဒါပေမဲ့ ဒီဟာလေးနဲ့တော့



မလုံလောက်သေးပါဘူး၊ ဥပမာဆိုကြပါစို့ ... ထန်ပိုင်ချွမ်းဟာ လက်ပေါင်းတစ်ထောင်လို့ သိုင်းလောကထဲမှာ နာမည်ကြီးတယ်၊ သူဟာ လက်နက်ပုန်းပစ်တဲ့နေရာမှာတော့ အတော်ဆုံးပဲ"

ချန်ဖူဝါသည် သခင်မကြီး၏စကားကို နားထောင်နေရင်း သေသေချာချာ စဉ်းစားတော့သည်။

ရုတ်တရက် သူ၏ဦးနှောက်ထဲတွင် လက်ခနဲ အသိဉာဏ် တစ်ခု ဝင်လာ၏။

"ဪ ... ဟုတ်ပြီ၊ ကျွန်တော် သဘောပေါက်ပြီ၊ ဆဲမာမြို့ ဟာ သခင်မကြီးတို့ရဲ့ သံချပ်ဝတ်စုံကို လိုလားနေတာပဲ"

သခင်မကြီးက ကျေနပ်နှစ်သိမ့်သော အပြုံးဖြင့် ခေါင်းညိတ် ကာ ...

"သိပ်ဉာဏ်ကောင်းတဲ့ ကလေးပဲ"

ဟု ချန်ဖူဝါကို ချီးမွမ်းလိုက်၏။ ချန်ဖူဝါက စွမ်းစွမ်းကိုကြည့် ကာ ...

"နင်တို့ ဝတ်တဲ့ သံချပ်ဝတ်စုံကို ဓား၊ လှံတွေ မဖောက်နိုင် ဘူး၊ နောက် ဒီဝတ်စုံဟာ ပေါ့ပါးပြီး လှပ်ရှားလို့ ကောင်းတယ်၊ ဆဲ မာမြို့အနေနဲ့ ဒီဝတ်စုံမျိုးဝတ်ပြီး ထန်ပိုင်ချွမ်းကို ယှဉ်ပြိုင်ရရင် ဆဲမာ မြို့ တစ်ပန်းသာနေပြီပေါ့၊ လက်နက်ပုန်းတွေကို သံချပ်ဝတ်စုံက ကာ ကွယ်ပေးပြီး အဆိပ်ငွေ့ကို ချိကျဲကြွေဟွန်စန်အဆိပ်ဖြေဆေးက ကာ ကွယ်ပေးရင် ထန်ပိုင်ချွမ်း ဒုက္ခရောက်သွားနိုင်တယ်"

သူသည် ခေတ္တစဉ်းစားပြီး သူ့တစ်ကိုယ်တည်းပြောသလို ရေရွတ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"စွမ်းစွမ်းကို ဆဲမာခြုံက ငွေပေးပြီး လူသတ်ခိုင်းတာဟာ ဒီသံချပ်ဝတ်စုံရဲ့ တကယ့်စွမ်းရည်ကို သိချင်လို့ စမ်းသပ်ခိုင်းလိုက်တဲ့ သဘောပဲဖြစ်ရမယ်"

ထိုအခါ သခင်မကြီးကဝင်၍ ...

"မင်းပြောတာ မှန်ပါတယ်၊ စွမ်းစွမ်းကို ဝုတ္တကူတောင်ကြားထဲ ရောက်အောင် သူ့အကွက်ဆင်ခဲ့တာဟာ သံချပ်ဝတ်စုံကို အဆိပ်ငွေ့တွေ ဝင်နိုင်၊မဝင်နိုင် စမ်းသပ်တာပဲကွယ့်"

ချန်ဖူဝါသည် အလွန်တုန်လှုပ်သွားပြီး ...

"ဆဲမာခြုံဟာ တကယ့်ကို ကြောက်စရာကောင်းတဲ့လူပဲ၊ သူဟာ အစစအရာရာ ကြိုတင်မြင်နိုင်စွမ်း ရှိပါပေတယ်၊ ဉာဏ်စွမ်းလည်း တော်တော်ထက်မြက်တဲ့လူပဲဗျာ၊ ဒါကြောင့် ထင်းတီထွေဟာ တိုတောင်းတဲ့ကာလအတွင်းမှာ ဒီလောက် အောင်မြင်လာတာပဲ၊ ကျွန်တော်တို့ အသိစောပြီး တားဆီးနိုင်လို့ပေါ့၊ နို့မို့ရင်တော့ မတွေးဝံ့စရာပဲဗျာ"

သခင်မကြီးက စွမ်းစွမ်းကိုကြည့်ကာ ခပ်တိုးတိုးရေရွတ်၏။

"စွမ်းစွမ်းဝတ်ဆင်တဲ့ သံချပ်ဝတ်စုံဟာ ဆဲမာခြုံနဲ့ မတော်လို့ပေါ့၊ မဟုတ်ရင် စွမ်းစွမ်းရဲ့ အသက်အန္တရာယ်တော့ မတွေးဝံ့စရာဘဲ"

ချန်ဖူဝါသည် ထိုအချက်ကို ယခုမှ သတိပြုမိသည်။

"ဩော် ... ဟုတ်သားပဲ၊ စွမ်းစွမ်းရဲ့ သံချပ်ဝတ်စုံကို ဆဲမာခြုံ ဝတ်လို့မှမရတာဘဲ"

သခင်မကြီးက ရယ်သည်။



"ဒီသံချပ်ဝတ်စုံဟာ ငါတို့ရဲ့ လျှို့ဝှက်ချက်ဖြစ်ပေမယ့် မင်းကြည့်ချင်ရင် မင်းကို ငါပြပါ့မယ်"

သူမ၏ စကားဆုံးသွားသည်နှင့် တစ်ပြိုင်နက်တည်း သူမ၏ နောက်ကျောဘက်ရှိ နံရံတစ်ချက်သည် ဖြည်းညင်းစွာ အောက်သို့ နိမ့်ဝင်သွားသည်ကို တွေ့ရ၏။

နံရံနောက်တွင် သံချပ်ဝတ်စုံတစ်စုံ ချိတ်လျက် တွေ့ရလေသည်။

☆

ချန်ဖူဝါ၏စိတ်ထဲတွင် မေးခွန်း အမြောက်အမြားရှိသော်လည်း သခင်မကြီးကို မမေးရဲဘဲရှိသည်။ နံရံကြီးသည် ထက်ဝက်နီးပါးခန့် နစ်၍သွားပြီးနောက် ဆက်မနစ်တော့ဘဲ အပေါ်သို့ ပြန်တက်လာကာ မူလနေရာအတိုင်း ပြန်ဖြစ်သွား၏။

သခင်မကြီးသည် ချန်ဖူဝါကို ကြည့်ပြီး ....

"မင်း စိတ်ထဲမှာ မေးစရာတွေရှိနေတယ် မဟုတ်လား၊ ဆဲမာခြုံဟာ ဘာကြောင့် ငါတို့အဖွဲ့အစည်းရဲ့ လျှို့ဝှက်ချက်ကို သိရှိနေရတာလဲလို့၊ တကယ်တော့ ထန်ပိုင်ချွမ်းရဲ့ လက်နက်ပုန်းကို ကာကွယ်ဖို့ ဒီသံချပ်ဝတ်စုံ မလိုအပ်ပါဘူး၊ ဆဲမာခြုံရဲ့ အတွင်းအားနဲ့ သိုင်းပညာဟာ အင်မတန် ကောင်းပါတယ်၊ နောက် ဒီလိုသံချပ်ဝတ်စုံတစ်စုံ ပြုလုပ်ဖို့ကလည်း လွယ်ကူပါတယ်"

ချန်ဖူဝါ ထောက်ခံသည်။

"ဟုတ်ပါတယ်၊ အကယ်၍ သူက ဝတ်စုံတစ်စုံ ပြုလုပ်ချင်ရင် စွမ်းစွမ်းရဲ့ သံချပ်ဝတ်စုံကို ပုံတူကူးပြီး ပြုလုပ်နိုင်ပါတယ်၊ အဲဒါဆို

www.burmeseclassic.com

www.burmeseclassic.com



ဘူးလည်း ကင်းတာပေါ့၊ သခင်မကြီးတို့နဲ့လည်း အတိုက်အခိုက် မလုပ်ရတော့ဘူးပေါ့"

သခင်မကြီးက ချန်ဖူဝါကို ကြည့်၍ရယ်သည်။

"သူက ဘာကြောင့် ဒီလိုမလုပ်ရတာလဲ ... သိလား၊ သူက ပုံသဏ္ဌာန်ကိုလိုချင်တာ မဟုတ်ဘူး၊ သူလိုချင်တာက ဒီသံချပ်ဝတ်စုံရဲ့ တကယ့်လက်တွေ့အသုံးပြုနိုင်တဲ့ အရည်အချင်းကို လိုချင်တာ"

ချန်ဖူဝါ သဘောမပေါက်သေးသဖြင့် ...

"ဘယ်လို အရည်အချင်းလဲခင်ဗျာ"

ဟုမေးသည်။ သခင်မကြီးက ...

"ငါတို့ရဲ့ သံချပ်ဝတ်စုံတွေဟာ ရိုးရိုးသံသတ္တုနဲ့ ပြုလုပ်ရတာ မဟုတ်ပါဘူး။ ဒီသံချပ်ဝတ်စုံပြုလုပ်တဲ့ သံသတ္တုအမျိုးအစားကို ငါ မပြောပါရစေနဲ့၊ ဒါပေမဲ့ ... ဒီသတ္တုနဲ့ အများဆုံးရောစပ်ရတဲ့ တခြား ပစ္စည်းကတော့ ရွှေစစ်စစ်ပဲ"

"ရွှေစစ်စစ် ..."

ချန်ဖူဝါ အံ့အားသင့်စွာ အော်ဟစ်မိသည်။

"အခု မင်း သဘောပေါက်ပြီလား။ ငါတို့ ဘာကြောင့် ရွှေကို ဒီလောက်လိုချင်ရသလဲဆိုတာ မင်းသိရောပေါ့"

ချန်ဖူဝါက ခေါင်းညိတ်ပြလိုက်သည်။ သခင်မကြီးကဆက်၍

"ငါတို့ ရွှေကို ရှာပုံရှာနည်းဟာ အတော် ရက်စက်ပေမယ့် ဒီနည်းဟာ လွယ်ကူပြီး မြန်မြန်ရနိုင်တယ်ဆိုတာ မင်းလက်ခံမှာပေါ့"

ချန်ဖူဝါသည် စကားမပြောနိုင်တော့ဘဲ မချိပြုံး ပြုံးနေသည်။ သခင်မကြီးက ပြုံး၍မေးသည်။



"မင်း အဖြေမတွေ့သေးဘူးလား။ ဆဲမားခြုံအနေနဲ့ ဒီသံချပ် ဝတ်စုံကို လိုအပ်နေတာဟာ ထန်ပိုင်ချုမ်အတွက် မဟုတ်ဘူးဆိုတာ မင်း မစဉ်းစားမိသေးဘူးလား"

ချန်ဖူဝါ အနည်းငယ် စဉ်းစားပြီး လက်ခံနဲ့ အသိဝင်သွားသည်။

"ကြင်းကန်းပို့ချမ်ကို ယှဉ်ပြိုင်တိုက်ခိုက်ဖို့လား သခင်မကြီး"

သခင်မကြီး၏မျက်နှာသည် အနည်းငယ် ညှိုးနွမ်းမှေးမှိန်သွားသည်ဟု ချန်ဖူဝါ ထင်လိုက်၏။ သခင်မကြီးက သက်ပြင်းရှည်ကြီး ချသည်။

"အင်း ... သူကလွဲလို့ ဘယ်သူ့အတွက်ရှိဦးမှာလဲ"

သခင်မကြီး၏ ထူးခြားသော အမူအရာကို မြင်လိုက်ရသဖြင့် သူ ဖျတ်ခနဲ မေးလိုက်သည်။

"သခင်မကြီးနဲ့ ဆရာကြီး ပို့ချမ်တို့ဟာ အသိအကျွမ်းဟောင်းတွေများလားခင်ဗျာ"

သခင်မကြီးသည် ထိုစကားကြားရသော် ဓားနှင့်အထိုးခံရသလို တစ်ကိုယ်လုံး တုန်ခါသွား၏။ သခင်မကြီးက အမူအရာပျက်ကာ ...

"အစက မသိခဲ့ရင်လည်း အကောင်းသား"ဟု တစ်ယောက်တည်း ရေရွတ်နေမိ၏။ သခင်မကြီး၏ မျက်နှာပေါ်တွင် ဝမ်းနည်းသော အရိပ်အယောင်များ ပေါ်လာ၏။

သူသည် မည်သို့ပြောရမည်မှန်း မသိတော့ပေ။ ထိုအခါ သခင်မကြီးက တတွတ်တွတ် ရေရွတ်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ပို့ချမ်း ... ဝါသနိဂိုဏ်းချုပ်ပို့ချမ်၊ သိုင်းလောကထဲမှာ ကြင်းကန်းလို့ နာမည်ကြီးတဲ့ သိမ်ထီသိုင်းသမားကြီး ကြင်းကန်းပို့ချမ်"

ချန်ဖူဝါသည် မျက်နှာဖြူဖပ်ဖြူရော်ဖြစ်နေသော သခင်မကြီးကိုကြည့်ကာ ခပ်ကြောင်ကြောင်ပြန်ဖြေ၏။

"ဟုတ်ကဲ့ ... ကြင်းကန်းပို့ချမ်ပါပဲခင်ဗျာ"

သခင်မကြီးသည် ရုတ်တရက် နောက်ထပ်ဆယ်နှစ်ခန့် အသက်ကြီးရင့်သလို ဖြစ်သွားသည်။

သခင်မကြီးသည် ကြင်းကန်းပို့ချမ်နှင့် မည်ကဲ့သို့ ပတ်သက်နေပါသနည်း။ ကြင်းကန်းပို့ချမ်ဟူသော အမည်ကို ကြားလိုက်သည်နှင့် အဘယ်ကြောင့် ဤမျှ ပြောင်းလဲသွားရလေသနည်း။

☆

ထိုအကြောင်းများကို ချန်ဖူဝါ မသိရှိခဲ့ပါ။

ထို့အပြင် ကြင်းကန်းပို့ချမ်၏နှုတ်မှ ဤသခင်မကြီးနှင့် ပတ်သက်သော အကြောင်းအရာကို တစ်ရံတစ်ဆစ်မျှ မကြားဖူးခဲ့ပါ။

သိုင်းလောကထဲတွင်လည်း သူတို့နှစ်ယောက်နှင့်ပတ်သက်သော အကြောင်း မကြားဖူးခဲ့ပါ။

ထို့ကြောင့် ချန်ဖူဝါ ဦးနှောက်ခြောက်နေရခြင်းဖြစ်ပါသည်။

အတန်ကြာမှ သခင်မကြီးက စွမ်းစွမ်းအားလှမ်းမေးလေ၏။

"ဒီနေ့ ရာသီဥတုဘယ်လိုလဲ"

"ဟုတ်ကဲ့ ... ကောင်းမွန်လှပါတယ်ရှင်"

"ဒါဆို ... ချန်ဖူဝါရယ်၊ မင်းရယ်၊ ငါရယ် လမ်းလျှောက်ထွက်ကြရအောင်"



ချန်ဖူဝါမှလွဲ၍ ကျန်သောလူအားလုံးသည် အံ့အားသင့်သွားကြသည်။ သူတို့သည် သခင်မကြီးနှင့်အတူ နှစ်ပေါင်းများစွာ အတူအကွ နေထိုင်ခဲ့ပါသည်။ သူတို့တစ်သက်တွင် သခင်မကြီး၏ ဤကဲ့သို့ သဉ်ကျေးသိမ်မွေ့စွာ ပြောဆိုခြင်းကို တစ်ခါမျှ မကြားဖူးခဲ့ပေ။ သခင်မကြီးသည် သူတို့နှင့် ဤကဲ့သို့ညင်သာသောလေသံနှင့် ပြောဆိုခြင်းသည် ပထမဦးဆုံးအကြိမ်သာ ဖြစ်ပေသည်။

အံ့အားသင့်နေသော စွမ်းစွမ်းသည် အတန်ကြာမှ အဖြေပေးနိုင်သည်။

"ဟုတ်ကဲ့ မေမေ"

သခင်မကြီးသည် ကျေနပ်စွာပြုံးပြီး မတ်တပ်ရပ်လိုက်၏။ ဘေးမှ ရပ်နေသော ရဲမွှေတော်နှစ်ဦးက ကျောက်စိမ်းဖြင့် ပြုလုပ်သော တောင်ဝှေးကို ရိုသေစွာ ကမ်းပေးလိုက်သည်။ သခင်မကြီးသည် ကျောက်စိမ်းတောင်ဝှေးကို အားပြုကာ လှေကားထစ်ပေါ်မှ ဆင်းလာ၏။ ချန်ဖူဝါနှင့် စွမ်းစွမ်းတို့သည် သခင်မကြီး၏ တစ်ဖက်တစ်ချက်ခြံရံလျက် ခပ်ရို့ရို့လိုက်ပါလာကြလေသည်။

မေနန်ကတော့ မတုန်မလှုပ်နှင့် မတ်တပ်ရပ်နေ၏။

သို့သော် သူမသည် သခင်မကြီးတို့ သုံးယောက်၏ နောက်ကျောကိုကြည့်ကာ မျက်ရည်ကျနေလေ၏။

☆

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃၁ )
## အိဘယ့်ကြမ္မာ

နန်းရင်ပြင်၏အပြင်ဘက်သို့ ရောက်ရှိလာကြသည်။

ချန်ဖူဝါ နှင့်စွမ်းစွမ်းတို့သည် တစ်ယောက်ကိုတစ်ယောက် တစ်ချက်ကြည့်လိုက်ကြ၏။ စွမ်းစွမ်းက ခေါင်းခါပြကာ မိမိလည်း နားမလည်ကြောင်း အရိပ်အကဲပြလိုက်သည်။

ချန်ဖူဝါနှင့် စွမ်းစွမ်းတို့ ခြံရံလျက် သခင်မကြီးသည် ဖြည်းနှေးစွာ လမ်းလျှောက်နေ၏။

တောက်ပသော နေရောင်ခြည်အောက်တွင် နန်းတော်ကြီးသည် ခန့်ညားလှပနေ၏။ သာယာသော ပတ်ဝန်းကျင်ကြောင့် သခင်မကြီးလည်း စိတ်ရွှင်လန်းလာသည်။

သခင်မကြီးက စွမ်းစွမ်းကို ပြောသည်။

"နန်းတော်ကြီးကို ဒီလောက်သန့်ရှင်းနေအောင် လုပ်ရတာ သိပ်တော့မလွယ်လှဘူး"

သူမစကားကို နားထောင်ခြင်းအားဖြင့် သူမသည် နန်းတော်အပြင်ဘက်ကို မရောက်ရသည်မှာ ကြာပြီဖြစ်ကြောင်း သိနိုင်သည်။

စွမ်းစွမ်းက ...



"မေမေမှာကြားထားတဲ့အတိုင်း နေ့စဉ်ရက်ဆက် သန့်ရှင်းရေးလုပ်ပါတယ်ရှင်၊ ဘယ်သူမှ မပျက်ကွက်ကြပါဘူး"

သခင်မကြီးက ပြုံးပြသည်။

"မင်းတို့တစ်တွေ မပျင်းအောင်လို့ ရည်ရွယ်ပြီး ခိုင်းတာပါ၊ လောကကြီးမှာ ဘယ်ရောဂါမဆို ကုစရာဆေးဝါး ရှိပါတယ်၊ ငြိမ်နေရင် ပျင်းတဲ့ရောဂါ ဝင်လာနိုင်တယ်၊ အလုပ်နဲ့လက်နဲ့မပြတ်ရင် ပျင်းတဲ့ရောဂါလည်း မဝင်နိုင်တော့ဘူးပေါ့ကွယ်"

စွမ်းစွမ်းက ရိုသေစွာပြော၏။

"မေမေရဲ့ဆုံးမမှုကြောင့် ဘာပဲဖြစ်ဖြစ် အပျင်းကြီးတဲ့ရောဂါ ကင်းခဲ့ပါပြီ"

"အေး... အေး... ကောင်းတယ်၊ ဘာပဲဖြစ်ဖြစ် အသက်ကြီးလာရင်တော့ မင်းတို့ သဘောပေါက်လာမှာပါ"

စွမ်းစွမ်းက ...

"ကျွန်မတို့တစ်တွေ မေမေကြီးကို ဘယ်တုန်းကမှ မကျေမနပ်မဖြစ်ခဲ့ပါဘူးရှင်"

သခင်မကြီးက ...

"ငါတို့ဟာ ဒီလူခေါင်တဲ့နေရာမှာ လာနေကြရတယ် ဆိုတော့ ငြီးငွေ့နိုင်တာပေါ့ကွယ်၊ ငါက မင်းတို့ မပျင်းအောင် အလုပ်ပေးထားရတာတာပါ"

စွမ်းစွမ်းက ..."ဟုတ်ကဲ့ ... မေမေပြောတာ မှန်ပါတယ်ရှင်"

"အေး ... မင်းဟာ ငါ့ကို သဘောကျအောင် နှစ်သိမ့်တတ်တဲ့ ကောင်မလေးပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက အမှန်ကို အမှန်တိုင်း ပြောတာပါ မေမေရယ်"

စွမ်းစွမ်းက ကမန်းကတန်း ပြန်ပြောသည်။ သခင်မကြီးက ရယ်မောရင်း ချန်ဖူဝါအား ကြည့်၍ ပြောလိုက်၏။

ချန်ဖူဝါက ခေါင်းညိတ်၏။

"ဟုတ်ကဲ့၊ ထကယ့်ကို လိမ္မာတဲ့မိန်းကလေးပါခင်ဗျာ"

သခင်မကြီးက ...

"ငါက သူ့ကို ရက်စက်ကြမ်းကြုတ်တဲ့ ကြေးစားလူသတ်သမားတစ်ယောက်ဖြစ်အောင် သင်ကြားပေးခဲ့ပေမယ့် သူ့ရဲ့စိတ်ရင်းကတော့ သိမ်မွေ့နူးညံ့လှပါတယ်၊ ဒါကို မင်း မြင်မြင်ချင်း သိတာပဲမဟုတ်လား"

ချန်ဖူဝါ ခေါင်းညိတ်လိုက်ရပြန်သည်။

သခင်မကြီးက ကျေနပ်စွာ ဆက်၍ပြောသည်။

"ငါ သိပါတယ် ... သူ့အတွင်းစိတ်ကို မင်းမသိရင် သူနဲ့မင်း အခုလောက် ဘယ်မြန်မြန် ရင်းနှီးပါ့မလဲ"

"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်ပြောချင်တာတစ်ခု ရှိပါတယ်၊ အဲဒါပြောရင် သခင်မကြီးအနေနဲ့ စိတ်များ ဆိုးမလား မသိဘူး"

"မဆိုးပါဘူး ... ပြောပါ"

"သူ ဗဟုသုတနည်းပါးတဲ့ကိစ္စနဲ့ပတ်သက်ပြီး ပြောချင်တာပါ၊ စွမ်းစွမ်းဟာ လူသတ်ရမယ့် ကိစ္စကလွဲလို့ တခြားဘာမှ မသိဘူး"

သခင်မကြီးက ...

"မင်းပြောတာ ငါနားလည်ပါတယ်၊ မကောင်းတာရှိသလို ကောင်းတာလည်းရှိပါတယ်၊ အကယ်၍ သူက သိနေရင် သူတစ်ပါးရဲ့



အကွက်ဆင်ထားတဲ့ ထောင်ချောက်ထဲကို မကျရောက်တော့ဘူးပေါ့၊ ဒါပေမဲ့ သူမသိတတ်တော့လည်း စိတ်ပူရတာတို့ စိတ်သောကရောက်ရတာတို့ မရှိတော့ဘူးပေါ့၊ သူလုပ်နေတဲ့ အလုပ်က သိပ်စဉ်းစားတတ်တဲ့လူတွေနဲ့ မလိုက်ဖက်တဲ့ အလုပ်မျိုးဆိုတာ မင်းလည်း သိသောပေါက်မှာပေါ့၊ စွမ်းစွမ်းကို အန္တရာယ်မဖြစ်စေချင်လို့ ငါက များများစားစား မသိစေချင်တာပေါ့ကွယ်"

သခင်မကြီးပြောသောစကားသည် မှန်ကန်ပါ၏။ ကြေးစားလူသတ်သမားတစ်ယောက် ဖြစ်လာရန် အဓိကအချက်မှာ လက်မရွံ့ရန်ပင်ဖြစ်သည်။

ထို့အတူ အသိဉာဏ်ရှိသောသူသည် ဘယ်တော့မှ ကြေးစားလူသတ်သမားဖြစ်မလာနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် စဉ်းစားဉာဏ်ရှိသောသူသည် အရာရာကို ချင့်ချိန်စဉ်းစားပြီး အမျိုးမျိုးသော စိတ်အနှောင့်အယှက်ဖြစ်လာတတ်သဖြင့် လက်တွန့်လာတတ်သည်။ သူသေကိုယ်သေ ယှဉ်ပြိုင်နေသော အချိန်မျိုးတွင် လက်တွန့်နေသူသာ ရှုံးစမြဲပင်။

ထို့ကြောင့် ကြေးစားလူသတ်သမားတစ်ယောက်သည် လက်မတွန့်ရသည့်အပြင် ရက်စက်ကြမ်းကြုတ်ရမည်။ သို့မှသာ အောင်မြင်သော ကြေးစားလူသတ်သမားတစ်ယောက် ဖြစ်လာမပေလိမ့်မည်။ သခင်မကြီး၏စကားကို နားထောင်ပြီး ချန်ဖူဝါသည် အကြံပြင်းချမိသည်။

"အင်း ... တကယ်တော့ သူမရဲ့ စိတ်နေသဘောထားအရ ကြေးစားလူသတ်သမားတစ်ယောက် မလုပ်သင့်ပါဘူးခင်ဗျား"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ငါ့လက်အောက်မှာ ဒီထက်သင့်လျော်မယ့်လူ တစ်ယောက်မှ မရှိတော့ဘူးကွယ့်၊ အခုလို အဖြစ်အပျက်မျိုးတွေ ဖြစ်လာတာကိုလည်း ငါက ကြိုတင်တွက်ဆပြီးမှ သူ့ကို အပြစ်မတင်ပါဘူး"

ချုန်ဖူဝါက ပြုံး၍ပြောသည်။

"ကျွန်တော်က သူ့ကို သိုင်းလောကအကြောင်း တော်တော်ကလေး ပြောပြလိုက်တယ်၊ သူ အသိလွန်သွားတဲ့အတွက် ကျွန်တော့်မှာ အပြစ်ရှိသွားပြီးနဲ့တူတယ်"

သခင်မကြီးက ရယ်ပြီး ...

"အကယ်၍ မင်းက သူ့ကို သဘောတရားတွေ သင်မပေးခဲ့ရင် သူဟာ အောင်မြင်နေတဲ့ ကြေးစားလူသတ်သမား တစ်ယောက်အဖြစ် ဆက်လက်တည်ရှိနေမှာပါ။ ဒါပေမဲ့ မင်းနဲ့မတွေ့ရင် သူ့အသက်ဟာ အဆိပ်ဂိုဏ်းသားရဲ့လက်ထဲမှာ သေဆုံးသွားမှာပေါ့။ မင်းနဲ့တွေ့လို့ သူ့အဖို့ နစ်နာဆုံးရှုံးတယ်လို့လည်း မဆိုနိုင်ပါဘူး"

ချုန်ဖူဝါက မချိပြုံးပြုံးကာ ဘာပြောရမှန်း မသိအောင် ဖြစ်နေစဉ် သခင်မကြီးက ဆက်၍ပြော၏။

"အခု သူ့ကို လူသတ်ခိုင်းရင် အောင်မြင်လိမ့်မယ်လို့ ငါ မယူဆတော့ဘူး"

စွမ်းစွမ်းက ထိတ်လန့်တုန်လှုပ်စွာဖြင့် ...

"မေမေ ... ကျွန်မ ... ကျွန်မ"

သို့သော် စကားက ပြည့်စုံအောင် ထွက်မလာတော့ပေ။

သခင်မကြီးက သူမကိုကြည့်ကာ ...

"အခုဆို မင်းဟာ လူတစ်ယောက်ကို သတ်သင့်မသတ်သင့်



စဉ်းစားဝေဖန်တတ်ပြီ၊ လူတစ်ယောက်ကို သတ်လိုက်ခြင်းအားဖြင့် ဒီလူရဲ့ သားမယားတွေကို ထိခိုက်နစ်နာစေမယ်ဆိုတာ မင်းစဉ်းစားတတ်ပြီမဟုတ်လား။ အဲဒီလို စဉ်းစားတတ်ရင် လက်တွန့်လာလိမ့်မယ်၊ မင်းက မတင်မကျဖြစ်နေချိန်မှာ ရန်သူက မင်းကို သတ်သွားမှာ သေချာပါတယ် သမီးရယ်"

စွမ်းစွမ်းက တုန်တုန်ယင်ယင်ပြောလေ၏။

"ဟုတ်ကဲ့ ... မေမေပြောတာ မှန်ပါတယ်"

"မေမေ ဘယ်တုန်းက မင်းကို လိမ်ပြောဖူးလို့လဲ၊ အင်း ... ဒါပေမဲ့ ... နောက်ပိုင်းကာလ ..."

စွမ်းစွမ်းက ပြတ်ပြတ်သားသား ကတိပေးလေသည်။

"မေမေ ဘယ်လိုခိုင်းခိုင်း ကျွန်မဆောင်ရွက်ပေးမှာပါ၊ ကျွန်မအသက်ကို မနမြောပါဘူး မေမေ"

သခင်မကြီးက ခေါင်းခါ၏။

"ဟင့်အင်း ... ငါပြောတာ ဒီလိုမဟုတ်ဘူး။ မင်းကို အမြဲတမ်း လူသတ်ခိုင်းလာခဲ့တယ်၊ အခု နောက်ပိုင်းမှာတော့ လူသတ်မခိုင်းချင်တော့ဘူး။ မိဘအနေနဲ့ တာဝန်ရှိတဲ့အပိုင်းကိုပဲ ဆောင်ရွက်ပေးချင်တယ်၊ မေမေက မင်းအတွက် အိမ်ထောင်ဖက်တစ်ယောက် ရှာပေးမလို့ပဲ"

စွမ်းစွမ်းက ရှက်ရှက်နှင့်ပြောလေသည်။

"သမီး အိမ်ထောင်မပြုချင်ဘူး။ မေမေ့ကို တစ်သက်လုံး လုပ်ကျွေးပါရစေ မေမေ"

သခင်မကြီးက ရယ်မော၍ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူမဆို အရွယ်ရောက်ရင် အိမ်ထောင်ပြုရမှာပေါ့၊ ဒါဟာ လူတစ်ယောက်မှာ ရှိသင့်တဲ့ ဝတ္တရားပဲ၊ သမီးရှက်မနေပါနဲ့၊ ဒါက မင်္ဂလာရှိတဲ့ကိစ္စပဲ၊ ရှက်စရာမလိုပါဘူး"

စွမ်းစွမ်းက ခေါင်းငုံ့ကာ ...

"အမေ ... သမီး တကယ်ပြောတာပါ၊ သမီး စိတ်ထဲမှာ လူသတ်ဖို့ပဲသိတယ်၊ သမီး အိမ်ထောင်မပြုချင်သေး ..."

စွမ်းစွမ်းစကားမဆုံးခင် သခင်မကြီးက ကြားဖြတ်ပြော၏။

"ဘာလဲ ... သမီးက ချန်ဖူဝါကို သဘောမကျလို့လား"

ထိုစကားကြောင့် စွမ်းစွမ်းနှင့် ချန်ဖူဝါတို့သည် ရုတ်တရက် ကြောင်သွားကြသည်။ သခင်မကြီးက ရယ်မောပြီး ...

"ချန်ဖူဝါဟာ ရုပ်လည်းချောင့်တယ်၊ ယောကျ်ားလည်း ပီသတယ်၊ နောက်ပြီး နင့်အပေါ် ကြင်နာယုယတယ်မဟုတ်လား၊ အမေဟာ သမီးကို နှစ်သက်လိမ့်မယ်လို့ ထင်နေတာ"

စွမ်းစွမ်းသည် ချန်ဖူဝါကို ခိုးကြည့်လိုက်ပြီးနောက် ခေါင်းငုံ့လိုက်သည်။ သခင်မကြီးက ဟန်လုပ်၍ ပြောလိုက်သည်။

"အေးလေ ... သမီးက မနှစ်သက်ဘူးဆိုရင်တော့ အမေလည်း ဘာတတ်နိုင်မှာလဲ"

ထိုစကားကို ကြားသောအခါ စွမ်းစွမ်းက အလန့်တကြား အော်မိ၏။

"အမေ ..."

သခင်မကြီးက ရယ်မောရင်း ...

"မင်း နှစ်သက်သလား၊ မနှစ်သက်ဘူးလား"



စွမ်းစွမ်းက ချန်ဖူဝါကို တစ်ချက်ခိုးကြည့်ပြီးမှ တုန်တုန်ယင်ယင်ပြောသည်။

"သမီး မပြောတတ်ဘူး၊ အမေ့သဘောအတိုင်းပဲ လုပ်ပါတော့"

သခင်မကြီးက ရယ်မော၍ပြောသည်။

"ချန်ဖူဝါ သဘောမတူမှာကို စိုးရိမ်မနေပါနဲ့၊ အကယ်၍ သူက နင့်ကို မနှစ်သက်ဘူးဆိုရင် နင့်အပေါ် ဒီလောက်ကြင်နာယုယမှာ မဟုတ်ပါဘူး သမီးရယ်၊ ငါက လူကြီးပဲ သိတာပေါ့"

စွမ်းစွမ်းသည် ရှက်လွန်းသဖြင့် ခေါင်းမဖော်ရဲတော့ပေ။ မျက်နှာတစ်ခုလုံး နီမြန်းလာကာ အလွန်ရှက်နေပေ၏။ သခင်မကြီးသည် ချန်ဖူဝါဘက်လှည့်လိုက်ပြီး လှမ်းမေးသည်။

"ချန်ဖူဝါ ... ငါပြောတာ ဟုတ်တယ်နော်"

ချန်ဖူဝါသည် မချိပြုံးပြုံးမိ၏။ စကားပြောရန် မော်ကြည့်လိုက်ရာ သူ အံ့ဩသွားလေတော့သည်။

☆

ချန်ဖူဝါကို ကြည့်နေသော သခင်မကြီး၏မျက်လုံးများသည် ဝမ်းနည်းသော အမူအရာများဖြင့် ဖုံးလွှမ်းနေသည်။

ထိုအမူအရာ ကြောင့် ချန်ဖူဝါ နှုတ်ဆိတ်သွားသည်။ သူမ၏ နှုတ်ခမ်းသည် တုန်တုန်ယင်ယင်ဖြင့် ချန်ဖူဝါအား သဘောတူရန် တောင်းပန်နေသယောင် ဖြစ်နေသည်။

ချန်ဖူဝါသည် လိမ္မာပါးနပ်ပြီး ဖြတ်ထိုးဉာဏ်ရှိသူဖြစ်၏။ သခင်မကြီး၌ တစ်စုံတစ်ခုသော အခက်အခဲရှိနေကြောင်းကို နှုတ်မှ

www.burmeseclassic.com

www.burmeseclassic.com



ထုတ်ဖော်မပြောဘဲရှိနေကြောင်း ချန်ဖူဝါရိပ်မိ၏။ ထို့ကြောင့် ပြတ်ပြတ်သားသားပင် ပြောချလိုက်သည်။

"မေမေ့သဘောအတိုင်း ပြုလုပ်နိုင်ပါတယ်ခင်ဗျာ"

သူ၏စကားသည် သခင်မကြီး၏သဘောကို လိုက်လျောနေသည့်အပြင် စွမ်းစွမ်းနှင့်အတူ သခင်မကြီးအား "မေမေ"ဟု ခေါ်လိုက်သဖြင့် သူ၏သဘောက ထင်ရှားပေါ်လွင်နေတော့သည်။

သခင်မကြီးသည် သက်ပြင်းရှည်ကြီးတစ်ချက်ချပြီး ကျေးဇူးတင်သော အကြည့်မျိုးဖြင့် ချန်ဖူဝါကို ကြည့်လိုက်သည်။ ထိုအကြည့်ကိုမြင်ရသော် ချန်ဖူဝါသည် လေးလေးနက်နက်စဉ်းစားရတော့သည်။

"စွမ်းစွမ်း တစ်ခုခုတော့ဖြစ်နေပြီထင်တယ်၊ ဘာဖြစ်နေတာလဲမသိဘူး"

စဉ်းစားရင်း သခင်မကြီးကို မော့ကြည့်လိုက်၏။ သခင်မကြီးက ချန်ဖူဝါ ဘာစဉ်းစားနေကြောင်း သိရှိဟန်နှင့် မသိမသာ ခေါင်းညိတ်ပြလိုက်သည်။

စွမ်းစွမ်းသည် သူတို့နှစ်ယောက်၏ ထူးခြားသောအကြည့်နှင့်အမူအရာများကို လုံးဝမမြင်ချေ။ သူမက ရှက်ရှက်နှင့် ခေါင်းငုံ့ထားသဖြင့် မမြင်ခြင်းဖြစ်ပေသည်။ စွမ်းစွမ်းက တခြားမိန်းကလေးများကဲ့သို့ သိမ်မွေ့နူးညံ့သော စိတ်ရှိသည့်အပြင် အလွန်လည်း ရှက်တတ်သော မိန်းကလေးဖြစ်ပါသည်။ သခင်မကြီးသည် ရယ်မောကာ နောက်ကျောမှ ပုန်းနေသော စွမ်းစွမ်း၏ ပခုံးလေးကို ဖက်လိုက်၏။

သူမသည် ရယ်ပင်ရယ်နေသော်လည်း မျက်နှာပေါ်တွင်တော့ ကြေကွဲဝမ်းနည်းဖွယ်ကောင်းသော အမူအရာရှိနေဆဲသော



ဖြစ်သည်။ အတန်ကြာမှ နဂိုမူလမျက်နှာမျိုးဖြစ်သွားသည်။

သခင်မကြီးက ခပ်တိုးတိုးပြော၏။

"ဒီကလေးမက လက်စသတ်တော့ ရှက်နေတာကိုး"

"မေမေကလည်း သမီးကို လှောင်ပြောင်ရော့မယ်"

စွမ်းစွမ်းက ရှိုးတိုးရှန့်တန့်နှင့်ပြောလိုက်၏။

တကယ်တော့သူမသည် သခင်မကြီးကိုအလွန်ကြောက်၏။ သို့သော် သခင်မကြီးက သူမအား အလွန်အရေးပေးပြီး အချိန်အခါကလည်း ကြည်နူးစရာမျိုးဖြစ်၍ ဤသို့ပြန်လှန်ပြောခြင်းဖြစ်ပါသည်။

စွမ်းစွမ်းသည် ချန်ဖူဝါအား တစ်ချက်ခိုးကြည့်၏။

ချန်ဖူဝါသည် စွမ်းစွမ်း၏မျက်နှာကို သေသေချာချာ ဂရုစိုက်ကြည့်မိသည်။ သူမ၏မျက်နှာကလေးသည် အလွန့်အလွန် နီမြန်းနေကြောင်း သူသတိပြုမိ၏။ နှင်းဆီပန်းအနီကဲ့သို့ နီမြန်းပြီး လှပနေ၏။ သို့သော် ထိုနီမြန်းသောမျက်နှာသည် သာမန်ရိုးရိုးနီမြန်းခြင်းထက် ပိုနေကြောင်း သူတွေ့ရ၏။ မှုမမှန်သော နီမြန်းခြင်းမျိုးဖြစ်ကြောင်း သူ ရိပ်မိလိုက်သည်။ ထို့ကြောင့် သူ့စိတ်ထဲတွင် ထိတ်ခနဲဖြစ်သွားပြီး ...

"အဆိပ်ဘုရင်ရဲ့ ချိုကျဲကြွေပွန်စနအဆိပ်ကြောင့်လား"ဟု စဉ်းစားမိတော့သည်။ သို့သော် ချန်ဖူဝါက ချက်ချင်းပင် ထိုစဉ်းစားသောအရာကို ဖြတ်တောက်လိုက်၏။ အဘယ်ကြောင့်ဆိုသော် မိမိ၏ထူးခြားသော အမူအရာကို စွမ်းစွမ်းတွေ့မြင်သွားမည်ကို စိုးရိမ်သောကြောင့်တည်း။ သူလည်း စွမ်းစွမ်းကဲ့သို့ ခေါင်းကို ငုံ့လိုက်သည်။ ခေါင်းငုံ့ပြီးမှ သူက စွမ်းစွမ်းကို အသာလေး ခိုးကြည့်လိုက်ရာ သူ့အား ခိုးကြည့်နေသော စွမ်းစွမ်းနှင့် မျက်လုံးချင်း ဆုံမိကြသည်။ စွမ်းစွမ်း

www.burmeseclassic.com

www.burmeseclassic.com



သည် ရှက်ရှက်နှင့် သခင်မကြီးနောက်ကွယ်သို့ ပုန်းအောင်းလိုက်၏။ သခင်မကြီးသည်သူတို့နှစ်ယောက်၏ အဖြစ်ကိုကြည့်ကာ ရယ်မောလိုက်ပြီး ...

'မင်းတို့မင်္ဂလာကိစ္စမြန်မြန်ဖြစ်အောင် မေမေစီစဉ်ပေးမယ်'

ချန်ဖူဝါအား ...

"မင်းရော လူကြီးမိဘတွေကို အိမ်ပြန်တိုင်ပင်ရဦးမလား"

"ဒီကိစ္စကို ကျွန်တော်ကိုယ်တိုင် ဆုံးဖြတ်ပေးနိုင်ပါတယ် ခင်ဗျာ"

တကယ်တော့ ချန်ဖူဝါ၏ မိဘနှစ်ပါးသည် ကွယ်လွန်သွားခဲ့လေပြီ။ ထို့ကြောင့် သူ့ထံတွင် တိုင်ပင်ရန် လူကြီးမရှိတော့ပါ။ သခင်မကြီးသည် ချန်ဖူဝါကိုကြည့်ကာ သက်ပြင်းတစ်ချက် ချလိုက်၏။ ချိုးကျူးစကားပြောလိုက်၏။

"မင်းဟာ တကယ်တော့ ငယ်ရွယ်ပေမယ့် အောင်မြင်ကျော်ကြားတဲ့ လူငယ်တစ်ယောက်ပါ၊ ဘဝတစ်ပါးသို့ ကူးပြောင်းသွားတဲ့ မင်းရဲ့မိဘဟာ သိခွင့်ရရင် တော်တော်ဝမ်းသာမှာပဲ"

"ဟုတ်ကဲ့ ... သူတို့ကလည်း ကျွန်တော့်ကို အိမ်ထောင်ပြုဖို့ မျှော်လင့်နေကြမှာပါဗျာ၊ အခုလို အိမ်ထောင်ပြုတာကိုသိရင် သူတို့ တကယ်ပဲ ဝမ်းသာကြမှာပါ"

သခင်မကြီးက ခေါင်းညိတ်၏။

"တကယ်တော့ ဖူးစာဆိုတဲ့အရာဟာ မွေးကတည်းက ပါလာပြီးသားပါ၊ အတင်းအဓမ္မလုပ်လို့ မရတဲ့အရာပါ၊ မင်းနဲ့ စွမ်းစွမ်းတို့ဟာ ဖူးစာဆုံလို့ မိုင်များစွာဝေးတဲ့နေရာကနေ လာရောက်ပေါင်း



စပ်ခဲ့ရတယ် မဟုတ်လား၊ မင်းတို့နှစ်ယောက်ဟာ တကယ်လိုက်ဖက်တဲ့ အတွဲတစ်တွဲဖြစ်သလို တကယ်လည်း ချစ်ကြလိမ့်မယ်လို့ ငါမျှော်လင့်ပါတယ်"

ချန်ဖူဝါက ရိုသေလေးစားစွာ ပြောသည်။

"ဟုတ်ကဲ့၊ မေမေရဲ့ ကြီးမားတဲ့မေတ္တာတရားကြောင့် ကျွန်တော်တို့နှစ်ယောက် အကြင်လင်မယားအဖြစ် ပေါင်းသင်းခွင့်ရတာပါ ခင်ဗျာ"

သခင်မကြီးက ရယ်၍ပြောသည်။

"အေး ... မင်းကတော့ ငါ့ကို ကျေးဇူးတင်တတ်တယ်၊ စွမ်းစွမ်းကျတော့ တစ်ခွန်းမှမပြောဘူး။ သူ့စိတ်ထဲမှာ ဘာများစဉ်းစားနေသလဲ မသိဘူး"

စွမ်းစွမ်းက ပျာပျာသလဲနှင့် ...

"မေမေ ... ကျွန်မလည်း တကယ် ...."

ဟုပြောဖို့ကြိုးစားသည်။ သူမ၏စကားမဆုံးမီ သခင်မကြီးက ရယ်မောကာပြောလေ၏။

"ငါသိပါတယ် ... မင်းရှက်နေလို့ ဘာမှမပြောတာပါ"

စွမ်းစွမ်းသည် ရှက်ပြီး စကားမပြောရဲတော့ပေ။ သခင်မကြီးက ချန်ဖူဝါအား ...

"ကဲ ...မင်းတို့နှစ်ယောက် စကားပြောနှင့်၊ ငါ သွားတော့မယ်၊ နေ့လယ်ကျ ထင်းရှူးရေကန်ကြီးမှာ ငါရှိနေမယ်၊ မင်းတို့ လာခဲ့"

စွမ်းစွမ်းသည် ပျာပျာသလဲနှင့် ...

"သမီး မေမေနဲ့အတူလိုက်ခဲ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



သခင်မကြီးက ရယ်မောပြီး ...

"ဘာလဲ သမီးက ချန်ဖူဝါနဲ့ အတူမနေချင်ဘူးပေါ့လေ ဟုတ်လား"

ဟု မေးလိုက်၏။

စွမ်းစွမ်းသည် ရုတ်တရက် ကြောင်အမ်းအမ်းဖြစ်သွားလေသည်။ ထိုစဉ် သခင်မကြီးသည် ပေါ့ပါးစွာထွက်ခွာသွားတော့သည်။

☆

စွမ်းစွမ်းသည် သခင်မကြီးနောက်သို့ လိုက်သွားတော့မလိုလိုနှင့် ချန်ဖူဝါကို သမင်လည်ပြန်ကြည့်ကာ ရှက်ပြုံးလေး ပြုံးလိုက်ရင်း ကျန်ရစ်ရှာလေ၏။

နဂိုက လှပချောမောသော စွမ်းစွမ်းသည် မခို့တရို့အပြုံးလေး ပြုံးလိုက်သောအခါ ပို၍ ဆွဲဆောင်မှုရှိလာသည်။ စွမ်းစွမ်းကို ကြည့်နေသော ချန်ဖူဝါသည် ရင်ထဲ၌ တသိမ့်သိမ့်လှုပ်ရှားလာ၏။

သို့သော် စိတ်လှုပ်ရှားမှုကား ခဏတဖြုတ်သာ ဖြစ်ပါသည်။ ထိုခံစားမှုနောက်မှ လိုက်ပါလာသောအရာက ဝမ်းနည်းကြေကွဲသော ခံစားချက်များပင် ဖြစ်တော့သည်။

စွမ်းစွမ်းသည် ချန်ဖူဝါအား ကျောပေးထားသဖြင့် ပြောင်းလဲနေသောချန်ဖူဝါ၏ အမူအရာကို မမြင်နိုင် ချေ။ အကယ်၍ သူမက တွေ့မြင်ခဲ့လျှင်လည်း လေးလေးနက်နက် ဂရုစိုက်စဉ်းစားနိုင်မည် မဟုတ်ချေ။

အဘယ်ကြောင့်ဆိုသော် သူမသည် အချစ်ဟူသောတိမ်သလ္လာ၏ ဖုံးလွှမ်းမှုကို ခံလိုက်ရသောကြောင့်ဖြစ်ပါသည်။



အထူးသဖြင့် စွမ်းစွမ်းကဲ့သို့ တစ်ကြိမ်တစ်ခါမျှ မချစ်ခဲ့ဖူးသော မိန်းကလေးများအဖို့ ပိုဆိုးပါသည်။

ချန်ဖူဝါသည် စွမ်းစွမ်းရှိရာသို့ လျှောက်လာပြီးနောက် စွမ်းစွမ်း၏ ပခုံးနှစ်ဖက်ကို အသာအယာကိုင်ကာ ကြင်နာယုယသောလေသံဖြင့် မေးလိုက်၏။

"ညီမလေး ဘာဖြစ်နေတာလဲဟင်"

စွမ်းစွမ်းက ခေါင်းခါပြကာ ...

"ဘာမှ မဖြစ်ပါဘူး"

ဟု ဖြေ၏။

"ညီမလေး အစ်ကို့ကိုစိတ်ဆိုးနေသလား"

"အို ... ဘာဖြစ်လို့ စိတ်ဆိုးရမှာလဲ"

"ညီမလေးလို သိပ်လှတဲ့ မိန်းကလေးနဲ့ အစ်ကိုလို ရုပ်ဆိုးတဲ့ လူနဲ့ မတန်လို့ပေါ့ကွယ်"

"အို ... အစ်ကိုကြီးက ပြောင်းပြန်ပြောနေပြန်ပြီ"

"တကယ်ပြောတာပါ။ ညီမလေးလို လှပချောမောတဲ့ မိန်းခလေးမျိုးကို အစ်ကို တစ်ခါမှ မမြင်တွေ့ရသေးဘူး"

တောင်ပလင်းထိန်သော နေရောင်ခြည်အောက်တွင် စွမ်းစွမ်း၏မျက်နှာသည် အရက်သောက်ထားသကဲ့သို့ နီရဲနေ၏။

အလွန် ထင်ရှားသော နီမြန်းခြင်းမျိုးဖြစ်၏။ ချန်ဖူဝါသည် ဤကဲ့သို့သော အရောင်အသွေးရှိသော မျက်နှာမျိုးကို တစ်ခါမျှ မတွေ့ခဲ့ဖူးပါ။ ဤမျက်နှာသည် အလွန်လှပသော်လည်း မှားမှန်သော အခြေအနေပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ချန်ဖူဝါသည် သေသေချာချာစိုက်ကြည့်သော်လည်း တခြားသောထူးခြားချက်များ တစ်ခုမျှမတွေ့ရချေ။

စွမ်စွမ်းသည် ခေါင်းမော့လိုက်သောအခါ ချန်ဖူဝါနှင့် အကြည့်ချင်းဆုံသွားတော့သည်။

"အစ်ကိုကြီး ဘာကြည့်နေတာလဲ"

"ညီမလေးက သိပ်လှလို့ပေါ့ကွယ်၊ နင်ဘာဖြစ်လို့ ဒီလောက်လှရတာလဲ ... ဟင်"

စွမ်းစွမ်းသည် ရှက်သွားပြီး ချန်ဖူဝါ၏ ရင်ခွင်ထဲသို့ တိုးဝင်လိုက်၏။

"အစ်ကိုကြီးက မြှောက်နေတာပဲ"

ချန်ဖူဝါသည် စွမ်းစွမ်းကို ရင်ခွင်ထဲသို့ကြုံးဖက်ထားလိုက်ပြီး သူမ၏ဆံပင်ကို ကြင်နာစွာ ပွတ်သပ်ပေးလိုက်သည်။ သို့သော် သူ၏စိတ်ထဲတွင်တော့ အတွေးပေါင်းများစွာက လျှိုင်းထန်နေသလို လှုပ်ရှားစဉ်းစားနေသည်။

သူ၏ရင်ထဲတွင် ကြည်နူးနေသလိုလို နှမြောနေသလိုလိုနှင့် ခံစားမှုများစွာ ပြည့်သိပ်နေပါသည်။

☆

သခင်မကြီးသည် နှုတ်မှဖွင့်မပြောခဲ့သော်လည်း သူမ၏မျက်ဝန်းထဲမှ ဆိုလိုချင်သော အဓိပ္ပာယ်ကိုမူ ချန်ဖူဝါက ကောင်းစွာနားလည်သဘောပေါက်နေပါသည်။

သခင်မကြီးကဲ့သို့သော ဂုဏ်သိက္ခာ မြင့်မားသော အမျိုးသမီးကြီးတစ်ယောက်သည် မည်သူ့ကိုမျှ အကြောင်းမဲ့ ဝေဘင်းပန်



လိမ့်မည်မဟုတ်ပါ။ သခင်မကြီးသည် မလွဲသာမရှောင်သာ အခြေအနေကြောင့်သာ သူ့ဆီမှ အကူအညီတောင်းခြင်းဖြစ်ကြောင်း ချန်ဖူဝါ သိပ်မိလိုက်ပါ၏။

သခင်မကြီးသည် စွမ်းစွမ်းအပေါ် အကြင်နာတရားရှိကြောင်း ချန်ဖူဝါအနေဖြင့် ယခုမှပင် ပြည့်ပြည့်ဝဝ သိရှိလိုက်ရသည်။

သခင်မကြီးသည် မည်သည့်အကြောင်းကြောင့် မသိ။ ယခုအချိန်၌ စိတ်ချမ်းချမ်းသာသာ ရှိစေလိုသည့်သဘောကိုလည်း ချန်ဖူဝါ သိပ်မိသည်။

စွမ်းစွမ်းက ချန်ဖူဝါအား တိတ်တခိုး ချစ်မိနေကြောင်း သခင်မကြီး ရိပ်စားမိသောကြောင့် ဤကဲ့သို့ မင်္ဂလာကိစ္စ ဖန်တီးပေးလိုက်ခြင်းပင်ဖြစ်သည်။

အမှန်တော့ ချန်ဖူဝါသည် စွမ်းစွမ်းကို ကြင်နာပါသည်။ ဂရုဏာရှိပါသည်။ မချစ်ပါ။ သို့သော် စိတ်ကောင်းရှိသော ချန်ဖူဝါသည် သခင်မကြီး၏အဆိုကို လက်ခံခဲ့သည်။

မည်သို့ ဆိုစေ တိုတောင်းသောကာလအတွင်း စွမ်းစွမ်းကို ပျော်ပျော်ရွှင်ရွှင် နေထိုင်နိုင်အောင် ချန်ဖူဝါ ဆောင်ရွက်ပေးမည်ဟု ဆုံးဖြတ်၏။

စွမ်းစွမ်းသည် မည်မျှကြာအောင် အသက်ရှည်ရှည်နေနိုင်လေမည်နည်း။ ဤအဖြေကို ကံကြမ္မာအရှင်သခင်မှတစ်ပါး မည်သူမျှ သိရှိနိုင်လိမ့်မည် မဟုတ်ပါချေ။

☆

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃၂ )
## ဇရဲသို့ အကြိုခရီး

ချောင်းရေများသည် အဆင်မပြတ် စီးဆင်းနေသည်။

ဆဲမာခြုံသည် သူ၏လက်အောက်ငယ်သားဖြစ်သူ ကိုးစွန်းဖန် ရောက်လာသည်နှင့် သူ၏အတွေးများကို ရပ်ဆိုင်းပစ်လိုက်ရသည်။ ကိုးစွန်းဖန်က ဦးညွတ်ဂါရဝပြုသည်။

"ကျွန်တော် ကိုးစွန်းဖန် ရောက်ရှိလာပါပြီခင်ဗျာ"

ဆဲမာခြုံက ခပ်မာမာပင်မေးသည်။

"အဆိပ်ငါးမျိုးဂိုဏ်းဆီက ဘာသတင်းတွေ ရထားသလဲ"

သူတို့ဟာ သစ်ပင်တွေခုတ်လှဲပြီး ကမ်းစပ်မှာ ယာယီစခန်းတွေ ဆောက်နေကြပါတယ်၊ ကြည့်ရတာ အဲဒီနေရာမှာ အခိုင်အမာ စတည်းချမယ့်ပုံပါပဲ"

"အဆိပ်ဘုရင်ကော တွေ့ခဲ့သေးသလား"

"မတွေ့ရပါဘူးခင်ဗျာ၊ ဒါပေမဲ့ ... အဆိပ်ငါးမျိုးဂိုဏ်းရဲ့ ဂိုဏ်းသားတွေဟာ အဆက်အပြတ် ရောက်ရှိနေကြပါတယ်"

"အေး ... မင်းတို့ အဝေးကပဲ အကဲခတ်ပြီးနေကြ၊ သိပ်ပြီး အနားမကပ်ကြနဲ့"



ကိုးစွန်းဖန်က မျက်နှာလိုမျက်နှာရ ဆက်ပြောသည်။

"သူတို့ရဲ့ အစောင့်အကြပ်ဟာ တော်တော်များပါတယ် ခင်ဗျာ၊ ကျွန်တော်တို့ သူတို့နားကပ်တာနဲ့ ချက်ချင်းသိကြပါတယ်၊ ရှေ့ဆက်မတိုးဖို့ အမိန့်ပေးတာဖြစ်ခဲ့ကြတယ်၊ ဒါကို ကျွန်တော်တို့ လူတစ်ယောက်က မကြားချင်ယောင်ဆောင်ပြီး ဆက်တိုးတော့ သူတို့ရဲ့ အဆိပ်သင့်ပြီး သေဆုံးသွားပါတယ်ဗျာ"

"သေတာတောင် နည်းသေးတယ်"

ဆဲမာခြုံက ထပ်မေးသည်။

"သစ်ဖောင်တွေကော ဖွဲ့ပြီးပြီလား"

"ဟုတ်ကဲ့၊ သစ်ဖောင် ဆယ့်ငါးစီးတိတိ ပြီးစီးနေပါပြီခင်ဗျ"

"ကောင်းပြီ ... သစ်ဖောင်တစ်စီး ယူခဲ့၊ ငါနဲ့အတူ ဟိုရှေ့နားကို သွားကြမယ်"

ကိုးစွန်းဖန်းက ပြန်မေးသည်။

"ခေါင်းဆောင်ကြီး ... ကျွန်တော်တို့က ..."

ဆဲမာခြုံ စိတ်မရှည်သံဖြင့်ပြောသည်။

"မင်း စကားမရှည်နဲ့၊ ငါခိုင်းသလို လုပ်စမ်း၊ အဆိပ်ဂိုဏ်းသားတွေမလှုပ်တော့ ငါက လှုပ်ရတော့မှာပေါ့"

ကိုးစွန်းဖန်က ...

"သူတို့က နောက်ကျသွားမှာကို မစိုးရိမ်ဘူးလားခင်ဗျ"

ဆဲမာခြုံက ရယ်မောကာ ...

"သူတို့က ငါတို့ကို ဘယ်နည်းနဲ့မှ အထဲကိုရောက်အောင် မတိုက်ခိုက်နိုင်ဘူးလို့ အပိုင်တွက်ထားတယ်ကွ"

www.burmeseclassic.com

www.burmeseclassic.com



"အခုအတိုင်းဆိုရင် ကျွန်တော်တို့က ရှေ့က လမ်းရှင်းပြီးမှ သူတို့က ကျွန်တော်တို့နောက်ကိုလိုက်မယ့်သဘောမျိုးပေါ့"

"အေး ... ဒီသဘောနီးနီးပေါ့၊ ဟား ... ဟား ... ဟား ... ငါတို့လူအင်အား ဘယ်လောက်ရှိတယ်ဆိုတာ သူတို့မသိသေးဘူး နောက်မှ သူတို့က နောက်ကျပြီဆိုပြီး ရင်ထုနေမှာ မြင်ယောင်သေး"

ဆဲမာခြို့က တဟားဟားရယ်နေလေသည်။

ကိုးစွန်းဖန်၌ အခြားပြောပလောက်သည့် အရည်အချင်း မရှိသော်လည်း ခေါင်းဆောင်ကို မြှောက်ပင့်ပြောဆိုရာ၌မူ အရည်အချင်း ကောင်းစွာရှိပေသည်။

"ခေါင်းဆောင်ကြီးသာ ဦးဆောင်ဝင်တိုက်ရင် ဒီသံချပ်လူရဲ့ ဌာနချုပ်ကို ကျွန်တော်တို့ လွယ်လွယ်ကလေးနဲ့ အောင်မြင်မှာ သေချာတယ်လေ"

"အေးပေါ့ကွာ၊ ကျုပ်က မပိုင်ရင် ဘယ်တော့မှ မလုပ်ဘူး ပိုင်မှလုပ်တတ်တဲ့လူကွ၊ ဒါပေမဲ့ အကောင်းဆုံးကတော့ အဆိပ်ငါးမျိုး ဂိုဏ်းသားတွေ အရင်ဝင်ရောက်တိုက်ခိုက်နိုင်ရင်တော့ အကောင်းဆုံးပဲပေါ့၊ ခက်တာက သူတို့က ဘယ်အချိန်ကျမှ ဝင်တိုက် မယ်မှန်း ခန့်မှန်းလို့မရတာဘဲကွ၊ သူတို့က စောင့်နိုင်တယ်၊ ကျုပ်တို့က မစောင့်နိုင်ဘူး။ ဒီတော့ တို့ကပဲ ဦးဆောင်ရတော့မှာပေါ့"

ကိုးစွန်းဖန်က ခေါင်းညိတ်၍ပြောသည်။

"ဟုတ်တယ်ဗျ၊ သူတို့ရဲ့ ရည်ရွယ်ချက်က ကလဲ့စားချေဖို့ပဲ ကလဲ့စားချေနိုင်ရင် ဘယ်လောက်ကြာကြာ သူတို့စောင့်နိုင်တာပေါ့"

ဆဲမာခြို့၏မျက်နှာသည် ရုတ်တရက် တည်သွားသည်။



"အကယ်၍ ကျုပ်တို့က သံချပ်ဝတ်စုံနဲ့ လူသတ်သမားကို အရှင်ဖမ်းနိုင်ရင် ဖမ်းရမယ်ကွ၊ ဒါမှ အဆိပ်ဂိုဏ်းသားတွေနဲ့ အလဲ အလှယ်လုပ်နိုင်မှာ"

ဆဲမာခြို့က ကိုးစွန်းဖန်ကို လက်ခါယမ်း၍ အချက်ပြလိုက်သည်။ ကိုးစွန်းဖန်သည် ဆဲမာခြို့နားမှ လျင်မြန်စွာ ပြေးထွက်သွားလေတော့သည်။

☆

မကြာမီ သစ်ဖောင်တစ်ခုသည် ဆဲမာခြို့ရှိရာ ကမ်းစပ်သို့ ဆိုက်ရောက်လာသည်။ သစ်ဖောင်ပေါ်တွင် ကိုးစွန်းဖန်သည် ကျင်လည်စွာ ပဲ့ကိုင်လျက်ရှိသည်ကို တွေ့ရသည်။ သစ်ဖောင်တည်ငြိမ်မှုကို ကြည့်ခြင်းအားဖြင့် ကိုးစွန်းဖန်သည် အလွန်ဝါရင့်သော လှေသမားတစ်ယောက် ဖြစ်ကြောင်း အကဲခတ်နိုင်ပေသည်။

ဆဲမာခြို့သည် သစ်ဖောင်ပေါ်သို့ ခုန်တက်လိုက်၏။ သစ်ဖောင်လည်း ကမ်းစပ်မှ ခွာလာတော့၏။ အလွန်ဒါရာ ရေစီးသန်သော ချောင်းထဲတွင် သစ်ဖောင်သည် တည်တည်ငြိမ်ငြိမ်ပင် မျောပါလာသဖြင့် ဆဲမာခြို့ အံ့ဩမိသည်။

"မင်းရဲ့ပညာက ဘယ်ဆိုးလို့တုံး"

ကိုးစွန်းဖန်သည် သူ့အစွမ်းကိုပြခွင့်ရသဖြင့် အလွန်ကျေနပ်သွားသည်။

"ကျွန်တော့်ဇာတိက ပင်လယ်ကမ်းခြေရှိ ရွာတစ်ရွာဖြစ်ပါတယ်၊ ဒါကြောင့် ... ဒီလှေလှော်၊ လှေထိန်းတဲ့ပညာကို ရှစ်နှစ်သားကတည်းက တတ်ကျွမ်းခဲ့ပါတယ်ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"အေး …ကောင်းတယ်၊ ဒီနေရာမျိုးမှာ မင်းပညာကိုအသုံးချရမယ်၊ တော်ကြာ အဝင်ဝနားရောက်ရင် အရှိန်ကိုလျှော့ချလိုက်၊ ဒီအဝင်ဝမှာ သူတို့ တစ်ခုခုလုပ်ထားနိုင်တယ်၊ တို့ သတိထားရမယ်"

ကိုးစွန်းဖန်က သူ၏လှော်တက်ကြီးဖြင့် ထိန်း၍လှော်ခတ်လာ၏။ အတော်ကြာသောအခါ ချောင်းဝသို့ ရောက်လာပြီး ကျယ်ပြန့်သော ရေကန်ကြီးနှင့် သဲသောင်များကို မြင်ရတော့သည်။

ဆဲမာခြုံသည် မိမိရှေ့တွင် ရှိနေကြသော သဲသောင်များကို မျက်မှောင်ကြုတ်စဉ်းစားရင်း ကြည့်နေသည်။ သဲသောင်အမြောက်အမြားကြားဝယ် ရေလမ်းများသည် ရှုပ်ယှက်ခတ်နေသည်ကို တွေ့ရ၏။ အဝင်ရေလမ်းကြောင်းပေါင်း ရာချီရှိနေသည်ဟု ထင်ရ၏။

ကိုးစွန်းဖန်သည် ထိုအဝင်ဝပေါင်းများစွာကြောင့် ဝေခွဲမရဘဲ ဘယ်အဝမှဝင်ရမည် မသိအောင် ဖြစ်နေ၏။ ရေကြောင်းလမ်းများအစပ်ဝယ် သစ်ဖောင်သည် တဝဲဝဲတလည်လည် ဖြစ်နေ၏။ ဆဲမာခြုံက ရေကြောင်းလမ်းတစ်ခုကို ညွှန်ပြပြီး အမိန့်ပေးလိုက်၏။

"ငါတို့ ဒီကနေဝင်မယ်"

ကိုးစွန်းဖန်က စိုးရိမ်စွာမေးသည်။

"ဒါက အဝင်ဝအမှန်လား"

ဆဲမာခြုံက ရယ်မောကာ …

"ဘယ်အဝင်ဝ,မဆို အမှန်ချည်းပဲ၊ အထဲရောက်မှ ဟုတ်မဟုတ် သိနိုင်မယ်ကွ၊ ဝင်မှာသာဝင်စမ်းပါ"

ကိုးစွန်းဖန်သည် ဆဲမာခြုံ၏အပြုံးကို မြင်ရသော် ဆက်မမေးရဲတော့ဘဲ ညွှန်ရာအတိုင်း လိုက်ဝင်သွားရတော့သည်။



အဝင်ဝသို့မဝင်မီက ကိုးစွန်းဖန်သည် သဲသောင်များကို ရေတွက်နိုင်ခဲ့သည်။ အထဲသို့ရောက်သောအခါတွင်မူ သဲသောင်များကို မရေတွက်နိုင်တော့ပေ။ သူသည် နောက်လှည့်ကာ အဝင်ဝကို ကြည့်လိုက်သည်။ အဝင်ဝတွင်လည်း သဲသောင်များစွာ ပေါ်ထွက်နေသည်ကို တွေ့ရပြန်သည်။ ကိုးစွန်းဖန် အကြီးအကျယ် တုန်လှုပ်သွားသည်။

ဆဲမာခြုံသည် ကိုးစွန်းဖန်၏မျက်နှာရှေ့သို့ အင်္ကျီလက်ဖြင့် တဖျပ်ဖျပ်ခါယမ်းပြီး တဖြောင်းဖြောင်း လက်ခုပ်တီးလိုက်လေသည်။

ထိုအခါ ကိုးစွန်းဖန်၏အာရုံငါးပါးသည် ရုတ်တရက် ကြည်လင်ရှင်းလင်းသွား၏။ သူ၏မျက်စိထဲတွင် တွေ့ရသော သဲသောင်များစွာတို့လည်း ရုတ်တရက် ပျောက်ကွယ်သွားလေသည်။

ယခု သူတွေ့ရသည့်အရာမှာ ရေကြောင်းတစ်ခုနှင့် သဲသောင်နှစ်ခုတို့သာ ဖြစ်တော့သည်။ ကိုးစွန်းဖန်သည် အလွန်အံ့အားသင့်ကာ မေး၏။

"ဒါက ဘယ်လိုဖြစ်တာလဲ ခေါင်းဆောင်ကြီးခင်ဗျား"

"မျက်စိအာရုံကိုလှည့်စားတဲ့ ဝက်ပါတစ်မျိုးပေါ့ကွာ"

ဆဲမာခြုံက ရှင်းပြ၏။

"ဒီသဲသောင်တွေက ဝက်ပါပညာနဲ့ တစ်စုံတစ်ယောက်က ဖန်တီးထားတယ်၊ မင်းကဝက်ပါအကြောင်း သိမထားတော့ ဖြန်းခနဲ မျက်စိလည်သွားတာပဲ"

ကိုးစွန်းဖန်က တစ်ချက်ပြုံးကာ …

"ကျွန်တော့်ကို အဲဒီပညာအကြောင်း နည်းနည်းလောက် ရှင်းပြပါလား"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကိုသဘောပေါက်ဖို့ မခက်ပါဘူး၊ လောလောဆယ် မင်းကို မရှင်းပြနိုင်သေးဘူး၊ မင်းလည်း သိပ်ဂရုစိုက်မနေနဲ့၊ ငါပြောသလိုသာ လုပ်စမ်း"

"ဟုတ်ကဲ့"

ကိုးစွန်းဖန်သည် သစ်ဖောင်ကို ဂရုစိုက်၍ လှော်ခတ်ရတော့သည်။ တစ်နေရာအရောက်တွင် ဆဲမာခြုံက ရုတ်တရက် "ဘယ်ကွေ့" ဟု အမိန့်ပေးလိုက်၏။

ကိုးစွန်းဖန်သည် ဘယ်ဘက်တွင် သဲသောင်တစ်ခုရှိသည်ဟု တွေ့မြင်နေရ၏။ သို့သော် ဆဲမာခြုံ၏အမိန့်ကို မသွေဖည်ရဲသောကြောင့် သူက မျက်စိမှိတ်ကာ ဘယ်ဘက်ကို ကွေ့လိုက်တော့သည်။

မျက်စိဖွင့်လိုက်သောအခါ သဲသောင်သည် သစ်ဖောင်နှင့် မတိုက်မိဘဲ ပျောက်ကွယ်သွားသည်ကို တွေ့ရ၏။ သူ၏မျက်စိရှေ့တွင် ရေလမ်းတစ်လမ်း ပေါ်ပေါက်လာသည်ကို တွေ့ရ၏။

ထိုစဉ် ဆဲမာခြုံက "ညာကွေ့" ဟု အမိန့်ပေးပြန်သည်။

သည်တစ်ကြိမ်တွင်တော့ ကိုးစွန်းဖန်သည် မစဉ်းစားတော့ဘဲ အမိန့်အတိုင်း ညာဘက်ကိုရဲရဲတင်းတင်း ကွေ့လိုက်၏။ ညာဘက်ရေလမ်းသည် သူ့မျက်စိရှေ့၌ ရှင်းလင်းစွာ ထွက်ပေါ်လာလေတော့၏။

☆

သစ်ဖောင်ထိပ်မှ ဆဲမာခြုံက ဟက်ဟက်ပက်ပက် ရယ်မောရင်း ပြောလေ၏။

"ငါက ဘာများလဲလို့ လက်စသတ်တော့ ကျိုးကုမ်းပတ်ကွ



ကျွန့်ဝက်ပါကိုး"

ထိုအခါ ကိုးစွန်းဖန်က သိချင်ဇောဖြင့် မေး၏။

"ကျိုးကုမ်းပတ်ကွကျွန့်ဆိုတာ ဘာလဲ ခေါင်းဆောင်ကြီး"

"ကျိုးကုမ်းပတ်ကွကျွန့်ဝက်ပါဟာ လွယ်မယောင်ယောင်နဲ့ ခက်ခဲနက်နဲတဲ့ ဝက်ပါပညာပဲ၊ မင်းကိုရှင်းပြဖို့ အချိန်မရှိဘူး၊ ကဲ ... သတိထား၊ ငါ့အမိန့်အတိုင်း လုပ်"

ကိုးစွန်းဖန်သည် အဆက်မပြတ် လှော်ခတ်နေရတော့၏။ ဆဲမာခြုံက တည်ငြိမ်အေးဆေးစွာနှင့် အမိန့်ပေးနေ၏။

သူ၏အမူအရာကို ကြည့်ခြင်းအားဖြင့် သူသည် ဝက်ပါအကွက်ဆင်နည်းပညာဘက်တွင် အတော်အတန် တတ်ကျွမ်းကြောင်း သိနိုင်သည်။ သို့သော် ထိုသဲသောင်ဝက်ပါကား ကျိုးကုမ်းပတ်ကွကျွန့်ဝက်ပါ မဟုတ်ပါချေ။

အမွေးတိုင်တစ်တိုင် ကုန်ဆုံးချိန်အထိ သစ်ဖောင်သည် သဲသောင်များကြားတွင် ထွက်ပေါက်မတွေ့ရသေးပေ။ ဆဲမာခြုံ၏မျက်လုံးထဲတွင် ဝေခွဲမရသော အမူအရာများ ပေါ်လာသည်။

ဤသဲ သောင်သည် ဘယ်နည်းနှင့်မျှ ဤမျှမကျယ်ပြန့်နိုင်။ ယခုအချိန်လောက်၌ ထွက်ပေါက်တွေ့ဖို့ကောင်းပြီဟု သူယူဆသည်။

ဆဲမာခြုံသည် ဝက်ပါအကွက်ဆင်နည်းပညာကို ကျွမ်းကျင်သူဖြစ်သောကြောင့် ဝက်ပါတစ်ခုဆင်ရန် ကျယ်ပြန့်သောနေရာလိုအပ်ကြောင်း သူသေသေချာချာ သိနေပါသည်။ သို့သော် အဘယ်ကြောင့် ထွက်ပေါက်မတွေ့သည်ကို နားမလည်ဘဲဖြစ်နေ၏။

သူ အပြင်းအထန် စဉ်းစားလိုက်သောအခါ အကြံသစ်

www.burmeseclassic.com



ညဏ်သစ်များ ပေါ်လာ၏။ ဆဲမာခြိုက အမိန့်ပေးလိုက်၏။

"ဒီနေရာမှာ ခဏရပ်ထားစမ်း"

ကိုးစွန်းဖန်က ထိုးဝါးတစ်ခုဖြင့်ထောက်၍ ဖောင်ကိုရပ်ထားလိုက်၏။ ဆဲမာခြိုက သဲသောင်ပေါ်သို့ ခုန်တက်လိုက်ပြီး လေပွေတစ်ခုပမာ သောင်ပြင်ပေါ်တွင် ပတ်ကာပြေး၏။

ပြီးလျှင် မရပ်နားဘဲ သစ်ဖောင်ပေါ်သို့ ပြန်ခုန်တက်လာသည်။ ထိုသဲသောင်ပေါ်တွင် ခုနစ်စဉ်သဏ္ဍာန် ခြေရာနှစ်ခုက ထင်ရှားစွာ ကျန်ရစ်ခဲ့သည်။ ခြေရာများအားလုံးလိုလို နှစ်လက်မနည်းပါး နက်ရှိုင်းလေသည်။

ဆဲမာခြိုသည် သဲသောင်ပေါ်တွင် အမှတ်အသားတစ်ခု ပြုလုပ်ခြင်းသာ ဖြစ်သည်။ ထို့နောက် ကိုးစွန်းဖန်အား ဆက်လက်၍ ထွက်ခွာရန် အမိန့်ပေးလိုက်၏။

သစ်ဖောင်သည် ထိုဝက်ပါလမ်းကြောင်းထဲတွင် ရစ်ပတ်ကာ လှော်ခတ်နေပြန်၏။ ဤသို့ဖြင့် သစ်ဖောင်သည် ဝက်ပါထဲတွင်လည်ပတ်လှော်ခတ်ခဲ့ရာ ကွေ့ပေါင်းခုနစ်ဆယ့်နှစ်ပတ်ကွေ့ပတ်ခဲ့၏။

နောက်ဆုံး ဆဲမာခြို အမှတ်အသားပြုလုပ်ခဲ့သော သဲသောင်ဆီသို့ ပြန်လည်ဆိုက်ကပ်လာသည်။

ဆဲမာခြိုလည်း တဟားဟားရယ်မောတော့သည်။

"လက်စသတ်တော့ ငါတို့က သဲသောင်ထဲမှာ ပတ်ချာလည်နေတာကိုး"

ကိုးစွန်းဖန် သိလိုစောဖြင့် မေးသည်။

"ဘာကြောင့်လဲ ခေါင်းဆောင်ကြီး ခင်ဗျား"



"ဘာကြောင့်လဲဆိုတော့ ငါအသုံးမကျလို့ပေါ့ကွ၊ ဒီအတိုင်းသွားရင် ဒီလိုပဲ တဝဲဝဲတလည်လည် ဖြစ်နေဦးမှာပဲ"

ကိုးစွန်းဖန် အကြီးအကျယ် တုန်လှုပ်ချောက်ချားသွား၏။

"ဒါဖြင့် ကျွန်တော်တို့ ဒုက္ခတွေ့ပြီပေါ့၊ ဘယ်လိုလုပ်ကြမလဲ ခေါင်းဆောင်ကြီး"

"ဒီအတိုင်းသွားလို့ကတော့ ထွက်ပေါက်တွေ့မှာ မဟုတ်ဘူး၊ တော်သေးတာပေါ့ကွာ၊ တခြားထောင်ချောက်တွေလုပ် မထားပေလို့၊ ခဏနားဦးဟေ့ ... ငါ သေသေချာချာ စဉ်းစားဦးမယ်"

ကိုးစွန်းဖန်သည် အမိန့်အတိုင်း လက်ထဲမှ ဝါးလုံးရှည်ကြီးကို သဲသောင်ထဲစိုက်လိုက်၏။ သစ်ဖောင်မရွေ့လျားရအောင် ထိန်းထားလိုက်သည်။

ဆဲမာခြိုသည် မေးစေ့ကို လက်ဖြင့်ပွတ်ကာ အပြင်းအထန် စဉ်းစားနေတော့သည်။ အတန်ကြာမှ စဉ်းစားပြီး သဲသောင်များကို သေသေချာချာ အကဲခတ်ပြန်၏။

"အကယ်၍ ဒီဝက်ပါဟာ ကျိုးကုမ်းပတ်ကွကျန့်ဝက်ပါနည်းအတိုင်း အကွက်ချထားတာဆိုရင် ငါတို့ဟာ ဒီအထဲက လွယ်လွယ်ထွက်နိုင်မှာပေါ့၊ အခု ဒါမဟုတ်လို့ဘဲ ဖြစ်ရမယ်"

ထို့နောက် သူသည် ရုတ်တရက် ကျယ်လောင်စွာ ရယ်မောလိုက်၏။ ကိုးစွန်းဖန်က မနေနိုင်သဖြင့် ...

"ဘာကြောင့်လဲ ခေါင်းဆောင်ကြီးခင်ဗျာ"

ဟု လျင်မြန်စွာမေးလိုက်၏။ ဆဲမာခြိုက ရယ်ရင်းဖြေသည်။

"ကျိုးကုမ်းပတ်ကွကျန့် ပြောင်းပြန်ကွ"

www.burmeseclassic.com

www.burmeseclassic.com



ကိုးစွန်းဖန်က ...

"ဒါဆို အရင်က ကျွန်တော်တို့ဝင်ခဲ့တဲ့ပုံစံကို ပြောင်းပြန်သွားရမှာပေါ့နော်"

"မဟုတ်ဘူး။ သည့်ထက်ရှုပ်သေးတယ်ကွ"

ဆဲမာချြူက ရယ်မောရင်း ...

"ဒါပေမဲ့ ငါ့အဖို့ မခက်ခဲပါဘူး"

ထို့နောက် ညာလက်ကိုမြှောက်ကာ လေထဲတွင် လှုပ်ရှားနေတော့သည်။ ဆဲမာချြူသည် ဝက်ပါကို လမ်းကြောင်းဖော်ကြည့်နေခြင်းသာဖြစ်၏။ သို့သော် ကိုးစွန်းဖန်ကား လုံးဝ နားမလည်ချေ။ မျက်စိနောက်လာ၏။ အတန်ကြာသော် ဆဲမာချြူက ...

"ကဲ ... ရပြီ၊ သွားမယ်"

ကိုးစွန်းဖန်က စိုက်ထားသော ဝါးရှည်ကို နုတ်ယူလိုက်ရ၏။ ထို့နောက် ဆဲမာချြူက သူသိထားသည့် ဝက်ပါလမ်းကြောင်းအတိုင်း ဘယ်ကွေ့ညာကွေ့ဖြင့် အမိန့်ပေးတော့သည်။

ဆဲမာချြူသည် ဝက်ပါအတတ်ပညာကို အမှန်တကယ်တတ် ကျွမ်းသော ပုဂ္ဂိုလ်ပေတည်း။

ဆဲမာချြူ၏ အမိန့်ပေးညွှန်ကြားမှုအောက်တွင် သစ်ဖောင်သည် အကွေ့ပေါင်း ခုနစ်ဆယ့်နှစ်ကွေ့ ကွေ့ပတ်ပြီးနောက် ထွက်ပေါက်ကို တွေ့ရှိသွားသည်။ ဝက်ပါလမ်းကြောင်း၏ထွက်ပေါက်ကား ငရဲဟံခါးဝ,ပင် ဖြစ်တော့၏။

သရဲတစ္ဆေများစုပေါင်းကာ အော်ဟစ်ငိုကြွေးနေကြသည့်ပမာ စူးရှသော လေတိုက်ခတ်သံများသည် ငရဲတံခါးဝအတွင်း၌ကြောက်မက်ဖွယ်ရာ ဆူညံနေ၏။ ထိုအသံကို ကြားရသူတိုင်းသည် လိပ်ပြာလွင့်မတတ် ကြောက်ရွံ့စွာ ခံစားကြရမည်သာဖြစ်၏။ စူးရှသောအသံများနှင့်အတူ ငရဲတံခါးဝရှိ ရေစီးကြောင်းသည်လည်း ရုတ်တရက် အရှိန်ပြင်းထန်လာသည်ကို တွေ့ရ၏။

ထိုအသံများကြောင့် ကိုးစွန်းဖန်သည် သတိလက်လွတ်ဖြစ်ကာ ငေးကြောင်နေ၏။ သစ်ဖောင်ကြီးသည် အထိန်းအသိမ်းမရှိတော့သဖြင့် အဝင်ဝရှိ ကျောက်ဆောင်ကိုဦးတည်၍ အရှိန်ပြင်းစွာ တိုးဝင်သွားတော့သည်။

☆

ထိုအခြင်းအရာကိုမြင်သော ဆဲမာချြူသည် 'သတိထား' ဟု ကျယ်လောင်စွာ အော်လိုက်၏။ ကိုးစွန်းဖန်သည် ရုတ်တရက် သတိဝင်လာပြီး လက်ထဲမှ ဝါးလုံးရှည်ဖြင့် ထောက်လိုက်သော်လည်း အချိန်မမီတော့ပေ။ ဆဲမာချြူသည် သစ်ဖောင်အစွန်းသို့ ပြေးသွားပြီး ကျောက်ဆောင်ကို လက်ဝါးဖြင့် တွန်းလိုက်၏။

ထိုအထဲတွင် ဘာရှိသည်၊ ဘယ်လိုနေရာမျိုးဖြစ်သည်ကို သူ မသိရသေးသော်လည်း ရင့်ကျက်သော ဗဟုသုတအရ ထိုအထဲတွင် အန္တရာယ်ရှိမည်ဟု ကောင်းစွာသိနေသည်။

ဆဲမာချြူသည် အစစအရာရာတွင် သေချာစေ့စပ်သူ တစ်ယောက်ဖြစ်ခဲ့၍သာ ယခုအထိ အသက်ရှင်နိုင်ခဲ့ခြင်း ဖြစ်ပေသည်။

သူ၏ညာလက်ဝါးသည် ကျောက်ဆောင်ကို တွန်းလိုက်နိုင်သဖြင့် သစ်ဖောင်သည်လည်း ကျောက်ဆောင်နှင့် တိုက်မည့်ဘေးမှ ကင်းလွတ်သွား၏။ ကိုးစွန်းဖန်ကလည်း ကြိုးစား၍ထိန်းသိမ်းနိုင်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် သစ်ဖောင်သည် ရေလမ်းကြောင်းအလယ်သို့ ရောက်သွား၏။

ရေတံခါးဝအတွင်းရှိ ရေမျက်နှာပြင်သည် စောစောက ချန်မှု ဒါတို့ ဝင်ရောက်သည့်အချိန်က ရေမျက်နှာပြင်ထက်စာလျှင် ပို၍ နိမ့်သွားသည်ကို တွေ့ရ၏။

ထိုအထဲရှိ ရေစီးကြောင်းသည် ယခုအခါ ပို၍မြန်လာပြီး ရေဝဲကြီးသည်လည်း ပို၍နက်ရှိုင်းလာသည်ကို တွေ့ရ၏။

ရေဝဲကြီး၏ အလယ်ဗဟိုတွင် အထူးသဖြင့် နက်ရှိုင်းပြီး ရေစီးရှိန်က အလွန်ပြင်းထန်နေသဖြင့် ရေစီးမှုကြောင့် တဝုန်းဝုန်းနှင့် ကျယ်လောင်သောအသံ ပေါ်ပေါက်နေပါသည်။

ထိုကြောက်မက်ဖွယ်ရာကောင်းသော အခြင်းအရာနှင့် အသံကို ကြားတွေ့ရသူတိုင်း မကြောက်ရွံ့ဘဲ မရှိနိုင်ပါ။ ဆဲမာခြို ကဲ့သို့သောပုဂ္ဂိုလ်မျိုးပင် ကြက်သီးတဖြန်းဖြန်း ထကုန်ပေသည်။

"တကယ်ကိုကြောက်စရာကောင်းတဲ့ ရေတံခါးဝပါလား"

ကိုးစွန်းဖန်အား လှည့်၍ပြော၏။

"မင်း တွေ့တယ်မဟုတ်လား၊ ကောင်းကောင်း သတိထား ပေတော့"

"ဟုတ်ကဲ့၊ ကျွန်တော် ဂရုစိုက်နေပါတယ် ခေါင်းဆောင်ကြီး"

ကိုးစွန်းဖန်က မေး၏။

"ခေါင်းဆောင်ကြီး ဒါ ထောင်ချောက်တစ်ခုပဲမဟုတ်လား"

ဆဲမာခြိုက ...

"ကျုပ် အထင်မမှားရင်တော့ ဒီရေဝဲကြီးဟာ ရေကျချိန် ရောက်ရင် ဒီလောက်ပြင်းထန် နက်ရှိုင်းလိမ့်မယ် မဟုတ်ဘူး၊ ဒီ



လောက်ကြောက်စရာကောင်းမှာ မဟုတ်ဘူးလို့ ကျုပ်ထင်တယ်"

"ရေကျချိန်"

ကိုးစွန်းဖန်က နားမလည်စွာမေးလိုက်၏။ ဆဲမာခြိုက ...

"ရေကျချိန်ဟာ ညနေစောင်းချိန်ပဲ ဖြစ်မှာပေါ့၊ ဟိုလှေလေးနဲ့ ဆံဖြူအဘွားကြီးဟာ ဘာကြောင့် ညနေစောင်းအချိန်ကျမှ အိမ်ပြန်ရတယ်ဆိုတာ မင်း သဘောပေါက်လိမ့်မယ်"

ကိုးစွန်းဖန် သဘောပေါက်သွား၏။

"ဒါဖြင့် ကျွန်တော်တို့ ညနေစောင်းအချိန်ကျရင် အားလုံး အဆင်သင့်လုပ်ထားပြီး ဒီမှာ စောင့်နေရမယ်ပေါ့၊ ရေကျချိန်ရောက်တာနဲ့ တစ်ခါတည်း အဲဒီထဲကို ဝင်တိုက်မယ်ပေါ့ ...ဟုတ်လားခင်ဗျာ"

"ဒီနေရာမှာ အတားအဆီး တစ်ခုခုမက ရှိလိမ့်မယ်လို့ ကျုပ်ယုံကြည်တယ်၊ ဒီထဲကို ဝင်ရောက်မတိုက်ခိုက်မီ အကြောင်းစုံ သိရဖို့ စုံစမ်းရဦးမယ်ကွ"

"ဒါဖြင့် ခေါင်းဆောင်ကြီးသဘောက ..."

ကိုးစွန်းဖန်၏ စကားမဆုံးမီအချိန်တွင် သစ်ဖောင်ပေါ်မှ ဆဲမာခြို၏ကိုယ်ခန္ဓာသည် လေထဲသို့မြောက်တက်သွားသည်။ ထိုကျောက်ဆောင်နှစ်ခုသည် အလွန်မတ်စောက် မြင့်မားလေ၏။

ဆဲမာခြို၏ ညာဘက်လက်ဝါးက ကျောက်ဆောင်ကို ကုတ်လိုက်၏။ ကျောက်ဆောင်သည် အလွန်မာကျောနေပြီး အေးစိမ့်နေကြောင်း ဆဲမာခြို ခံစားရသည်။ သူ၏အတွင်းအားဖြင့် ကျောက်ခဲများကို လက်ဝါးတစ်ဖက်ဖြင့် ကြေမွအောင် ပြုလုပ်နိုင်ပါသည်။ သို့သော် ထိုကျောက်ဆောင်ကြီးကိုမူ စိုက်နစ်ဝင်အောင် မလုပ်နိုင်ခဲ့ချေ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် လက်ဖဝါးရာထင်အောင်တော့ လုပ်နိုင်ခဲ့သည်။

သူ့၏ခန္ဓာကိုယ်သည် လေထဲတွင် တုံ့ခနဲ တစ်ခါဖြစ်ပြီးမှ ပေါ့ပါးစွာ သစ်ဖောင်ပေါ်သို့ ပြန်ကျလာ၏။

သူ၏လှုပ်ရှားမှုကို ကြည့်ခြင်းအားဖြင့် ကိုယ်ဖော့ပညာ အလွန်အဆင့်မြင့်လှကြောင်း သိနိုင်ပေ၏။

သစ်ဖောင်ပေါ်သို့ကျပုံ ညင်သာလွန်းသဖြင့် သစ်ဖောင်မှာ အနည်းငယ်ပင် မလှုပ်ရှားဘဲ တည်ငြိမ်နေပေသည်။ ထိုမြင်ကွင်းကို မြင်လိုက်ရသော ကိုးစွန်းဖန်သည် အလွန်အံ့သြချီးကျူးမိသည်။

"ခေါင်းဆောင်ကြီးရဲ့ ကိုယ်ဖော့ပညာက သိပ်ကောင်းတာပဲကိုး"

ဆဲမာချို့သည် ကျောက်ဆောင်ကြီးကို မော့ကြည့်ပြီး သက်ပြင်းတစ်ချက် ချလိုက်၏။

"ဒါပေမဲ့ ဒီကျောက်ဆောင်ပေါ်ကိုတော့ မတက်နိုင်ဘူးကွ"

"ကြည့်ရတာ သိပ်မာကျောတယ်နဲ့တူတယ်"

ဆဲမာချို့ ခေါင်းညိတ်၏။

"ပိုခိုးတာက ကိုင်မရအောင် ချောမွေ့နေတာကွ"

ကိုးစွန်းဖန်က မေး၏။

"ခေါင်းဆောင်ကြီးရဲ့သဘောက ဒီကျောက်ဆောင်ကို ကျော်ပြီး အထဲဝင်နိုင်တယ်ဆိုပါတော့"

ဆဲမာချို့က ...

"ဒီလိုဝင်နိုင်ရင် အတားအဆီးတွေကို အေးအေးဆေးဆေး ကျော်[illegible]တာ ပြီး ပိုပြီးလည်း လုံခြုံတယ် မဟုတ်လား၊ အခုအတိုင်း



ဆိုရင် ဂျေတ်ခါးဝအတိုင်း ဝင်ရတော့မှာပေါ့"

ကိုးစွန်းဖန်လည်း ထိုစာလုံးကိုကြည့်ကာ မေးလိုက်သည်။

"ဒီစာက ဘယ်လို တက်ထွင်းထားတာလဲ မသိဘူးနော်"

အတန်ကြာအောင် စဉ်းစားနေပြီးမှ ဆဲမာချို့က ပြောသည်။

"အခု ငါ လူတစ်ယောက်ကို သွားသတိရလိုက်တယ်၊ ကြင်းဘန်းပို့ချုံဆိုတဲ့ဆရာကြီးပဲကွ"

ကိုးစွန်းဖန်သည် မျက်နှာပျက်သွား၏။

"ဟင် ... တကယ် သူနဲ့များ ပတ်သက်နေလို့လားဗျာ"

ဆဲမာချို့က ရယ်မောပြီး ...

"ပြောနိုင်တာ မဟုတ်ဘူး။ ပတ်သက်ချင်လည်း ပတ်သက်နေမှာကွ"

ဆဲမာချို့က ကိုးစွန်းဖန်ကို မေးလိုက်၏။

"ငါတို့လူတွေအားလုံး ဘယ်နှစ်ယောက်လောက် ရောက်နေလဲ"

ကိုးစွန်းဖန်က ...

"အားလုံး လူအင်အားလေးရာတိတိ ရောက်နေပြီခင်ဗျာ"

ဆဲမာချို့သည် တစ်ကိုယ်တည်းရေရွတ်သလိုပြောနေသည်။

"ငါတို့လူအင်အားကတော့ မနည်းလှပါဘူး။ ဒီလူအင်အားနဲ့ ဆဲကို ရောက်နိုင်ပါ့မလား မသိဘူး"

ကိုးစွန်းဖန်၏ စိတ်ထဲတွင် တုန်လှုပ်သွား၏။ ဤကဲ့သို့သော သချာသော မပိုင်သောစကားမျိုးကို ဆဲမာချို့ တစ်ခါမျှ မပြောခဲ့။ မိမိကိုယ်ကို ယုံကြည်ချက်မရှိသော ဆဲမာချို့သည် မိမိ၏

www.burmeseclassic.com

www.burmeseclassic.com



စကားအမှားအယွင်းကို သိလိုက်သဖြင့် ဟက်ဟက်ပက်ပက် ရယ်
မောလေ၏။

"ဒီစကားမျိုးကို ငါ အခုချိန်မှာ မပြောသင့်ပါဘူး"

ကိုးစွန်းဖန်သည် ဆဲမာခြိုပြောသော စကားကိုသာ နား
ထောင်နေသည်။ ဆဲမာခြိုက ဆက်ပြော၏။

"ဒီနောက်ပိုင်းမှာ ငါဟာ အဆက်မပြတ် ရှုံးနိမ့်ခဲ့လို့လား
မသိဘူး၊ ကိုယ့်ကိုယ်ကိုယ်တောင် ယုံကြည်ချက် သိပ်မရှိတော့ဘူး
ကွယ်"

ထိုစကားကိုကြားရသော ကိုးစွန်းဖန်သည် ပို၍ပင် ကြော
ရွံ့လာ၏။ ပို၍စကားမပြောရဲတော့ပေ။ ဆဲမာခြိုက သက်ပြင်းတ
ချက် ချကာ ...

"တကယ်တော့ ငါလည်း သာမန်ပုထုဇဉ်သားတစ်ယောက်
နတ်တစ်ပါးမှ မဟုတ်ဘဲ၊ မှားတဲ့အခါလည်း ရှိမှာပေါ့ကွ"

ကိုးစွန်းဖန်သည် သူ့ခေါင်းဆောင်ကြီး၏နှုတ်မှ မကြား
သော စကားများကို ငြိမ်သက်၍နားထောင်နေမိတော့သည်။ ဆဲမာ
ခြိုက ..."ကဲ ... ကဲ ... ငါတို့ပြန်ကြရအောင်၊ အပြန်လမ်းတ
လျှောက်မှာ အမှတ်အသားတစ်ခုခု လုပ်ထားရမယ်၊ ဒါမှ နော
တစ်ခေါက် ပြန်လာတဲ့အခါ ဒီလောက် မပင်ပန်းရတော့ဘူး"

"ဟုတ်ကဲ့"

ကိုးစွန်းဖန်သည် သစ်ဖောင်ကိုထိန်းကာ ဇရဲတံခါးအဝင်
ထွက်ခွာလာတော့သည်။

❀ ☆ ❀



## အခန်း ( ၃၃ )
## ကြင်းကာန်း အပြင်အားပညာ

လှိုဲ့ဗုက်နန်းတော်၏ အနောက်ဘက်ခြမ်းရှိ ထင်းချိုရေကန်
ကြီး၏ ရေကန်စပ်နံဘေးကိုပတ်လျက် သခင်မကြီး၊ ချန်ဖူဝါနှင့်
စွမ်းစွမ်းတို့သည် လမ်းလျှောက်လျက်ရှိနေ၏။

တစ်ပတ်ပြည့်အောင် လျှောက်လာပြီးနောက် ကန်စပ်
နံဘေးရှိ ကျောက်တုံးရှိရာသို့ ပြန်ရောက်ရှိလာကြသည်။

သခင်မကြီးသည် စွမ်းစွမ်းအား နေ့လယ်စာ ချက်ပြုတ်ရန်
ခိုင်းလိုက်သဖြင့် စွမ်းစွမ်းသည် ကန်စပ်မှ ထွက်ခွာသွား၏။

သခင်မကြီးသည် စွမ်းစွမ်း၏နောက်ကျောကိုကြည့်ကာ
ခေတ်ကြာကြာ ငေးမောတွေဝေနေ၏။ စွမ်းစွမ်း ပျောက်ကွယ်
သွားသောအခါမှ သခင်မကြီးက ချန်ဖူဝါဘက်သို့ လှည့်လာသည်။

"မင်းမရှင်းသေးတာရှိရင် အခု မေးနိုင်ပြီ"

ချန်ဖူဝါက ခပ်ရှင်းရှင်းပင် မေးလိုက်သည်။

"ချိကျဲကြေဟွန်စန်အဆိပ်ကြောင့်ဖြစ်တာလားသခင်မကြီး"

သခင်မကြီးက လေးပင်စွာ ခေါင်းညိတ်ပြသည်။

ချန်ဖူဝါ က ...

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေရာမှာ ချိုကျဲကြေပြွန်စနစ်အဆိပ်ကို တကယ်မဖြေနိုင်သေးဘူးလားခင်ဗျာ"

သခင်မကြီးက ...

"ဒီနေရာမှာ တကယ့်ကို ဖြေဆေးမရှိတာပါ။ ဟင်း ... ဟိုး ... အဆိပ်ဘုရင်ဆိုတဲ့လူရဲ့ အဆိပ်ပညာဟာ တကယ်ပဲ ချီးကျူးအံ့သြဖွယ်ကောင်းလောက်အောင် ထူးချွန်တယ်ဆိုတာ ငါ လက်ခံရပြီကွယ်"

"အဲဒီလောက်တောင်ပဲလား ခင်ဗျာ၊ သခင်မကြီးဟာ ဆေးပညာဘက်မှာ လေ့လာလိုက်စားခဲ့တယ် မဟုတ်လား။ အခု စွမ်းစွမ်း အသုံးပြုနေတဲ့ ပိုလင်ခွမ်အဆိပ်ဖြေဆေးဟာ ..."

သူ၏စကားမဆုံးမီ သခင်မကြီးက ဖြတ်၍ပြောလိုက်၏။

"ပိုလင်ခွမ်အဆိပ်ဖြေဆေးဟာ ငါ့ရဲ့ အစွမ်းအထက်ဆုံး ဖြေဆေးပါ။ အကယ်၍ မင်းဆီက ထန်မျိုးရိုးရဲ့ အဆိပ်ဖြေဆေးသာ မရခဲ့ရင် စွမ်းစွမ်းဟာ အသက်ရှင်လျက် ဒီကိုပြန်ရောက်နိုင်မှာ မဟုတ်ပါဘူး"

သခင်မကြီးက ဆက်၍ပြော၏။

"စွမ်းစွမ်းကို ငါ ပြောခဲ့ဖူးပါတယ်၊ သူ ဘယ်လိုဒဏ်ရာမျိုးပဲ ရရ၊ ဘယ်လိုအဆိပ်မျိုးပဲ သင့်ခဲ့ပါစေ၊ သူသာ အိမ်အရောက် ပြန်လာနိုင်ရင် ငါက ပျောက်ကင်းအောင် ကုပေးမယ်လို့ ငါပြောခဲ့ဖူးပါတယ်"

"ဟုတ်ပါတယ် ... စွမ်းစွမ်းဟာ သခင်မကြီးရဲ့စကားကို လုံးဝ သံသယမရှိခဲ့ပါဘူး ခင်ဗျာ"

"ဒါတွေဟာ အားလုံး ငါ ပုံစံသွင်းခဲ့တဲ့ စကားတွေပါ။ ဘာ



ဖြစ်လို့လဲဆိုတော့ ငါ့လိုလူမျိုးက လက်အောက်ငယ်သားတွေရဲ့ ယုံကြည်အားကိုးခြင်းကို လိုအပ်နေပါတယ်၊ ဒါကြောင့် သူတို့ယုံကြည်လေးစားလာရအောင် ငါဟာ ငယ်ငယ်ကတည်းက စွဲစွဲမြဲမြဲရှိအောင် ဒီလို အာမခံခဲ့တာပါပဲ"

"ဟုတ်ကဲ့ ... ကျွန်တော်သဘောပေါက်ပါတယ် ခင်ဗျာ"

"လောကကြီးမှာ အဆိပ်ဘုရင်လို အဆိပ်ပညာသည်မျိုးဟာ အလွန်ရှားပါးလှပါတယ်၊ အစွမ်းကုန် ကြိုးစားကုသခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး"

သခင်မကြီးက ဝမ်းနည်းကြေကွဲစွာပြောနေသည်။ ချန်ဖူဝါက ...

"ဟုတ်ကဲ့ ... ကျွန်တော် ယုံကြည်ပါတယ်၊ တကယ်ပဲ မျှော်လင့်ချက် လုံးဝမရှိတော့ဘူးလားခင်ဗျာ"

သခင်မကြီးသည် သက်ပြင်းတစ်ချက်ချကာ ...

"တကယ်တော့ သူပြန်ရောက်ချိန်မှာ အဆိပ်ဟာ သူမရဲ့ တစ်ကိုယ်လုံးကို ပျံ့နှံ့ရောက်ရှိနေပါပြီ၊ ကုသဖို့အချိန် မမီတော့ဘူးဆိုပါတော့ကွယ်"

ချန်ဖူဝါက စောဒကတက်သည်။

"ဒါပေမဲ့ သူ့ရဲ့မျက်နှာအရောင်အသွေးကလွဲလို့ ကျန်တာအားလုံး မှုမှန်နေတယ် မဟုတ်လား"

သခင်မကြီးက ...

"အဲဒါက ဒီလိုကွယ့် ... နောက်ဆုံးမထူးတော့ဘူးဆိုပြီး ငါ နောက်ဆုံးနည်းလမ်းတစ်ခု ရွေးချယ်လိုက်ရတော့တယ်၊ ဒီနည်းကတော့ ငါဆေးတစ်မျိုးကို အသုံးချလိုက်ရတယ်၊ ဒီဆေးက သူ့ရဲ့ခန္ဓာ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ထဲမှာရှိတဲ့ ရှိရှိသမျှအတွင်းအားတွေကို နှိုးဆွပေးနိုင်တယ်"

"ဒီဆေးနဲ့တွဲပြီး ပိလင်ခွမ်ဆေးလုံးပါ တိုက်လိုက်တော့ သူမရဲ့ အတွင်းအားတွေအကုန်လုံး ပေါ်ထွက်တယ်၊ ဒီတော့ ပိလင်ခွမ်ရဲ့ အာနိသင်က ပိုကြီးလာတယ်၊ အဲဒီတော့မှ ဟိုအဆိပ်တွေကို ဖိထားနိုင်တော့တယ်ကွယ်"

ချန်ဖူဝါက စိတ်မကောင်းခြင်းကြီးစွာ မေးလိုက်သည်။

"ဒီနည်းက ဘယ်လောက်ကြာအောင် အချိန်ဆွဲနိုင်တော့မှာလဲ"

သခင်မကြီးက ...

"သူမရဲ့ပင်ကိုယ်အတွင်းအားနဲ့ ရှိသမျှ အားအင်ကုန်ခန်းသွားတဲ့အထိတော့ ခံနိုင်ပါတယ်၊ တကယ်လို့ သူမဟာ ရန်သူတွေကို အတွင်းအားထုတ်ပြီး မတိုက်မခိုက်ရင် ရက်သုံးဆယ်အထိ ဖြစ်ပါတယ် ..."

"ဒီပြီးခဲ့တဲ့ရက်တွေထဲမှာ ငါဟာ ဆေးဝါးကုသပေးခြင်းကို အကြောင်းပြုပြီး နေ့တိုင်း အချိန်မှန်မှန် သူမကိုယ်ထဲကို အတွင်းအားတွေ သွင်းပေးထားခဲ့ပါတယ်၊ ရက်နည်းနည်း ပိုအသက်ရှည်ရင်လည်း မနည်းဘူးဆိုတဲ့သဘောနဲ့ အဲဒီလိုလုပ်ပေးရတာပါ"

ချန်ဖူဝါသည် ခေတ္တခဏစဉ်းစားပြီး ...

"အကယ်၍ အဆိပ်ဘုရင်ဆီမှာရှိတဲ့ ချီကျဲကြွေဟွန်စန် အဆိပ်ဖြေဆေးကို ရခဲ့ရင်ကော"

သခင်မကြီးက ခေါင်းခါပြလိုက်၏။

"မမီတော့ပါဘူး၊ အဆိပ်ဟာ သွေးကြောအနှံ့ ပျံ့နှံ့သွားပါ



ပြီ၊ တကယ်လို့ သူမရဲ့ကိုယ်လုံးထဲက သွေးတွေအားလုံးကို ဖောက်ထုတ်ပြီး လဲပေးနိုင်ရင်တော့ အသက်ရှင်နိုင်ပါတယ်၊ ဒါပေမဲ့ ဒီနည်းက မဖြစ်နိုင်ဘူးကွယ်"

ချန်ဖူဝါက ...

"ဟုတ်ကဲ့ ... ဒီနည်းက မဖြစ်နိုင်ပါဘူး ဒါနဲ့ ကောင်းရှို့ရဲ့ အခြေအနေလည်း ဒီအတိုင်းပဲပေါ့"

"သူ့အခြေအနေက စွမ်းစွမ်းထက်တောင် ပိုဆိုးသေးတယ်"

"ဟုတ်လား၊ ကျွန်တော်ထင်တဲ့အတိုင်းပဲဗျာ၊ ဘာဖြစ်လို့လဲဆိုတော့ ခရီးလမ်းတစ်လျှောက်မှာ သူ့ကိုတိုက်ဖို့ ဆေးလုံးက ကျွန်တော့်ဆီမှာ လုံလုံလောက်လောက်မှ မရှိဘဲကိုးခင်ဗျ"

"ငါက စွမ်းစွမ်းကိုလုပ်ပေးသလို မင်းသူငယ်ချင်း ကောင်းရှို့ကို လုပ်ပေးထားတယ်လေ"

"သူ့ရဲ့စိတ်နေသဘောထားအရ သူ့ကိုအဖြစ်မှန် ပြောပြလည်း သူဂရုစိုက်မှာ မဟုတ်ဘူးလို့ ကျွန်တော်ထင်တယ်"

သခင်မကြီးက သက်ပြင်းတစ်ချက်ချကာ ...

"ဒါပေမဲ့ သူ့ကိုမပြောပြရင် သူဟာ ပျော်ရွှင်စွာနဲ့ ဆက်လက်နေထိုင်သွားနိုင်တယ်ဆိုတာ မင်းလက်ခံရမှာပေါ့"

ချန်ဖူဝါက ခေါင်းညိတ်ပြသည်။

"ဟုတ်ပါတယ်၊ ကျွန်တော်လက်ခံပါတယ်ဗျာ၊ နေ့တိုင်းနေ့တိုင်း သေမင်းရဲ့လွှမ်းမိုးမှုအောက်မှာ နေရတာထက် လွတ်လွတ်လပ်လပ်နေရတာက ပိုကောင်းပါတယ် ခင်ဗျာ"

သခင်မကြီးက ခေါင်းညိတ်၏။

www.burmeseclassic.com

www.burmeseclassic.com



"အေး ... မင်းနဲ့ငါ ဒီလိုသဘောချင်း မညီမျှတော့ ပိုကောင်းတာပေါ့ကွယ်၊ စွမ်းစွမ်းရဲ့ဘဝတစ်သက်တာမှာ ပျော်ရွှင်မှုဆိုတာ မရှိသလောက် နည်းပါးလှပါတယ်၊ သူမရဲ့ဘဝအတွက် ငါယူကျုံးမရ ဖြစ်ခဲ့ပါတယ်၊ နောင်တလည်း ရခဲ့ပါတယ်"

ချန်ဖူဝါက စိတ်မကောင်းစွာပြောသည်။

"ဟုတ်ပါတယ်၊ စွမ်းစွမ်းနဲ့ကျွန်တော် တော်တော်ကလေး စကားပြောခဲ့ဖူးလို့ သူ့အထီးကျန်ဘဝကို ကျွန်တော် အထော်လေး ရိပ်မိခဲ့ပါတယ်"

သခင်မကြီးက ...

"မင်းသဘောပေါက်ရင် ငါကျေနပ်ပါတယ်၊ အင်း ဒီနေရာဟာ နှစ်ပေါင်းများစွာ ငြိမ်သက်ခဲ့ပြီးပါပြီ၊ နိဂုံးချုပ်ဖို့ အချိန်လည်းတန်ပြီထင်ပါရဲ့"

ချန်ဖူဝါက ...

"အဆိပ်ငါးမျိုးဂိုဏ်းနဲ့ ထင်းတီထွေတို့ ပူးပေါင်းမိတာတောင် ဒီနေရာကိုရောက်အောင် တိုက်ခိုက်နိုင်ဖို့က မလွယ်ကူသေးဘူးလို့ ကျွန်တော်ထင်ပါတယ် ခင်ဗျာ"

သခင်မကြီးက ခေါင်းခါ၏။

"မထင်နဲ့ မထင်နဲ့ သူတို့ ဒီကိုလာတိုက်နိုင်မယ်ဆိုတာ သေချာတယ်၊ အဲဒီအချိန်ကျရင် မင်းက စွမ်းစွမ်းကို ဂုရုတစိုက် ကာကွယ်စောင့်ရှောက်ပေးမယ်ဆိုရင် ငါ ကျေးဇူးတင်လှပါပြီ"

ချန်ဖူဝါက ဝန်ခံလိုက်၏။

"ဟုတ်ကဲ့ ... ကျွန်တော်အစွမ်းကုန်ကြိုးစားပါမယ်ဗျာ"



သခင်မကြီး၏မျက်လုံးများ၌ ...

ကြည်နူးသော အရိပ်အယောင်များ ပေါ်လာသည်။

☆

"ဒီကိစ္စမှာ မင်းဝင်ရောက်ကူညီတာကို ကျေးဇူးတင်ပါတယ်၊ မင်းဆီမှာ ရည်ရွယ်ထားတဲ့ ချစ်သူတစ်ဦးတစ်ယောက် ရှိရင်ရှိလိမ့်မယ်၊ စွမ်းစွမ်းကို ချစ်တာက မိတ်ဆွေချစ်ဆိုတာ ငါသိပါတယ်"

"ဒါပေမဲ့ ငါမှာ ဒီနည်းကလွဲလို့ တခြားနည်းလမ်းမရှိလို့ ဒီလိုလုပ်ရတာပါ၊ မင်းကြောင့် စွမ်းစွမ်းဟာ အရာရာကို ခေတ္တမေ့ပြီး ပျော်ရွှင်စွာနဲ့ ဘဝဆုံးတဲ့အထိ နေနိုင်ပါစေလို့ ငါ ဆုတောင်းပါတယ်"

ချန်ဖူဝါက ...

"ဟုတ်ကဲ့ ... ဒီနေ့ ဒီအချိန်ကစပြီး စွမ်းစွမ်း ပျော်ရွှင်ဝမ်းသာမှု ရှိအောင်၊ စိတ်ချမ်းသာမှုရှိအောင် ကျွန်တော် အစွမ်းကုန်ကြိုးစားပါ့မယ်လို့ ကတိပေးပါတယ်ခင်ဗျာ"

သခင်မကြီးက ...

"ဒီစကားကြားရတာ သိပ်ဝမ်းသာတယ်၊ ဒီကိစ္စကို စွမ်းစွမ်း မသိရင် ပိုကောင်းမယ်လို့ ငါထင်တယ်"

ချန်ဖူဝါက တာဝန်ခံလိုက်၏။

"ဒီအချိန်ကစပြီး ကျွန်တော်ဟာ ဒီကိစ္စနဲ့ပတ်သက်လို့ လုံးဝ မပြောကြားတော့ပါဘူး၊ သခင်မကြီးအနေနဲ့ ကျွန်တော့်အတွက် စိတ်သာချထားပါခင်ဗျာ"

သခင်မကြီး၏မျက်လုံးများ၌ မျက်ရည်များ ဝေ့ဝဲလာ၏။

အတန်ကြာမှ ချန်ဖူဝါဘက် လှည့်လာကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ပို့ချမ်နဲ့မင်းဟာ တော်တော်ရင်းနှီးတယ်ဆိုတာ ဟုတ်သလား"

"ဟုတ်ပါတယ်၊ ဆရာကြီးရဲ့ ကြည့်ရှုဆောင်မပေးမှုကြောင့် ကျွန်တော်ဟာ ကြင်းကန်းအတွင်းအား သိုင်းပညာကို သင်ကြားခွင့်ရခဲ့ပါတယ်"

"အင်း … သူ့ရဲ့စိတ်သဘောထားက ဒီလိုပဲ၊ သူနှစ်သက်တဲ့ လူငယ်လေးဆိုရင် ဒီလိုရက်ရက်ရောရောပေးတတ်လေ့ရှိတယ်၊ မင်းကို သူက ကြင်းကန်းအတွင်းအားသိုင်းပညာတောင် သင်ကြားပေးပုံထောက်တော့ မင်းကို သူက အလွန်တရာ နှစ်သက်အားထားတယ်ဆိုတာ မင်း သဘောပေါက်မှာပေါ့"

"ဟုတ်ကဲ့ … ဒါပေမဲ့ ကျွန်တော်က ဒီသိုင်းပညာကို သင်ရန် အသင့်တော်ဆုံးလူ မဟုတ်ပါဘူးဗျာ၊ ဒါကို ဆရာကြီးကလည်း ပြောပါတယ်"

သခင်မကြီးသည် ချန်ဖူဝါအား ခြေဆုံးခေါင်းဆုံး သေသေချာချာကြည့်ပြီးမှ …

"ဟုတ်တယ်၊ မင်းဟာ ဒီအတွင်းအားပညာကို အထွတ်အထိပ်အထိထားပေမယ့်လည်း အကောင်းဆုံးနဲ့ စွမ်းအားအရှိဆုံးဖြစ်အောင် အသုံးမချနိုင်ဘူး၊ မင်းရဲ့သူငယ်ချင်း ကောင်းရှိုဟာ ပိုပြီးသင့်တော်သူဖြစ်တယ်၊ သူ့ရဲ့ခန္ဓာထူးကျွှင်းမှုနဲ့ သိပ်သင့်တော်တယ်"

"ဟုတ်ပါတယ် ခင်ဗျာ … ဆရာကြီးဟာ ကောင်းရှိုလို တပည့်မျိုးကို တောင့်တနေတာပါ ခင်ဗျာ၊ ဒါပေမဲ့ …"

သခင်မကြီးက ဖြတ်ပြောလိုက်၏။



"ဒါပေမဲ့ အခြေအနေက မပေးဘူးဆိုပါတော့ကွယ်၊ ငါလည်း ကောင်းရှိုကို သိပ်နှမြောပါတယ်"

"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်သာ ကောင်းရှိုကို ခေါ်သွားနိုင်ရင် ဆရာကြီးက သိပ်သဘောကျမှာပါ။ ကျွန်တော်ကလည်း ခေါ်သွားမယ်လို့ ကောင်းရှိုကို ပြောခဲ့ပြီးပါပြီ"

သခင်မကြီးက …

"လူ့ဘဝဆိုတာ ဒီလိုပါပဲကွယ်၊ ရတာမလို လိုတာမရဆိုတာ လူတွေရဲ့ဘဝမှာ အမြဲတမ်းဖြစ်ပေါ်နေတဲ့အရာပဲပေါ့၊ တစ်နည်းအားဖြင့်တော့ ကောင်းရှို ကံဆိုးတာပဲပေါ့ကွယ်"

သခင်မကြီးသည် ပို့ချမ်အကြောင်းကို အတော်သိနေကြောင်း ချန်ဖူဝါ ရိပ်မိသိရှိလိုက်၏။ စုံစမ်းမေးမြန်းရန်စဉ်းစားနေစဉ်မှာပင် သခင်မကြီးက စကားကို လမ်းကြောင်းပြောင်းလိုက်တော့၏။

"မင်းရဲ့ ကြင်းကန်းအတွင်းအားသိုင်းပညာက ဘယ်အဆင့်ထိ ရောက်နေပြီလဲ"

"ကျွန်တော့်အတွက် လေ့ကျင့်ချိန် သိပ်မရတော့ပါဘူး၊ ဒါပေမဲ့ … ဒီထဲက သိုင်းကွက်အပြောင်းအလဲနဲ့ အသက်ရှူပုံ ရှူနည်းစတဲ့အချက်တွေကိုတော့ ကြေညက်အောင် မှတ်သားထားပါတယ် ခင်ဗျာ"

"မင်းဟာ ဉာဏ်စွမ်းထက်မြက်တဲ့ လူငယ်ပဲ၊ တစ်နေ့ကျွမ်းကျင်အောင် လေ့ကျင့်နိုင်မှာပါ"

"ဒါပေမဲ့ ကျွန်တော်ဟာ လောလောဆယ်မှာတော့ ဒီပညာကို အသုံးချနိုင်တဲ့အဆင့်အထိ မတတ်ကျွမ်းသေးဘူး ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



သခင်မကြီးက ခေတ္တစဉ်းစားပြီး ချန်ဖူဝါကို မမျှော်လင့်သည့်စကားကို ပြောလေ၏။

"မင်း ငါ့ကို လေ့ကျင့်ပြစမ်း၊ မင်းကို ငါ ကူညီနိုင်မယ်လို့ထင်တယ်"

ချန်ဖူဝါသည် သူမှတ်သားထားသည့် ကြင်းကန်းအတွင်းအား သိုင်းပညာကို လေ့ကျင့်ကစားပြလေတော့၏။

☆

သခင်မကြီးသည် ချန်ဖူဝါကစားပြသည်ကိုကြည့်ရင်း သူမ၊ မျက်နှာပေါ်၌ ကျေနပ်နှစ်သိမ့်သောအပြုံးများ ပေါ်လာသည်။

တစ်ချို့တစ်ချို့တွင် သူမက ချန်ဖူဝါလိုအပ်ချက်နှင့် အမှားအယွင်းရှိသောနေရာများတွင် ဝင်ရောက်ပြသပေးသည်။

သခင်မကြီးကျေးဇူးကား ကြီးမားလှ၏။

ယခင်က နားမလည်သော၊ သဘောမပေါက်သော အပိုင်းများကို နားလည်သဘောပေါက်လာသည်။

ချန်ဖူဝါ ပို၍နားလည်လာရသည့်အကြောင်းရင်းမှာ ...

သခင်မကြီးက သူမ၏ကျောက်စိမ်းတောင်ဝှေးဖြင့် သူ့အား တိုက်ခိုက်ခြင်း ဖြစ်ပါသည်။

တစ်ခါတစ်ရံ ရပ်နားခိုင်းပြီး သိုင်းကွက်ကို အသုံးပြုသင့်သောအချိန်၊ တိုက်ခိုက်ရမည့်ပုံစံ ... စသည်တို့ကို တစ်ခုမကျန် ချန်ဖူဝါအား ရှင်းလင်းသင်ကြားပေးသည်။

ချန်ဖူဝါသည် တစ်ခေါက်ထက်တစ်ခေါက် ပိုကျင်လည်လာပြီး သိုင်းကွက်ကို စိတ်တိုင်းကျ အသုံးပြုနိုင်လာသည်။



ချန်ဖူဝါသည် တာဝန်ဖြင့် မြို့တော်မှ ထွက်ခွာလာရသောကြောင့် ပို့ချမ်၏ လက်ထပ်သင်ကြားပေးခြင်းကို မခံယူခဲ့ရချေ။

သို့၌ ထက်မြက်သောဉာဏ်ရှိသဖြင့် သူ့ဘာသာ တတ်ကျွမ်းအောင် လေ့ကျင့်နိုင်သော်လည်း အနည်းဆုံး တစ်နှစ်လောက်အချိန်ယူရပေလိမ့်မည်။ ယခု သခင်မကြီး၏ သင်ကြားပြသမှုကြောင့် တစ်နှစ်သင်ကြားရမည့်ပညာကို တစ်ရက်တည်းနှင့် တတ်မြောက်လာရပေတော့သည်။

သခင်မကြီးနှင့်ချန်ဖူဝါတို့နှစ်ယောက် လောကကြီးကို ခေတ္တမေ့လျော့နေချိန်တွင် စွမ်းစွမ်းတစ်ယောက် ပြန်ရောက်လာ၏။ သိုင်းသမားတစ်ဦးဖြစ်သည့် စွမ်းစွမ်းသည် အလိုက်သိစွာဝင် အေးအေးဆေးဆေး ရပ်ကြည့်နေ၏။ ကြည့်ပင်ကြည့်သော်လည်း ကြင်းကန်းအတွင်းအားပညာကို အနည်းငယ်မျှ မသိသဖြင့် လုံးဝသဘောပေါက်ဘဲ ဖြစ်နေပေသည်။

မည်သို့ပင်ဖြစ်စေ သူမ၏မေမေကြီးက ခင်ပွန်းဖြစ်တော့မည့် ချန်ဖူဝါကို သိုင်းပညာသင်ပေးနေသည့်အတွက်ကိုမူ စိတ်ထဲ၌ ဝမ်းသာကျေနပ်နေ၏။

စောစောက မေမေကြီးပြောကြားခဲ့သော စကားများကို စွမ်းစွမ်းက မယုံသင်္ကာ ဖြစ်ခဲ့ပါသေးသည်။ အဘယ်ကြောင့်ဆိုသော် မေမေကြီးသည် ယခင်က သူမအား ဤမျှနူးညံ့ပျော့ပျောင်းစွာ ဆက်ဆံခဲ့ဖူးသောကြောင့် ဖြစ်ပါသည်။ မေမေကြီး၏ ဖော်ရွေသောကောင်းမှုကို ယခုမှ သိရှိလာရတော့သည်။

မကြာမီ သိုင်းလေ့ကျင့်ခန်းများ ပြီးစီးသွား၏။

www.burmeseclassic.com

www.burmeseclassic.com



ချန်ဖူဝါက သခင်မကြီးကို အရိုအသေပေးကာ ...

"သခင်မကြီးရဲ့ သွန်သင်မှုကို ကျွန်တော် ကျေးဇူးတင်မဆုံး ပါဘူး ခင်ဗျာ"

သခင်မကြီးက စွမ်းစွမ်းကို တစ်ချက်ကြည့်ပြီး ...

"မင်း ငါ့ကို ဘယ်လိုခေါ်လိုက်တာလဲ"

ချန်ဖူဝါက ...

"ဟုတ်ကဲ့ ... မေမေလို့ခေါ်ရမှာပါ ခင်ဗျာ၊ ကျွန်တော် မြန်းခနဲ နှုတ်မကျိုးသေးလို့ပါ ခင်ဗျာ"

ချန်ဖူဝါက စွမ်းစွမ်းဘက်သို့လှည့်၍ မေးလိုက်သည်။

"ညီမလေး ရောက်နေတာကြာပြီလား"

စွမ်းစွမ်းက ...

"သိပ်မကြာသေးပါဘူး၊ ဒါကြောင့် ဘာပညာမှမရတဲ့အဖြေ သဘောတောင်မပေါက်ပါဘူး။ ဒီပညာကို မေမေ သင်မပေးခဲ့ဖူးဘူး"

သခင်မကြီးက ရယ်မောကာ ...

"ဒီပညာဟာ သမက်ကိုသာ သင်ပေးရတဲ့ပညာပါပဲ သမီးကို သင်ပေးရတဲ့ ပညာမဟုတ်ဘူး ... နားလည်ရဲ့လား"

စွမ်းစွမ်း ရှက်သွားသည်။

"မေမေက ဘာလို့ သူ့ကို ဒီသိုင်းပညာ သင်ပေးရတာလဲ"

သခင်မကြီးက ...

"ငါ့သမီးရဲ့ သိုင်းပညာအရည်အချင်းက အဆင့်မြင့်တယ် ဆိုတော့ သမက်ကိုအနိုင်ကျင့်မှာ စိုးရိမ်တာနဲ့ သင်ပေးရတာပေါ့"

စွမ်းစွမ်းမှာ ရှက်စနိုးဖြစ်သွားသည်။



"မိခင်လုပ်သူက သမီးအနိုင်ကျင့်ခံရမှာသာ စိုးရိမ်တဲ့ထုံးစံ ရှိပါတယ် မေမေရယ်"

"ငါလိုအမေက သူများနဲ့ မတူဘူးကွယ့်၊ နောက်ဆို ငါ့သမီး ဆိုးရင် မင်းက ဆုံးမရမယ် ... သိလား"

သခင်မကြီးက ချန်ဖူဝါအား လှမ်းပြောသည်။ ချန်ဖူဝါက လက်ခါယမ်းကာ ...

"မလုပ်ပါနဲ့၊ ကျွန်တော့်မှာ ဒီလိုသတ္တိမျိုး မရှိဘူးခင်ဗျ"

စွမ်းစွမ်းသည် ချန်ဖူဝါနား ကပ်ကာ ...

"စောစောက အစ်ကိုကြီးတို့ လေ့ကျင့်နေတာ ဘာသိုင်း ပညာလဲဟင်"

"ကြွင်းကန်းအတွင်းအားသိုင်းပညာပါ"

"ဟင် ... မေမေ ဒီသိုင်းပညာတတ်တယ်လို့ ညီမလေး တို့ကို တစ်ခါမှ မပြောဖူးဘူး၊ ညီမလေးတို့ကိုလည်း သင်မပေးဖူးဘူး"

ချန်ဖူဝါက ရှင်းပြ၏။

"ဒီပညာမျိုးက ရှားတယ်၊ သိုင်းလောကမှာ လေ့ကျင့်တဲ့ လူလည်း သိပ်မရှိဘူး"

စွမ်းစွမ်းက ...

"ဓားပြိုင်၊ လှံပြိုင်၊ အကုန်ပြီးတယ်ဆိုတဲ့ ပညာမျိုးလား"

ချန်ဖူဝါက ...

"ဒါတော့ ရန်သူရဲ့ သိုင်းပညာနဲ့ အတွင်းအားအဆင့်ပေါ်မှာ တည်ပါတယ်၊ အကယ်၍ ရန်သူရဲ့ အတွင်းအားဟာ ကိုယ်နဲ့ တန်းတူ နေရင်တော့ လှံ၊ ဓား မပြိုင်နိုင်ဘူးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီးသာ ဒီပညာတတ်ပြီဆိုရင် အစ်ကိုကြီးကို နိုင်မယ့်လူ မရှိတော့ဘူးပေါ့"

ထိုစဉ် သခင်မကြီးက ဝင်ပြောလေ၏။

"ဟဲ့ ... ဒါမှ မေမေက သမီးကို သူ့လက်ထဲ စိတ်ချလက်ချ အပ်နှင်းနိုင်မှာပေါ့"

စွမ်းစွမ်းသည် သခင်မကြီးဘက်လှည့်ကာ ရုတ်တရက် မေးလိုက်၏။

"မေမေက ဖေဖေ့ဆီက ဒီပညာတတ်ကျွမ်းခဲ့တာလားဟင်"

သခင်မကြီးသည် ထိုစကားကြောင့် ရုတ်တရက် ကြောင်သွားသည်။ ပြီးမှ ရယ်မောကာ ...

"ချန်ဖူဝါကိုယ်တိုင် တတ်ခဲ့တဲ့ပညာကို မေမေက ဘေးက နေ ညွှန်ပြနေတာကွယ့်"

သခင်မကြီးသည် ရယ်မောနေသော်လည်း သူမ၏မျက်နှာထဲတွင်တော့ ဝမ်းနည်းကြေကွဲသော အရိပ်အယောင်များ ပေါ်လွင်နေသည်။

စွမ်းစွမ်းသည် သခင်မကြီး၏ ထူးခြားသောအမူအရာကို သတိမထားမိချေ။

ချန်ဖူဝါအားကြည့်ကာ ...

"ဒီပညာဟာ ကြင်း၊ ကြုံး၊ ကျောက်၊ တဲ့၊ ပု၊ စန်းစသော အပြင်အားပညာတွေထက် အစွမ်းထက်တယ်ပေါ့ ...ဟုတ်လား အစ်ကိုကြီး"

"ဟုတ်တာပေါ့ ... ဒီပညာက အဆင့်ပိုမြင့်တယ်"



ထိုစဉ် သခင်မကြီးက ဝင်၍ပြော၏။

"ဒီကြင်းကန်းအပြင်အားသိုင်းပညာဟာ အပြင်အားသိုင်းပညာတွေထဲက ဘိုးအေကြီးလို့ ဆိုရမယ်၊ ကြင်းကန်းပညာဟာ ထိပ်သီးသိုင်းပညာတစ်မျိုးပဲကွယ့်"

စွမ်းစွမ်းက ...

"ဒီပညာကို မေမေက သမီးကို တစ်ခါမှမပြောပြခဲ့ဘူးနော်"

သခင်မကြီးက ရယ်၍ပြော၏။

"နင်သင်ရမယ့်ပညာ အများကြီးရှိသေးတယ်၊ ဒါကြောင့် အမေ မပြောတာပေါ့"

ချန်ဖူဝါသည် စွမ်းစွမ်း ဆက်မေးမည်ကို စိုးရိမ်သဖြင့် စကားလမ်းကြောင်း လွှဲပေးလိုက်သည်။

သခင်မကြီးသည် ကြင်းကန်းပို့ချမ်နှင့် အလွန်နီးစပ်သောလူဖြစ်ကြောင်း ချန်ဖူဝါရိပ်စားမိသည်။

အကယ်၍ စွမ်းစွမ်းက ဆက်မေးလျှင် သခင်မကြီး အပြောရခက်နေမည်ကို စိုးရိမ်သဖြင့် ချန်ဖူဝါက အလိုက်သိစွာ စကားလမ်းကြောင်းပြောင်း၍ ပြောလိုက်ရခြင်း ဖြစ်သည်။

"ညီမလေး ... အပြင်မှာ ဘာသတင်းထူးတွေ ကြားရသေးသလဲ"

စွမ်းစွမ်းက ...

"အခု လောလောဆယ်တော့ ဘာမှမရှိသေးဘူး၊ ညနေလောက်မှ သိနိုင်လိမ့်မယ်"

သခင်မကြီးက ရယ်မောရင်း ထိုင်ရာမှထလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... နင်တို့ချည်း စကားပြောကြဦး၊ အချက်ပေး ခေါင်းလောင်းသံကြားမှ ရင်ပြင်တော်မှာ လာပြီး စုရုံးကြ၊ ငါသွားမယ်"

သခင်မကြီးသည် စကားဆုံးသည်နှင့် ထွက်ခွာသွားတော့သည်။ စွမ်းစွမ်းက စိုးရိမ်စွာမေးလိုက်၏။

"အမေ ... ဘယ်သွားမလို့လဲဟင်"

သခင်မကြီးက ...

"ခဏအနားယူမလို့ပါ၊ စောစောက လှုပ်ရှားလိုက်တာ တော်တော်ပင်ပန်းသွားတယ်၊ အသက်ကြီးလာပြီဆိုတော့ ဒီလိုပဲ နည်းနည်းလှုပ်တာနဲ့ ပင်ပန်းတာပဲကွယ်၊ ဘာလဲ ... သမီးက အမေနဲ့ လိုက်လာချင်လို့လား"

ပြောပြီး ဆက်လက်ထွက်ခွာသွားတော့သည်။

စွမ်းစွမ်းက လိုက်သွားမည့်ဟန် ပြင်လိုက်ပြီးမှ ချန်ဖူဝါကို နောက်လှည့်ကြည့်လိုက်၏။ သူမ၏ခြေလှမ်းများလည်း ရပ်သွားတော့သည်။ သူက စွမ်းစွမ်းကို ပြုံး၍ကြည့်နေသည်။

သခင်မကြီးသည် ပြုံးရွှင်သော မျက်နှာဖြင့် ထွက်ခွာသွားသော်လည်း စိတ်တော့ အလွန်တရာ ကြေကွဲနေပါသည်။

တကယ်တော့ ...

စွမ်းစွမ်းသည် အချစ်စိတ် မွန်ထူနေသောကြောင့် သခင်မကြီး၏ အမူအရာများကို မရိပ်မိခြင်းသာ ဖြစ်ပါလေသည်။



**အခန်း ( ၃၄ )**

**သေမင်းခရီး**

သစ်ဖောင်သုံးဆယ့်လေးစင်းတို့သည် တစ်စင်းပြီးတစ်စင်း တန်းစီလျက် သဲသောင်များကြားတွင် လှော်ခတ်လျက် ရှိနေကြသည်။

ရှေ့ဆုံးသစ်ဖောင်ပေါ်တွင် ဆဲမာခြံနှင့် ကိုးစွန်းဖန်တို့က ထင်းတိတွေအဖွဲ့သားလေးယောက်တို့နှင့်အတူ ဦးဆောင်လျက် ရှိသည်။ အဖွဲ့သားလေးယောက်က သစ်ဖောင်ကို လှော်ခတ်ပြီး ဆဲမာခြံက လမ်းကြောင်းပြပေးနေသည်။

ဆဲမာခြံ၏ ဦးဆောင်မှုကြောင့် သစ်ဖောင်သုံးဆယ့်လေးစင်းတို့သည် သဲသောင်ဝက်ပါကို ဖြတ်ကျော်ကာ ရေတံခါးဝသို့ ချောမောစွာ ရောက်ရှိလာ၏။ ထိုအဝင်ဝရှိ ရေစီးကြောင်းသည် နံနက်အချိန်ကလောက် မပြင်းထန်တော့ပေ။ သို့သော် ...

ဆဲမာခြံက သူငယ်သားများကို သတိကြီးစွာ လှော်ခတ်စေ၏။ ဆဲမာခြံဦးဆောင်သောသစ်ဖောင်သည် ရေတံခါးဝသို့ ဝင်ရောက်လာ၏။ အခြားသစ်ဖောင်များလည်း အန္တရာယ်ကင်းရှင်းစွာ တစ်စင်းပြီးတစ်စင်း ဝင်ရောက်သွားကြတော့သည်။

ထိုရေလမ်းကြောင်းကို ဖြတ်ကျော်မိကြသောအခါ သေမင်း

www.burmeseclassic.com

www.burmeseclassic.com



ကမ်းပါးရှိရာသို့ ရောက်ရှိလာ၏။

ဆဲမာခြုံလည်း ကျောက်ဆောင်ထိပ်ပေါ်တွင် ထိုင်နေသော လူသန်ကြီးကို ချက်ချင်းတွေ့လိုက်ရ၏။ သူက အချက်ပြလိုက်သံဖြင့် သစ်ဖောင်တို့သည် ရှေ့ဆက်မလော့ခတ်တော့ဘဲ နေရာတွင်မြဲနေရန် ထိန်းထားကြသည်။

ကျောက်ဆောင်ထိပ်ပေါ်တွင် ထိုင်နေသော လူသန်ကြီးသည် တဟားဟားနှင့် ကျယ်လောင်စွာရယ်မောရင်း မတ်တတ်ရပ်လိုက်၏။ လူသန်ကြီး မတ်တတ်ရပ်လိုက်သောအခါ ဘီလူးပမာကြောက်စရာကောင်းအောင် ကြီးမားသောလူတစ်ယောက်ဖြစ်ကြောင်း တွေ့ရသည်။ သူ၏ရယ်မောသံက ကြားရသူတိုင်းကို နားအူသွားစေသည်။

ဆဲမာခြုံက လူသန်ကြီးကိုကြည့်ကာ မည်သို့ရင်ဆိုင်ရမည်ကို စဉ်းစားနေ၏။ လူသန်ကြီးသည် အားရအောင် ရယ်မောပြီးမှ–

'လာကြလေ' ဟုအော်ကာ ဆဲမာခြုံကို လက်ယပ်ခေါ်လိုက်၏။ သူရပ်နေသော ကျောက်ဆောင်ကြီးသည် မြင့်မားပြီး မတ်စောက်နေသောကြောင့် သူ့ထံ အရောက်သွားရန် မလွယ်ကူလှချေ။

ဆဲမာခြုံအဖို့ အကျဉ်းအကျပ်တွေ့နေသည်။

သည်အခြေအနေကျမှ နောက်သို့လည်း မဆုတ်ချင်တော့ပေ။ ထို့ကြောင့် ယတိပြတ် ဆုံးဖြတ်ချက်ချလိုက်သည်။

"တက်"

သစ်ဖောင်များ တစ်စင်းပြီးတစ်စင်း ရှေ့တိုးသွားတော့၏။

☆



ကျောက်တောင်ပေါ်မှ လူကြီးသည် မာန်ပါပါအော်ရင်း ကြီးမားသော ကျောက်တုံးတစ်တုံးကို မ, ကာ ပစ်ချလိုက်လေသည်။

ထို့နောက် နောက်တစ်တုံးကို မ,ကာ ထပ်မံပစ်ချပြန်၏။ လူသန်ကြီး၏လှုပ်ရှားမှုသည် အံ့သြလောက်အောင် လျင်မြန်ပြီး သူ၏အင်အားကလည်း အလွန်ကြီးမားလှ၏။ တစ်ခဏအတွင်း ခဲမိုးရွာသလို ကျောက်တုံးများက အဆက်မပြတ်ကျလာတော့သည်။

မိုးပြိုကျသကဲ့သို့ တဝုန်းဝုန်း မြည်ဟည်းနေတော့သည်။

ပထမဦးဆုံးကျလာသော ကျောက်တုံးသည် ဆဲမာခြုံရှိရာသို့ ဦးတည်ကျလာ၏။

ကိုးစွန်းဖန်သည် ထိုကျောက်တုံးကြီးကို တုန်လှုပ်ချောက်ချားစွာ ကြည့်လျက် ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေ၏။

ဆဲမာခြုံသည် အတွင်းအားဖြင့် ကော်လိုက်သံဖြင့် ကျလာသော ကျောက်တုံးသည် ဒုတိယကျောက်တုံးကို ဝင်တိုက်သွားသည်။

ဝုန်းခနဲအသံနှင့်အတူ ကျောက်တုံးနှစ်တုံးတိုက်မိစဉ် သစ်ဖောင်ခုနစ်စင်းသည် ထိုကြားထဲမှ လွတ်သွားသည်။ ကျောက်တုံးနှစ်တုံးသည် အချင်းချင်းတိုက်မိကာ အဝေးသို့လွင့်စဉ်ထွက်သွား၏။

သို့သော် နောက်ထပ်ကျလာသော ခဲလုံးများကိုမူ နောက်တွင်ကျန်ရစ်ခဲ့သော သစ်ဖောင်များက မရှောင်နိုင်တော့ပေ။

ကျောက်တုံးများကြောင့် သစ်ဖောင်များသည် အပိုင်းပိုင်းကြေမွပျက်စီးကာ ထင်းတိထွေအဖွဲ့သားများလည်း ရုပ်ပျက်ဆင်းပျက် သေကြေကုန်တော့သည်။ ရေပြင်ပေါ်တွင် လူသေအလောင်းနှင့် သစ်ဖောင်အပိုင်းအစများ ပေါ်လာသည်။ ရေပြင်သည်လည်း

www.burmeseclassic.com

www.burmeseclassic.com



မငြိမ်မသက်နှင့် လှုပ်ရှားနေပြီး သွေးခြင်းခြင်း နီရဲကုန်၏။

လူသန်ကြီး၏ ကျောက်တုံးအောက်တွင် အသက်ရှင် ကျန်ရစ်သူသည် ဆယ်ယောက်ပင်မပြည့်တော့။ ရှိသမျှသော သစ်ဖောင်နှင့် ထင်းတိုထွေအဖွဲ့သားတို့သည် မြင်မကောင်းအောင် သေကြေပျက်စီးကုန်၏။

အသက်ရှင်ကျန်ရစ်သောသူတို့သည် ထိုမြင်ကွင်းကို ကြည့်ကာ ကြောက်ဒူးတုန်နေကြသည်။ သူတို့သည် ရက်စက်ကြမ်းကြုတ်သောလူများ ဖြစ်ကြသော်လည်း ဤမျှကြောက်စရာကောင်းသော မြင်ကွင်းကိုမူ တစ်ခါမျှ မမြင်ဖူးခဲ့ပါချေ။

သေကြေကြကုန်သော ရန်သူ၏အလောင်းများကိုကြည့်ကာ လူသန်ကြီးသည် အားရပါးရ ရယ်မော၍ ထိုင်ချလိုက်၏။ ဆဲမာမြို့သည် လူသန်ကြီးကိုဂရုမစိုက်တော့ဘဲ ဆက်လက်ထွက်ခွာလာ၏။

သူ၏နောက်မှ လိုက်ပါလာသော သစ်ဖောင်ခုနစ်စင်းပေါ်မှ ထင်းတိုထွေအဖွဲ့သားတို့မှာမူ အလွန်ထိတ်လန့်တုန်လှုပ်နေကြသည်။

သေမင်းကမ်းပါးကိုကျော်လာမှ သူတို့သည် အနည်းငယ် စိတ်သက်သာရာရရှိသွားကြသည်။ သို့သော် ရှေ့ဆုံးမှ ဆဲမာမြို့သည် အကွေ့တစ်ခုကိုတွေ့ပြီးနောက် အကြီးအကျယ် မျက်နှာပျက်သွားပြီး "မြန်မြန်" ... ဟု အော်လိုက်၏။

တစ်ပြိုင်တည်းမှာပင် သူ၏လက်ထဲမှဝါးရှည်ဖြင့် သစ်ဖောင်ကို လျင်မြန်စွာ တွန်းလိုက်၏။ သစ်ဖောင်ကြီးသည် လျင်မြန်သောအရှိန်ဖြင့် ရေတံခွန်အောက်သို့ ရောက်သွားသည်။ ထိုအချိန်မှာပင် ရေတံခွန်ပေါ်ရှိကျောက်တုံးများ တဝေါဝေါ ပြိုဆင်းလာတော့၏။



ရေတံခွန်အောက်ရောက်နေသော သစ်ဖောင်လေးစင်းသည် ကျောက်တုံးကြီးများနှင့် ရေလုံးများဒဏ်မှ လွတ်မြောက်ပြီး အတွင်းသို့ရောက်ရှိသွား၏။ ကျန်ရှိသော သစ်ဖောင်သုံးစင်းမှာမူ ကျောက်တုံးကြီးများနှင့် ရေလုံးကြီးများဒဏ်ကို ခံလိုက်ရပြီး ကြေမွပျက်စီးသွားတော့သည်။

ရေတံခွန်အောက်မှ လွတ်မြောက်လာသော သစ်ဖောင်လေးစင်းသည် လှေကားထစ်ရှိရာသို့ ရောက်ရှိလာ၏။ ဆဲမာမြို့သည် ရှေ့ဆုံးမှဦးဆောင်ကာ လှေကားထစ်ပေါ် ခုန်တက်ရောက်ရှိလာလေတော့သည်။

☆

"ဒီလှေကားထစ်လည်း ထောင်ချောက်မဖြစ်ပါစေနဲ့လို့ ဆုတောင်းနေရပါတယ်"

ခေါင်းဆောင်ကြီးဆဲမာမြို့က သံသယမကင်းစွာပြောသည်။

"ထောင်ချောက်မရှိတာတောင် ဖြတ်ကူးဖို့ သိပ်မလွယ်ဘူးထင်တယ်"

ကုန်းစွန်းဖန်သည် လှေကားထစ်၏ထိပ်ဆုံး ဝင်ပေါက်ရှိရာသို့ မော့ကြည့်၏။

"ခေါင်းဆောင်ကြီး ... နောက်ဆုံးဝင်ပေါက်ဟာ လူနှစ်ကိုယ်စာခန့်သာ ကျယ်ဝန်းတယ်၊ အဲဒီနေရာမှာသာ လက်နက်ကိုင်ခလုတ်တွေ တပ်ဆင်ထားရင် ကျွန်တော်တို့လွတ်မှာ မဟုတ်ဘူးခင်ဗျာ"

ဆဲမာမြို့က ခေါင်းခါ၏။

www.burmeseclassic.com

www.burmeseclassic.com



"အကာယ်၍ လက်နက်ပုန်းနဲ့ပိတ်ဆို့မယ်ဆိုရင် အခုလက်နက်ပုန်းထောင်ချောက် မဟုတ်နိုင်တော့ဘူး"

လွတ်မြောက်လာသော ထင်းတိထွေအဖွဲ့သားအားလုံးသည် လှေကားထစ်ပေါ်၌စုပြုံကာ ရပ်နေကြ၏။

ရေမျက်နှာပြင် တဖြည်းဖြည်းမြင့်တက်လာသောကြောင့် လှေကားထစ်အောက်ဆုံးတွင် ရပ်နေသောလူ၏ခါးအထိ ရေများ နစ်မြုပ်လာပါသည်။ သူတို့သည် မြင့်တက်လာသော ရေမျက်နှာပြင်ကို ကြည့်ကာ ထိတ်လန့်တုန်လှုပ်နေ၏။

သို့သော် ဆဲမာခြို၏အမိန့်မရသေးသဖြင့် မည်သူမှ မလှုပ်ရဲဘဲ ရပ်ကြည့်နေရသည်။ ဆဲမာခြိုသည် သက်ပြင်းတစ်ချက်ချကာ လက်အောက်ငယ်သားများကို ကြည့်လိုက်၏။

ဤအထဲသို့ မဝင်မီကတည်းက အန္တရာယ်များ ရှိလိမ့်မည်ဟု ကြိုတင်ထင်မြင်ချက်ပေးသော်လည်း ဤမျှကြီးမားသော အန္တရာယ်ရှိမည်ဟု သူ လုံးဝမျှော်လင့်မထားမိချေ။ ယခုတော့ ...

အခြေအနေကား စောင့်ကြည့်နေလျှင် သေလမ်းတစ်လမ်းသာ ရှိတော့သည်။ ရှေ့ဆက်မတိုး၍မဖြစ်သောအခြေအနေ ရောက်နေချေပြီ။ ဆဲမာခြိုသည် အံကြိတ်ကာ လှေကားထစ်ပေါ်သို့ ဆက်၍ပြေးတက်သွား၏။ အဖွဲ့သားများလည်း ကျယ်လောင်စွာအော်ဟစ်အသံပြုကာ လိုက်ပါတက်လှမ်းလာ၏။

ထိုတစ်ချိန်တည်းမှာပင် လှေကားထစ်သည် ရုတ်တရက်အထစ်ထစ် ကျိုးပြတ်သွားကုန်၏။ ထင်းတိထွေအဖွဲ့သားထဲမှ သိုင်းပညာအဆင့်မြင့်သော အဖွဲ့သားသုံးယောက်သာ ကျောက်ထရံကို



အချိန်မီကိုင်မိနိုင်သဖြင့် သေဘေးမှလွတ်သွား၏။ ကျန်အဖွဲ့သားတို့သည် ပျက်စီးသွားသော လှေကားထစ်နှင့်အတူ ရေထဲသို့ ပြုတ်ကျသွားကုန်သည်။

ဆဲမာခြိုသည် ကျန်ရှိသေးသော လက်အောက်ငယ်သားလေးဦးကိုကြည့်ကာ သက်ပြင်းတစ်ချက်ချလိုက်၏။ လာစဉ်က လူလေးရာရှိသော်လည်း ယခု မိမိအပါအဝင် ငါးဦးသာကျန်တော့သည်။

အစက သူထင်ခဲ့သည်။ လူအင်အားလေးရာနှင့် ဝင်ရောက်တိုက်လျှင် အလွန်ဆုံးလူထက်ဝက်ခန့် ကျန်မည်ဟု ထင်မှတ်ခဲ့၏။

သူတို့အထဲကိုရောက်လျှင် အဆိပ်ဘုရင် ဝင်လာမည်။ အဆိပ်ဘုရင်နှင့် သံချပ်ဝတ်စုံနှင့်လူတို့ အသေအကြေတိုက်ခိုက်သည်အထိ သူစောင့်နေမည်။ ပြီးမှ အလွယ်တကူ အားလုံးကို အနိုင်ယူမည်ဟု စိတ်ကူးထားသည်။

သို့သော် ယခုတော့ ဆဲမာခြိုသည် ထင်သလိုဖြစ်မလာဘဲ လူအင်အားလေးရာသည် လေးယောက်သာ ကျန်တော့သည်ကိုတွေ့ရသဖြင့် အလွန်စိတ်မာတ်ကျနေ၏။ ထို့အပြင် ရှေ့ဆက်ရမည့် ခရီးသည်လည်း မည်မျှ ခက်ထန်ကြမ်းတမ်းမည်ကို သူ မသိရှိရသေးပေ။

ဤလူအင်အား လေးယောက်ဖြင့် အထဲကိုရောက်အောင် တိုက်ခိုက်နိုင်ပါမည်လောဟု သံသယဖြစ်လာ၏။ ထို့ကြောင့် ဆက်လက်၍ မည်သို့ပြုလုပ်ရမည်ကိုမင် မဝေခွဲနိုင်တော့ဘဲ တွေဝေနေတော့သည်။

ကိုးစွန်းဖန်သည် တဖြည်းဖြည်း ဆဲမာခြိုနား ကပ်လာပြီး ...

"ခေါင်းဆောင်ကြီး ... ကျွန်တော်တို့ ဘယ်လိုဆက်လုပ်

www.burmeseclassic.com

www.burmeseclassic.com



မလဲ ခင်ဗျာ” ဟု မေးလိုက်၏။ သူ၏အမူအရာက အလွန်ပင် ထိတ်လန့်တုန်လှုပ်နေသည်ကို တွေ့ရ၏။ ဆဲမာခြိုက ပြုံးရယ်၍ ... “အထဲကို ဆက်ဝင်တာကလွဲလို့ တခြားဘယ်နည်းလမ်း ရှိသေးသလဲ”

သူ၏အပြုံးက အေးစက်လှသဖြင့် ကိုးစွန်းဖန်သည် ဆက် မမေးရဲတော့ချေ။

☆

ကျန်ရှိသေးသော ထင်းတိုထွေအဖွဲ့သားသုံးယောက်သည် ဆဲမာခြို၏အနီးသို့ ရောက်ရှိလာ၏။

ဆဲမာခြိုသည် အချက်ပြပြီး အတွင်းသို့ဝင်သွားတော့သည်။

ကိုးစွန်းဖန်အပါအဝင် အဖွဲ့သားလေးယောက်တို့သည် အပေါက်ထဲသို့ လျင်မြန်စွာ ခုန်ဝင်လိုက်ကြ၏။ သူတို့သည် လက်နက် အသီးသီးဖြင့် ကိုယ်ခန္ဓာကို ကာကွယ်ရင်း ခုန်ဝင်သွားခြင်းဖြစ်သည်။

သို့သော် အပေါက်ဝထဲတွင်တော့ တစ်စုံတစ်ယောက်မျှ မရှိပါ။ အပေါက်ဝနှင့်ဆက်လျက်ရှိသော အခန်းတစ်ခန်းသည်ကား ကျောက်တုံးများဖြင့် တည်ဆောက်ထားသော အခန်းပင်ဖြစ်၏။

သူတို့လေးယောက်သည် ထိုအခန်းထဲသို့ လျင်မြန်စွာ ခုန် ဝင်လိုက်ပြန်သည်။ အခန်းထဲကို ရောက်ရှိသွားသည်နှင့် တစ်ပြိုင် တည်း စူးရှသောလေတိုးသံကို သူတို့ကြားလိုက်ရသည်။

ကိုးစွန်းဖန်သည် လျင်မြန်ဖျတ်လတ်စွာ ကိုယ်ကိုကွေး၍ မြေပေါ်သို့ လှိမ့်ချလိုက်၏။ တစ်ပြိုင်တည်းမှာပင် လက်ထဲမှဓားဖြင့် ဝင်လာသော ငွေရောင်လက်နက်ကို ရိုက်ထုတ်ပစ်လိုက်သည်။



ကိုးစွန်းဖန်၏ဖခင်ဖြစ်သူ ပေါက်အီ၏ သိုင်းပညာကား ခေ လှသည်မဟုတ်ပေ။ ကိုးစွန်းဖန်သည် သူ့ဖခင်၏သိုင်းပညာအားလုံး ကို မတတ်ကျွမ်းသေးသော်လည်း ထက်မြက်သော သိုင်းကွက် များကိုမူ သေချာစွာ လေ့ကျင့်နိုင်သည်။

ထို့ကြောင့် ကိုးစွန်းဖန်သည် ပင်ကိုအရည်အချင်း မရှိသော် လည်း ထက်မြက်သောသိုင်းကွက်အချို့ကြောင့် အဆင့်မြင့်သိုင်း သမားတစ်ယောက် ဖြစ်လာခဲ့ရပေသည်။ ကိုးစွန်းဖန်နောက်မှ လိုက် ပါလာသော အဖွဲ့သားများမှာ သူ့လောက် အဆင့်မမြင့်။

အဖွဲ့သားနှစ်ယောက်မှာ ချက်ချင်းပင် သေပွဲဝင်သွားရ၏။

ကျန်သေးသော အဖွဲ့သားတစ်ယောက်မှာလည်း ငွေရောင် လှံထိပ်သုံးခုကို ကာကွယ်နိုင်သော်လည်း စတုတ္ထမြောက်အကြိမ် တွင်တော့ မကာကွယ်နိုင်တော့ဘဲ သေပွဲဝင်သွားရှာသည်။

ထိုငွေရောင်လှံထိပ်လက်နက်သည် စုစုပေါင်းရှစ်ခုရှိပြီး လှံ ထိပ်နောက်တွင် ငွေရောင်သံကြိုးဖြင့် ဆက်ထား၏။

အခန်းထဲတွင် မျက်မမြင်အဘိုးအိုလေးယောက်ရှိပြီး တစ် ယောက်လျှင် သံကြိုးပါ သော လှံထိပ်လက်နက်နှစ်ခုစီ ကိုင်ထား၏။

မျက်မမြင်အဘိုးအိုလေးယောက်သည် မတ်တတ်ရပ်လျက် ကိုးစွန်းဖန်ကို ဝိုင်းရံထားလျက် ရှိ၏။ ကိုးစွန်းဖန်သည် ထိုမျက်မမြင် အဘိုးအိုလေးယောက်ကို မြင်သော် ကြောက်ရွံ့ထိတ်လန့်ကာ မော ဈေးပြန်လာ၏။ မျက်မမြင်သိုင်းသမားများ သိုင်းပညာ ထူးချွန်လာ ပြီဆိုလျှင် တော်ရုံသိုင်းသမားများ လိုက်မမီကြောင်း ကိုးစွန်းဖန် သိထားခဲ့ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်တည်းမှာပင် ကျောက်ထရံပေါ်တွင် တွယ်ကပ်နေသော ဆဲမာခြိုသည် ရုတ်တရက် မြေပြင်ပေါ်သို့ ခုန်ချလာ၏။

ဆဲမာခြိုသည် ခေါင်းကိုအောက်စိုက်လျက် ကြမ်းပြင်ပေါ် ကျလာသည်။ လက်ချောင်းဖြင့် ထောက်ကာကျလာသောကြောင့် အသံလုံးဝ မထွက်ပေ။ ထို့ကြောင့် မျက်မမြင်အဘိုးအိုလေးယောက်သည် အခန်းထဲ၌ ဆဲမာခြိုရှိနေသည်ဟု မသိကြပေ။

ကိုးစွန်းဖန်ကလည်း စိတ်ထဲတွင် ကျိတ်၍ဝမ်းသာနေ၏။

ဆဲမာခြိုသည် မျက်မမြင်အဘိုးအိုလေးယောက်ကို တိတ်တဆိတ် လုပ်ကြံသတ်ဖြတ်မည်ဟု ထင်နေ သည်။ ထို့ကြောင့် သူက ကြိုးစား၍ လှံထိပ်များကို ခုခံကာကွယ်လိုက်သည်။ မျက်မမြင်လေးယောက်၏ တိုက်ကွက်အားလုံးကို ကာကွယ်နိုင်လိုက်သည်။

ထိုစဉ် ဆဲမာခြိုသည် ကိုးစွန်းဖန် မထင်မှတ်သော အပြုအမူကို ပြုလုပ်သွားသည်။ ဆဲမာခြိုသည် မျက်မမြင်လေးယောက်ကို မတိုက်ခိုက်ဘဲ အဝေးသို့ ခုန်လွှားသွားသည်ကို တွေ့လိုက်ရသည်။

ထိုအခန်း၏ တစ်ခုတည်းသော ထွက်ပေါက်တွင် လှေကားထစ်များရှိ၏။ ဆဲမာခြိုသည် ထိုလှေကားထစ်ပေါ်သို့ ရောက်အောင် ခြေဖော့၍ လျှောက်သွား၏။

အသံအနည်းငယ်မျှ မပေါ် ပေါက်သောကြောင့် မျက်မမြင် အဘိုးအိုလေးယောက်လည်း သူ့ကို သတိမပြုမိကြချေ။

☆

ဆဲမာခြို၏လုပ်ရပ်ကိုမြင်ရသော ကိုးစွန်းဖန်သည် တစ်ကိုယ်လုံး အေးစိမ့်သွားမတတ် ခံစားလိုက်ရသည်။



အမှန်စင်စစ် ဆဲမာခြိုသည် မျက်မမြင်အဘိုးအိုလေးယောက်နှင့် ရင်ဆိုင်တိုက်ခိုက်ရန် ဆန္ဒလုံးဝမရှိချေ။ ကိုးစွန်းဖန်နှင့် မျက်မမြင်လေးယောက် တိုက်ခိုက်နေသည်ဆိုကတည်းက သူများစွာ ကျေနပ်နေခဲ့သည်။ ထိုအဖြစ်အပျက်ကိုမြင်ရသော ကိုးစွန်းဖန် အလွန်ဝမ်းနည်း ကြေကွဲသွား၏။

ဆဲမာခြိုအတွက် မိမိတို့သည် အသုံးချခံကိရိယာသာ ဖြစ်ကြောင်း သိရသော် ဒေါသလည်း ထွက်လာ၏။ ထို့ကြောင့် ကိုးစွန်းဖန်သည် အနည်းငယ် သတိလစ်ဟင်းသွားခဲ့ပါသည်။

ကိုးစွန်းဖန်က ဤသို့ သတိလစ်သွားခိုက်တွင် ငွေရောင်လှံထိပ်တစ်ခုသည် လျှင်မြန်စွာ သူ၏ခါးထဲသို့ စိုက်ဝင်သွားတော့သည်။

ထိုအချိန်မှစ၍ ...နောက်ထပ်ဝင်လာသော လက်နက်များကို မရှောင်နိုင်တော့ချေ။ ငွေရောင်လှံထိပ်လက်နက်နှစ်ခုသည် ကိုးစွန်းဖန်၏ခန္ဓာကိုယ်ထဲ၌ ထပ်မံ၍ စိုက်ဝင်လာတော့သည်။

ကိုးစွန်းဖန်သည် စူးစူးရှားရှားအော်ဟစ်ရင်း ချက်ချင်းပင် သေဆုံးသွားတော့သည်။

မျက်မမြင်အဘိုးအိုလေးယောက်တို့သည် လက်နက်များကို အသီးသီးသိမ်းကာ အေးစက်စက် ပြုံးဝတ္ထုရယ်မောလိုက်ကြ၏။ ကိုယ့်နေရာတွင် ကိုယ်ပြန်ထိုင်လိုက်ကြသည်။

မျက်မမြင်အဘိုးအိုတစ်ယောက်က မှတ်ချက်ပေးသည်။

"ဒီလူတွေထဲမှာ ဒီကောင်ရဲ့ သိုင်းပညာဟာ အမြင့်မြင့်ဆုံး ထင်ပါရဲ့၊ သူ့ရဲ့ဓားသိုင်းပညာက ထက်မြက်ပေမယ့် အတွင်းအားက ပျော့ညံ့လှသကွယ်"

www.burmeseclassic.com



ဒုတိယမျက်မမြင်က စဉ်းစဉ်းစားစားပြော၏။

"ဒီလောက်ညံ့တဲ့ အဆင့်နိမ့်သိုင်းသမားတစ်ယောက်က ဒီထဲအထိ ရောက်လာနိုင်တယ်ဆိုတော့ မင်းတို့ စဉ်းစားကြည့်စမ်း မထူးဆန်းဘူးလား"

"သူတို့ ကံကောင်းလို့ နေမှာပါကွယ်"

တတိယ မျက်မမြင်အဘိုးအိုက ရယ်မောကာ ပြောလိုက်၏။ စတုတ္ထအဘိုးအိုက ...

"လာတဲ့လူတွေထဲမှာ အတွင်းအားနက်ရှိုင်းတဲ့လူ တစ်ယောက် ပါလာနိုင်တယ်"

ဒုတိယမျက်မမြင်က ထောက်ခံ၏။

"ဟုတ်မှာပေါ့၊ သူကိုယ်တိုင်မတက်ရဲလို့ သူများကို အရင်တက်ခိုင်းတာ ဖြစ်မှာပေါ့"

"အခုဆို သူ ပိုပြီးမတက်ရဲအောင် ဖြစ်နေပြီပေါ့"

စတုတ္ထမျက်မမြင်က ရယ်မောရင်း ပြောသည်။ သူကပင် ဆက်၍ ..."ငါတို့ ဒီအတိုင်း ထိုင်စောင့်ရတော့မှာလား"

ဒုတိယမျက်မမြင်က ပြန်မေး၏။

"မင်းမှာ ဘယ်လိုအကြံကောင်း ရှိလို့လဲ"

စတုတ္ထမျက်မမြင်က သက်ပြင်းတစ်ချက်ချပြီး...

"ငါတို့ လူမသတ်ရတာ ကြာပြီမဟုတ်လား။ အခု အခွင့်အရေးရပေမယ့် တစ်ခဏအတွင်းပြီးဆုံးသွားတော့ အားမရသေးဘူး၊ လက်က ယားနေတုန်းပဲကွ"

ပထမမျက်မမြင်က ...



"မင်းမပြောရင်တောင် ကောင်းဦးမယ်၊ မင်းပြောလိုက်မှ ငါပါ လက်ယားလာပြီ"

သူသည် စကားဆုံးသည်နှင့် အခန်းဝမှထွက်လာ၏။ လှေကားဝသို့ လျှောက်သွားပြီး လက်ထဲမှ လှံတိုဖြင့် ပစ်ချလိုက်သည်။

အပေါက်ဝ၏တောင်ဘက်တွင် ထင်းတီထွေအဖွဲ့သား တစ်ယောက်သည် ရေကူးကာ ကျောက်ထရံပေါ်သို့တက်ရန် ကြိုးစားနေသည်။ မျက်မမြင်အဘိုးအိုပစ်လိုက်သော ငွေရောင်လှံထိပ်က ထိုလူ၏နဖူးပေါ်သို့ တည့်မတ်စွာ စိုက်ဝင်သွားတော့သည်။ ထိုလူသည် စူးစူးရှားရှားအော်ကာ ရေထဲကျ၍ သေဆုံးသွားတော့သည်။

ဒုတိယမျက်မမြင်အဘိုးအိုကလည်း အပေါက်ဝသို့ လျင်မြန်စွာ ရောက်ရှိလာပြီး ရေကူးနေသော ထင်းတီထွေအဖွဲ့သား တစ်ယောက်ကို ပစ်သတ်လိုက်ပြန်၏။ ကျန်သော ထင်းတီထွေအဖွဲ့သားများသည် ကြောက်ရွံ့ထိတ်လန့်စွာ အဝေးသို့ ရေကူးထွက်ပြေးကြတော့သည်။ တချို့ကလည်း ရေအောက်သို့ ငုပ်လျှိုးသွားတော့သည်။

အသံများ ငြိမ်သက်သွားသောအခါ မျက်မမြင်လေးယောက်သည် အားရပါးရ ရယ်မောကြတော့သည်။ အလွန်အရေးကြီးသောပုဂ္ဂိုလ်တစ်ယောက် သူတို့ကြားမှ လွတ်မြောက်သွားသည်ကို မသိကြသောကြောင့် ဤကဲ့သို့ ဝမ်းသာပျော်ရွှင်နေကြခြင်းပင်။

အကယ်၍ ထိုလွတ်မြောက်သွားသည်ကိုသာ သိကြလျှင် သူတို့သည် ယခုကဲ့သို့ အားရပါးရရယ်မောနိုင်တော့မည်မဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃၅ )
## ကံသိုသူ မေနန်

အခန်းထဲမှ လွတ်မြောက်လာသူ ဆဲမာခြုံသည် အခန်းပြင်ရောက်မှ စိတ်ချစွာ သက်ပြင်းရှည်တစ်ချက်မှုတ်ထုတ်နိုင်တော့သည်။

ထိုမျက်မမြင်အဘိုးအိုလေးယောက်သည် အလွန်နားပါးသော အဆင့်မြင့်သိုင်းသမားများဖြစ်ကြောင်း သူသိပါသည်။ အကယ်၍ ထိုရန်သူလေးယောက်နှင့် ယှဉ်ပြိုင်တိုက်ခိုက်ရပါက သူ့အနေဖြင့် လွယ်လွယ်နှင့် အနိုင်ယူနိုင်လိမ့်မည် မဟုတ်ပါ။

အကြိတ်အနယ်ယှဉ်ပြိုင်ပြီး ကံကောင်းမှ အနိုင်ရနိုင်ပါမည်။ အကယ်၍ သူက ထိုရန်သူလေးယောက်ကို သတ်ဖြတ်လိုက်လျှင် နောက်ဆက်တွဲဆိုးကျိုးများ မည်မျှထွက်ပေါ်လာမည်ကိုလည်း မခန့်မှန်းနိုင်ပါ။ ထို့ကြောင့် သူက အတတ်နိုင်ဆုံး ထိုမျက်မမြင်လေးယောက် ကို ရှောင်ကာ လစ်ထွက်လာခြင်းဖြစ်သည်။

နောက်တစ်ချက်ကား ဆဲမာခြုံသည် မိမိ၏အင်အားအတွင်းအားများ မကုန်ခန်းစေချင်၍ ဖြစ်သည်။ သို့မှသာ နောင်ဖြစ်ပေါ်လာမည့်ပြဿနာကို အင်အားအပြည့်အဝဖြင့် ရင်ဆိုင်နိုင်မည်။

ကိုးစွန်းဖန်သည် အားမကိုးရသော လက်အောက်ငယ်သား



...တစ်ယောက်ဖြစ်သဖြင့် ဤသို့ စွန့်လွှတ်ခဲ့ခြင်းပင်ဖြစ်သည်။

အခန်းအပြင်ဘက်ရောက်သော် ဆဲမာခြုံသည် ပတ်ဝန်း...ျင်ကို အကဲခတ်ကြည့်လိုက်၏။ အငဝေးမှခန့်ညားသော နန်းတော်ကို ...င်ရလျှင် သူ၏စိတ်ထဲတွင် အတော်ထိတ်လန့်တုန်လှုပ်သွားသည်။

ထိုနန်းဆောင်ထဲတွင် မည်သူမည်ဝါနေထိုင်မှန်း သူ မသိ...းသော်လည်း သာမန်အစောင့်တစ်ယောက်နေမည် မဟုတ်သည်...တော့ သူ ကောင်းစွာသဘောပေါက်မိသည်။

ယခင်က သူ့စိတ်ထဲတွင် ထိုအဖွဲ့အစည်းသည် သာမန်...ကြီးစားလူသတ်သမားအဖွဲ့အစည်းဟုသာ ထင်မြင်ခဲ့မိသည်။ ယခု...တော့ ထိုခန့်ညားသော နန်းတော်၏ အရှိန်အဝါကို မြင်လိုက်ရသော...ါ ယခင်က ထင်မြင်ချက်များကို ဖျောက်ဖျက်ပစ်ရတော့သည်။

သာမန်လူသတ်အဖွဲ့အစည်းတစ်ခုသည် ဤမျှထက်မြက်...ာ ထောင်ချောက်များ ပြုလုပ်နိုင်မည် မဟုတ်သည့်အပြင် ဤမျှ...ခံ့ညားသောနေရာတွင်လည်း လျှို့လျှို့ဝှက်ဝှက်နေနိုင်လိမ့်မည်...ုတ်ဟု သူရိပ်မိသိရှိလာသည်။

ပတ်ဝန်းကျင်တစ်ခုလုံး လူသူကင်းရှင်းနေသည်ကို တွေ့ရ...ည်။ ဆဲမာခြုံသည် ကျောက်စရစ်လှသွားလမ်းအတိုင်း သုံးပုံ...ပုံခန့် လျှောက်လာသည့်တိုင် လူတစ်ယောက်မှ မတွေ့ခဲ့ရချေ။

သို့သော် အစစအရာရာတွင် သတိရှိသူပီပီ သူသည် သတိ...ဖြင့် အကာအကွယ်ယူရင်း နန်းတော်ရှိရာသို့ တဖြည်းဖြည်း...ာပ်လာသည်။ လမ်းခရီး တစ်ဝက်ခန့်အရောက်တွင် သူသည် ...ာရက် ရပ်တန့်လိုက်သည်။ လူတစ်စုံတစ်ယောက်မျှ မတွေ့ရ

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ရန်သူ၏အငွေ့အသက်ကိုရရှိသောကြောင့် ရုပ်လိုက်
ခြင်းဖြစ်ပါသည်။ ထိုအငွေ့အသက်ကို သာမန်ရိုးရိုးလူတွေ မရရှိနိုင်
ပါ။ သို့သော် ... ဆဲမာခြိုကဲ့သို့ အဆင့်မြင့်သိုင်းသမားများထဲ
ထိပ်သီးသိုင်းသမားလိုလူစားမျိုးမှသာ ထိုအငွေ့အသက်ကို ရရှိနိုင်
စွမ်း ရှိသောကြောင့် ဖြစ်ပါသည်။

တော်အုပ်တစ်ခုလုံးသည် တိတ်ဆိတ်နေပြီး လူရိပ်လူ
မတွေ့ရ။ သို့သော် ထိုအငွေ့အသက်က လျော့မသွားဘဲ ပို၍ပြင်းထန်
လာသည်ဟု ခံစားရပါသည်။ ထိုအငွေ့အသက်မျိုးသည် လူပေါင်း
များစွာ သတ်ဖြတ်ခဲ့သော အဆင့်မြင့်သိုင်းသမားတို့၌သာ ရှိသ
ကြောင်း သူ့အတွေ့အကြုံများအရ သိနိုင်၏။ သူသည် အတန်ကြာ
ကြာအောင်စောင့်နေပြီးမှ မမြင်ရသောရန်သူဆီသို့ လှမ်းပြောလိုက်၏။

"ခင်ဗျားရဲ့ သည်းခံနိုင်ခြင်း အရည်အချင်းဟာ တော်တော်
ကောင်းပါလား။ နို့မို့ဆိုရင် ကျွန်တော် ဒီလောက်ကြာအောင် စော
စားနိုင်မှာ မဟုတ်ဘူး၊ ဒါပေမဲ့ ...ဆက်စောင့်သွားရင်လည်း အ
ကုန်ရုံပဲရှိပါတယ်၊ ထွက်ခဲ့ပါဗျာ"

ထိုအခါ အဘွားအိုတစ်ယောက်သည် သစ်ပင်တစ်ပင်
နောက်ကွယ်မှ ပေါ်ထွက်လာ၏။ ထိုအဘွားအိုသည် မေနန်ပင် ဖြစ်
တော့သည်။ မေနန်က တောက်ပစူးရှစွာ စိုက်ကြည့်နေပြီး ...

"မင်းလည်း သိပ်မဆိုးပါဘူး"

"ဟုတ်ပါတယ်၊ ကျုပ်မှာ ဟိုမျက်မမြင်အဘိုးအိုလို
ယောက်လို အကြားစွမ်းရည် မရှိပေမယ့် ထက်မြက်တဲ့ အာရုံခံ
တော့ ရှိပါတယ်"



"မင်းတစ်ယောက်တည်း လွတ်မြောက်လာတာလား"

"ကျုပ်က ပါးနပ်လိမ္မာလို့ မျက်မမြင်လေးယောက်ကို
ရှောင်ရှားနိုင်တာပေါ့၊ ကျုပ်လူတွေကတော့ လွတ်ပုံမရဘူး"

မေနန်က အေးစက်စွာရယ်ပြီး ...

"မင်း နန်းတော်ထဲကို အရောက်သွားမလို့လား"

ဆဲမာခြိုက ကြောက်ရွံ့ဟန်ဖြင့် ပြောသည်။

"အကယ်၍သွားစရာလမ်းရှိနေရင် အဲဒီဒုတိယလမ်းကို ရွေး
ရှာပေါ့ဗျာ"

မေနန်က မုန်းတီးစွာ ပြောလိုက်၏။

"မင်း ဒီရွေ့မှာလာပြီး ဟန်ဆောင်မနေနဲ့၊ မင်းဟာ အဆင့်
မြင့် သိုင်းသမားတစ်ယောက်ဆိုတာ ငါသိနေတယ်"

ဆဲမာခြိုက အားမလျှော့ဘဲ အသနားခံသလိုဖြင့် ...

"ကျွန်တော်က ဒီကနေ ထွက်ခွာဖို့လမ်းစ ရှာနေတာပါဗျာ၊
အကယ်၍ အမေကြီးက ခွင့်ပြုမယ်ဆိုရင် ကျွန်တော်..."

"မင်း ဒီကို ဝင်လာတုန်းက ဘယ်လိုဖြစ်မယ်ဆိုတာ မစဉ်း
စားဘူးလား"

"ဟုတ်ပါတယ်၊ အထက်အမိန့်မို့ မလာချင်ဘဲ လာရတာပါ"

"ဒါဆို မင်းက ဘယ်သူ့လက်အောက်ကလဲ၊ အဆိပ်ငါး
မျိုးဂိုဏ်းလား"

"ထင်းတိတ္တေပါဗျာ"

"ဒါဆို မင်း သေဖို့သာပြင်ထားတော့"

မေနန်က ရုတ်တရက် ငွေလှံတိုတစ်ခုဖြင့် ဆဲမာခြို၏နဖူးကို

www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်၏။ ဆဲမာခြုံက လှစ်ခနဲရှောင်ပြီး သစ်ဝင်များရှိသောနေ
သို့ ခုန်ဝင်သွား၏။

ဆဲမာခြုံ ဟန်ဆောင်ထွက်ပြေးသည်ကို မေနန်က မရိပ်
မိသဖြင့် ထက်ကြပ်မကွာ လိုက်သွားသည်။ တကယ်တော့ ဆဲမာ
၏ ကိုယ်ဖော့ပညာသည် မေနန်ထက် အဆင့်မြင့်သည်။ သို့သေ
သူသည် အားကုန်မထုတ်ဘဲ ပြေးပြနေ၏။

ထိုအတောအတွင်း မေနန်သည် ငွေလှံတိုဖြင့် ခုနစ်ကြိ
တိတိ တိုက်ခိုက်ခဲ့သည်။ ဆဲမာခြုံက လှံချက်များကို ပင်ပန်းကြီးစွ
ရှောင်ပြသည်။ မေနန်သည် ရန်သူကိုအထင်သေးပြီး ဆက်လိုက်လ
လေ၏။ ထိုစဉ် ဆဲမာခြုံသည် ရုတ်တရက်မပြေးဘဲ ရပ်လိုက်သည်

ဆဲမာခြုံနှင့် ဆယ်ပေကျော်ကျော်တွင် ချောက်ကမ်းပ
တစ်ခု ဖြစ်နေသောကြောင့် မေနန်တွေ့ရသောအခါ အောင်နိုင်
ကဲ့သို့ တဟားဟား ရယ်မောလေ၏။

"မင်း ဘယ်ပြေးနိုင်ဦးမလဲ"

သူက ကြောက်ကြောက်ရွံ့ရွံ့ တောင်းပန်လိုက်၏။

"အမေကြီး ... ကျွန်တော့်ကို ချမ်းသာပေးပါ၊ အမေကြီး
ကျေးဇူးကို ကျွန်တော် တစ်နေ့ကျရင် ပြန်ဆပ်ပါ့မယ် ခင်ဗျာ"

မေနန်က အေးစက်စွာ ပြော၏။

"အခွင့်မရှိဘဲ ဝင်လာကတည်းက သေလမ်းတစ်လမ်း
မှာယ်၊ မင်း ငရဲပြည်အဝင်ဝကိုရောက်ကတည်းက ဒါတွေ စဉ်း
တားဖို့ကောင်းတယ်"

ဆဲမာခြုံက ...



"အမေကြီးက ခွေးတစ်ကောင်လို အတင်းအဓမ္မ မောင်း
ထုတ်နေတယ်၊ ပြေးလမ်းမရှိရင် ဒီခွေးက ပြန်ကိုက်တတ်တာမို့
အတင်းအဓမ္မ မလုပ်သင့်ဘူးလို့ ကျွန်တော် ထင်ပါတယ်ဗျာ"

"မင်းကိုယ်မင်း ခွေးနဲ့နှိုင်းတော့ ငါက ပိုသတ်ချင်နေပြီ"

"ကျွန်တော့်ကို အသက်ချမ်းသာပေးပါခင်ဗျာ၊ အမေကြီးရဲ့
ကျေးဇူးကို ကျွန်တော်မမေ့ပါဘူးဗျာ"

မေနန်က အေးစက်စွာရယ်ပြုံးရင်း ငွေလှံတိုဖြင့် ရုတ်တ
ရက် တိုက်ခိုက်သည်။ ဆဲမာခြုံက မြေပြင်ပေါ်သို့ လိမ့်ချလိုက်ပြီး
မေနန်၏ခြေနှစ်ဖက်ကို တိုက်ခိုက်သည်။ မေနန်က လေထဲသို့ ခုန်
တက်လိုက်ပြီး ရှောင်သည်။ နောက်တစ်ကြိမ် လက်ဝါးဖြင့်ရိုက်သည်။

မေနန်၏ လက်ဝါးနှစ်ဖက်တိုက်ကွက်က ပြင်းထန်လှသဖြင့်
ဆဲမာခြုံက ရှောင်ပေးလိုက်ရ၏။ ထိုအခါ ချောက်ကမ်းပါးနှင့် နီးကပ်
သွား၏။ မေနန်က အခွင့်အရေးကိုလက်လွှတ်မခံဘဲ တရကြမ်း ဝင်
တိုက်သည်။

ဆဲမာခြုံသည် ချောက်ကမ်းပါးကို တွေ့ရသော အလွန်
ထိတ်လန့်သောအမူအရာ ပေါ်ပေါက်ကာ ဝင်လာသော မေနန်၏
လက်ဝါးနှစ်ဖက်ကို ကမန်းကတန်း ရင်ဆိုင်၏။ မေနန်က ဝိုင်ပြီဟု
ယူဆကာ အတွင်းအားအပြည့်ထုတ်၏။

လက်ဝါးလေးဖက် ဆုံတွေ့ခါနီးအချိန်တွင် ဆဲမာခြုံ၏
လက်နှစ်ဖက်က ရုတ်တရက် ပြောင်းလဲကာ မေနန်၏လက်ကောက်
ဝတ်ကို ဖမ်းလိုက်၏။ မေနန်သည် စိတ်ထဲတွင် တုန်လှုပ်သွားပြီး
လက်ဝါးနှစ်ဖက်ကို လျှင်မြန်စွာ ရုပ်သိမ်းလိုက်လေသည်။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



ဆဲမာခြိုက သူမ,ထက် ပို၍မြန်ဆန်သဖြင့် သူ၏ ညာလက်က မေနန်၏ဘယ်ဘက်လက်ကောက်ဝတ်ကို ဖမ်းမိသွားသည်။

မေနန်သည် တစ်ကိုယ်လုံးတုန်ခါသွားကာ နောက်သို့ တစ်လှမ်းဆုတ်သွားသည်။ ထိုစဉ် ဆဲမာခြို၏ ညာဘက်လက်ဝါးစောင်းက မေနန်၏ဘယ်ဘက်လက်မောင်းပေါ်သို့ ခုတ်ချလိုက်သည်။

မေနန်သည် ရုတ်တရက် အဖမ်းခံရသဖြင့် တုန်လှုပ်ချောက်ချားနေရာ ဆဲမာခြို၏လက်ဝါးစောင်းကို မရှောင်နိုင်တော့ပေ။

"ဂျွတ်"

မေနန်ခမျာ လက်မောင်းရိုး အချိုးခံလိုက်ရတော့သည်။

မေနန်သည် အကြီးအကျယ် နောင်တရသွား၏။ သို့သော် သူမ၏ နောင်တသည် နှောင်းနောင်တ ဖြစ်ခဲ့ရချေပြီ။

☆

ဆဲမာခြို၏ တိုက်ခိုက်မှုကြောင့် မေနန်၏ ကိုယ်ခန္ဓာသည် တစ်ပတ်လည်ထွက်သွား၏။ ဆဲမာခြိုက ထိုအခွင့်အရေးကို မိမိရယူကာ မေနန်၏ကိုယ်ခန္ဓာပေါ်သို့ ပြင်းထန်သော လက်ဝါးဖြင့် သုံးချက်ရိုက်ချသည်။ မေနန်မှာ ဖွဲအိတ်သဖွယ် ဆဲမာခြိုပြသမျှ ခံနေရတော့၏။ မေနန်သည် ရန်သူကို အထင်သေးသောကြောင့် ဆဲမာခြို၏ထောင်ချောက်ထဲသို့ အလွယ်တကူ ကျရောက်သွားခြင်းဖြစ်သည်။ အကယ်၍ မေနန်သာ အထင်မသေးဘဲ တိုက်ခိုက်ပါက ဆဲမာခြိုသည် ဤမျှလွယ်လွယ်ကူကူနှင့် အနိုင်ယူနိုင်မည်မဟုတ်ပါချေ။ မေနန်သည် ရန်သူကိုအထင်သေးသောကြောင့် ဆဲမာခြို၏ပရိယာယ်စက်ဝန်းအောက်၌ ဤသို့ရှုံးနိမ့်ရခြင်းဖြစ်ပါသည်။



ဟန်ဆောင်ကောင်းသော ဆဲမာခြိုသည် ကျေနပ်နှစ်သိမ့်စွာ ရယ်မောတော့သည်။ မေနန်က အံကြိတ်၍ မေးလေ၏။

"မင်းက ဘယ်သူလဲ"

"ကျုပ်က ဆဲမာခြိုလေ"

"လက်စသတ်တော့ ထင်းတိထွေရဲ့ ခေါင်းဆောင်ကိုး"

"ဒါကြောင့် ကျုပ်ကို ခင်ဗျားရှုံးနိမ့်ရတာ မဆန်းပါဘူး။ ရှုံးပျော်တယ်လို့ မှတ်ယူစမ်းပါ"

မေနန်သည် အရုပ်သဖွယ်ဖြစ်နေသော်လည်း မျက်လုံးများက မီးတောက်သဖွယ် ဖြစ်နေ၏။

"မင်းဟာ တော်တော် အောက်တန်းကျတာပဲ၊ ဒီလောက်ယုတ်ညံ့တဲ့လူကို ရှုံးရတဲ့အတွက် ငါ ရှုံးရချက်နာတယ်"

"ဟား ... ဟား ... ဟား ... ကျုပ်က ဒီနည်းကို သိပ်တော့မသုံးချင်ပါဘူး။ မသုံးချင်ပေမယ့်လည်း သုံးရတာပဲ၊ ဒီလိုမသုံးရင် တခြားလူတွေ သိကုန်လိမ့်မယ်ဗျ"

မေနန်က စက်ဆုပ်ရွံရှာစွာပြောသည်။

"ထင်းတိထွေခေါင်းဆောင်ဟာ ယုတ်မာကောက်ကျစ်တယ်လို့ အများကပြောတာ တယ်ပြီးမှန်ကန်တာပဲ"

"သိုင်းလောကကို အုပ်စိုးချင်တဲ့လူ သိုင်းပညာတစ်မျိုးတည်းနဲ့ သုံးလို့မရနိုင်ဘူး။ ဉာဏ်ပါ ကူရတယ်၊ ဒါဟာ ကောက်ကျစ်တာ မဟုတ်ဘူး"

မေနန်က သရော်လိုက်၏။

"ဒါကြောင့် ထင်းတိထွေဟာ ဖရိုဖရဲနဲ့ပျက်စီးကုန်ရတာကိုး"

www.burmeseclassic.com

www.burmeseclassic.com



ဆဲမာခြုံက ဒေါသထွက်သွား၏။

"ခင်ဗျားက ဘာနားလည်လို့လဲ"

"ခေါင်းဆောင်ဖြစ်သူက ဒီလောက်ယုတ်မာမှတော့ လက်အောက်ငယ်သားကလည်း သိမ်ဖျင်းတဲ့လူတွေပဲပေါ့၊ မင်းတို့လိုလူစားမျိုးက ဘုရင်ကြီးကို ပုန်ကန်ဖို့ ဘယ်အောင်မြင်တော့မှာလဲ၊ အောင်မြင်သည့်တိုင်အောင် ပြည်သူလူထုတစ်ရပ်လုံးကရော မင်းတို့ကို ထောက်ခံအားပေးမှာတဲ့လား"

ထိုစကားကြားတော့ ဆဲမာခြုံသည် မရယ်ချင့်ရယ်ချင်ဖြင့် ရယ်မောနေ၏။ မေနန်က ဆက်၍စကားနာထိုး၏။

"မင်းဟာ ဘုရင်လုပ်ချင်တယ် မဟုတ်လား။ ဒါပေမဲ့ မင်းမှာ ဘုရင်ဖြစ်နိုင်တဲ့ ဥပမိရုပ်နဲ့ အရည်အချင်း မရှိပါဘူး"

သူမ စကားဆုံးသည်နှင့်တစ်ပြိုင်တည်း သူမ၏လက်ဖြတ်ထဲမှသွေးများပန်းထွက်လာ၏။ အဘယ်ကြောင့်ဆိုသော် ဆဲမာခြုံက အတွင်းအားဖြင့် သူမ၏ကိုယ်ခန္ဓာရှိ သွေးများကို ရုတ်တရက်တွန်းထုတ်လိုက်သောကြောင့် ဤသို့ပန်းထွက်လာခြင်းဖြစ်သည်။

မေနန်သည် အတွင်းအားကို စုစည်းကာ လူအများ သိရအောင် ကျယ်လောင်စွာ အော်ဟစ်မည်ပြုလိုက်၏။ သို့သော် သူမက အတွင်းအား စုစည်းလိုက်သည်ကို ဆဲမာခြုံ သိရှိသွားသည်။

ထို့ကြောင့် သူမ မအော်ဟစ်နိုင်မီ ဆဲမာခြုံက လက်ဝါးစောင်းဖြင့် သူမ၏လည်ပင်းကို ခုတ်လိုက်၏။ မေနန်သည် ချက်ချင်းပင် အသက်ထွက်သွားတော့သည်။ ဆဲမာခြုံသည် အသက်မရှိတော့သည့် မေနန်၏ကိုယ်ခန္ဓာကို လွှတ်ချလိုက်ပြီး ...



"ငါ ဘုရင်မဖြစ်သေးလို့ပေါ့၊ နို့မို့ရင် မင်းတို့တစ်ဆွေလုံးတစ်မျိုးလုံးကို အကုန်သတ်ပစ်မယ်"

သူသည် မေနန်၏အလောင်းကို ချောက်ကမ်းပါးအောက် ကန်ချလိုက်တော့သည်။ မေနန်၏လက်မောင်းပြတ်ကိုပါ ကန်ချပြီး နန်းတော်ရှိရာသို့ ပြန်လျှောက်လာတော့သည်။

☆

ဤလှို့ဝှက်နန်းတော်ထဲတွင် မေနန်ကဲ့သို့သော အဆင့်မြင့်သိုင်းသမား များများစားစားမရှိပေ။ ထို့ကြောင့် ဆဲမာခြုံလို သိုင်းသမားတစ်ယောက် ဝင်ရောက်လာသဖြင့် နန်းတော်၏လုံခြုံရေးမှာ များစွာရင်လေးဖွယ်ရာ ဖြစ်နေပါသည်။

ထို့ပြင် ဆဲမာခြုံသည် အမှားတစ်ခု ပြုမိခဲ့ပါသည်။ သူသည် မေနန်၏အလောင်းကို ချောက်ကမ်းပါးအောက်ကို ကန်မချသင့်ပါ။

အကယ်၍ သူသာ ချောက်ကမ်းပါးအောက်တွင် ဘာရှိသည်ဟု ငုံ့ကြည့်မိလျှင် သည်လိုပြုလုပ်လိမ့်မည် မဟုတ်ပေ။

ချောက်ကမ်းပါးအောက်တွင် ရေအိုင်တစ်အိုင် ရှိပါသည်။ ထိုရေအိုင်သည် ရေတံခွန်ရှိရာကို စီးဆင်းနေပါသည်။

ယခု ရေတံခွန်ထိပ်မှ ကျောက်တုံးများ ပြိုလဲကုန်ပြီဖြစ်၍ ရေအိုင်ထဲမှရေသည် အဆက်မပြတ် အရှိန်ပြင်းစွာ စီးဆင်းထွက်နေပါသည်။ ထို့ကြောင့် မေနန်၏ရုပ်အလောင်းသည် ရေစီးကြောင်းနှင့်အတူ ရေတံခွန်ရှိရာကို မျောပါသွားလေသည်။

ထိုရေများသည် သေမင်းကမ်းပါးရှိရာသို့ ဆက်လက်စီးထွက်လျက်ရှိ၏။ သေမင်းကမ်းပါးပေါ်ရှိ ကျောက်တောင်ပေါ်တွင်

www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေသော လူသန်ကြီးသည် ထင်းတိတွေအဖွဲ့သားများ၏ အလောင်းများကိုကြည့်၍ အားရပါးရ ရယ်မောနေပါသည်။

ထိုစဉ် ထူးခြားသော အလောင်းတစ်လောင်းကို မြင်လိုက်ရသောအခါ သူသည် ချက်ချင်း အရယ်ရပ်သွားလေသည်။

မေနန်၏အဝတ်အစားသည် ထင်းတိတွေအဖွဲ့သားတို့၏ အဝတ်အစားနှင့် ကွာခြားလွန်းသောကြောင့် လူသန်ကြီးက ချက်ချင်း သတိပြုမိခြင်းဖြစ်သည်။ အစကတော့ သူက မယုံကြည်သလို ဇဝေဇဝါ ဖြစ်နေသေးသည်။

'မေနန် ...' ဟု အော်ပြီး လူသန်ကြီးသည် အနားမှ ကြိုးခွေတစ်ခွေကို ကောက်ယူလိုက်၏။ ရေထဲမျောနေသော မေနန်၏ အလောင်းကို ကြိုးကွင်းဖြင့် စွပ်ဖမ်းလိုက်၏။

လူသန်ကြီးသည် ဆယ်ယူရရှိသော မေနန်၏အလောင်းကို ကြည့်၍ ကြေကွဲစွာ အော်မိလေ၏။

ထို့နောက် လူသန်ကြီးသည် စူးရှသော လေချွန်သံကို ချွန်လိုက်ရာ သူ၏ ကြီးမားသော အတွင်းအားကြောင့် လေချွန်သံသည် တိုစခန်း၏ မိုင်ဝက်ပတ်ဝန်းကျင်တစ်ခုလုံး တုန်ခါနေတော့၏။

☆

လူသန်ကြီးသည် မေနန်၏အလောင်းကိုပိုက်ကာ အပေါ်ကို လျင်မြန်စွာတက်သွားသည်။ သူ၏မာကျောခက်ထန်သော မျက်နှာပေါ်တွင် ယခုတော့ ဝမ်းနည်းခြင်း၊ ဒေါသထွက်ခြင်းတို့ဖြင့် လွှမ်းမိုးနေပါသည်။ သူ၏ခန္ဓာကိုယ်သည် ထွားကျိုင်းကြီးမားသော်လည်း သူ၏လှုပ်ရှားမှုများက လျင်မြန်သွက်လက်လှသည်။



မကြာမီ လူသန်ကြီးသည် အမြင့်ဆုံးကျောက်ဆောင်ပေါ် ရောက်ရှိလာပြီး မျက်မမြင်အဘိုးအိုလေးယောက်ရှိရာ အခန်းဝကို ရောက်ရှိလာတော့၏။

အခန်းထဲမှ မျက်မမြင်လေးယောက်သည် အပေါက်ဝမှ လျင်မြန်စွာ တိုးထွက်လာကြသည်။ သူတို့သည် အသံကြားရုံဖြင့် လူသန်ကြီးမှန်း သိရှိနိုင်ကြသည်။ မျက်မမြင်အဘိုးအိုတစ်ဦးက လူသန်ကြီးအား မေးလိုက်သည်။

"နောင်ကြီးရေ့ ... ဘာအကြောင်းများ ပေါ်နေလို့လဲ"

လူသန်ကြီးက စိတ်ပျက်စွာ မေးလိုက်သည်။

"မင်းတို့က ဟိုလေ့ကားထစ်ကို စောင့်နေကြတာ မဟုတ်လား၊ ရန်သူတွေ ..."

"ကျွန်တော်တို့ တစ်ယောက်မှ မလွတ်စေခဲ့ပါဘူး"

"မလွတ်ဘူး ... ဟုတ်လား"

လူသန်ကြီးက ဒေါသဖြင့် အော်လိုက်သည်။

"ဒါဖြင့် မေနန်ကို ဘယ်သူသတ်လိုက်တာလဲ"

မျက်မမြင်လေးယောက်သည် ရုတ်တရက် ကြောင်အမ်းအမ်းဖြစ်သွားကြသည်။ လူသန်ကြီးက ...

"အကယ်၍ မေနန်ရဲ့အလောင်းသာ ရေအိုင်ထဲကို ကျမလာဘူးဆိုရင် ငါအခုလို သိရမှာ မဟုတ်ဘူး"

ပထမမျက်မမြင်က ...

"ဒီလိုဆိုရင် ကျွန်တော်တို့ တိုက်ခိုက်နေကြတုန်း တစ်ယောက်ယောက်က အလစ်ဝင်သွားပြီထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယမျက်မမြင်က သက်ပြင်းချ၍ပြောသည်။

"မေနန်ကိုတောင် သတ်နိုင်မှတော့ ဒီလူဟာ ကျွန်တော်တို့ကို ကောင်းကောင်းလှည့်စားနိုင်တော့မှာပေါ့"

တတိယမျက်မမြင်က ယူကျုံးမရစွာပြောသည်။

"ဟုတ်ပြီ၊ ကျွန်တော်တို့တောင် ပြောခဲ့သေးတယ် မဟုတ်လား။ အတွင်းအား အကောင်းဆုံးလူတစ်ယောက် ခေါင်းဆောင်လာလိမ့်မယ်လို့၊ ဒီလူပဲဖြစ်ရမယ်"

"ငါတို့ဟာ ပြိုင်တူမတိုက်ခိုက်သင့်ဘူး"

စတုတ္ထမျက်မမြင်က အမှားဝန်ခံလိုက်သဖြင့် ကျန်သုံးယောက်ကလည်း စကားမပြောရဲတော့ဘဲ ခေါင်းငုံ့သွားကြသည်။ အတန်ကြာမှ ပထမမျက်မမြင်က ...

"ဒီကိစ္စပြီးရင် ကျွန်တော်တို့ သင့်တဲ့အပြစ်ဒဏ်ကို ခံယူပါမယ် ခင်ဗျား"

လူသန်ကြီးက ...

"ဘာပဲဖြစ်ဖြစ် မင်းတို့ ဒီကနေ လုံးဝမထွက်ခွာနဲ့ဦး။ ငါသွားရှာလိုက်မယ်"

လူသန်ကြီးထွက်ခွာသွားသောအခါ မျက်မမြင်လေးယောက်သည် အခန်းတွင်းဝင်၍ ကိုယ့်နေရာကိုယ် ထိုင်လိုက်ကြ၏။

သူတို့မျက်နှာများ၌ ကြေကွဲသောအမူအရာများ ပေါ်နေသည်။ မှန်ပါသည် ... သူတို့လေးယောက်လုံး မေနန်အတွက် စိတ်ထိခိုက်နေကြပါသည်။



## အခန်း ( ၃၆ )
## တိမ်မြုပ်နေသော ထိန်လှေ

ဆဲမာခြုံသည် လူသန်ကြီး၏ လေချွန်သံကို ကြားလိုက်ရသဖြင့် မျက်မှောင်ကြုတ်စဉ်းစားကာ သစ်ရွက်ထူထပ်သော သစ်ပင်တစ်ပင်၏ ထိပ်ဖျားပေါ်သို့ ခုန်တက်ပုန်းအောင်းလိုက်သည်။

ယခု နန်းတော်ထဲတွင် ရန်သူဝင်လာပြီဖြစ်ကြောင်း သိရှိသွားသဖြင့် အစောင့်အကြပ်များစွာ ချထားတော့မည်။ အဘယ်ကြောင့် ဤသို့ အချက်ပေးနိုင်သည်ကိုမူ သူမသိခဲ့ပါ။ နန်းတော်ထဲဝင်ရန် မလွယ်ကူသေးကြောင်း ဆဲမာခြုံ တွက်ဆမိသဖြင့် သစ်ပင်ပေါ်မှပုန်း၍ အကဲခတ်ရန် ဆုံးဖြတ်လိုက်၏။ အဆိပ်ငါးမျိုးဂိုဏ်းသားများ ဝင်ရောက်လာသောအခါမှ အခွင့်ကောင်းယူကာ စတင်လှုပ်ရှားတော့မည်ဟု စိတ်ဆုံးဖြတ်လိုက်သည်။

ထိုအချိန်၌ အဆိပ်ငါးမျိုးဂိုဏ်းသားများသည်လည်း ငရဲတံခါးဝရှေ့သို့ ရောက်ရှိလာကြသည်။ ထင်းတိထွေအဖွဲ့သားများသည် သူတို့ကို မျက်ခြည်မပြတ် စောင့်ကြည့်နေကြသလို သူတို့ကလည်း ထင်းတိထွေ၏ လှုပ်ရှားမှုမှန်သမျှကို မျက်ခြည်မပြတ် စောင့်ကြည့်ခဲ့ကြသဖြင့် ယခုလို ထက်ကြပ်မကွာလိုက်လာနိုင်ခဲ့ခြင်းဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထင်းတိထွေအဖွဲ့သားတို့ စတင်လှုပ်ရှားနေသည်ဟူသော သတင်းရရှိသည်နှင့် အဆိပ်ဘုရင်ကလည်း လှုပ်ရှားမှုကို စတင်လိုက်၏။ လှေများကို ရှာဖွေစုဆောင်းလိုက်သည်။ ထင်းတိထွေတို့ ခရီးထွက်သောအခါ သူတို့လည်း နောက်မှ လိုက်ပါလာကြသည်။ လှေများ၏ရှေ့တွင် သစ်ဖောင်တစ်ဖောင် ရှိနေ၏။

ထိုသစ်ဖောင်ပေါ်တွင် ယီးယီးနှင့်ဂိုဏ်းသားနှစ်ယောက်တို့ လိုက်ပါကြသည်။ ချောက်ကမ်းပါးတစ်လျှောက်တွင် သတင်းထောက်လှမ်းနေသော အဆိပ်ဂိုဏ်းသားများသည် သူမကို အဆက်မပြတ် သတင်းပေးပို့လျက်ရှိသည်။

သူမတို့သည် သဲသောင်ဝက်ပါအနီးသို့ ရောက်သောအခါ ထင်းတိထွေတို့သည် ငရဲတံခါးအဝင်ဝသို့ ရောက်ရှိနေချေပြီ။ ထင်းတိထွေမှာ သဲသောင်ဝက်ပါကို ဖြတ်သန်းစဉ်က ထင်ရှားသော အမှတ်အသားများ ပြုလုပ်ခဲ့သဖြင့် ယီးယီးတို့အဖို့ ဝက်ပါအတွင်း ဝင်ရသည်မှာ အလွန်လွယ်ကူခဲ့သည်။

သို့သော် ယီးယီးသည် အထူးသတိထား၍ ဝင်ခဲ့သည်။

အဆိပ်ဂိုဏ်းသားများ ငရဲတံခါးဝသို့ ရောက်ရှိချိန်တွင် လူသန်ကြီး၏ ကျယ်လောင်စူးရှသော လေချွန်သံကို ကြားနေရပေပြီ။

ယီးယီးတို့သည် ရေထဲမှ အလောင်းများစွာကို တွေ့မြင်ကြရသည်။ ထိုလူသေအလောင်းများသည် ထင်းတိထွေအဖွဲ့သားများ၏ အလောင်းများပင်ဖြစ်သည်။ အထဲတွင် မည်သို့ဖြစ်ပျက်နေမှန်း မသိရသော်လည်း လူသေအလောင်းများကို ကြည့်ခြင်းအားဖြင့် ထင်းတိထွေအဖွဲ့သားတို့သည် တော်တော်ပင် အထိနာကြောင်း သိရှိနိုင်လိုက်သည်။ အဆိပ်ဘုရင်၏လှေသည် ယီးယီးရှိရာသို့ ချဉ်းကပ်လာပြီး ယီးယီးကိုမေး၏။



"ထင်းတိထွေအဖွဲ့သားတွေ အတော်သေကုန်ကြပြီလား"

"ဟုတ်ကဲ့ ဖေဖေ ... စုစုပေါင်း လူသေအလောင်း တစ်ရာ့ခုနစ်လောင်းတိတိ ရေတွက်လို့ရပါတယ်"

"ငါတို့ အရင်မဝင်တာ ကံကောင်းတယ်၊ ဒါပေမဲ့ ခုအချိန်မှာတော့ မဖြစ်တော့ဘူး။ ဝင်ရတော့မယ်"

အဆိပ်ဘုရင်သည် အချက်ပေးပြီး ငရဲတံခါးဝအတွင်းသို့ လှေကို လှော်ခတ်သွားတော့သည်။ ရေစဲအရှိန်ကျသွားသောကြောင့် လှေလေးများ ဖြတ်သန်းသွားရာတွင် အခက်အခဲမရှိတော့ချေ။ လှေများဖြတ်သန်းရာတစ်လျှောက်တွင် ထင်းတိထွေအဖွဲ့သားများ၏ အလောင်းတို့ကို များစွာတွေ့ရှိရ၏။ ထိုအလောင်းများကိုကြည့်ကာ အဆိပ်ဘုရင် ခေါင်းခါ သည်။

"ထင်းတိထွေအဖွဲ့သားတွေ ဒီတစ်ခါတော့ အတော်အထိနာသွားတယ်၊ ငါ့စိတ်ထင် သူတို့တစ်ဖွဲ့လုံး ပြုတ်သွားနိုင်တယ်လေ"

ယီးယီးက ...

"ဆဲမာခြို့ဟာ တော်ရုံတန်ရုံလူ မဟုတ်ပါဘူး၊ ဘာပဲပြောပြော အထဲမှာပြဿနာဖြစ်နေမှာတော့ သေချာပါတယ် ဖေဖေရယ်"

"အဆိပ်ဘုရင်က ... ဆဲမာခြို့ကလွဲလို့ ဟိုအထဲရောက်အောင် ဝင်နိုင်တဲ့လူ သိပ်ရှိမှာမဟုတ်ပါဘူး၊ ငါတို့က ကြားချောင်ပြီး အားကင်းကင်း ဝင်နိုင်ခွင့်ရတာ ကံကောင်းတယ်လို့ ဆိုရမယ်"

အဆိပ်ဘုရင်စကားများက မှန်ကန်လှသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့၌ မည်သည့်အတားအဆီးမှ မတွေ့ရှိရဘဲ သက်သာချောင်ချိစွာ ဝင်ရောက်နိုင်သည်ကို တွေ့ရ၏။

အကယ်၍လှူသန်ကြီးက မေနန်၏အလောင်းကို မတွေ့ရှိပါက ထိုသေမင်းကမ်းပါးကို အဆိပ်ဂိုဏ်းသားများ လွယ်လွယ်ဖြတ်ကျော်နိုင်မည် မဟုတ်ချေ။ ယခုမူ အဆိပ်ဂိုဏ်းသားအားလုံး ဘေးကင်းရန်ကင်းဖြင့် သေမင်းကမ်းပါးကို ကျော်လွန်လာနိုင်ခဲ့ကြလေ၏။

အဆိပ်ဂိုဏ်းသားတို့သည် ရေတံခွန်အောက်သို့ ဖြတ်သန်းဝင်ရောက်နိုင်ခဲ့ကြသော်လည်း အတွင်းရှိ ကျောက်ဂူတံခါးပေါက်သို့ တက်ရန် လှေကားကိုမူ မတွေ့ရှိရတော့ပါ။ ဆဲမာခြုံတို့ တက်ပြီးကတည်းက ကျောက်လှေကား ပြိုကျပျက်စီးသွားပြီ ဖြစ်ပါသည်။

ယီးယီးသည် ကြွင်းကျန်သော လှေကားထစ်များကို ကြည့်ပြီး အဆိပ်ဘုရင်အား လှမ်းပြော၏။

"လမ်းမရှိတော့ဘူး အဖေ"

အဆိပ်ဘုရင်က ...

"အစကတော့ လမ်းရှိပါတယ်၊ အကြောင်းတစ်ခုကြောင့် လမ်းပျက်စီးသွားတာပါ၊ ငါတို့ ဒီကျောက်ထရံပေါ်တက်နိုင်မှ ရှေ့ဆက်သွားနိုင်မှာ"

ယီးယီးက အဆိပ်ဂိုဏ်းသားများအား အမိန့်ပေးလိုက်၏။

"အားလုံးပဲ ကြိုးခွေတွေအသင့်ပြင်ထားကြ"

အဆိပ်ငါးမျိုးဂိုဏ်းသားတို့သည် ကျောက်ထရံအောက်တွင် ရပ်လိုက်ကြပြီး ကြိုးခွေအသီးသီးထုတ်ကာ အပေါ်သို့ ပစ်တင်လိုက်ကြသည်။ အဆိပ်ဂိုဏ်းသားတို့သည် ချောက်ကမ်းပါးတက်ရာတွင် အတော်ကျွမ်းကျင်ကြသည်ကို တွေ့ရ၏။ တောင်တက်သောနည်းစနစ်ဖြင့် အဆိပ်ဂိုဏ်းသားတို့သည် ကျောက်ထရံပေါ်သို့ ပင့်ကူများသဖွယ် လျင်မြန်စွာ တက်ရောက်လာကြတော့သည်။



သူတို့သည် အလွန်စိတ်အားထက်သန်နေပြီး သွေးဆူနေသည်ကို တွေ့ရသည်။ ထို့ကြောင့် သူတို့သည် တစ်ခဏအတွင်း ကျောက်ထရံပေါ်သို့ ရောက်ရှိခဲ့ကြတော့သည်။ သူတို့အဖို့ ဤကဲ့သို့ စိတ်လှုပ်ရှားဖွယ်ရာကောင်းသော တိုက်ပွဲများနှင့် ကင်းကွာခဲ့သည်မှာ ကြာမြင့်လှပြီဖြစ်၍ ယခုကဲ့သို့ အခွင့်အရေးပေါ်လာသောအခါတွင် အဘယ်မှာလျှင် မတက်ကြ၊ သွေးမဆူဘဲ ရှိပါအံ့နည်း။

အဆိပ်ဘုရင်ကတော့ အဆင့်မြင့်သိုင်းသမားထဲမှ ထိပ်သီးသိုင်းပညာရှင်ဖြစ်သောကြောင့် ကြိုးခွေများ အသုံးပြုရန် မလိုချေ။ သူ၏ဘေးတစ်ဖက်တစ်ချက်တွင် ယီးယီး၊ စွန်းကျယ်နှင့်ချူးဖန်တို့ အသီးသီးလိုက်ပါလာကြသည်။ သူ၏ ကိုယ်ရံတော်သုံးဆယ့်ခြောက်ယောက်ကမူ အဆိပ်ဂိုဏ်းသားများကို ဦးဆောင်နေကြရသဖြင့် သူ၏အနားတွင် မရှိကြချေ။

သူတို့အပေါ်တွင် မျက်မမြင်အဘိုးအိုလေးယောက် စောင့်ဆိုင်းနေသည်ကို သူတို့ မသိရှိကြချေ။ အန္တရာယ်သည် တဖြည်းဖြည်းနီးကပ်လာသည်ကိုလည်း မသိကြပါချေ။

ကျောက်ထရံအပေါ်တွင် ထိုင်စောင့်နေသော မျက်မမြင်အဘိုးအိုလေးယောက်လည်း အတော်ပင် စိတ်လှုပ်ရှားနေကြလေသည်။ သူတို့၏ ထက်မြက်သောနားများကြောင့် လူတော်တော်များများ တက်လာနေကြကြောင်း သိနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်မမြင်အဘိုးအိုလေးယောက်တို့၏ စိတ်ဆန္ဒနှင့် အဆိပ်ဂိုဏ်းသားတို့၏စိတ်ဆန္ဒများသည် ဤနေရာတွင်လာ၍ တူညီနေ၏။

အဘိုးအိုလေးယောက်တို့သည် ခပ်စောစော ထင်းတိုထွေ အဖွဲ့သားများကို သတ်ဖြတ်ခဲ့ကြသော်လည်း သူတို့စိတ်ထဲတွင် ရောင့်ရဲမှု မရှိကြသေးပေ။ သူတို့သည် နှစ်ပေါင်းများစွာ အခန်းထဲတွင် အတွင်းအား လေ့ကျင့်နေခဲ့ကြရသည်။ သူတို့ ငြိမ်သက်မနေလိုတော့ပေ။ တိုက်ချင် ခိုက်ချင် သတ်ဖြတ်ချင်နေကြ၏။ အဘိုးအိုလေးယောက်၏ စိတ်ဆန္ဒကို ဖြည့်စွမ်းပေးမည့် အဆိပ်ဂိုဏ်းသားများသည် လျှပ်တစ်ပြက် တက်ရောက်လာကြလေပြီ။

နန်းတော်ရင်ပြင်တွင် ရောက်ရှိနေသော သခင်မကြီး မျက်နှာသည် ရွာတော့မည့်မိုးပမာ အုံ့မှိုင်းနေသည်။ ဒေါသကြောင့် သခင်မကြီး၏မျက်နှာသည် အလွန်ခက်ထန်မာကျောနေသည်။

ရင်ပြင်ရှိ လေကားထစ်များ၏ အောက်ဆုံးအဆင့်တွင် လူသန်ကြီးက မတုန်မလှုပ်ရပ်နေသည်။ လူသန်ကြီးသည် ခေါင်းမော့ကာ သခင်မကြီးကို မျက်တောင်မခတ် စိုက်ကြည့်နေသည်။

သူ၏ရှေ့ရှိ ကျောက်သားကြမ်းပြင်ပေါ်တွင် မေနန်၏ ရုပ်အလောင်းက လဲလျောင်းလျက် ရှိနေ၏။ သခင်မကြီးသည် မျက်လွှာချကာ တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားနေသည်။

ချန်ဖူဝါနှင့် စွမ်းစွမ်းတို့သည် သခင်မကြီး၏ ဘေးတစ်ဖက်ကစ်ချက်တွင် ရပ်လျက်ရှိသည်။ စွမ်းစွမ်းသည် သနားကြင်နာသော အ[illegible]အရာဖြင့် လူသန်ကြီးကို ကြည့်နေသည်။ ချန်ဖူဝါသည် လူသန်ကြီးကိုမသိသော်လည်း အမူအရာကိုကြည့်ခြင်းအားဖြင့် သခင်မ



ကြီးနှင့်တစ်စုံတစ်ခုပတ်သက်နေကြောင်း အနည်းငယ်ရိပ်စားမိသည်။

သခင်မကြီးသည် ယခုအခါ အသက်အရွယ် ကြီးရင့်နေပါပြီ။ သို့သော် ... ငယ်ရွယ်နုပျိုစဉ်က သူမ မည်မျှလှပခဲ့မည်ဖြစ်ကြောင်းကို ယခုအရွယ်၌ ကျန်ရှိနေသေးသော အခြေအနေများက သက်သေပြလျက်ရှိပါသည်။

လူသန်ကြီး၏ မျက်လုံးများသည် ထူးခြားသောအရောင်များ ရှန်းလဲ့နေ၏။ သခင်မကြီးကို တရှိုက်မက်မက် ငေးမောကြည့်ရှုနေသည်။ အလွန်တရာမြတ်နိုးသော ပစ္စည်းတစ်ခုကို အပျောက်မခံနိုင်သကဲ့သို့ ငေးမောနေခြင်းဖြစ်ပါသည်။

အကင်းပါးသော ချန်ဖူဝါသည် သူတို့နှစ်ယောက်အကြောင်းလုံးဝမသိရှိသော်လည်း ယခု လူသန်ကြီး ကြည့်နေသော အကြည့်ကြောင့် သူတို့၏ အတိတ်ကန့်လန့်ကာကို စိတ်မှန်းဖြင့် လှစ်ဟကြည့်နိုင်ခဲ့ပေသည်။

အစဉ်းစားလွန်နေသော သခင်မကြီးသည် ရုတ်တရက် ဆတ်ခနဲ ခေါင်းထောင်လိုက်ကာ ချန်ဖူဝါအားလှမ်းမေးလေသည်။

"ချန်ဖူဝါ ... ထင်းတိုထွေထဲမှာ ဒီလောက်စွမ်းတဲ့လူ ဘယ်သူရှိမလဲ"

"ဆဲဗာခြိုတစ်ယောက်တော့ ရှိပါတယ်ခင်ဗျာ"

သခင်မကြီးက ...

"အခု သိရသလောက်တော့ ထင်းတိုထွေအဖွဲ့သားတွေ အတော်သေကုန်ပြီပဲ၊ သူတစ်ယောက်တည်း ဘာလုပ်နိုင်မှာလဲ၊ အင်း ... မေနန်ကို ဒီလိုလုပ်သွားနိုင်တဲ့အတွက်တော့ သူ့ကို သိပ်

www.burmeseclassic.com

www.burmeseclassic.com



အထင်သေးလို့ မရဘူးဆိုတာ ငါရိပ်မိပါတယ်"

ချန်ဖူဝါက ရှင်းပြသည်။

"ကကယ်တမ်းယှဉ်ပြိုင်တိုက်ခိုက်မယ်ဆိုရင် မေနန်ရဲ့ သိုင်းပညာအဆင့်အရ ကျွန်တော်တို့ လုံးဝမသိရှိဘဲနဲ့တော့ မဖြစ်နိုင်ဘူး သူဟာ ဆဲမာခြုံကို မယှဉ်နိုင်ဘူးပဲထား၊ ကျွန်တော်တို့ကို အချက်ပေးဖို့လောက်တော့ စွမ်းနိုင်ပါတယ်၊ ကျွန်တော့်အထင်တော့ သူဟာ လုပ်ကြံသတ်ဖြတ်ခံရတာပဲ ဖြစ်ပါလိမ့်မယ်၊ ဆဲမာခြုံဟာ သိပ်ဉာဏ်နီဉာဏ်နက်များတဲ့ လူတစ်ယောက်ပါ၊ သူက မေနန်အလောင်းကို ကျွန်တော်တို့ တွေ့သွားမှာစိုးရိမ်လို့ ချောက်ထဲကို ပစ်ချပြီး ဖျောက်ဖျက်ပစ်လိုက်တာ ဖြစ်ပါလိမ့်မယ်၊ သူ ကံဆိုးချင်တော့ ဟောဒီက သခင်ကြီးက မေနန်အလောင်းကို တွေ့ခွင့်ရလိုက်တာပါပဲ ခင်ဗျာ"

သခင်မကြီးက ခေါင်းညိတ်၏။

"ငါလည်း ဒီလိုပဲထင်တယ်၊ ဆဲမာခြုံဟာ ခေါင်းဆောင်တစ်ဦးဖြစ်ပေမယ့် သူ့ရဲ့စိတ်ထားက သိမ်ဖျင်းယုတ်ညံ့တယ်မဟုတ်လား"

ထိုစဉ် လူသန်ကြီးက ဝင်၍ တစ်လုံးချင်းပြောလေ၏။

"ကျုပ် သူ့ကိုရှာထုတ်ပြီး သူ့အရိုးတွေကို ခြေမွပစ်မယ်"

သခင်မကြီးသည် လူသန်ကြီးကို လှည့်ကြည့်၏။ သက်ပြင်းချကာ ပြောသည်။

"နှစ်တွေပြောင်းလဲလာတာလည်း ကြာပါပြီ၊ ဒါပေမဲ့ ရှင့်စိတ်ကတော့ လုံးဝမပြောင်းသေးဘူး၊ အရင်တုန်းကအတိုင်း စိတ်လိုက်မာန်ပါ လုပ်ချင်နေတုန်းပဲကိုး"

သခင်မကြီး၏စကားကို ကြားသောအခါ လူသန်ကြီးခေါင်း



ခေါင်းငုံ့သွားတော့သည်။ သခင်မကြီးက ညင်သာစွာ ဆက်ပြော၏။

"ဆဲမာခြုံဟာ သာမန်သိုင်းသမား မဟုတ်ဘူးရှင့်၊ သူ့ကို ရှာဖွေဖော်ထုတ်ဖို့ဆိုတာလည်း ပြောသလောက် လွယ်လှတာ မဟုတ်ဘူး၊ ဒီကြားထဲမှာ ဒီလူဟာ အင်မတန် ကောက်ကျစ်တယ်၊ မတော်တဆ သူ့ရဲ့လုပ်ကြံမှုကို ခံလိုက်ရရင် ဘယ်လိုလုပ်မလဲ"

လူသန်ကြီးက .. "ကျုပ်ကတော့ သေမှာကို ဂရုမစိုက်ပါဘူး"

သခင်မကြီးက ချွေးမြည့်သော လေသံဖြင့်ပြော၏။

"ဘာပြောပြော သေတာတော့ တန်ဖိုးရှိရှိ သေရတာက မြင့်မြတ်ပါတယ်ရှင်၊ ဟိုတုန်းက အဖြစ်အပျက်တွေကို ရှင့်စိတ်ထဲမှာ စွဲမှတ်ထားဆဲပဲလားရှင်"

လူသန်ကြီးသည် တစ်ကိုယ်လုံး တုန်ခါသွား၏။ သခင်မကြီးသည် သက်ပြင်းတစ်ချက်ချပြီး ...

"ရှင်ရော ကျွန်မရော အသက်တွေကြီးလာကြပါပြီ၊ ဟိုတုန်းက အဖြစ်အပျက်တွေကို မေ့ထားလိုက်ပါတော့ရှင်"

"ကျုပ် မှားပါတယ်"

"ပို့ချမ် ဘယ်မှာရှိတယ်ဆိုတာ ရှင်သိပြီးပြီလား"

လူသန်ကြီးက ဖြည်းညင်းစွာ ခေါင်းခါပြ၏။

"သူ ဘယ်မှာရှိရှိ ဘာလုပ်တော့မှာလဲ၊ ကြင်းကန်း သိုင်းပညာကို အဆင့်မြင့်ဆုံး သူလေ့ကျင့်ထားပြီးဖြစ်ပါစေ၊ ကျုပ်အနေနဲ့ သူ့ကို ယှဉ်ပြိုင်ဖို့ စိတ်မကူးတော့ပါဘူး"

သခင်မကြီးက ကြေကွဲစွာပြုံးလိုက်သည်။

"သူ အခု ဘုရင်ဧကရာဇ်ကြီးရဲ့ နန်းတော်ထဲရောက်နေပြီ

www.burmeseclassic.com

www.burmeseclassic.com



ဒါကို ရှင်မသိဘူး မဟုတ်လား”

လူသန်ကြီး အံ့သြသွားပုံရသည်။ သခင်မကြီးက ဆက်၍ ရှင်းပြ၏။

“သူ နန်းတော်ထဲရောက်နေလို့ ဘုရင်ကေရာဇ်ကြီးက အေးအေးချမ်းချမ်းနဲ့ တိုင်းပြည်အုပ်ချုပ်နိုင်တာပေါ့၊ ဒါပေမဲ့ ဘုရင်ကြီးကို စောင့်ရှောက်နေတာ သူတစ်ယောက်တည်း မဟုတ်ပါဘူး”

လူသန်ကြီးက ရုတ်တရက်မေး၏။

“သူ ဒီလိုကေရာဇ်ကြီးရဲ့လက်အောက် ခိုဝင်သွားတာဟာ ကျုပ်ကို ကေရာဇ်ကြီးအကူအညီနဲ့ ရန်ပြုချင်လို့များလား”

သခင်မကြီးက ခေါင်းခါ၏။

“မဟုတ်ပါဘူး၊ သူက ဘာဖြစ်လို့ အဲဒီလိုလုပ်ရမှာလဲ၊ ထန်ပိုင်ချွမ်က သူနဲ့အတူ ကေရာဇ်ကြီးကို စောင့်ရှောက်ပေးပါလို့ တောင်းပန်လို့ပါ”

လူသန်ကြီးသည် အလွန်အံ့အားသင့်ဟန်ဖြင့် ရေရွတ်နေ၏။

“ဪ ... ထန်ပိုင်ချွမ်းကြောင့်ကိုး”

သခင်မကြီး ထပ်မံရှင်းပြ၏။

“ထန်ပိုင်ချွမ်းကြောင့်ချည်းတော့ မဟုတ်ဘူး၊ သူကိုယ်တိုင်ကလည်း ကေရာဇ်ကြီးကို စောင့်ရှောက်ချင်တာလည်း ပါပါတယ်”

လူသန်ကြီးသည် အဝေးသို့ ငေးသွားမိသည်။

“ဒါဆို သူက ဂုဏ်ထူးရာထူးဌာနန္တရကို မက်မောတာ မဟုတ်ဘူးပေါ့၊ စည်းစိမ်ကို မက်မောတာ မဟုတ်ဘူးပေါ့”

သခင်မကြီးက ခေါင်းညိတ်ပြသည်။ လူသန်ကြီးက ဆက်၍ ...



“အခု မေနန်ကို သတ်သွားတဲ့ အကောင်ဟာ ထင်းတိတွေ ခေါင်းဆောင်လို့ဆိုတယ်၊ ဒီထင်းတိတွေဆိုတဲ့ကောင်တွေက ဘာကောင်တွေလဲ၊ ကျုပ်တော့ သူတို့အကြောင်း ဘာမှမသိဘူး”

သခင်မကြီးသည်လည်း ငိုင်နေသည်။ အတန်ကြာမှ သူမ၏ ခန္ဓာကိုယ်ကိုမတ်၍ စကားပြောသည်။

“အင်း ... ထင်းတိတွေအကြောင်းကို ကျွန်မ အများကြီး သိထားပါတယ်၊ ကျွန်မဟာ ကိုယ်ကျိုးကိုပဲ ကြည့်ခဲ့တယ်၊ ပြည်သူတွေရဲ့အကျိုးကို မကြည့်ခဲ့ဘူး။ ဒါပေမဲ့ အခုတော့ သိပါပြီ၊ ကျွန်မတို့ရဲ့ အယူအဆတွေကို ပြောင်းပြန်လှည့်ပစ်ရတော့မယ်”

လူသန်ကြီးသည် အံ့အားသင့်ကာ သခင်မကြီးကို ကြည့်နေမိ၏။ သူ၏အကြည့်က လူစိမ်းတစ်ယောက်ကို တွေ့မြင်လိုက်ရသော အမူအရာမျိုးဖြစ်သည်။ သခင်မကြီးကမူ လူသန်ကြီး၏အကြည့်ကို လုံးဝဂရုမစိုက်ဘဲ ဆက်ပြောနေသည်။

“တကယ်ဆိုရင် လူ့ဘဝဟာ အင်မတန်တိုတောင်းပါတယ် ဒီတိုတောင်းတဲ့လူ့ဘဝထဲမှာ ကိုယ်ကျိုးချည်း ကြည့်နေလို့ ဘယ်သင့်လျော်ပါ့မလဲ၊ လူ့ဘဝထဲမှာ အများအကျိုး တစ်ခုခုလုပ်ပေးမှ လူဖြစ်ကျိုးနပ်တယ်, လူပီသတယ်လို့ ခေါ်နိုင်လိမ့်မယ်”

“ဪ ... ခင်ဗျား တကယ်ပြောင်းလဲသွားခဲ့ပြီပဲ”

သခင်မကြီးက ခေါင်းညိတ်၏။

“ကျွန်မဟာ အသက်ကြီးပြီ၊ သေသေချာချာစဉ်းစားပြီးမှ ဒီလိုပြောင်းလဲဖို့ ဆုံးဖြတ်လိုက်တာပဲ”

လူသန်ကြီး၏ မျက်လုံးများက ဝင်းလက်တောက်ပြောင်

www.burmeseclassic.com

www.burmeseclassic.com



နေသည်။ လွန်စွာကျေနပ်အားရသောလေသံဖြင့် ချီးကျူးလိုက်သည်။

"ဟုတ်တယ်၊ ခင်ဗျားရဲ့ပြောင်းလဲခြင်းဟာ ကောင်းသော ပြောင်းလဲခြင်းပါပဲဟာ"

သခင်မကြီးသည် ချန်ဖူဝါကိုကြည့်ပြီး ...

"အရင်နှစ်တွေတုန်းက ငါတို့ဟာ အဓိပ္ပာယ်မရှိတဲ့ဘဝထဲမှာ လာအသက်ရှင်နေထိုင်ခဲ့တယ်၊ မင်းရောက်လာမှ ငါတို့ဟာ ကိုယ့်အမှားကို ကိုယ်သိမြင်ခဲ့ကြရတယ်"

ချန်ဖူဝါက...

"ကျွန်တော့်ကြောင့် မေမေတို့ရဲ့ အခြေအနေတွေ ပျက်စီးသွားတဲ့အတွက်တော့ ကျွန်တော် စိတ်မကောင်းပါဘူး"

"ဒီလိုလည်း မဟုတ်ပါဘူး၊ ပြဿနာကတော့ နဂိုကတည်းက ရှိပြီးသားပါ၊ တကယ်တော့ ငါတို့ဟာ အပြင်လောကမှာ လူသားတွေနဲ့ များများဆက်ဆံသင့်နေတာကြာပါပြီ၊ အဲဒီလို မဆက်ဆံခဲ့လို့ ခုလိုဘဝမျိုး ရောက်ခဲ့ရတာပဲ"

လူသန်ကြီးက ဝင်၍ထောက်၏။

"ဟုတ်တယ် ... အပြင်မှာ ဘာတွေဖြစ်ပျက်ပြောင်းလဲနေတယ်ဆိုတာ ကျုပ်တို့ သိဖို့ကောင်းနေပြီ၊ ကျုပ် ဘာကိုမှ မသိတော့ဘူးဗျာ"

သခင်မကြီးသည် ထိုစကားကို ကြားသောအခါ ဟက်ဟက်ပက်ပက် ရယ်မောနေတော့သည်။ လူသန်ကြီးသည် ရယ်မောနေသော သခင်မကြီးကို မျက်လုံးပြူးကာ ကြည့်နေ၏။ သူ့အဖို့ သခင်မကြီး ရယ်မောနေသည်ကို မတွေ့မြင်ခဲ့သည်မှာ နှစ်ပေါင်းများစွာ



ကြာခဲ့လေပြီ။ သခင်မကြီးသည် ရယ်ရှိန်သတ်ပြီး ...

'ဘာပြောပြော အခုကျွန်မတို့အန္တရာယ်ကို အရင်ရှင်းရမယ်'

"ကောင်းတယ်၊ အခု ... ကျုပ် ဘာလုပ်ပေးရမလဲ"

"ကျွန်မတို့ဆီက ခေါင်းလောင်းကြီးဟာ မတီးတာအတော်ကြာပြီ၊ နောက်ဒီခေါင်းလောင်းကို ထိုးနိုင်သူက ရှင်တစ်ယောက်သာရှိတယ်"

လူသန်ကြီးက ခေါင်းညိတ်၏။

"ကျုပ်တာဝန်က ဒါပဲလား"

သခင်မကြီးက ခေါင်းညိတ်၏။ ထို့နောက် ချန်ဖူဝါကို ကြည့်ကာ ... "ချန်ဖူဝါ ... စွမ်းစွမ်းကိုတော့ ဒီအချိန်ကစပြီး မင်းလက်ထဲ အပ်လိုက်ပြီဟေ့"

အလွန်တရာတည်ကြည်ခဲ့သည့်လူသန်ကြီးက မနောက်စဖူးဝင်၍နောက်ပြောင်လေ၏။

"ဒီကိစ္စပြီးရင် ငါတို့မင်္ဂလာအရက် သောက်ရတော့မယ်ဆိုပါတော့"

သခင်မကြီးက ခေါင်းညိတ်၏။

"အေး ... ဟုတ်တယ်၊ ဒီနေရာ တိတ်ဆိတ်ခဲ့တာ သိပ်ကြာနေပြီ၊ တစ်ခါတလေတော့ မင်္ဂလာအခမ်းအနားနဲ့ ဆူဆူညံညံ ဖြစ်သင့်နေပြီ"

လူသန်ကြီးက ချန်ဖူဝါကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ကာ...

"ကောင်လေး ... မင်းကံကောင်းတယ်၊ စွမ်းစွမ်းဟာ ရုပ်ချောသလောက် သိုင်းပညာတော်တယ်ကွယ်"

www.burmeseclassic.com

www.burmeseclassic.com



ချန်ဖူဝါက ရယ်မောကာ ...

"ဟုတ်ကဲ့၊ ဘဝပေးကုသိုလ်ကံပေါ့ခင်ဗျာ၊ ကျွန်တော့်ကိုယ်ကျွန်တော်လည်း ကံကောင်းတယ်လို့ ယူဆပါတယ်"

လူသန်ကြီးက ရယ်မောကာ ...

"အေး ... တစ်ခုတော့ မင်းသတိထား၊ ဒီမိန်းကလေးရဲ့ သိုင်းပညာဟာ မခေလှဘူးနော်၊ သူစိတ်ဆိုးအောင် သွားမလုပ်နဲ့ နို့မို့ရင် မင်းတော့ မလွယ်ဘူး"

စွမ်းစွမ်းက လူသန်ကြီးကိုကြည့်ကာ ပြော၏။

"ဒါဆို ဦးလေးကြီးက သူ့ကို သိုင်းပညာသင်ပေးလိုက်ပေါ့။ ဒါမှ ကျွန်မက သူ့ကို အနိုင်မကျင့်နိုင်မှာပေါ့"

"ဟား...ဟား...ဟား... ငါသင်ပေးမယ်ဆိုရင် မင်းကို ဘယ်အသိပေးပါ့မလဲ၊ တိတ်တိတ်လေးသင်ပေးမှာပေါ့ စွမ်းစွမ်းလေးရယ်"

သခင်မကြီးက ရယ်ရယ်မောမောပြောလေ၏။

"ဖြစ်ပါ့မလားရှင့်၊ သိုင်းလောကရဲ့ ဝါစဉ်ကြီးနှစ်ယောက်က တစ်ယောက်တည်းကို ပညာတွေဝိုင်းပေးနေရင် ချန်ဖူဝါဟာ သိုင်းလောကရဲ့သခင် ဖြစ်သွားလိမ့်မယ် ... ရှင်တို့ စဉ်းစားကြဦးလေ"

"ကျွန်တော်တို့ ဟုတ်လား"

လူသန်ကြီးက အံ့အားသင့်စွာ ပြန်မေးသည်။ သခင်မကြီးက ခေါင်းညိတ်၏။

"ဟုတ်တယ်၊ ကြင်းကန်းပို့ချမ်ဟာ သူ့သိုင်းပညာတွေကို သူ့ကို သင်ပေးထားပြီးပြီ"

"ဟုတ်လား"



လူသန်ကြီးက ရယ်မောရင်းမေး၏။ ထို့နောက် ပြောသည်။

"ချာတိတ် ... ငါ့ရဲ့ဝိလိအတွင်းအားသိုင်းပညာကို မင်းကို သင်ပေးမယ်၊ ဘယ်ပညာကောင်းတယ်ဆိုတာ မင်း နှိုင်းယှဉ်ကြည့်ပေါ့ ... မကောင်းဘူးလား"

ချန်ဖူဝါက လျှင်မြန်စွာ ဒူးထောက်ထိုင်ချပြီး ရှိခိုးကန်တော့၏။ ပညာလိုသည့် ချန်ဖူဝါသည် လွန်စွာအကင်းပါးသူ ဖြစ်ပေသည်။

လူသန်ကြီးက လျှင်မြန်စွာ ချဉ်းကပ်လာပြီး ချန်ဖူဝါအား ဖေးမထားလိုက်၏။ ထိုအခါ သခင်မကြီးက ချန်ဖူဝါအားမေးလိုက်၏။

"သူက ဘယ်သူလဲဆိုတာ မင်းသိသလား"

ချန်ဖူဝါက ခေါင်းညိတ်သည်။

"သိုင်းလောကထဲမှာ ဟယ့်ထင်းဝူကျုနှင့်ဟယ့်တိဝူခွမ် ဆိုတဲ့ ထိပ်သီးသိုင်းဆရာကြီးနှစ်ယောက်ရဲ့နာမည်ကို ကျွန်တော် ကြားဖူးနေတာ ကြာပါပြီခင်ဗျာ"

သခင်မကြီးက ခေါင်းညိတ်၏။

"ဟုတ်တယ်၊ ပို့ချမ်ကို ဟယ့်ထင်းဝူကျုလို့ခေါ်ပြီး သူ့ကိုတော့ ဟယ့်တိဝူခွမ်လို့ သိုင်းလောကသားတွေက တင်စားခေါ်ဝေါ်ကြတယ်၊ သူ့နာမည်ရင်းကတော့ လွေထိန်ပဲ"

လူသန်ကြီးလွေထိန်က ရယ်မောရင်း ...

"အလကားပါကွာ ...သိုင်းလောကသားတွေက မြှောက်ချင်ရင်လည်း ခုပဲမြှောက်တာကွ၊ နှိမ်ချင်ရင်လည်း ခုပဲနှိမ်ပြတာကွ၊ တကယ့်တော့ ပို့ချမ်ကော၊ ငါကော ပညာသမားတွေ မဟုတ်ပါဘူးကွာ၊ အကြမ်းသမားတွေပါ"

www.burmeseclassic.com

www.burmeseclassic.com



သူသည် ပြောပြောဆိုဆို သူ၏ခါးၾ္ခပတ်ထားသည့် ခါးပတ်ထဲမှ ရွှေရောင်သတ္တုပြားလေးတစ်ချပ်ကို ဆွဲထုတ်လိုက်သည်။ ထို့နောက် ချန်ဖူဝါအား လှမ်းပေးလိုက်သည်။

"ရော့ ... မင်းယူထားလိုက်၊ နားမလည်တာရှိရင် ငါ့ကိုမေး"

ချန်ဖူဝါသည် ရွှေရောင်သတ္တုပြားကို ရိုသေစွာ လက်ခံယူပြီး ဦးချကန်တော့လိုက်၏။ လူသန်ကြီးလွှေထိန်သည် ရိုကျိုးနှိမ့်ချသော ချန်ဖူဝါကိုကြည့်၍ ကျေနပ်သွားသည်။ ထို့နောက် ထွက်ခွာသွားတော့သည်။ စွမ်းစွမ်းသည် လူသန်ကြီးလွှေထိန် အဝေးရောက်သွားသည်အထိ ငေးကြည့်ပြီးမှ နှုတ်ခမ်းကလေးစူ၍ ပြော၏။

"အခုမှ ကျွန်မကို လူတိုင်းမုန်းတာကို သိတော့တာပဲ"

သခင်မကြီး ရယ်မောကာ ...

"ဟဲ့ ... ချန်ဖူဝါ ... ဒီလောက်တော်မှ ငါက မင်းကို စိတ်ချအပ်နှင်းနိုင်မှာပေါ့ကွယ်၊ သူ့ပညာ များများရလေ ... ဂုဏ်ယူရလေပေါ့ သမီးရဲ့"

စွမ်းစွမ်းက ချန်ဖူဝါဘက်လှည့်ကာ ...

"အစ်ကိုကြီး ဒီပညာတွေ ညီမလေးကို ပြန်သင်ပေးလို့မရဘူးလား"

"ရတာပေါ့၊ မင်းသင်ချင်ရင် သင်ရမှာပေါ့"

ထိုစဉ် အလွန်ကျယ်လောင် မြည်ဟိန်းသော ခေါင်းလောင်းသံကြီး ပေါ်လာတော့သည်။ ဤခေါင်းလောင်းသံဆို တစ်မိုင်ခန့်ကွာဝေးသောအရပ်မှပင် ကြားနိုင်ပေသည်။



## အခန်း ( ၃၇ )
## အမြော်အမြင်ကြီးသော အဆိပ်ဘုရင်

နန်းတော်တွင်းမှ ခေါင်းလောင်းသံ ထွက်ပေါ်လာချိန်နှင့် မျက်မမြင်အဘိုးအိုလေးယောက်က ရန်သူများကို တိုက်ခိုက်ချိန်မှာ တစ်ပြိုင်တည်းဖြစ်နေသည်။ သူတို့၏ရွှေရောင်လှံတိုများက ရန်သူလေးယောက်ကို ပြိုင်တူတိုက်ခိုက်ကြသည်။ သုံးယောက် အသက်ထွက်သွားသည်။ လွတ်မြောက်သွားသူတစ်ယောက်မှာ အဆိပ်ဘုရင်ပင် ဖြစ်တော့၏။

အဆိပ်ဘုရင်ကို တိုက်ခိုက်လိုက်သူမှာ ပထမမျက်မမြင်ဖြစ်သည်။ သူ၏လက်နက်က အခြားအဘိုးအိုများနည်းတူ လျင်မြန်သည်သာဖြစ်သည်။ သို့သော် အဆိပ်ဘုရင်မှာ သာမန်လိုင်းသမားမဟုတ်သဖြင့် သူ၏လက်ညှိုးဖြင့် ပြန်တောက်လိုက်ရုံမျှဖြင့် လှံတိုသည် အဘိုးအိုရှိရာသို့ ပြန်ရောက်သွားသည်။

သူ့လက်နက် သူ့ထံပြန်ရောက်လာသည်ကို သိသည်နှင့် ပထမမျက်မမြင်အဘိုးအိုသည် သူနှင့်ရင်ဆိုင်ရသူသည် နုံနုံနယ်နယ်ရန်သူမဟုတ်တော့ကြောင်း သူသိသွားလေ၏။

ထိုစဉ် အဆိပ်ဘုရင်က လက်ညှိုးဖြင့်တောက်လိုက်ရာ

www.burmeseclassic.com

www.burmeseclassic.com



အဆိပ်အပ်သုံးချောင်းသည် အရှိန်ပြင်းစွာ ပျံထွက်သွားသည်။ အဆိပ်အပ်တစ်ချောင်းက ငွေရောင်လှံတိုကို တိုက်မိသဖြင့် လှံတို ရော၊ အဆိပ်အပ်ပါ ဘေးသို့ လွင့်စဉ်ထွက်သွားသည်။

ကျန်အဆိပ်အပ်နှစ်ချောင်းမှာမူ ထိုမျက်မမြင်အဘိုးအို၏ ရင်ဘတ်သို့ တည့်တည့်မတ်မတ်ဝင်လာသည်။ နားပါးသော မျက်မမြင်အဘိုးအိုသည် အဆိပ်အပ်နှစ်ချောင်းကို လှမ်း၍ရှောင်ပေးလိုက်၏။

"ငါ့ရဲ့လက်နက်ပုန်းအရသာကို မင်းမြည်းကြည့်စမ်း"

မျက်မမြင်အဘိုးအိုက အေးစက်စွာပြောပြီး အပ်တိုကလေး တစ်ချောင်းဖြင့် ပစ်ခတ်လိုက်သည်။

"အသေးအဖွဲလေးပါ"

အဆိပ်ဘုရင်က မလေးမခန့်ပြောပြီး လက်ညှိုးဖြင့် လေးချက်တောက်လိုက်၏။ အပ်တိုလေးချောင်းသည် မျက်မမြင်အဘိုးအိုထံသို့ ပြန်လည်ဝင်ရောက်သွားသည်။ လေတိုးသံလည်း ကျယ်လောင်စွာ ထွက်ပေါ်လာ၏။ မျက်မမြင်အဘိုးအိုသည် အင်္ကျီလက်နှစ်ဖက်ဖြင့် ဝင်လာသော အဆိပ်အပ်များကိုရိုက်ထုတ်ပြီး ကြမ်းပြင်ပေါ်သို့ ပြန်ကျလာ၏။ တစ်ချိန်တည်းမှာပင် အဆိပ်ဘုရင်သည် မျက်မမြင်အဘိုးအိုရှိရာသို့ ထက်ကြပ်မကွာ ဝဲပျံလာပြီး လက်ခလယ်ဖြင့် မျက်မမြင်အဘိုးအို၏ နဖူးအောက် မျက်ခုံးနှစ်ဖက်ကြားသို့ တည့်တည့်ထိုးစိုက်လိုက်သည်။

အဆိပ်ဘုရင်၏လက်နက်ပုန်းသည် အယောင်ပြသော တိုက်ကွက်ဖြစ်ပြီး တကယ့်တိုက်ကွက်က ထိုလက်ခလယ်ဖြင့် ထိုး



စိုက်သော တိုက်ကွက်ဖြစ်ပါသည်။ မျက်မမြင်အဘိုးအိုသည် ရှူးရှူးရှားရှား အော်ဟစ်ကာ အနောက်သို့ ပေသုံးဆယ်ကျော်အထိ လွင့်ထွက်သွားသည်။ သူ၏နဖူးအောက် မျက်ခုံးနှစ်ဖက်ကြားတွင် အပေါက်တစ်ပေါက်ပေါက်ကာ သွေးများအဆက်မပြတ် ဖန်းထွက်လာတော့သည်။ မျက်မမြင်အဘိုးအိုအဖို့ ရှင်လမ်းမရှိတော့ပါ။

အဆိပ်ဘုရင်သည် ကြည့်ပင်မကြည့်တော့ဘဲ ဒုတိယ မျက်မမြင်အဘိုးအိုကို အဆိပ်အပ်များဖြင့် ပစ်လိုက်၏။ ထိုမျက်မမြင်အဘိုးအိုသည် အဆိပ်ဂိုဏ်းသားနှစ်ယောက်ကိုသတ်ပြီးနောက် ယီးယီးနှင့် တိုက်ခိုက်နေ၏။ လက်နက်ပုန်းများ၏ လေထုခွင်းသောအသံကိုကြားရသော်လည်း ယီးယီးနှင့် အပြင်းအထန်တိုက်ခိုက်နေရသဖြင့် ထိုလက်နက်ပုန်းများကို မရှောင်နိုင်တော့ချေ။

အဆိပ်အပ်တို့သည် မျက်မမြင်အဘိုးအို၏ ကျောရိုးထဲသို့ စိုက်ဝင်သွားတော့သည်။

"အား"

မျက်မမြင်အဘိုးအိုသည် ကျယ်လောင်စွာ အော်ဟစ်ပြီး ပုန်းခနဲ လဲကျသွားတော့၏။ မျက်မမြင်အဘိုးအိုနှစ်ယောက် သေရှာလေပြီ။ ကျန်ရှိသော မျက်မမြင်အဘိုးအိုနှစ်ယောက်သည် အဆိပ်ဂိုဏ်းသားခုနှစ်ယောက်ကို သတ်ဖြတ်နိုင်ခဲ့သော်လည်း ကိုယ်ရံတော်သုံးဆယ့်ခြောက်ယောက်၏ ဝိုင်းဝန်းတိုက်ခိုက်မှုကိုမူ မခံနိုင်ကြချေ။ ဒဏ်ရာမြောက်မြားစွာရပြီး သေဆုံးသွားသည်။

အဆိပ်ဘုရင်သည် အခန်းတစ်ခုလုံးကို လှည့်ပတ်ရှာဖွေ၏။ ရန်သူ၏အရိပ်အယောင်ကိုမျှ မတွေ့တော့သဖြင့် အခန်းထဲ

www.burmeseclassic.com

www.burmeseclassic.com



မှ ခုန်ထွက်လိုက်တော့သည်။

ယီးယီး၊ စွန်းကျယ်နှင့် ချူးဖန်တို့သည် အဆိပ်ဘုရင်နောက်သို့ ပြေးလိုက်ကြသည်။ ကျန်အဆိပ်ဂိုဏ်းသားများလည်း သူတို့၏ဂိုဏ်းချုပ်ကြီးနောက် ပြေးလိုက်လာကြတော့၏။ သူတို့၏လှုပ်ရှားမှုများကို သစ်ပင်ပေါ်တွင် ပုန်းအောင်းနေသော ဆဲမာခြုံက အတိုင်းသား မြင်နေရပေသည်။

ထိုအချိန်တွင် ကျယ်လောင်စွာ မြည်ဟည်းနေသော ခေါင်းလောင်းသံလည်း ပြည်လည်တိတ်ဆိတ်သွားလေပြီ။ အဆိပ်ဘုရင်တို့ ချီတက်ရာ ခရီးလမ်းတစ်လျှောက်တွင် အတားအဆီး လုံးဝမရှိချေ။ စွန်းကျယ်က မနေနိုင်သဖြင့် တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်သည်။

"ထင်းတိတ္တေအဖွဲ့သားတွေ အခုဆို နန်းတော်ရဲ့ရင်ပြင်ထဲ ရောက်ရှိကြရောပေါ့၊ သူသေကိုယ်သေ တိုက်ပွဲဆင်နေကြရောပေါ့"

ထိုအခါ အဆိပ်ဘုရင်က ...

"ထင်းတိတ္တေအဖွဲ့သားတွေအားလုံး သေကုန်ကြပြီ၊ ရှိခဲ့ရင် ငါတို့ကို မျက်မမြင်အဘိုးအိုလေးယောက်က ဟန့်တားတိုက်ခိုက်နိုင်မှာမဟုတ်ဘူး"

စွန်းကျယ်က ...

"ဒါဆို စောစောကလေချွန်သံရယ်၊ ခေါင်းလောင်းထိုးသံတို့က ကျွန်တော်တို့ကြောင့် ပေါ်လာတာလို့ ယူဆနိုင်တာပေါ့"

အဆိပ်ဘုရင်က ခေါင်းခါ၏။

"မဟုတ်နိုင်ဘူးထင်တယ်၊ ထင်းတိတ္တေအဖွဲ့ထဲက တစ်ယောက်ယောက် လွတ်မြောက်သွားပြီး သူတို့ကို ဒုက္ခပေးနေတာ



ဖြစ်ရမယ်"

"ဆဲမာခြုံဖြစ်လိမ့်မယ်ထင်တယ်"

ယီးယီးက ထင်မြင်ချက်ပေးလိုက်၏။ အဆိပ်ဘုရင်က ...

"ဒီကောင်ကလွဲပြီး တခြားဘယ်သူရှိဦးမှာလဲ"

ယီးယီးက ...

"ဒါဖြင့် သူ အခုဘယ်မှာတုံး၊ အရိပ်အယောင်တောင် မတွေ့ရဘူး"

အဆိပ်ဘုရင်က ...

"ငါ့အထင်တော့ ဒီကောင်ဟာ လူတစ်ယောက်ယောက်ကို သတ်ပြီး ပုန်းအောင်းနေတယ်လို့ထင်တယ်၊ ငါတို့ရဲ့တိုက်ခိုက်မှုကို စောင့်ပြီး ဒီကောင်က ကြားကနေ အချောင်ဝင်နှိုက်လိမ့်မယ်လို့ ငါထင်တယ်"

ယီးယီးသည် အေးစက်မာကျောစွာ ပြောလိုက်သည်။

"သူ ပေါ်မလာရင်တော့ သက်သာရာရမယ်၊ ပေါ်လာရင်တော့ ကျွန်မတို့နဲ့ တွေ့မှာပဲ"

အဆိပ်ဘုရင်သည် ဆက်မပြောတော့ဘဲ ရှေ့သို့ဆက်လက်ချီတက်လာသည်။ မကြာမီ သူတို့သည် နန်းတော်ရှေ့ရှိလှေကားထစ်အောက်သို့ ရောက်ရှိလာကြ၏။ နန်းတော်၏တံခါးမရှေ့တွင် လှေထိန်က မားမားမတ်မတ်ရပ်ကာ စောင့်ကြိုနေသည်ကို တွေ့ရသည်။

ဘီလူးပမာ ထွားကျိုင်းသော လှေထိန်ကိုကြည့်၍ စွန်းကျယ်က တအံ့တသြပြောလေ၏။

"ဂိုဏ်းချုပ်ကြီး ဒီလူဟာ ဒီလျှို့ဝှက်ဌာနချုပ်ရဲ့အရှင်သခင်

www.burmeseclassic.com

www.burmeseclassic.com



များဖြစ်နေမလား၊ သူ့ခန္ဓာကိုယ်က အင်မတန်ထွားကျိုင်းတာပဲကိုး"

အဆိပ်ဘုရင်က ခေါင်းခါ၏။

"လက်အောက်ငယ်သားတွေသာ တံခါးဝမှာ ရပ်စောင့်ရိုးထုံးစံရှိတာ၊ သူ ဘယ်နည်းနဲ့မှ အရှင်သခင် မဖြစ်နိုင်ပါဘူး"

စွန်းကျယ်က တုန်လှုပ်စွာပြောသည်။

"ဘယ်သူက ဒီလိုသိုင်းသမားမျိုးကို စေခိုင်းနိုင်စွမ်းရှိမှာတုံး"

အဆိပ်ဘုရင်က မဖြေကြားတော့ဘဲ ရှေ့သို့တိုးဝင်သည်။

"ရပ်စမ်း"

လွှေထိန်၏အော်သံက ဟိန်း၍ထွက်လာ၏။ အဆိပ်ဘုရင်က လွှေထိန်နှင့် ရင်ဆိုင်လိုက်သည်။ လွှေထိန်က ...

"နေဦး ... သခင်မကြီးကို မင်းတို့စကားပြောဖို့ မတွေ့မတန်သေးဘူး"

အဆိပ်ဘုရင်က ပမာမခန့်ပြောလိုက်သည်။

"ခင်ဗျားဟာ တံခါးစောင့်ပဲ၊ ကိုယ့်နေရာကိုယ် နေစမ်းပါ၊ ညှို့သည်ကို ဒီလိုမပြောပါနဲ့"

"ထားပါတော့၊ ငါဟာ အစေခံပဲထားပါတော့၊ ဒါပေမဲ့ ငါဟာ မားမားမတ်မတ်ရဲရဲတင်းတင်း ရပ်တည်ရဲတဲ့လူပါ၊ မင်းလို မျက်နှာမပြရဲလို့ မျက်နှာဖုံးအုပ်ထားတဲ့ လူစားမျိုးတော့ မဟုတ်ဘူးကွ"

လွှေထိန်က ဆက်ပြောသည်။

"ဒါကြောင့် မင်းဟာငါ့လိုအစေခံတစ်ယောက်ထက်တောင် နိမ့်ကျတယ်လို့ ... ပြောယယ်ကွာ"

"မိုက်ရိုင်းလှချည်လား"



ချူးဖန်က အော်ဟစ်ဆဲဆိုရင်း လက်နက်ပုန်းတစ်ခုဖြင့် ရုတ်တရက် ပစ်ခတ်တိုက်ခိုက်လိုက်သည်။ လွှေထိန်သည် ချူးဖန်၏ လက်နက်ပုန်းကို မရှောင်ချေ။ မတုန်မလှုပ်ပင် ရပ်ကြည့်နေသည်။

ချူးဖန်၏လက်နက်ပုန်းသည် လွှေထိန်၏ကိုယ်ခန္ဓာကို လာရောက်ထိမှန်ပြီး ထောင်းခနဲ အသံတစ်သံ ကြားလိုက်ရသည်။ လက်နက်ပုန်းသည် မာကျောသောသံပြားနှင့် ထိမိသလို ပြန်ကန်ထွက်သွား၏။ ချူးဖန်အပါအဝင် အဆိပ်ဂိုဏ်းသားအားလုံးတို့သည် အလွန်တုန်လှုပ်အံ့သြသွားကြကုန်၏။ အဆိပ်ဘုရင်ကမူ နှုတ်မှပင် ချီးကျူးမိသည်။

"ကောင်းလိုက်တဲ့ အပြင်အားသိုင်းသမားတစ်ယောက်ကိုး"

သူက ဆက်မေးလိုက်၏။

"ဒါဟာ ပိလိပညာလား၊ ကြင်းကန်းပညာလား"

အဆိပ်ဘုရင်၏မေးခွန်းကို ကြားလိုက်ရသောအခါတွင် သူသည် ဝါရင့်သော၊ အတွေ့အကြုံများသော အဆင့်မြင့်သိုင်းသမားဖြစ်ကြောင်း လွှေထိန် ချက်ချင်းရိပ်မိလိုက်လေ၏။

"ပိလိအတွင်းအားပဲ"

လွှေထိန်က ခပ်အေးအေးပင်ဖြေသည်။ အဆိပ်ဘုရင်က...

"ဟယ့်တိဝူခွမ် လွှေထိန်ဟာ ခင်ဗျားနဲ့ဘယ်လို တော်စပ်သလဲ"

ထိုမေးခွန်းကို ကြားရပြန်သောအခါ လွှေထိန်သည် တဟားဟားရယ်ပြန်တော့၏။

"မင်းကဘယ်သူတုံး၊ ငါ့ရဲ့နာမည်နဲ့ငါ့အကြောင်းကို မင်းက

www.burmeseclassic.com

www.burmeseclassic.com



တော်တော် သိထားပါလား"

သည်တစ်ခါတုန့်လှုပ်ရသူက အဆိပ်ဘုရင်ဖြစ်သည်။ သူ၏ မျက်လုံးများသည် စောစောကလို ရဲဝံ့မနေတော့ပေ။ အသံကလည်း အလိုလိုနိမ့်ကျသွား၏။

"ကျွန်တော်က အဆိပ်ငါးမျိုးဂိုဏ်းက ထန်ဆယ်ချိုပါ"

လွှေထိန် အံ့သြသွားသည်။

"ထန်ပိုင်ချွမ်းဟာ မင်းနဲ့ဘာတော်သလဲ"

"ကျွန်တော့်ရဲ့ တတိယမြောက် ဦးလေးအရင်း တော်စပ်ပါတယ်"

လွှေထိန်သည် အတိတ်ဇာတ်ကြောင်းများကို ပြန်လည်မှတ်မိသွားဟန်ဖြင့် တဟားဟား အော်ဟစ်ရယ်မောလေတော့သည်။

"အင်း ... ငါမှတ်မိပြီ၊ မင်းဟာ ထန်မျိုးရိုးထဲက သတ္တိအရှိဆုံးကောင်လေး မဟုတ်လား၊ ထန်ပိုင်ချွမ်းကတစ်ဆင့် မင်းဟာကိုယ့်ဘာသာ ဂိုဏ်းသစ်တစ်ခုတည်ထောင်မယ်လို့ ငါကြားခဲ့တယ်၊ မင်းတကယ်ပဲ ထန်မျိုးရိုးက ခွန့်ထွက်လာပြီကိုး"

"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော့်ဦးလေးရဲ့ အားပေးမှုကြောင့် ခုလိုဖြစ်လာတာပါခင်ဗျာ"

လွှေထိန်က ရယ်မောကာ ...

"အေး ... မင်းလေးဟာ ငါ့လောက်ကိုယ်ခန္ဓာ မထွားကျိုင်းပေမယ့် သူ့ရဲ့သတ္တိက ငါ့ထက်မသေးဘူး၊ သူကမင်းကို အားပေးထောက်ခံမှတော့ ကန့်ကွက်မယ့်လူ ဘယ်ရှိတော့မှာလဲ"

"ရှိတော့ရှိပါတယ်၊ ဒါပေမဲ့ အနှောင့်အယှက်တော့ မပေးပါဘူးခင်ဗျ၊ ဒါကြောင့် ကျွန်တော် ခုလောက်အောင်မြင်လာတာပေါ့"



လွှေထိန်က ဝေဖန်ချက်ပေး၏။

"အဆိပ်ငါးမျိုးဂိုဏ်းဆိုတဲ့နာမည်က နားထောင်လို့ သိပ်မကောင်းပေမယ့် မင်းလက်အောက်တွေကြည့်ရတာ လူဆိုးတွေနဲ့တော့ မတူပါဘူး"

"ကျွန်တော့်ဂိုဏ်းထဲမှာ တင်းကြပ်တဲ့စည်းကမ်းဥပဒေတွေ ရှိပါတယ်ခင်ဗျာ၊ ဒါပေမဲ့ သစ္စာဖောက် လူယုတ်မာတွေတော့ မလွဲမရှောင်သာတဲ့အတိုင်း ပေါ်ပေါက်ခဲ့ဖူးပါတယ်"

လွှေထိန်က ခေါင်းညိတ်ပြကာ ...

"ဟုတ်တယ်၊ မှန်တယ်၊ ဘယ်ဂိုဏ်းမဆို သစ္စာဖောက်တွေ ပေါ်တတ်စမြဲပါ၊ ဒါဆို မင်းဂိုဏ်းရဲ့နာမည်က ကြောက်စရာကောင်းသလောက် ဂိုဏ်းသားတွေက သိပ်မဆိုးဘူး ဆိုပါတော့"

"မှန်ပါတယ်ခင်ဗျာ၊ နာမည်ကောင်းဟစ်နေတဲ့ ကြောင်သူတော်အဖွဲ့တွေထက်တော့ ကျွန်တော်တို့က သာပါတယ်"

"မင်းစကားပြောတာ တော်တော်ပွင့်လင်းတာပဲ၊ ထင်းတိထွေနဲ့ မင်းတို့ ဘယ်လိုပတ်သက်သလဲ"

"ဘယ်လိုမှ မပတ်သက်ပါဘူးခင်ဗျာ၊ သူတို့ဝင်လာတာက သူတို့ရည်ရွယ်ချက်နဲ့ပါ၊ ကျွန်တော်တို့ ဝင်လာတာက တခြားကိစ္စကြောင့်ပါ"

ထိုစကားကို လွှေထိန် နားမရှင်းပေ။

"မင်းတို့က ဘာကိစ္စရှိလို့လာတာလဲ"

"ချွန်ဖူဝါက ဆရာကြီးတို့ကို ပြောမပြဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



လွှထိန်က ခေါင်းခါပြ၏။

"ပြောတော့ ပြောမှာပါ၊ ဒါပေမဲ့ ငါနဲ့မဆိုင်သေးလို့ ငါ ဝင်မမေးမိတာပါ၊ နောက် ချာတိတ်နဲ့လည်း စကားကောင်းကောင်း မပြောရသေးဘူး၊ သူနဲ့ မင်းတို့နဲ့ ရန်ငြိုးရှိလို့လား"

အဆိပ်ဘုရင် ခေါင်းခါ၏။

"ချန်ဖူဝါဟာ တကယ်လည်း စိတ်ထားဖြောင့်မတ်တဲ့ သူ့ရဲ့ ကောင်း သိုင်းသမားတစ်ယောက်ပါ၊ ကျွန်တော်တို့နဲ့လည်း ဘယ်လို ရန်ငြိုးမှ မရှိကြပါဘူးခင်ဗျာ"

"ဒါဖြင့် ဘာကိစ္စနဲ့ မင်းတို့က ဒီကိုရောက်လာကြတာလဲ"

အဆိပ်ဘုရင်က ရှင်းပြသည်။

"ခင်ဗျားတို့ဆီက သံချပ်ဝတ်စုံနဲ့လူတစ်ယောက်ဟာ ထင်းတိထွေရဲ့ အကွက်ဆင်ထားတဲ့ ထောင်ချောက်ထဲ ကျရောက်ခဲ့ပါတယ်၊ သူက အထင်လွဲပြီး ကျွန်တော့်သားကို သတ်ပစ်ခဲ့တဲ့အတွက် ကျွန်တော့်က စာရင်းလာရှင်းတာပါ"

"ဟေ ... ဖြစ်မှဖြစ်ရလေ၊ ဘယ့်နှယ့် ခုလိုမဆင်မခြင်လုပ်လိုက်ရတာလဲ"

"သံချပ်လူဟာ သူတစ်ပါးရဲ့ အသုံးချခံနေရတဲ့ လူသတ်ကိရိယာဖြစ်ပေမယ့် ကျွန်တော့်သားကို သူကိုယ်တိုင် သတ်ခဲ့တယ် မဟုတ်လား၊ ဒါကြောင့် ကျွန်တော်က သူ့ကိုလာရှာပြီး စာရင်းရှင်းတာပါ"

"မင်းတို့မှားနေပြီ၊ နောက်ပြီး သူမဟာလည်း ..."

လွှထိန်သည် စကားပြတ်သွားသည်။



အတန်ကြာမှ ဆက်ပြောသည်။

"လူဟာ သေသွားပြီးမှတော့ ပြန်မရှင်နိုင်တော့ပါဘူး၊ တခြားနည်းလမ်းတစ်ခုနဲ့ ဖြေရှင်းနိုင်ရင် ..."

သူ့စကားမဆုံးမီ ယီးယီးက ကြားဖြတ်၍ပြောလိုက်သည်။

"သွေးကို သွေးကြွေးနဲ့ပဲ ဆပ်ရမယ်ရှင့်"

လွှထိန်သည် ယီးယီးကိုလှည့်ကြည့်ကာ ...

"ကျွန်တော့်ချွေးမပါ၊ ဒီကိစ္စထဲမှာ ကျွန်တော်နဲ့ သူမဟာ တစ်စိတ်တည်းတစ်ဝမ်းတည်း ထားရှိကြပါတယ်၊ ကျွန်တော်တို့ ဘယ်လောက်ပဲ ဆုံးရှုံးပါစေ ... လက်စားချေဖို့ကိစ္စကိုတော့ ဘယ်နည်းနဲ့မှ လက်မလွှတ်ကြပါဘူး"

လွှထိန်က တည်ကြည်လေးနက်သောအမူအရာဖြင့် ပြောသည်။

"ငါ့သဘောကတော့ တကယ့်တရားခံအစစ်ကို အရင်ရှာဖွေဖော်ထုတ်ဖို့ လိုအပ်တယ်လို့ ထင်တယ်"

အဆိပ်ဘုရင်က တဲ့တိုးပင်မေးသည်။

"တရားခံအစစ်ဖြစ်တဲ့ ဆဲမာမြို့လည်း ဒီကိုရောက်ရှိနေပြီ မဟုတ်လား"

လွှထိန်၏မျက်နှာသည် ရုတ်ခြည်းတင်းမာသွား၏။

"ဒီကောင့်ကိုတွေ့ရင် ငါအရင်သတ်မယ်"

အဆိပ်ဘုရင်က ရှင်းပြသည်။

"ကျွန်တော်တို့ ဒီကိုရောက်လာနိုင်တာဟာ သူ့ခေါ်လာလို့ပါပဲ၊ ပထမတော့ သူဟာ ကြားကနေပြီး အချောင်ရလားလို့ အခွင့်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းရှာနေတာဗျာ၊ ဒါပေမဲ့ ကျွန်တော်တို့မှာ စောင့်နိုင်တဲ့အချိန် ရှိပြီး၊ သူ့ခမျာ မစောင့်နိုင်တော့တဲ့အတွက် ဦးစွာဝင်ရောက် တိုက်ခိုက်ရတာပဲဗျာ"

လွှေထိန်က ရယ်မောလိုက်သည်။

"အခု အခွင့်ကောင်းရတာ မင်းဖြစ်သွားပြီပေါ့"

အဆိပ်ဘုရင်က တအံ့တသြပြောသည်။

"ဆရာကြီးတို့အနေနဲ့ ဆဲမာခြုံကို တားဆီးနိုင်မယ်လို့ ထင်နေတာ၊ ခုတော့ ..."

လွှေထိန်က ဒေါသနှင့်ပြောသည်။

"အားလုံးဟာ ဟိုမျက်ကန်းတွေရဲ့ အပြစ်ပဲ၊ သူတို့ကိုယ်သူတို့ နားပါးလှပြီဆိုပြီး ဘဝင့်မြင့်နေတယ်၊ လေ့ကားထစ်ကိုတောင် လုံခြုံအောင် မစောင့်နိုင်ကြဘူး"

အဆိပ်ဘုရင်သည် အားတုံ့အားနာဖြစ်သွား၏။ အကြောင်းမှာ မျက်မမြင်အဘိုးအိုလေးယောက်မှာ သူတို့လက်ချက်ဖြင့် သေဆုံးသွားခဲ့သောကြောင့် ဖြစ်ပေသည်။ ယခုတွေ့နေရသည့် လွှေထိန်သည် သူ့ဦးလေးဖြစ်သူ ထန်ပိုင်ချွမ်းနှင့် ဂုဏ်တူအဆင့်တူ ဖြစ်နေသဖြင့် ပစ်ပစ်ခါခါပြော၍ မရတော့ပေ။ ထို့ကြောင့် ...

"ကျွန်တော်တို့ကအတက် သူတို့ကအတားဆိုတော့ ဆရာကြီးတို့ရဲ့ မျက်မမြင်လေးယောက်လည်း အသေအပျောက်ရှိသွားခဲ့ပါတယ် ခင်ဗျာ"

လွှေထိန်သည် မရယ်နိုင်တော့ပေ။

"အဲဒါမှ ပြဿနာက ပိုကြီးလာတာပဲ"



အဆိပ်ဘုရင်က ...

"တကယ်လို့ ဆရာကြီးဟာ ဒီမှာရှိမှန်းသိရင် ကျွန်တော်တို့က ဖိတ်စာနှင့်တကွ လာရောက်ခွင့်တောင်းမှာပါခင်ဗျာ၊ ခုတော့ အားလုံးလွတ်ကုန်ပါပြီ"

"ဒါကြောင့် ပိုခက်နေတာပေါ့ကွာ"

"ဆရာကြီးလိုလူမျိုး ဒီမှာရှိနေမှတော့ ဒီနေရာဟာ မကောင်းဆိုးရွား ကြီးစိုးတဲ့နေရာတော့ မဖြစ်နိုင်ပါဘူးခင်ဗျာ"

လွှေထိန်က သက်ပြင်းတစ်ချက်ချသည်။

"ထန်ဆယ်ချို ... မင်းဟာ ခေါင်းမာတဲ့လူဖြစ်သလို ဒီကလူတွေကလည်း ခေါင်းမာတဲ့လူတွေကွ၊ ပြဿနာဟာ နောင်ဘယ်လိုဖြစ်လာမယ်တောင် ငါမပြောရဲအောင်ဖြစ်နေပြီ"

"ဒါဆိုရင်လည်း ဒီကအရှင်သခင်နဲ့ တွေ့ဆုံလိုက်တာ ပိုကောင်းပါတယ်၊ ဆရာကြီး ဘယ်လိုသဘောရသလဲ"

"အေးလေ ... လမ်းက ဒါပဲရှိတော့တာပဲ"

လွှေထိန်၏စကားအဆုံးတွင် နန်းတော်ထဲမှ မောင်းထုသံပေါ်လာ၏။ မကြာမီ 'ချလွမ်း ... ချလွမ်း' ဟူသော သံစွာပြားချင်းထိခိုက်မိသောအသံများ ထွက်ပေါ်လာတော့၏။ သံချပ်ဝတ်စုံနှင့်လူ၏လှုပ်ရှားမှုကြောင့် ပေါ်ထွက်လာသောအသံဖြစ်ကြောင်း အဆိပ်ဂိုဏ်းသားတို့ သိရှိကြသည်။ သံချပ်လူ၏စွမ်းရည်ကို အဆိပ်ဂိုဏ်းများ သိရှိထားပြီဖြစ်၍ 'ချလွမ်း ... ချလွမ်း' အသံကြားသည်နှင့် အားလုံး ထိတ်လန့်ကုန်တော့သည်။

"ထန်မျိုးရိုးရဲ့ လက်နက်ပုန်းဟာ မယှဉ်ပြိုင်နိုင်အောင် ထူး

www.burmeseclassic.com

www.burmeseclassic.com



ချွန်တဲ့ လက်နက်ပုန်းတွေပါ၊ မင်းရဲ့ အရည်အချင်းကြောင့် ဒီလက်နက်ပုန်းတွေဟာ ဗိုပြီးထက်မြက်နေမှာ သေချာတယ်၊ ဒါပေမဲ့ ငါတို့ရဲ့ သံချပ်ဝတ်စုံကိုတော့ မယှဉ်နိုင်ဘူးလို့ ငါထင်တယ်"

အဆိပ်ဘုရင်က လွှေထိန်နှင့် ထိပ်တိုကမတိုးနိုင်သည့် စကားကို ရွေးပြောသည်။

"သေခြင်းရှင်ခြင်းဟာ ကံတရားပါ ခင်ဗျာ"

"ကောင်းလိုက်တဲ့ စကားပါလား"

လွှေထိန်က ချီးကျူးပြီး အားရပါးရ ရယ်မောနေတော့သည်။ သူရယ်မောနေစဉ် သံချပ်ဝတ်စုံနှင့်လူများသည် နှစ်ယောက်တစ်တွဲ တန်းစီကာ နန်းတော်တံခါးဝမှ ထွက်လာကြသည်။

ထို့နောက် နန်းတော်တံခါးပေါက်တွင် တစ်ဖက် ဆယ့်နှစ်ယောက်စီ အသီးသီး ရပ်လိုက်ကြ၏။ နေရောင်ခြည်အောက်တွင် သံချပ်ဝတ်စုံတို့သည် တလက်လက်နှင့်ရင်တုန်စရာကောင်းအောင် တောက်ပနေသည်။

အဆိပ်ဂိုဏ်းသားတို့သည် စိတ်လှုပ်ရှားလာကြသဖြင့် သူတို့လက်နက်ပုန်းများကို အသီးသီးဆုပ်ကိုင်လိုက်ကြသည်။ အဆိပ်ဘုရင်က အမိန့်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် တိုက်ခိုက်ပေတော့မည်။ အားလုံးက အသင့်အနေအထားတွင် ရောက်ရှိနေကြသည်။ အဆိပ်ဘုရင်ကမူ နန်းတော်ထဲကိုသာ စိုက်ကြည့်နေသည်။

ယီးယီးသည် ဘေးသို့ တစ်လှမ်းလှမ်းကာ ရပ်လိုက်သည်။ သူမသည် စွမ်းစွမ်းနှင့် ယှဉ်ပြိုင်တိုက်ခိုက်ဖူးသောကြောင့် သံချပ်ဝတ်စုံနှင့်လူတို့၏ ထက်မြက်သောအရည်အချင်းကို ကောင်းစွာသိရှိထားသူဖြစ်သည်။



အကယ်၍ ယခုရောက်ရှိနေသော သံချပ်ဝတ်စုံနှင့်လူ ဆယ့်လေးယောက်တို့သည် စွမ်းစွမ်းကဲ့သို့ ထက်မြက်ပါက အဆိပ်ဂိုဏ်းသားတို့ မည်မျှသေကြေလိမ့်မည်ကို မတွေးရဲအောင် ဖြစ်နေသည်။

စွမ်းစွမ်း၏ သံချပ်ဝတ်စုံသည် ဓား၊ လှံ ... စသည့်လက်နက်ကို မကြောက်ရသလို အဆိပ်လူးထားသော လက်နက်ပုန်းကိုလည်း ဂရုမစိုက်ချေ။ သံချပ်ဝတ်စုံတစ်ခုလုံးတွင် ပျော့ကွက်ဆို၍ မျက်စိသာ ရှိသည်။ မျက်စိ နေရာတွင် ကြည်လင်ပြီး ဖောက်ထွင်းမြင်နိုင်သော အရာဝတ္ထုဖြင့် ပြုလုပ်ထားသည်။

ထိုသံချပ်ဝတ်စုံကိုနိုင်သော လက်နက်ကား ချိုကျဲကြွေပွှန်စန်အဆိပ်ငွေ့လက်နက်ပုန်းသာ ရှိသည်။ သို့သော် ... ထိုအဆိပ်ငွေ့လက်နက်ပုန်းမှာ အရေအတွက်အားဖြင့် မများလှသဖြင့် ယီးယီး ရင်ပူမည်ဆိုက ပူလောက်ပါပေသည်။

ထို့ပြင် ထိုချိုကျဲကြွေပွှန်စန်အဆိပ်ငွေ့လက်နက်ပုန်းသည် ဖော်စပ်ရန် အလွန်ခက်ခဲလှ၏။ ထို့ကြောင့် အဆိပ်ဘုရင်က ထိုလက်နက်ပုန်းမျိုးကို အရေးကြီးသောအချိန်၌သာ အသုံးပြုရန် ယီးယီးအား မှာကြားခဲ့ခြင်းဖြစ်သည်။ ထိုအချက်များက အဆိပ်ဘုရင်၏ လျှို့ဝှက်ချက်များပင် ဖြစ်တော့သည်။

ထို့ကြောင့် ယီးယီး၏စိတ်ထဲတွင် ...

'ငါတို့အဆိပ်ဂိုဏ်းသားတွေကို ဒီနေရာမှာ အသေခံရတော့မယ်လား' ... ဟု တွေးမိကာ စိတ်ထဲတွင်တုန်လှုပ်ချောက်ချားလာခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် အဆိပ်ဂိုဏ်းသားများတွင် အိမ်ထောင်ရှိသူ အများအပြား ပါဝင်နေသည်။ အကယ်၍ ယီးယီးက ထန်ခြံုဟူသော ချစ်လင်တစ်ယောက်တည်းအတွက်နှင့် မိမိ၏လက်အောက်ငယ်သားများ၏အသက်ကို ဆုံးရှုံးစေရမည်ဆိုလျှင် ဂိုဏ်းထဲတွင် မုဆိုးမများနှင့် အဖေမဲ့ကလေးများစွာ ဖြစ်ပေါ်လာအောင် ဖန်တီးရာရောက်ပေတော့မည်။ ယီးယီးအဖို့ မဖြေ့ဆရာ တစ်ပုံတစ်ပင်ကြီး ရှိလာသည်။

ယခင်က သူမသည် ဤအကြောင်းများကို သေသေချာချာ မစဉ်းစားခဲ့ဖူးချေ။ ထို့အပြင် သူမ၏စိတ်ထဲတွင် သွေးကြွေးကို လွယ်လွယ်ကူကူ နှင့် ဆပ်နိုင်လိမ့်မည်ဟု ထင်မှတ်ခဲ့သည်။ သူမ၏အဆိပ်ငါးမျိုးဂိုဏ်းသည် အင်အားအလွန်တောင့်တင်းကြောင်း သိထားခဲ့သည် မဟုတ်ပါလား။ ယခုတော့ ...

သူမ၏နံဘေးမှ အဆိပ်ဘုရင်သည် သူမ၏ အတွေးများကို သိပုံရလေသည်။ ထိုစဉ် ချန်ဖူဝါသည် နန်းတော်တွင်းမှ ထွက်လာ၏။ သူသည် အဆိပ်ဘုရင်ကိုတွေ့သော် လက်သီးနှစ်ဖက်ဆုပ်၍ ဂါရဝပြုလေသည်။

"ဂိုဏ်းချုပ်ကြီးပါလား"

"ဟုတ်တယ် ... မင်းက ငါ့ကို ဖျောက်ခဲ့ပေမယ့် ငါကတော့ ဒီကိုရောက်အောင် လာနိုင်ခဲ့တယ်"

"ဟုတ်ပါတယ်၊ ဂိုဏ်းချုပ်ကြီးဟာ ဆဲမာခြံုရဲ့ ပရိယာယ်ထောင်ချောက်ထဲ မရောက်ခဲ့လို့သာ အခုလို နောက်ကျနေမှန်း ကျွန်တော် သိပါတယ်၊ ဒီစခန်းထဲ ပထမဆုံးလာတဲ့အဖွဲ့ဟာ ထင်းတိထွေဖြစ်နေလို့ ကျွန်တော် ဝမ်းသာသွားပါတယ်ခင်ဗျာ"



အဆိပ်ဘုရင်က ရယ်လေ၏။

"ဒါကတော့ ငါ့မှာ စောင့်နိုင်တဲ့အချိန်ရှိပြီး သူက စောင့်နိုင်တဲ့အချိန် မရှိလို့ပေါ့၊ ဒါနဲ့ မင်းအခုထွက်တာ ငါ့ကိုစကားပြောဖို့ပဲလား၊ တခြားအကြောင်းများ ရှိသေးလား"

"ဟုတ်ကဲ့၊ ဆခင်မကြီးက ဂိုဏ်းချုပ်ကြီးကိုကြွဖို့ ဖိတ်ခေါ်လိုက်ပါတယ်ခင်ဗျာ"

"ငါ့သားကိုသတ်တဲ့တရာခံကော အထဲမှာရှိသလား"

"ဒီကိစ္စနဲ့ပတ်သက်လို့ သခင်မကြီးက သေသေချာချာ ဖြေရှင်းချက် ပေးပါလိမ့်မယ်ခင်ဗျာ၊ အခုဖိတ်ခေါ်တာ အဲဒီအကြောင်းတွေ ဆွေးနွေးဖို့ပဲ ဖြစ်ပါလိမ့်မယ်၊ အထဲမှာလည်း အဲဒီတရားခံ ရှိနေပါတယ်"

အဆိပ်ဘုရင်က ခေါင်းညိတ်ကာ ...

"ကောင်းပြီလေ၊ ငါဝင်ခဲ့မယ်"

ထိုစဉ် ယီးယီးက ... "ဖေဖေ"

အဆိပ်ဘုရင်က နောက်လှည့်ကြည့်သည်။

"မင်းတို့ ဘာမှမလုပ်ကြနဲ့ဦး၊ ငါထွက်လာတဲ့အထိစောင့်နေ၊ ဘာမှ မလုပ်ကြနဲ့နော်"

ယီးယီးသည် ခေါင်းညိတ်ကာ နောက်ဆုတ်လိုက်ရတော့သည်။ အဆိပ်ဘုရင်သည် နောက်သို့ လုံးဝလှည့်မကြည့်တော့ဘဲ တည်ငြိမ်အေးဆေးသောအမူအရာဖြင့် နန်းတော်ထဲကို ဝင်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃၈ )
## အေးချမ်းမှုရဲ့နောက်ကွယ်မှ အပူမီး

သစ်ပင်ပေါ်၌ ပုန်းအောင်းနေသော ဆဲမာခြုံသည် ထို အဖြစ်အပျက်များကို ကောင်းစွာမြင်နေရသည်။

သူ့စိတ်ထဲ၌ အဆိပ်ဘုရင်၏ အဆိပ်ဂိုဏ်းသားများနှင့် နန်းတော်တွင်းမှ ထွက်လာသူများသည် တွေ့လျှင်တွေ့ချင်း သူသေကိုယ်သေ တိုက်ခိုက်ကြလိမ့်မည်ဟု ထင်မှတ်ထားခဲ့သည်။

ထိုသို့တိုက်ခိုက်လျှင် သူလိုချင်သော အခွင့်အရေးသည် လွယ်လွယ်ကူကူ ပေါ်လာလိမ့်မည်ဟု သူတွက်ချက်ထားသည်။

သို့သော် ယခု သူထင်သလိုဖြစ်မလာဘဲ နှစ်ဦးနှစ်ဖက်သည် အေးချမ်းစွာ စကားပြောနေသည်ကို တွေ့နေရသည်။

ထို့အပြင် အဆိပ်ဘုရင်က တစ်ယောက်တည်း နန်းတော်ထဲဝင်သွားသည်ကို တွေ့ရသောအခါ ပို၍အံ့အားသင့်သွားမိ၏။

အဘယ့်ကြောင့် ဤမျှအေးအေးချမ်းချမ်း ဖြစ်နေရသနည်း။

ဆဲမာခြုံသည် အဖြေကို လုံးဝတွေး၍ မရဘဲရှိနေသည်။

ဆဲမာခြုံမျှော်လင့်ထားသလို ဖြစ်မလာသည့်အကြောင်းမှန်ကား သခင်မကြီး၏ စိတ်သဘောထား ပြောင်းလဲသွားခြင်းပင်



ဖြစ်သည်။ သခင်မကြီးသည် စွမ်းစွမ်း အဆိပ်မိလာပြီးသည့် နောက် ဗိုင်းမှစ၍ နောင်တတရားရကာ သဘောထား ပျော့ပျောင်းသွားခဲ့သည်။ ခက်ထန်သော စိတ်ထားများလည်း ပပျောက်သွားခဲ့သည်။

အကယ်၍ စွမ်းစွမ်းသာ အဆိပ်မမိခဲ့ပါက ဤသို့ပြောင်းလဲကောင်းမှ ပြောင်းလဲပေမည်။ သခင်မကြီး၏စိတ်သဘော မပြောင်းလဲပါက အဆိပ်ဘုရင်နှင့်အဆိပ်ဂိုဏ်းသားများသည် နန်းတော်ရှေ့ရောက်ကတည်းက တိုက်ပွဲနှင့်ရင်ဆိုင်ရမည်မှာ သေချာနေပေသည်။

သံချပ်ဝတ်စုံနှင့်လူ နှစ်ဆယ့်လေးယောက် ပေါ်ထွက်လာသည်ကို မြင်ရသော ဆဲမာခြုံသည် အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်နေ၏။ ယခင်က သူ၏စိတ်အာရုံတွင် သံချပ်ဝတ်စုံများ ဤမျှ များပြားမည်ဟု မထင်ခဲ့ပေ။

ယခုသံချပ်ဝတ်စုံ နှစ်ဆယ့်လေးစုံ ရှိနေကြောင်း တွေ့လိုက်ရသဖြင့် အလွန်ကျေနပ်နေ၏။ အကယ်၍ သူသာ ဤသံချပ်ဝတ်စုံများကို ရရှိပြီး နေပြည်တော်သို့ ဝမ်ရွေ့ရလျှင် နေပြည်တော်တစ်ခုလုံး ကြေနေလောက်ပြီဟု တွေးတောမှန်းဆနေပေသည်။

သံချပ်ဝတ်စုံကို တွေ့နေရသည့်အတွက် သူဝမ်းသာသော်လည်း နန်းတော်ထဲသို့ အဆိပ်ဘုရင်ဝင်သွားသည့်အတွက်ကိုမူ သူ ဝမ်းမသာနိုင်ပါချေ။ အဘယ်ကြောင့် အဆိပ်ဘုရင်တစ်ဦးတည်း ဝင်သွားရသနည်း။ မည်သည့်စကားများ ဆွေးနွေးနေသနည်း။ နောက်ဆုံးအဖြေ မည်သို့ထွက်လာမည်နည်း။

ဆဲမာခြုံသည် သစ်ပင်ပေါ်မှ ချောင်းရင်း အဘက်ဘက်မှ တွေးနေသည်။ နန်းတော်ထဲဝင်၍ ဆွေးနွေးချက်များကိုခိုးနားထောင်

www.burmeseclassic.com

www.burmeseclassic.com



လိုသည်။ သို့သော် နားမထောင်နိုင်ပါ။ ဤအခြေအနေမျိုး၌ တစ်ယောက်တည်း နန်းတော်ထဲဝင်ခြင်းသည် ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းစွပ်ခြင်းသာဖြစ်ကြောင်း ဆဲမာဖြိုး သိရှိပါလေသည်။

နန်းတော်တွင်းရှိ ရှင်ပြင်ရှေ့တွင် သံချပ်ဝတ်စုံနှင့်လူနှစ်ဆယ့်လေးယောက်တို့သည် တစ်ဖက်တစ်ချက်တွင် တန်းစီကာ ရပ်လျက်ရှိ၏။ သူတို့၏သံချပ်ဝတ်စုံတို့သည် တစ်ပုံစံတည်းရှိနေသည်။ မျက်စိနေရာတွင် ကြည်လင်သော ဖောက်ထွင်းမြင်နိုင်သောအရာဖြင့် တစ်ပုံစံတည်းပြုလုပ်ထား၏။

အဆိပ်ဘုရင်သည် ချန်ဖူဝါ နှင့်အတူ ထိုသံချပ်ဝတ်စုံနှင့်လူနှစ်ဆယ့်လေးယောက်တို့ကြားမှ ဖြတ်လျှောက်လာ၏။ အဆိပ်ဘုရင်၏ ခြေလှမ်းများသည် ပြောင်းလဲသွားခြင်း မရှိဘဲ ပုံမှန်အကွာအဝေးအတိုင်း အေးဆေးစွာ လှမ်းလျှောက်ရှိသည်။

နန်းတော်အတွင်းသို့ ရောက်သွားသောအခါ ချန်ဖူဝါသည် စွမ်းစွမ်းရှိရာသို့ လျှောက်သွားပြီး သူမအနားတွင် ရပ်လိုက်၏။ အဆိပ်ဘုရင်သည် စွမ်းစွမ်းကို အတော်ကြာကြာ စိုက်ကြည့်သည်။ နန်းတွင်း၌ တရားခံရှိနေသည်ဆိုသဖြင့် သူ့သားကိုသတ်သူသည် စွမ်းစွမ်းသာ ဖြစ်ရမည်ဟု အဆိပ်ဘုရင် သိရှိပြီးဖြစ်သည်။

အဆိပ်ဘုရင် လာရောက်ရသော အကြောင်းရင်းကို စွမ်းစွမ်း သိထားပါသည်။ သူမက သံချပ်ဝတ်စုံဝတ်ဆင်ရန် ပြုလုပ်နေစဉ် သခင်မကြီးက ခွင့်မပြုသောကြောင့် သူမက ချန်ဖူဝါနှင့်အတူ ရပ်နေရခြင်းပင် ဖြစ်ပါသည်။

အဆိပ်ဘုရင်သည် စွမ်းစွမ်းမျက်နှာပေါ်မှ မျက်လုံးလွှဲ



လိုက်ပြီး သခင်မကြီးအား ဂါရဝပြုလိုက်သည်။

သခင်မကြီးသည် အဆိပ်ဘုရင်ကို ပြန်လည် ဂါရဝမပြုသော်လည်း ယဉ်ကျေးသိမ်မွေ့စွာ နှုတ်ဆက်စကားဆိုသည်။

“ရှင် ပင်ပန်းတဲ့အတွက် ကျွန်မကို ခွင့်လွှတ်ပါဦး၊ အဲဒီရှေ့က ခုံမှာ ထိုင်နိုင်ပါတယ်”

အဆိပ်ဘုရင်က ထိုင်ခုံ၌ထိုင်လိုက်သည်။

“ကျွန်တော်လည်း သခင်မကြီးနဲ့ တွေ့ရတဲ့အတွက် အလွန်ပဲ ဝမ်းသာပါတယ် ခင်ဗျာ၊ ကျွန်တော်တို့ သိပ်မပင်ပန်းခဲ့တဲ့အတွက် သခင်မကြီးအနေနဲ့ အားနာဖို့မလိုပါဘူး ခင်ဗျာ”

အဆိပ်ဘုရင်၏ စကားများက ရည်မွန်လှ၏။ အဆိပ်ဂိုဏ်းချုပ်တစ်ယောက်အနေဖြင့် ဤမျှ ယဉ်ယဉ်ကျေးကျေး ပြောလိမ့်မည်ဟု သခင်မကြီး မထင်မှတ်ခဲ့ချေ။

“ဟုတ်ကဲ့ ... ကျွန်မလည်း ရှင်နဲ့တွေ့ရတာ သိပ်ဝမ်းသာပါတယ်ရှင်”

“ဩော် ... ခရီးရောက်မဆိုက် အနိဋ္ဌာရုံစကား ပြောရပါဦးမယ်၊ ကျွန်တော်တို့ ဒီပေါ်အတက်မှာ မလွဲမရှောင်သာဘဲ မျက်မမြင်လေးဦးကို သတ်ခဲ့ရပါတယ်ခင်ဗျ”

“ရှင်တို့လူလည်း အတော်များများ သေခဲ့ရမှာပေါ့”

“စုစုပေါင်းကိုးယောက် သေဆုံးခဲ့ပါတယ်၊ သူတို့ဟာ သိုင်းပညာအဆင့် မမြင့်မားကြပါဘူးခင်ဗျာ”

“လူတစ်ယောက်မှာ အသက်တစ်ချောင်းပဲရှိတယ်၊ ပညာအနိမ့်အမြင့်က မဆိုင်ပါဘူးရှင်”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ကျွန်တော် သဘောပေါက်ပါတယ် ခင်ဗျာ"

သခင်မကြီးက ခန့်ညားစွာ ပြုံးလိုက်၏။

"ရှင် ကျွန်မရဲ့ဆိုလိုရင်းကို တကယ်နားလည်ပါတယ်နော်"

အဆိပ်ဘုရင်က ခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်သဘောပေါက်ပါတယ်၊ သခင်မကြီးကသာ သဘောတူရင် ကျွန်တော့်လာရင်းကိစ္စကို ကျွန်တော် မေ့ပျောက်ပစ်လိုက်နိုင်ပါတယ်"

"သခင်မကြီးသည် ရင်ထဲမှအလုံးကြီးတစ်ခု ကျသွားသည့်ပမာ သက်ပြင်းရှည်ကြီးတစ်ချက် မှုတ်ထုတ်လိုက်ပြီး ...

"ချန်ဖူဝါက ကျွန်မကို ပြောခဲ့ပါတယ်၊ ရှင်ဟာ သူရဲကောင်းတစ်ဦးဖြစ်ပါတယ်တဲ့၊ အခုတော့ ကျွန်မ ယုံကြည်ပါပြီ"

"ကျွန်တော်က သူရဲကောင်းတော့ မဟုတ်ပါဘူး ခင်ဗျား၊ နှစ်ဦးနှစ်ဖက် အကျိုးယုတ်မယ့်ကိစ္စကို ဆက်မလုပ်တာ ကောင်းတယ်လို့ ဆုံးဖြတ်မိတာပါ"

စွမ်းစွမ်းသည် တစ်ချိန်လုံးအဆိပ်ဘုရင်၏ စကားကို သေချာချာ နားစိုက်ထောင်ခဲ့ပါသည်။

ယခု အဆိပ်ဘုရင်က ထိုကိစ္စကို ကျေနပ်စွာ ပြီးဆုံးနိုင်ကြောင်း ပြောသဖြင့် သူမသည် အလွန် အံ့အားသင့်သွားသည်။

သူမသည် စဉ်းစား၍ သဘောမပေါက်နိုင်သောကြောင့် ဘေးမှ ချန်ဖူဝါကို ကြည့်လိုက်၏။ ချန်ဖူဝါသည် ကျောက်ရုပ်သဖွယ် ငြိမ်သက်စွာ ရပ်နေသည်။ အများရှေ့မေးရန် မသင့်လျော်သဖြင့် အသာနေလိုက်ရလေသည်။



သခင်မကြီးက ချီးကျူးစကားပြော၏။

"ဘာပြောပြော ရှင်ဟာ သိုင်းလောကထဲမှာ မားမားမတ်မတ်ရပ်တည်နိုင်စွမ်းရှိတယ်ဆိုတာ ကျွန်မ သိထားပါတယ်"

"တောင်တစ်တောင်အပေါ်မှာ နောက်ထပ်တောင်တစ်လုံးရှိတတ်တယ်ဆိုတဲ့စကားလည်း ရှိသားပဲခင်ဗျာ၊ ကျွန်တော့်ထက်တော်တဲ့လူတွေလည်း ရှိနေတာပါပဲ"

"ဟုတ်ပါတယ်၊ ကျွန်မက ကျွန်မရဲ့အမြင်ကို တင်ပြတာပါ"

"သခင်မကြီးရဲ့ ဆေးဝါးတတ်ကျွမ်းမှုကလည်း မခေလှပါဘူး ခင်ဗျာ၊ ကျွန်တော် တကယ်ပဲ ချီးကျူးပါတယ်"

"ကျွန်မက အနည်းငယ်သာ တတ်ကျွမ်းတာပါ"

သခင်မကြီးက ပြုံးရင် ဆက်ပြော၏။

"ဒါတွေထားပါဦး၊ ရှင့်ကို ကျွန်မသမီးနဲ့ သမက်လေးနဲ့ မိတ်ဆက်ပေးရဦးမယ်"

သူမသည် စွမ်းစွမ်းနှင့် ချန်ဖူဝါအား လက်ညှိုးထိုးပြလိုက်၏။ အဆိပ်ဘုရင်သည် ချန်ဖူဝါတို့စုံတွဲကို ကြည့်လိုက်ပြီး ...

"အေးဗျာ ... ကျွန်တော့်မှာ သမီးမရှိလို့ပေါ့၊ ရှိမို့ရင် ကျွန်တော်လည်း ဒီလူငယ်လေးကို သမက်အဖြစ် ရွေးချယ်မိမှာပါ ခင်ဗျာ၊ သူက လူကောင်းလေးပဲ"

သခင်မကြီးက ပြုံးရွှင်သောမျက်နှာဖြင့် ...

"ကျွန်မက သူတို့ရဲ့မင်္ဂလာကိစ္စကို အမြန်ဆုံး စီစဉ်နေတာရှင့်၊ ရှင် တကယ်အားလပ်ရင် သူတို့ရဲ့မင်္ဂလာပွဲမှာ အရက်လေးသောက်နိုင်အောင် ကြွပေးပါလားရှင်၊ ကျွန်မ ဖိတ်ခေါ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



အဆိပ်ဘုရင်က ...

"ကျွန်တော်လည်း နေခဲ့ချင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော့်ရဲ့ သားအတွက် ကိစ္စတွေ ကျန်သေးတယ်ဗျာ၊ အဲဒါလေး ဆက်ပြီး ဆောင်ရွက်ရဦးမယ်"

သခင်မကြီးသည် ရုတ်တရက်ကြောင်အမ်းသွား၏။

"ဟုတ်ပါရဲ့ ... ကျွန်မဖြင့် သတိမေ့နေလိုက်တာ၊ ရှင် ဘယ်လိုများ ဆောင်ရွက်ချင်ပါသလဲ၊ ကျွန်မတို့နဲ့တော့ ဟုတ်မယ် မထင်ပါဘူးနော်"

အဆိပ်ဘုရင်က ခေါင်းညိတ်ပြပြီး ...

"မှန်ပါတယ်၊ ကျွန်တော်လည်း ပြောရမှာ မရှက်ပါဘူး၊ အကယ်၍ ဒီကိစ္စကြောင့်တိုက်ပွဲဖြစ်လာရင် နောက် သိုင်းလောကထဲမှာ အဆိပ်ငါးမျိုးဂိုဏ်းဆိုတာ လုံးဝကွယ်ပျောက်သွားမှာ မလွဲပါဘူး"

သခင်မကြီးက ...

"ဒီလိုတော့ ဘယ်ဟုတ်ပါ့မလဲ၊ ကျွန်မတို့လည်း ဂိုဏ်းချုပ်ကြီးကို လုံးဝအထင်မသေးရဲပါဘူးရှင်၊ တစ်ခုတော့ရှိတာပေါ့လေ၊ ကျွန်မတို့ နှစ်ဦးနှစ်ဖက် အံတိုအခိုက်များခဲ့ရင် ဆံမာမြို့က ကြားထဲက အမြတ်ထုတ်သွားမှာကတော့ သေချာပါတယ်၊ ရှင် သဘောပေါက်ရဲ့ မဟုတ်လား"

အဆိပ်ဘုရင် အံ့ကြိတ်၍ပြောလေသည်။

"ဒီအချောင်သမားဟာ အခုဆို ကျွန်တော်တို့ရဲ့ လှုပ်ရှားမှုကို မျက်ခြည်မပြတ် စောင့်ကြည့်နေမှာ သေချာတယ်၊ သူထင်သလို ဖြစ်မလာတာတွေ့ရင် တော်တော်ဝမ်းနည်းနေမှာပဲ ခင်ဗျာ"



"ဟုတ်တယ် ... ဒီလူယုတ်မာ ပုန်းနေမှာသေချာတယ်၊ ဒီဒေသဟာ ကြီးကျယ်တယ်မပြောနိုင်ပေမယ့် သိပ်ကျဉ်းတယ်လည်း မဟုတ်ဘူး၊ ပုန်းအောင်းနေသူကို ရှာဖွေရတာလည်း သိပ်မလွယ်ကူလှဘူးရှင့်"

"ဒီပတ်ဝန်းကျင်မှာ အခုလို ရေတွေပြည့်နေတာပဲ မဟုတ်လား"

"ဂိုဏ်းချုပ်ကြီးရဲ့သဘောကလည်း ဆံမာမြို့ကို ရှာဖွေမယ် ဆိုပါတော့"

"ဟုတ်ကဲ့ ... ကျွန်တော့်ဂိုဏ်းသားတွေဟာ ဒီဘက်မှာ ကျွမ်းကျင်ကြတာမို့ ကျွန်တော် စမ်းကြည့်ချင်တယ်ဗျာ"

"ကောင်းပါတယ် ... ကျွန်မလည်း ငြင်းစရာအကြောင်း မရှိပါဘူး၊ ကျွန်မတို့ကလည်း အကူအညီပေးမှာပေါ့၊ ဒီလူယုတ်မာကို တွေ့ရင် တစ်ခါတည်းရှင်းပစ်လိုက်ကြတာပေါ့"

"ဒီလူဟာ ကျွန်တော့်သားကိုသတ်တဲ့ အဓိကတရားခံပါ၊ ဒီကောင့်ကိုသာ မသတ်ရရင် ကျွန်တော့်သားဟာ ဘဝတစ်ပါးမှာ ကျေနပ်လိမ့်မယ် မဟုတ်ပါဘူးဗျာ"

"သတ်ပါ ... ရှင်သတ်ပါ၊ နောက်ထပ် ... ကျွန်မတို့ ဘယ်လို ပူးပေါင်းဆောင်ရွက်ရမလဲဆိုတာ ပြောပြပါဦး"

"မီးပုံးနဲ့တုတ်တွေ ရှာပေးထားပါ၊ သခင်မကြီးအရဲ့သားတွေအနေနဲ့ကတော့ နောက်တရုံပြီးလိုက်ရင် လုံလောက်ပါပြီ"

သခင်မကြီးက ချက်ချင်းပင် အမိန့်ပေးသည်။

"စွမ်းစွမ်း ... ဂိုဏ်းချုပ်ကြီးပြောတဲ့ ပစ္စည်းကိရိယာတွေ

www.burmeseclassic.com

www.burmeseclassic.com



မြန်မြန်သွားစုဆောင်းထားစမ်း၊ ချန်ဖွဲဝါ … မင်းက ငါ့ကိုယ်စား ဂိုဏ်းချုပ်ကြီးကို လိုက်လံပို့ဆောင်ပေးပါ"

စွမ်းစွမ်းသည် လျင်မြန်စွာထွက်ခွာသွားတော့သည်။

သခင်မကြီးသည် စွမ်းစွမ်း၏ကျောပြင်ကိုကြည့်ကာ ဝမ်းနည်းကြေကွဲစွာ သက်ပြင်းချမိရှာလေ၏။

နန်းတော်အပြင်ဘက်ရောက်လျှင် အဆိပ်ဘုရင်သည် ချန်ဖွဲဝါ၏ပခုံးကိုပုတ်ကာ ချီးကျူးသည်။

"ဒီကိစ္စကို ဒီလိုပြေပြေလည်လည်ဖြစ်အောင် ဆောင်ရွက်နိုင်ဖို့က သိပ်မလွယ်လှပါဘူး။ မင်းအပေါ် ငါယုံကြည်အားထားခဲ့တာ မှန်ကန်ကြောင်း တွေ့ရပါပြီ၊ မင်းက ငါ့ကို ချီးမြှောက်ပြောထားခဲ့တာကိုး"

ချန်ဖွဲဝါသည် အလွန်အောက်ကျို့သော အမူအရာဖြင့် ရိုသေစွာ ပြောသည်။

"အဲဒီလိုတော့ ဟုတ်မယ်မထင်ပါဘူး ခင်ဗျာ၊ ဂိုဏ်းချုပ်ကြီးက အမြော်အမြင်ကြီးစွာနဲ့ ပြေငြိမ်းရေးစကား ဆိုလိုက်လို့ အခုလို အေးချမ်းတဲ့အဖြစ်မျိုးကို ရောက်သွားတာပါ"

အဆိပ်ဘုရင်က ရယ်၍ပြောသည်။

"တကယ်တော့ ငါဟာ သူများတွေထင်ကြသလို ခေါင်းမမာသေးပါဘူး၊ ငါလို အသက်အရွယ်မျိုးရောက်လာရင် လူတိုင်း စဉ်းစားကတ်လာမှာပါကွာ"

"ဟုတ်ပါတယ်၊ ဂိုဏ်းချုပ်ကြီးပြောတာ ကျွန်တော်သဘောပေါက်ပါတယ် ခင်ဗျာ"



"ဒီမှာငါ့ညီ … ငါရှင်းပြမယ်၊ ငါဟာ အဆိပ်ဂိုဏ်းကြီးရဲ့ နာမည်၊ ဂုဏ်သိက္ခာ၊ ဂိုဏ်းသားတို့ရဲ့ယုံကြည်ချက် စတဲ့အကြောင်းတွေကြောင့် မလာချင်ဘဲနဲ့ လာခဲ့ရတာပါ၊ နောက်တစ်ခုက ငါ့ရဲ့ ချိုကျဲကြေ ဟွန်စန်အဆိပ်ကို တကယ်ဖြေနိုင်တဲ့လူရှိမရှိ သိချင်တာနဲ့ လာခဲ့တာပဲ၊ ငါ့စိတ်ထဲမှာ ဒီပကာသနတွေ၊ ဂုဏ်တွေအားလုံးကို စွန့်လွှတ်နိုင်ပြီလို့ အစက ငါထင်မိတယ်၊ တကယ်တမ်းကျတော့ ငါဟာ ဒီအရာတွေကို မစွန့်လွှတ်နိုင်သေးပါဘူး၊ ဒါကြောင့် ဒီကိုရောက်လာခဲ့တာပေါ့"

ချန်ဖွဲဝါက လေးစားစွာ ပြော၏။

"ဂိုဏ်းချုပ်ကြီး ဘယ်လိုခံစားရတယ်ဆိုတာ ကျွန်တော် သဘောပေါက်ပါတယ် ခင်ဗျာ"

အဆိပ်ဘုရင်သည် ချန်ဖွဲဝါနှင့်စကားပြောနေရာမှ ရုတ်တရက် တစ်စုံတစ်ခုသတိရလာဟန်ဖြင့် သူ့အိတ်ထဲသို့ နှိုက်လိုက်၏။

"စကားပြောကောင်းနေတာနဲ့ အရေးကြီးတဲ့ ကိစ္စတစ်ခုမေ့နေတယ်"

အကျႌအိတ်ထဲမှ စက္ကူလိပ်ကလေးတစ်ခုကို ထုတ်ပေးလိုက်လေသည်။ ထိုစက္ကူလိပ်ကလေးမှာ လုံပေး၏လက်အောက်ကိုယ်ရံတော်များ သတင်းပေးပို့ရန် အသုံးပြုသော စက္ကူလိပ်ကလေးဖြစ်ကြောင်း သိလိုက်ရသဖြင့် ချန်ဖွဲဝါက လက်ခံယူလိုက်သည်။ အဆိပ်ဘုရင်က ဆက်ပြော၏။

"မင်း ဘယ်ကိုရောက်ရှိနေမှန်း သိချင်တာနဲ့ ငါဟာ မင်းရဲ့ ကင်းပုန်းချထားတဲ့နေရာကို ရှာဖွေခဲ့တယ်၊ အဲဒီနေရာတွေက သတင်းပို့တဲ့ခို စုစုပေါင်း သုံးဆယ့်ခြောက်ကောင်ကို ဖမ်းမိထားရှိခဲ့ပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



နိုသုံးဆယ့်ခြောက်ကောင်လုံးဟာ ဒီတူညီတဲ့ သတင်းတစ်ခုကိုသာ ယူဆောင်ခဲ့ကြတယ်၊ ဒီသတင်းလိပ်ကလေးကိုတော့ မင်းကိုပေးဖို့ ငါယူလာခဲ့တာပဲ"

ချန်မှုဝါက တုန်လှုပ်ချောက်ချားစွာ ပြောသည်။

"မြို့တော်မှာ ဘာအရေးကြီးတဲ့ကိစ္စ ပေါ်လာပြီလဲမသိဘူး"

အဆိပ်ဘုရင်က ခေါင်းခါ၏။

"မဟုတ်ပါဘူး။ မင်းကို သတိပေးတဲ့သတင်းတစ်ခုပါ"

ချန်မှုဝါသည် စက္ကူလိပ်ကလေးကိုဖြန့်၍ လျင်မြန်စွာဖတ်လိုက်၏။ ထို့နောက် အကြီးအကျယ် မျက်နှာပျက်သွားတော့သည်။

သတင်းကား ...

*ဟိုစီနယ်မှ နဂါးကောင်းရှိသည်ဆဲမာမြို့၏ လက်အောက်ငယ်သား ဖြစ်သည်။*



အခန်း ( ၃၉ )

## လူညစ်နှင့်လူကောက်

အဆိပ်ဘုရင်သည် မတုန်လှုပ်စဖူး တုန်လှုပ်နေသော ချန်မှုဝါကို ကြည့်လိုက်သည်။

အစစအရာရာ လေ့ကျင့်ထားသော သူ့ရဲ့ကောင်းသည် သည်း မမျှော်လင့်သောအကြောင်းနှင့် ကြုံတွေ့လိုက်ရသောအခါ ဤတဲ့သို့ တုန်လှုပ်ခြောက်ခြားကာလားဟု အတွေ့အကြုံသစ် ရလိုက်ပေသည်။

အဆိပ်ဘုရင်က ညင်သာစွာရှင်းပြသည်။

"ကောင်းရှိဟာ ထင်းတိတွေရဲ့ ကျောက်သေလာလို့ ဖက်နာနဲ့ချုပ်ထဲ မရရအောင်ဝင်လာတာပဲ၊ သူဝင်လာပုံက မညာသိပ်ပါတယ်၊ မောင်ရင့်လိုလူမျိုးကိုတောင် အရှုံးလုပ်နိုင်တယ်ဆိုတော့ ကောင်းရှိကို အထင်သေးလို့ မရပေဘူးပေါ့"

ချန်မှုဝါ စကားမပြောနိုင်ဘဲ ငိုင်နေသည်။

အတန်ကြာမှ...

"ကျွန်တော်ကတော့ လုံးဝမထင်မိပါဘူးဗျာ"

အဆိပ်ဘုရင်က ပြုံးရယ်၍ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ ယယ်ယယ်တုန်းကလည်း ဒီလိုပဲ အရေခွံ တစ်ထပ်ခြုံထားတဲ့ ကြောင်သူတော်တွေကို အကြိမ်ပေါင်းများစွာ တွေ့ခဲ့ဖူးတာပဲ အင်း ... နှမြောစရာကောင်းတာက ဒီလို သိုင်းသမားတစ်ယောက်ဟာ လူစားဖြစ်သွားတာကိုပဲ"

"ဒါ ဘယ်လိုဖြစ်သွားတာလဲ ခင်ဗျာ"

ချန်ဖူဝါက ပြန်မေး၏။ အဆိပ်ဘုရင်က ...

"မင်းသိချင်ရင် သူ့ကို ကိုယ်တိုင်သွားမေးပေတော့၊ နောက်လို အခြေအနေရောက်မှတော့ သူလည်း ဖုံးကွယ်နေစရာမလိုတော့ဘူးပေါ့"

"ဘာပဲဖြစ်ဖြစ် သခင်မကြီးသိအောင်တော့ အကြောင်းကြားရမယ်၊ ဒီကြားထဲမှာ ဒီကောင် အမျိုးမျိုးဖျက်ဆီးနိုင်တယ်"

ချန်ဖူဝါသည် အဆိပ်ဘုရင်ကို ဂါရဝပြုပြီး ပြေးထွက်သွားတော့၏။ လွှေထိန်သည် အဆိပ်ဘုရင်ရှိရာသို့ ရောက်ရှိလာသည်။

"ဘယ်လိုလဲ ... အဆင်ပြေရဲ့လား"

"အားလုံး အဆင်ပြေပါတယ် ခင်ဗျာ"

"မင်းရဲ့ တတိယဦးလေးဟာ ဟိုတုန်းက ငါ့ရှေ့မှာ မင်းရဲ့အကြောင်းကို ထုတ်ဖော်ချီးကျူးခဲ့ဖူးပါတယ်၊ မင်းဟာ ခေါင်းအေးအေးနဲ့ အမှားအမှန်ကို ဝေခွဲဆုံးဖြတ်နိုင်စွမ်း ရှိတယ်လို့ ငါ့ကို ပြောဖူးတယ်၊ ငါက ကြွားတယ်လို့ပဲ ထင်ခဲ့တာကွ၊ ငါကိုယ်တိုင် တွေ့မြင်ရတော့မှ သူပြောတာ လုံးဝယုံလိုက်ပြီကွ"

အဆိပ်ဘုရင်က နှိမ့်ချစွာပြောသည်။

"ကျွန်တော်လည်း တစ်ခါတလေ မှားတတ်ပါတယ်ဗျာ"



"ဒါပေါ့ ဒါပေါ့၊ ငါတို့ဟာ လူပဲ၊ ဘုရားမှ မဟုတ်တာ၊ မှားတဲ့အခါလည်း မှားတတ်တာပဲ"

အဆိပ်ဘုရင်သည် သက်ပြင်းချကာ လက်အောက်ငယ်သားများကို လှမ်းကြည့်လိုက်သည်။ ယီးယီးနှင့် အဆိပ်ဂိုဏ်းသားတို့သည် ချန်ဖူဝါနှင့် အဆိပ်ဘုရင် အတူထွက်လာသည်ကို တွေ့မြင်ရသည်။ ထို့နောက် လွှေထိန်နှင့် ရင်းနှီးခင်မင်စွာ စကားပြောဆိုနေသည်ကို တွေ့နေရသည်။ စစ်တိုက်ရန်လာသော သူတို့တစ်တွေသည် ထိုမြင်ကွင်းများအတွက် လုံးဝနားမလည်နိုင်ကြတော့ပေ။

လွှေထိန်သည် အဆိပ်ဘုရင်၏ဖုံးအုပ်ထားသောမျက်နှာကို ကြည့်ကာမေး၏။

"မင်းမျက်နှာက ဘာဖြစ်တာလဲ"

"ကျွန်တော်ဟာ သိုင်းလောကထဲမှာ အဆိပ်ပညာနဲ့နာမည်ကျော်ကြားခဲ့ပါတယ်၊ ကံဆိုးချင်တော့ တစ်နေ့မှာ ကျွန်တော် စမ်းသပ်တဲ့အဆိပ်ငွေ့က ဒုက္ခပေးခဲ့ပါတယ်၊ ကျွန်တော့်မျက်နှာလည်း ပျက်စီးခဲ့ရပါတယ်"

"ယောက်ျားပဲကွ ဘာရှက်စရာလိုလဲ၊ မျက်နှာဖုံး မလိုပါဘူးကွ"

"ကျွန်တော်က ရှက်လို့မဟုတ်ပါဘူး၊ သူများမြင်ရင် ကြောက်လန့်ကုန်မှာ စိုးလို့ပါ"

သူသည် လွှေထိန်ကို ဂါရဝပြုပြီး ယီးယီးတို့ရှိရာသို့ထွက်ခွာသွားတော့သည်။ ယီးယီးသည် အဆိပ်ဘုရင်ထံသို့ ပထမဦးဆုံးရောက်ရှိလာသည်။ အဆိပ်ဘုရင်က ယီးယီးကိုကြည့်ကာ

www.burmeseclassic.com

www.burmeseclassic.com



"ပြဿနာတွေဖြေရှင်းပြီးပြီ၊ တော်ကြာ နန်းတော်ထဲက လူတွေက မီးပုံး မီးတုတ်တွေယူလာလိမ့်မယ်၊ ငါတို့ ပူးပေါင်းပြီး ဆဲမာချြကို အရင်ရှာထုတ်ကြရမယ်"

သူ့စကားကို ကြားရသောအခါ ဝိုက်ဇ်သားတို့သည် ဝမ်းသာအားရနှင့် နိုးကျူးသောမနောဖြူလိုက်ကြသည်။ သူတို့သည် ဝိုက်ဇ်ချုပ်ကြီး၏စကားနှင့်ဆုံးဖြတ်ချက်ကို လုံးဝယုံကြည်ပါသည်။

ဝိုက်ဇ်ချုပ်ကြီးသည် မိမိတို့ဝိုက်ဇ်၏ဂုဏ်သိက္ခာကို မကျဆင်းစေဘဲ ပြဿနာကို ပြေလည်အောင်ဖန်တီးလိုက်ကြောင်း သူတို့စိတ်ထဲမှာ ခြွင်းချက်မရှိ ယုံကြည်ကြသည်။

ယီးယီးလည်း ယောကျ်ားမဖြစ်သူ အဆိပ်ဘုရင်ကို လုံးဝ ယုံကြည်ပါသည်။

သို့သော် ... အဘယ်ကြောင့် ဤသို့ငြိမ်းချမ်းမှုရသည်ကို သေသေချာချာသိလိုပါသည်။ အဆိပ်ဘုရင်သည်လည်း သူမ၏သဘောကို နားလည် သဘောပေါက်သည်။

"ငါနဲ့ ခဏလိုက်ခဲ့"

အဆိပ်ဘုရင်ကလည်း လူသူကင်းရှင်းသည့်နေရာကို သူမကို ခေါ်သွား၏။ သူမကလည်း ထက်ကြပ်မကွာလိုက်ပါသွား၏။ လူရှင်းသောအရပ်ရောက်မှ အဆိပ်ဘုရင်က ...

"ဒီကလူတွေက ချိကျဲကြေဖွန်စနဲ့အဆိပ်ကို မဖြေနိုင်ပါဘူး။ သူတို့ဟာ ဆေးဝါးတစ်မျိုးနဲ့ သံချပ်လူရဲ့ ပင်ကိုစွမ်းအင်နဲ့ အတွင်းအားလုံးကို ပေါ်ထွက်လာအောင် နှိုးဆွပေးထားတယ်၊ ဒါကြောင့် အဆိပ်သင့်တဲ့ ... ဘာ ရက်သုံးဆယ်ကျော် အဆိပ်ရှိန်တက်ပြီး သေဆုံးသွားမှာ သေချာတယ်"



"အဲဒီသံချပ်လူကို တွေ့ခဲ့သလား၊ မိန်းကလေးဆိုတာတော့ ကျွန်မသိပါတယ်"

အဆိပ်ဘုရင်က ခေါင်းညိတ်သည်။

"စွမ်းစွမ်းလို့ခေါ်တဲ့ သခင်မကြီးရဲ့သမီးပါ၊ မင်းထက်တောင် အသက်ငယ်သေးတယ်၊ အခု သခင်မကြီးရဲ့ သဘောတူညီချက်အရ ချန်ဖူဝါနဲ့ မကြာခင်လက်ထပ်တော့မယ်"

ယီးယီး အံ့သြသွားသည်။

"သူတို့ ဘာကြောင့် ဒီလိုလုပ်ရတာလဲ မေမေ"

"သူတို့က ဟိုကောင်မလေးကို ဖုံးကွယ်လိမ်ညာထားတယ်၊ ကောင်မလေးဟာ မကြာခင်မှာ သေဆုံးတော့မှာမို့ မသေခင် ပျော်ပျော်ရွှင်ရွှင်နေနိုင်အောင် ဖန်တီးပေးကြတာနဲ့ တူပါတယ်"

"ဪ ... ဒီလိုကိုး၊ ဒါပေမဲ့ သူတို့စကားကို မေမေက ယုံကြည်ရဲ့လား၊ တကယ်ကော ယုံရရဲ့လား"

"ငါ စွမ်းစွမ်းကို သေချာအကဲခတ်ပြီးပြီ၊ မမှားနိုင်ပါဘူး"

"ချန်ဖူဝါက ဒီကိစ္စကို သဘောတူတာ အံ့သြစရာပဲ"

အဆိပ်ဘုရင်က လေးနက်စွာပြော၏။

"ဘာမှအံ့သြစရာမရှိဘူး၊ ဒီသူငယ်က သူ့ရဲ့ကောင်းပဲ၊ သူ့ရဲ့ကောင်းဆိုတာ ကိုယ့်အတွက် ဘာမှစဉ်းစားတဲ့လူမျိုး မဟုတ်ဘူး။ သူဟာ သူငယ်ချင်းအတွက် ထင်းတိတွေကို ရင်ဆိုင်ခဲ့တယ်၊ တိုင်းပြည်နဲ့ ကောရာဇ်ကြီးအတွက် သူ့ဘဝကို ပေးအပ်ခဲ့တယ်၊ သနားစရာကောင်းတဲ့ မိန်းကလေးတစ်ယောက်အတွက် သူ့ဘဝကို စွန့်လွှတ်

www.burmeseclassic.com



အနစ်နာခံခဲ့တဲ့ကိစ္စက အသေးအဖွဲ့ကလေး ဖြစ်မှာပါ၊ ဘာမှအံ့ဩစရာ မရှိပါဘူးကွယ်"

"ဟုတ်ပါတယ်၊ ကျွန်မ သဘောပေါက်ပါပြီ၊ ဒါပေမဲ့ သူက စွမ်းစွမ်းကို ပြောပြသင့်တယ်ရှင့်၊ ဒါမှသေတဲ့လူ အသေဖြောင့်မှာပေါ့"

"ဒါကတော့ အမေဖြစ်သူရဲ့ သဘောပဲ၊ ချန်ဖူဝါနဲ့ ဘာမှ မဆိုင်ဘူး။ ချန်ဖူဝါက သူ့ဖျားစိတ်ချမ်းသာရင် ပြီးရောဆိုပြီး ကူညီတဲ့ သဘောပဲရှိတယ်"

ယီးယီးသည် အတန်ကြာစဉ်းစားမှ ...

"အင်းလေ ... သူ့ဘာသာ သေတော့မယ်ဆိုတော့လည်း ကျွန်မတို့ကိုယ်တိုင် မသတ်လည်း အတူတူပါပဲ၊ ဖေဖေပြောသလို ကောင်းသလိုကြည့်လုပ်ပါ၊ ကျွန်မတစ်ယောက်တည်းကြောင့် အဆိပ်ငါးမျိုးဂိုဏ်းရဲ့ ဂုဏ်သိက္ခာနဲ့ ဂိုဏ်းသားတွေ အသက်ဆုံးရှုံးမှာကို မလိုလားပါဘူးရှင့်"

"ငါအများကြီး စဉ်းစားတာပေါ့၊ သူတို့ဆီမှာ သံချပ်ကနစ်ဆယ့်လေးယောက်တောင်ရှိတယ်၊ တကယ်တမ်း တိုက်ခိုက်ရင် ငါတို့ အများကြီးထိခိုက်နစ်နာနိုင်တယ်၊ ငါတို့ဂိုဏ်းထဲမှာလည်း မုဆိုးနဲ့အဖေမဲ့ကလေးတွေ တစ်ပုံတစ်မင်ကြီးပေါ်ပေါက်လာလိမ့်မယ်"

"ဖေဖေ ... တစ်ခုတော့ သမီး တောင်းပန်ချင်ပါတယ်"

"ဘာလဲ ... ဟိုကောင်မလေး သေတာကို မင်းကိုယ်တိုင် မြင်ချင်တယ်လို့ ပြောမလို့လား"

ယီးယီးက ဘာမျှမပြောဘဲ ခေါင်းညိတ်ပြလိုက်၏။ အဆိပ်ဘုရင်က သက်ပြင်းတစ်ချက်ချကာ ...



"ကောင်းပြီ ... ငါ မင်းကိုစီစဉ်ပေးမယ်"

ယီးယီးသည် အဆိပ်ဘုရင်ကိုကြည့်ကာ မျက်ရည်ကျလာပြီး ... "သမီးကိုခွင့်လွှတ်ပါ ဖေဖေ"

"ငါ ခွင့်လွှတ်ပါတယ်၊ သမီးအနေနဲ့ ဒီလောက် အမှားအမှန် ဝေဖန်တာကိုပဲ ဖေဖေ ကျေနပ်လှပါပြီ၊ သမီးဟာ ထန်ဆယ်ချီဆိုတဲ့ ငါ့ရဲ့ သွေးမဖြစ်တာကို ဖေဖေ ဂုဏ်ယူတယ်၊ နောက်ကို အဆိပ်ဂိုဏ်း တစ်ခုလုံးကို သမီးလက်ထဲ ငါက အပ်ခဲ့မှာကွယ်"

ယီးယီးမှာ ခံစားချက်များစွာဖြင့် မျက်ရည်များ ကျလာလေ၏။ အဝေးတစ်နေရာရှိ သစ်ပင်တစ်ပင်ပေါ်မှ ဆဲမာခြုံသည် အဆိပ်ဘုရင်တို့ကိုကြည့်ကာ နားမလည်အောင် ဖြစ်နေသည်။

အခြေအနေများကို သေချာစွာမသိရသော်လည်း အဆိပ်ဘုရင်နှင့် သခင်မကြီးတို့သည် တစ်ဦးနှင့်တစ်ဦး မသတ်ဖြတ်တော့ကြောင်းကိုမူ မြင်ရုံနှင့်သိရှိလိုက်ပေပြီ။

ထို့ကြောင့် သူ၏မျှော်လင့်ချက်အားလုံး ပျက်သုဉ်းလုနီးပါး အခြေအနေသို့ ရောက်ရှိသွားတော့သည်။ သို့သော် သူ့မှာ မျှော်လင့်ချက်တစ်ခု ကျန်ပါသေးသည်။ ထိုမျှော်လင့်ချက်ကို ဆဲမာခြုံ လက်မလွှတ်နိုင်ပါ။ နောက်ဆုံး မျှော်လင့် ချက်ကား ဟိုစီးနဂါးကောင်းရှိပင် ဖြစ်ပါတော့သည်။

ဟိုစီးနဂါးနှင့် ဆဲမာခြုံ။

လူညစ်နှင့်လူကောက်တို့၏ရှေ့အနာဂတ်ကား မည်သို့နည်း။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၄၀ )

ယခုအခါ ကောင်းရှိသည် နန်းတော်အပြင်ဘက်ရှိ သစ်ပင်အုပ်စုကလေးထဲသို့ ရောက်ရှိနေ၏။ သူ၏နောက်တွင် သံချပ်ဝတ်စုံနှင့် လူတစ်ယောက်လည်း လိုက်ပါလာ၏။

အဘယ်ကြောင့် သံချပ်ဝတ်စုံတစ်ယောက် ဤသို့လိုက်ပါနေရသနည်း။

စင်စစ် သံချပ်ဝတ်စုံနှင့်လူသည် နန်းတော်တွင်းရှိ ပန်းခြံထဲတွင် ကင်းစောင့်တာဝန်ချပေးခံရသူ ဖြစ်သည်။ ကောင်းရှိက နန်းတော်အပြင်တွင် လူစိမ်းတစ်ယောက် တွေ့ရှိရသည်ဟု သတင်းပေးပြီး သံချပ်ဝတ်စုံနှင့်လူကို အယုံသွင်းခေါ်ထုတ်လာခြင်းပင် ဖြစ်သည်။

ညွှသည်ဖြစ်သူ ကောင်းရှိက ဤမျှစိတ်အားထက်သန်စွာ ကူညီနေပြီဆိုတော့ သံချပ်ဝတ်စုံနှင့်လူ အဖို့ ငြင်းပယ်ရန် မဖြစ်နိုင်ပေ။ ထို့ကြောင့် ကောင်းရှိနောက်ကို ထက်ကြပ်မကွာလိုက်ပါလာရခြင်း ဖြစ်ပေသည်။

ကောင်းရှိသည် သူသတ်ဖြတ်ခဲ့သော အစေခံမလေးထံမှ နန်းတော်၏ပတ်ဝန်းကျင်အနေအထားကို မည်သည့်နေရာ၌ ဝှက်ထားကြောင်း ကောင်းရှိက ညှဉ်းပန်းနှိပ်စက်စစ်မေး၏။



နောက်ဆုံးတော့ မိန်းမသားဖြစ်သူ အစေခံမလေးမှာ မခံနိုင်တော့သဖြင့် သိသမျှ ဖွင့်ပြောရတော့သည်။

သူသိလိုသမျှ သိရသောအခါ ကောင်းရှိသည် အစေခံမလေးကို သတ်ပစ်လိုက်သည်။ ယခု ကောက်ကျစ်စဉ်းလဲသော ကောင်းရှိသည် အစေခံမလေးကို သတ်ပစ်လိုက်သည်။

ယခု ကောက်ကျစ်စဉ်းလဲသော ကောင်းရှိနောက်သို့ သံချပ်ဝတ်စုံနှင့်လူလည်း ယုံမိမှားပြီး လိုက်ပါလာခဲ့ပြန်လေပြီ။

ထိုစဉ် ခေါင်းလောင်းသံများ ကျယ်လောင်စွာ ပေါ်ထွက်လာသည်။ သံချပ်ဝတ်စုံနှင့်လူသည် ချက်ချင်းပင် ခြေးရာမှရပ်လိုက်၏။ ကောင်းရှိလည်း ခေါင်းလောင်းသံကို ကြား၏။ ထိုအဓိပ္ပာယ်ကို မသိသဖြင့် သံချပ်ဝတ်စုံနှင့်လူကို ပြန်မေးလေသည်။

"ဒါက ဘာအဓိပ္ပာယ်လဲ"

သံချပ်ဝတ်စုံနှင့်လူက ...

"နန်းတော်ထဲမှာ သူလျှိုတစ်ယောက်ရောက်နေတယ်ဆိုတာ အချက်ပေးတာပဲ"

သူ၏စကားသံ ဆုံးသွားသည်နှင့် ကောင်းရှိသည် သူ့ရှေ့သို့ ရိပ်ခနဲရောက်လာပြီး သူ၏ရင်ဘတ်ကို ပြင်းထန်သော လက်သီးတစ်လုံး ပစ်သွင်းလိုက်သည်။

'အင့်' ခနဲအော်ကာ အနောက်သို့လွင့်သွား၏။ ကောင်းရှိ၏ လက်သီး၌ မည်သည့်ဒဏ်ရာမှ မရရှိလိုက်ပါ ချေ။

သံချပ်ဝတ်စုံနှင့်လူ မတ်တတ်ရပ်လိုက်စဉ် ကောင်းရှိသည် လျှင်မြန်သွက်လက်စွာ ရောက်ရှိလာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းရှို၏တစ်ကိုယ်လုံးတွင် အတွင်းအားများ ပြည့်ဝနေသည်။ အဆိပ်မသင့်မီအချိန်ထက် အတွင်းအား ကောင်းနေလေသည်။ သခင်မကြီး၏ ဆေးတန်ခိုးများကြောင့် သူ၏ပင်ကိုစွမ်းအားများ အစွမ်းကုန်ပေါ်ထွက်နေခြင်းနှင့် ဤအချိန်ကာလသည် တဒင်္ဂမျှသာဖြစ်ကြောင်း ကောင်းရှို မသိခဲ့ပါ။

သူ၏စိတ်ထဲ၌ သခင်မကြီး၏ထက်မြက်သော ဆေးဝါးကြောင့် မိမိသည် အဆိပ်ပြေသွားသည့်အပြင် အတွင်းအားပါ ပို၍နက်ရှိုင်းလာသည်ဟု ထင်မြင်ယူဆနေပေသည်။ သံချပ်ဝတ်စုံနှင့်လူသည် ကောင်းရှို၏လှုပ်ရှားမှုထက် တစ်ကွက်နောက်ကျနေသဖြင့် ကောင်းရှိုပြုသမျှ နုနေရတော့၏။

ကောင်းရှိုသည် ထိုလူ၏ခြေလက်တို့ကို အသီးသီးချုပ်ကိုင်ထားလိုက်သဖြင့် ထိုလူက သံချပ်ဝတ်စုံတွင်းရှိ လက်နက်များကို ထုတ်သုံးရန် အချိန်မရတော့ပေ။

ကောင်းရှိုသည် အေးစက်စက်ရယ်ရင်း သူ့ဘီလူးရုပ်ကို ဖွင့်လှစ်ပြလိုက်သည်။

"နန်းတော်ထဲရောက်လာတဲ့ သူစိမ်းဆိုလို့ ငါနဲ့ ချန်ဖူဝါးရှိတယ်၊ ချန်ဖူဝါက သခင်မကြီးရဲ့သမက် ဖြစ်သွားပြီဆိုတော့ သူလို့ဟာ ငါပဲကျန်တော့တာပေါ့၊ အခု မင်းသိသွားပြီ၊ ဒါပေမဲ့ ... နောက်လည်း ကျသွားပြီ"

သံချပ်လူက ဒေါသဖြင့် မေးသည်။

"မင်းကိုယ်ပေါ်က သံချပ်ဝတ်စုံကိုလိုချင်တယ်"

သံချပ်ဝတ်စုံနှင့်လူက ရုန်းကန်လိုက်၏။



ထိုစဉ် ... ကောင်းရှိုက သူ၏လည်ပင်းအောက်ရှိ သံကွင်းခလုတ်နှစ်ခုကို ခေါင်းဖြင့် ရုတ်တရက်တိုက်လိုက်၏။

'ချလွမ် ချလွမ်' ဟူသော အသံနှစ်ချက်ပေါ်လာပြီး သံပြားပွင့်ထွက်သွား၏။ ကောင်းရှိုက ထိုမှတစ်ဆင့် ပြင်းထန်သော လက်သီးတစ်လုံး ပစ်သွင်းလိုက်ရာ သံချပ်လူမှာ စူးစူးရားရားအော်ပြီး အသက်ထွက်သွားသည်။

ကောင်းရှိုသည် သံချပ်ဝတ်စုံပေါ်ရှိ ခလုတ်နှစ်ခုကို ဆွဲလိုက်ရာ မျက်နှာဖုံးသည် 'ချလွမ် ... ချလွမ်' ဟူသော အသံနှင့်အတူ ပွင့်သွားတော့သည်။ မျက်နှာဖုံးအောက်တွင် သက်လတ်ပိုင်းခန့်ရှိသော လူတစ်ယောက်မျက်နှာ ပေါ်လာ၏။ ထိုလူ၏ မျက်နှာတစ်ခုလုံးမှာ ကြည့်မကောင်းအောင် သွေးများပေကျံနေသည်။

ကောင်းရှိုသည် သံချပ်ဝတ်စုံပေါ်မှ ခလုတ်များကိုရှာပြီး ဖွင့်လိုက်၏။ ထိုလူ၏ အလောင်းကို အဝေးသို့ပစ်လိုက်ပြီး သူက ဝတ်စုံကို မြတ်နိုးစွာ ကောက်ယူလိုက်သည်။ ထိုစဉ် သူနှင့်မနီးမဝေးရှိ သစ်ပင်ပေါ်မှ အရိပ်သဏ္ဌာန်တစ်ခုသည် ရိပ်ခနဲ ခုန်ချရောက်ရှိလာသည်။

ကောင်းရှိုသည် သံချပ်ဝတ်စုံကို တစ်ဖက်မှပွေ့လိုက်ရင်း ထပ်၍ရောက်လာသည့် ရန်သူကို ရင်ဆိုင်ရန် ဟန်ပြင်လိုက်သည်။

"ဟာ ... ကောင်းတယ်၊ သိပ်ကောင်းတယ်"

ဆံမာခြူက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ကျေနပ်စွာ ပြောနေလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၄၁ )
## သစ္စာပျက်တို့ • • သွားရာလမ်း

ကောင်းရှိက လေးစားစွာခေါ်လိုက်၏။

"ခေါင်းဆောင်ကြီး"

သစ်ပင်ပေါ်မှ ခုန်ချလာသူမှာ ဆဲမာခြိုပင် ဖြစ်၏။

ကောင်းရှိက ရှင်းပြ၏။

"သူတို့ဟာ ကျွန်တော်တို့ရဲ့ လျှို့ဝှက်ချက်ကို သိရှိနေကြပြီ ခင်ဗျာ၊ ကျွန်တော်က ပိုမြန်လို့သာ ဒီသံချပ်ဝတ်စုံနဲ့လူကို အချိန်မီ ရှင်းပစ်နိုင်တာပါ"

ဆဲမာခြိုသည် သံချပ်ဝတ်စုံကို သေသေချာချာ စိုက်ကြည့်ပြီး

"ဒီဝတ်စုံဟာ ငါနဲ့ အတော်ပဲနဲ့တူတယ်"

"ဟုတ်ကဲ့ ... ခေါင်းဆောင်ကြီးရဲ့ ခန္ဓာကိုယ်နဲ့ဆို အတော်ပဲ ဖြစ်ပါလိမ့်မယ်"

"မင်းလည်း အတော်ကြိုးစားရတာပဲ၊ ဒီကိစ္စ အောင်မြင် သွားရင် မင်းခံစားသင့်တာ ခံစားရမှာပေါ့"

ကောင်းရှိသည် သံချပ်ဝတ်စုံကို ဆဲမာခြိုအား ရိုသေလေး စားစွာလှမ်းပေးသည်။ သူ၏အမူအရာသည် သခင်၏အလိုကို အလျှံ



တရားသိတတ်သော ခွေးတစ်ကောင်နှယ် ဖြစ်နေသည်။ ဆဲမာခြို သည် ဝတ်စုံကို အထပ်ထပ်အခါခါ စစ်ဆေးကြည့်ရှုနေသည်။

"တော်တော်ပြောင်မြောက်တဲ့လက်ရာပဲ၊ ငါတို့ အတုခိုးလုပ် ရင်လည်း သိပ်လွယ်မှာမဟုတ်ဘူး"

"ဟုတ်ပါတယ်၊ နှမြောစရာကောင်းတာက ကျွန်တော့်လို ကြီးမားတဲ့ ကိုယ်ခန္ဓာအရွယ်အစား မရှိတာဘဲ၊ နို့မို့ရင် ကျွန်တော် လည်း ခေါင်းဆောင်ကြီးနဲ့ အတူတကွ တိုက်ပွဲဝင်နိုင်လိမ့်မယ်ခင်ဗျာ၊ ခုတော့ ..."

ဆဲမာခြိုက ခေါင်းညိတ်ပြ၏။

"ဟုတ်တယ် နှမြောစရာပဲ၊ မင်းသာပါလာပြီး ကြင်းကန်းပို့ ချမ်ကို တိုက်ခိုက်နိုင်ရင် ငါ့အတွက် တော်တော်အထောက်အကူ ဖြစ်မှာကွ"

ဆဲမာခြိုသည် တစ်စုံတစ်ခုကို စဉ်းစားမိဟန်ဖြင့် ...

"ငါတို့ ဒီမှာ ကြာကြာနေလို့ သင့်တော်မယ်မထင်ဘူး၊ ခုပဲ သွားကြမယ်၊ လောလောဆယ် ဒီဝတ်စုံကို ခဏယူထားစမ်း"

ဆဲမာခြို ထွက်သွားသောအခါ ကောင်းရှိက နောက်မှ ကမန်းကတန်းလိုက်၏။

"အဆိပ်ငါးမျိုးဂိုဏ်းကော ဘယ်လိုဖြစ်သွားသလဲခင်ဗျာ"

"သူတို့အထဲကိုရောက်လာပြီကွ၊ ဒါပေမဲ့ ဒီနန်းတော်ထဲက လူနဲ့ ဘယ်လိုအပေးအယူတည့်သွားသလဲမသိဘူး၊ သူတို့ လုံးဝ မတိုက်ခိုက်ကြတော့ဘူးကွ"

ကောင်းရှိသည် အံ့ဩစွာပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဆိပ်ဘုရင်က သူ့သားရဲ့သွေးကြေးကို မေ့နိုင်သတဲ့လား ခင်ဗျား"

"ဒီသွေးကြွေးကိုပြန်မဆပ်ချင်ရင် ဒီကိုအင်အားအလုံးအရင်းနဲ့ ဝင်ရောက်လာမှာ မဟုတ်ဘူး။ သူတို့နှစ်ဦးနှစ်ဖက် ခိုက်ရန် ဒေါသဖြစ်ပေါ်လုဆဲဆဲမှာ ချန်ဖူဝါ ရုတ်တရက်ရောက်ရှိလာတယ်၊ သူက အဆိပ်ဘုရင်ကို အထဲထိခေါ်သွားတယ်၊ ဒီနောက်ပိုင်းမှာ လုံးဝ အခြေအနေပြောင်းလဲသွားတော့တာပဲ၊ ငါလည်း မစဉ်းစားတတ်တော့ဘူး"

ကောင်းရှို့က ခေါင်းညိတ်၏။

"ချန်ဖူဝါဆိုတဲ့ကောင်ဟာ တကယ်ပဲ အပြောအဆိုကောင်းပါတယ်၊ သူ ဘယ်လိုများ ဖျန်ဖြေပေးလိုက်သလဲ မသိဘူး"

ဆဲမာခြို့က ခေါင်းခါရင်း ...

"ကဲ ... ဒါတွေနောက်ကျမှပြောကြစို့၊ သူတို့ရောက်မလာခင် ငါတို့ ဒီက အမြန်ဆုံးခွာရမယ်"

ကောင်းရှို့သည် ထင်းတီထွေ၏ ဆုံးရှုံးမှုကို မသိသေးပေ။

"ကျွန်တော်တို့လူတွေကော အခု ဘယ်ရောက်ကုန်ကြပြီလဲ ခင်ဗျာ"

ဆဲမာခြို့၏မျက်လုံးထဲ၌ ဒေါသအရိပ်အယောင်များ ယှက်သမ်းသွား၏။

"အဆိပ်ဘုရင်က အရင်မလွှပ်ရှားခဲ့ဘူးကွ၊ ငါတို့က မင်းကို အထောက်အကူပေးရမယ်ဆိုတော့ ဘယ်စောင့်နိုင်တော့မှာလဲ၊ ထောင်ချောက်အတားအဆီးအထပ်ထပ်ကိုကျော်ပြီး ဒီထဲကိုရောက်အောင် လာခဲ့ရတာပဲ၊ ထင်းတီထွေအဖွဲ့အစည်းထဲမှာ အသက်ရှင်



လျက် ကျန်ရစ်ခဲ့တဲ့လူဆိုလို့ ငါတစ်ယောက်ပဲ ရှိတော့တယ်၊ အခုတော့ မင်းရယ် ငါရယ်ပေါ့ကွာ"

ကောင်းရှို့မှာ မမျှော်လင့်သည့်စကားကို ကြားလိုက်ရသဖြင့် လွန်စွာအံ့ဩသွားသည်။

"ဟင် ...ခေါင်းဆောင်ကြီးတစ်ယောက်တည်း ကျန်ခဲ့တယ်"

ဆဲမာခြို့က ခေါင်းညိတ်ပြပြီး ...

"တကယ်လို့ ဒီနေရာမှာ အခြေချနေတဲ့ လူတွေအကြောင်းကို မင်းသိရင် သိပ်ပြီးအံ့ဩတော့မှာ မဟုတ်ပါဘူး"

"သူတို့က ဘယ်သူတွေလဲခင်ဗျာ"

"သူတို့က ..."

အသံတစ်သံကြောင့် ဆဲမာခြို့မှာ စကားကိုဆက်မပြောနိုင်ဘဲ နောက်သို့လှည့်ကြည့်မိသည်။

ထိုစဉ် ချန်ဖူဝါသည် သစ်ပင်တစ်ပင်ပေါ်မှ ခုန်ချလာ၏။ ကောင်းရှို့သည် ရုတ်တရက် လန့်သွားသဖြင့် လက်ထဲမှသံချပ်ဝတ်စုံကို လွှတ်ချလိုက်သည်။ ဆဲမာခြို့က ခြေထောက်ဖြင့် ကော်ယူလိုက်သဖြင့် သံချပ်ဝတ်စုံသည် သူ၏လက်ထဲသို့ ရောက်သွားသည်။

ကောင်းရှို့သည် သူ၏အမူအရာပျက်သွားခြင်းအတွက် ဆဲမာခြို့ကို ရှက်ရှက်နှင့်လှမ်းကြည့်သည်။ ဆဲမာခြို့ကမူ ချန်ဖူဝါအား မျက်တောင်မခတ်စိုက်ကြည့်နေသည်။

ချန်ဖူဝါကလည်း ကောင်းရှို့ကို လုံးဝမဂရုမစိုက်ဘဲ ဆဲမာခြို့ကို အေးစက်စက်ကြည့်နေ၏။ အတန်ကြာမှ လှမ်းခေါ်၏။

"ခင်ဗျား ... ဆဲမာခြို့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ငါတို့ တစ်ခါမှမျက်နှာချင်းဆိုင်မတွေ့ခဲ့ဖူးဘူး"

"ခင်ဗျားက တစ်ချိန်လုံး အမြီးကုပ်နေတာကိုး၊ ဘယ်တွေ့မလဲ"

ဆဲမာခြို့က ရယ်မောကာ ...

"မင်းပါးစပ်က မာလှချည်လား၊ မင်းဟာ လူတကာကို ဒီလိုပဲ ဆက်ဆံသလား"

"ခင်ဗျားလိုလူစားမှ ကျုပ် ဒီလိုဆက်ဆံတာ"

"ဒါပေမဲ့ မင်းတစ်ယောက်တည်းနဲ့ ငါ့ကို ဘယ်လိုတားဆီးဟန့်တားနိုင်မလဲ၊ ပါးစပ်နဲ့ တားဆီးလို့တော့ ရမယ်မထင်နဲ့"

ချန်ဖူဝါသည် ကျယ်လောင်ပြတ်သားသော လေချွန်သံ တစ်သံပြုရင်း ဓားရှည်ကိုဆွဲထုတ်လိုက်သည်။ ထို့နောက် ဆဲမာခြို့ထံသို့ ဝင်ရောက်တိုက်ခိုက်တော့သည်။ ဆဲမာခြို့က ရှောင်တိမ်းရင်း ကောင်းရှိုကို အမိန့်ပေးလိုက်သည်။

"ကောင်းရှို ... ဒီကောင့်ကို တားထားစမ်း"

ကောင်းရှိုသည် ကြီးမားသောအင်အားဖြင့် သစ်ကိုင်းကြီး တစ်ကိုင်းကို တက်ချိုးပစ်လိုက်သည်။ ထိုသစ်ကိုင်းကြီးကိုကိုင်ကာ ချန်ဖူဝါကို တိုက်ခိုက်တော့သည်။

သစ်ကိုင်းကြီးသည် ကြီးမားလေးလံပြီး သစ်ကိုင်းသစ်ခက်များဖြင့် ရှုပ်ယှက်ခတ်နေသော်လည်း ကောင်းရှိုကို အနှောင့်အယှက်မဖြစ်စေပါ။ သူ၏ကြီးမားသောခွန်အားက သစ်ကိုင်းကြီးကို ပိုင်နိုင်စွာ ထိန်းနိုင်ပြီး အဆက်မပြတ် တိုက်ခိုက်နိုင်စွမ်း ရှိနေသည်။

လေထဲမှ ချန်ဖူဝါသည် ကောင်းရှို၏တားဆီးမှုမှ လွတ်



မြောက်အောင် မထွက်နိုင်ချေ။ ချန်ဖူဝါသည် သူ့ဓားကို ဆွဲထုတ်ကာ

လှုပ်ရှားတော့၏။ တစ်ခဏအတွင်း သူ၏လက်ထဲမှဓားသည်

တောက်ပသော အလင်းရောင်များ ပေါ်ထွက်လာ၏။ သစ်ကိုင်းများ

အပိုင်းပိုင်းပြတ်ထွက်သွားလေ၏။ သူတို့နှစ်ယောက် အပြင်းအထန်

တိုက်ခိုက်နေစဉ် ဆဲမာခြို့သည် သံချပ်ဝတ်စုံကိုယူ၍ ထွက်ပြေးလေ

တော့သည်။ ချန်ဖူဝါက ကောင်းရှိုအား အေးစက်စက် လှမ်းမေးသည်။

"ဆဲမာခြို့တော့ ထွက်ပြေးသွားပြီ၊ မင်းက သူ့အတွက်

အသက်စွန့်ဖို့ ရည်ရွယ်ထားသလား"

ကောင်းရှိုသည် ချက်ချင်းပင် နောက်လှည့်ကြည့်လိုက်၏။

ဆဲမာခြို့၏အရိပ်ပင်မတွေ့ရတော့ချေ။ သူက တဟားဟား ရယ်မော

လိုက်သည်။

"မင်းပြောတာမှန်တယ်၊ ငါ သူ့အတွက် အသက်စွန့်မလို့ပဲ"

"မင်းကို ငါအမြင်မှားခဲ့တယ်၊ တကယ်တော့ မင်းဟာ သူ

တစ်ပါးရဲ့ အသုံးချခံသက်သက်ပဲ"

ကောင်းရှိုက ရယ်မောကာ ...

"ငါက သူ့လက်ထောက်ပဲ၊ အသုံးချတာ မချတာနဲ့ ဘာမှ

မဆိုင်ဘူးကွ"

"မင်းအတွက် ဘာအကျိုးများခံစားရလို့ ဒီလိုတစ်ပါးကျွန်

လုပ်ရတာလဲကွာ"

"သခင်ရဲ့ရိက္ခာကိုစားပြီးရင် သခင်ပေးတဲ့တာဝန်ကို ထမ်း

ဆောင်ရတယ်ဆိုတာ မင်းမသိဘူးလား။ ငါ့အဖို့ ရှိသမျှ စည်းစိမ်ကို

ခံစားရပြီးပြီပဲ၊ အခု ခွန်အားထုတ်အမှုထမ်းတဲ့အချိန်ရောက်လာပြီကွ

www.burmeseclassic.com

www.burmeseclassic.com



"မင်းဟာ ဒီလောက်သစ္စာရှိတဲ့လူစားမျိုး မဟုတ်ပါဘူး"

"ငါ့ကို မင်း သေသေချာချာ ဖောက်ထွင်းမြင်တတ်ရင် ဒီလို အခြေအနေမျိုးရောက်လာမှာ မဟုတ်ဘူး၊ မင်း အပိုတွေပြောမနေနဲ့"

ချန်ဖူဝါက ခပ်အေးအေးဆက်ပြောသည်။

"ဟိုစီးနယ်က နဂါးတစ်ကောင်ဆိုတာ သိုင်းလောကမှာ သစ္စာဘက်တော်သားလို့ နာမည်ကြီးနေတယ်၊ အခုမှ ပြောင်းပြန်ဖြစ်နေမှန်းသိရတော့တယ်၊ လူ့ဘဝမှာ နာမည်ကောင်းတစ်လုံးရဖို့ဆိုတာ မလွယ်ပါဘူး။ ဘာဖြစ်လို့ မင်း နာမည်ကို ခြေထောက်နဲ့ ဖျက်ဆီးပစ်ရတာလဲ"

ကောင်းရှိုသည် မရယ်ချင့်ရယ်ချင်နှင့်ရယ်ပြီး ...

"မင်းလည်းသစ္စာဘက်တော်သားတစ်ယောက်မဟုတ်လား"

"သိုင်းလောကသားတွေကတော့ အဲဒီလို ပြောကြတာပဲ"

"ဒါဆို မင်းက ဘာကြောင့် ဘုရင်ရဲ့လျှို့ဝှက်လူသတ်သမားဝင်လုပ်ရတာလဲ၊ ဘာဖြစ်လို့ တစ်ပါးကျွန် ဝင်လုပ်ရတာလဲ"

ချန်ဖူဝါက ရယ်သည်။

"ငါက တိုင်းပြည်အကျိုးကို ထမ်းဆောင်တာပဲ"

ကောင်းရှိုက အေးစက်စက်ရယ်ရင်း ပြန်မေးသည်။

"ကောင်းပြီ၊ မင်း ဘာတွေခံစားရသလဲ၊ မင်းရဲ့ အကျိုးအမြတ်တွေက ဘာလဲ"

ချန်ဖူဝါက အူလှိုက်သည်းလှိုက်ရယ်မောတော့သည်။

"အဲဒီမေးခွန်းကို မေးစေချင်တာနဲ့ အတော်ပဲကွ၊ အခုတိုင်းပြည်နဲ့ ကျေးရွာကြီးအတွက် ငါတာဝန်ထမ်းဆောင်နေတယ်၊ ငါ့ဆီမှာ



အခုဝတ်ထားတဲ့ ဝတ်စုံနဲ့ ဓားတစ်ချောင်းပဲ ချမ်းသာတယ်ကွ၊ ငါဟာ မြင့်မြတ်တဲ့တာဝန်ကိုထမ်းဆောင်နေတာကွ"

ကောင်းရှိုက ရယ်မောကာ ...

"ဒါကြောင့် ငါ သစ္စာဘက်တော်သား မလုပ်နိုင်တာပဲပေါ့"

"မင်း နောင်တ လုံးဝမရဘူးလား"

ကောင်းရှိုက ခေါင်းခါပြ၏။

"ငါဟာ ပေါ့ဆတဲ့လူတစ်ယောက် ဖြစ်ပေမယ့် တစ်ခုခု မလုပ်မီအချိန်အတောအတွင်း သေသေချာချာစဉ်းစားပြီးမှ ဆုံးဖြတ်ချက် ချတတ်ပါတယ်"

"အခုရော မင်းစိတ်ထဲမှာ နောင်တလုံးဝမရသေးဘူးပေါ့"

"ဘာမေးစရာလိုသလဲ၊ မရလို့ မင်းကိုတိုက်ခိုက်နေတာပေါ့"

ကောင်းရှိုသည် တစ်စုံတစ်ခုကို စဉ်းစားမိပြီး ရုတ်တရက် မေး၏။

"မင်း ထပ်ခါတလဲလဲမေးနေတာက ဘာသဘောလဲကွ"

ချန်ဖူဝါက လက်ကိုဝှေ့ယမ်းပြလိုက်၏။

"မင်း ထွက်ခွာနိုင်ပါပြီ"

ကောင်းရှို အံ့အားသင့်သွားသည်။

"မင်းဆိုလိုတာက ငါ ဒီကနေ ထွက်သွားနိုင်ပြီ ဟုတ်လား"

ချန်ဖူဝါ စိတ်မရှည်စွာ ပြောလိုက်၏။

"ဘာလဲ ... ငါ နောက်ထပ်တစ်ခါ ထပ်ပြောရဦးမှာလား"

ကောင်းရှိုသည် ဘာလုပ်၍ဘာကိုင်ရမည်မှန်း မသိဘဲ ဖြစ်သွားသည်။ ချန်ဖူဝါက လှည့်ထွက်သွားမည်ပြုစဉ် ကောင်းရှိုက တား

www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

"နေဦး ... စကားပြောလို့ မပြီးသေးဘူး"

ချွန်ဖူဝါက အေးစက်စွာပြုံးပြီး ...

"မင်းကို သွားခိုင်းတုန်းသွား၊ ဘာမှစကားကြောရှည်မနေနဲ့"

ကောင်းရှိုက မာန်ပါပါအော်ရင်း ချွန်ဖူဝါအား တားဆီးလိုက်သည်။

"အဆိပ်ဖြေဆေးမှာ ပြဿနာပေါ်နေပြီဆိုတာ ဟုတ်ရဲ့လား"

ကောင်းရှိုက မေး၏။ ချွန်ဖူဝါသည် လိမ်ညာမပြောလိုပေ။

"ချွန်ကျဲကြွေဟွန်စန်အဆိပ်ရဲ့ ဖြေဆေးဟာ အဆိပ်ဘုရင်ဆီမှာပဲရှိတယ်"

ကောင်းရှိုသည် အလွန်တုန်လှုပ်ချောက်ချားသွား၏။

"ဒါဆို ဒီကဖြေဆေးဟာ ... ဒါပေမဲ့ ငါ့မှာ နေထိုင်မကောင်းတဲ့ အခြေအနေ လုံးဝမရှိဘူး"

ချွန်ဖူဝါက ရှင်းပြ၏။

"သခင်မကြီးက ဆေးဝါးတစ်မျိုးနဲ့ မင်းရဲ့ပင်ကိုစွမ်းအင်နဲ့ အတွင်းအားတွေ ပေါ်ထွက်လာအောင် နှိုးဆွပေးလိုက်တယ်၊ ပြီးမှ ဗိုလင်ခွမ်အဆိပ်ဖြေဆေးနဲ့ အဆိပ်ရှိန်မတက်အောင် ထိန်းပေးတယ်၊ မင်းရဲ့ပင်ကိုအားအင်တွေ ကုန်ခန်းသွားတဲ့အချိန်မှာ အဆိပ်ရှိန်ဟာ ပြန်တက်လာလိမ့်မယ်၊ အဖြစ်ကတော့ ဒါပါပဲ"

ကောင်းရှိုက သေချာစွာမေး၏။

"မင်း ငါ့ကို မလိမ်ပါဘူးနော်"



"ငါ ရယ်စရာပြောနေတာ မဟုတ်ဘူး၊ မင်းက အတင်းမေးနေလို့ ရှင်းပြရတာ"

ဤတစ်ကြိမ်တွင်တော့ ကောင်းရှိုသည် အကြီးအကျယ် မျက်နှာပျက်သွား၏။ တုန်လှုပ်သွား၏။ ပြီးမှ သူက ...

"မင်းတို့ အဆိပ်ဘုရင်နဲ့ မဟာမိတ်ဖြစ်သွားပြီ မဟုတ်လား၊ သူ့ဆီက ဖြေဆေးတောင်းလို့ မရဘူးလား"

ချွန်ဖူဝါသည် အလွန်အံ့အားသင့်သွားသော အမူအရာဖြင့် ကောင်းရှိုကိုကြည့်၏။ ကောင်းရှိုသည် မည်ကဲ့သို့သော် လူစားဖြစ်ကြောင်း ယခုမှပို၍သိလာမိသည်။ ကောင်းရှိုက ဆက်လက်၍ ...

"ငါ့ကို ဖြေဆေးတောင်းပေးပါကွာ၊ ငါ ပျောက်ကင်းသွားရင် ကျွဲလိုနွားလိုပဲ လုပ်ရလုပ်ရ၊ မင်းတို့ခိုင်းသမျှကို ကျေးဇူးတုံ့ပြန်တဲ့ အနေနဲ့ ငါလုပ်ပေးပါ့မယ်"

ချွန်ဖူဝါက ဘာမှမပြောဘဲ ရပ်ကြည့်နေ၏။ ကောင်းရှိုက ဆက်ပြောသည်။

"ငါ့ရဲ့ သိုင်းပညာအရည်အချင်းနဲ့ မင်းတို့ကို အများကြီးကူညီနိုင်ပါတယ်၊ နောက် ထင်းတိတွေရဲ့ လျှို့ဝှက်ချက်ကိုလည်း ငါ အများကြီးကို သိထားပါတယ်"

ချွန်ဖူဝါက ခပ်အေးအေးပင် ပြောလိုက်သည်။

"ခက်တာက မင်း အချိန်လွန်သွားခဲ့တာပဲ၊ စောစောကဆိုရင်တော့ တစ်မျိုးပေါ့ကွာ"

ကောင်းရှိုက အတင်းအဓမ္မပြော၏။

"ဘာပြောပြော သူ့ဆီမှာ အဆိပ်ဖြေဆေး နည်းလမ်းတော့

www.burmeseclassic.com

www.burmeseclassic.com



ရှိရမယ်"

"မရှိဘူး"

ချန်ဖူဝါက ပြတ်သားစွာ ပြောလိုက်၏။ ကောင်းရှိက မကျေနပ်သေးချေ။

"ရှိမှာပါ ... သူ့ကို သေသေချာချာ မေးပါဦး"

ချန်ဖူဝါက ခေါင်းခါလိုက်၏။

"အဆိပ်ဘုရင်ဆိုတဲ့လူဟာ အပြောင်းအလဲမြန်ဆန်တဲ့ သိမ်ဖျင်းပျော့ညံ့တဲ့လူ မဟုတ်ဘူးကွ၊ ဒါဆိုဒါပဲပြောတတ်လုပ်တတ်တယ်"

ကောင်းရှိက မယုံသင်္ကာစွာ ထပ်မေးသည်။

"တကယ်မရှိဘူးလား"

"စိတ်ချပါ ကောင်းရှိ၊ ငါဟာ ညာပြောတတ်တဲ့လူ မဟုတ်ပါဘူး။ မင်းအနေနဲ့ သေဖို့ကလွဲလို့ တခြားလမ်း မရှိတော့ပါဘူး"

ကောင်းရှိသည် အလွန်ထိတ်လန့်တုန်လှုပ်သွားသည်။ အက်ကွဲသောလေသံဖြင့် ပြောသည်။

"ခွေးမသား ... မင်းက ဒီမှာဖြေဆေးရှိတယ်ဆိုပြီး ငါ့ကို လိမ်ပြောတယ်၊ ငါ့ကို မင်းက သေတွင်းထဲရောက်အောင် ပို့တာပေါ့ ဟုတ်လား"

"မင်းကို ငါမလိမ်ဘူး။ မင်းကို တကယ်ကုသပေးချင်လို့ ငါက ခေါ်လာတာပါ။ ဒါပေမဲ့ အဲဒီအဆိပ်က သိပ်ပြင်းထန်တယ်၊ ဒီက သခင်မကြီးလည်း လုံးဝမကုသနိုင်ဘူး။ ဒါကို ငါလည်း အခုမှသိတာ"

ကောင်းရှိသည် အတိတ်ကိုပြန်စဉ်းစားမိ၏။ တကယ်တော့ သူသည် ဆဲမာခြုံ၏အမိန့်ကို နာခံကာ သူရဲကောင်းတစ်ယောက်



သဖွယ် ဟန်ဆောင်ခဲ့ခြင်းသာ ဖြစ်သည်။ ချန်ဖူဝါက တွေဝေငေးငိုင်နေသော ကောင်းရှိကိုကြည့်ကာ အပြစ်တင်လိုက်သည်။

"မင်းအပြစ်နဲ့မင်း ခံရတာပဲ၊ သူများကို အပြစ်မတင်နဲ့"

ကောင်းရှိသည် ဒေါသကြီးစွာခုန်ပေါက်အော်ဟစ်လေသည်။

"မင်းကို အရင်သတ်မယ်"

ကောင်းရှိသည် နွားရိုင်းတစ်ကောင်ပမာ အတင်းတိုက်ခိုက်တော့သည်။ ထိုစဉ် မိုးချုန်းသံကဲ့သို့ ကျယ်လောင်သောအသံကြီးတစ်သံ ထွက်ပေါ်လာသည်။

"ဟေ့ ချာတိတ် ... ဒီလူယုတ်မာကို ငါကိုယ်တိုင် ဆုံးမမယ်၊ မင်း ဖယ်ဟေ့"

လွေထိန်သည် ဘီလူးကြီးတစ်ကောင်ပမာ သစ်ပင်ပေါ်မှ လွှားခနဲခုန်ချလာ၏။ ချန်ဖူဝါကလည်း ကောင်းရှိ၏တိုက်ကွက်ကို ရှောင်အပေး၊ လွေထိန်ကလည်း ဝင်တိုက်ရာ ကောင်းရှိလက်ထဲမှ သစ်ကိုင်းသည် လွေထိန်၏လက်သီးအောက်တွင် ပြတ်ထွက်သွားသည်။

ချန်ဖူဝါက လွေထိန်အား လှမ်းပြောသည်။

"ဆရာကြီး ...ကျွန်တော် ဆဲမာခြုံနောက် လိုက်သွားဦးမယ်"

ကောင်းရှိသည် လက်ထဲကျန်ရှိနေသော သစ်ကိုင်းဖြင့် ချန်ဖူဝါကိုတားဆီးရန် ကြိုးစားသော်လည်း မအောင်မြင်ချေ။ သူ၏ကိုယ်ခန္ဓာသည် လွေထိန်နှင့်ယှဉ်လျှင် သုံးလက်မခန့် ပိုမိုနေပါသေးသည်။

လွေထိန်သည် သူ့ထက်ပို၍ကျစ်လျစ်သန်မာပြီး ငါ၍ ခန့်ညားထည်ဝါသည်။ ချန်ဖူဝါ လွှတ်ထွက်သွားသည်။ ကောင်းရှိသည် မှုန်ထူနေပြီဖြစ်၍ လွေထိန်ကိုလည်း မကြောက်တော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ကောင်ကြီး ဘေးဖယ်စမ်း၊ မင်းနဲ့မဆိုင်ရင် ဝင်မရှုပ်နဲ့"

လွှေထိန်၏ခါးကို သစ်ကိုင်းကြီးဖြင့် တိုက်ခိုက်လိုက်သည်။ လွှေထိန်က ကိုယ်ကိုယိမ်းကာ သစ်ကိုင်းကို လက်ဖြင့် ဖမ်းကိုင်လိုက်သည်။ သူ၏လက်ချောင်းများသည် သစ်ကိုင်းထဲ စိုက်ဝင်သွားသည်အထိ မိမိရရဖမ်းမိလိုက်သည်။

"ဟေ့ကောင် ... ငါသိသလောက်တော့ ခန္ဓာကိုယ်ကြီးမားထွားကျိုင်းတဲ့လူမှန်သမျှ သူ့ရဲ့ကောင်းချည်းပဲ၊ မင်းကျမှ ဘယ့်နှယ့်ခွေးလှေးကြမ်းပိုးဖြစ်နေရသလဲမသိဘူး၊ မင်းလိုကောင်မျိုးက ဒီလိုခွေးလှေးကြမ်းပိုးဖြစ်နေတော့ ခန္ဓာကိုယ်ကြီးထွားတဲ့ငါ့ကို လာထိခိုက်တယ်ကွ၊ မင်းဟာ ဟိုစီးနဂါးမဟုတ်ဘူးကွ၊ ဟိုစီးနယ်က ရေမြွေပဲဖြစ်သင့်တယ်"

ကောင်းရှိက ပြန်ငေါက်သည်။

"ဟေ့ လူပေါကြီး ...ခင်ဗျားက ဘာသိလို့ ဘာတွေလာပြောနေတာလဲ၊ မသေချင်ရင် ဖယ်စမ်း"

လွှေထိန်က အေးစက်စွာရယ်ရင်း ...

"အေး ... မင်း ငါ့ကို စော်ကားတဲ့အတွက် မင်းကို ကောင်းကောင်းဆုံးမရမယ်"

ကောင်းရှိသည် သူ၏သစ်ကိုင်းကြီးကို ဆောင့်ဆွဲသည်။ လွှေထိန်က မြင်းထိန်းအနေအထားဖြင့် ခြေနှစ်ဖက်ကိုကွေးကာ သစ်ကိုင်းကို ပြန်လည်ဆွဲယူသည်။

ဤသို့ အတွင်းအားယှဉ်ပြိုင်လိုက်သောအခါ ကောင်းရှိ၏အတွင်းအား နိမ့်ကျမှုသည် ထင်ရှားစွာ ပေါ်လာတော့၏။ သူ၏



အတွင်းအားအားလုံးသည် ဆေးဝါးကြောင့် အစွမ်းကုန်ပေါ်ထွက်လာခဲ့သော်လည်း လွှေထိန်၏ပိလိအတွင်းအားကို မယှဉ်နိုင်ဘဲရှိနေသည်။

ထို့ကြောင့် ကောင်းရှိမျက်နှာပျက်ကာ ခြေနှစ်ချောင်းကိုကားလိုက်၏။ မြင်းထိုင်အနေအထား ထိုင်လိုက်၏။ ထို့နောက်ရှိသမျှအတွင်းအားကို ညှစ်ထုတ်လိုက်တော့သည်။

လွှေထိန်သည် ကောင်းရှိအပြောင်းအလဲ ပြုလုပ်နေခိုက် သစ်ကိုင်း အလည်ပိုင်းကို ရုတ်တရက်ထိုးချလိုက်၏။ ကောင်းရှိသည် မတတ်နိုင်သည့်အဆုံး သစ်ကိုင်းကို လက်လွှတ်လိုက်ရတော့သည်။

ကောင်းရှိသည် လွှေထိန်ဘေးသို့ ချက်ချင်းရောက်လာပြီး လက်သီးဖြင့် ထိုးထည့်လိုက်၏။ လွှေထိန်က မရှောင်တိမ်းဘဲ မိမိ၏လက်သီးဖြင့် ရင်ဆိုင်သည်။ လက်သီးနှစ်လုံးသည် ပြင်းထန်စွာ ထိပ်တိုက်ရင်ဆိုင်မိကြ၏။ ကောင်းရှိမှာ နာကျင်သွားသဖြင့် နောက်သို့ တစ်လှမ်းဆုတ်ခွာသွားရ၏။ လွှေထိန်ကတော့ မည်သို့မှ မဖြုံချေ။

ကောင်းရှိသည် မရင်ဆိုင်ရဲတော့ချေ။ တဖြည်းဖြည်းနောက်ဆုတ်နေသည်။ လွှေထိန်က ရယ်မောကာ လှမ်းမေး၏။

"မင်း မခံရဲတော့ဘူးလား"

ကောင်းရှိသည်ဆက်တိုက်ဆုတ်ခွာပေးရာမှ သစ်ပင်တစ်ပင်ကို ကျောကပ်မိသွားသည်။ လွှေထိန်သည် အခွင့်အရေးကိုလက်လွှတ်မခံဘဲ လက်သီးနှစ်လုံးပစ်သွင်းလိုက်၏။ ကောင်းရှိမှာ မရှောင်သာတော့ဘဲ လွှေထိန်၏လက်သီးနှစ်လုံးကို ရင်ဆိုင်ကာကွယ်လိုက်၏။

'ဝုန်း'

ကောင်းရှိမှာ ရင်ထဲပို၍တက်လာ၏။ လွှေထိန်ကတော့ ရယ်

www.burmeseclassic.com

www.burmeseclassic.com



မောလျက်ရှိနေသည်။

"ကောင်းတယ် ... ကောင်းတယ်၊ နောက်တစ်ချက်လောက် ထပ်စမ်းပါဦး"

ကောင်းရှို မျက်နှာတစ်ခုလုံးဖြူဖပ်ဖြူရော်ဖြစ်သွားသည်။

"အစ်ကိုကြီး"

သူသည် တောင်းပန်ရန်ဟန်ပြင်လိုက်၏။

လွှထိန်က ဂရုမစိုက်ဘဲ ပြင်းထန်သော လက်သီးတစ်ချက်ကို ထိုးသွင်းလိုက်သည်။ ကောင်းရှိုမှာ သွေးများထိုးအန်ပြီး ...

"အစ်ကိုကြီး ... ကျွန်တော် ... ကျွန်တော် ..."

လွှထိန်က ..."မင်း ဘယ်လိုခေါ်ခေါ် ... ဘယ်လိုတောင်းပန် တောင်းပန် အလကားပဲ"

သူသည် ပြင်းထန်သော လက်သီးနှစ်လုံး ပစ်သွင်းလိုက်၏။ လွှထိန်သည် ယခု သူ၏အတွင်းအားကို အထွတ်အထိပ်သို့ ရောက်အောင်ထုတ်ကာ တိုက်ခိုက်နေပေသည်။ ကောင်းရှိုသည် လွှထိန်၏ ပြင်းထန်သောလက်သီးသုံးလုံးကို ထိပ်တိုက်ခုခံပြီးနောက် ထိတ်လန့်ချောက်ချားစွာ ထွက်ပြေး တော့သည်။ သို့သော် လွှထိန်၏လက်မှ မလွတ်ပေ။ လွှထိန်က ကောင်းရှိုအား ဖမ်းကိုင်လိုက်၏။

"မင်း ထိုင်ပြီးဦးချကန်တော့တောင် မင်းကို ခွင့်မလွှတ်ဘူး"

ကောင်းရှိုသည် ထိတ်လန့်စွာ လှည့်လာပြီး လက်သီးနှစ်လုံးဖြင့် လွှထိန်ကိုတိုက်ခိုက်လိုက်၏။ သို့သော် လွှထိန်၏လက်သီးက သူ့အား အဆင်သင့် စောင့်ကြိုနေပြီး ဖြစ်သည်။

လွှထိန်၏လက်သီးနှင့် ထိပ်တိုက်ရင်ဆိုင်မိသောအခါတွင်



ကောင်းရှိုမှာ မချိမဆန့်အော်ဟစ်မိတော့သည်။ အော်ဟစ်ရင်း ခြေတစ်ဖက်က ရုတ်တရက် လွှထိန်၏ ပေါင်ကြားရှိရာသို့ ကန်ထည့်လိုက်သည်။ လွှထိန်က ပေါ့ပါးစွာရှောင်လိုက်၏။

"မင်းက တကယ်ပဲ ကောက်ကျစ်ယုတ်မာလှတာကိုး"

လွှထိန်၏ဒေါသများ ပေါက်ကွဲပြီး ကောင်းရှိုအား အသေတိုက်ခိုက်တော့သည်။ ထို့နောက် အကျီစကို လွှတ်ပေးလိုက်ရာ ကောင်းရှို ထွက်ပြေးသွားတော့သည်။

ထိုစဉ် လွှထိန်၏ပြင်းထန်သော ခြေတစ်ဖက်က ကောင်းရှို၏ နောက်ကျောပေါ်သို့ အုန်းခနဲ ကျရောက်သွားတော့၏။

ကောင်းရှိုသည် တစ်ပတ်လှည့်ပြီး အဝေးသို့ လွင့်ထွက်သွားကာ သစ်ပင်တစ်ပင်နှင့် ဝင့်ဆောင့်မိ၏။ လွှထိန်သည် သူ့ခန္ဓာကိုယ်နှင့်မလိုက်အောင် ပေါ့ပါးစွာ ခုန်ပျံရောက်ရှိလာသည်။

သူ၏မိုးကြိုးလက်သီးများသည် ကောင်းရှို၏ခန္ဓာကိုယ်ပေါ်သို့ တရစပ်ကျရောက်လာသည်။ ကောင်းရှိုမှာ ကလေးငယ်တစ်ဦး၏ ဖျက်ဆီးခြင်းခံလိုက်ရသော ကလေးကစားစရာစက္ကူရုပ်ကဲ့သို့ ရုပ်ပျက်ဆင်းပျက်ဖြစ်သွားရှာသည်။

လွှထိန်သည် လေတစ်ချက်ရှူရှိုက်ကာ အတွင်းအားများကို ပြန်လည်ရုပ်သိမ်းလိုက်၏။ ပြီးလျှင် ကောင်းရှိုကို ကြည့်ပင်မကြည့်တော့ဘဲ ချန်ဖူဝါရှိရာသို့ လျင်မြန်စွာ လိုက်သွားတော့သည်။ ကောင်းရှိုကား အသက်ဝိညာဉ်ကင်းမဲ့လျက် ရန်သူနှင့် မိတ်ဆွေအားလုံးကို မျက်ကွယ်ပြုသွားခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၄၂ )
## ခြေရာခံ မလိုက်ပါ

ကျောက်သေလာစခန်း၏ တည်ရှိပုံသည် အလွန်ထူးဆန်း၏။

ကျောက်ဆောင်များ အဆင့်ဆင့်ထပ်နေသဖြင့် ထိုခရီးအတိုင်း ကိုယ်ဖော့ပညာဖြင့် ခုန်ကျော်ပြေးလွှားနိုင်ပါက ငရဲတံခါးဝရှိ ကျောက်ဆောင်ကြီးနှစ်ဆောင်ရှိရာသို့ ဝင်ရောက်ရှိနိုင်သည်။

ဆဲမာခြိုနောက်သို့ ပြေးလိုက်လာသော ချန်ဖူဝါသည် ကမ်းပါးအစပ်သို့ရောက်ရှိလာ၏။ အောက်တွင်လည်း ကျောက်သားကျောက်ဆောင်အထပ်ထပ် ရှိနေသည်သာ။

ဆဲမာခြို အောက်၌ပြေးလွှားနေသည်ကို ချန်ဖူဝါ တွေ့ရှိသဖြင့် ကိုယ်ဖော့ပညာကိုသုံးကာ အောက်သို့ခုန်ချလိုက်တော့သည်။

ဆဲမာခြိုသည် ချန်ဖူဝါလိုက်လာကြောင်း တွေ့ရသောအခါ ပိုမိုအားစိုက်၍ ပြေးလေတော့၏။

ဤသို့ဖြင့် ဆက်လက်ပြေးလွှားလာရာ ဆဲမာခြိုသည် ငရဲတံခါးဝရှိ ကျောက်ဆောင်၏ထိပ်များပေါ်သို့ ရောက်လာတော့သည်။ ထိုကျောက်ဆောင်ကြီးသည် မတ်စောက် ကာ မြင့်မားလှသော်လည်း ဆဲမာခြိုသည် အကြောက်အလန့်မရှိဘဲ ခုန်ချလိုက်တော့သည်။



အစစအရာရာတွင် စေ့စပ်ဆယ်သချာစွာ တွက်ချက်တတ်သော ဆဲမာခြိုသည် ကြိုတင်တွက်ဆထားသည့်အတိုင်း ရေထဲသို့ ချောမောစွာ ကျရောက်သွားသည်။

သူ့၌ ထိခိုက်ဒဏ်ရာရမှု တစ်စုံတစ်ရာမျှမရှိခဲ့ပါချေ။

ဤကဲ့သို့သော အချိန်အခါမျိုးတွင် ဆဲမာခြိုအဖို့ လုံးဝ အထိအခိုက်မခံနိုင်ပေ။ ရန်သူပတ်လည်ဝိုင်းရံခံရသည့်ကြားမှ ဒဏ်ရာမရရှိဘဲ ထွက်ပြေးနိုင်လျှင် ငါ့လိုလူ ဇမ္ဗူမှာရှိရိုးလားဟုပင် ကြွေးကြော်နိုင်လောက်ပေသည်။ အကယ်၍ သူ တစ်စုံတစ်ခုဖြစ်သွားလျှင်ကား သူ့ရည်မှန်းချက်အားလုံး ရေစုန်မျောကုန်ပေတော့မည်။

ဆဲမာခြိုသည် ရေထဲမှပေါ်လာပြီးနောက် သဲသောင်ပြင်ပေါ်သို့ ခုန်တက်လိုက်၏။ သူသည် ဝက်ပါပညာနှင့်ပတ်သက်၍ ကျွမ်းကျင်သူဖြစ်သဖြင့် မည်သည့်သဲသောင်ပေါ်တက်၍ မည်သည့်သဲသောင်ကို ကွေ့ပတ်ပြေးရမည်ကို သိပြီးဖြစ်နေသည်။

အပေါ်မှစီး၍ကြည့်ပါက ဆဲမာခြို၏အဖြစ်မှာ ရယ်စရာဖြစ်နေသည်။ အဘယ်ကြောင့်ဆိုသော် ဆဲမာခြိုသည် သဲသောင်ကျွန်းများပေါ်တွင် လှည့်ပတ်ပြေးနေသောကြောင့်တည်း။

သဲသောင်၏ဝင်ပေါက်သို့ တည့်တည့်မတ်မတ်မပြေးဘဲ ကွေ့ပတ်ပြေးနေသည်ဟု ထင်မှတ်နေရပေသည်။

သို့သော် ကျောက်တောင်ပေါ်မှ ရပ်ကြည့်နေသော ချန်ဖူဝါအဖို့ မရယ်နိုင်ပါ။ ထိုသဲသောင်ကျွန်းများသည် ကျိုကုမ်းပေါက်ကျွန်း ဝက်ပါနည်းစနစ်အတိုင်း အကွက်ချထားကြောင်း သူသိရှိပြီး ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ထိုဝက်ပါထဲမှနေ၍ အပြင်ကိုထွက်ချင်လျှင် ဆဲမာခြုံပြေးသကဲ့သို့ ကွေ့ပတ်ပြေးမှသာ ထွက်ပေါက်သို့ရောက်နိုင်ကြောင်း သူသိပါသည်။

ဝက်ပါပညာ လုံးဝမတတ်သော ချန်ဖူဝါအဖို့ အဘယ်မှာ ရယ်နိုင်ပါအံ့နည်း။

အဘွားအိုကြီးမေနန်သည် ချန်ဖူဝါကို လိုက်လံပို့ဆောင်စဉ်က ထိုသဲသောင်များ၏ လျှို့ဝှက်ချက်များကို ပြောခဲ့သည်။ သို့သော် ချန်ဖူဝါသည် နားမလည်သဘောမပေါက်ခဲ့ချေ။ ယခင်က ဝက်ပါပညာနှင့် အလွန်စိမ်းခဲ့၍ ဤသို့ သဘောမပေါက်ခဲ့ခြင်းသာဖြစ်သည်။

ထို့ပြင် ဝက်ပါပညာသည် ခက်ခဲနက်နဲသော ပညာမျိုး ဖြစ်ပြီး လွယ်လွယ်ကူကူမတတ်ကျွမ်းနိုင်သော ပညာရပ်မျိုးပင် ဖြစ်သည်။ ယခုကဲ့သို့ အရေးကြီးသောအချိန်မျိုးတွင် ပို၍ မှားယွင်းနိုင်သဖြင့် ချန်ဖူဝါအဖို့ ဆုပ်လျှင်ရှုး စားလျှင်ရွှံအခြေသို့ ဆိုက်ရောက်နေတော့သည်။

အပေါ်မှရပ်ကြည့်နေသော ချန်ဖူဝါသည် ဆဲမာခြုံ၏ လျင်မြန်သွက်လက်သော လှုပ်ရှားမှုကို တွေ့သည်နှင့် ဤလူကား ဝက်ပါအတတ်ပညာကို ကျွမ်းကျင်သူတည်းဟု သိလိုက်လေတော့၏။ မိမိမှာ ဝက်ပါပညာ တတ်ကျွမ်းသူမဟုတ်၍ ဆဲမာခြုံ၏နောက်သို့ လိုက်ရန်မကြိုးစားတော့ဘဲ ကျောက်ဆောင်ပေါ်မှသာ ရပ်ကြည့်နေမိတော့သည်။

ထိုအခိုက်မှာပင် လွှေထိန်သည် လျင်မြန်သောအရှိန်အဟုန်ဖြင့် ကျောက်ဆောင်ပေါ်သို့ ခုန်တက်ရောက်ရှိလာ၏။



"ကောင်လေး ... ဟိုကောင်ကော"

ချန်ဖူဝါက လက်ညှိုးထိုးပြလိုက်၏။ လွှေထိန်လည်း တွေ့မြင်သွားသည်။ ချန်ဖူဝါက ...

"ဒီလူဟာ ဝက်ပါနည်းပညာကို တော်တော်ကျွမ်းကျင်တတ်မြောက်ထားတယ် ခင်ဗျာ"

"ငါလည်း ဒီပညာကို လုံးဝမတတ်ဘူးကွ၊ မင်းရော နားလည်သလား"

ချန်ဖူဝါက မချိပြုံးပြုံးမိသည်။

"ကျွန်တော်လည်း မတတ်ပါဘူးခင်ဗျ"

"မတတ်နိုင်ရင်တော့ ရပ်ကြည့်ရုံပဲပေါ့ကွာ"

"တကယ်လို့ အချိန်ပေးနိုင်ရင်တော့ ထွက်ပေါက်ကို ဖြည်းဖြည်းချင်း တွေ့အောင်ရှာနိုင်မယ်လို့ ထင်ပါတယ်"

လွှေထိန်က ရယ်သည်။

"ဆဲမာခြုံက မင်းကိုရပ်စောင့်လိမ့်မယ်လို့ ထင်နေလို့လား"

"ဟုတ်ကဲ့ ... ဒါကိုလည်း ကျွန်တော် သဘောပေါက်ပါတယ်ဗျာ၊ သူ ဒီကလွတ်မြောက်သွားတာနဲ့ သူဟာ နန်းတော်ကို ချက်ချင်း ဝင်ရောက်တိုက်ခိုက်ပါလိမ့်မယ်၊ ကျွန်တော့်အထင်တော့ သူဟာ ကျွန်တော်တို့ လိုက်မလာနိုင်အောင် လမ်းတစ်လျှောက်မှာ သူ့လက်အောက်ငယ်သားတွေကို တားဖို့ထားပစ်ခဲ့မှာပါပဲ"

လွှေထိန်က ခေါင်းညိတ်၏။

"ငါဆိုလည်း ဒီလိုပဲလုပ်မှာပဲကွ"

ချန်ဖူဝါက စိတ်ပျက်စွာ ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါမှ ခက်တာပဲ ... ကျွန်တော်က သူ့နောက်ကို အချိန်မီ မလိုက်နိုင်ရင် ဆဲမာခြုံက အတော်ဒုက္ခပေးလိမ့်မယ်"

"မင်းက အခုချက်ချင်း လိုက်သွားမလို့လား"

"ဟုတ်ပါတယ်၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ လိုက်ရတော့မှာပဲ၊ ကျွန်တော် မလွဲမရှောင်သာ လိုက်သွားရတဲ့အကြောင်းကို ဆရာကြီးက သခင်မကြီးကို ပြောပြပေးပါ ခင်ဗျာ"

လှေထိန်က ချန်ဖူဝါ၏ပခုံးကို တစ်ချက်ပုတ်လိုက်ပြီး တဟားဟား ရယ်မောလေတော့၏။

"သတ္တိရှိလိုက်တဲ့ ချာတိတ်၊ ဒါပေမဲ့ မင်း ဒီလိုလုပ်တာကို ငါ သဘောမကျဘူးကွ"

"ကျွန်တော့်မှာ ဒီလမ်းပဲရွေးစရာရှိတော့လို့ ဒီလိုလုပ်ရတာပါ ဆရာကြီး"

"ဟော့ ကောင်လေး ... မင်းလိုက်သွားရင် ဒီဝက်ပါထဲမှာ အချိန်အတော်များများ ကုန်လိမ့်မယ်၊ နောက် ဒီဝက်ပါရဲ့ ထွက်ပေါက်ဟာ ချောင်းဝမှာ မဟုတ်လား၊ လှေ, ဖောင်မရှိဘဲနဲ့ ဘယ်လိုထွက်ခွာနိုင်မလဲ၊ အကယ်၍ မင်းက ရေကူးပြီး ကမ်းအရောက်သွားမယ် ဆိုပါတော့၊ အဲဒီအချိန်ကျရင် မင်းဟာ ခြေပန်းလက်ပန်းကျနေပြီ၊ မင်းကို တားဆီးမယ့် ရန်သူကို ဘယ်လိုလုပ် တိုက်ခိုက်နိုင်တော့မှာလဲ၊ နောက်ပြီး ဆဲမာခြုံဟာ လမ်းတစ်လျှောက်မှာ ထောင်ချောက်တွေ ထောင်ထားလိမ့်မယ်လို့ ငါထင်နေတယ်"

"ဒါပေမဲ့ ကျွန်တော့်မှာ ..."

ချန်ဖူဝါ၏ စကားမဆုံးမီ လှေထိန်က ဖြတ်၍ပြော၏။



"နေပါဦးကွ၊ တခြားလမ်းရှိပါသေးတယ်"

ချန်ဖူဝါ ဝမ်းသာသွား၏။

"တခြားလမ်းရှိသေးတယ်၊ ဟုတ်လား ဆရာကြီး"

"ဒီဟာက ငါတို့ရဲ့ မဟာလျှို့ဝှက်ကြီးကွ၊ ဒါပေမဲ့ သခင်မကြီးက မင်းကိုကူညီလိမ့်မယ်လို့ ငါယုံကြည်ပါတယ်"

"ဒါဆို ကျွန်တော် သခင်မကြီးဆီမှာ ခွင့်တောင်းပါ့မယ်"

"မင်းဟာ တော်တော် စိတ်လောတာကိုး၊ ကဲ ... ငါတို့ နန်းတော်ကို ပြန်ကြစို့"

ချန်ဖူဝါလည်း သူ့နောက်မှ လျှင်မြန်စွာလိုက်သွား၏။

ချန်ဖူဝါသည် ဆဲမာခြုံကို အချိန်မီ မအုပ်မိမည်ကို တွေးပူနေလေ၏။ ဆဲမာခြုံကဲ့သို့သော သိုင်းသမားတစ်ယောက်က သံချပ်ဝတ်စုံကိုရရှိသွားသည်မှာ ကျားကို အတောင်ပံတပ်ပေးလိုက်သလို ဖြစ်သွားသည်။

သူက သံချပ်ဝတ်စုံဖြင့် ကြင်းကန်းပို့ချမ်ကို ယှဉ်ပြိုင်နိုင်သည့်အပြင် သူ့ထံတွင် အဆိပ်ဘုရင်၏အဆိပ်ဖြေဆေးက ရှိနေပါသေးသည်။ ထိုအဆိပ်ဖြေဆေးသည် ချိုကျဲကြွေပွန်စန်ကဲ့သို့သော အဆိပ်ပြင်းကိုပင် ဖြေနိုင်ပါသည်။ ထို့ကြောင့် ထန်ပိုင်ချွမ်း၏ အဆိပ်ငွေ့၊ အဆိပ်လက်နက်ပုန်းတို့ကို ရင်ဆိုင်နိုင်စွမ်း ရှိသွားခဲ့ပါလေပြီ။

ထို့ကြောင့် ထိုအခြေအနေမျိုးတွင် ဆဲမာခြုံအနေဖြင့် ဘုရင်ကေရာစ်ကြီးကို သတ်ဖြတ်ရန် ပို၍လွယ်ကူသွားပါသည်။

အကယ်၍ ကိုျကွမ်ရယ်ကိုယ်တော်ကြီးကပါ ဆဲမာခြုံနှင့် ပူးပေါင်းကြံစည်မည်ဆိုလျှင် ဘုရင်ကေရာစ်ကြီးသည် ဤသုံးလေး

www.burmeseclassic.com

www.burmeseclassic.com



ရက်အတွင်း နတ်ရွာစံရန် အလွန်သေချာနေပါတော့သည်။

☆

သခင်မကြီးသည် ချန်ဖူဝါ၏ တောင်းဆိုချက်ကို မငြင်းဆန်ဘဲ သဘောတူလိုက်ပါသည်။ သခင်မကြီးက ...

"ဒီလမ်းဟာ မြေအောက်ရေလမ်းတစ်ခုပါ၊ နန်းတော်ကြီးရဲ့ အောက်မှာ ဖောက်ထားတယ်၊ ဒါပေမဲ့ ရေလမ်းရဲ့ ထွက်ပေါက်မှာတော့ ရေဝဲကြီးတစ်ခု ရှိသေးတယ်နော်"

ချန်ဖူဝါသည် ထိတ်လန့်ချောက်ချားစွာ မေးသည်။

"ညနေစောင်းအထိ စောင့်ရမှာလား ခင်ဗျာ"

"စောင့်ရမှာပေါ့၊ ထွက်ပေါက်နဲ့ သိပ်မဝေးတဲ့နေရာမှာ ဟုန်းချန်းမြို့ ရှိတယ်၊ ဒီကနေ မြို့တော်ကို ဖြတ်လမ်းခရီးနှင်ရင် ပိုမြန်မြန်ရောက်နိုင်ပါတယ်"

"ဟုတ်ကဲ့၊ ကျွန်တော့်အဖို့ မြန်လေကောင်းလေပါပဲခင်ဗျာ"

အဆိပ်ဘုရင် နံဘေးမှနေ၍မေး၏။

"လုံဖေးဆီကို သတိထားဖို့ မင်းသတင်းပို့ပြီးပြီမဟုတ်လား"

"ဟုတ်ကဲ့ ... ပို့ပြီးပါပြီခင်ဗျာ"

သခင်မကြီးက ချန်ဖူဝါကို စိတ်အေးစေရန်နှင့် နှစ်သိမ့်လိုက်သည်။

"လုံဖေးဟာ တော်တော်စေ့စပ်တဲ့သူပါ၊ သူဟာ အစစအရာရာ ပြင်ဆင်ထားမှာပါ"

ချန်ဖူဝါက ..."ဘာပဲဖြစ်ဖြစ် ကျွန်တော်ကိုယ်တိုင် မမြင်ရရင်တော့ ဘယ်လိုမှ စိတ်မချနိုင်ပါဘူး ခင်ဗျာ"



အဆိပ်ဘုရင်က ရုတ်တရက်ကြားဖြတ်ပြောလေ၏။

"ငါနဲ့ ငါ့လက်အောက်ငယ်သားတွေက မင်းကိုကူညီပါ့မယ်"

ချန်ဖူဝါသည် အလွန်အံ့အားသင့်ကာ အဆိပ်ဘုရင်ကို ကြည့်သည်။ သူက အဘယ်ကြောင့် မိမိအား ဝင်ရောက်ကူညီရသည်ကို စဉ်းစား၍သဘောမပေါက်ချေ။ အဆိပ်ဘုရင်သည် သူ့အတွေးကို ရိပ်မိသဖြင့် ရှင်းပြ၏။

"ငါ့သားကို လုပ်ကြံသတ်ဖြတ်တဲ့ တရားခံအစစ်က ဆဲမာချိုကွ၊ ဒီသွေးကြွေးကို မဆပ်ဘဲထားလို့ ဖြစ်မလား"

ချန်ဖူဝါသည် အလွန်ရိုသေလေးစားစွာ အဆိပ်ဘုရင်ကို အရိုအသေပေးလိုက်၏။ အဆိပ်ဘုရင်က လျင်မြန်စွာ တားလိုက်၏။

"ဒါက တိုင်းပြည်အတွက် တတ်နိုင်သမျှ ထမ်းဆောင်တဲ့ တာဝန်ပါကွာ၊ ကျေးဇူးတင်စရာ မလိုပါဘူး"

ယီးယီးသည် အဆိပ်ဘုရင်ဘေးတွင် ထိုင်နေ၏။ တစ်စုံတစ်ရာ အကြံဉာဏ်မပေးဘဲ နှုတ်ဆိတ်နေ၏။ တစ်ခါတစ်ရံ သူမက စွမ်းစွမ်းကို မသိမသာ ခိုးကြည့်တတ်သည်။

စွမ်းစွမ်းသည် တစ်ချိန်လုံး ခေါင်းငုံ့နေရာမှ သခင်မကြီးကို မော့ကြည့်လိုက်သည်။

"မေမေ ... ကျွန်မလည်း လိုက်သွားမယ်နော်"

သခင်မကြီး ခေါင်းညိတ်၏။

"ကောင်းပြီ ... မင်းတို့နှစ်ယောက် အတူသွားနိုင်တယ်"

သခင်မကြီးက လွှေထိန်အား အမိန့်ပေးသလို တိုင်ပင်သလိုလို လုပ်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်ပါ သံချပ်ကိုယ်ရံတော်ဆယ့်နှစ်ယောက်နဲ့ တစ်ပါတည်း လိုက်သွားပါလားရှင်"

လွှေထိန်က လေးပင်စွာခေါင်းခါ၏။

"ဘုရင်မင်းမြတ်ကြီးရဲ့အနားမှာ ထန်ပိုင်ချွမ်းနဲ့ ကြင်းကန်းပို့ချမ်တို့ ရှိနေပြီပဲ၊ ဒီ သံချပ်ကိုယ်ရံတော် ဆယ့်နှစ်ယောက်ကို စွမ်းစွမ်း ဦးဆောင်လိုက်ရင် လုံလောက်နေပါပြီဗျာ"

"ရှင်က ပို့ချမ်နဲ့ မတွေ့ဆုံချင်တော့ဘူးလား"

လွှေထိန်က ခေါင်းညိတ်သည်။

"မတွေ့ချင်တော့ပါဘူးဗျာ၊ ကျုပ်တို့အသက်တွေလည်း ကြီးလာပြီ မဟုတ်လား"

သခင်မကြီး၏မျက်နှာပေါ်၌ လေးလေးနက်နက် စဉ်းစားသည့် အရိပ်အယောင်များ ပေါ်လာသည်။ အတန်ကြာမှ ...

"ကောင်းပြီလေ ... မြို့တော်ကို သွားရောက်အကူအညီပေးသူက လုံလောက်နေပါပြီ၊ ဒီနေရာမှာ ပြင်ဆင်စရာရှိတာတွေ ရှိသေးတယ်ဆိုတော့ ရှင်မရှိရင် မဖြစ်သေးဘူး၊ ရှင်နေခဲ့တာပဲ ကောင်းပါတယ်လေ"

လွှေထိန်သည် သူ့မလိုက်နိုင်သည့်အတွက် သိုင်းသမားများ သို့လောသို့လော မဖြစ်စေရန် ရှင်းပြသည်။

"ကျုပ်မလိုက်ချင်တာက ကြင်းကန်းပို့ချမ်ကိုတွေ့ရင် စိတ်မထိန်းနိုင်ဘဲ တိုက်ခိုက်မိမှာစိုးလို့ပါ၊ သူ့ကိုတွေ့ရင် ကျုပ်နေနိုင်မှာ မဟုတ်ဘူး၊ ယှဉ်ပြိုင်မိလိမ့်မယ်၊ ဒါကြောင့်မို့ပါ"

ချန်ဖူဝါက ထောက်ခံလိုက်သည်။



"ဟုတ်ပါတယ်၊ ဆရာကြီးပို့ချမ်ဟာ အခုထက်တိုင် စိတ်တို ပြီးဒေါသကြီးနေဆဲပါ၊ ဆရာကြီးလွှေထိန်က အလျှော့ပေးတာတောင် သူက လက်လျှော့လိမ့်မယ်မဟုတ်ဘူးလို့ ကျွန်တော် ထင်ပါတယ်"

ထိုစဉ်သခင်မကြီးက စွမ်းစွမ်းကို ကြားဖြတ်မှာကြားလေ၏။

"စွမ်းစွမ်း ... လမ်းခရီးမှာ ချန်ဖူဝါစီစဉ်ပေးသမျှ လေးလေးစားစားလိုက်နာနော်၊ ချန်ဖူဝါကို စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်နဲ့"

စွမ်းစွမ်းသည် နှုတ်ခမ်းကလေးရှုံ့၍ပြောသည်။

"အို မေမေကလည်း သမီး ဒါလောက်တော့ သိပါတယ်ရှင်"

သခင်မကြီးက ရယ်၍ ချန်ဖူဝါအား လှမ်းပြော၏။

"ငါ့သမီး နင့်လက်ထဲ အပ်လိုက်ပြီနော်"

ချန်ဖူဝါသည် ရိုသေလေးစားစွာ ပြောသည်။

"ဟုတ်ကဲ့ မေမေ၊ ကျွန်တော် စွမ်းစွမ်းကို ကျွန်တော့်အသက်နဲ့လဲပြီး စောင့်ရှောက်ပါ့မယ်၊ ဒီကိစ္စပြီးမြောက်ရင် ကျွန်တော် ဒီကို ပြန်လာခဲ့ပါဦးမယ် ခင်ဗျာ"

"အေး ... ကောင်းတယ်"

သခင်မကြီးက ခေါင်းတဆတ်ဆတ်ညိတ်ပြီး ပြောသည်။ သို့သော် ... သူမ၏ ဝမ်းထဲမှ ကြေကွဲမှုကို ချန်ဖူဝါမှတစ်ပါး မည်သူမျှ မသိနိုင်ရှာပါလေ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၄၃ )
## နန်းတော်တွင်းတိုက်ပွဲ

ညဥ့်သည် နက်ပြီဖြစ်သော်လည်း ကျိူကွမ်ရယ် ကိုယ်တော်ကြီး၏ စာဖတ်ခန်းထဲတွင် မီးရောင်ဖြင့် ထိန်ထိန်လင်းလျက် ရှိ၏။

စာကြည့်ခန်းကို အစောင့်တပ်သားများသည် မပြတ်မလပ် ကင်းစောင့်လျက် ရှိကြသည်။

ဤစာကြည့်ခန်းထဲသို့ ချန်ဖူဝါ ထိုးဖောက်ဝင်ရောက်ပြီးချိန်မှစ၍ ကျိူကွမ်ရယ်သည် အစောင့်အကြပ်များကို ထူထပ်စွာ ချထားတော့သည်။

☆

လုံခြုံစွာ ပြန်လည်စီမံဆောင်ရွက်ထားသောကြောင့် စာကြည့်ခန်းထဲတွင် အလုပ်လုပ်ရသော ကျိူကွမ်ရယ်အဖို့ စိတ်ချလက်ချ စီမံဆောင်ရွက်နိုင်ပေသည်။

ယခု ကျိူကွမ်ရယ်သည် စာကြည့်ခန်းထဲတွင် ရယ်မောနေသည်။ အဘယ်ကြောင့် ယခုကဲ့သို့ ရယ်မောနေရပါသနည်း။

အကြောင်းမှာ အောင်မြင်စွာ ပြန်ရောက်လာခြင်းကြောင့် ဖြစ်ပါသည်။ ဆဲမာခြုံသည် ကျိူကွမ်ရယ်နှင့်အတူ ပြုံးရယ်နေသည်။

သူ၏ရှေ့တွင်ရှိသော စားပွဲတစ်လုံးပေါ်တွင် သူရရှိလာသော သံချပ်ဝတ်စုံတင်လျက်ရှိသည်။ လင်းထိန်နေသော မီးရောင်များကြောင့် သံချပ်ဝတ်စုံသည် တဖိတ်ဖိတ်တောက်လျက်ရှိသည်။

ကျိူကွမ်ရယ်ကိုယ်တော်ကြီးနှင့် ဆဲမာခြုံတို့သည် တာဝန်နှစ်ခုကို ခွဲဝေယူခဲ့ကြသည်။

ဆဲမာခြုံယူရသည့်တာဝန်မှာ အဆိပ်ဖြေဆေးနှင့် သံချပ်ဝတ်စုံ ရရှိရေး ဖြစ်ပါသည်။

ကျိူကွမ်ရယ်ကိုယ်တော်ကြီး ယူရသည့်တာဝန်မှာ နန်းတော်ကို ဝင်ရောက်စီးနင်းရာ၌ အသုံးကျအစွမ်းထက်မည့် လူသူလက်နက်အင်အား စုဆောင်းထားရေးဖြစ်သည်။

ယခု သူတို့အကြံအစည်အားလုံးသည် အောင်မြင်လုနီးပါး အဆင့်သို့ ရောက်နေပြီဖြစ်၍ နှစ်ဦးစလုံး ကျေနပ်ဝမ်းမြောက်နေကြခြင်းဖြစ်သည်။

ဆဲမာခြုံသည် ဝေးလံသောခရီးမှ အပြင်းအထန် ခရီးနှင်ခဲ့ရသော်လည်း ပင်ပန်းနွမ်းနယ်မှု လုံးဝမရှိပါချေ။ သူသည် ရေလမ်းဖြင့်ခရီးနှင်ခဲ့ခြင်းဖြစ်သောကြောင့် ခရီးလမ်းတစ်လျှောက်တွင် ကောင်းစွာအနားယူနိုင်ခဲ့လေသည်။ ဆဲမာခြုံက လန်းဆန်းစွာပြောသည်။

"ချန်ဖူဝါတို့ဟာ ရေလမ်းနဲ့ အပြင်းအထန် လိုက်လာနိုင်တောင်မှ ကျွန်တော်တို့အတွက် နေ့ဝက်ဆိုတဲ့အချိန်ရရင် အကြံအစည်အကောင်အထည်ပေါ်နိုင်ပါပြီ"

ကျိူကွမ်ရယ်က ပြုံး၍ ခေါင်းညိတ်၏။

"ချန်ဖူဝါဆိုတဲ့ကောင်ဟာ ဉာဏ်စွမ်း၊ သိုင်းစွမ်း တကယ်ကောင်းတယ်၊ သူဟာ လုံဖေးအနားမှာရှိနေရင် ကျုပ်တို့အတွက် ဘာ



www.burmeseclassic.com

www.burmeseclassic.com



ပြောပြော အနှောင့်အယှက်တစ်ခုတော့ ဖြစ်တာပဲ"

ဆဲမာခြုံက ...

"ဟုတ်ပါတယ် ... တကယ်လို့ သူသာ သံချပ်ဝတ်စုံနဲ့လူတွေ ပါ ခေါ်ဆောင်လာရင် ကျွန်တော်တို့အတွက် ပြဿနာပဲ၊ ဒါကြောင့် ကျွန်တော်တို့ လျှပ်တစ်ပြက်တိုက်ခိုက်နည်းနဲ့ မြန်မြန်ဆန်ဆန် တိုက်ခိုက်ရမယ်၊ ဟိုဘုရင်စုတ်ကိုသတ်ပြီးရင် ကျွန်တော်တို့ အောင်မြင်ပါပြီ"

ကိုကျွမ်းရယ်က ...

"ဒါတွေကို ကျုပ်အားလုံး စီမံဆောင်ရွက်ပြီးပါပြီ၊ တိုက်ခိုက်ရန် အသင့်ဖြစ်နေကြပြီ၊ ခင်ဗျားက ခရီးရှည်နှင်လာတယ်ဆိုတော့"

ဆဲမာခြုံက ဖြတ်၍ပြောလိုက်၏။

"ကျွန်တော် မပင်ပန်းပါဘူးဗျာ၊ အနားယူထားပါတယ်၊ ကျွန်တော့်အတွက် စိတ်မပူပါနဲ့ခင်ဗျာ"

ကိုကျွမ်းရယ်က ...

"ဒါဖြင့် ကျုပ်တို့ အခုပဲ မြေအောက်လှိုဏ်ဂူလမ်းကြောင်းကနေ ထွက်ခွာကြမယ်၊ နန်းတော်တစ်ပိုက်မှာရှိတဲ့ ဂေဟာနှစ်ဆယ့်ခုနစ်ခုထဲမှာ ကိုယ်ရံတော်တပ်ဖွဲ့တွေနဲ့ စုရုံးပြီး ညတွင်းချင်း နန်းတော်ထဲကို လျှပ်တစ်ပြက် ဝင်ရောက်တိုက်ခိုက်မယ်"

ဆဲမာခြုံက ကျေနပ်စွာပြောသည်။

"သူတို့အားလုံး အဆင်သင့်ဖြစ်နေရင် ကျွန်တော်တို့က ဘာအားနာစရာလိုတော့မှာလဲ"

စင်စစ် ကိုကျွမ်းရယ်ကိုယ်တော်ကြီးသည် ထင်းတိတွေ၏ နောက်ကွယ်ခေါင်းဆောင်ကြီးပင် ဖြစ်ပါသည်။



ထိုအဖွဲ့အစည်းကို ကြိုးကိုင်ထားသူမှာ ကိုကျွမ်းရယ်ပင် ဖြစ်ပါသည်။ ဆဲမာခြုံအား ထင်းတိတွေ၏ခေါင်းဆောင်ဟု အများက သိထားကြ၏။ တကယ်တော့ ဆဲမာခြုံသည် ထင်းတိတွေ၏ နံပါတ်နှစ်ခေါင်းဆောင်သာ ဖြစ်ပါလေ၏။

ဤအချက်ကို လုံဖေးတို့ပင် မသိကြပါချေ။

☆

ည၏အမှောင်ထုကြီးသည် တဖြည်းဖြည်း ကြီးစိုးလာ၏။ ဧကရာဇ်ကြီး၏နန်းတော်ကား မီးရောင်များဖြင့် ထိန်လင်းနေသည်။

ကြီးကျယ်ခမ်းနားသော နန်းတော်ကြီးသည် ကျေးတောသားများအဖို့ ရင်သပ်ရှုမောဖွယ်ရာ ဌာနကြီးပင် ဖြစ်တော့သည်။

ဧကရာဇ်ကြီးလည်း ပလ္လင်ပေါ်တွင် ထိုင်လျက်ရှိပြီး တစ်ဖက်တစ်ချက်တွင် ထန်ပိုင်ချွမ်းနှင့် ကြင်းကန်းပို့ချမ်တို့က ရပ်လျက်ရှိနေ၏။

ရင်ပြင်တော်၏ လှေကားထစ်အောက်တွင် ကိုယ်ရံတော်တပ်သားများသည် တစ်ထပ်ပြီးတစ်ထပ် စုစုပေါင်း သုံးထပ်ဝိုင်းရံထားလျက်ရှိပါသည်။

ထိုကိုယ်ရံတော်သိုင်းသမားများသည် သက်တော်စောင့်ကိုယ်ရံတော်တပ်ဖွဲ့မှ လက်ရွေးစင်သိုင်းသမားများဖြစ်ကြ၏။ ဧကရာဇ်ကြီးအတွက် အသက်စွန့်ရဲသော သွေးသောက်ကိုယ်ရံတော် သိုင်းသမားများ ဖြစ်ကြသည်။

လှေကားထစ်အောက်တွင် လုံဖေးဦးဆောင်လျက် ရှန်းယွင်၊ ချန်မုန်နှ စန့်ကွန်းကို စသော မွေးစားသားသမီးများက ခြံရံလျက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် အားလုံးလက်နက်ကိုယ်စီနှင့် အသင့်အနေအထားတွင် ရှိကြ၏။

လုံဖေးသည် သူ၏ 'ယွိကုရှောင်းဟွန်' ခေါ် ကျောက်စိမ်းယပ်တောင်ကိုဖြန့်လျက် တည်ငြိမ်အေးဆေးသော အမူအရာနှင့် ယပ်ခတ်နေပါသည်။

လုံဖေးတို့ အဘယ်ကြောင့် ဤသို့ အဆင်သင့် ဖြစ်နေကြရသနည်း။ အကြောင်း ရှိသည်။

အထောက်တော်များသည် ကျိုး ကွမ်ရယ်၏ ထူးခြားသောလှုပ်ရှားမှုကို သတင်းပို့ကြသဖြင့် လုံဖေးသည် မပေါ့ဆဝံ့ဘဲ အစောင့်အရှောက်အထပ်ထပ်ဖြင့် အသင့်ပြင်ဆင်ထားရခြင်း ဖြစ်ပေသည်။

နောက်မကြာမီ ကျိုးကွမ်ရယ်၏လက်အောက်ငယ်သားတို့သည် ရင်ပြင်တော်၏ ဝင်းထရံနှစ်ဖက်မှနေ၍ အသီးသီး ဝင်ရောက်တိုက်ခိုက်လာ၏။

နန်းတော်အမိုးပေါ်တွင် နေရာယူထားသော ကျိုးကွမ်ရယ်၏ငယ်သားများ ပေါ်လာသည်နှင့် တစ်ပြိုင်တည်း လေးသည်တော်များက စတင်တိုက်ခိုက်ပါတော့သည်။

ကျိုးကွမ်ရယ်၏လက်အောက်ငယ်သားများသည် နဖူးစည်းအနီများစည်းလျက် ကြိမ်ဒိုင်းများကိုင်ဆောင်လျက် ရှေ့တက်လာကြသည်။

စနစ်တကျစီမံထားသော ကြိမ်ဒိုင်းကိုင်တပ်သားများကို လေးသည်တော်တို့က ထိရောက်စွာ မတိုက်ခိုက်နိုင်ကြချေ။

ကျိုးကွမ်ရယ်ဦးဆောင်၍ ထင်းတိထွေအဖွဲ့သားများသည်



ဘုရင်ကိုယ်ရံတော် သိုင်းသမားများကို သဲသဲမဲမဲ ဝင်ရောက်တိုက်ခိုက်ကြတော့သည်။

တိုက်ပွဲက ပြင်းထန်လှသောကြောင့် နှစ်ဦးနှစ်ဖက် အကျအဆုံး များပြားလှ၏။ တစ်ခဏအတွင်း နန်းရင်ပြင်၌ သွေးများချောင်းစီးတော့သည်။

ဆဲမာခြို့သည် သံချပ်ဝတ်စုံဝတ်ဆင်လျက် ရှေ့ထိုးထွက်လာ၏။ သံပြားများ တချွမ်းချွမ်းရိုက်ခတ်သံညံနေသည့် သံချပ်လူကို တွေ့လိုက်ရသောအခါ လုံဖေး အံ့သြသွား၏။

သို့သော် ...

'ရပ်လိုက်စမ်း' ဟု သြဇာအာဏာသံ အပြည့်အဝဖြင့် အမိန့်ပေးလိုက်၏။

ဆဲမာခြို့ သည် လုံဖေး၏ ပြင်းထန်သောအာဏာသံ အရှိန်အဝါကြောင့် တွံ့ခနဲ ရပ်သွားတော့သည်။

ထိုအခိုက်မှာ ကျိုးကွမ်ရယ်က ရှေ့သို့ခုန်ဝင်လာလေ၏။ သူက ပြန်၍အမိန့်ပေးသည်။

"လုံဖေး ... မင်းလူတွေကိုခေါ်ပြီး မြန်မြန်ထွက်သွားကြစမ်း။ ငါ့အမိန့်နာခံရင်း မင်းကို အသက်ချမ်းသာခွင့်ပေးမယ်"

လုံဖေးမှာ ဒေါသကြောင့် တဆတ်ဆတ် တုန်လာသည်။

"ကျိုးကွမ်ရယ် ... မင်းဟာ အတော်မိုက်မဲတာ၊ ဧကရာဇ်ကြီးက မင်းကိုခွင့်လွှတ်ထားတာကို အခွင့်အရေးယူပြီး ဧကရာဇ်ကြီးကို တော်လှန်ဖို့ မင်း အမြဲကြံစည်ခဲ့တယ်၊ အခု လက်နက်ချပြီး ထွက်သွားစမ်း"

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကွမ်ရယ်က ရယ်သည်။

"ဟား ... ဟား ... ဟား ဘာကေရာဇ်ကြီးလဲ၊ သူ့တပ်သားတွေထဲမှာ ငါ့သစ္စာခံတဲ့လူတွေ အများကြီးရှိနေတယ်ကွ၊ မင်းသာ လက်နက်ချ၊ နေပြည်တော်ကြီးဟာ ငါ့လက်အောက်ကို အေးအေးဆေးဆေး ကျရောက်လာလိမ့်မယ်"

လုံဖေးက ဩဇာသံအပြည့်အဝဖြင့် သတိပေးသည်။

"မင်းရဲ့မိုက်မဲတဲ့အကြံအစည်ကို ပြင်ဆင်လိုက်ပါ၊ အခုအချိန်အခါနေရာမျိုးမှာ စကားများများပြောဖို့ မသင့်တော်ပါဘူး၊ ကျွန်တော်တို့ အလုပ်နဲ့ သက်သေပြရမယ်"

လုံဖေးသည် ထိုအခါကျမှ သံချပ်လူသည် ဆဲမာခြုံဖြစ်ကြောင်း သိသွားတော့သည်။

"ဩော် ... မင်းက ဆဲမာခြုံကိုး"

"ဟား ... မှား ... ဟား ... ဟုတ်တယ် ... ကျုပ်ပဲ၊ ခင်ဗျားနဲ့ ကျုပ်နဲ့ ရင်ဆိုင်တွေ့ရပြီ"

"မင်းက လိပ်လိုလူစားပဲ၊ အမြဲတမ်းခိုးကြောင်ခိုးဝှက်ရှောင်နေတဲ့ကောင်ကများ ငါ့ကို ဒီစကားပြောရသေးသလား"

ဆဲမာခြုံသည် သူ့အား တိရစ္ဆာန်နှင့် နှိုင်းနှိုင်းပြောသဖြင့် ဒေါသထွက်ပြီး ရှေ့သို့ခုန်ထွက်လာ၏။ ကျောက်သေလာစခန်းမှ သခင်မကြီး ဖန်တီးထားသည့် သံချပ်ဝတ်စုံသည် အစပ်အဟပ် အချိုးကျလှသဖြင့် သာမန်လူတစ်ယောက်နီးပါး လှုပ်ရှားတိုက်ခိုက်နိုင်စွမ်း ရှိပေသည်။

လုံဖေး၏မွေးစားသား ချန်ဖုန်းသည် ဆဲမာခြုံ ခုန်ထွက်



လာသည်နှင့် သူလည်း လုံဖေးရှေ့သို့ ခုန်ထွက်လိုက်သည်။ သူ၏ ကွေထိုဓားကြီးဖြင့် ဆဲမာခြုံကို ပိုင်းချလိုက်သည်။ ချန်ဖုန်း၏ ကွေထိုဓားသည် သံချပ်ဝတ်စုံကိုတိုက်ခိုက်ရန် အထူးစီမံထားသော ဓားဖြစ်သည်။

ဆဲမာခြုံသည် ချန်ဖူဝါ၏ ကွေထိုဓားကို ထိပ်တိုက် ရင်မဆိုင်ရဲပါ။ တစ်ကြောင်းမှာ သူ့သံချပ်ဝတ်စုံကို ဝတ်ဆင်ရခြင်းသည် ချန်ဖုန်ကို ရင်ဆိုင်ရန်မဟုတ်ပေ။ ထန်ပိုင်ချွမ်းနှင့် ကြင်းကန်းပို့ချွမ်တို့ကို အဓိက ရင်ဆိုင်ရန် ရည်ရွယ်ထားခြင်းသာ ဖြစ်သည်။ ကွေထိုဓားကြောင့် သူ၏သံချပ်ဝတ်စုံ တစ်စုံတစ်ခုဖြစ်သွားမည်ကို သူ အလွန်စိုးရိမ်ပေသည်။

ချန်ဖုန်း၏ဓားစွမ်းနှင့် ဆဲမာခြုံ၏သဘောကိုသိသော ကိုယ့်ကွမ်ရယ်၏တပည့်တစ်ယောက်သည် လျှပ်တစ်ပြက် ရှေ့သို့ခုန်ဝင်လာပြီး ချန်ဖုန်းကိုရင်ဆိုင်၏။ ချန်ဖုံးမှာ ဆဲမာခြုံကို မတိုက်နိုင်တော့ဘဲ ထိုလူကိုသာ အလျှင်ဦးစွာ တိုက်ခိုက်ရတော့၏။

ထိုအခါ ကျန်ရှိသေးသော လုံဖေး၏မွေးစားသမီးအားလုံးသည် လက်နက်အသီးသီးဆွဲထုတ်ကာ ဆဲမာခြုံကို ဝိုင်းရံကာ ဝင်ရောက်တိုက်ခိုက်ကြတော့သည်။

သို့သော် သူတို့ကို ကိုယ့်ကွမ်ရယ်၏အဆင့်မြင့် သိုင်းသမားများက လျင်မြန်စွာ ဝင်ရောက်တားဆီးခုခံကြသဖြင့် ပြင်းထန်သော လူစုလူဝေးတိုက်ပွဲကြီး ဖြစ်ပေါ်လာတော့သည်။

☆

ဆဲမာခြုံသည် လုံဖေးကိုရွေး၍တိုက်ရန် အခွင့်ရသွား၏။

www.burmeseclassic.com

www.burmeseclassic.com



လုံဖေးသည် ခါးကြားမှ ဓားရှည်တစ်လက်ကို ဆွဲထုတ်လိုက်သည်။ လုံဖေး၏ဓားသည် ဓားကောင်းတစ်လက်ဖြစ်၏။

ဆဲမာခြုံသည် လုံဖေး၏လက်ထဲမှ ဓားရှည်ကိုမြင်ရုံမျှဖြင့် ဓားကောင်းတစ်လက်ဖြစ်ကြောင်း ချက်ချင်းသိရှိသည်။ သူကလည်း ခါးကြားထဲမှ ဓားရှည်ကို ဆွဲထုတ်ကာ လုံဖေးကို ခုခံသည်။

"ချွမ်း ..."

ကျယ်လောင်သောအသံနှင့်အတူ ဆဲမာခြုံ၏ဓားထိပ်ဖျား ဓားသွားသည် အနည်းငယ်ကျိုးထွက်သွား၏။

ထိုအခြင်းအရာကိုမြင်သော ကျိုကွမ်ရယ်သည် ဆဲမာခြုံ၏ အနီးသို့ ခုန်ပျံရောက်ရှိလာပြီး လုံဖေးအား ဝင်တိုက်တော့သည်။ ကျိုကွမ်ရယ်၏ဓားမှာ လုံဖေး၏ ဓားလောက်နီးနီး ဓားကောင်းတစ်လက် ဖြစ်သဖြင့် လုံဖေးမှာ လက်နက်ဖြင့် အထက်စီး မတိုက်ခိုက်နိုင်တော့ပေ။

ဆဲမာခြုံသည် ကျိုကွမ် ရယ်ကို လွန်စွာကျေးဇူးတင်သွား၏။ သူ့နောက်မှ အဆင့်မြင့် သိုင်းသမားဆယ်ယောက်ကို ဦးဆောင်ကာ နန်းတော်လှေကားထစ်များအတိုင်း ပြေးတက်သွားတော့သည်။

"သူတို့ကို တားလိုက်"

လုံဖေးသည် ကျိုကွမ်ရယ်နှင့် တိုက်ခိုက်နေရသဖြင့် ဆဲမာခြုံကို မတားနိုင်တော့ချေ။ အခြားသူများကို လှမ်းအမိန့်ပေးသော်လည်း ထိုသူများကိုယ်တိုင် ကိုယ်စီကိုယ်စီ တိုက်ခိုက်နေကြရသဖြင့် ဆဲမာခြုံကို မတားဆီးနိုင်ကြတော့ချေ။

ကျိုကွမ်ရယ်သည် လုံဖေးကို အလွတ်မပေးဘဲ သဲသဲမဲမဲ တိုက်ခိုက်သည်။ လုံဖေးကလည်း ကျိုကွမ်ရယ်ကို အပြတ်ရှင်းနိုင်ရန် ကြိုးစားနေသည်။ ကျိုကွမ်ရယ်က လုံဖေး ဒေါသထွက်အောင် ဆွပေးသည်။

"ပို့ချွမ်နဲ့ ထန်ပိုင်ချွမ်းတို့ဟာ ဆဲမာခြုံကို မတားဆီးနိုင်ဘူးကွ၊ ဟိုဘုရင်စုတ်သေသွားတာနဲ့ မင်းတို့လည်း လက်နက်ချရတော့မယ်၊ ဟား ... ဟား ... ဟား"

လုံဖေးက အံကြိတ်၍ပြော၏။

"ငါတို့ တစ်ယောက်ပဲ ကျန်ရစ်ပါစေ၊ နောက်မဆုတ်ဘဲ အသေခံတိုက်ခိုက်သွားမယ်ကွ"

သူတို့နှစ်ယောက်သည် စကားလည်းပြော ခုတ်လည်းခုတ် ထစ်နေကြသည်။

ထိုစဉ် ကျိုကွမ်ရယ်၏တပ်သားများသည် ရင်ပြင်တော်ထဲသို့ အဆက်မပြတ် ထိုးဖောက်ဝင်ရောက်လာကြသည်။ ရင်ပြင်တော်၏ အပြင်ဘက်တွင် တိုက်ခိုက်နေကြသော လုံဖေး၏မွေးစားသားသမီးတို့သည် တဖြည်းဖြည်း ဘေးတစ်ဖက်တစ်ချက်သို့ ရောက်ရှိသွားကြ၏။

လုံဖေးက ထူးချွန်သောအဆင့်မြင့်သိုင်းသမားများကို ရွေးချယ်ထားသကဲ့သို့ ကျိုကွမ်ရယ်ကလည်း သူလက်အောက် သိုင်းသမားများထဲမှ အကောင်းဆုံးသိုင်းသမားများကို ရွေးချယ်ထားခဲ့သည်။ ထို့ကြောင့် လုံဖေးထင်သလို သူတို့သည် အပေါ်စီး မတိုက်နိုင်ဘဲ ရှိနေခဲ့သည်။

ဆဲမာခြုံကလည်း ဤအခြေအနေမျိုးကို ပိုချင်သည်။ တပ်



www.burmeseclassic.com

www.burmeseclassic.com



သားများ အပြင်းအထန် တိုက်ခိုက်နေချိန်တွင် သူက ဧကရာဇ်ကြီးထံ အတင်းဝင်ရောက်တိုက်ခိုက်ရန် ကြံရွယ်ထားခြင်း ဖြစ်သည်။

ကျိုကွမ်ရယ်၏ အစီအမံကောင်းပုံကို တွေ့လာရသော လုံဖေးသည် စိတ်ပူပန်လာသည်။

မွေးစားသမီးနှင့် လက်အောက် ငယ်သားအားလုံးတို့သည်လည်း လုံဖေးကဲ့သို့ ပူပန်လာကြလေသည်။ ထို့ကြောင့် အထူးကြိုးစား၍ တိုက်ခိုက်လာကြလေ၏။ သို့ရာတွင် ကျိုကွမ်ရယ်၏အုပ်စီးမှုသည် အခြေပျက်မသွားခဲ့ပါချေ။

လုံဖေး၏ အော်ဟစ်သတိပေးသံများ ဆူညံလာသောအခါ ကျိုကွမ်ရယ်သည် အောင်နိုင်သူကဲ့သို့ တဟားဟား အော်ဟစ်ရယ်မောမိတော့သည်။ ထိုစဉ် ...

'ဝုန်း'

'ချွမ် ... ချွမ် ... ချွမ်'

"အား ... အား"

ကျိုကွမ်ရယ် ရယ်မော၍မှ မဆုံးသေးမီ ထူးဆန်းသော သံပြားရိုက်ခတ်သံများနှင့် သူ့လက်အောက်ငယ်သားများ၏စူးစူးရားရားအော်ဟစ်သံများကို ကျိုကွမ်ရယ် ကြားလိုက်ရတော့သည်။



## အခန်း ( ၄၄ )
## အောင်မြင်လုလု ရန်သူ့အကြံအစည်

နန်းတော်တွင်းသို့ တစ်ဟုန်ထိုး ထိုးဖောက်ဝင်ရောက်လာသူများမှာ အခြားသူများ မဟုတ်ပါ။ ချန်ဖူဝါ၊ စွမ်းစွမ်း၊ အဲဆီပ်ဘုရင်နှင့် သူ၏ချွေးမ ယီးယီးတို့ပင် ဖြစ်ကြလေသည်။

သူတို့နောက်တွင် အဲဆီပ်ဂိုဏ်းသားများနှင့် သံချပ်လူဆယ့်နှစ်ယောက်တို့ ထက်ကြပ်မကွာ ပါရှိလာ၏။

လုံဖေး၏လက်အောက် ကိုယ်ရံတော်များလည်း ရုတ်တရက်မို့ ကြောင်အမ်းအမ်းဖြစ်သွားကြ၏။ သို့သော် ချန်ဖူဝါကို မြင်လိုက်သည်နှင့် ဝမ်းမြောက်ဝမ်းသာ အော်ဟစ်ကြတော့သည်။ စိတ်ဓာတ်တက်ကြွလာကာ ပို၍ထိုးခုတ်တိုက်ခိုက်ကြတော့သည်။

ရန်သူတစ်ဦးနှင့်တိုက်ခိုက်နေသော ရှန်းယွင်က ဝမ်းသာအားရ အော်လိုက်၏။

"အစ်ကိုကြီး ပြန်လာပြီဟေ့"

ချန်ဖူဝါက လှမ်းအော်မေး၏။

"ဆဲမာမြို့ ဘယ်မှာလဲ"

"နန်းတော်လှေကားပေါ် တက်သွားပြီ အစ်ကိုကြီး လိုက်

www.burmeseclassic.com

www.burmeseclassic.com



သွားပါ"

ချန်ဖူဝါ မျက်နှာပျက်သွားသည်။ တိုက်ခိုက်နေသူများကို ကျော်လွှားပြီး လှေကားထစ်များကို ခုန်ကျော်တက်တော့သည်။

အဆိပ်ဘုရင်နှင့်စွမ်းစွမ်းတို့လည်း ချန်ဖူဝါနောက်မှ ပြေးလိုက်၏။ ယီးယီးသည် နောက်ချန်လိုက်ပါလာပြီး လက်နက်ပုန်းများဖြင့် လမ်းရှင်းအကာအကွယ်ပေးသည်။ သူမအနေနှင့် ရန်သူနှင့် မိတ်ဆွေ ခွဲခြားရန်မခက်လှပါ။

အဘယ်ကြောင့်ဆိုသော် ... ကျိုကွမ်ရယ်၏တပ်သားများသည် နဖူး၌ ဝိတ်စအနီများစည်းထားသောကြောင့်တည်း။

ညီလာခံခန်းမ၌ ရှိနေသော ကေရာဇ်ကြီးသည် ကျိုကွမ်ရယ်၏တိုက်ခိုက်မှုကြောင့် တုန်လှုပ်ခြင်းမရှိချေ။ သူ၏လက်စွဲတော်ဓားကြီးကိုင်၍ အသင့်စောင့်နေ၏။

ပို့ချမ်နှင့် ထန်ပိုင်ချွမ်းတို့ တောင်းပန်ထားသောကြောင့် တိုက်ပွဲအတွင်းသို့ မဝင်ဘဲ ရာဇပလ္လင်ရွှေအပြည့်ဖြင့် အေးဆေးစွာပင် စောင့်ကြည့်နေသည်။

ညီလာခံခန်းမထဲသို့ သံချပ်ဝတ်စုံနှင့်လူတစ်ယောက် ထိုးခုတ်ဝင်ရောက်လာသည်ကို တွေ့လိုက်ရသောအခါ ပို့ချမ်က အသံဝါကြီးဖြင့် တားဆီးလိုက်၏။

"ဘယ်က ရာဇဝတ်သားလဲ ... ရပ်လိုက်စမ်း"

ဆဲမာချို့သည် တားမြစ်ချက်ကိုမမှုဘဲ ဆက်၍ပြေးမြဲပြေးလာသည်။

"ထန်း ... ထန်း ... ထန်း"



ထန်ပိုင်ချွမ်းက စကားမပြောဘဲ လက်နက်ပုန်းများဖြင့် ပစ်ခတ်လိုက်၏။ ပြင်းထန်သော လက်နက်ပုန်းများသည် သံချပ်ဝတ်စုံကိုထိပြီး လွင့်စဉ်ကုန်၏။ ဆဲမာချို့ကို လုံးဝဒုက္ခမပေးနိုင်ချေ။

"အဘိုးကြီး ... ခင်ဗျားလက်နက်ပုန်း ဘယ်လောက်ရှိသလဲ"

ဆဲမာချို့က မခိုးမခန့်ပြောပြီး ကျေနပ်အားရစွာ တဟားဟားရယ်မောတော့သည်။ သူ့စိတ်ကူး မှန်နေပြီဖြစ်၍ ကျေနပ်စွာရယ်မောခြင်းဖြစ်ပေ၏။

ထန်ပိုင်ချွမ်းက ဘာမျှမပြောဘဲ နောက်ထပ်တစ်ဖန် လက်နက်ပုန်းများဖြင့် ပစ်ခတ်ပြန်သည်။ ဤတစ်ကြိမ်တွင် ဆဲမာချို့၏ ဦးခေါင်းကို ပစ်ခတ်ခြင်းဖြစ်၍ ဆဲမာချို့က လက်တစ်ဖက် မ၍ကာ မျက်လုံးကိုကာကွယ်လိုက်သည်။ သံချပ်ဝတ်စုံတစ်ခုလုံးတွင် မျက်စိနေရာမှာသာ ပေါ့ကွက်ရှိပေသည်။

ထန်ပိုင်ချွမ်းသည် အဆိပ်လက်နက်ပုန်းပစ်ခတ်ရာတွင် တစ်ဖက်ကမ်းခတ်သူဖြစ်သည်။ ယခု သူ့လက်နက်များ အရာမရောက်ဘဲ ဖြစ်နေသောအခါ အံ့အားသင့်နေတော့သည်။ စိုးရိမ်စိတ်လည်း အနည်းငယ်ဝင်လာတော့သည်။

ထန်ပိုင်ချွမ်း အခြေမလှဘဲဖြစ်နေသည်ကို တွေ့ရသောအခါ ကြင်းကန်းပို့ချမ်သည် ဆဲမာချို့ရှေ့သို့ ခုန်ထွက်လာသည်။ သူ၏ပြင်းထန်သော အပြင်အားပညာဖြင့် တိုက်ခိုက်တော့သည်။

ဆဲမာချို့၏ အတွင်းအားကောင်းခြင်းနှင့် သံချပ်ဝတ်စုံ၏ လုံခြုံမှုတို့ပေါင်းစပ်မှုသည် ကြင်းကန်းပို့ချမ်ကို လက်ရည်တူ တိုက်ခိုက်နိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဟား ... ဟား ... ဘယ့်နှယ့်လဲ၊ ကျုပ်က ဒါကို သိလို့ ဒီသံချပ်ဝတ်စုံကိုရအောင်ယူခဲ့တာဗျ၊ ဟား ... ဟား ... ဟား"

ပို့ချမ်၏လက်သီးချက်မိသည့်တိုင် ဆဲမာခြို့သည် ခြေသုံး လှမ်းမျှသာ နောက်ဆုတ်ပေးသည်။

ပို့ချမ်သည် ဒေါသထွက်နေပြီဖြစ်၍ တစ်ရှူးထိုး တိုက်ခိုက် တော့သည်။ ပို့ချမ်က ဒေါသဖြစ်လေလေ ဆဲမာခြို့အတွက် အခွင့် ကောင်းရလေ ဖြစ်နေသဖြင့် ဘေးမှရပ်ကြည့်နေသည့် ထန်ပိုင်ချွမ်းက ပို့ချမ်ကို အော်ဟစ်သတိပေးနေရတော့သည်။

ထိုအချိန်မှာ ဆဲမာခြို့က သူ့လက်နှစ်ဖက်ကို လျှပ်တစ်ပြက် မြှောက်လိုက်၏။

"ပို့ချမ် သတိထား"

ထန်ပိုင်ချွမ်းက လှမ်းအော်၏။ ထန်ပိုင်ချွမ်း၏အော်ဟစ် သတိပေးသံမဆုံးမီ ဆဲမာခြို့၏ သံလက်မောင်းတစ်လျှောက်မှ သံ မဏိပြား ဆယ်ခုတို့သည် အရှိန်ပြင်းစွာထွက်သွားပြီး ပို့ချမ်၏ခန္ဓာ ကိုယ်အနှံ့အပြားသို့ စိုက်ဝင်သွားတော့သည်။

ဆဲမာခြို့၏ လက်နက်ပုန်းများသည် ခလုတ်ဖြင့် ပစ်ခတ် လိုက်သောကြောင့် အရှိန်ပြင်းထန်ပြီး အလွန်လျင်မြန်လှသည်။ ထို့အပြင် ပို့ချမ်နှင့်ဆဲမာခြို့တို့ကြားရှိ အကွာအဝေးကလည်း အလွန် နီးကပ်နေသဖြင့် ပို့ချမ်မှာ ထိုလက်နက်ပုန်းများကို လုံးဝမရှောင်နိုင်ဘဲ ဖြစ်သွားရတော့သည်။

ပို့ချမ်သည် ဆဲမာခြို့က ဤကဲ့သို့ လုပ်ကြံလိမ့်မည်ဟု လုံးဝ မထင်သည်က တစ်ကြောင်း၊ ကြင်းကန်းအတွင်းအားဖြင့် ဓားလှံ



စသော်ရှလက်နက်တို့ကို ကောင်းစွာခုခံနိုင်သည်ဟု ယုံကြည်နေသော ကြောင့်တစ်ကြောင်း လက်နက်ပုန်းများ သူ့ခန္ဓာကိုယ်ထဲ စိုက်ဝင်လာ သည်ကိုပင် သတိမပြုမိသလို ရှေ့သို့ တစ်လှမ်းချင်းတိုးလာသည်။

သို့သော် ခြေ လှမ်းသုံးလှမ်းမျှ လှမ်းပြီးနောက် ရှေ့သို့ ဝုန်း ခနဲထိုးကျသွားတော့သည်။ ဆဲမာခြို့၏ ရည်မှန်းချက်တစ်ခုကား အောင်မြင်သွားခဲ့လေပြီ။

ဆဲမာခြို့သည် အလွန်အားတက်သွား၏။ ထန်ပိုင်ချွမ်းကို လည်း မကြာမီ သုတ်သင်နိုင်တော့မည်ဟု ယုံကြည်လာလေသည်။

ထိုစဉ် ထန်ပိုင်ချွမ်က သူ၏လက်နက်ပုန်းများဖြင့် ဆဲမာခြို့ ၏မျက်စိကို အဆက်မပြတ် ပစ်ခတ်တော့သည်။ ဆဲမာခြို့သည် လက်တစ်ဖက်ဖြင့် မျက်လုံးကို ကာကွယ်ပြီး ကျန်သောလက်မောင်း ကို တစ်ဖက်အောက်မှ ခလုတ်ဖြင့် တွန်းထုတ်သောလှံတို့ကို ထန်ပိုင် ချွမ်းရင်ဝသို့ လျှပ်တစ်ပြက်ပစ်ခတ်လိုက်သည်။

ပို့ချမ် သေဆုံးသွားသည့်အတွက် ဒေါသမွှန်နေသော ဝါစဉ် ကြီးဆရာကြီးထန်ပိုင်ချွမ်းသည်လည်း မြွေပွေးပိုးထိသည့်ကိန်း ဆိုက်သွားတော့သည်။

ဆဲမာခြို့ ပစ်ခတ်လိုက်သည့်လှံတို့သည် ထန်ပိုင်ချွမ်း၏ ရင်ဝသို့ တည့်မတ်စွာ ပြေးဝင်သွားသည်။

"ဒုတ်"

"အား"

ထန်ပိုင်ချွမ်းသည် နာကျင်စွာအော်ပြီး ဒူးထောက်ကျသွား သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် လျှင်မြန်စွာ ရှေ့တိုးလာပြီး ထန်ပိုင်ချွမ်း၏ဦးခေါင်းကို သံလက်သီးဖြင့် ရိုက်ချလိုက်သည်။

"ဝုန်း"

ထန်ပိုင်ချွမ်းမှာ ပါးစပ်မှသွေးများ ထိုးအန်ပြီး လဲကျသေဆုံးသွားတော့သည်။

ဧကရာဇ်ကြီး၏ လက်ရုံးနှစ်ဖက်သဖွယ် အားထားရသောလက်ရွေးစင် သက်တော်စောင့်ကြီးနှစ်ဦး သေဆုံးသွားပြီဖြစ်၍ သူသည် တဟားဟားအော်ဟစ်ကာ ရှေ့တိုးလာလေတော့၏။ သူသည် ဧကရာဇ်ကြီးအား အပြီးသတ်လုပ်ကြံပေတော့မည်။

☆

ထိုစဉ် ကြည်လင်ပြတ်သားသော လေချွန်သံတစ်သံသည် ရှည်လျားစွာ မြည်ဟိန်းလျက် လေထုကိုဖောက်ထွင်းကာ ဝင်ရောက်လာသည်။

ဆဲမာချြိုသည် ထိုလေချွန်သံကိုကြားလိုက်ရသည်နှင့် စိတ်ထဲတွင် ထိတ်ခနဲဖြစ်သွားပြီး နောက်လှည့်ကြည့်မိသည်။

ချန်ဖူဝါသည် လေးညို့မှပစ်လွှတ်လိုက်သော မြားသဖွယ် ဧကရာဇ်ကြီးရှေ့သို့ ရောက်ရှိလာသည်။ သူက အံကြိတ်၍ပြောသည်။

"ချန်ဖူဝါ ... မင်းဟာ အချိန်မီသေတွင်းထဲ ရောက်လာရတာပဲ"

သူသည် ပို့ချမ်နှင့် ထန်ပိုင်ချွမ်းကို သတ်ဖြတ်နိုင်ပြီး ဖြစ်၍ ချန်ဖူဝါကို လုံးဝအရေးမထားဘဲရှိသည်။

ချန်ဖူဝါကို သေလူအဖြစ်နှင့်သာ မြင်သည်။



ချန်ဖူဝါသည် ယခင်ကထက်စာလျှင် သိုင်းပညာအဆင့်ခြံ့ပို၍မြင့်မားလာ၏။ သခင်မကြီး၏အကူအညီဖြင့် ကြွင်းကန်း အပြင်းအားကိုတတ်မြောက်ပြီဖြစ်သောကြောင့် သူသည် ယခင်ကထက် ပို၍သန်မာလာခဲ့ပေပြီ။

ချန်ဖူဝါက မနားတမ်းတိုက်ခိုက်နေစဉ် ကိုယ်ရံတော်များသည် အားလုံးစုရုံးကာ ဧကရာဇ်ကြီး၏ရှေ့တွင် လူတံတိုင်းကြီးတစ်ခုတည်ဆောက်လိုက်၏။

အကယ်၍ မတော်တဆ ချန်ဖူဝါက သူ့ကို မဟန့်တားနိုင်ခဲ့ပါက သူတို့က အသွေးအသားများဖြင့် ဧကရာဇ်ကြီးကို ကာကွယ်ပေးရန် ဖြစ်ပေသည်။

သူသည် ချန်ဖူဝါ ရောက်ရှိလာပါက ကျန်လူများလည်း ရောက်ရှိလာတော့မည်ဟု တွက်ချက်သည်။ အထူးသဖြင့် လူသန်ကြီးလွှေထိန်ပါ ရောက်ရှိလာပါက ဘုရင်ကြီးကိုသတ်ရန် ပို၍ ခက်ခဲတော့မည်ဟု စဉ်းစားမိသည်။

ထို့ကြောင့် ဆဲမာချြိုသည် ချန်ဖူဝါကို အမြန်ဆုံး ရှင်းလင်းပြီး ဘုရင်ကြီးကိုသတ်ရန် အစွမ်းကုန် ကြိုးစားလေတော့သည်။

ချန်ဖူဝါသည် သူ တတ်ကျွမ်းသမျှသောပညာများကို အစွမ်းကုန် ထုတ်သုံး၏။ သူ့အဖို့ ခက်နေသည်မှာ ဆဲမာချြိုက သူ့တိုက်ကွက်မှန်သမျှကို ဖျက်ဆီးပစ်နိုင်နေခြင်းပင် ဖြစ်လေသည်။

သူ့ဆရာကြီးနှစ်ယောက်၏အလောင်းကို တွေ့မြင်လိုက်ရသော ချန်ဖူဝါမှာ တစ်ကိုယ်လုံး ဒေါသလောင်မြိုက်ပြီး သူ့ကို ကမ္ဘာ ရှုံးထိုး တိုက်ခိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ ဒေါသထွက်ခဲ့ခြင်းကြောင့် ထန်ပိုင်ချွမ်းသေဆုံးခဲ့ရသည်ကို ချန်ဖူဝါ မသိခဲ့ပါချေ။ သူသည် ဆဲမှာခြုံကို တိုက်ခိုက်ရင်း ခြေချော်ကျသွားသည်။

ကေရာဇ်ကြီးကို ဝိုင်းရံထားသည့် ကိုယ်ရံတော်အားလုံး၏ 'ဟာ' ခနဲ အော်လိုက်သည့် အာမေဋိတ်သံသည် ညီလာခံခန်းမကြီးထဲ၌ ဟိန်း၍ပေါ်ထွက်လာ၏။

"သေပေတော့"

ဆဲမာခြုံက ကြိမ်းဝါးပြီး ချန်ဖူဝါ၏ကျောပြင်ကို လက်သီးဖြင့် ထိုးချလိုက်သည်။

ချန်ဖူဝါ၏နောက်ကျောကို လက်သီးထိလုဆဲဆဲတွင် ဘေးဘက်မှ လက်သီးတစ်လုံးဝင်လာပြီး ဆဲမာခြုံ၏လက်သီးကို ကြားဖြတ်ဟန့်တားလိုက်သည်။

ဆဲမာခြုံသည် အံ့သြတုန်လှုပ်စွာ လှည့်ကြည့်လိုက်မိ၏။ မိမိကဲ့သို့သော သံချပ်ဝတ်စုံနှင့်လူတစ်ယောက်ကို တွေ့လိုက်ရသောအခါ အကြီးအကျယ် ထိတ်လန့်သွားသည်။

ထို သံချပ်ဝတ်စုံနှင့်လူမှာ စွမ်းစွမ်းပင်ဖြစ်ပါသည်။ ဆဲမာခြုံ ငေးကြောင်နေသော တစ်ခဏအချိန်အတွင်းမှာပင် သူမသည် လျင်မြန်စွာတက် လှမ်းလာပြီး လက်သီးခုနစ်လုံး ပစ်သွင်းလိုက်သည်။

မမျှော်လင့်သောအချိန်၌ စွမ်းစွမ်း ရောက်ရှိလာခြင်း၊ သူမ၏လက်သီးသိုင်းကွက်များ လျင်မြန်ခြင်းတို့ကြောင့် ဆဲမာခြုံ အငိုက်မိသွားတော့သည်။ ငါးကိုက်ခန့်အကွာသို့ ဝုန်းခနဲ လွင့်စဉ်သွားတော့သည်။



ထိုသံချပ်ဝတ်စုံများထဲတွင် စွမ်းစွမ်းဟူသော မိန်းကလေးတစ်ယောက် ရှိနေကြောင်း ဆဲမာခြုံသိပါသည်။

သို့သော် ... သူမသည် ဤမျှပြင်းထန်သော အတွင်းအားနှင့် ခွန်အားမရှိပါချေ။

သခင်မကြီး၏ ဆေးဝါးအာနိသင်တန်ခိုးကြောင့် ပင်ကိုအတွင်းအားနှင့် ခွန်အားများ အစွမ်းကုန်ပေါ်ထွက်ရခြင်းကြောင့် ဖြစ်ပါသည်။

တစ်ပြိုင်တည်းမှာပင် စွမ်းစွမ်းသည် သံချိတ်လုံဝိုင်နှစ်ချောင်းကို ထပ်၍ပစ်လွှတ်လိုက်၏။ သံချိတ်လုံတိုနှစ်ချောင်းတို့သည် ဆဲမာခြုံ၏ သံချပ်ဝတ်စုံ လည်ပင်းအောက်ရှိ သော သံကွင်းနှစ်ခုကို သွားရောက်ထိမှန်သည်။

ထိုသံကွင်းသည် သံချပ်ဝတ်စုံ၏ စက်ခလုတ်ပင် ဖြစ်သည်။ 'ချလွမ်း ... ချလွမ်း' ဟူသော အသံနှင့်အတူ သံချပ်ဝတ်စုံသည် တစ်ဖက်တစ်ချက်စီသို့ ပွင့်ကန်ပြီး ထွက်သွားတော့သည်။

☆

သံချပ်ဝတ်စုံ ပွင့်သွားသဖြင့် ဆဲမာခြုံ၏ ခါးမှ မျက်နှာအထိ ခန္ဓာကိုယ်သည် ဟာလာဟင်းလင်း ပေါ်ထွက်လာသည်။

အဆင့်မြင့်သိုင်းသမားနှစ်ယောက် နှစ်ဖက်ညှပ်၍အငိုက်ခံနေရသော ဆဲမာခြုံသည် ကျပ်တည်းစွာ ခုခံကာကွယ်နေရသည်။

စွမ်းစွမ်း၏ညာလက်သီး ပြင်းထန်သလို ချန်ဖူဝါ၏ဓားရှည်ကလည်း ထက်မြက်လှ၏။

ဤနှစ်ယောက်နှင့်တစ်ယောက် တိုက်ပွဲမှာ ဘက်သိသော

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲ မဟုတ်ပါချေ။ ဆဲမာခြုံအဖို့ ခုခံနေသည်ဆိုခြင်းထက် ရှောင်တိမ်းနေရသည်ဆိုခြင်းက ပို၍မှန်ကန်ပါလိမ့်မည်။

တစ်ကြိမ်တွင် ဆဲမာခြုံသည် သူ၏နောက်ကျောကို အမှတ်မထင် ဖွင့်ပေးလိုက်သည်။ ဤသည်မှာ ပရိယာယ်သာ ဖြစ်၏။ စွမ်းစွမ်းက အပိုင်ဝင်တိုက်စေရန် အကွက်ဆင်လိုက်ခြင်း ဖြစ်သည်။

စွမ်းစွမ်းသည် အသေအလဲရှောင်တိမ်းနေရသည့် ဆဲမာခြုံကို အထင်သေးနေသေးသည်။ ပရိယာယ်ဟု မထင်မှတ်ဘဲ အားကုန်သုံး၍ ဓုန်းခနဲ ဝင့်ထိုးလိုက်သည်။

ဆဲမာခြုံသည် စွမ်းစွမ်း၏လက်မောင်းအောက်မှ လျှောခနဲ ရှောင်ထွက်လိုက်ရာ သူမ၏နောက်ကျောသို့ လျှပ်တစ်ပြက် ရောက်ရှိသွားတော့သည်။

"ဟယ်"

ချန်ဖူဝါမှာ 'ဟယ်' ခနဲ ဖြစ်သွား၏။ စွမ်းစွမ်းအတွက် လွန်စွာ စိုးရိမ်သွားသည်။

"အုန်း"

မြည်ဟည်းသောအသံနှင့်အတူ စွမ်းစွမ်းသည် ရှေ့သို့စိုက်ဆင်းလာသည်။ အဆုတ်နှင့်အသည်းနှလုံးများမှ သွေးများသည်လည်း လည်ချောင်းဆီကို စုပြုံတက်လာသည်။

ဆဲမာခြုံက သူမ၏ ကျောပြင်ကို အတွင်းအားသုံး၍ လက်သီးဖြင့် ထိုးချလိုက်ခြင်းသာ။

☆

ချန်ဖူဝါက သူမကို ပြေးပွေ့လိုက်ရသည်။



"လူယုတ်မာ"

ချန်ဖူဝါက ဒေါသတကြီး အော်လိုက်သည်။

ဆဲမာခြုံသည် အခွင့်အရေးကို လက်လွှတ်မခံချေ။ ချန်ဖူဝါသည် စွမ်းစွမ်းကို သည်အတိုင်းပစ်ချပြီး သူ့နောက်သို့ လိုက်မည် မဟုတ်မှန်း သိနေသဖြင့် တစ်ဟုန်ထိုး လှည့်ပြေးတော့သည်။

သူသည် နန်းရင်ပြင်လှေကားရှေ့၌ တိုက်ခိုက်နေသော အုပ်စုများကို ဖြတ်ကျော်၍ပြေးသည်။ သူ၏ ကိုယ်ဖော့ပညာမှာ အလွန်ကောင်းလှသဖြင့် တိုက်ခိုက်နေသူများကို ရိပ်ခနဲ ရိပ်ခနဲ ဖြတ်ကျော်သွားနိုင်ခဲ့သည်။

သို့သော် အဆိပ်ဘုရင်နှင့် ယီးယီးတို့ကမူ ဆဲမာခြုံကို ကောင်းစွာတွေ့မြင်လိုက်ကြသဖြင့် လျှပ်စစ်လက်သကဲ့သို့ အဆိပ်အပ်များဖြင့် လျှပ်တစ်ပြက်ပစ်ခတ်လိုက်ကြသည်။

"ရှီ ... ဝှစ် ... ဝှစ်"

လေထဲတွင် ဝဲပျံနေသော ဆဲမာခြုံသည် ထိုလက်နက်ပုန်းများကို မရှောင်နိုင်ကြောင်း သဘောပေါက်သည်။

သူ၏ဓားပျော့ဖြင့် ခန္ဓာကိုယ်ပေါ်ရှိ အရေးကြီးသော အစိတ်အပိုင်းများကို အဓိကထား၍ ကာကွယ်လိုက်သည်။ ဓားစက်ဝိုင်းကြောင့် ကိုယ်ခန္ဓာပေါ်ရှိ အရေးကြီးသော အစိတ်အပိုင်းများကို ကာကွယ်နိုင်သော်လည်း ခြေဖဝါးကို မကာကွယ်နိုင်ခဲ့ချေ။

ဆဲမာခြုံသည် ခြေဖဝါးနှစ်ဖက်စလုံးတွင် ဆူးစူးရသော အရသာမျိုးကို ခံစားလိုက်ရသည်။ စုစုပေါင်း ခုနစ်ချက်တိတိ ခံစားလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ရုတ်တရက် မျက်နှာပျက်သွားသည်။ သို့သော် ... ချက်ချင်းပင် တစ်စုံတစ်ခုကို သတိရလာပြီးနောက် တလှပ်လှပ်ခုန်နေသော နှလုံးသားလည်း ပြန်လည်ငြိမ်သက်သွားတော့သည်။

မိမိသည် ရိုကျဲကြွေပွန်စန်အဆိပ်ဖြေဆေးကို သောက်သုံးမှီဝဲထားသည် မဟုတ်ပါလော။

ထို့ကြောင့် ဤအဆိပ်အပ်များသည် မိမိအား အဘယ်မှာလျှင် ဒုက္ခပေးနိုင်ပါအံ့နည်း။

သူသည် အဆိပ်ဘုရင်နှင့် ယီးယီးတို့ကို လှည့်၍ပင် မကြည့်တော့ဘဲ နန်းရင်ပြင်မှ တစ်ဟုန်ထိုး ပြေးထွက်သွားတော့သည်။

နန်းရင်ပြင်တွင် တိုက်ပွဲဝင်နေကြသော ကျိုးကွမ်ရယ်၏ တပ်သားများသည် ခေါင်းဆောင်ကြီး ဆဲမာချို့ ထွက်ပြေးသွားသည်ကို မြင်သောအခါ ဆက်မတိုက်ရဲတော့ဘဲ အသီးသီးခြေဦးတည့်ရာသို့ ထွက်ပြေးကြတော့သည်။

တဒင်္ဂအတွင်း ထွက်ပြေးသူနှင့် တိုက်ခိုက်သူတို့ ရှုပ်ယှက်ခတ်ကုန်၏။

လူများ ရုန်းရင်းဆန်ခတ်ဖြစ်နေသောကြောင့် အဆိပ်ဘုရင်နှင့် ယီးယီးတို့လည်း ဆဲမာချို့နောက်သို့ မလိုက်နိုင်တော့ပေ။



# အခန်း ( ၄၅ )
## အချစ်ကျေးကျွန် သိုင်းကျေးကျွန်

ချန်ဖူဝါသည် စွမ်းစွမ်းကို ပွေ့ထူလိုက်၏။

စွမ်းစွမ်းက အပွေ့မခံဘဲ ရုန်းကန်သည်။

"အစ်ကိုကြီး ... ညီမလေးအတွက် ကိစ္စမရှိပါဘူး၊ ဆဲမာချို့နောက်ကိုသာလိုက်၊ သူ့ကိုမိဖို့ အရေးကြီးတယ်"

"ဘာဖြစ်လို့ လိုက်ရမှာလဲ၊ ဒီလူယုတ်မာ တို့လက်ကမလွတ်ပါဘူး၊ ကျွန်မလေးသာ အရေးကြီးတာ"

ချန်ဖူဝါက သံချပ်ဝတ်စုံ၏ ခလုတ်များကို ဖွင့်လိုက်သည်။ စွမ်းစွမ်း၏ လှပသောမျက်နှာကလေး ပေါ်လာသည်။

သို့သော် နီမြန်းသောသွေးရောင် မရှိတော့ပေ။ ဖြူရော်လျက် ရှိနေပေပြီ။

ချန်ဖူဝါသည် သူ့အသည်းနှလုံးကို ဓားနှင့်အစိုက်ခံလိုက်ရသလို နာကျင်သွားသည်။

ချန်ဖူဝါ မျက်နှာပျက်သွားသည်ကို စွမ်းစွမ်း မြင်လိုက်သည်။

"အစ်ကိုကြီး ... ညီမလေးအတွက် မစိုးရိမ်ပါနဲ့"

"ဘာဖြစ်လို့ မစိုးရိမ်ရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



စွမ်းစွမ်းက နာကျင်စွာ ပြုံးလိုက်၏။

"ညီမလေးရဲ့ အတွင်းအားတွေ ပျက်သုဉ်းသွားမှာကို အစ်ကိုကြီး စိုးရိမ်နေတာ မဟုတ်လား"

"ဟင် ..."

ချန်ဖူဝါက ထိတ်လန့်သွား၏။ စွမ်းစွမ်းက ဆက်ပြောသည်။

"အစ်ကိုကြီးတို့ ပြောနေတဲ့စကားကို ညီမလေး ကြားပြီးပါပြီ၊ ညီမလေး စိတ်မကောင်းဖြစ်မှာစိုးလို့ ထိမ်ဝှက်ထားတာကို ညီမလေး ဗွေမယူပါဘူး"

ချန်ဖူဝါသည် စွမ်းစွမ်း၏ ကြံ့ခိုင်သော စိတ်ကိုလည်း ချီးကျူးမိ၏။ လွန်စွာလည်း သနားမိသည်။ စွမ်းစွမ်းက ...

"အစ်ကိုကြီးရယ် ... ညီမလေးလေ သေရမှာကို မကြောက်ပါဘူး၊ လူဆိုတာ တစ်သက်မှာ တစ်ခါသေရစမြဲ မဟုတ်လား၊ ဒါကြောင့် ညီမလေး ဒီကိုလိုက်လာတာပေါ့၊ သေချင်းသေရင် အကျိုးရှိရှိ သေချင်ပါတယ်၊ ညီမလေးအနေနဲ့ ဒုစရိုက်မှုတွေ လုပ်လာတာများပြီ၊ ဒီတစ်ခါ ကိုယ့်အပြစ်ကျေအောင် တိုင်းပြည်တာဝန်ကို ထမ်းဆောင်လိုက်တာပါ၊ ညီမလေး အသေဖြောင့်ပါတယ်"

ချန်ဖူဝါက ဆို့နစ်စွာ ပြောသည်။

"ငါကတော့ ညီမလေးကို ဆံဖြူသွားကျိုးတဲ့အချိန်အထိ အသက်ရှည်ရှည် ချမ်းချမ်းမြေ့မြေ့ နေတာကို တွေ့ချင်ပါတယ်ကွယ်"

စွမ်းစွမ်းက ဖျော့တော့စွာပြုံးလိုက်၏။

"အခုလည်း ညီမလေးပျော်ရွှင်ခဲ့တာပါပဲ၊ ညီမလေးတစ်သက်မှာ တစ်ခါမှ မပျော်ရွှင်ခဲ့ဖူးပါဘူး၊ အစ်ကိုကြီးနဲ့တွေ့တော့မှ



ပျော်ရွှင်ခြင်း ပျော်ရွှင်ခြင်းအရသာကို ခံစားခဲ့ရတာပါ၊ ဘာပဲဖြစ်ဖြစ် ညီမလေး ကျေနပ်ပါတယ် အစ်ကိုကြီးရယ်"

စွမ်းစွမ်း၏မျက်ဝန်းအိမ်မှ မျက်ရည်များ လိမ့်ဆင်းလာ၏။ ချန်ဖူဝါပင်လျှင် ယောကျ်ားတန်မဲ့ မျက်ရည်ကျလာရလေသည်။

"ဟင် ... အစ်ကိုကြီး ငိုနေသလား"

"မငိုပါဘူး ... ညီမလေးရယ်"

"မငိုပါနဲ့ အစ်ကိုကြီးရယ်၊ အစ်ကိုကြီးက ညီမလေးကို ဘယ်လောက်ချစ်တယ်ဆိုတာ ညီမလေး သိပါတယ်၊ ညီမလေး မရှိတော့ရင် တစ်ယောက်ယောက်နဲ့ အိမ်ထောင်ပြုနော်၊ ဒါပေမဲ့ ..."

"ဘာများလဲ ညီမလေးရယ်"

စွမ်းစွမ်း၏မျက်နှာမှာ ပိုး၍ပိုး၍ဖြူဖျော့လာ၏။

"ညီ ... ညီမလေးကိုတော့ မမေ့ ... မမေ့ ..."

ချန်ဖူဝါသည် နားကပ်၍ နားထောင်လိုက်ရ၏။

"မမေ့နဲ့နော်"

စွမ်းစွမ်း၏အသံကလေးသည် တိုးညင်းလှသော်လည်း ချန်ဖူဝါ၏နှလုံးအိမ်ကိုမူ တင်းပုတ်ကြီးနှင့် ထုနှက်လိုက်သလို တုန်ခါသွားစေခဲ့သည်။

ထို့နောက် စွမ်းစွမ်းခမျာ ဇက်ကျိုးသွားရှာတော့သည်။

"ညီမလေးရယ်"

ချန်ဖူဝါမှာ မျက်ရည်မဆည်နိုင်ဘဲ တီးတိုးရေရွတ်မိရှာတော့သည်။

ညီလာခံခန်းမ အပြင်ဘက်တွင်ရှိနေသော ကျိုကွမ်ရယ်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တော်ကြီးသည် သူ၏မဟာအကြံအစည်ကြီးသည် ပျက်စီးဆုံးရှုံးသွားပြီဖြစ်ကြောင်း နားလည်သဘောပေါက်သွား၏။

လုံဖေးသည် ငေးကြောင်ကြောင်ရပ်နေသည့် ကျိုကွမ်ရယ်ကို အေးအေးဆေးဆေး ရင်ဆိုင်သည်။

"ကျိုကွမ်ရယ် ... ဘယ်သူမှားတယ် ဘယ်သူမှန်တယ်ဆိုတာ အခုသိပြီ မဟုတ်လား"

ကျိုကွမ်ရယ်သည် လုံဖေးဘက်သို့ ပြန်လှည့်လာ၏။

ထို့နောက် ခြောက်ကပ်စွာရယ်လိုက်သည်။

သူ့ရယ်သံက လုံးဝ အသက် မပါချေ။

"လုံဖေး ... မင်းရဲ့ကံကြမ္မာက ငါ့ထက်ကောင်းတယ်ဆိုတာ ငါလက်ခံလိုက်ပြီ"

"လက်ခံရမှာပေါ့။ ငါက တိုင်းသူပြည်သားတွေ အေးအေးချမ်းချမ်းနေရအောင် ကြိုးစားနေတဲ့ ဥပဒေဘက်တော်သားပဲ၊ မင်းက သူပုန်၊ တစ်တိုင်းပြည်လုံးကို ကြိမ်မီးအုံးသလို ပူလောင်လောင်လုပ်တဲ့ သူပုန်၊ သူပုန်တွေရဲ့ သွားရာလမ်းကို သိတယ်မဟုတ်လား၊ ငါရှင်းပြရဦးမလား"

"မလိုဘူး"

ကျိုကွမ်ရယ်သည် ခပ်ပြတ်ပြတ်ပြောပြီးသည်နှင့် သူ့လည်ပင်းကို သူဖြတ်လိုက်သည်။ ဝုန်းခနဲ လဲကျသေဆုံးသွားတော့သည်။

လုံဖေးသည် ကျိုကွမ်ရယ်ကိုယ်တော်ကြီး၏လုပ်ရပ်ကို လုံးဝ မဟန့်တားပါ။ ဤပြဿနာကို ဤနည်းဖြင့် ဖြေရှင်းရန် အသင့်တော်ဆုံးပင် မဟုတ်ပါလော။



ထို့ထက်ကောင်းသော နည်းလမ်းကို လုံဖေးလည်း အကြံမပေးတတ်ပါချေ။

ကျိုကွမ်ရယ်၏ လက်အောက်ငယ်သားတို့သည် အသီးသီး လက်နက်ချအဖမ်းခံကြသည်။

ကြောက်မက်ဖွယ်ရာ ကောင်းလှသော တော်လှန်ပုန်ကန်မှုကြီးလည်း ဤတွင်ပင် ချုပ်ငြိမ်းသွားတော့သည်။

ထို့နောက် အဆိပ်ဘုရင်နှင့် ယီးယီးတို့သည် အဆိပ်ဂိုဏ်းသားများကို ခေါ်ဆောင်ကာ ဝူတုမင်တောင်ကြားရှိ အဆိပ်ငါးမျိုးဂိုဏ်းဌာနချုပ်သို့ ပြန်လည်ထွက်ခွာသွားကြသည်။

ဆဲမာချို ထိမှန်ခဲ့သော အဆိပ်လက်နက်ပုန်းနှင့် ပတ်သက်၍ အဆိပ်ဘုရင်က ဤသို့ ပြောကြား၏။

ထိုအဆိပ်မျိုးသည် ချိုကျဲကြွေဟွန်စန်အဆိပ်၏ ဖြေဆေးနှင့် ဖြေနိုင်သောအဆိပ် မဟုတ်ကြောင်း၊ ဆဲမာချိုသည် အချိန်မီ ဖြေဆေးမရရှိနိုင်ပါက အသက်သေဆုံးမည်ဖြစ်ကြောင်း၊ အကယ်၍ ဖြေဆေးရရှိပြီး အဆိပ်ကိုဖြေနိုင်သည့်တိုင် ခြေနှစ်ဖက်သည် လုံးဝ သုံးမရအောင် ပျက်စီးသွားမည်ဖြစ်ကြောင်း ... ချွန်ဖူဝါနှင့် လုံဖေးတို့အား ရှင်းလင်းပြောပြခဲ့သည်။

ထိုအဆိပ်၏အမျိုးအစား၊ အမည်နာမ စသည်တို့ကို အဆိပ်ဘုရင်က ဖွင့်ဟပြောဆိုခြင်း လုံးဝမပြုခဲ့ပါ။

အဘယ်ကြောင့်ဆိုသော် ...

ထိုအဆိပ်သည် အဆိပ်ငါးမျိုးဂိုဏ်း၏ မဟာလျှို့ဝှက်ချက်ဖြစ်သောကြောင့်တည်း။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ရိုးကျဲကြွေဟွန်စန်အဆိပ်ဖြေဆေးကို ဆဲမာခြိုယူသွားခဲ့ပြီးနောက် အဆိပ်ဘုရင်သည် သူ၏ လျှို့ဝှက်အဆိပ်သစ်ကို ဤဒွာနသစ်သို့ ယူဆောင်လာခဲ့ခြင်း ဖြစ်သည်။

လုံဖေးသည် အဆိပ်ဘုရင်ပြောကြားခဲ့သောစကားကို ကြားရမှ အနည်းငယ်စိတ်သက်သာရာရသွားသည်။

သို့သော် သူ၏လက်အောက် အဆင့်မြင့်သိုင်းသမားများကို စေလွှတ်ကာ ဆဲမာခြိုအား လိုက်လံရှာဖွေခိုင်းသေးသည်။

သို့သော် ... သူ့ကို လုံးဝမတွေ့တော့ပါ။

ချန်ဖူဝါကတော့ အဆိပ်ဘုရင်၏စကားကို ခြွင်းချက်မရှိ ယုံကြည်သည်။ အဆိပ်ဘုရင်နှင့်သူသည် ရင်းရင်းနှီးနှီး ပေါင်းသင်းခဲ့ရပြီးနောက် အဆိပ်ဘုရင်၏ဖြောင့်မတ်သောစိတ်ထားကို သိရှိခဲ့ပြီးဖြစ်သည်။

အဆိပ်ဂိုဏ်းဟူသောအမည်က ဆိုးရွားလှသော်လည်း အဆိပ်ဘုရင်၏စိတ်ထားက ဖြူစင်လှပေသည်။

ထင်းတိထွေအဖွဲ့အစည်းသည် လုံးဝပျက်စီးသွားခဲ့ပြီ။

ထင်း တိထွေ၏နောက်ကွယ်မှ ကြိုးကိုင်ခေါင်းဆောင် ကျို့ကွမ်ရယ်လည်း သေဆုံးသွားခဲ့ပြီ။

ကန့်လန့်ကာရှေ့မှခေါင်းဆောင် ဆဲမာခြိုလည်း အဆိပ်မိပြီး သေမလား ရှင်မလားမသိ ပျောက်ကွယ်သွားလေပြီ။

ချန်ဖူဝါသည် ဆဲမာခြိုနှင့်ပတ်သက်၍ ပူပင်သောက မဖြစ်တော့ပေ။ ထင်းတိထွေအဖွဲ့အစည်း ပျက်စီးသွားပြီဖြစ်၍ တိုင်းပြည်လည်း လုံးဝအေးချမ်းသွားခဲ့လေပြီ။



ကျောက်သေလာလျှို့ဝှက်နန်းတော်မှ လာရောက်ကူညီကြသော သံချပ်ဝတ်စုံနှင့် လူဆယ့်နှစ်ယောက်တို့သည် နန်းတော်ရှိရာသို့ ပြန်လည်ထွက်ခွာသွားကြ၏။

ချန်ဖူဝါမှတစ်ဆင့် လျှို့ဝှက်နန်းတော်၏ လျှို့ဝှက်ချက်များကို လုံဖေး သိရှိရပါသည်။

သခင်မကြီး၏ပြောင်းလဲသွားသောသဘောထားကြောင့် ကေရာဇ်ကြီးသည် ကျောက်သေလာလျှို့ဝှက်နန်းတော်ကို အရေးမယူတော့ဘဲ လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

ကေရာဇ်ကြီးအား အသက်စွန့် ကာကွယ်ပေးကြသော ဘုရင့်ကိုယ်ရံတော်သိုင်းသမားအားလုံးကို ဘုရင်မင်းမြတ်ကြီးက ကိုယ်တိုင် ဂူသွင်းသင်္ဂြိုဟ်သည်။

သူတို့၏ ကျန်ရစ်ခဲ့သောမိသားစုအားလုံးကိုလည်း ရာသက်ပန် အေးချမ်းစွာ ခံစားခွင့်ချီးမြှင့်သည်။

ကြင်းကန်းပို့ချမ်၊ ထန်ပိုင်ချွမ်းနှင့် စွမ်းစွမ်းတို့၏ ရုပ်အလောင်းများကို မင်းမျိုးမင်းနွယ်တို့ မြှုပ်နှံသင်္ဂြိုဟ်သော မြေနေရာတွင် အသီးသီးဂူသွင်းသင်္ဂြိုဟ်သည်။

သူတို့သေဆုံးခြင်းအတွက် ကေရာဇ်ကြီးနှင့်လုံဖေးတို့သည် လွန်စွာစိတ်မကောင်းခဲ့ချေ။

တိုက်ပွဲတွင် ကေရာဇ်ကြီး၏အသက်ကို ကယ်ခဲ့သူမှာ စွမ်းစွမ်း ဖြစ်သည်။ အကယ်၍ သူမသာ အချိန်မီရောက်မလာပါက ဆဲမာခြို၏ အကြံအစည်သည် လုံးဝအောင်မြင်သွားပေလိမ့်မည်။

☆

www.burmeseclassic.com



ညနေ နေဝင်ရီတရော။

ပို့ချမ်၊ ထန်ပိုင်ချွမ်းနှင့် စွမ်းစွမ်းတို့၏ အုတ်ဂူနံဘေးတွင် ချန်ဖူဝါနှင့်ရှန်းယွင်တို့ ရောက်ရှိလာကြသည်။

လွမ်းသူ့ပန်းခွေများ အသီးသီးချပြီးနောက် စွမ်းစွမ်း၏ အုတ်ဂူရှေ့တွင် ရပ်လိုက်ကြသည်။ ချန်ဖူဝါသည် စွမ်းစွမ်းနှင့်မိမိ မည်သို့ပတ်သက်ကြောင်းကို ရှန်းယွင်အား ဖွင့်မပြောခဲ့ပါ။ ဖွင့်ပြော လျှင်လည်း ကိစ္စမရှိပါ။

ချန်ဖူဝါအပေါ် ရှန်းယွင်သည် ကြီးမားသော မေတ္တာထားရှိ သလို ကြီးမားသော သဘောထားလည်း ရှိပါသည်။ စွမ်းစွမ်း၏ဘဝ အခြေအနေကို နောက်ဆုံးအချိန်ပိုင်းအထိ အဖြစ်အပျက်များကို သိရှိခဲ့ရသော ရှန်းယွင်သည် စွမ်းစွမ်းအပေါ် ကြီးစွာကရုဏာသက်မိ သည်။

အကယ်၍သာ ...

သခင်မကြီးသာ ကိုယ့်ကိုယ်ကိုယ် အထင်မကြီးခဲ့ပါက စွမ်း စွမ်းသည် ဒီထက်ပို၍ လူ့လောကထဲတွင် ကြာရှည်စွာ အသက်ရှင်နေ နိုင်မည်ဟု ရှန်းယွင်က မှတ်ချက်ချလေသည်။

ချန်ဖူဝါကလည်း သဘောတူ၏။

"သခင်မကြီးဟာ သူ့ကိုယ်သူ သိပ်အထင်ကြီးခဲ့ပါတယ်၊ နို့မို့ရင် သူ့အနေနဲ့ ဒီလိုပြဿနာမျိုးနဲ့ ရင်ဆိုင်ရမှာ မဟုတ်ပါဘူး"

ရှန်းယွင်က အချက်များစွာကို ထောက်ပြသည်။

"ဘာပဲပြောပြော စွမ်းစွမ်းသေလိုက်ရတာနဲ့ သူ့သဘော ထား ပြောင်းလဲသွားတာကိုကြည့်ရင် သခင်မကြီးဟာ တကယ့်စိတ်



ရင်းကောင်းရှိတယ်ဆိုတာတော့ ထင်ရှားပါတယ်"

ချန်ဖူဝါက စိတ်မကောင်းခြင်းကြီးစွာဖြင့် ပြောလိုက်လေ သည်။

"သေသေချာချာ ပြန်တွေးလိုက်ရင် သခင်မကြီးရဲ့ဘဝဟာ အလွန်သနားစရာကောင်းပါတယ်၊ တစ်သက်လုံး အထီးကျန်ဘဝနဲ့ပဲ ပျင်းရိငြီးငွေ့ဖွယ် နိဂုံးချုပ်ရတော့မယ်"

ရှန်းယွင်က မေးသည်။

"အစ်ကိုကြီး ... အဲဒီသခင်မကြီးနဲ့ ဆရာကြီးလွေထိန်တို့ ဆရာကြီးပို့ချမ်တို့က ဘယ်လိုဆက်သွယ်မှုရှိကြသလဲဟင်"

"ဒီလို ညီမလေးရဲ့ ... သခင်မကြီးနဲ့ အဲဒီဆရာကြီးနှစ်ဦးဟာ ဆရာတူတပည့်တွေပဲ၊ သခင်မကြီးက သူတို့ဆရာသခင်ရဲ့ သမီးဖြစ် တယ်၊ သခင်မကြီးက ပို့ချမ်ကိုချစ်တယ်၊ သခင်မကြီးကို လွေထိန်က ချစ်တယ်၊ သခင်မကြီးအတွက်နဲ့ ပို့ချမ်နဲ့ လွေထိန်တို့ ရန်ဘက်ဖြစ်လာ ကြတယ်၊ ပို့ချမ်က ကြင်းကန်းသိုင်းကို ကျင့်တယ်၊ လွေထိန်က ဝိလိ သိုင်းကိုကျင့်တယ်၊ သူတို့သိုင်းပညာပြိုင်ဖို့ ချိန်းထားတဲ့အချိန်ကျတော့ ပို့ချမ် မလာတော့ဘူး၊ သိုင်းလောကထဲက ပျောက်သွားတယ်၊ တကယ်တော့ ပို့ချမ်းဟာ ရှောင်ထွက်သွားတာပါ။ နောက်ဆုံးတော့ သခင်မကြီးဟာ ကျောက်သေလာလို့ ဝှက်နန်းတော်ကို ရောက်သွား တယ်၊ လွေထိန်ဟာ နောင်တတရားရသွားတယ်၊ သူ့ကိုယ်သူလည်း သခင်မကြီးရဲ့ အစေခံတစ်ဦးလိုပဲ နေထိုင်တော့တယ်၊ သခင်မကြီး နိုင်းသမျှ လုပ်တော့တာပဲ၊ သူ့အပြစ်ကို ကျေအောင်ဆပ်တော့တာလို့ ပြောတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် သူဟာ အချစ်ရဲ့ကျေးကျွန် ဖြစ်နေတာပေါ့နော်"

"ဘယ်ကမလဲ ညီမလေးရယ်၊ သခင်မကြီးရဲ့ သိုင်းသမား အစေခံဘဝအဖြစ် သူ့ဘာသာခံယူနေတော့ သိုင်းကျေးကျွန်လို့လည်း ခေါ်နိုင်တာပေါ့"

"ဩော် ... လောကမှာ ဒီလိုလူမျိုးတွေလည်း ရှိသေးထာပဲ နော်"

"ရှိတာပေါ့ ညီမလေးရယ်၊ တကယ်တမ်း တစ်ဦးကိုတစ်ဦး ချစ်ကြရင် အဲဒီလူတွေအားလုံးဟာ အချစ်ရဲ့ ကျေးကျွန်တွေချည်းပဲ ပေါ့"

ရှန်းယွင်က ချစ်စဖွယ်ပြောလိုက်သည်။

"ဒါဖြင့် ညီမလေးကလည်း အစ်ကိုကြီးကို သိပ်ချစ်နေတော့ အစ်ကိုကြီးရဲ့ အချစ်ကျေးကျွန်ပေါ့နော်"

"ဒါပေါ့ ညီမလေးရယ်"

ချန့်ဖူဝါက ပြုံး၍ပြောလိုက်၏။

သို့သော် ...

သူ့မျက်စိထဲတွင်မူ စွမ်းစွမ်း၏သနားစဖွယ်မျက်နှာလေးကို မြင်ယောင်နေတော့သည်။

စင်စစ် ... ချန့်ဖူဝါကား ကရုဏာသခင်၏ကျေးကျွန်သာ ဖြစ်ပါလေ၏။

ပြီးဆုံး၏။

*တက္ကသိုလ်နေလင်းအောင်*

BURMESE CLASSIC .com

www.burmeseclassic.com